# တိပိဋက

# ပါဠိ-မြန်မာအဘိဓာန်

## ကျမ်းစာနိဒါန်း

## ကုသိုလ်တော်မော်ကွန်း



တင်အောင်ထွန်း ။ သုတေသန ။

# တိပိဋက
# ပါဠိ-မြန်မာအဘိဓာန်

## ကျမ်းစာနိဒါန်း
## ကုသိုလ်တော်မော်ကွန်း

ဖော်ညွှန်းပူဇော်သူ

တင်အောင်ထွန်း ၊ သုတေသန ၊

သာသနာ-၂၅၆၇ ကောဇာ-၁၃၈၅ ခရစ်-၂၀၂၄

# တိပိဋက ပါဠိ-မြန်မာ အဘိဓာန်
# ကျမ်းစာနိဒါန်း ကုသိုလ်တော်မော်ကွန်း

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမအကြိမ် | ၁၀၀၀ | ၂၀၂၄ |

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးပုံနှိပ်တိုက်၊ ရန်ကုန်မြို့
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန် မော်ကွန်း

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


**နိဒါန်းစာ** [ဆ]

**ထေရဝါဒ ဗုဒ္ဓသာသနာဝင် သံဂါယနာတင်အမွေ**
- ဗုဒ္ဓမြွက်ကြား မှာစကား ၁
- သုံးပုံပိဋကတ် သုံးရပ်သာသနာ ၂
- သံဂါယနာနှင့် ပရိယတ္တိသာသနာ ၃
- ဆဋ္ဌသံဂါယနာ အမွေ ၄

**သက်တမ်းရှည်ကြာ ဆဋ္ဌသံဂါယနာအမွေ**
**သို့မဟုတ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်**
- ပါဠိဘာသာစကား ၇
- အဘိဓာန်ကျမ်း ၉
- အာဂုံဆောင်အဘိဓာန် ၁၀
- အက္ခရာစဉ် မြန်မာအဘိဓာန် ၁၀
- ဆဋ္ဌသံဂါယနာအမွေ ဆဋ္ဌမူအဘိဓာန်ကျမ်း ၁၃
- တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး လမ်းစပေါ် ၁၅
- အဘိဓာန်ပြုစုရေး အမြဲတမ်းအဖွဲ့ ၁၅
- အဘိဓာန်ရုံးခန်း ၁၆
- အဘိဓာန်လုပ်ငန်း အဆင့်၉-ဆင့် ၁၇
- အဘိဓာန် ပဋိပုစ္ဆာ ပဋိဝိသောဓကအဖွဲ့ ၁၉
- အဘိဓာန်ဩဝါဒသောဓကအဖွဲ့ ၁၉

**အကြောင်းအရာ** **စာမျက်နှာ**

- ဗွေဆော်ဦးကျမ်းစာ ပေါ်ထွက်လာ ၂၀
- လပြည့်ဝန်းပမာ မော်ကွန်းစာ ၂၁

**ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့**
- မူလအဘိဓာန်အဖွဲ့ ၂၃
- အဘိဓာန်ဌာနရုံးအဖွဲ့ ၂၄
- တည်ပုဒ်သုံးသိမ်း ၂၅
- ဗုဒ္ဓသာသနာအဖွဲ့အကူးအပြောင်း ၂၆
- အဘိဓာန်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း ၂၇
- အဘိဓာန်အတွဲ(၁) ၂၉
- အဘိဓာန်အတွဲ(၂) ၂၉
- အဘိဓာန်အတွဲ(၃) ၃၁
- အားဖြည့်ဆက်လှမ်း ၃၁
- အဘိဓာန်အတွဲ(၄) အပိုင်း(၁) ၃၂
- ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ အနှိမ ၃၃
- ကွန်ပျူတာသိပ္ပံ အဘိဓာန် ၃၅

**မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့**
- မစိုးရိမ်ကျောင်းတိုက် ၃၇
- တစ်ဦးတည်း ကျောင်းဒါယကာ ၃၈
- မြို့ပြင်ကြီးဇာတိ ဘင်္လားဆရာတော် ၃၉
- ပရိယတ္တိ အခြေတည် ၄၀
- ရတနာဝလိ မစိုးရိမ်ပါဠိအဘိဓာန် ၄၁
- ဆဌသံဃယနာတင် သံဃဥက္ကဌ ၄၃
- မစိုးရိမ်တိုက်သစ် ၄၄
- အနှိုက်နက်လျှင် အသိုက်မပျက်ပါ ၄၅
- အဘိဓာန်အတွဲ(၅) ၄၈
- အနက်မှန်မှ နိဗ္ဗာန်ရ ၄၈

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


- အဘိဓာန်အတွဲ(၆) ၄၉
- ပ-ဝဂ်အဘိဓာန်တာဝန် ၄၉
- အဘိဓာန်အတွဲ(၁၅) ၅၀
- အဘိဓာန်အတွဲ(၁၆) ၅၁
- အဘိဓာန်လက်ကျန်တာဝန် ၅၂
- ကွန်ပျူတာ စာစီမှုအဘိဓာန် ၅၃
- အဘိဓာန်အတွဲ(၄)အပိုင်း(၂) ၅၃
- အဘိဓာန်အတွဲ(၄)အပိုင်း(၃) ၅၄
- ထပ်ဆင့်ပေါ်လာ မှုဝန်တာ ၅၄
- လက်ဆင့်ကမ်း မဟာနာယကအဆက်ဆက် ၅၅
- အဘိဓာန်အတွဲ(၁၄)အပိုင်း(၃) ၅၆
- နေမင်းတစ်ဆူ ထွက်ပြူလာပြီ ၅၇

**မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့**
- ရွှေကျင်နိကာယ သာသနာဝင် ၅၉
- ရွှေကျင်နိကာယ သာသနာပိုင် ၆၀
- မဟာဝိသုဒ္ဓါရာမ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ၆၁
- ရွှေကျင်နိကာယ ဗဟိုဌာန ၆၂
- မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကဆရာတော်များ ၆၃
- နဝမမြောက် သာသနာပိုင် စံကင်းဆရာတော် ၆၃
- မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့ ၆၅
- အဘိဓာန်လုပ်ငန်းစဉ် ၆၆
- အဘိဓာန်အတွဲ(၇) ၆၇
- အဘိဓာန်အတွဲ(၈) ၆၇
- ပ-ဝဂ်အဘိဓာန် ၆၈
- အဘိဓာန်အတွဲ(၁၃) ၆၉
- အဘိဓာန်(၁၄)အပိုင်းခွဲများ ၇၀

**အကြောင်းအရာ** **စာမျက်နှာ**

- အဘိဓာန်အတွဲ(၁၄)၊အပိုင်း(၁) ၇၁
- ကူညီဝန်းရံ အဘိဓာန် ၇၁
- အဆင့်ဆင့်အဆက်ဆက် ၇၂
- အဘိဓာန်အတွဲ(၁၄)၊အပိုင်း(၂) ၇၄
- စာတတ်ကို စာမှတ်မဖျက်နိုင် ၇၅

**ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် အဘိဓာန်အဖွဲ့**
- ပခုက္ကူမြို့ ၇၇
- မဟာဝိသုတာရာမ(အလယ်)တိုက် ၇၇
- စာကြီးဖောက် ပခုက္ကူ ၇၉
- ကျမ်းရိုးပေါက် စာသင်နည်း ၇၉
- ပခုက္ကူနိကာယ ၈၁
- ပခုက္ကူ မဟာဝိသုတာရာမ အဘိဓာန်အဖွဲ့ ၈၂
- ဆရာနှင့်တပည့်ဆက်စပ် ပရိယတ် ၈၃
- အဘိဓာန်ကျမ်းတွဲ ပုံနှိပ်လုပ်ငန်း ၈၄
- အဘိဓာန်အတွဲ(၉) ၈၅
- မဟာဝိသုတာရာမ သာသနာ့ဝင် ၈၅
- အဘိဓာန်အတွဲ(၁၀) ၈၆
- တာဝန်ကမ်းဆင့် ဂုဏ်ထူးမြင့် ၈၇
- အဘိဓာန်အတွဲ(၁၁) ၈၈
- ဆင့်ကမ်းတာဝန် ထူးကျေပွန် ၈၈
- အဘိဓာန်အတွဲ(၁၂) ၈၉
- အဘိဓာန်ကျမ်းကြီး၏ အကျိုးကျေးဇူး ၉၀
- အိမ်မြှောင်ပမာ ကျမ်းသမုဒ္ဒရာ ၉၁
- ဟစ်ကြွေးမော်ကွန်း နိဒါန်းညွှန်း ၉၁

**အကြောင်းအရာ** **စာမျက်နှာ**

**မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် အဘိဓာန်အဖွဲ့**


- ပဥ္စမသံဂါယနာတင် ရတနာပုံနေပြည်တော် ၉၃
- တိပိဋက ဘုရားကြီးဆရာတော် ၉၄
- ဘုရားကြီးတိုက် မဟာနာယကအဆက်ဆက် ၉၅
- ဘွဲ့တူဆရာတော်နှစ်ပါး ၉၇
- ဘုရားကြီးတိုက် အမရပူရဆရာတော် ၉၇
- ညီနောင်ဆရာတော်နှစ်ပါး ၉၈
- ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့ ၉၉
- အ-ဝဂ်(ယ-ရ-လ-ဝ-သ-ဟ-ဠ) ၁၀၀
- ပါဠိပဒ ကျမ်းညွှန်းအစီအစဉ် ၁၀၀
- အ-ဝဂ်ပါဠိပဒ ပိဋကကျမ်းညွှန်း(၄)တွဲ ၁၀၁
- ဆင့်ဆက်အမွေ မြင့်တက်စေ ၁၀၃
- အဘိဓာန်အတွဲ(၁၇) ၁၀၃
- အဘိဓာန်အတွဲ(၁၈) ၁၀၄
- မြင့်တက်အမွေ ဆင့်ဆက်စေ ၁၀၄
- မိုးနိုးစက်နေရာ ကွန်ပျူတာ ၁၀၅
- အဘိဓာန်အတွဲ (၁၉) ၁၀၆
- အဘိဓာန်အတွဲ (၂၀) ၁၀၆
- ဆင်သင်းမှူး၏ ခေါင်းဆောင် ၁၀၇
- တာဝန်ကြီးခိုင် အပြီးတိုင် ၁၀၈
- အဘိဓာန်အတွဲ(၂၁) ၁၀၉
- အဘိဓာန်အတွဲ(၂၂) ၁၀၉
- သာသနာ့မှတ်တမ်းဝင် ဂန္ထဝင်ကျမ်းကြီး ၁၁၀
- အဘိဓာန်အတွဲ(၂၃) ၁၁၀
- အဘိဓာန်အတွဲ(၂၄) ၁၁၁
- သက်ရှိထင်ရှား ဆင်သင်းမှူးများ ၁၁၂

**အကြောင်းအရာ** **စာမျက်နှာ**

- အပြီးသတ်အောင်ပွဲ နောက်ဆုံးတွဲ ၁၁၃
- အဘိဓာန်အတွဲ(၂၅) ၁၁၄
- အောင်မြင်ပြီးငြိမ်း စခန်းသိမ်း ၁၁၄
- ဘယ်နိုင်ငံကမှ မပြုလုပ်နိုင်ပါ ၁၁၅

**၆၇-နှစ်ကြာ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အောင်မြင်ပေါ်ထွန်း**
- သက်တမ်းမြင့်ရှည် မော်ကွန်းတည် ၁၁၇
- သာသနာပြုကုသိုလ် ၁၁၉
- ဓမ္မကုသိုလ်မော်ကွန်း ၁၂၀
- အဘိဓာန်ကျမ်း ၁၂၂
- ကျမ်းတွဲအမှတ်စဉ် အမှန်သို့ ၁၂၃
- အက္ခရာစဉ်အချို့ နေရာမှန်သို့ ၁၂၄

**ပညာသံဝဏ္ဏနိက ကုသိုလ်တော်မော်ကွန်း**
- ပညာကုသိုလ် ကမ်းလင့်ကြို ၁၂၇
- စာဒါယကာ ပေါ်ပေါက်လာ ၁၂၈
- အနုမောဒနာ ဝမ်းမြောက်စွာ ၁၃၀
- ထာဝရသက်ရှင် ပဒေသာပင် ၁၃၁
- နှံ့သိစကြဝဠာ တိုင်စေသော် ၁၃၃

**ကျမ်းတွဲနှင့် ကျမ်းပြုအဖွဲ့** ၁၃၅

**ပညာသံဝဏ္ဏနိက ကုသိုလ်ရှင်များ** ၁၃၇

**နောက်ဆက်တွဲ (က)** ၁၄၁

**နောက်ဆက်တွဲ (ခ)** ၂၈၇

**နောက်ဆက်တွဲ (ဂ)** ၃၀၉

❑ ❑ ❑



# နိဒါန်းစာ

မြန်မာနိုင်ငံသည် ၁၉၄၈-ခုနှစ်တွင် လွတ်လပ်သော အချုပ်အချာ အာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ၏ နိုင်ငံတော်တိုးတက်စည်ပင်ရေး ဆောင်ရွက်ချက်များအနက် ဘာသာသာသနာအရေးအားဖြင့် ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်ခြင်းလည်း ပါဝင်ခဲ့ပါသည်။ ၁၉၅၆-ခုနှစ် မေလ(ကဆုန်လပြည့်) သာသနာတော်နှစ် ၂၅၀၀-ပြည့်နှင့် တိုက်ဆိုင်လျက် ဆဋ္ဌသံဂါယနာတင်အောင်ပွဲကြီးကို ထေရဝါဒဗုဒ္ဓသာသနာတွင် သမိုင်းဝင်မော်ကွန်းကမ္ပည်းတင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ဆဋ္ဌသံဂါယနာတင်ပွဲကြီးအကြောင်းကို လက်တွေ့သိမီလိုက်သူတို့က မှတ်တမ်းဝင်စာအုပ်များ ထုတ်ဝေခြင်း၊ စာအုပ်စာပေ မဂ္ဂဇင်းစာစောင်တို့၌ တစ်စိတ်တစ်ပိုင်း ဆောင်းပါးအစောင်စောင် ရေးသားတင်ပြခြင်း စသည်ဖြင့် အတွေ့အကြုံပေါင်း မြောက်များစွာကို မှတ်တမ်းတင်ခဲ့ကြပြီး ဖြစ်ပါသည်။ ဆဋ္ဌသံဂါယနာတင်ပွဲကြီး အောင်မြင်ခဲ့ပြီးနောက် ဗုဒ္ဓသာသနာအဖွဲ့၏ အမွေဆက်ခံလုပ်ငန်းများအနက် အဘိဓာန်အဖွဲ့ခွဲ ငါးဖွဲ့တို့ဖြင့် ကာလရှည်မြင့်စွာ ဆောင်ရွက်ခဲ့ရသော တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည် ဆဋ္ဌသံဂါယနာတင်ပြီး၍ နှစ်ပေါင်း ၆၇-နှစ်လွန်ခဲ့ပြီးမှ ကျမ်းတွဲပေါင်း ၂၉-တွဲ အောင်မြင်ပြီးစီးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ ငါးဖွဲ့ကို ဦးဆောင်တော်မူခဲ့ကြသော သံဃာ့မထေရ် ဆရာတော်ဘုရားကြီးများနှင့်တကွ သိက္ခာဝါရင့် ကျမ်းပြုအဖွဲ့ဝင်ဆရာတော် အမြောက်အများတို့သည်လည်း ထိုနှစ်ပေါင်း ၆၇-နှစ်တာကာလအတွင်း သာသနာ့တာဝန်ကို ကျေပွန်စွာဆောင်ရွက်တော်မူကြရင်း လွန်တော်မူခဲ့ကြပြီ ဖြစ်ပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲကြီးပေါင်း ၂၉-ကျမ်းတို့၌ ဦးဆောင်ကျမ်းပြုဆရာတော်တို့က ကျမ်းဦးအစများ၌ ကျမ်းဦးမှတ်ဖွယ် နိဒါန်းအသီးသီးကို မှတ်တမ်းတင်ထားပြီး ဖြစ်ကြပါသည်။ ထိုနိဒါန်းပါ အကြောင်းအရာများမှာ ဆရာတော်များ ကိုယ်တိုင် စိတ်တိုင်းကျ လက်စွမ်းပြထား၍ ပြည့်စုံကုံလုံလှသဖြင့် မှတ်သားဖွယ်ရာတို့ ပြည့်နှက်နေကြပါသည်။ သို့သော်လည်း ကျမ်းတွဲအားလုံးကို ခြုံငုံလျက် ပြည့်စုံသောမိတ်ဆက်နိဒါန်း အကျဉ်းမျိုး လိုအပ်သည်ဟု ထင်မြင်ယူဆသဖြင့် ဤ**“ကျမ်းစာနိဒါန်းနှင့် ကုသိုလ်တော်မော်ကွန်း”**စာအုပ်ကို ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ကာလအားဖြင့် ၆၇-နှစ်တိုင် နှစ်ပေါင်းရှည်ကြာ ကာလများကို ဖြတ်ကျော်ကာ မထေရ်ဆရာအဆက်ဆက်တို့ လက်ဆင့်ကမ်း၍ သဒ္ဓါ ပညာ သမာဓိရီ စောင်းနှယ်ညှိနိုင်ကြလျက် အောင်မြင်ပြီးမြောက်သည်အထိ ပြုစုဆောင်ရွက်တော်မူကြသော ပရိယတ္တိဂုဏ်ဆောင် ကျမ်းပြုဆရာတော် အားလုံးတို့အား ဂုဏ်ပြုပူဇော်လိုစိတ် နက်ရှိုင်းစွာ ဖြစ်ပေါ်မိခြင်းသည်လည်း အကြောင်းခံ တစ်ခုဖြစ်စေခဲ့ပါသည်။ ကမ္ဘာနှင့်ချီ၍ ထူးကဲလှစွာသော အောင်မြင်မှုဖြစ်ပြီး ထေရဝါဒဗုဒ္ဓဘာသာဝင် ပရိယတ္တိခမ့် အသိပညာနှင့်ပတ်သက်၍ တစ်စုံတစ်ရာသော ပုဒ် ပါဠိ အက္ခရာတစ်ခု တွေ့ရှိရုံဖြင့် အနက်အဓိပ္ပါယ်ကို အကျယ်ပြန့်ဆုံး တာဝန်ယူပေးစွမ်းနိုင်သည့် ပိဋကစွယ်စုံရ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို မြန်မာနိုင်ငံက သာသနာသမိုင်းဝင် ပြုစုအောင်မြင်ထားပြီ-ဟု မြန်မာသိ ကမ္ဘာသိ ကျေညာနိုင်စေရေး ဆော်ဩလိုစိတ် ပြင်းပြမိခြင်းလည်း ပါဝင်ပါသည်။ အကယ်စင်စစ်မှာ အဘိဓာန် ကျမ်းပြုအဖွဲ့ဝင် ဆရာတော်တစ်ပါးပါးက ဦးဆောင်၍ ဆရာတော်များ ကိုယ်တော်တိုင် အဘိဓာန်လုပ်ငန်း အတွေ့အကြုံများနှင့်တကွ ပြည့်ပြည့်စုံစုံ

ရေးသားပြုစုတော်မူမည်ဆိုလျှင် ပိုမို၍ သင့်လျော်ကောင်းမွန်လှမည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ခဲ့လျှင် ဤစာတမ်းကို အထောက်အကူပြု မှတ်စုကျမ်းစာ တစ်ခုအနေဖြင့် ရှုမြင်မှတ်ယူတော်မူကြပါရန် ခွင့်ပန်လျှောက်ထားအပ်ပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ပေါ်ထွန်းလာရေးအတွက် စတင်၍ အခြေပြုခဲ့ကြသော ဆဋ္ဌသံဂါယနာတင် မထေရ်မြတ်ကြီးများ၊ ဥပတ္ထမ္ဘကအနေဖြင့် တာဝန်ယူ စတင်အကောင်အထည်ဖော်ဆောင်ပေးခဲ့ကြသော ဗုဒ္ဓသာသနာအဖွဲ့ လူကြီးများ၊ ပညာရှင်များမှစ၍ နှစ်ကာလရှည်မြင့်စွာ ဆက်လက်တာဝန်ထမ်းဆောင်ပေးခဲ့ကြသော သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး တာဝန်ရှိသူများနှင့်တကွ အဘိဓာန်ဌာနစု၊ ပုံနှိပ်လုပ်ငန်းဌာနစု အဆက်ဆက်သော ဝန်ထမ်းအားလုံးတို့၏ ကာယအား ဉာဏအား ဝီရိယအား တက်ညီလက်ညီ ဇွဲမာန်ချီလျက် ကြိုးပမ်းမှုကြောင့် အဘိဓာန်ကျမ်းကြီး အောင်မြင်ခဲ့ပါပြီ။

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးသည် ကျမ်းတွဲတစ်အုပ်လျှင် ပျမ်းမျှစာမျက်နှာ (၈၄၀)ခန့် ပါရှိ၍ ကျမ်းတွဲပေါင်း ၂၉-တွဲ စာမျက်နှာပေါင်း (၂၄၃၅၄)ပါရှိသော အဘိဓာန်ကျမ်းကြီး ဖြစ်ပါသည်။ အဘိဓာန်ကျမ်းကြီး ရှေ့ပိုင်း ၁၆-တွဲကို ခဲစာလုံးစာစီမှုဖြင့် ဆောင်ရွက်ထားပြီး နောက်ပိုင်း ၁၃-တွဲကို ကွန်ပျူတာစာစီမှုဖြင့် ပုံနှိပ်နိုင်ခဲ့ပါသည်။

၂၀၁၅-ခုနှစ် နောက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရုံရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓိယ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး ဦးဆောင်ပေးမှုဖြင့် စာဒါယကာကြီး ဦးကျော်ညွန့်အမှူးပြုသော မတည်ရန်ပုံငွေ အလှူရှင်တို့၏ ပညာသံဝတ္တနိက ကုသိုလ်ပဒေသာပင် ပေါ်ပေါက်လာခဲ့သဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းတွဲအစုံကို အဆက်မပြတ် ပုံနှိပ်ထုတ်ဝေရေးသည် အဆင်ပြေချောမွေ့သွားပါသည်။ သာသနာရေးဦးစီးဌာန ကမ္ဘာအေးပုံနှိပ်တိုက်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း တိနိဥပဌာကအဖွဲ့ ဓမ္မသုခပုံနှိပ်တိုက်

ဦးနေမျိုးဝင်း ဦးစီး၍ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး ဩဝါဒနှင့်အညီ စီစဉ်ဆောင်ရွက် ပုံနှိပ်ထားပါသည်။

ကျမ်းတွဲပေါင်း ၂၉-တွဲပါရှိသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းကြီး၏ ကျမ်းတွဲတိုင်း၌ ကျမ်းဦးမှတ်ဖွယ်ခေါ် နိဒါန်းစာရှည်ကြီးများ ကို ဖတ်ရှုကြရမည် ဖြစ်ပါသည်။ ထိုနိဒါန်းများသည် အဘိဓာန်အဖွဲ့ ဦးဆောင်ဆရာတော်ကြီးတို့၏ တန်ဖိုးရှိလှသော လမ်းညွှန်မိန့်မှာချက်များ ဖြစ်ကြပါသည်။ ပညာသံဝဏ္ဏနိကကျမ်းစာအလှူရှင် စာဒါယကာကြီး ဦးကျော်ညွှန့်သည် အဘိဓာန်အတွဲ(၁) နိဒါန်းစာကို ဖတ်ရှုကြည်ညိုခဲ့သူပီပီ သူ့ကဲ့သို့ စာရှုသူဓမ္မမိတ်ဆွေတို့အား အဘိဓာန်ကျမ်းတွဲပါ နိဒါန်းအချို့နှင့် မိတ်ဆက်ပေးကာ ဖတ်ရှုကြည်ညိုစေလိုသည့်ဆန္ဒရှိနေရာ စာဒါယကာကြီး ၏ ဆန္ဒအတိုင်း တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းအတွဲ(၁) ကျမ်းအစ နိဒါန်းနှင့် အတွဲ(၂၅)ကျမ်းအဆုံး နိဒါန်းနှစ်ပုဒ်ကို ဤကျမ်းစာနောက်ဆက် တွဲ၌ ပူးတွဲဖော်ပြထားပါသည်။

ဤသို့ဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို အဘိဓာန်အဖွဲ့ (၅)ဖွဲ့ ဆရာတော်ကြီးအဆက်ဆက်တို့က ၆၇-နှစ်တိုင် ကြိုးပမ်းဆောင်ရွက် ခဲ့ပုံနှင့် ပညာသံဝဏ္ဏနိကကုသိုလ်ရှင် အလှူရှင်တို့၏ ထာဝရသက်ရှင် ပဒေသာပင် စိုက်ထူလှူဒါန်းထားပုံကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်း တို့ သိရှိကြပြီး ပတ္တိဒါန ပတ္တာနုမောဒနကုသိုလ်အဖို့ဘာဂ အမျှရကြပါစေ မျှော်ရည်လျက် **တိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းစာနိဒါန်း ကုသိုလ်တော်မော်ကွန်း**ကို ရေးသားပြုစုထုတ်ဝေခြင်း ဖြစ်ပါကြောင်း ဖော်ညွှန်းအပ်ပါသည်။

တင်အောင်ထွန်း ၊ သုတေသန ၊
ဦးတင်အောင်ထွန်း
ညွှန်ကြားရေးမှူး(ငြိမ်း)

# တိပိဋက
# ပါဠိ-မြန်မာအဘိဓာန်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ထေရဝါဒ ဗုဒ္ဓသာသနာဝင်
## သံဂါယနာတင်အမွေ

**ဗုဒ္ဓမြွက်ကြား မှာစကား**

မြန်မာနိုင်ငံတွင် ပုဂံခေတ်ကစ၍ ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်မှု၌ ပရိယတ္တိပညာရေးအခြေခံကျကျ ထွန်းကားခဲ့မှုကြောင့် ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုခိုင်မာအားကောင်းခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကံကံ၏အကျိုးယုံကြည်မှု ကမ္မဿကတာသမ္မာဒိဋ္ဌိအပြင် ဘဝသံသရာနှင့် ဘဝသံသရာမှ လွတ်မြောက်ရာကို ယုံကြည်ခဲ့ကြပါသည်။ သစ္စာလေးပါးကို သိမြင်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်၍ ဘဝသံသရာမှ လွတ်မြောက်ရာနိဗ္ဗာန်သည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အဓိကပန်းတိုင် ဖြစ်ပါသည်။

ဂေါတမဗုဒ္ဓဘုရားရှင်သည် လူတို့၏ အသက်တစ်ရာတမ်း၌ ပွင့်ထွန်းတော်မူသဖြင့် လူတစ်ဦး၏ နှစ်တစ်ရာသက်တမ်းအတွင်း ကာလ, ဒေသ အမျိုးမျိုး၌ လူအမျိုးမျိုး ပါရမီဓာတ်ခံအမျိုးမျိုးတို့နှင့် သင့်လျော်ထိ ရောက်သော တရားဒေသနာအဖုံဖုံကို ဟောကြားခဲ့ရပါသည်။

လူတို့ အသက်ရှင်ရပ်တည်နိုင်သော တစ်ရာသက်တမ်းနှင့်ပင် ပြည့်စုံလုံလောက်မှု မရှိနိုင်ခဲ့သဖြင့် နှစ်တစ်ရာသက်တမ်းအလွန် အနာဂတ်ကာလ လူသားမျိုးနွယ်တို့အား ဓမ္မအသိဉာဏ် ပါရမီရင့် သန်စေဖို့ရာ ဗုဒ္ဓဘုရားရှင်သည် မဟာပရိနိဗ္ဗာန်ဝင်အံ့ဆဲအခါ၌ အရှင်အာနန္ဒာအား **"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"** ချစ်သား အာနန္ဒာ ဘုရားရှင်သည် သင်တို့အား သိဖွယ်ရာဓမ္မကို ဟောကြားပေးထားပြီ၊ လိုက်နာကျင့်သုံးဖွယ်ရာ ဝိနည်းသိက္ခာပုဒ်များကိုလည်း ပညတ်ပေးထားပြီ၊ ဘုရားရှင်လွန်တော်မူသောအခါ၌ ထိုဓမ္မဝိနယတို့သည် သင်တို့၏ဆရာ(ဘုရား)တို့ပေတည်း-ဟူ၍ ဟောကြားထားတော်မူခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ကမ္ဘာလောကလူသားတို့အကျိုးငှါ ကိုယ်စားတော်အဖြစ်ဖြင့် ဆက်လက်ရှင်သန်နှင်းအပ်ထားခဲ့ခြင်း ဖြစ်ပါသည်။

## သုံးပုံပိဋကတ် သုံးရပ်သာသနာ

ဗုဒ္ဓဘုရားရှင်(၄၅)ဝါပတ်လုံး လူ, နတ်, ဗြဟ္မာသတ္တဝါ ဝေနေယျတို့အား ဟောကြားတော်မူခဲ့သော တရားတော်ဒေသနာ အာလုံးကို ဘုရားရှင်မဟာပရိနိဗ္ဗာန်ဝင်စံတော်မူပြီး၍ သုံးလအကြာ အရှင်မဟာကဿပမထေရ်မြတ်ကြီးအမှူးပြုသော ပဋိသမ္ဘိဒါပတ္တရဟန္တာအရှင်မြတ် ၅၀၀-တို့က ပဌမသံဂါယနာတင်၍ စုစည်းပေးခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာအားလုံးကို တူရာတူရာ စုစည်းလိုက်သောအခါ သုတ်, ဝိနည်း, အဘိဓမ္မာဟူ၍ ပိဋကတ်သုံးပုံ (ပိဋက+တယ) ဖြစ်ပေါ်လာပါသည်။ ထိုတရားတော် အားလုံးသည် ဗုဒ္ဓဓမ္မဖြစ်၍ ပရိယတ္တိသာသနာမည်ပါသည်။ ထိုတရားတော်တို့နှင့်အညီ ကျင့်သုံးပွားများခြင်းအားဖြင့် ပဋိပတ္တိသာသနာတည်းဟူသော အကျင့်မြတ် အကျင့်မှန်တို့ ပျောက်ကွယ်ခြင်းမရှိဘဲ မဂ်, ဖိုလ်, နိဗ္ဗာန် (ပန်းတိုင်)သို့ ဆိုက်ရောက်ခြင်းအကျိုးဖြစ်သော ပဋိဝေဓသာသနာသည်လည်း ဆိတ်သုံးဖွယ်ရာ မရှိနိုင်ပါ။

ပရိယတ္တိမှာ သင်ယူခြင်းဖြစ်၍ သင်ယူခြင်းမှ ဓမ္မအသိသို့ မြင့်တက်စေပြီး ထိုအသိနှင့်ယှဉ်၍ ကျင့်ကြံမှုနှစ်ရပ်တို့ ပေါင်းစပ်ကာ လောကုတ္တရာစခန်းသို့ ဆိုက်ရောက်စေသည်မည်သော ဗုဒ္ဓ၏ အဆုံးအမသာသနာသုံးရပ်တွင် သင်ယူခြင်းက ရင်းမြစ်မူလအခြေခံကျနေရခြင်း ဖြစ်ပါသည်။ ထိုသင်ယူခြင်း ပရိယတ္တိသာသနာ တည်ရှိပြန့်ပွားနေ၍သာ ယနေ့တိုင် သာသနာနှစ် ၂၅၆၀-ကျော်ခရီး အလွန်ထိ ဗုဒ္ဓသာသနာ၏ အနှစ်သာရတို့ မပျောက်ဆုံးဘဲ မူလအတိုင်း နီးစပ်စွာ တည်တံ့ ပြန့်ပွားနေခြင်း ဖြစ်ပါသည်။ ပထမသံဂါယနာတင်မှသည် ဆဋ္ဌသံဂါယနာတင်ထိ သာသနာဝင် သမိုင်းအဆက်ဆက် သင်ယူခြင်းတာဝန်ဖြင့် သာသနာတော်၏အဆက်ကို ထွန်းညှိပေးတော်မူနေကြသော သံဃာ့မထေရ်မြတ်ကြီးတို့၏ ကျေးဇူးကား အလွန်ပင်ကြီးမားပါဘိတော့သည်။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်သည် ဝေနေယျပုဂ္ဂိုလ်၏ ပါရမီဉာဏ်အား ထိုးရှသက်ဝင်နိုင်စေမည့် ဓမ္မတရားကို ဟောပြသွန်သင်ပါသည်။ အသိဉာဏ်နှင့် တစ်ဆက်တည်းဖြစ်သော ကျင့်ကြံမှု၏ အလွန်တွင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရရှိစေခဲ့ကြပါသည်။ ဘုရားရှင် မဟာပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်တွင်ကား ထိုအခြေအနေ ထိုအခွင့်အရေးနှင့် ဝေးကွာခဲ့ကြပြီဖြစ်၍ **"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော"**နှင့်အညီ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာသုံးရပ်ကိုသာ အလေးအမြတ် အားကိုးသမှုပြုကြရမည်ဟု ညွှန်ပြလိုရင်းဖြစ်ပါသည်။

## သံဂါယနာနှင့် ပရိယတ္တိသာသနာ

သာသနာနှစ် ၂၅၆၀-ကျော်ကာလထိ ထေရဝါဒဗုဒ္ဓဘာသာသည် မူလမပျက် ဆက်လက်၍ ရှင်သန်နေဆဲဖြစ်ပါသည်။ ထိုသို့ ထေရဝါဒဗုဒ္ဓဘာသာ မူလမပျက်သေးခြင်း၊ ဆက်လက်၍ ရှင်သန်နေဆဲဖြစ်ခြင်းမှာ သာသနာသုံးရပ်တွင် သင်ယူခြင်းအပိုင်းဖြစ်သော ပရိယတ္တိသာသနာ

အရှိန်မပျက်သေးခြင်းကြောင့်ဖြစ်သည်ကား ထင်ရှားလှပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ သံဂါယနာ ၆-တန်အနက် ပဉ္စမသံဂါယနာနှင့် ဆဋ္ဌသံဂါယနာ တင်ပွဲကြီး နှစ်ကြိမ်တိုင် မြန်မာနိုင်ငံက ဦးဆောင်ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာတို့၏ ထေရဝါဒဗုဒ္ဓဘာသာသမိုင်းကို မြှင့်တင်စေခဲ့မှုမှတ်တမ်းလည်း ဖြစ်ပါသည်။ ထိုသံဂါယနာနှစ်တန်ကြောင့်ပင် ပရိယတ္တိစာပေကို အလေးထား၍ သင်ပေးသင်ယူနိုင်သော ပရိယတ္တိစာသင်တိုက် အသီးသီးတို့ကို မြို့ရွာဒေသတိုင်း၌ ပေါ်ထွန်းစေခဲ့ပါသည်။ ထိုပရိယတ္တိစာသင်တိုက်များက ပျိုးထောင်ပြုစုပေးနေခြင်းကြောင့်လည်း စာသင်သား ရဟန်း,သာမဏေတို့အဖို့ ပရိယတ္တိပညာရေးကို အဆင့်မြင့်စွာ သင်ယူဆည်းပူးနိုင်ကြကာ ပရိယတ္တိစာမေးပွဲမျိုးစုံတို့သည် မြန်မာနိုင်ငံအနှံ့ များပြောင်ရှင်သန်လျက်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။

## ဆဋ္ဌသံဂါယနာ အမွေ

ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို အကြောင်းပြု၍ ပြည်တွင်း ပြည်ပ ဂိုဏ်းပေါင်းစုံ သံဃာ ၂၅၀၀ စုစည်းနိုင်ခဲ့မှုကြီးသည် ထိုပရိယတ္တိပညာရေးနယ်ပယ်မှ ခွန်အားများ စုစည်းနိုင်မှုအကြောင်းခံကြောင့် ထေရဝါဒငါးနိုင်ငံမှ ပိဋကတ်တော်များနှင့်ပါ တိုက်ဆိုင်ညှိနှိုင်းနိုင်သည်အထိ သံဃာညီညွတ်မှုကို ပြသနိုင်ခဲ့ပါသည်။ ဆဋ္ဌသံဂါယနာတင်ပွဲသည် ဗုဒ္ဓမုခပါဌ် ပါဠိတော်များကိုသာမက အဋ္ဌကထာသံဂါယနာနှင့် ဋီကာသံဂါယနာတို့ကိုပါ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး ဆဋ္ဌသံဂါယနာမူ ပိဋကတ်တော်ကျမ်းစာအားလုံးကို အမြဲမပြတ် ပုံနှိပ်ထုတ်ဝေရေး၊ ပါဠိပိဋကတ်တော်များကို မြန်မာဘာသာသို့ ပြန်ဆိုရေး၊ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုထုတ်ဝေရေး၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို အတွဲအလိုက် ပြုစုထုတ်ဝေရေး စသည့် ပရိယတ္တိပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများသည် ဆဋ္ဌသံဂါယနာတင် တာဝန်များနှင့် တစ်ပါတည်း ဆက်နွယ်နေသော ဖြန့်ကြက်မှုအစိတ်အပိုင်းများ ဖြစ်ကြပါသည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် အဆိုပါ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ဆက်လက် လည်ပတ်နိုင်ရန်အတွက် တာဝန်ယူ၍ ဆင့်ကဲဆောင်ရွက်ခဲ့ကြပါသည်။ ထိုတာဝန်များအနက် အဋ္ဌကထာကျမ်း ၅၁-အုပ် သံဂါယနာတင်ခြင်းကို ၁၉၅၉-ခုနှစ်တွင်လည်းကောင်း၊ ဋီကာကျမ်း ၂၆-အုပ် သံဂါယနာတင်ခြင်းကို ၁၉၆၂-ခုနှစ်တွင်လည်းကောင်း၊ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း ၆-တွဲ၊ ၈-အုပ် ကျမ်းတွဲအလိုက် ပုံနှိပ်ထုတ်ဝေခြင်းကို ၁၉၆၀-ပြည့်နှစ်မှ ၁၉၇၂-ခုနှစ်ထိလည်းကောင်း၊ ပိဋကမြန်မာပြန် ၃၁-အုပ် ပြုစုပုံနှိပ်ထုတ်ဝေခြင်းကို ၁၉၅၆-ခုနှစ်မှ ၁၉၇၂-ခုနှစ်ထိလည်းကောင်း အသီးသီး အောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ နှိုးဆော်မှုဖြင့် မေဓာဝီ ဆရာဆိုင်၊ ပထမကျော် ဦးကြီးဖေ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်းတို့က အဆင့်ဆင့် စတင်ပြုစုခဲ့ကြ၍ ၁၉၅၄-ခုနှစ်တွင် ဆရာကြီးဦးလင်းကွယ်လွန်သောအခါ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားခဲ့ပါသည်။ ဝန်ကြီးချုပ်ဦးနုက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက လက်ခံတော်မူပြီး ဆဋ္ဌသံဂါယနာတင်ပွဲပြီးနောက် မိမိကိုယ်တိုင် စိတ်တိုင်းကျ ပြန်လည်ပြုစုခဲ့သော ကျမ်းဖြစ်ပါသည်။ ကျမ်းအစအဆုံး ၆-တွဲ၊ ၈-အုပ် ဖြစ်၍ ပထမတွဲ နှစ်အုပ်မှာ ပါရမီအခန်း ဖြစ်သည်။ ဒုတိယတွဲမှ ပဉ္စမတွဲအထိ ဂေါတမဗုဒ္ဓဝင်အကြောင်းအရာတို့ ဖြစ်သည်။ ဆဋ္ဌတွဲနှစ်အုပ်မှာ ဘုရားရှင်လက်ထက် ဧတဒဂ်ရရှိသော မထေရ်၊ ထေရီ၊ ဥပါသကာနှင့် ဥပါသိကာ ၇၄-ဦးတို့၏အကြောင်းအရာများ ဖြစ်ပါသည်။

ပိဋကတ်တော်မြန်မာပြန်ခြင်းကိုလည်း ၁၉၅၂-ခုနှစ်ကပင် အဖွဲ့ဖွဲ့၍ ဆောင်ရွက်ခဲ့ပါသည်။ မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘန၏ ဦးဆောင်မှုအောက်၌ အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဒေါက်တာဦးလင်း အယ်ဒီတာချုပ်အဖြစ် ပါဝင်သော ပါဠိတော်မြန်မာပြန်အဖွဲ့ဖြင့် စတင်ခဲ့ပါသည်။ နောက်ပိုင်းတွင် သံဃာတော်များလည်း ပါဝင်လာပြီး ဟသ်ာတ

ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တဉာဏုတ္တရ၊ ဘဒ္ဒန္တစန္ဒဇောတိ၊ ဘဒ္ဒန္တတိလောက စသည့် ပဋိဝိသောဓက ဆရာတော်များ၊ သြသာနသောဓေယျ ဆရာတော်များလည်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ပါဠိတော်မြန်မာပြန် ၃၁-အုပ်အထိ ပြန်ဆိုနိုင်ခဲ့ကြပြီး ယမိုက်နှင့် ပဋ္ဌာန်းကျမ်းများမှာ အရကောက်ကျမ်းများ ရှိပြီးဖြစ်၍ သီးခြားပြန်ဆိုခြင်းမပြုခဲ့ကြပါ။

ဆဋ္ဌသံဂါယနာတင်ပွဲကြီးအပြီး ဗုဒ္ဓသာသနာအဖွဲ့နှင့် သာသနာရေး ဦးစီးဌာနတို့လက်ထက် ဆက်လက်ဆောင်ရွက်ခဲ့ကြသော ဆဋ္ဌသံဂါယနာတင် အမွေဆက်ခံလုပ်ငန်းများအနက် သက်တမ်းရှည်ကြာ ဆဋ္ဌသံဂါယနာအမွေ လုပ်ငန်းကြီးကား တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ပေါ်ထွက်လာရေး ဖြစ်ပါသည်။

❑ ❑ ❑

# သက်တမ်းရှည်ကြာ ဆဋ္ဌသံဂါယနာအမွေ
# သို့မဟုတ်
# တိပိဋက ပါဠိ-မြန်မာအဘိဓာန်

**ပါဠိဘာသာစကား**

ကမ္ဘာ့လူသား မျိုးနွယ်စုတိုင်း၌ ဘာသာစကား ကိုယ်စီရှိကြ၏။ ၎င်းတို့ ပြောဆိုကြသော ဘာသာစကားတစ်ခုသည် ကာလရှည်ကြာ မျိုးဆက်များကို ဖြတ်ကျော်ပြီးသည့်အခါ ဝေါဟာရများ ပြည့်စုံလုံလောက်လာကြရုံမက စကားဝါကျ စာတစ်ကြောင်းတိုင်းတို့၌ ပိုမိုစည်းစနစ်ကျသော စကားအသုံးပြုမှုစည်းကမ်းသည် ထိုဘာသာစကား၏ သဒ္ဒါဖြစ်လာသည်။ သဒ္ဒါသည် အသံဖြစ်၍ ထိုအသံကို အက္ခရာဖြင့် ပုံဖော်ပြသောအခါ စကားဝါကျ စာဝါကျ အသီးသီး ဖြစ်လာကြပါသည်။ ဤနည်းဖြင့် ရှေးဟောင်း စကားဝါကျ စာပေများကိုလည်းကောင်း၊ ခေတ်ပေါ်စကားဝါကျစာပေများကိုလည်းကောင်း အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ခဲ့စေကြပါသည်။

အိန္ဒိယနိုင်ငံသည် ရှေးဟောင်းစာပေများ၊ ရှေးဟောင်း အယူအဆများ ထွန်းကားရာဒေသ ဖြစ်ခဲ့ပါသည်။ ရှေးကျသည့် အထောက်အထားများ အနက် ပါဠိစာပေဘာသာစကား၊ သက္ကတစာပေ ဘာသာစကားတို့ ပါဝင်ခဲ့သည်။ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူစဉ်အခါက မဂဓတိုင်းဒေသသားတို့ ပြောဆိုသော ဘာသာစကားမှာ မာဂဓဘာသာဖြစ်သဖြင့် နောင်အခါတွင် ထိုဘာသာစကားကို ပါဠိဘာသာဟူ၍ ခေါ်ဝေါ်မှုပြောင်းလဲလာခဲ့ရာမှ ပါဠိဘာသာဟူ၍ ဖြစ်ပေါ်လာပါသည်။ သက္ကတဘာသာတွင် ဝေဒိကသက္ကတ

နှင့် နဝီနသက္ကတဟူ၍ မျိုးကွဲ နှစ်ခုရှိပြီး ပါဠိဘာသာသည် ဝေဒိကသက္ကတ ဘာသာနှင့်လည်း နီးစပ်သကဲ့သို့ တွေ့ရှိနိုင်ပါသည်။ ပါဠိနှင့် သက္ကတတို့သည် ရှေးဟောင်း ခေတ်ပြိုင်ဘာသာစကားများ ဖြစ်ကြသည်နှင့်အညီ လက်တင်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ကဲ့သို့ပင် သဒ္ဒါအားဖြင့်လည်းကောင်း၊ ဝေါဟာရအားဖြင့်လည်းကောင်း နှစ်ဘာသာ ရောနှောမှုများလည်း ရှိနိုင်ပါသည်။

ပါဠိဘာသာသည် ထေရဝါဒဗုဒ္ဓဘာသာအဖို့ ထူးမြတ်သည့် ဘာသာစကား ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင် ၄၅-ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ တရားတော်တို့ကို ပါဠိဘာသာအားဖြင့် မှတ်တမ်းတင်ထားရှိခဲ့သည့်အပြင် ဘုရားရှင်၏ တရားတော်တို့ကို ထပ်ဆင့်ရှင်းလင်းပြဆိုသော အဋ္ဌကထာ ဋီကာကျမ်းစာများမှာလည်း ပါဠိဘာသာအားဖြင့် တည်ရှိထားပြီးဖြစ်သဖြင့် ပါဠိဘာသာကို ထေရဝါဒဗုဒ္ဓသာသနာတော် စောင့်ဘာသာဟူ၍ပင် ခေါ်ဆိုနိုင်ကြပါသည်။

ဗုဒ္ဓဘုရားရှင် ဟောကြားသော ဒေသနာတော်တို့သည် နိဗ္ဗာန်တည်းဟူသော ဘဝသံသရာမှ လွတ်မြောက်ရာ ဝိမုတ္တိရသ တစ်ပါး၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန်အားဖြင့် ရှစ်သောင်းလေးထောင်ဟူ၍ ရေတွက်မှုပြုကြပါသည်။ ထိုပါဠိဘာသာတရားတော်များကို အခြားဘာသာစကားဖြင့် တိတိကျကျ အဓိပ္ပာယ်ရရှိအောင် ဘာသာပြန်ဆို၍ မရနိုင်သော ဝေါဟာရများလည်း ပါဝင်နေကြ၏။ ဗုဒ္ဓဘုရားရှင်၏ တရားတော်အနှစ်သာရကို အဓိပ္ပာယ်အမိအရ ပြန်ဆိုရှင်းပြရန်မှာ မူရင်းပါဠိဘာသာဖြင့်သာ ချဉ်းကပ်နိုင်မည်ဖြစ်သဖြင့် ဗုဒ္ဓဘာသာကို နက်နက်နဲနဲ ထဲထဲဝင်ဝင် သိမြင်သည့် ရဟန်းတစ်ပါး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရန်အတွက် ပါဠိဘာသာသည် မရှိလျှင် မဖြစ်သောဘာသာ၊ မသင်ယူလျှင်မဖြစ်သော ဘာသာစာပေ ဖြစ်၍နေပါသည်။ သို့ဖြစ်၍ သာသနာသုံးရပ်အနက် သင်ယူခြင်း ပရိယတ္တိသာသနာကို

အခြေခံထားလျက် သင်ယူပို့ချနေကြရပြီး တရားတော်အနှစ်သာရကို ပိုမို လေ့လာသိရှိနိုင်စေရန် ပါဠိဘာသာစကားသည် နှုတ်ပြောအားဖြင့် ခေတ်မစားတော့သည့်တိုင် စာပေအားဖြင့် ကျမ်းဂန်တတ် သင်ယူ၍ မထေရ် ဆရာတော် အဆက်ဆက်တို့သည် မြန်မာဘာသာ နိဿယကျမ်း၊ ဘာသာ ဋီကာကျမ်း၊ မြန်မာစကားပြေကျမ်း စသည့်ကျမ်းဂန်အသီးသီးကို ချဲ့ထွင် ဖြည့်စွက် ပြုစု၍ အဘိဓာန်ကျမ်း၏ ရှေ့ပြေးသဖွယ် မိုငြမ်းခဲ့ကြရပါသည်။

**အဘိဓာန်ကျမ်း**

အဘိဓာန်ဆိုသည်မှာ သညာ,ချာ,ဝှါ,သမညာ စာ+ဘိဓာနံ နာမ မဝှယော (အဘိဓာန်ဂါထာ-၁၁၄)အရ ပြောဆို ခေါ်ဆောင်ကြောင်းဖြစ်သော အမည်နာမတို့ကို ဖော်ပြသောကျမ်းဟု အဓိပ္ပါယ်ရရှိပါသည်။

ဘာသာစကားတစ်ခု၏ ဝေါဟာရစကားလုံးများကို ထိုဘာသာစကား ၏ သရဗျည်းများဖြင့် အက္ခရာစဉ်အလိုက် စီစဉ်၍ အနက်အဓိပ္ပာယ်နှင့် အခြားသိအပ်ဖွယ်ရာ အချက်အလက်များကို ထိုဘာသာစကား အက္ခရာ ဖြင့်ဖြစ်စေ၊ အခြားသောဘာသာစကား တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသော စာအုပ်ဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းက အဓိပ္ပာယ်ရှင်းပြထားပါသည်။ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်ကျမ်းတွင်လည်း စကားလုံးတို့ကို စနစ် တကျ စီစဉ်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုသောကျမ်းဟု အကျဉ်းချုပ်အဓိပ္ပာယ် ဖော်ပြထားပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲ(၃) စာမျက်နှာ(၁၁၇)တွင်မူ အဘိဓာန(ပါဠိ)ပုဒ်နှင့် စပ်လျဉ်း၍ သဒ္ဒါကျမ်း၊ ပုဒ်ဟောကျမ်း၊ အမည်နာမ ကျမ်း၊ သန္နိဋ္ဌာန်ကျစကားကျမ်း၊ ဘွဲ့မည်ရည်ကျမ်းဟူ၍ အက္ခရာစဉ်သည် ဖြစ်စေ၊ မစဉ်သည်ဖြစ်စေ အာဂုံဆောင်ကျမ်းများရော ကြည့်ရှုရန် ကျမ်းများ ရော ပါဝင်အောင် အဘိဓာနပုဒ်ကို ဖွင့်ဆိုရှင်းပြထားပါသည်။

**အာဂုံဆောင်အဘိဓာန်**

ရှေးဟောင်းသက္ကတဘာသာ ပြာကြိုဋ်ဘာသာ၊ မာဂဓ(ပါဠိ)ဘာသာ ကျမ်းများတွင် အမရကောသအဘိဓာန်၊ ကပ္ပဒုမအဘိဓာန်၊ ဘဒ္ဒဏ္ဏဝ အဘိဓာန် စသည်ဖြင့် ကျမ်းပေါင်းများစွာ ရှိခဲ့ပါသည်။ ထိုရှေးဟောင်း အဘိဓာန်ကျမ်းများမှာ သင်ယူတတ်မြောက်ရသော သက္ကတဘာသာ ပြာကြိုဋ်ဘာသာ ပါဠိဘာသာကျမ်းများဖြစ်ကြပြီး အက္ခရာစဉ်အလိုက် အလွယ်တကူ ကြည့်ရှုရန် စီစဉ်ထားသောကျမ်းများ မဟုတ်ကြပါ။ အလွတ် ကျက်မှတ်ဆောင်ထားနိုင်သူ ပညာရှင်အဆင့်များ၏ စကားပရိယာယ် ကြွယ်ဝမှုကို အားပြုစေသော အဘိဓာန်ကျမ်းများ ဖြစ်ကြပါသည်။

ယနေ့ မြန်မာနိုင်ငံ ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းတွင် ပြဋ္ဌာန်းကျမ်းစာတစ်ခုဖြစ်သည့် အဘိဓာနပ္ပဒီပိကာပါဌ်ကျမ်းစာကို လက်လှမ်းမီ နမူနာလေ့လာနိုင်ပါသည်။ ပထမကြီးတန်း စာသင်သားများ သည် ထိုကျမ်းတွင်ပါဝင်သော ပါဠိဂါထာပေါင်း ၁၂၀၃-ဂါထာကို ကျက်မှတ် သင်ယူလေ့လာကြရပါသည်။ ထိုဂါထာအားလုံး အာဂုံရထားသူသည် ပါဠိပုဒ် ပရိယာယ်ကြွယ်ဝပြီးဖြစ်၍ ဂါထာတစ်ပုဒ်ကို လက်တန်းအလွတ်စပ်ဆို နိုင်သည်အထိ ပါဠိဘာသာ ကျွမ်းကျင်သွားပါသည်။ ထိုကျမ်းကို သီရိလင်္ကာ နိုင်ငံ သီဟိုဠ်သာသနာဝင်ခေတ်က ပရက္ကမဗာဟုမင်းလက်ထက် (မြန်မာ နိုင်ငံ ပုဂံခေတ်) သာသနာနှစ် ၁၇၀၀-ခန့်က အရှင်မောဂ္ဂလာန်မထေရ် ပြုစု ခဲ့သောကျမ်း ဖြစ်ပါသည်။ ထိုကျမ်းသည် ပုဂံခေတ်တွင် မြန်မာနိုင်ငံသို့ ပေမူ ဖြင့် ရောက်ရှိခဲ့ပြီး မြန်မာဆရာတော်တို့က မြန်မာနိဿယကျမ်းများ ရေးသား ပြုစု သင်ကြားခြင်းပြု၍ ပိဋကတ်သမုဒ္ဒရာကို မွှေနှောက်နိုင်ခဲ့ကြပါသည်။

**အက္ခရာစဉ် မြန်မာအဘိဓာန်**

ပါဠိဂါထာအဘိဓာန်များကို အာဂုံကျက်မှတ်၍ ပါဠိဘာသာ အရေး အပြောတို့ကို ပညာရှင်အဆင့်ဖြင့် ကျွမ်းကျင်နိုင်နင်းမှုကို ဆောင်ကြဉ်း

ပေးနိုင်သော မြန်မာနိုင်ငံ ရှေးခေတ်ပရိယတ္တိပညာရေးမှုသည် ဝိရိယ သတိ ပညာကို ရှေးသွားပြု၍ ဦးဆောင်မှုပေးခဲ့ပါသည်။ ခေတ်စနစ်များ ပြောင်းလဲ ပြုပြင်လာသည့် အခြေအနေများအရ ပေစာရေးကူးခြင်းမှ ပုံနှိပ်လုပ်ငန်း ပေါ်ပေါက်လာ၍ စာအုပ်စာပေတို့ကို အနီးတွင်ထားရှိကာ လေ့လာနိုင် သည်နှင့်အမျှ မြန်မာနိုင်ငံပရိယတ္တိပညာရေးတွင် အာဂုံဆောင်ခြင်း၊ ပေစာ သင်ပုန်းဖြင့် သင်ယူခြင်းနေရာ၌ ပုံနှိပ်လုပ်ငန်း၏ ပိဋကကျမ်းစာကြောင့် သင်ယူမှု ပိုမိုလွယ်ကူလာပါသည်။ ထိုတွင် အက္ခရာစဉ်ဖြင့် လိုရာပုဒ် အမည် နာမ၏ အဓိပ္ပာယ်ကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်သော ပါဠိ-အင်္ဂလိပ်၊ ပါဠိ-မြန်မာ၊ အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ် စသည့် အဘိဓာန်ကျမ်းများ သည် ပရိယတ္တိပညာရေးတွင်သာမက မြန်မာပညာရေး၌ပါ အရေးပါလာ ကြပါသည်။

ကမ္ဘာတွင် ခရစ်နှစ် ၁၇၅၅-ခုနှစ်က ပုံနှိပ်ထုတ်ဝေသော ဒေါက်တာ ဆင်မျူရယ် ဂျွန်ဆင်၏ အင်္ဂလိပ်(အက္ခရာစဉ်) အဘိဓာန်ကို စာအုပ်အဖြစ် အစောဆုံးထွက်ရှိသော အဘိဓာန်အဖြစ် ဖော်ပြကြပါသည်။ မြန်မာတွင်မူ အက္ခရာစဉ် အဘိဓာန်ကို "မြန်မာအဘိဓာန်အစ မက္ခရာမင်းသားကြီးက"ဟု ဆိုကြသည့် စကားတစ်ခုရှိခဲ့ပါသည်။ မြန်မာနိုင်ငံ ကုန်းဘောင်ခေတ် ဗဒုံမင်း၏ သားတော် မက္ခရာမင်းသားကြီးသည် ထီးမွေ နန်းလျာကိစ္စများ၌ စိတ်မဝင် စားဘဲ အသစ်အဆန်း ဗဟုသုတများကို လေ့လာလိုက်စားရန် ဝါသနာပါသူ ဖြစ်သည်။ အင်းဝရောက် အင်္ဂလိပ်ကုန်သည် မစ္စတာရော်ဂျာထံ အင်္ဂလိပ်စာ သင်ရင်းမှ ဒေါက်တာ ဂျွန်ဆင်၏ အင်္ဂလိပ်အဘိဓာန်ကို တွေ့ရှိပါသည်။ ဤတွင် မက္ခရာမင်းသားကြီးသည် မစ္စတာချာလိန်းဆိုသူနှင့် တွဲဖက်၍ ဒေါက်တာ ဂျွန်ဆင်၏ အင်္ဂလိပ်အဘိဓာန် တည်ပုဒ်များအတိုင်း စာမျက်နှာ ၄၆၈-မျက်နှာရှိ အင်္ဂလိပ် မြန်မာအဘိဓာန်ကို ပြုစုပြီး ခရစ်နှစ် ၁၈၄၁-ခုနှစ် တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားရှိ သာသနာပြု ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေ ခဲ့သည်ဟု မှတ်သားရဖူးပါသည်။ မြန်မာအက္ခရာစဉ် ပါဠိအဘိဓာန်မဟုတ်ပါ။ အင်္ဂလိပ်-မြန်မာ(အက္ခရာစဉ်)အဘိဓာန် ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်း ဂျပ်ဆင်ကောလိပ်အမည်ဖြင့် ဂုဏ်ပြုခံရသော ခရစ်ယာန်သာသနာပြုဆရာကြီး Judson ပြုစုသော မြန်မာ အင်္ဂလိပ် အဘိဓာန်ကိုလည်း ၁၈၈၃-ခုနှစ်တွင် ပုံနှိပ်ခဲ့ပါသည်။ မက္ခရာ မင်းသားကြီး၏ အင်္ဂလိပ်မြန်မာအဘိဓာန်နှင့် ခရစ်ယာန်သာသနာပြု ဆရာကြီး Judson ၏ မြန်မာအင်္ဂလိပ် အဘိဓာန်တို့သည် ပါဠိအဘိဓာန် အမည်မပါရှိသော်လည်း မြန်မာဝေါဟာရများ၌ ပါဠိသက်ဝေါဟာရများ လည်း ပါဝင်နေကြပါသည်။

မြန်မာနိုင်ငံရောက် ပါဠိအဘိဓာန်များနှင့်ပတ်သက်၍ အနောက် တိုင်းပညာရှင်များထဲမှ Robert.C.CHIKDERS သည် A Dictionary of the PĀḶI LANGUAGE ကို ၁၈၇၅-ခုနှစ်တွင် ထုတ်ဝေထားပါသည်။ စစ်ကိုင်း၊ မင်းကွန်း ဥဒုမ္ဗရချောင် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသသည် ပညတ်နက်ကျမ်းကို ၁၉၂၀-ခုနှစ်တွင် ပြုစု၍ ထုတ်ဝေဖူးပါသည်။ ထိုကျမ်း သည် ဓာတ်နက်များကို ဖော်ပြသော်လည်း အက္ခရာစဉ် သဘောပါရှိသဖြင့် မြန်မာနိုင်ငံ အက္ခရာဝလိပါဠိ အဘိဓာန်အစဟု ဆိုနိုင်ခဲ့ပါသည်။ လန်ဒန်မြို့ ပါဠိအသင်းကြီးက လျှောက်ထားသဖြင့် လယ်တီဆရာတော်ဘုရားကြီးက မစိုးရိမ်ကျောင်းတိုက် ဆရာတော်များ ဖြစ်ကြသော ဘဒ္ဒန္တသောမာဘိသိရီ၊ ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တဉာဏ (ပထမကျော်)၊ ဘဒ္ဒန္တရာဇိန္ဒတို့အား အဆင့်ဆင့်တာဝန်ပေး၍ ကြီးမှူးပြုစုစေခဲ့သော သဒ္ဒရတနာဝလိ မဟာပါဠိ အဘိဓာန်ကျမ်းတွဲများကို နှစ်ပေါင်း၂၀-တိုင် ပြုစုခဲ့၍ ၁၉၂၈-ခုနှစ်က စတင်ပုံနှိပ်ခဲ့သည်။ ပါဠိတည်ပုဒ်ကို ပါဠိဘာသာဖြင့် ဖွင့်ဆိုသော အက္ခရာစဉ် အဘိဓာန်ဖြစ်ပြီး ကျမ်းတွဲ အနည်းငယ်ကျန်ရှိချိန်မှာပင် ဆက်လက်ပြုစုခြင်း ရပ်ဆိုင်းခဲ့ပါသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လာဘိဝံသ ဦးစီးပြုစုခဲ့သော ဝိသုဒ္ဓါရုံအဘိဓာန်လည်း ထွက်ရှိ ခဲ့သည်။ ထိုအဘိဓာန် မှာလည်း အမည်နာမပါဠိပုဒ်များကို ထုတ်နုတ်ထား သော အက္ခရာစဉ်အဘိဓာန်ဖြစ်ပြီး စည်ရှင်ဆရာတော်ဘုရားကြီး

ပျံ့လွှန်တော်မူသဖြင့် ပြုစုပြီးတည်ပုဒ်ပေါင်း တစ်သောင်းခန့်ဖြင့် ဝိသုဒ္ဓါရုံ အဘိဓာန်ကို ၁၉၅၆-ခုနှစ်တွင် ပုံနှိပ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ စစ်ကြိုခေတ်နှင့် စစ်ပြီးခေတ်တို့၌ ဒေါက်တာ ဘဟန်၊ ဦးထွန်းငြိမ်း စသဖြင့် အင်္ဂလိပ်-မြန်မာအဘိဓာန်များလည်း ထွက်ရှိခဲ့ပါ သည်။ ပါဠိပုဒ်အက္ခရာစဉ်ဖြင့် ပါဠိတည်ပုဒ်ပေါင်း-၅၀၀၀၀ ကျော် ပါဝင်သော ပါဠိမြန်မာအဘိဓာန်ကြီးမှာ ပဒတ္ထမဉ္ဇူသာ ပါဠိ-မြန်မာအဘိဓာန် ဖြစ်ပါသည်။ အဘိဓာန်အမည် ပဒတ္ထမဉ္ဇူသာအမည်ထက် ကျမ်းပြုသူ တရားလွှတ်တော် ရှေ့နေကြီး ဦးဟုတ်စိန် (ဘီအေ၊ ဂုဏ်ထူး၊ ဘီ အယ်လ်)၏ အမည်ဖြင့် ခေါ်ဝေါ်ကြလျက် "ဦးဟုတ်စိန်အဘိဓာန်"ဟု လူသိများကြပါသည်။ ပဒတ္ထမဉ္ဇူသာ ပါဠိ-မြန်မာအဘိဓာန်ကို အဘိဓာန်ဆရာကြီး ဦးဟုတ်စိန်က ၁၂-နှစ်တိုင် ပြုစုခဲ့၍ ၁၉၅၁-ခုနှစ်တွင် အစိုးရအဖွဲ့ ပုံနှိပ်တိုက်က ပုံနှိပ်ပေး ခဲ့ပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာမြန်မာတို့၏ စာပေစကားတို့၌ ပါဠိဘာသာမှ ဆင်းသက်သော ဝေါဟာရများလည်း ပါဝင်နေခဲ့ရာ ပါဠိမှ မြန်မာဝေါဟာရ ဖြစ်နေသော ပါဠိသက်ဝေါဟာရပုဒ် ၃၅၀၀-ခန့် ပါဝင်သည့် ပါဠိသက် ဝေါဟာရအဘိဓာန်ကိုလည်း ရန်ကုန်တက္ကသိုလ်မှ ဆရာကြီး ဒဂုံဦးထွန်းမြင့် က ပြုစုခဲ့ပါသည်။ ၁၉၆၈-ခုနှစ်တွင် တက္ကသိုလ်များ ပုံနှိပ်တိုက်က ပုံနှိပ်ထုတ် ဝေခဲ့ပါသည်။

## ဆဋ္ဌသံဂါယနာအမွေ ဆဋ္ဌမူအဘိဓာန်ကျမ်း

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းသည် ဆဋ္ဌသံဂါယနာတင်ပွဲ ကို အခြေပြု၍ အမြုတေတည်ခဲ့ပါသည်။ ပိဋကစာကြည့်တိုက်တစ်ခုကို လှူဒါန်းငွေတစ်ရပ် ပြည့်စုံလျှင် စတင်နိုင်ပါသည်။ ထိုစာကြည့်တိုက်ကို ဆက်လက်ထိန်းသိမ်းရန်မှာ မျိုးဆက်သစ် ရှင်သန်မှု အားကောင်းရန် လိုအပ် ပါသည်။ သို့မှသာ ထိုပိဋကစာကြည့်တိုက်ကို အောင်မြင်သည့် စာကြည့် ပိဋကတ်တိုက်အဖြစ် မှတ်ယူနိုင်ကြမည် ဖြစ်ပါသည်။ တိပိဋက ပါဠိ-

မြန်မာအဘိဓာန်ကျမ်းကြီးသည် အောင်မြင်သော ပိဋကစာကြည့်တိုက်ကြီး တစ်ခုပမာ အလားတူခဲ့ပါသည်။

မြန်မာနိုင်ငံ ပရိယတ္တိပညာရေး၌ ဓမ္မာစရိယအောင် ရဟန်း, သာမဏေတို့ အမြောက်အများ ရှိနေပါသည်။ ထိုအဆင့် ပရိယတ္တိစာမေးပွဲ အောင်မြင်ထားသော ရဟန်းသာမဏေတို့အနေနှင့် ပါဠိဘာသာကို ဘွဲ့ရ အဆင့် ကျွမ်းကျင်သည့် အနေအထားဖြစ်သဖြင့် ပါဠိတော်နှင့် အဖွင့်ကျမ်း များကို ဆက်လက်၍ လေ့လာလျှင် ခရီးပေါက်ရောက်နိုင်သူများ ဖြစ်ကြပါ သည်။ ထိုပါဠိပညာရှင် ရဟန်း သံဃာတော်တို့အနေနှင့် ပါဠိစာပေနှံ့စပ် သည်နှင့်အမျှ ပါဠိအဘိဓာန်ကျမ်း အကူအညီယူရန်ပင် အလွန်ကြီး မလိုအပ်တော့ပါ။ သာမန် ပါဠိဘာသာဝေါဟာရ လေ့လာလိုသူတို့အတွက် မှာလည်း ထွက်ရှိထားသော ပါဠိ-မြန်မာအဘိဓာန်များရှိပြီး ဖြစ်၍ ထိုအဘိဓာန်မျိုးတစ်အုပ် အနီးရှိမည်ဆိုလျှင် ခက်ခဲနိုင်ဖွယ်ရာမရှိနိုင်ပါ။

သို့ရာတွင် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့အဖို့ ပါဠိဘာသာနှင့် ပတ်သက်၍ ပိဋကတ်သုံးပုံဆိုင်ရာ ခြုံမိငုံမိသည့် အပြည့်အစုံဆုံး အက္ခရာစဉ် ပါဠိ-မြန်မာအဘိဓာန်ကြီးတစ်ခု လိုအပ်နေပါသည်။ ထိုအဘိဓာန်ကျမ်း ကြီးမျိုးကို ရဟန်းသံဃာတော်များ အပါအဝင် ဘာသာသာသနာ ကိုင်းရှိုင်း ကြသည့် ဥပါသကာ ဥပါသိကာမတို့အနေနှင့်လည်း တောင့်တချက်တစ်ခု ဖြစ်နေပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ ၅-နိုင်ငံအလယ်တွင် ဆဋ္ဌသံဂါယနာ တင်ပွဲကြီးကိုပင် အောင်မြင်စွာ ဦးစီးဆောင်ရွက်နိုင်ခဲ့ရုံမျှမက ပိဋကတ်တော် ကျမ်းအစုံကို မွေ့နှောက်နိုင်သည့် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် များ၊ ပါဠိစာပေ သင်ကြားပို့ချရေး၌ ကျွမ်းကျင်တော်မူကြသည့် ကျမ်းပြုမထေရ် များ၊ ပရိယတ္တိစာသင်တိုက်များရှိ နာယကစာချဆရာတော်များလည်း အပြည့်အစုံရှိနေကြပါသည်။

ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို အကြောင်းပြု၍ ကျမ်းဂန်တတ်ဆရာတော် သံဃာတော်တို့၏ ညီညွတ်စုစည်းမှုသည်လည်း သမိုင်းဝင် ဖြစ်ခဲ့ပါသည်။

ထိုစုစည်း ညှိနှိုင်းညွှန်ကြားမှုသည် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ဗုဒ္ဓသာသနာတော် ပြန့်ပွားစည်ပင်ရေး ရည်မှန်းချက်များဖြစ်သော ပါဠိတော် မြန်မာဘာသာပြန်လုပ်ငန်း၊ ဗုဒ္ဓဝင်ကျမ်းပြုစုရေးလုပ်ငန်းနှင့် ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုစုရေးလုပ်ငန်းများအတွက် ကျမ်းဂန်တတ်ပညာရှင် ရဟန်းတော်များ စုစည်းမှုကိုလည်း တစ်နည်းတစ်ဖုံ သက်ရောက်စေသဖြင့် ကောင်းမွန်သော အမွေဆက်ခံမှုကို ဖြည့်ဆည်းရာ ရောက်စေခဲ့ပါသည်။ ဆဋ္ဌမူ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို အမှီပြု၍ ဆက်စပ်ပေါက်ဖွားလာသော တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးဖြစ်သဖြင့် ဆဋ္ဌမူစွယ်စုံရ အဘိဓာန်ကျမ်းကြီးဆိုကလည်း မှားမည်မဟုတ်ပေ။

## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး လမ်းစပေါ်

မြန်မာနိုင်ငံ ရဟန်းရှင်လူတို့၏ ဆန္ဒကို သိရှိပြီး အဘိဓာန်ကျမ်းကြီး ဖြစ်ပေါ်ရေးအတွက် စတင်အဆိုပြုသူကား ထိုစဉ်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေသူ ဝန်ကြီးချုပ်ဦးနု ဖြစ်ပါသည်။ ဦးနုသည် ဆဋ္ဌသံဂါယနာအကြို သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် တည်ထားနေစဉ်ကာလ ၁၉၅၀-ခုနှစ် ဇူလိုင်လတွင် သီရိမင်္ဂလာဝတ်ရွတ်အဖွဲ့ ဖွဲ့စည်းရန် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ဝင်များအား ၎င်း၏နေအိမ်သို့ ခေါ်ယူဆွေးနွေးစဉ် ဗုဒ္ဓပိဋကတ်တော်များကို မြန်မာဘာသာပြန်ဆိုကြရေးနှင့် ထိုပိဋကတ်တော်များအား ခြုံငုံမိသည့် ပါဠိ-မြန်မာအဘိဓာန် ကျမ်းပြုစုရေးအကြောင်းများ ထည့်သွင်းပြောကြား၍ အစဖော်ပေးပါသည်။ ထိုအကြံပြုချက်နှစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ပိဋကတ်တော်များ မြန်မာပြန်အဖွဲ့နှင့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အဖွဲ့တို့ ပေါ်ပေါက်လာပါသည်။

## အဘိဓာန်ပြုစုရေး အမြဲတမ်းအဖွဲ့

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ပြုစုရေး၌ ပထမဆုံးစတင် ဖွဲ့စည်းသောအဖွဲ့မှာ အဘိဓာန်စံစနစ် ရေးဆွဲရေးအမြဲတမ်းအဖွဲ့ ဖြစ်ပါသည်။

(၂၆-၁၀-၁၉၅၃)ရက်စွဲဖြင့် အဘိဓာန်စံစနစ်ရေးဆွဲရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ဩဝါဒါစရိယဆရာတော်များအဖြစ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓ၊ သရုပ်ပြအဘိဓာန်ကျမ်းပြု ဘဒ္ဒန္တဩဘာသတို့ ဖြစ်တော်မူကြသည်။ ပါဠိပညာရှင်၊ မြန်မာစာပညာရှင်များ ဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဒေါက်တာဦးလင်း ဦးဆောင်သည့် သာသနာရေးညွှန်ကြားရေးဝန် ပထမကျော် ဦးကြီးဖေ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးဖေမောင်တင်၊ ကျောက်စာဝန် ဦးလူဖေဝင်း၊ ရန်ကုန်တက္ကသိုလ်စာတည်းမှူး ဦးဝန်(မင်းသုဝဏ်)စာကြည့်တိုက်မှူး ဦးသိန်းဟန်(ဇော်ဂျီ)စသည့်လူပုဂ္ဂိုလ်အဖွဲ့ဝင်(၁၁)ဦးတို့ ပါဝင်ကြပါသည်။ ထိုအဖွဲ့သည် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးကြ၍ အဘိဓာန်ဝေါဟာရများ ထုတ်နုတ်စုဆောင်းမှု၊ အဘိဓာန်ပုံစံ ဖော်ဆောင်မှုနှင့် အဘိဓာန်စီစဉ်ရေးသားမှုတို့နှင့် ပတ်သက်၍ စံစနစ်(မူ)ပုံစံအကြမ်းထည် သတ်မှတ်နိုင်ခဲ့ကြပါသည်။

အဘိဓာန်ကျမ်းကြီးဖြစ်ပေါ်လာရေးအတွက် ဆဋ္ဌသံဂါယနာတင်သံဃဥက္ကဋ္ဌဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရကျောင်းဆရာတော်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကမင်းကွန်းဆရာတော် အစရှိသော ပြည်တွင်းမှ ကျမ်းပြုဆရာတော်ကြီးများ၏ဩဝါဒနှင့်တကွ ပြည်ပသီရိလင်္ကာနိုင်ငံမှ ကျမ်းပြုဆရာတော်များဖြစ်ကြသောအရှင်ဗုဒ္ဓဒတ္တ၊ ဒေါက်တာ အရှင်ဝဇိရဉာဏ၊ အရှင်အာနန္ဒမေတ္တေယျ စသည့်ဆရာတော်ကြီးများ၏ အဝေးရောက်ဩဝါဒများကိုလည်း ခံယူခဲ့ကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံဒေသအသီးသီးမှ ကျမ်းဂန်တတ်ဆရာတော်ကြီး ၂၁-ပါးနှင့်အဘိဓာန်ပညာရှင် လူပုဂ္ဂိုလ်(၃)ဦးတို့၏ အဝေးရောက်အကြံဉာဏ်များကိုလည်း စုစည်း၍ အဘိဓာန်စံစနစ်ကို ရေးဆွဲအတည်ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

**အဘိဓာန်ရုံးခန်း**

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၌ အဘိဓာန်လုပ်ငန်း လက်တွေ့ဆောင်ရွက်မှုများကိုလည်း သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့

ကြ၍ အဘိဓာန်ရုံးအဖွဲ့ကို ဇမ္ဗူဒီပကျောင်းဆောင်ကြီး ပြီးစီးသောအခါ တည်နေရာ သတ်မှတ်ဆောင်ရွက်ခဲ့ကြသည်။ သာသနာရေးညွှန်ကြားရေးဝန် ဦးကြီးဖေနှင့် ဒုတိယအယ်ဒီတာချုပ် ဦးဘမိုတို့က ဦးစီးလျက် ပါဠိပညာရှင် (၆)ဦးတို့အား တစ်ဦးလျှင် အဘိဓာန်တည်ပုဒ်(၅၀)စုစည်းခြင်းဖြင့် စတင်ခဲ့ကြပါသည်။ ပါဠိတော် အဋ္ဌကထာ ဋီကာများမှ ထုတ်နုတ်ရရှိသော အဘိဓာန်တည်ပုဒ်များကို ဒေါက်တာဦးလင်း၊ ဦးကြီးဖေ၊ ဦးဖေမောင်တင်၊ ဦးဘမို၊ ဦးဝန်တို့က လက်ခံစိစစ်ပေးကြပါသည်။

၁၉၅၄-ခုနှစ်(ကဆုန်လပြည့်)မှ ၁၉၅၆-ခုနှစ်၊ ကဆုန်လပြည့်အထိ ဆဋ္ဌသံဂါယနာတင်ကာလဖြစ်၍ အဖွဲ့ကြီးခေါင်းဆောင်များမှာ သံဂါယနာတင်ကိစ္စများ၌ အားလပ်မှုမရှိခဲ့သော်လည်း အဘိဓာန်တည်ပုဒ် ထုတ်နုတ်စုဆောင်းခြင်း လုပ်ငန်းကို အရှိန်မပျက် ဆောင်ရွက်ခဲ့ကြသဖြင့် ပါဠိတော် အဋ္ဌကထာဋီကာ(၁၂၁)အုပ်တို့အနက် ကျမ်းစာ ၂၆-အုပ်တို့မှ အဘိဓာန်တည်ပုဒ်ပေါင်း ၉၅၀၀၀၀-ကျော် ထုတ်နုတ် စုစည်းနိုင်ခဲ့ကြပါသည်။

သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် အခြေပြု၍ အဘိဓာန်ရုံးခန်းနှင့် ရုံးအဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အဘိဓာန်ရုံးတွင် ဌာနစုမှူး(၁)ဦး၊ စာပြုဆရာ(၃)ဦး၊ စာစုဆရာ(၅)ဦး၊ လက်နှိပ်စက်စာရေး(၁)ဦးနှင့် ရုံးအကူ(၁)ဦး စုစုပေါင်း (၁၁)ဦးတို့ဖြင့် ဖွဲ့စည်းထားခဲ့ပြီး ၁၉၅၆-ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ ဗုဒ္ဓသာသနာ့အဖွဲ့ တစ်ဆင့်ခံ အစိုးရလခစားရုံးအဖွဲ့ ပီပီပြင်ပြင် ဖြစ်လာခဲ့လေသည်။ ထိုကာလသည်ပင် တိပိဋကပါဠိ-မြန်မာအဘိဓာန်လုပ်ငန်း အစဟုလည်း ဆိုနိုင်ပါသည်။

## အဘိဓာန်လုပ်ငန်း အဆင့်၉-ဆင့်

အဘိဓာန် လုပ်ငန်းစဉ်တွင် အဆင့်(၉)ဆင့် သတ်မှတ်၍ လုပ်ငန်းကို ဖော်ဆောင်ကြရပါသည်။ စာစုခြင်းမှာ ရှေးဦးဆုံးလုပ်ငန်း ဖြစ်ပါသည်။ စာစုအယ်ဒီတာများက ပါဠိတော်၊ အဋ္ဌကထာဋီကာ စာအုပ်များကို တစ်အုပ်

ချင်း တာဝန်ခွဲဝေဖတ်ရှုပြီး ပါဠိပုဒ်သစ် တွေ့တိုင်း ထိုပုဒ်ကို ထုတ်နုတ်၍ ကတ်ပြားများတွင် ရေးသားပါသည်။ အက္ခရာစဉ်ပြီးသား ထိုကတ်ပြားများကို စာပြုအယ်ဒီတာများက လိင်,သမာသ်,ဓာတ်,ပစ္စည်းခွဲခြားခြင်း၊ အနက်မြန်မာပြန် ထည့်သွင်းခြင်း၊ ဥဒါဟရုံနှင့်အဖွင့်သံဝဏ္ဏနာ ထုတ်ဖော်ပေးခြင်းမှာ ဒုတိယအဆင့် ဖြစ်ပါသည်။ စာစုနှင့် စာပြုအဖွဲ့တို့ ပြုစုပြီး စာမူများကို ဆရာတော်ကြီးများ ပါဝင်သောအဖွဲ့က သုတ်သင်ညှိနှိုင်းခြင်းမှာ တတိယအဆင့် ဖြစ် ပါသည်။ ပါဠိသဒ္ဒါကျမ်း သဿကရိုက် သဒ္ဒါကျမ်းနှင့် ညှိနှိုင်းညွှန်ပြခြင်း၊ သဒ္ဒတ္ထ အဓိပ္ပာယတ္ထ အတ္ထဝိနိစ္ဆယ ခွဲခြားခြင်း၊ ပုဒ်သစ်ရရှိလာပါက အဘိဓာန်အင်္ဂါနှင့်အညီ ထပ်မံထည့်သွင်းခြင်းတို့ကို ပြုပါသည်။ စတုတ္ထအဆင့်သည် ပဋိဝိသောဓကဆရာတော်များအဖွဲ့က ထပ်မံသုတ်သင်ပေးခြင်း ဖြစ်ပါသည်။ ထိုစတုတ္ထအဆင့် တည်းဖြတ်ထားမှုများ၌ ထူးခြားသည့် အခြေအနေများရှိပါက ဩသာနသောဓကဆရာတော်ကြီးများအဖွဲ့၏ တစ်လတစ်ကြိမ် အစည်းအဝေး၌ တင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူခြင်းမှာ ပဥ္စမအဆင့် ဖြစ်ပါသည်။ ထိုသို့ နောက်ဆုံးအဆင့် ဆောင်ရွက်ပြီး စာမူပြင်ဆင် ဆောင်ရွက်ထားမှုကို မှန်ကန်ခြင်းရှိ မရှိနှင့်စပ်လျဉ်း၍ အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ပြန်လည်စစ်ဆေးပေးခြင်းကား ဆဋ္ဌအဆင့် ဖြစ်ပါသည်။

ထိုသို့ ပြုစုပြီးစာမူကို လက်နှိပ်စက်ဖြင့် အချောသတ်ရိုက်နှိပ်ပြီး အဘိဓာန်အဖွဲ့အတွင်းရေးမှူးက အမှားအမှန် ကြီးကြပ်၍ ပုံနှိပ်တိုက်သို့ ပို့ခြင်းသည် သတ္တမအဆင့် ဖြစ်ပါသည်။ ပုံနှိပ်တိုက်တွင် စာစီလုပ်သားများက ခဲစာလုံးဖြင့် စာစီ၍ စာပြင်ဆရာ ပါဠိပညာရှင်များက ဖရုဖတ်ပြီးသည့် ပုံနှိပ်မူ ဂယ်လီပရု ရိုက်မိန့်မူချောကို ဆရာတော်များနှင့် စာပြုအယ်ဒီတာများက ပြန်လည်ရယူ၍ မူလစာမူဖြင့် တိုက်ဆိုင်ခြင်း၊ သတ်ပုံနှင့်တကွ စာနှင့်ဂဏန်းများကို တိုက်ဆိုင်စစ်ဆေးခြင်းကား အဋ္ဌမအဆင့် ဖြစ်ပါသည်။ ရရှိလာသော စာမူချောကို ပုံနှိပ်တိုက်စာပြင်မှူးချုပ်နှင့် စာပြင်ဆရာပါဠိပညာရှင်များက ပုံနှိပ်ပညာရပ်နှင့်အညီ ကြပ်မတ်၍ စာဖောင်များကို တစ်ဖောင်ချင်း ပုံနှိပ်ခြင်း၊ စာဖောင်စုံလျှင် ဖောင်ခေါက်ခြင်း၊ ဖောင်စီ၍ကြိုး

ဖြင့် သီချုပ်ချုပ်ခြင်း၊ ကတ်ထူဖုံးခြင်း စသဖြင့် စာအုပ်ထွက်ရှိသည်အထိသည် အဘိဓာန်လုပ်ငန်း၏ နဝမမြောက် နောက်ဆုံးအဆင့် ဖြစ်ပါသည်။

## အဘိဓာန် ပဋိဝိသောဓကအဖွဲ့

ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်ရှိ မူလတိပိဋက ပါဠိ-မြန်မာ အဘိဓာန်ဌာနတွင် စာစုဆရာအဖွဲ့၊ ပဋိဝိသောဓကဆရာတော်များအဖွဲ့ ဩဿာနသောဓကဆရာတော်အဖွဲ့နှင့် လူပုဂ္ဂိုလ်ရိုးအဖွဲ့တို့က အဓိက ဆောင်ရွက်ကြပါသည်။ မန္တလေးဘုရားကြီးကျောင်းတိုက် နယားကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မြင်းဝန်တိုက် ဘဒ္ဒန္တကုန္ဒကပဏ္ဍိတစသည့် ဆရာတော်(၉)ပါးအဖွဲ့သည် စာစုအဖွဲ့ဆရာတော်များ ဖြစ်ကြပါသည်။ မင်းကွန်း ဝိဇ္ဇာလင်္ကာရချောင် ဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ ဖျာပုံ စကြာရန်အောင် ကျောင်းဆရာတော် ဘဒ္ဒန္တသံဝရ၊ စစ်ကိုင်း အောင်မြေဘုံစံတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘနနှင့် သရက်တော ဖျာပုံတိုက်သစ်ကျောင်း ဆရာတော်ဘဒ္ဒန္တဩဘာသ (၅)ပါးတို့သည် ပဋိဝိသောဓက ဆရာတော်များ ဖြစ်ကြပါသည်။ ပဋိဝိသောဓကအဖွဲ့တွင် အင်အားထပ်မံဖြည့်တင်းရန် လိုအပ်သဖြင့် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ၊ ပခုက္ကူမဟာဝိဇယာရာမတိုက် ဘဒ္ဒန္တကုန္ဒဝံသ၊ ခရမ်း မြို့ ဓမ္မိကာရာမတိုက် ဘဒ္ဒန္တနန္ဒဝံသ၊ ရန်ကုန်မြို့ စော်ဘွားလေးကုန်းကျောင်း ဘဒ္ဒန္တဂန္ဓသာရာဘိဝံသ၊ ပဒတ္ထပဥ္စူသာအဘိဓာန် ကျမ်းပြုဆရာကြီး ဦးဟုတ်စိန်၊ အဘိဓာန်ဌာနမှူး ဦးမောင်မောင်ကလေးတို့ကို ထပ်မံဖြည့်စွက် ခဲ့ပါသည်။

## အဘိဓာန်ဩဿာနသောဓကအဖွဲ့

အဘိဓာန်လုပ်ငန်း ဩဿာနသောဓကအဖွဲ့တွင် ဖျာပုံ စကြာရန်အောင် ဆရာတော် ဘဒ္ဒန္တသံဝရ၊ စစ်ကိုင်း အောင်မြေဘုံစံတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရ၊ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘန၊ သန်လျင် သပြေကန်ကျောင်း

ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ စစ်ကိုင်း ဝိဇ္ဇောဒယချောင် ဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသနှင့် စာပြင်မှူးချုပ် ဆရာညာဏ်တို့ ပါဝင်ပါသည်။ လူပုဂ္ဂိုလ်ရုံးအဖွဲ့တွင် ဦးမောင်မောင်ကလေးက အဘိဓာန်ဌာနစုမှူးအဖြစ် ဆောင်ရွက်ခဲ့ရာမှ သက်ရွယ်ကြီးရင့်သဖြင့် ဌာနမှူး ဦးဗိုလ်မောင်က အဘိဓာန်ဌာနမှူးအဖြစ် လွှဲယူဆောင်ရွက်ပါ သည်။ ဦးအုန်းရွှေ၊ ဦးစိန်မောင်၊ ဦးမောင်ကြီး၊ ဦးအုန်းဖေ၊ ဦးအုန်းမြ၊ ဦးဝင်းတို့သည် စာပြုအယ်ဒီတာများ ဖြစ်ကြပါသည်။

## ဗွေဆော်ဦးကျမ်းစာ ပေါ်ထွက်လာ

အဘိဓာန်ကျမ်းကြီး၏ အမည်ရှေ့တွင် တိပိဋကဟု ရှေ့ဆုံးမှ အဦးပြု ထားသဖြင့် ပိဋကသုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာတို့ထဲ၌ ပါရှိ သည့် ပါဠိပဒ ပုဒ်ပဒဟူသရွေ့ မပါမရှိရအောင် ကောက်နုတ်ထားသော ပါဠိအဘိဓာန်ကျမ်းကြီးဖြစ်၍ ထေရဝါဒပိဋကတ်တော်နှင့်ပတ်သက်လျှင် အားလုံးပြီးပြည့်စုံမည်ဟု အာမခံနိုင်သည့်ကျမ်းကြီး ဖြစ်ပါသည်။ ထိုသို့သော ထေရဝါဒဂုဏ်ဆောင် အဘိဓာန်ကျမ်းကြီး ဖြစ်လာအောင် မြန်မာနိုင်ငံ ကျမ်းဂန်တတ်မထေရ်ကြီးတို့နှင့် ပါဠိပညာရှင် မြန်မာစာပညာရှင် တက္ကသိုလ် အဘိဓာန်ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးစီစဉ်ကြသဖြင့် ရဟန်းရှင်လူတို့ မျှော်မှန်းကြသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ဗွေဆော်ဦး ခန့်နားထည်ဝါစွာ ပုံပေါ်လာခဲ့ပါပြီ။ ၁၉၆၄-ခုနှစ်တွင် တိပိဋက ပါဠိ-မြန်မာအဘိဓာန် အတွဲ(၁)ကို ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေ နိုင်ခဲ့ပါသည်။

ဗုဒ္ဓသာသနာ၀င် အဘိဓာန်ကျမ်းကြီး ပေါ်ထွက်လာစေရန်အတွက် လက်တွေ့အားဖြင့် ဦးဆောင်မှုပေးခဲ့ကြသော ကျမ်းပြုမထေရ် ဆရာတော် ကြီးများနှင့် လူပုဂ္ဂိုလ်တို့၏ အမည်စာရင်းကို တိပိဋက ပါဠိ-မြန်မာအဘိဓာန် အတွဲ(၁)နိဒါန်း၌ အထူးတလည် ဖော်ပြထားသည်ကို တွေ့ရှိရ၏။ ဆရာတော် ကြီးများနှင့် ဗုဒ္ဓသာသနာအဖွဲ့လူကြီးများ အဘိဓာန်အဖွဲ့ ဝန်ထမ်းများသည်

အဘိဓာန်စံစနစ် ရရှိရေးမှစ၍ လမ်းသစ်ထွင်ခဲ့ကြရုံမက ထိုလမ်းသစ်အတိုင်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြသဖြင့် ထိုပုဂ္ဂိုလ်အားလုံးတို့၏ ပရိယတ္တိသာသနာပြုကျေးဇူးဂုဏ်ကား သာသနာ့သမိုင်းဝင်မှတ်တမ်းထင်ကျန်ခဲ့ကြမည်သာ ဖြစ်ကြပါ၏။

အဘိဓာန်အတွဲ(၁) ကျမ်းပြုဆရာတော်ကြီးများမှာ ဆရာတော်ဘဒ္ဒန္တ ဉာဏုတ္တရ(ပဓာနနာယက)၊ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘန(ပဓာနဥပနာယက)၊ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ (ပဓာနဝိဓာယက)၊ အရှင်သီလာနန္ဒာဘိဝံသ(ပဓာနဂန္ထကာရက)တို့ ဖြစ်ကြပါသည်။ အဘိဓာန်ပြုစုရေးဌာနခွဲ ဦးဆောင်ဆရာတော်များမှာ ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ(သြသာနသောဓနဌာနခွဲ)၊ဆရာတော်ဘဒ္ဒန္တကုန္ဒဝံသ(ပဋိဝိသောဓနဌာန-၁)၊ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ(ပဋိဝိသောဓနဌာန-၂)၊ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ (ဂန္ထကရဏ-ဌာန)၊ ဆရာတော်ဘဒ္ဒန္တကောသလ္လ(လိပိကရဏဌာန-၁)၊ ဆရာတော်ဘဒ္ဒန္တဝိလာသဂ္ဂ(လိပိကရဏဌာန-၂)၊ ဆရာတော်ဘဒ္ဒန္တနန္ဒိမဥ္ဇူ(ဝဏ္ဏသောဓနဌာန ဥပတ္ထမ္ဘက)တို့ ဖြစ်ကြပါသည်။

အဘိဓာန်ကျမ်းကြီးဖြစ်ပေါ်ရေးတွင် စိတ်အားထက်သန်သည်နှင့်အမျှ အဘိဓာန်အစည်းအဝေးတိုင်းသို့ အမြဲတက်ရောက်၍ ချီးမြှောက်အားပေးခဲ့ကြသော နိုင်ငံတာဝန်ရှိ လူပုဂ္ဂိုလ်များမှာ သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးသိမ်းမောင်၊ သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ မဟာပညာဗလဆရာညဏ်၊ ပညာဗလဦးဘမို၊ ပဒတ္ထမဥ္ဇူပါဠိ-မြန်မာအဘိဓာန်ကျမ်းပြု ဦးဟုတ်စိန်၊ ဝဏ္ဏကျော်ထင် ဦးမောင်မောင်ကလေးတို့ ဖြစ်ကြပါသည်။

## လပြည့်ဝန်းပမာ မော်ကွန်းစာ

ညဥ့်အခါ၌ အလင်းရောင်ကို တောင့်တလျက်ရှိကြသည့် ကမ္ဘာဦးလူသားတို့၏ အလိုဆန္ဒကိုဖြည့်ခြင်းငှာ အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော လမင်းကြီးအလား ပါဠိဘာသာကို လေ့လာလိုက်စားလျက်ရှိ

ကြသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့၏ လိုအင်ဆန္ဒအဝဝကို ကျနစွာ ဖြည့်ဆည်းခြင်းငှာ ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ပုံနှိပ်ထုတ်ဝေနိုင်ပြီဖြစ်သဖြင့် အဘိဓာန်အတွဲ(၁)သည် လမင်းကြီးထွက်ပြူလာသည့်အလား ထွန်းပေါ်လာခဲ့လေပြီ။

ကမ္ဘာဦးအခါ ထွက်ပေါ်လာသော လမင်းကြီးကို ကမ္ဘာဦးလူတို့က ဝမ်းသာအားရကြိုဆိုကြသကဲ့သို့ လမ်းစထွင်သူတို့ ကြုံတွေ့ရစမြဲဖြစ်သော အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်၍ ထွက်ပေါ်ခဲ့ရသော ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို ပါဠိပညာရှင် မြန်မာစာ ပညာရှင်အပေါင်း က နှစ်ထောင်းအားရ ဝမ်းမြောက်စွာဖြင့် ကြိုဆိုလက်ခံကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပေသည်။

မိမိ မိမိတို့၏ သတိဝီရိယပညာ ဗဟုသုတအားလျော်စွာ အမှား အယွင်းကင်းစင်စေရန် အစွမ်းကုန်ကြိုးစားကြပါလျက် အဘိဓာန် ရေးသား ပြုစုမှုလုပ်ငန်းကြီးက သမုဒ္ဒရာတမျှ ကျယ်ပြောလှသည့်အလျောက် ဉာဏ် ပညာ ဖြန့်ကြက်မှု၌ ပြုစုသူတို့၏ ရံခါ သတိချွတ်ယွင်းမှု၊ ရံခါ အတွေး တိမ်သွားမှု၊ ရံခါ အမှားကိုပင် အမှန်ထင်တတ်သည့် ဝိပ္ပလ္လာသသဘော သဘာဝကို မကျော်လွှန်နိုင်မှု တစ်ခုခုတို့ကြောင့် အချွတ်အချော် အတိမ်း အယိမ်း တစ်စုံတစ်ရာတို့ မလွဲမသွေဧကန်ပင် တွေ့ရှိကောင်း တွေ့ရှိနိုင် ပါသည်။ ထိုအချွတ်အချော်အတိမ်း အယိမ်းတို့ကို တွေ့ရှိပါက ကြည့်ရှုလေ့လာသူ ပညာရှင်တို့အနေနှင့် ဖြည့်စွက်ဖြည့်ဆည်း မှတ်ယူခြင်းအားဖြင့် ပညာဒါနအကျိုး ပွားတိုးဆက်လှမ်းနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့် ရပါသည်။

ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် မူလအဘိဓာန်အဖွဲ့ ၏ အဘိဓာန်အတွဲ(၁) နိဒါန်းပါ လမင်းကြီးတရထည် ပဝင်းပြီး တည်မည့် မော်ကွန်းစာ ဖြစ်ပါသည်။

❑ ❑ ❑

# ဇမ္ဗူဒီပအဘိဓာန်အဖွဲ့



1

ဇမ္ဗူဒီပအဘိဓာန်အဖွဲ့တည်ရှိရာ

**ဇမ္ဗူဒီပကျောင်းဆောင်** ၊ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

ရန်ကုန်မြို့ ဇမ္ဗူဒီပ အဘိဓာန်အဖွဲ့

ဥက္ကဋ္ဌ





ရန်ကုန်မြို့ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ဥက္ကဋ္ဌ

စစ်ကိုင်း အောင်မြေဘုံစံတိုက် ပဓာနနာယက

အဂ္ဂမဟာပဏ္ဍိတ **ဘဒ္ဒန္တဉာဏုတ္တရ မဟာထေရ်**

ရန်ကုန်မြို့ ဓမ္မဒီပ အဘိဓာန်အဖွဲ့



3

စစ်ကိုင်း ဝိဇ္ဇောဒယကျောင်း ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ (D.Litt)

**အရှင်သီလာနန္ဒာဘိဝံသ မဟာထေရ်**

ရန်ကုန်မြို့ ဇမ္ဗူဒီပ အဘိဓာန်အဖွဲ့



4

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက်

ပဓာနနာယကဆရာတော်

အဘိဓဇမဟာရဋ္ဌဂုရု **ဘဒ္ဒန္တပညိဿရာဘိဝံသ မဟာထေရ်**

ရန်ကုန်မြို့ ဇမ္ဗုဒီပ အဘိဓာန်အဖွဲ့



5

ပဲခူးမြို့၊ ဇေယျသိဒ္ဓိမဟောက်ကျောင်းတိုက် ပဓာနနာယက
ဒီဃနိကာယကောဝိဒ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
**ဘဒ္ဒန္တမာဃိန္ဒာဘိဝံသ မဟာထေရ်**

# ရန်ကုန်မြို့
# ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့

## မူလအဘိဓာန်အဖွဲ့

ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်နွှဲကျင်းပရာ သမိုင်းဝင်နေရာဌာနကြီးတစ်ခု ဖြစ်ပါသည်။ ဆဋ္ဌသံဂါယနာတင်ပွဲ မကျင်းပမီ ကြိုတင်စီစဉ်ဆဲကာလ၌ တစ်နှစ်ကျော်ကျော်ကြိုတင်လျက် ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးကို ၁၉၅၃-ခုနှစ် ဇန်နဝါရီလ၌ ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ပါသည်။ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် မရှေးမနှောင်းဆိုသလို ဆဋ္ဌသံဂါယနာပွဲသို့ ကြွရောက်လာမည့် သံဃာတော် ၂၅၀၀ တို့ တည်းခိုသီတင်းသုံးရန် ကျောင်းဆောင်ကြီး ၄ ဆောင်ကိုလည်း ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပန္နက်တင်၍ အပြိုင်ဆောက်လုပ်ခဲ့ကြပါသည်။

အာဂန္တုကျောင်းဆောင်ကြီး ၄-ဆောင်ကို မျက်နှာချင်းဆိုင် ဖိုခနောက်ဆိုင် တည်ဆောက်ထားပြီး ကျွန်းကြီး ၄ ကျွန်း၏ အမည်နာမများဖြင့် မှည့်ခေါ်ထားရာ အနောက်တောင်ဘက်၌ တည်ရှိသော ဇမ္ဗူဒီပကျောင်းဆောင်ကြီးလည်း ပါဝင်ပါသည်။ ဇမ္ဗူသပြေပင် ပေါက်ရောက်ရာ တောင်ကျွန်းအမည်ကို ယူထားသော သုံးထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ဆဋ္ဌသံဂါယနာတင်ပွဲကြီး အောင်မြင်ပြီးစီးပြီးနောက် အဋ္ဌကထာ၊ ဋီကာ သံဂါယနာတင်ကာလများ၌ သီတင်းသုံးသံဃာ လျော့နည်းသွားချိန်တွင် ပါဠိတော် မြန်မာပြန် လုပ်ငန်းနှင့် တိပိဋကပါဠိ-မြန်မာအဘိဓာန်လုပ်ငန်း အဖွဲ့အစည်းများ

စတင်နေပြီဖြစ်ရာ ဇမ္ဗူဒိပကျောင်းဆောင်သည် အဘိဓာန်လုပ်ငန်း ဌာနစုရုံး ဖွဲ့စည်းတည်ရှိရာဌာန ဖြစ်ခဲ့ပါသည်။

၁၉၆၅-ခုနှစ် အခြားသောအဘိဓာန်အဖွဲ့ခွဲ၄-ခု မပေါ်ပေါက်ခင် အထိ ဇမ္ဗူဒိပအဘိဓာန်အဖွဲ့သည် အဘိဓာန်မူလအဖွဲ့လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သဖြင့် မူလအဘိဓာန်အဖွဲ့ တည်ရာဖြစ်ခဲ့ပါသည်။ ဇမ္ဗူဒိပကျောင်းဆောင်အခန်းများတွင် အဘိဓာန်လုပ်ငန်း၏ အမိကတာဝန်ခံ ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဆရာတော်အရှင် သီလာနန္ဒာဘိဝံသ ဆရာတော် များနှင့်တကွ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ဆရာတော် ဘဒ္ဒန္တကုန္ဒကပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ စသည့်ဆရာတော်များ သီတင်းသုံး တော်မူခဲ့ကြ၍ အဘိဓာန်အဖွဲ့ရုံးခန်း၌ ရုံးအဖွဲ့နှင့်အတူ အဘိဓာန်လုပ်ငန်းကို ဆောင်ရွက်ကြပါသည်။ မဟာစည်ဆရာတော်ကြီး အစရှိသော ပြင်ပ၌ သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများသည်လည်း အဘိဓာန်လုပ်ငန်း လိုအပ်ချက်ရှိသည့်အခါ ဇမ္ဗူဒိပကျောင်းဆောင်သို့ လာရောက်သီတင်းသုံး ဆောင်ရွက်ကြပါသည်။

**အဘိဓာန်ဌာနရုံးအဖွဲ့**

ဇမ္ဗူဒိပအဘိဓာန်အဖွဲ့တွင် ဆရာတော်ဘဒ္ဒန္တဉာဏုတ္တရသည် ဥက္ကဋ္ဌ ဖြစ်တော်မူပြီး ဆရာတော်အရှင်သီလာနန္ဒာဘိဝံသသည် ကျမ်းပြုရာ၌ အမိကဆရာတော်ဖြစ်ပါသည်။ အဖွဲ့တွင် လူပုဂ္ဂိုလ်များလည်း ပါဝင်သဖြင့် အဘိဓာန်အဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို ဦးမောင်မောင်ကလေးက ဆောင်ရွက်ပါသည်။ နောင်တွင် ဦးမောင်မောင်ကလေးမှာ သက်ရွယ်ကြီးရင့် သဖြင့် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက အတွင်းရေးမှူးအဖြစ် လွှဲယူ ပြီး ဦးမောင်မောင်ကလေးက အဘိဓာန်ဌာနရုံးအဖွဲ့မှူးအဖြစ် ဆောင်ရွက်ပါ

သည်။ ဦးမောင်မောင်ကလေး အနားယူသောအခါ ဦးဗိုလ်မောင်သည် အဘိဓာန်ဌာနရုံးအဖွဲ့မှူးအဖြစ် ဆက်လက်ဆောင်ရွက်ပါသည်။

ဇမ္ဗူဒီပအဘိဓာန်အဖွဲ့သည် မူလအဖွဲ့ဖြစ်သည်နှင့်အညီ အဘိဓာန်တည်ပုဒ်များစုဆောင်းခြင်း စစ္စာဦးလုပ်ငန်းကို စာစုအဖွဲ့များက အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့၍ ၁၉၅၆-ခုနှစ်၊ အဘိဓာန်အဖွဲ့ရုံး ပုံပေါ်လာချိန်၌ အက္ခရာစဉ် အဘိဓာန်တည်ပုဒ်များ ရရှိပြီးဖြစ်သဖြင့် စာပြုအဖွဲ့က အဘိဓာန်စံစနစ်များအတိုင်း ပုံချခြင်း၊ လိင်ဓာတ်ခွဲ၍ သဒ္ဒတ္ထအဓိပ္ပာယတ္ထ စသည့်အဘိဓာန်အင်္ဂါရပ်များနှင့် ပြည့်စုံဆောင် ဖြည့်သွင်းခြင်း စသည်တို့ကိုဆောင်ရွက်ကြပါသည်။ အဘိဓာန်ပဋိဝိသောဓကဆရာတော်များကတည်းဖြတ်စိစစ်ဆုံးဖြတ်ကြခြင်းနှင့် အဘိဓာန်လုပ်ငန်းအဆင့်တိုင်း၌ အတွေ့အကြုံအရ အခက်အခဲများ လိုအပ်ချက်များကို ဩသာနသောဓကအဖွဲ့အစည်းအဝေး၌ တင်ပြခြင်းနှင့် အစည်းအဝေးက မူချပြင်ဆင်ခြင်းတို့ကိုဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

**တည်ပုဒ်သုံးသိန်း**

**အဘိဓာန်စာစုအဖွဲ့၏ စုစည်းရရှိသည့်တည်ပုဒ်များ**

| **အက္ခရာ** | **အသားတင်တည်ပုဒ်** | **ကတ်ပြား** |
|---|---|---|
| သရ | ၆၃၉၅၁ | ၂၃၆၃၃၃ |
| က-ဝဂ် | ၃၆၂၉၀ | ၁၇၂၃၁၄ |
| စ-ဝဂ် | ၁၅၈၅၇ | ၇၇၂၆၁ |
| ဋ-ဝဂ် | ၈၁၁ | ၄၇၅၈ |
| တ-ဝဂ် | ၄၃၆၂၅ | ၂၂၄၃၈၆ |
| ပ-ဝဂ် | ၇၀၃၆၈ | ၃၇၃၇၈၈ |
| အ-ဝဂ် | ၇၇၇၇၃ | ၄၂၆၆၇၁ |
| | **၃၀၈၆၇၅** | **၁၅၁၅၅၁၁** |

၁၉၅၆-ခုနှစ်မှ ၁၉၆၄-ခုနှစ်ထိ ၇-နှစ်ခန့်ဆောင်ရွက်ပြီးချိန်၌ စာစုအဖွဲ့က သရ-ဧ လုံးမှ ဗျည်း ၃၃-လုံးထိ အသားတင် အဘိဓာန် တည်ပုဒ် ပေါင်း သုံးသိန်းကျော်ထိ စုစည်းနိုင်ခဲ့ပြီး စာပြုအဖွဲ့အနေနှင့် သရ-ဧလုံးအနက် အ-သရတစ်လုံးတည်းကပင် အသားတင် အဘိဓာန်တည်ပုဒ် ပေါင်း ၂ သောင်း ၆ ထောင်ကျော် ရရှိသဖြင့် အဘိဓာန်ကျမ်းတွဲကြီး သုံးအုပ် စာမျှ အကြမ်းပြီးစီးခဲ့ပါသည်။ ဤမျှသော ၇-နှစ်ကာလနှင့် ဤမျှသော ပညာ ရှင်ပုဂ္ဂိုလ်အဖွဲ့ဖြင့် ဤမျှအတိုင်းအတာရှိသော အဘိဓာန်ကျမ်းတွဲကို ပြီးစီးနိုင်သည်ဟူသော လက်တွေ့ခန့်မှန်းချက်ကို ရရှိခဲ့ကြပါသည်။

ထို့ကြောင့် အဘိဓာန်ပွဲဦးထွက်ဖြစ်သော တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အတွဲ(၁) ၁၉၆၄-ခုနှစ် ပုံနှိပ်ပြီးစီးချိန်တွင် အဘိဓာန်ကျမ်းကြီး အောင်မြင်ပြီးစီးရေးမှာ ပရိယတ္တိစာသင်တိုက်ကြီးများ အကူအညီဖြင့် အဘိဓာန်အဖွဲ့ခွဲများ ထပ်မံဖွဲ့စည်းနိုင်မှ အောင်မြင်နိုင်မည်ဟု သုံးသပ်နိုင် ခဲ့ကြပါသည်။

## ဗုဒ္ဓသာသနာအဖွဲ့အကူးအပြောင်း

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ထွက်ပေါ်လာရေး ဦးဆောင်သော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှာလည်း ၁၉၆၂-ခုနှစ်တွင် နိုင်ငံတော်၌ နိုင်ငံ၏အုပ်ချုပ်မှု အပြောင်းအလဲ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံရေး အားဖြင့် ဆက်နွယ်မှုရှိသော အဖွဲ့အစည်းများကို ဖျက်သိမ်းခဲ့ရာ၌ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့လည်း ပါဝင်ခဲ့သည်။ ထိုအဖွဲ့ဖြစ်ပေါ်ခဲ့သည့် ဗုဒ္ဓသာသနာ အဖွဲ့ ဥပဒေလည်း ၁၉၆၅-ခုနှစ်တွင် ရုပ်သိမ်းခံရသဖြင့် ဗုဒ္ဓသာသနာအဖွဲ့၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် စုံစမ်း စစ်ဆေးတင်ပြရေးအဖွဲ့ကို သတိုးသီရိသုဓမ္မ ဦးလွန်းဘော် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဗုဒ္ဓသာသနာအဖွဲ့၏ ဒုတိယအုပ်ချုပ်ရေး အရာရှိချုပ် ဖြစ်သော ဦးလှမောင် (M.A,M.S,B.L.) အား အတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်၍ စုံစမ်းတင်ပြစေခဲ့ပါသည်။

ဗုဒ္ဓသာသနာအဖွဲ့ လုပ်ငန်းများ စုံစမ်းစစ်ဆေးတင်ပြရေးအဖွဲ့ အစီရင်ခံစာအရ ဗုဒ္ဓသာသနာအဖွဲ့၏ သာသနာပြုလုပ်ငန်းများအနက် တိပိဋက ပါဠိ-မြန်မာအဘိဓာန်လုပ်ငန်း အောင်မြင်ပြီးစီးရေးမှာ ကျယ်ပြန့်ခက်ခဲသော လက်ကျန်လုပ်ငန်းကြီးအဖြစ် ပေါ်လွင်လာပါသည်။ သို့ဖြင့် ဗုဒ္ဓသာသနာအဖွဲ့နေရာ၌ ပြောင်းလဲပေါ်ပေါက်လာမည့် သာသနာရေးဦးစီးဌာနတို့၏ စပ်ကူးမတ်ကူးကာလအတွင်း ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဆရာကြီး ဦးလှမောင် (နောင်တွင် သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ကောင်စီဝင်)၏ ဦးခေါင်းပေါ်သို့ ထိုတာဝန်ကြီး ရောက်ရှိလာပါသည်။

## အဘိဓာန်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင် (M.A,M.S,B.L.) နှင့် ဗုဒ္ဓသာသနာအဖွဲ့ ငွေစာရင်းကိုင်ချုပ် ဦးချစ်တင်တို့သည် (၉-၁၀-၁၉၆၅) ရက်နေ့တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဓာနနာယက၊ ဆဋ္ဌသံဂါယနာတင် သံဃဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသထံသို့လည်းကောင်း၊(၁၉-၁-၁၉၆၆)ရက်နေ့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပဓာနနာယက နဝမမြောက် ရွှေကျင်ဂိုဏ်းသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဘိဝံသ စံကင်းဆရာတော်ဘုရားကြီးထံသို့လည်းကောင်း၊ (၁၃-၉-၁၉၆၆)ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယအထံသို့လည်းကောင်း၊ (၂၆-၄-၁၉၆၇)ရက်နေ့တွင် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက် မဟာနာယက အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသအထံသို့လည်းကောင်း သွားရောက်၍ ဇမ္ဗူဒီပအဘိဓာန်

အဖွဲ့က ဆောင်ရွက်လျက်ရှိသော တိပိဋက ပါဠိ-မြန်မာအဘိဓာန်လုပ်ငန်းကြီး အောင်မြင်ပြီးမြောက်ရေးအတွက် ပရိယတ္တိသာသနာတော်အား ချီးမြောက်သောအားဖြင့် ပါဝင်ကူညီဆောင်ရွက်တော်မူကြပါရန် လျှောက်ထားကြရပါသည်။ ပရိယတ္တိစာသင်တိုက်ကြီးများကို ဦးဆောင်တော်မူလျက်ရှိသော ဆရာတော်ကြီးများကလည်း လိုလိုချင်ချင်ဖြင့် တာဝန်ယူတော်မူကြသဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်အဖွဲ့ခွဲ(၄)ခုကို ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည့်လုပ်ငန်းသည် ချောမွေ့စွာ အောင်မြင်ပြီးမြောက်ခဲ့ပါသည်။

အဘိဓာန်အဖွဲ့ခွဲဝင် စာသင်တိုက်ကြီးများမှာ ပရိယတ္တိစာပေသင်ကြားရေး၌ ရှေ့ဆောင်စာသင်တိုက်ကြီးများ ဖြစ်ကြသဖြင့် စာသင်သားသံဃာများပြားသလောက် ကျောင်းတိုက်တွင် ကျောင်းဆောင်အသီးသီးရှိ၍ ကျောင်းဆောင်တိုင်း၌ တိုက်ကြပ်ခေါ် ဂဏဝါစက စာချဆရာတော်များလည်း ပြည့်စုံကြပါသည်။ ကျောင်းတိုက်တွင်း ဂဏဝါစက စာချဆရာတော်များဖြင့် ပါဝင်ဖွဲ့စည်းထားသော တိပိဋက ပါဠိ-မြန်မာအဘိဓာန်အဖွဲ့ခွဲများကို ချက်ချင်းဆိုသလို ဖွဲ့စည်း၍ အဘိဓာန်လုပ်ငန်း လေ့လာစေရန် ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့သို့ စေလွှတ်ခဲ့ကြပါသည်။ အဘိဓာန်အဖွဲ့ခွဲအသီးသီးတို့သည် ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်လုပ်ငန်း၌ ဆွေးနွေးခြင်း၊ လက်တွေ့လေ့လာခြင်းများ ပြုလုပ်ပြီးနောက် အဖွဲ့အလိုက် တာဝန်ကျ ဗျည်းအက္ခရာတည်ပုဒ်များကို ခွဲဝေယူဆောင်ကြရပါသည်။ မိမိတို့ကျောင်းအသီးသီးသို့ ရောက်ရှိကြလျှင် အဘိဓာန်အဖွဲ့ငယ်များ ထပ်မံဖွဲ့စည်း၍ တာဝန်အသီးသီး ကိုယ်စီခွဲဝေကြပြီး တစ်လမပြည့်မီအတွင်းမှာပင် အဘိဓာန်လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

**အဘိဓာန်အတွဲ(၁)**

**ဦးဆောင်ပုဂ္ဂိုလ်** ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊
ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊
ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ
**တည်ပုဒ်ပေါင်း** သရ (အ)မှ (အနိဋ္ဌက)ထိ ၈၃၅၆။
**စာမျက်နှာ** နိဒါန်း ၁၁၇၊ အဘိဓာန်-၇၈၅။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၅၀၀၊ ၁၉၆၄-ခုနှစ်။
**ပုံနှိပ်သူ** ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်
ဦးသိမ်းမောင်။

ဇမ္ဗုဒီပ အဘိဓာန်အဖွဲ့အနေနှင့် ဗျည်းအက္ခရာ ၃၃-လုံး တည်ပုဒ်များကို ကျန်အဘိဓာန်အဖွဲ့ ၄-ဖွဲ့သို့ တာဝန်ပေးလိုက်ပြီးဖြစ်၍ သရ-၈ လုံးကို ဆက်လက်ဆောင်ရွက်ရန် တာဝန်သာရှိတော့သည်။ သရ-၈ လုံးတွင်လည်း အ-အက္ခရာ အဘိဓာန် ၃-တွဲအနက် အတွဲ(၁) ကို ၁၉၆၄-ခုတွင် ရိုက်နှိပ်ပြီးဖြစ်၍ အတွဲ(၂)ကို ၁၉၆၆-ခုနှစ်တွင် ထွက်ရှိနိုင်ရေး ပုံနှိပ်ရန်စီစဉ်နေပြီ ဖြစ်ပါသည်။

**အဘိဓာန်အတွဲ(၂)**

**ဦးဆောင်ပုဂ္ဂိုလ်** ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊
ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊
ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ
**တည်ပုဒ်ပေါင်း** သရ(အနု)မှ(အဇ္ဈောတ္ထရဏ)ထိ ၇၁၀၆။
**စာမျက်နှာ** နိဒါန်း ၁၀၊ အဘိဓာန် ၈၇၉။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၁၉၆၆-ခုနှစ်။

**ပုံနှိပ်သူ** ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်
ဦးလှမောင်(M.A,M.S,B.L.)။

သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေ၌ နေထိုင်သီတင်းသုံး၍ အဘိဓာန်လုပ်ငန်းများကို ရှေ့ဆောင်သဖွယ် ဆောင်ရွက်တော်မူကြသော ဆရာတော်ကြီးများမှာ မိမိတို့ကျောင်းထိုင်ရာ ကျောင်းများတွင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်တစ်ဖက်စီဖြင့် ကမ္ဘာအေးကုန်းမြေသို့ လာရောက်သီတင်းသုံးဆောင်ရွက်ကြရသည်ဖြစ်ရာ နှစ်ရှည်လများကြာမြင့်သည့်အခါ တာဝန်အပြည့်မယူနိုင်ဖြစ်လာကြပါသည်။ အ-သရအဘိဓာန်အတွဲ(၃)ကို ဆက်လက်ဆောင်ရွက်ဆဲကာလမှာပင် စစ်ကိုင်းတိုင်း ဝိဇ္ဇောဒယချောင်ဆရာတော်ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ အရှင်မြတ်သည် မန္တလေးမြို့ အဘယာရာမရွှေဂူကျောင်းတိုက် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ဖြင့် ဇမ္ဗူဒီပအဘိဓာန်အဖွဲ့သို့ ပြန်လည်ကြွရောက်နိုင်ခြင်းမရှိတော့ပါ။

ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ၏ ခမည်းတော်မှာ မန္တလေးမြို့တွင် ထင်ရှားသော ဆောက်လုပ်ရေးပညာရှင် ဗိသုကာဆရာ ဆိုင်ဖြစ်ပါသည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ပွဲ၌ ရဟန်းပျိုဘဝဖြင့် ပါဝင်ကူညီခဲ့ရပြီး သက္ကတပါဠိကျွမ်းကျင်သဖြင့် အဘိဓာန်အဖွဲ့တွင်လည်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပါသည်။ နောက်ပိုင်းတွင် ဆရာတော်ကြီးသည် အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ်၊ ပရီဗွန်းမြို့ မေတ္တာနန္ဒဝိဟာရ၌ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ခဲ့ရင်းမှ မြန်မာနိုင်ငံတွင်လည်း ၁၉၉၈-ခုနှစ်က အသစ်ဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဖြစ်ခဲ့ပါသည်။

ဇမ္ဗူဒီပအဘိဓာန်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သော စစ်ကိုင်းမြို့ အောင်မြေဘုံစံတိုက် ဆရာတော် ဆဋ္ဌသံဂါယနာတင် အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တဉာဏုတ္တရ အရှင်မြတ်ကြီးသည်လည်း ကျန်းမာရေးချွတ်ယွင်းလာခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး အတွဲ(၁) (၂) (၃)တို့ကို စံနမူနာကျအောင် ဆောင်ရွက်တော်မူခဲ့၍ အဘိဓာန်အတွဲ(၃) ပုံနှိပ်ထုတ်ဝေပြီးနောက် အဘိဓာန်လုပ်ငန်း၌ အားသွန်ဆောင်ရွက်နေဆဲ(၂၃-၁၁-၁၉၇၂)တွင် သီတင်းသုံးရာ ဇမ္ဗုဒီပကျောင်းဆောင်ကြီး၌ပင် ဇမ္ဗုဒီပအဘိဓာန်အဖွဲ့ကို စွန့်ခွာကာ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

**အဘိဓာန်အတွဲ(၃)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရ၊ အရှင်သီလာနန္ဒာဘိဝံသ (သကျသီဟနှင့်အစိုးရ ဓမ္မာစရိယ) |
| **တည်ပုဒ်ပေါင်း** | သရ(အဗျဂ္ဂ)မှ (အဠာရပ)ထိ၊ ၁၁၄၅၁။ |
| **စာမျက်နှာ** | နိဒါန်း ၂၊ အဘိဓာန် ၁၁၆၇။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၁၀၀၀၊ ၁၉၇၁။ |
| **ပုံနှိပ်သူ** | ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင်(M.A,M.S,B.L.)။ |

**အားဖြည့်ဆက်လှမ်း**

ဇမ္ဗုဒီပအဘိဓာန်အဖွဲ့ ဦးဆောင်ဆရာတော်ကြီးများဖြစ်သော ဘဒ္ဒန္တဉာဏုတ္တရ ဆရာတော်ကြီးနှင့် အရှင်သီလာနန္ဒာဘိဝံသ ဆရာတော်တို့ အဘိဓာန်တာဝန်မှ နားသွားကြပြီးဖြစ်သဖြင့် ဇမ္ဗုဒီပအဘိဓာန်အဖွဲ့တွင် ဦးဆောင်နေရာ၌ တာဝန်ယူ စွမ်းဆောင်နိုင်မည့် ဆရာတော်ကြီးများ ဖြစ်ကြသော ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသနှင့် ဆရာတော် ဘဒ္ဒန္တမာဃိန္ဒာဘိဝံသ တို့ကို လျှောက်ထားပင့်ဆောင်ကြရပါသည်။ ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ

မှာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် စာချဆရာတော်ဖြစ်ပြီး ၁၉၆၇-ခုနှစ်၊ ဇူလိုင်လတွင် ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွရောက်သီတင်းသုံးပါသည်။ ဆရာတော် ဘဒ္ဒန္တမာဃိန္ဒာဘိဝံသမှာမူ မြင်းခြံမြို့ ဖက်ပင်အိုင်ရွာ စာသင်တိုက် စာချဆရာတော်ဖြစ်ပြီး ၁၉၆၆-ခုနှစ် နှိုဝင်ဘာလတွင် ဇမ္ဗူဒီပကျောင်းဆောင် အဘိဓာန်အဖွဲ့သို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်ကြီးနှစ်ပါးတို့ ဇမ္ဗူဒီပ အဘိဓာန်အဖွဲ့တွင် အားဖြည့် ပါဝင်လာပြီးနောက် ဇမ္ဗူဒီပအဘိဓာန်အဖွဲ့၏ သရအဘိဓာန်အတွဲ(၄)ကို ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

သရအက္ခရာ ၈-လုံးကို လက်ရှိအဘိဓာန်အဖွဲ့က တာဝန်ယူထားသည်ဖြစ်ရာ အဘိဓာန်အတွဲ(၁) (၂) (၃)သည် အ-သရ တစ်လုံးတည်းသာ ပြီးစီးထားသဖြင့် ကျန်သရ ၇-လုံး တည်ပုဒ်များကို ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိခဲ့ပါသည်။ ကျန် သရ-၇ လုံး၏ အဘိဓာန်တည်ပုဒ် ပေါင်းမှာ ၁၅၀၀၀ ခန့်ရှိသဖြင့် ခန့်မှန်းခြေ အဘိဓာန်အတွဲ(၃)တွဲခန့် ထွက်ရှိမည်ဖြစ်ပါသည်။ အဘိဓာန်အဖွဲ့ (၄)ဖွဲ့ဆရာတော်များက တာဝန်ကျဗျည်းအက္ခရာတို့ကို ဗျည်းအက္ခရာအလိုက် အဘိဓာန်အတွဲ(၅၊၆)နှင့် အတွဲ(၇၊၈)တို့ ပြုစုခဲ့ကြပြီး ပုံနှိပ်ရန်ဆောင်ရွက်နေကြပြီဖြစ်ရာ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့က ဆက်လက် ပြုစုနေသော (အာ)သရမှ (ဩ)သရထိ သရ ၇-လုံး အဘိဓာန် အတွဲများကို အ-သရ အဘိဓာန်အတွဲများနှင့် ဆက်စပ်မိစေရန် အတွဲ(၄)အပိုင်း(၁)၊ အတွဲ(၄)အပိုင်း(၂)၊ အတွဲ(၄) အပိုင်း(၃)ဟူ၍ အပိုင်းခွဲကာ အမည်တပ်ရပါသည်။

**အဘိဓာန်အတွဲ(၄) အပိုင်း(၁)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသ၊ |
| | ဆရာတော် ဘဒ္ဒန္တမာဃိန္ဒာဘိဝံသ |
| **တည်ပုဒ်ပေါင်း** | သရ (အာ)မှ (ဥတ္တရာသေယျ)ထိ ၇၃၈၇။ |

**စာမျက်နှာ** နိဒါန်း ၃၆၊ အဘိဓာန် ၈၁၈။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၂၀၀၀၊၁၉၈၀-ပြည့်နှစ်။
**ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်ဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်။

အတွဲ(၄) အပိုင်း(၁)ကို ဦးဆောင်ဆရာတော်ကြီး ၂-ပါးတို့သည် အရန် အင်အားနည်းနည်းဖြင့် ဆောင်ရွက်ခဲ့ရ၍ (၉)နှစ်ခန့်မျှ အချိန်ပေးဆောင်ရွက် ခဲ့ရပါသည်။ သရသုံးလုံးသာ ပြီးစီးခဲ့ပြီး သရ ၄-လုံး ကျန်ရှိပါသေးသည်။ ထိုအချိန်တွင် ဇမ္ဗူဒီပအဘိဓာန်အဖွဲ့တွင် ဆရာတော်ကြီး ဘဒ္ဒန္တမာဃိန္ဒာဘိဝံသ နှင့် အဖွဲ့ဝင်အချို့လည်း မိမိ တာဝန်ရှိရာ ကျောင်းကန်ကိစ္စများတွင် အဓိက တာဝန်ရှိလာပြီ ဖြစ်ကြပါသည်။

ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တပညိဿရာ ဘိဝံသနှင့် အမြဲတမ်းအဖွဲ့ဝင် တစ်ပါးနှစ်ပါးတို့သာ ကျန်ရှိတော့ရာ လက်ကျန် သရအဘိဓာန် ၂-တွဲကို ဆက်လက်ဆောင်ရွက်ရန် အင်အားမရှိတော့သကဲ့ သို့ ဖြစ်လာပါသည်။

ရုံးဝန်ထမ်းအဘိဓာန်အဖွဲ့တွင်လည်း သက်ပြည့်ပင်စင် ယူသူများ ကြောင့် ကျွမ်းကျင်သူများ နည်းပါးလာသည့် အခြေအနေတွင် အဖွဲ့ခွဲများ က ပြုစုသော အဘိဓာန်ကျမ်းတွဲများကို စာဖောင် ပရုပ်ဖို့ခြင်း၊ ယူခြင်း စသည့် ပုံနှိပ်ပြီးစီးရေးအပိုင်းအတွက် တာဝန်ကြီးလေးနေကြပြီ ဖြစ်ပါသည်။

**ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ အန္တိမ**

သို့ဖြစ်ရာ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့သည် ၁၉၈၀-ပြည့်နှစ် မြန်မာနိုင်ငံ ၌ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်ချိန်တွင် ရုံးနေရာပြောင်း ရွှေ့ရမှုများနှင့်အတူ အဘိဓာန်အဖွဲ့ လုပ်ငန်းများဖြစ်သော သရအဘိဓာန်

လက်ကျန်များကို ဆက်လက်ဆောင်ရွက်မှုမပြုနိုင်တော့ဘဲ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်အလယ်ထပ်တွင် အဘိဓာန်ရုံးဌာနစု၏ တည်းဖြတ်ခြင်း၊ အကြံပြုခြင်း၊ ပုံနှိပ်ခြင်းတို့၌သာ အထိုက်အလျောက် ကူညီဆောင်ရွက်ပေးနိုင်တော့သည်ဟု ဆိုရမည်ဖြစ်ပါတော့သည်။ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့အနေနှင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲ(၁)(၂)(၃)နှင့် (၄/၁) ကျမ်းတွဲပေါင်း (၄)တွဲတို့ကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး အဘိဓာန်တည်ပုဒ်ပေါင်း (၃၀၇၀၀)နှင့် စာမျက်နှာပေါင်း(၃၆၄၉)တို့ကို ပြုစုပေးနိုင်ခဲ့ကြပါသည်။

ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ ဥက္ကဋ္ဌဖြစ်ခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသ ဆရာတော်ဘုရားကြီးသည် ပုဗ္ဗဝိဒေဟကျောင်းဆောင် အလယ်ထပ်၌ ဆက်လက်သီတင်းသုံးတော်မူကာ စာရေး စာဖတ်ခြင်းနှင့် ကျမ်းစာပြုစုခြင်းတို့ကို ဆက်လက်ဆောင်ရွက်တော်မူရင်းမှ ၁၉၉၈-ခုနှစ်ခန့်တွင် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းရပ်ကွက်တွင် သာသနာ့ဂုဏ်ရည် ကျောင်းတိုက်ကို လက်ခံရရှိတော်မူသဖြင့် ပြောင်းရွှေ့သီတင်းသုံးခဲ့ပါသည်။ ဆရာတော်ကြီးသည် ၂၀၁၃-ခုနှစ် မှစ၍ တိပိဋကရွှေချယ်ရေးသြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်ဆဲဖြစ်၍ နိုင်ငံတော်အစိုးရက ဆက်ကပ်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ခံယူရရှိခဲ့ပါသည်။

၁၉၉၈-ခုနှစ် နောက်ပိုင်းတွင် ဇမ္ဗူဒီပအဘိဓာန်အဖွဲ့တွင် တာဝန်ရှိဆရာတော်များ အဆက်ပြတ်ခဲ့ပါသည်။ အဘိဓာန်ဌာနစုရုံးအဖွဲ့သည်မူ ၂၀၂၃-ခုနှစ်တိုင်အောင် သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) စာမေးပွဲဌာနခွဲအောက်၌ ဆက်လက်တည်ရှိနေပြီး ပုဗ္ဗဝိဒေဟကျောင်းဆောင် အောက်ထပ်တွင် ရုံးခန်းကျန်ရှိပါသေးသည်။ အဘိဓာန်ဌာနစုသည် ဤမှာဘက်ခေတ်တွင် အဘိဓာန်အဖွဲ့ခွဲများက ပြုစုပြီးသည့်စာမူ (Hard copy နှင့် Soft copy)များရရှိပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍

ပုံနှိပ်နိုင်ရန်အတွက် ပုံနှိပ်ဌာနသို့ ပို့ဆောင်ပေးခြင်း၊ အဘိဓာန်ကျမ်းတွဲ ပုံနှိပ်ပြီးစီးပါက အဘိဓာန်အဖွဲ့ဝင် ဆရာတော်များထံ ပို့ဆောင်ဆက်ကပ် ခြင်း၊ အဘိဓာန်အဖွဲ့များ၏ လုပ်ငန်းလိုအပ်ချက်များကို တင်ပြတောင်းခံ ဖြည့်ဆည်းကပ်လှူပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိခဲ့ပါသည်။

## ကွန်ပျူတာသိပ္ပံ အဘိဓာန်

စက်မှုသိပ္ပံပညာများ တိုးတက်နေသော ယခုခေတ်၌ လူပေါင်းမြောက် များစွာတို့ အချိန်ကြာမြင့်စွာလုပ်ဆောင်ရသော လုပ်ငန်းအမြောက်အမြား ကို တစ်ခဏချင်း စက္ကန့်ပိုင်းအတွင်း၌ အားလုံးပြီးစီးအောင် လုပ်ဆောင်နိုင် သည့် ကွန်ပျူတာစက် ပေါ်ထွက်နေပြီဖြစ်သကဲ့သို့ ထို့အတူ အဘိဓာန်ကျမ်း ကို လှန်လှောကြည့်ရုံဖြင့် မိမိသိရှိလိုသော ဝေါဟာရပုဒ်အားလုံးကို ချက်ချင်း တွေ့နိုင်၏။ ထိုပုဒ်ဆိုင်ရာ သိလိုသောအချက်များကိုလည်း သိရှိရ၏။ ထိုမျှ ဖြင့် အားမရသေးဘဲ ပါဠိ အဋ္ဌကထာ ဋီကာတို့ဖြင့် ပြည့်စုံစွာ သိရှိလိုသေး သည်ဆိုပါလျှင် ထိုပုဒ်၌ပါရှိသော ကျမ်းညွှန်းများကို မြစ်ဖျားခံ၍ ရှာဖွေကြည့် ရှုပါက မိမိသိရှိလိုသော အကြောင်းအရာအစုံကို ဘွားခနဲ ချက်ချင်းတွေ့ရှိ နိုင်မည်ဖြစ်၏။

ယခင်က အချိန်ကြာမြင့်စွာ ရှာဖွေ၍သော်မှပင် တွေ့ရှိရန် ခဲယဉ်းသော အကြောင်းအရာ မြောက်မြားစွာတို့သည် ကွန်ပျူတာစက်ရိုက်၍ ဖန်သားပြင် ၌ ပေါ်လာသကဲ့သို့ မိမိရှေ့မှောက်သို့ ချက်ချင်းရောက်လာနိုင်ပေ၏။ ပြည့်စုံမှု ခိုင်မာမှု သေချာမှု အပြည့်ရှိ၏။ အကြောင်းအရာတစ်ခုခုကို ဟောပြောလိုသူ ကျမ်းစာရေးသား ပြုစုလိုသူတို့အတွက် တိုတောင်းသော အချိန်ကာလအတွင်း ကွန်ပျူတာစက်ကြီးပမာ တစ်မဟုတ်ချင်း အကူအညီပေးစွမ်းနိုင်သော တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ထွက်ပေါ်လာပေပြီ။

၁၉၈၀ ပြည့်နှစ်တွင် ထုတ်ဝေသော တိပိဋက ပါဠိ-မြန်မာအဘိဓာန် အတွဲ(၄) အပိုင်း(၁) နိဒါန်းစကားတွင် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး၏ ဂုဏ်ရည်ကို ရန်ကုန်မြို့၊ ကမ္ဘာအေး ဗုဒ္ဓဓိပအဘိဓာန်အဖွဲ့က ဤသို့ ဖော်ကျူးထားပါသည်။

❑ ❑ ❑

# မစိုးရိမ်အဘိဓာန်အဖွဲ့




6

မစိုးရိမ်ကျောင်းတိုက်အဘိဓာန်အဖွဲ့တည်ရှိရာ
**မစိုးရိမ်ကျောင်းတိုက်** ၊မဟာအောင်မြေ၊ မန္တလေးမြို့

# မစိုးရိမ်အဘိဓာန်အဖွဲ့




7

မစိုးရိမ်ကျောင်းတိုက်အဘိဓာန်အဖွဲ့တည်ရှိရာ
**မစိုးရိမ်တိုက်သစ်**၊ စိန်ပန်းရပ်၊ မန္တလေးမြို့

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့

ဥက္ကဋ္ဌ



မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဓာနနာယက

အဘိဓဇမဟာရဋ္ဌဂုရု

**ဘဒ္ဒန္တသူရိယာဘိဝံသ မဟာထေရ်**

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့



9

မန္တလေးမြို့ မစိုးရိမ်ကျောင်း မဟာနာယက
အဘိဓဇမဟာရဋ္ဌဂုရု
ပဋ္ဌာန်းဆရာတော် **ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ မဟာထေရ်**

## မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့





မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက
အဂ္ဂမဟာပဏ္ဍိတ **ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ**

## မစိုးရိမ်ကျောင်းတိုက် ဂဏဝါစက
## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





ရှေ့တန်း ဝဲ-မှ ယာ။ ။ ဦးသီရိန္ဒ၊ ဦးကုသလ၊ ဦးကောသလ္လ၊ ဆရာတော်ကြီးဦးသူရိယ၊ ဦးဉာဏဝံသ၊ ဦးစန္ဒောဘာသ၊ ဦးဝိစိတ္တ၊ ဦးနာရဒ

နောက်တန်း ဝဲ-မှ ယာ။ ။ ဦးကောဝိဒ၊ ဦးဇယဒိသ၊ ဦးရာဇဓမ္မ၊ ဦးသုမန၊ ဦးနာယက၊ ဦးတေဇောသာရ၊ ဦးသာဂရ၊ ဦးပညာဝံသ

## မစိုးရိမ်ကျောင်းတိုက် ဂဏဝါစက
## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





**ရှေ့တန်း ဝဲ-မှ ယာ။** ။ ဦးကဝိန္ဒာဘိဝံသ၊ ဦးသာဂရာဘိဝံသ၊ ဦးတေဇောသာရာဘိဝံသ၊ ဦးပညာသာမိဘိဝံသ၊ ဦးပဒုမာဘိဝံသ၊ ဦးဝိစိတ္တာဘိဝံသ

**နောက်တန်း ဝဲ-မှ ယာ။** ။ ဦးဓမ္မသာမိဘိဝံသ၊ ဦးကုန္ဒာစက္ကာဘိဝံသ၊ ဦးဉာဏာဘိဝံသ၊ ဦးသာသနာဘိဝံသ၊ ဦးဥေ_ယျာဘိဝံသ၊ ဦးပညာသာမိဘိဝံသ၊ ဦးသီလာနန္ဒာဘိဝံသ

## မစိုးရိမ်တိုက်သစ် ဂဏဝါစက
## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ



13

**ရှေ့တန်း ဝဲ-မှ ယာ။ ။** ဦးဝိမလာစာရာဘိဝံသ၊ ဦးဝိလာသာဘိဝံသ၊ ဦးဝါသေဋ္ဌာဘိဝံသ၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးနာယကာဘိဝံသ၊ ဦးကေသရာဘိဝံသ၊ ဦးသုစိတ္တာဘိဝံသ၊ ဦးတိက္ခိန္ဒြိယာဘိဝံသ

**နောက်တန်း ဝဲ-မှ ယာ။ ။** ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ၊ ဦးနန္ဒာဘိဝံသ၊ ဦးပညာဇောတာဘိဝံသ၊ ဦးကုသလာဘိဝံသ၊ ဦးသူရိယာဘိဝံသ၊ ဦးပညိန္ဒာဘိဝံသ၊ ဦးသုစိတ္တာဘိဝံသ၊ ဦးတိက္ခိန္ဒြိယာဘိဝံသ၊ ဦးဣန္ဒကာလင်္ကာရာဘိဝံသ၊ ဦးကဝိန္ဒာဘိဝံသ၊ ဦးဇာနေယျာဘိဝံသ၊ ဦးပညာဒီပါဘိဝံသ၊ ဦးဝိစိတ္တာဘိဝံသ၊ ဦးဓမ္မသီလိတာဘိဝံသ၊ ဦးကောဏ္ဍညာဘိဝံသ

# မန္တလေးမြို့
# မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့

## မစိုးရိမ်ကျောင်းတိုက်

ရတနာပုံ မန္တလေးမြို့ကြီးသည် မင်းတုန်းမင်းကြီး လက်ထက်က မင်းနေပြည်ဖြစ်ခဲ့၍ မန္တလေးနန်းမြို့ကြီးကို ဗဟိုပြုကာ ပြင်လေးပြင်စလုံး၌ ပရိယတ္တိစာသင်တိုက်ကြီးများလည်း အလွန်ပင်စည်ကားခဲ့ပါသည်။ ပဥ္စမ သံဂါယနာတင်ခဲ့ရာ နေပြည်တော်ဖြစ်သည်နှင့်အညီ သုဓမ္မာသံဃာ့အုပ်ချုပ်ရေး၏ ဗဟိုဌာနဖြစ်ခဲ့ပြီး ကျမ်းဂန်တတ်မထေရ်ကြီးများစုဝေးရာ ပရိယတ္တိမြို့တော်လည်း ဖြစ်ခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာဝင် ဒုတိယသံဂါယနာတင်ခဲ့ရာဌာနသည် ဝေသာလီပြည် အသောကာရုံကျောင်းဖြစ်ပါသည်။ အသောကာရုံကျောင်း အသောကာရာမကျောင်းတိုက် အမည်များလည်း မြန်မာနိုင်ငံ မြို့ရွာများ၌ တွေ့ရှိတတ်သဖြင့် အသောကဟူသော အမည်နာမဝေါဟာရသည် မြန်မာတို့နှင့်မစိမ်းပါ။ ထို့ပြင် သီရိဓမ္မာသောကမင်းကြီး၏ အမည်တွင်ရှေ့မှ သီရိ ပုဒ်ကို မထည့်ဘဲထား၍ ခေါ်ဆိုပါက အသောကဘုရင်ဖြစ်၍ ဗုဒ္ဓသာသနာကို ချီးမြှောက်ခဲ့သော ရှင်ဘုရင်တစ်ပါးအနေနှင့် မြန်မာတို့က မြန်မာဘုရင်တစ်ပါးသဖွယ် ရင်းနှီးနေကြပါသည်။

အသောကအဓိပ္ပါယ်မှာလည်း စိုးရိမ်မှုကင်းပခြင်း၊ မစိုးရိမ်ခြင်း ဖြစ်သဖြင့်(မစိုးရိမ်ကျောင်းတိုက်)ဟူ၍ ကြားသိစက အသောကာရာမကျောင်း၊

အသောကာရုံကျောင်း အမည်နာမအစား မြန်မာအဓိပ္ပာယ်ဖြင့်(မစိုးရိမ်ကျောင်း)ဟူ၍ ကမ္ပည်းတင်ခဲ့သည်ဟု မှတ်ယူမိခဲ့၏။ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် သာသနာဝင်သမိုင်းစဉ်ကို လေ့လာကြည့်သောအခါတွင်မှ မစိုးရိမ်အမည်ရှိ ဥယျာဉ်ခြံမြေတွင် ကျောင်းတိုက်ဆောက်လုပ် လှူဒါန်းသဖြင့် မစိုးရိမ်ကျောင်းတိုက်ဟူ၍ ကမ္ပည်းမော်ကွန်းတင်ကာ ကျောင်းတိုက်အမည်နာမတွင်ခဲ့ကြောင်း သိရှိရပါသည်။

## တစ်ဦးတည်း ကျောင်းဒါယကာ

သီပေါမင်းလက်ထက် မြို့တော်ဝန်ဖြစ်ခဲ့သော ဦးပေစိသည် မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ်၌ ဥယျာဉ်ခြံကြီးများ ပိုင်ဆိုင်ခဲ့သည်။ ဥယျာဉ်တွင်း၌ ရေကန်များလည်းရှိ၍ သစ်ပင် ပန်းပင်တို့ စိုက်ပျိုးထားရှိခဲ့သည်။ ထိုဥယျာဉ်ခြံအစပ်၌ ချောင်းငယ်တစ်ခုရှိ၍ ထိုချောင်း၏ အမည်မှာ မစိုးရိမ်ချောင်းဟု လူအများ ခေါ်ဝေါ်ခဲ့ကြ၏။ ထိုချောင်းသည် ဦးပေစိ၏ ဥယျာဉ်ခြံနှင့်ထိစပ်မှုများသဖြင့် ဦးပေစိ၏ ဥယျာဉ်ခြံကိုလည်း မစိုးရိမ်ဥယျာဉ်ခြံဟု လူသိများခဲ့ပါသည်။ (ထိုချောင်းငယ်သည် ရပ်ကွက်လူနေအိမ်များ တိုးပွားလာသောအခါ ရပ်ကွက်ရေဆိုးမြောင်းတစ်ခုအဖြစ်သို့ ကျဉ်းမြောင်းသွားခဲ့ပြီဖြစ်ပါသည်။)

မစိုးရိမ်ဥယျာဉ်ခြံပိုင်ရှင် အင်းတော်မြို့စား မြို့တော်ဝန် ဦးပေစိသည် ၁၂၄၃-ခုနှစ်တွင် ဒေးဝန်းရပ် ရုံးသာလှည်းတန်း၌ ရတနာဘုံသာ ဆုတောင်းပြည့်စေတီကို တည်ထားခဲ့ရာ ထိုစေတီတော်မှာ စေတီ၏ဘွဲ့အမည်တော်ထက် ဦးပေစိဘုရားဟု အမည်တွင်ခဲ့သည်မှာ ယနေ့ခေတ်ထိ ဖြစ်ပါသည်။ ဦးပေစိ၏ မစိုးရိမ်ဥယျာဉ်ခြံရှိ မြေနေရာကို ဝယ်ယူ၍ ကျောင်းဆောက်လုပ်လှူဒါန်းကြသူများမှာ မန္တလေးမြို့ အနောက်ပြင် ဆိုင်းတန်းရပ် ဦးသက်ရှည်နှင့် သားဖြစ်သူ ဦးကျော်တို့ ဖြစ်ကြသည်။ ထိုအချိန်က ဦးသက်ရှည်သည် လက်ဖက်ပွဲရုံလုပ်ငန်း ထူထောင်ထား၍ သားဖြစ်သူ ဦးကျော်သည် ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိတတ်သည်။

ထိုအချိန်က ပထမကမ္ဘာစစ်ကြီး ဖြစ်တော့မည့် စစ်ငွေ့သန်းနေချိန် ဖြစ်သည်။ ဂျာမန်ကုန်သည်တစ်ဦးသည် ဆားသင်္ဘောကြီးဖြင့် ရန်ကုန် ဆိပ်ကမ်းရောက်ရှိနေရာ ကမ္ဘာစစ်အရိပ်အငွေ့ကြောင့် ပါရှိသည့်ကုန်စည် များကို အမြန်ရောင်း၍ ဂျာမနီပြည်သို့ ပြန်လည်ထွက်ခွါရန် စိတ်စောနေ ချိန်တွင် ကုန်သည် ဦးကျော်နှင့် တွေ့ဆုံမိပြီး သင်္ဘောတစ်စီးစာဆားများကို တန်ဖိုးနည်းနည်းဖြင့် ရယူနိုင်ခဲ့သည်ဆိုပါသည်။ ဤတွင် ပထမကမ္ဘာစစ် အတွင်း ပြည်ပကုန်သွယ်မှုများ ပြတ်တောက်သွားချိန် စစ်နှင့်ဝေးသော မြန်မာနိုင်ငံ၌ လက်ဖက်ပွဲစားကြီး ဦးသက်ရှည်နှင့် သားဖြစ်သူ ဦးကျော်တို့သည် ဒေးဝန်ရပ်ရှိ ဂိုဒေါင်များ၌ အပြည့်ထည့်ထားသော ဆားများက ကံကောင်းစွာ ပင် တန်ဖိုးကြီးပစ္စည်းများ ဖြစ်လာခဲ့ရာမှ ဆားသူဌေးသား အဖအဖြစ်သို့ ရောက်ရှိသွားကြပါသည်။

ဦးသက်ရှည်နှင့်သားဦးကျော်တို့သည် မြန်မာဗုဒ္ဓဘာသာများပီပီ ဦးပေစိပိုင် ဒေးဝန်းရပ်ရှိ မစိုးရိမ်ဥယျာဉ်ခြံ(၄)ဧကခွဲကို ဝယ်ယူ၍ ကျောင်း ဒါယကာအဖြစ် ခံယူခဲ့ကြပါသည်။ မစိုးရိမ်ဥယျာဉ်ခြံမြေတွင် ဆောက်လုပ် ထားသော မစိုးရိမ်ကျောင်းတိုက်ကို ၁၂၆၉-ခုနှစ်၌ စတင်ဆောက်လုပ်ခဲ့ရာ ၁၂၇၁-ခုနှစ်တွင် ကျောင်းတိုက်ပတ်ပတ်လည် အုပ်တံတိုင်းကြီး ကာရံလျက် အလယ်တိုက်ကြီးနှင့်တကွ ကျောင်းအရံ(၁၆)ကျောင်း အပါအဝင် နာရီစင်ပါ အားလုံး ကျောင်းဒါယကာ ဦးသက်ရှည်နှင့်သား ဦးကျော်တို့ တစ်ဦးတည်း ကျောင်းဒါယကာအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဘုရားရှင်လက်ထက် က ဆင်းသက်ခဲ့သော ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကဲ့သို့ သော မစိုးရိမ်ကျောင်းဒါယကာဟု တင်စားခံရပါသည်။

## မြို့ပြင်ကြီးဇာတိ ဘင်္ဂလားဆရာတော်

မစိုးရိမ်ကျောင်းတိုက် ကျောင်းဒါယကာ ဦးသက်ရှည်သည် မြို့ပြင် ကြီး ဇာတိသားဖြစ်၍ ငယ်စဉ်အခါ မြို့ပြင်ကြီး ဆရာတော်ထံတွင် ပညာ

သင်ကြားစဉ်က ဆရာတူ စာသင်ဖက်ဖြစ်ဖူးသော ရန်ကုန်မြို့ ဗဟန်းရပ် ဘင်္ဂလားတိုက် ဆရာတော် ဘဒ္ဒန္တရေဝတနှင့်အား မစိုးရိမ်ကျောင်းတိုက်ကြီးကို တင်လှူကျောင်းအပ်ပါသည်။ ဘင်္ဂလားဆရာတော်ကြီးမှာ ပါဠိသက္ကတ ကျမ်းဂန်တတ်ဆရာတော်ကြီးဖြစ်၍ သက်တော်ကြီးရင့်ပြီဖြစ်ရာ သင့်လျော်မည့် တပည့်ကို ကြည့်ရှုရာတွင် တောင်ငူမြို့ ပိဋကတ္တယာရာမကျောင်းတွင် ကျောင်းထိုင်နေသော တပည့်ဖြစ်သူ ဘဒ္ဒန္တသောမာဘိသိရီအား ပြေးမြင်မိသည်။ ဘင်္ဂလားဆရာတော်ကြီးသည် ကျောင်းဒါယကာ ဦးသက်ရှည်အားလည်း ပရိယတ္တိသာသနာတော်အကျိုးကို ရေရှည်ကြည့်၍ စီစဉ်လိုကြောင်း ပြောကြားပြီး မစိုးရိမ်ကျောင်းတိုက်ကြီးကို တင်လှူသည့် ကျောင်းအပ်လှူဒါန်းပွဲသို့ ရန်ကုန်မြို့မှ မန္တလေးမြို့ခရီးစဉ် ကြွရောက်သောအခါ တောင်ငူမြို့သို့ ဝင်၍ တပည့် ဘဒ္ဒန္တသောမာဘိသိရီအား တစ်ပါတည်း ခေါ်ဆောင်လာခဲ့ပါသည်။

၁၂၇၁-ခုနှစ် မစိုးရိမ်ကျောင်းတိုက်ကြီး ကျောင်းအပ် လှူဒါန်းပွဲဝယ် သံဃိကကျောင်းအဖြစ် အလှူခံတော်မူပြီး ဘင်္ဂလားဆရာတော်ကြီးသည် ထိုနှစ်ဝါတွင်း မစိုးရိမ်ကျောင်းတိုက်၌ ဝါကပ်ပြီးနောက် ဘဒ္ဒန္တသောမာဘိသိရီအား ကျောင်းတိုက်နာယကအဖြစ် လွှဲအပ်၍ ရန်ကုန်မြို့၊ ဘင်္ဂလားတိုက်သို့ ပြန်လည်ကြွရောက်ခဲ့ပါသည်။ ဘင်္ဂလားဆရာတော်ဘုရားကြီးသည် တပည့်ဖြစ်သူ ဘဒ္ဒန္တသောမာဘိသိရီနှင့် တိုင်ပင်၍ မစိုးရိမ်ကျောင်းတိုက်ကို စာသင်တိုက်ကြီးအဖြစ် ပျိုးထောင်ရန်အတွက် ပရိယတ္တိစာချစာသင်အင်အား တိုးချဲ့ရန်အတွက် ဆက်လက်၍ စိုင်းပြင်းတော်မူခဲ့ပါသည်။

## ပရိယတ္တိ အခြေတည်

ထိုအချိန်က နောင်တွင် တတိယမြောက် မစိုးရိမ်ကျောင်းတိုက် မဟာနာယကဖြစ်တော်မူမည့် ဘဒ္ဒန္တသူရိယာဘိဝံသသည် မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၌ အစိုးရနှင့် သကျသီဟမွေ့စာရိယ အောင်မြင်ပြီးနောက် သက်တော်(၃၀)နှစ် သိက္ခာဝါ(၁၁)ဝါ ရရှိနေချိန် ဖြစ်ပြီး စစ်ကိုင်းမြို့

ဝါးချက်မင်းကျောင်း၌ စာသင်တိုက်ငယ် ထူထောင်နေချိန်ဖြစ်ပါသည်။ ဘင်္ဂလားဆရာတော်ကြီးသည် ဘဒ္ဒန္တသူရိယာဘိဝံသ၏ ပညာအရည်အချင်းနှင့် ပရိယတ္တိသဒ္ဓါတရားကို ကြည်ညိုသည့်အလျောက် ခေါ်ယူညှိနှိုင်း၍ ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသအား တိုက်ပါစာသင်တပည့်များနှင့်တကွ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ ပရိယတ္တိအင်အားကို ဖြည့်တင်းပေးခဲ့ပါသည်။ ဘင်္ဂလားဆရာတော်ဘုရားကြီး၏ အမြော်အမြင်ကြီးမားမှုသည် ချက်ချင်းဆိုသလိုပင် မျှော်မှန်းချက် အောင်မြင်ခဲ့ပြီး တစ်နှစ်ကျော်ကာလမှာပင် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၏ တပည့်များသည် ထိုနှစ်သကျသီဟစာမေးပွဲတွင် လေးပါးအောင်မြင်ခြင်း၊ ဆရာတော် ဘဒ္ဒန္တဉာဏသည် ပထမကျော်အောင်မြင်ခြင်းတို့ ဖြစ်ထွန်းခဲ့သဖြင့် မစိုးရိမ်စာသင်တိုက်ကြီး၏ ပရိယတ္တိဂုဏ်ရှိန် မြင့်မား ကျော်ကြားသွားခဲ့လေသည်။

## ရတနာဝလိ မစိုးရိမ်ပါဠိအဘိဓာန်

ထိုအချိန်က မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီ အုပ်ချုပ်သည့် ကာလဖြစ်၍ ပြည်ပနှင့် ဆက်ဆံမှုများ အထိုက်အလျောက်ရှိလာကြပါသည်။ အထူးသဖြင့် အင်္ဂလိပ်ကိုလိုနီချင်းတူသော အိန္ဒိယနှင့် ကူးလူးဆက်ဆံနိုင်သဖြင့် မြန်မာကျမ်းဂန်တတ်ဆရာတော်များသည် အိန္ဒိယသို့ သွားရောက်၍ ပါဠိဘာသာနှင့် နီးစပ်သော သက္ကတဘာသာ သင်ယူတတ်မြောက်နေကြပါသည်။ ဘင်္ဂလားဆရာတော်ကြီးနှင့် တပည့်ဖြစ်သော မစိုးရိမ်ဆရာတော်တို့သည် ပါဠိဘာသာ၊ သက္ကတဘာသာ ကျွမ်းကျင်သည့် ဆရာတော်များဖြစ်ခဲ့ကြပါသည်။ ပြည်ပသာသနာပြု လုပ်ငန်းကိုလည်း လယ်တီဆရာတော်ကြီးက ဦးဆောင်၍ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ လန်ဒန်ပါဠိအသင်းကြီးသည် ဗုဒ္ဓဘာသာအခြေခံဖွဲ့စည်းထားသော အသင်းကြီးဖြစ်၍ လယ်တီဆရာတော်နှင့် ဆက်သွယ်မိသည်နှင့် အင်္ဂလိပ်အက္ခရာစဉ်ဖြင့် တည်ပုဒ်များ စဉ်ထားသည့်အများ အလွယ်တကူကြည့်ရှုနိုင်သော ပါဠိအဘိဓာန်မျိုး ပြုစုနိုင်ပါရန် လျှောက်ထားကြပါသည်။ လယ်တီဆရာတော်ကြီးက ဘင်္ဂလားဆရာတော်

နှင့် ညှိနှိုင်း၍ မစိုးရိမ်ကျောင်းတိုက်သို့ တာဝန်လွှဲအပ်သဖြင့် မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တသောမာဘိသိရီက ရတနာဝလိပါဠိအဘိဓာန်(ပထမတွဲ)ကိုလည်းကောင်း၊ ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသက ဒုတိယတွဲတို့ကိုလည်းကောင်း၊ ဆရာတော် ဘဒ္ဒန္တဉာဏ(ပထမကျော်)က တတိယတွဲမှ နောက်ပိုင်းကျမ်းတွဲများအထိလည်းကောင်း ဆောင်ရွက်ပေးခဲ့ရပါသည်။ (ထိုပါဠိအဘိဓာန်ကျမ်းသည် ဆရာတော် ဘဒ္ဒန္တဉာဏ လွန်တော်မူသဖြင့် ပြည့်စုံသည်အထိသို့ မရောက်ရှိခဲ့သော်လည်း ထိုခေတ်အခါအနေနှင့် အက္ခရာစဉ် ပါဠိအဘိဓာန်မျိုး မြန်မာနိုင်ငံ၌ စစ္စာဦးပေါ်ပေါက်ခဲ့သော အဘိဓာန်ကျမ်းစာဟု မှတ်ယူကြရပါသည်။

မစိုးရိမ်ကျောင်းတိုက်ကြီး၏ ပထမ မဟာနာယက ဘဒ္ဒန္တရဝိန္ဒဘင်္ဂလားဆရာတော်ဘုရားကြီးသည် ၁၂၇၅-ခုနှစ်တွင် လွန်တော်မူပါသည်။ ဒုတိယမြောက် မဟာနာယကဖြစ်တော်မူသော န္ဒာဒီမောဂ္ဂလာန်၊ တေပိဋကသာရရတနာဝလိစသည့် ကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမာဘိသိရီသည်လည်း ၁၂၈၇-ခုနှစ်တွင် မစိုးရိမ်ပရိယတ္တိစာသင်တိုက်ကြီးကို ဘဒ္ဒန္တသူရိယာဘိဝံသအား အုပ်ချုပ်မှုအားလုံး လွှဲအပ်ခဲ့၍ မင်းကွန်းမဟာသစ်ဝင်ချောင်၌ မစိုးရိမ်တောရကျောင်းတိုက်ကို တည်ထောင်၍ တောရဆောက်တည်ပြီး ၁၃၀၁-ခုနှစ်တွင် မစိုးရိမ်တောရကျောင်း၌ပင် လွန်တော်မူခဲ့ပါသည်။

တတိယမြောက် မစိုးရိမ်ကျောင်းတိုက် မဟာနာယက ဘဒ္ဒန္တသူရိယာဘိဝံသ အရှင်မြတ်လက်ထက်တွင် မစိုးရိမ်ပရိယတ္တိစာသင်တိုက်ကြီးသည် ပရိယတ္တိအရာ ထင်ပေါ်ကျော်ကြားခဲ့၍ ပရိယတ္တိစာသင်သားတို့၏ အားထားမှီခိုရာကြီး ဖြစ်ခဲ့ပါသည်။ ပခုက္ကူ မဟာဝိဝိသုတာရာမတိုက်ဆရာတော်ဘဒ္ဒန္တသုန္ဒရ၊ အရှင်အာဒိစ္စဝံသ (ဦးအောင်မြတ်ထွတ်)ပြည်ပသာသနာပြု အရှင်သေဋ္ဌိလာဘိဝံသ၊ ပဲခူးမြို့မဆရာတော် ဘဒ္ဒန္တ ကုန္ဒာစာရစသည့် ဆရာတော်ကြီးများသည် မစိုးရိမ်ပရိယတ္တိစာသင်တိုက်ကြီး တည်ထောင်စအချိန်က ကျောင်းတိုက်ဂုဏ်ဆောင် မထေရ်ကျော်များ ဖြစ်ခဲ့ကြပါသည်။

## ဆဋ္ဌသံဃာယနာတင် သံဃဥက္ကဋ္ဌ

၁၃၀၉(၁၉၄၈)ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေးမရမီကပင် ကိုယ့်မင်းကိုယ့်ချင်း ဘဝရောက်ရှိချိန်၌ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို စိုင်းပြင်းခဲ့ကြသည့်အလျောက် မြန်မာတို့သည် သာသနာတော်နှစ် ၂၅၀၀-ပြည့်အမီ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ၁၉၅၄-ခုနှစ်မှ ၁၉၅၆-ခုနှစ်ထိ ကျင်းပပြုလုပ်ခဲ့ပြီး ၁၃၁၈-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသံဂါယနာအောင်ပွဲကြီးကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထိုအောင်ပွဲကြီး ကျင်းပနိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ထေရဝါဒငါးနိုင်ငံကျမ်းဂန်တတ် ဆရာတော်များသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သံဃသန္နိပါတ ငါးကြိမ်တိုင် အညီအညွတ်ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဆဋ္ဌသံဂါယနာတင်ပွဲ ကျင်းပချိန် နှစ်နှစ်တာကာလ သံဂါယနာတင်ကျမ်းစာအလိုက်ဘာဏကတာဝန်၊ ပဋိပုစ္ဆကတာဝန်၊ ဝိသဇ္ဇနသောဓေယျတာဝန် စသည်ဖြင့် တာဝန်အသီးသီး၌ မစိုးရိမ်ပရိယတ္တိစာသင်တိုက်မှ ဆရာတော် သုံးဆယ်ပါးကျော်တို့သည် မိမိ တာဝန်အလိုက် ပါဝင်ခဲ့ပါသည်။ မစိုးရိမ်ကျောင်းတိုက် တတိယမြောက် မဟာနာယကဖြစ်တော်မူသော ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ကြီးသည် သံဂါယနာတင်ပွဲ၏ အကြီးမြင့်ဆုံး တာဝန်ကိုပါ ထမ်းဆောင်ခွင့်ရရှိခဲ့ပါသည်။

ဆဋ္ဌသံဂါယနာတင်ပွဲကြီး၏ သံဃမဟာနာယကဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ ညောင်ရမ်းဆရာတော်ဘုရားကြီးသည် (၇-၁-၁၉၅၅)တွင် ပျံလွန်တော်မူသွားပါသည်။ ညောင်ရမ်းဆရာတော်ဘုရားကြီး လွန်တော်မူသဖြင့် သံဂါယနာတင်ပွဲ၏ သံဃဥက္ကဋ္ဌ(မဟာနာယက)နေရာအတွက် သံဃာတော်အားလုံးက အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးအား အများဆန္ဒပေး၍ တင်မြှောက်ခဲ့ကြပါသည်။

မစိုးရိမ်ဆရာတော်ဘုရားကြီးသည် ဒုတိယသန္နိပါတထက်ဝက်မှစ၍ ဆဋ္ဌသံဃာယနာတင်ပွဲကြီး အောင်မြင်ပြီးဆုံးသည်အထိလည်းကောင်း၊ သံဃာယနာတင်ပွဲကြီး ပြီးဆုံး၍ အဋ္ဌကထာသံဂါယနာနှင့် ဋီကာသံဂါယနာတို့တွင်လည်း ဦးဆောင်တာဝန်ကို ဆက်လက်၍ ထမ်းဆောင်ပေးတော်မူခဲ့ပါသည်။

## မစိုးရိမ်တိုက်သစ်

ပရိယတ္တိစာသင်တိုက် ဆရာတော်ဘုရားကြီးများသည် စာသင်တိုက်အောင်မြင်၍ တပည့်စာချ စာသင်ဆရာတော်များ ပြည့်စုံသောအခါတွင် ပရိယတ္တိပညာရေးကိစ္စများကို တပည့်ကြီးများနှင့် လွှဲနိုင်ပြီဖြစ်လျှင် နားနားနေနေဖြင့် တောရဆောက်တည်နေလိုခြင်း ဖြစ်ပေါ်တတ်လေ့ရှိပါသည်။ မစိုးရိမ်ကျောင်းတိုက်ကြီးကို တည်ထောင်ခဲ့သော ဒုတိယမြောက် မဟာနာယက ဘဒ္ဒန္တသောမာဘိသိရီသည် မင်းကွန်းမဟာသစ်ဝင်ချောင် မစိုးရိမ်တောရကျောင်း၌ တောရဆောက်တည်ခဲ့ သည့်နည်းတူ သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၇)ဝါ ရရှိပြီဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ကျောင်းဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသသည်လည်း မစိုးရိမ်စာသင်တိုက်ကြီးနှင့်လည်း မနီးမဝေးဖြစ်ပြီး သစ်ရိပ်ဝါးရိပ်လည်းရှိသောအရပ်၌ ကျောင်းငယ်ဖြင့် နေထိုင်သီတင်းသုံးရန် စိတ်ကူးဖြစ်ပေါ်လာပါသည်။

မစိုးရိမ်ဆရာတော်ဘုရားကြီး၏ စိတ်အကြံကို သိရှိကြသော ကျောင်းဒါယကာ ဦးတော၊ ကျောင်းဒါယိကာမ ဒေါ်နိုင်တို့သည် ကျောင်းနေရာရှာ၍ ဆရာတော်ကြီးအား စိတ်ကြိုက်ရွေးချယ်စေခဲ့ပါသည်။ နောက်ဆုံးတွင် မန္တလေးမြို့ ဒိုင်းဝန်းကွင်းကျောင်း ဆရာတော် (လားရှိုး သုဗောဓာရုံဆရာတော်)၏ အကြံပြုချက်အရ ဒိုင်းဝန်းကွင်း မြောက်ဖက်ခြမ်းနေရာ၌ ကျောင်းမြေ အလှူခံရရှိခဲ့ပါသည်။ ထိုနေရာသည် နောက်ပိုင်း မြို့ဖွဲ့စည်းပုံအသစ်အရ ပြည်ကြီးတံခွန်မြို့နယ်၊ စိန်ပန်းရပ်အတွင်း ပါဝင်ပြီး မစိုးရိမ်တိုက်သစ် မြေနေရာ ဖြစ်ခဲ့ပါသည်။ ကျောင်းဝင်း အရှေ့မြောက်ထောင့်၌ ဦးတော၊ ဒေါ်နိုင်တို့၏ ဓမ္မဒါယာဒကျောင်းကို စတင်ဆောက်လုပ်လှူဒါန်း

ခဲ့ပါသည်။ မစိုးရိမ်ဆရာတော်ကြီးသည် ထိုကျောင်း၌ စတင်သီတင်းသုံး တော်မူ၍ အခါအားလျော်စွာ ကြွရောက်၍လည်း သီတင်းသုံးပါသည်။

## အနှိုက်နက်လျှင် အသိုက်မပျက်ပါ

မစိုးရိမ်ဆရာတော်ဘုရားကြီးသည် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ်ကို မူလက ကမ္မဋ္ဌာန်းရိပ်သာတောရဆန်ဆန်သဘောဖြင့် ၁၃၁၆-ခုနှစ် (ဆဋ္ဌသံဂါယနာတင်ကာလအတွင်းမှာပင်)ကျောင်းတိုက် အောင်မြင်ခဲ့သည်။ တစ်ဆက်တစ်စပ်တည်းသောကာလအတွင်း ဓမ္မဒါယာဒ၊ ဓမ္မဒီပ၊ ဓမ္မကာမ၊ ဓမ္မရံသီ၊ ဓမ္မပါလ စသည်ဖြင့် ကျောင်းဆောင်များ အသီးသီးကို တစ်ကျောင်း ပြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့မှုကြောင့် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းရပ် မစိုးရိမ်ကျောင်းတိုက်(တိုက်ဟောင်း)တွင် သံဃာမဆံ့တော့၍ ကျောင်းခွဲ ထပ်တိုးတည်ဆောက်ရခြင်းအဓိပ္ပာယ်သို့ ရောက်ခဲ့ပြီး မစိုးရိမ် တိုက်သစ်သည် တစ်စတစ်စ မြန်မာနိုင်ငံ ပရိယတ္တိသမိုင်း၌ နှစ်စဉ် ကျောင်း သံဃာနှစ်ထောင်ကျော် စာသင်သားတို့၏ ပညာသင်ကြားရာ မှတ်တမ်းဝင် ကျောင်းတိုက်ကြီး ဖြစ်လာခဲ့ပါသည်။

ဒေးဝန်းရပ် မစိုးရိမ်ကျောင်းတိုက်(တိုက်ဟောင်း)နှင့် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ်တို့သည် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရား ကြီး ဘဒ္ဒန္တသူရိယာဘိဝံသ ဦးဆောင်မှုအောက်တွင် အတူရှိခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီးနောက် ဆက်ခံတော်မူကြသော ကျောင်းတိုက် မဟာ နာယကတပည့်ကြီးများသည်လည်း နောင်တော် ညီတော်များပမာ ဆရာတော် ဘုရားကြီး ချမှတ်ခဲ့သောမူအတိုင်း အညီအညွတ်ပင် ရှိတော်မူကြပါသည်။ သို့သော်လည်း တိုက်နှစ်တိုက် အဆက်ဆက်အုပ်ချုပ်မှု၌ ဦးစီးဦးဆောင်မှု များကိုမူ ခွဲခြားထားရှိကြပါသည်။

ဆဋ္ဌသံဂါယနာတင် သံဃဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ဘုရားကြီးသည် ဆဋ္ဌသံဂါယနာတင်ပြီး ချိန်မှစ၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဆဋ္ဌ သံဂါယနာအမွေလုပ်ငန်းများတွင် ဆရာတော်ဘုရားကြီးသည် အခါအား လျော်စွာ အလျဉ်းသင့်သလို ဩဝါဒများ ချီမြှင့်ပေးခဲ့သည်ကိုလည်း မှတ်တမ်း များ၌ တွေ့ရှိရပါသည်။

၁၉၆၄-ခုနှစ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁) စတင်ထွက်ပေါ် လာချိန်တွင် ဗုဒ္ဓသာသနာအဖွဲ့၏လုပ်ငန်းများ ဆက်လက် ရှင်သန်ရေး စုံစမ်း စစ်ဆေး အစီရင်ခံစာတွေ့ရှိချက်အရ စာသင်တိုက်ကြီးများမှ အဘိဓာန်အဖွဲ့ ခွဲများ ဖွဲ့စည်း၍ ကူညီကြမှ အောင်မြင်မည့် အခြေအနေနှင့် ပတ်သက်၍ ဗုဒ္ဓသာသနာအဖွဲ့အုပ်ချုပ်ရေးအရာရှိချုပ် ဆရာကြီး ဦးလှမောင်(M.A, M.S,B.L.)သည် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးအား ဦးစွာမြင်မိခဲ့ပါသည်။ ဒုတိယမြောက် မဟာနာယက မစိုးရိမ်ဆရာတော် ဘုရားကြီး ဘဒ္ဒန္တသောမာဘိသိရီသည်လည်းကောင်း၊ တတိယမြောက် ဘဒ္ဒန္တသူရိယာဘိဝံသသည်လည်းကောင်း၊ ပထမကျော် ဘဒ္ဒန္တဉာဏသည် လည်းကောင်း၊ သဒ္ဒတ္ထရတနာဝလိ ပါဠိအဘိဓာန်ကျမ်းတွဲများကို ဆောင်ရွက် ဖူးသည့် အတွေ့အကြုံများလည်းရှိခဲ့ကြသဖြင့် အဘိဓာန်လုပ်ငန်းနှင့် ရင်းနှီးပြီး ဖြစ်ကြပါသည်။

ဆရာကြီးဦးလှမောင်သည် ထိုစဉ်က တော်လှန်ရေးကောင်စီအစိုးရ အုပ်ချုပ်မှုအသစ်အရ ဖျက်သိမ်းခံရသော နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ လုပ်ငန်းတာဝန်များကို သာသနာရေးညွှန်ကြားရေးဝန်အဖွဲ့သို့ လွှဲပြောင်းခြင်း မပြုသေးမီဖြစ်၍ ဗုဒ္ဓသာသနာအဖွဲ့၏ ယာယီအုပ်ချုပ်ရေး အရာရှိချုပ်အဖြစ် တာဝန်ရှိနေပါသည်။ ဆရာကြီးသည် သာသနာရေးဦးစီးဌာန ပေါ်ပေါက်လာ ချိန်တွင်လည်း ပထမဆုံး ညွှန်ကြားရေးမှူးချုပ် ဖြစ်ခဲ့၍ ဦးရွှေအောင်၊ ဦးအုံ့မောင်၊ ဦးကျော်လွင်၊ ဦးသိန်းအောင်၊ ဦးသောင်းလွင် စသော ခေတ်ပညာတတ်

ပါဠိပညာရှင်များကို သာသနာရေး ဦးစီးဌာနသို့ ခေါ်ယူစုစည်းပေးခဲ့သူလည်း ဖြစ်ပါသည်။

၁၃၂၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်(၉-၁-၁၉၆၅) ရက်နေ့တွင် ဆရာကြီးဦးလှမောင်သည် ဗုဒ္ဓသာသနာအဖွဲ့ ငွေစာရင်းကိုင် ချုပ် ဦးချစ်တင် လိုက်ပါလျက် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီးထံသို့ ရောက်ရှိလာပြီး တိပိဋက ပါဠိ-မြန်မာအဘိဓာန် ပြုစုရေး လုပ်ငန်းကြီး အခြေအနေကို လျှောက်ထားပြီး အဖွဲ့ခွဲဖြင့် ကူညီပါရန် လျှောက် ထားပါသည်။ ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်နာယကအဖွဲ့ဝင် များကို ခေါ်ယူဆွေးနွေး၍ အလျင်အမြန် တာဝန်ယူစေသည်။ မစိုးရိမ် ကျောင်းတိုက် ဂဏဝါစက စာချဆရာတော် ဘဒ္ဒန္တကောသလ္လ ခေါင်းဆောင် သော မစိုးရိမ် အဘိဓာန်အဖွဲ့ဝင်ဆရာတော်များသည် ရန်ကုန်မြို့၊ ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ လုပ်ငန်းများကို ရက်သတ္တနှစ်ပတ်ကြာ သွားရောက် လေ့လာပြီးနောက် ဇမ္ဗူဒီပအဘိဓာန်အဖွဲ့က ဆောင်ရွက်ထားပြီးဖြစ်သော က-ဝဂ်အက္ခရာတည်ပုဒ်များကို ယူဆောင်ခဲ့ကြပါသည်။ ဤသို့ဖြင့် မစိုးရိမ် အဘိဓာန်အဖွဲ့သည် မစိုးရိမ်ဆရာတော်ဘုရားကြီးအား ဦးဆောင်မှုနေရာ၌ ထားရှိ၍ အဖွဲ့ဝင်၁၅-ပါး ပါဝင်သော မစိုးရိမ်အဘိဓာန်အဖွဲ့ဟူ၍ ပေါ်ပေါက်ခဲ့ပြီး တစ်လမပြည့်မီအတွင်း တိပိဋက ပါဠိ-မြန်မာအဘိဓာန် လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

မစိုးရိမ်စာသင်တိုက်ကြီးတွင် စာချနာယက၊ တိုက်ကြပ် ဂဏဝါစက ဆရာတော်များသည် ရိုးရိုးဓမ္မာစရိယအပြင် မန္တလေးမြို့၌ ၁၉၀၃-ခုနှစ် ကစ၍ တည်ထောင်ကျင်းပခဲ့သော ပရိယတ္တိပညာရေးတွင် နာမည်ကျော် သာသနဟိတပရိယတ္တိဓမ္မာစရိယ(သကျသီဟ)စာမေးပွဲကိုပါ အောင်မြင် သည့် အရှင်မြတ်များဖြစ်ကြ၍ ဘွဲ့အမည်၏နောက်၌(အဘိဝံသ)ပါကြ လေသည်။ ပရိယတ္တိပညာအရည်အချင်းပြည့်မီသူများ ဖြစ်ကြသဖြင့်

မစိုးရိမ်အဘိဓာန်အဖွဲ့ ဖွဲ့စည်းသောအခါ အင်အားပြည့်ဆောင်ရွက်နိုင်သော အဖွဲ့ဝင်ဦးရေ အဆင်သင့်ရှိနေပါသည်။ ထို့ကြောင့်လည်း မစိုးရိမ်အဘိဓာန် အဖွဲ့က တာဝန်ကျသော က-ဝဂ်အက္ခရာတည်ပုဒ်များ ပါဝင်သော တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၅)နှင့် အတွဲ(၆)တို့ကို ခုနစ်နှစ်ခန့်ဖြင့် ပုံနှိပ်ထုတ် ဝေနိုင်အောင် ဆောင်ရွက်ခဲ့ပါသည်။

**အဘိဓာန်အတွဲ(၅)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ကြီး အမှူးထား၍ မစိုးရိမ် နာယကစာချဆရာတော်များ။ |
| **တည်ပုဒ်ပေါင်း** | က-ဝဂ်(က)မှ(ကိလေသွော)ထိ-၇၇၅၃။ |
| **စာမျက်နှာ** | နိဒါန်း ၄၈၊ အဘိဓာန် ၈၂၄။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊ ၁၉၆၉-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | ဗုဒ္ဓသာသနာအဖွဲ့အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင်(M.A,M.S,B.L.)။ |

**အနက်မှန်မှ နိဗ္ဗာန်ရ**

ပါဠိအဋ္ဌကထာ ဋီကာခေါ်ရိုး ကျမ်းသုံးမျိုးသည် အလွန်လျှင်ခိုင်မြဲ ခိုင်ခံ့သောကျမ်း၊ ယုံယုံကြည်ကြည် ခုံတည်ရသောကျမ်း၊ ဆန့်ကျင်ဘက်အယူ ရှိသူ ဝိတဏ္ဍဝါဒီတို့ မချောက်ချားနိုင် ကျောက်စိုင် ကျောက်ထီး ကျောက် တိုင်ကြီးနှင့် အလားတူ အရေးမူရသောကျမ်းများ ဖြစ်လေရာ ထိုကျောက် ထီးတန္တအလေးပြုရသော ကျမ်းများကို မှီခိုကိုးစား၍ ပြုစုထားသည့် ဤ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို လေ့လာသောအားဖြင့် ရှင်တော် ဘုရား၏ ခက်ခဲနက်နဲ သိမ်မွေ့လှသော ပါဠိတော်များ၏ အနက်အမှန်သို့ ဇကန်ချဉ်းကပ်နိုင်ပေမည်။ မှန်ကန်သောအနက်သို့ ဉာဏ်သက်ဝင်ပါမှ ဟောလိုရင်း အဓိပ္ပာယ်ကို လွယ်ကူစွာ သိရှိနိုင်ကြပေမည်။ တရားအဓိပ္ပာယ်

ကို လွယ်ကူစွာ သိရှိပါမှသာ မိစ္ဆာအယူအဆိပ်အတောက်တို့ လွင့်စင် ပပျောက်၍ လမ်းစဉ်မှန်သို့ရောက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေမည်။ အဘိဓာန်မရှိက အနက်မှားမည်။ အနက်မှားက အပါယ်လားမည့်ဘေးကို ရှောင်ရှား၍ အနက်မှန်မှ နိဗ္ဗာန်ရမည့်အရေးကို တွေးရှုလျက် တိပိဋက ပါဠိ-မြန်မာအဘိဓာန်သည် သာသနာတော်အတွက် မည်မျှအရေးကြီးကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

အဘိဓာန်အတွဲ(၅) နိဒါန်းစကားပါ ဖော်ပြချက်ဖြစ်ပါသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီးက ပုဒ်ပါဌ်တို့၏ အနက်မှန်ကို လမ်းပြပေးမှုကြောင့် နိဗ္ဗာန်မုခ်ဦးဆီ လှမ်းမျှော်နိုင်မည့် အခွင့်အလမ်းထိ ဖော်ပြထားသော မစိုးရိမ် အဘိဓာန်အဖွဲ့၏ ဖော်ကျူးစကားဖြစ်ပါသည်။

**အဘိဓာန်အတွဲ(၆)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ဘုရားကြီး အမှူးထား၍ မစိုးရိမ်နာယက စာချတော်များ။ |
| **တည်ပုဒ်ပေါင်း** | က-ဝဂ်(ကိလေသ)မှ(ငကာရ)ထိ၊ ၁၁၀၅၃။ |
| **စာမျက်နှာ** | နိဒါန်း ၂၀၊ အဘိဓာန်-၁၀၁၆။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊ ၁၉၇၂-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင် (M.A,M.S,B.L.)။ |

**ပ-ဝဂ်အဘိဓာန်တာဝန်**

အဘိဓာန်အဖွဲ့(၄)ဖွဲ့တို့သည် ဗျည်းအက္ခရာများကို တာဝန်ခွဲဝေ ယူခဲ့ရာ၌ မစိုးရိမ်အဘိဓာန်အဖွဲ့က က-ဝဂ်ကို တာဝန်ယူခဲ့သည့်နည်းတူ မဟာဝိသုဒ္ဓါရုံတိုက်သစ်က စ-ဝဂ်နှင့် ဋ-ဝဂ်တို့ကို တာဝန်ယူ၍ ရေးသား ပြုစုခဲ့ကြရာ ထိုအဖွဲ့ခွဲနှစ်ခုတို့သည် ၁၉၇၂-ခုနှစ်တွင် ပြိုင်တူနီးပါး ပြီးစီး

ခဲ့ကြပါသည်။ ထို့ကြောင့် ကမ္ဘာအေး ဇမ္ဗုဒီပအဘိဓာန်အဖွဲ့တွင် တာဝန် ခွဲဝေပေးရန် ကျန်ရှိနေသေးသည့် ပ-ဝဂ် အက္ခရာ (၅)လုံး တည်ပုဒ်များကို မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့နှင့် မစိုးရိမ်အဘိဓာန်အဖွဲ့တို့က ထက်ဝက်စီ ခွဲဝေယူကြရပါသည်။

ပစောက်အက္ခရာမှာ အဘိဓာန်ပုဒ်များသဖြင့် ပ-ဝဂ်ထဲမှ ပစောက် အက္ခရာအစပြု အဘိဓာန်တည်ပုဒ်များကို မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့က တာဝန်ယူပြီး ဖ-အက္ခရာမှ မ-အက္ခရာထိ အက္ခရာ ၄-လုံး အစပြု အဘိဓာန် တည်ပုဒ်များကို မစိုးရိမ်အဘိဓာန်အဖွဲ့က တာဝန်ယူပါသည်။

အဘိဓာန်အတွဲအားဖြင့်လည်း ပစောက်အက္ခရာ အဘိဓာန်ပုဒ်များ အတွက် မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့က အတွဲ(၁၃)နှင့် အတွဲ(၁၄)နှစ်တွဲ ခန့်မှန်း၍ ဆောင်ရွက်ခဲ့သည်။ မစိုးရိမ်အဘိဓာန်အဖွဲ့က တာဝန်ယူထားသည့် ဖ, ဗ, ဘ, မ အက္ခရာ(၄)လုံး အဘိဓာန်အတွက်လည်း အတွဲ(၁၅)နှင့် အတွဲ (၁၆)နှစ်တွဲ ခန့်မှန်း၍ ဆောင်ရွက်ခဲ့ကြပါသည်။

**အဘိဓာန်အတွဲ(၁၅)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ် ဆရာတော်ဘုရားကြီး အမှူးထား၍ ဘဒ္ဒန္တ စန္ဒောဘာသာဘိဝံသ ခေါင်းဆောင်သော မစိုးရိမ် နာယက ဂဏဝါစကစာချဆရာတော် (၁၇)ပါး။ |
| **တည်ပုဒ်ပေါင်း** | ပ-ဝဂ်(ဖ)မှ (ဘောဝါဒီ)ထိ ၉၅၇၁။ |
| **စာမျက်နှာ** | နိဒါန်း ၂၂ အဘိဓာန် ၈၂၀။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊၁၉၈၂-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်။ |

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁၅)ကို ဆက်လက်ဆောင်ရွက်ဆဲကာလဖြစ်သော ၁၃၃၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက် (၃၁-၁၀-၁၉၇၅)ရက်နေ့တွင် ဆဋ္ဌသံဂါယနာတင် သံဃဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ တတိယမြောက် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ဘုရားကြီး သက်တော် ၉၆-ခုနှစ် သိက္ခာတော်(၇၆)ဝါသည် ဘုရားရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သည့် အနိစ္စာ ဓတ သဘာ်ရာ သဘောအရ ဘဝတစ်သွန် လွန်တော်မူခဲ့ပါသည်။

မစိုးရိမ်ကျောင်းတိုက်ကြီး၌ စတုတ္ထမြောက်မဟာနာယက ဖြစ်လာသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော်ကြီးသည် မဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ ဦးဆောင်သော အဘိဓာန်အဖွဲ့ဝင်(၁၇)ပါးတို့ဖြင့်လည်းကောင်း၊ ဘဒ္ဒန္တနာရဒါဘိဝံသ ဦးဆောင်ပါဝင်သော အဘိဓာန်အဖွဲ့ဝင် (၂၁)ပါးတို့ဖြင့်လည်းကောင်း အဘိဓာန်အတွဲ (၁၅) နှင့် အဘိဓာန် အတွဲ(၁၆)တို့ကို ပြီးစီးအောင်မြင်သည်အထိ ဆောင်ရွက်ခဲ့ကြပါသည်။

**အဘိဓာန်အတွဲ(၁၆)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော်ဘုရားကြီး အမှူးထား၍ မဟာနာယက ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ ခေါင်းဆောင်သော နာယက စာချဆရာတော်(၂၁)ပါး။ |
| **တည်ပုဒ်ပေါင်း** | ပ-ဝဂ်(မ)မှ (မိတ္တပုဗ္ဗ)ထိ ၁၀၂၃၅။ |
| **စာမျက်နှာ** | နိဒါန်း ၁၈၊ အဘိဓာန်-၈၆၂။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၁၀၀၀၊ ၁၉၈၉-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း။ |

၁၉၈၉-ခုနှစ် အဘိဓာန်အတွဲ(၁၆)ပြီးစီးချိန်တွင် မစိုးရိမ်ကျောင်းတိုက် စတုတ္ထမြောက်နှင့်ပဥ္စမမြောက် ဆရာတော်နှစ်ပါးတို့သည် တစ်နှစ်နီးပါးအတွင်း ပျံလွန်တော်မူခဲ့ကြပါသည်။ အဘိဓဇမဟာရဋ္ဌဂုရု ပဌာန်းဆရာတော်ဘုရားကြီးသည် ၁၃၄၄-ခုနှစ်တွင်လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသသည် ၁၃၄၅-ခုနှစ်တွင် လွန်တော်မူကြပါသည်။

**အဘိဓာန်လက်ကျန်တာဝန်**

မန္တလေးမစိုးရိမ် အဘိဓာန်အဖွဲ့သည် ကျောင်းတိုက်အတွင်း သက်ရှယ်တော်ကြီးရင့်တော်မူသည့် မဟာနာယကဆရာတော်ကြီးများအပြင် နာယကစာချ ဆရာတော်များသည်လည်း အရံအင်အားအဖြစ် အသင့်ရှိနေကြပါသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အောင်မြင်ပြီးမြောက်ရေးအတွက် ၁၉၆၅-ခုနှစ်မှ ၁၉၈၉-ခုနှစ်ထိ (၂၄)နှစ်အတွင်း တာဝန်ကျအဘိဓာန်အတွဲ(၄)တွဲကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ထိုအချိန်တွင် မူလအဘိဓာန်အဖွဲ့ဖြစ်ခဲ့သော ဇမ္ဗူဒီပအဘိဓာန်အဖွဲ့တွင် အင်အားလျော့နည်းသွားသဖြင့် သရအဘိဓာန်နှစ်တွဲ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေခဲ့ပါသည်။ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အဘိဓာန်ဌာနတာဝန်ရှိသူတို့နှင့်အတူ မစိုးရိမ်ကျောင်းတိုက် မဟာနာယက ဆရာတော်များထံမှောက်သို့ သွားရောက်၍ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့၏ သရအဘိဓာန်နှစ်တွဲကို ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် လျှောက်ထားကြပါသည်။

ထိုအချိန်က မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်(ဒေးဝန်း)ကျောင်းတွင် ဆဋ္ဌမြောက် မဟာနာယက ဘဒ္ဒန္တနာရဒါဘိဝံသ၊ သတ္တမမြောက် ဘဒ္ဒန္တပညာသာမိဘိဝံသတို့နှင့် မစိုးရိမ်တိုက်သစ်(စိန်ပန်း)ကျောင်း၌ ဘဒ္ဒန္တသိရိန္ဒာဘိဝံသတို့ စီမံအုပ်ချုပ်တော်မူလျက်ရှိကြပြီး ဆရာတော်ကြီးများဦးဆောင်မှုဖြင့် ဇမ္ဗူဒီပအဘိဓာန်အဖွဲ့က လက်ကျန်သရအဘိဓာန်အတွဲ (၄)

အပိုင်း(၂)နှင့် အတွဲ(၄)အပိုင်း(၃)တို့ကို ပြီးမြောက်သည်အထိ လက်ခံဆောင်ရွက်ပေးရန် သဘောတူတော်မူခဲ့ကြပါသည်။

အဘိဓာန်အတွဲ(၄)အပိုင်း(၂) ပြီးစီးချိန်တွင် မစိုးရိမ်ကျောင်းတိုက် ဆဋ္ဌမြောက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသနှင့် မစိုးရိမ်တိုက်သစ် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ဆရာတော်ဘုရားကြီးတို့ လွန်တော်မူကြပါသည်။

## ကွန်ပျူတာ စာစီမှုအဘိဓာန်

၂၀၀၀-ပြည့် ဝန်းကျင်နှစ်များတွင် ပုံနှိပ်လုပ်ငန်းများတွင် ကွန်ပျူတာဖြင့် စာစီပုံနှိပ်ခြင်း ပေါ်လာသဖြင့် အဘိဓာန်ကျမ်းပြု ဆရာတော်များအဖို့ လုပ်ငန်းပိုမို လျင်မြန်စေခဲ့ပါသည်။ အဘိဓာန်ဆရာတော်များသည် သာသနာရေးဦးစီးဌာနက လှူဒါန်းသော ကွန်ပျူတာစက်များဖြင့် စာစီ၍ အဘိဓာန်တည်းဖြတ်ပြင်ဆင်ခြင်းကိုပါ ကွန်ပျူတာပေါ်၌ အနီးကပ် လွယ်ကူစွာဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် အဘိဓာန်အတွဲ(၄) အပိုင်း(၂)ကစ၍ ကွန်ပျူတာစာမူ ဖြစ်လာပါသည်။

## အဘိဓာန်အတွဲ(၄)အပိုင်း(၂)

**ဦးဆောင်ပုဂ္ဂိုလ်** — အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးများ၊ မဟာနာယက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တပညာသာမိဘိဝံသ ဆရာတော်ဘုရားကြီးတို့ ဦးဆောင်မှုဖြင့် မစိုးရိမ်ကျောင်းတိုက် နာယကစာချ ဆရာတော်(၂၃)ပါး။

**တည်ပုဒ်ပေါင်း** — သရ(ဥဒ)မှ(ဥဠုရာဇ)ထိ ၆၃၇၈။

**စာမျက်နှာ** — နိဒါန်း ၁၈၊ အဘိဓာန်-၆၆၄။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀ အုပ်၊ ၂၀၀၃-ခုနှစ်။
**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်။

## အဘိဓာန်အတွဲ(၄)အပိုင်း(၃)

**ဦးဆောင်ပုဂ္ဂိုလ်** အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးများ၊
အမျူးထား၍ မဟာနာယက ဘဒ္ဒန္တပညာသာမိဘိဝံသ
ဆရာတော်ကြီးနှင့် မစိုးရိမ်ကျောင်းတိုက်နာယက
စာချဆရာတော်(၁၃)ပါးအဖွဲ့။
**တည်ပုဒ်ပေါင်း** သရ(ဦ)မှ(ဩဠုမ္ပိက)ထိ ၅၁၆၃။
**စာမျက်နှာ** နိဒါန်း ၁၈၊ အဘိဓာန်-၇၀၈။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀ အုပ်၊ ၂၀၁၀-ခုနှစ်။
**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်။

## ထပ်ဆင့်ပေါ်လာ မှုဝန်တာ

မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့တွင် မစိုးရိမ်တိုက်(ဒေးဝန်း)နှင့် မစိုးရိမ်တိုက်သစ်(စိန်ပန်း)တို့မှ နာယကဆရာတော်များ ပါဝင်သဖြင့် အင်အားတောင့်တင်းလာသည့်အပြင် အတွေ့အကြုံလည်း ရင့်ကျက်ပြီးဖြစ်၍ ကွန်ပျူတာစာစီစနစ်ဖြင့် အဘိဓာန်လုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ သရအဘိဓာန် လက်ကျန်အတွဲ(၄) အပိုင်း(၂)နှင့် အတွဲ(၄)အပိုင်း(၃)တို့ကို ပြီးမြောက်သွားသည့်အခါ အပိုတာဝန်ပါ ပြီးဆုံးပြီဟု သတ်မှတ်နိုင်ခဲ့ပါ၏။ သို့သော်လည်း သာသနာရေးဦးစီးဌာန တာဝန်ရှိသူတို့သည် အဘိဓာန်ကျမ်းကြီး အမြန်ပြီးစီးစေရန် တောင့်တမှု ကြီးမားကြသဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့တွင် ပြုစုရန် ပ-ဝဂ်လက်ကျန် ကျမ်းတွဲနှစ်တွဲ ကျန်ရှိနေဆဲဖြစ်ရာ မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့

ဆရာတော်များထံ ခွင့်ပြုနိုင်မှုရှိ မရှိလျှောက်ထားပြီး မစိုးရိမ်ဆရာတော်များထံ အကူအညီ ထပ်မံတောင်းခံလျှောက်ထားကြပါသည်။ မစိုးရိမ်အဖွဲ့ ဆရာတော်များသည် ထုံးစံအတိုင်း အဘိဓာန်နှင့်ပတ်သက်လျှင် ကူညီရန် အဆင်သင့်ဖြစ်ကြသည့် အားလျော်စွာ ပ-ဝဂ် အဘိဓာန် အတွဲ(၁၄) အပိုင်း(၃)ကို လက်ခံ၍ တာဝန်ယူပေးခဲ့ကြပါသည်။

## လက်ဆင့်ကမ်း မဟာနာယကအဆက်ဆက်

အဘိဓာန်အတွဲ(၁၄)အပိုင်း(၃) လုပ်ငန်းတာဝန်ကို ၂၀၁၂-ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့၍ ၂၀၂၁-ခုနှစ်တွင် ပြီးစီးခဲ့သဖြင့် ၉-နှစ်ခန့် ကြာမြင့်ခဲ့ရပါသည်။ မစိုးရိမ်အဘိဓာန်အဖွဲ့၏ နောက်ဆုံးတာဝန်ဖြစ်ခဲ့သော ထိုအဘိဓာန်အတွဲကို ဆောင်ရွက်နေစဉ်ကာလအတွင်း မစိုးရိမ်ကျောင်းတိုက် သတ္တမမြောက် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာမီဘိဝံသ၊ အဋ္ဌမမြောက် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇောသာရာဘိဝံသ နဝမမြောက် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာဂရာဘိဝံသ၊ ဒသမမြောက် မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပဒုမာဘိဝံသ ဆရာတော်တို့သည်လည်းကောင်း၊ မစိုးရိမ်တိုက်သစ် မဟာနာယကများ ဖြစ်ကြသော ဘဒ္ဒန္တနာယကာဘိဝံသ၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဆရာတော်တို့သည်လည်းကောင်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပျံလွန်တော်မူကြပါသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်လုပ်ငန်းကြီး စတင်ဆောင်ရွက်ခဲ့စဉ်က ဖွဲ့စည်းခဲ့သော မစိုးရိမ်အဘိဓာန်အဖွဲ့ဝင် ဆရာတော်ကြီး(၁၅)ပါးတို့သည် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အားလုံးပြီးဆုံးချိန်ထိ လှမ်း၍ မျော်ခေါ်ငံ့လင့်လျက် စိတ်ချယုံကြည်စွာ ထားရစ်သွားကြပါသော်လည်း မစိုးရိမ်အဘိဓာန်အဖွဲ့၏ နောက်ဆုံးကျမ်းတွဲထိ မြင်တွေ့တော်မမူသွားခဲ့ကြပါ။

**အဘိဓာန်အတွဲ(၁၄)အပိုင်း(၃)**

**ဦးဆောင်ပုဂ္ဂိုလ်** အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးများ၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယက ဘဒ္ဒန္တ ကဝိန္ဒာဘိဝံသ ဦးဆောင်သော နာယက(၁၀)ပါး၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဘဒ္ဒန္တ ကေသရာဘိဝံသ ဦးဆောင်သော နာယက ဆရာတော် (၃၅)ပါး။

**တည်ပုဒ်ပေါင်း** ပ-ဝဂ်(ဝ)မှ (ပ္လုတ)ထိ ၉၇၅၁။

**စာမျက်နှာ** နိဒါန်း-၁၄၊ အဘိဓာန်-၁၀၇၈။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၂၂-ခုနှစ်။

**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။ ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး တာဝန်နှင့် စပ်လျဉ်း၍ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဦးဆောင်ပေးမှု မှန်ကန်ခြင်း၊ ဆရာတော်ဘုရားကြီး၏ ဦးဆောင်မှု၌ ရိုကျိုးမှုကို အစဉ်အဆက် အဆင့်ဆင့်ထိန်းသိမ်းခဲ့ကြခြင်း၊ ပရိယတ္တိနှင့်စပ်၍ ပရိယတ္တိသာသနာပြု ဓာတ်ခံခိုင်မာခဲ့ကြခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာအတွက် အကျိုးကျေးဇူး များလှသည့် အဘိဓာန်ကျမ်းကြီး အောင်မြင်စွာပေါ်ထွန်းရေး သမိုင်းမှတ်တိုင် ကြီးတွင် ပါဝင်လိုစိတ်ထက်သန်ကြခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံသူတို့၏ အောင်ပွဲပင် ဖြစ်ပါသည်။ မစိုးရိမ်အဘိဓာန်အဖွဲ့နည်းတူ ကျန်အဖွဲ့ခွဲများသည်လည်း ထိုထက်မလျော့သော ဆရာနည်းကျေပွန်၍ အစဉ်အဆက်တာဝန်ကို လေးစား ပရိယတ္တိသာသနာပြုစိတ်ထားဖြင့် ဆောင်ရွက်ခဲ့ကြ၍သာ အောင်မြင်ပြီးစီးခဲ့ခြင်း ဖြစ်ကြပါသည်။

မစိုးရိမ်အဘိဓာန်အဖွဲ့သည် အဘိဓာန်အတွဲပေါင်း(၇)တွဲ၊ အဘိဓာန် တည်ပုဒ်ပေါင်း ၅၉၉၀၂ နှင့် စာမျက်နှာပေါင်း ၅၉၇၂ တို့ကို ရေးသားပြုစုခဲ့ကြပါသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများမှ အစပြု၍ ဆရာတပည့် အစဉ်အဆက်တို့၏ ကြိုးပမ်းမှုအဆင့်ဆင့်တို့မှ ထွက်ပေါ်လာသော အောင်မြင်မှုကြီးဖြစ်၍ မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော်ဘုရားကြီးများနှင့် နာယကအဆင့်ဆင့်၊ မစိုးရိမ်ကျောင်းတိုက် စာသင်သားအဆက်ဆက်တို့ အနေနှင့်လည်းကောင်း ဂုဏ်ယူဝင့်ကြွားဖွယ်ရာ မှတ်တိုင်ကြီးတစ်ခု ဖြစ်ပါတော့သည်။

## နေမင်းတစ်ဆူ ထွက်ပြူလာပြီ

ကမ္ဘာတည်စ ခါသမယ၌ ကမ္ဘာဦးသူ လူအများတို့သည် အမှောင်ထုကြီးအတွင်းဝယ် ကြောက်ရွံ့စိုးထိတ်အားငယ်စိတ်တို့ဖြင့် နေထိုင်ကြစဉ် အရှေ့လောကဓာတ်မှ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးသည် ထွက်ပေါ်လာခဲ့၏။ ထိုအခါ လူအများသည် "အမှောင်ကင်း၍ အလင်းရပေပြီ"ဟု ဝမ်းသာအားရ ရဲရင့်တက်ကြွစိတ် ဖြစ်ပေါ်လာရကား နေမင်းကြီးကို (သူရိယ)ရဲရင့်ခြင်းကို ဖြစ်စေသူ-ဟု သမုတ်ဝေါဟာ အမည်သညာပြုခဲ့ကြပါ၏။ ထို့အတူ အနက်မထင် ပုဒ်မမြင်၍ ပင်ပန်းနွမ်းဟိုက် အမှောင်တိုက်ဝယ် စမ်းတဝါးဝါး စခန်းသွားနေကြရသည့် ပါဠိသုတေသီ ပညာရှင်များအဖို့ ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည် အတ္ထပဒ အလင်းပြ၍ အားရရွှင်လန်း ရဲစွမ်းသတ္တိ ရာနှုန်းပြည့်ဖြစ်စေလျက် ပေါ်ထွက်လာခဲ့ရကား "နေမင်းတဆူ ထွက်ပြူလာပြီ"ဟူ၍ပင် ဆိုသင့်ဆိုထိုက်လှပေ၏။ ကမ္ဘာ့ပါဠိစာပေပညာရှင်များသည် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးတည်းဟူသော နေမင်းကြီးကို အားကိုးအားထားပြု၍ ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်ကို အလွယ်တကူကူးမြောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသတည်း။

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓာန်အဖွဲ့ခွဲ၏ ပ-ဝဂ် အဘိဓာန်အတွဲ(၁၅) နိဒါန်းစကား၌ ဖော်ပြပါရှိသော ဥဒါနကထာဖြစ်ပါသည်။

❑ ❑ ❑

# မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့




14

မဟာဝိသုဒ္ဓါရုံတိုက်သစ်အဘိဓာန်အဖွဲ့တည်ရှိရာ

**မဟာဝိသုဒ္ဓါရုံတိုက်သစ်** ၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့

ဥက္ကဋ္ဌ



မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပဓာနနာယက

ရွှေကျင်နိကာယ နဝမမြောက် ဂဏာဓိပတိ

အဘိဓဇမဟာရဋ္ဌဂုရု

**ဘဒ္ဒန္တစန္ဒာဘိဝံသ မဟာထေရ်**

15

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့



16

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်
ရွှေကျင်နိကာယ ဒသမမြောက် ဂဏာဓိပတိ
အဘိဓဇမဟာရဋ္ဌဂုရု
မြောင်းမြဆရာတော် **ဘဒ္ဒန္တဉာဏဝံသာဘိဝံသ မဟာထေရ်**

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ အဘိဓာန်အဖွဲ့



ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက
မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျိုးဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု **ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ**

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ အဘိဓာန်အဖွဲ့



18

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက

မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှည်ဆရာတော်

အဘိဓဇမဟာရဋ္ဌဂုရု **ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ**

# မဟာဝိသုဒ္ဓါရုံ ဂဏဝါစက
# တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





**ရှေ့တန်း ဝဲ-မှ ယာ။** ။ ဦးဩဘာသဝိရ၊ ဦးကောဏ္ဍည၊ ဦးပရမ၊ ပိုက်ကျုံးဆရာတော်ကြီး၊ စံကင်းဆရာတော်ကြီး၊ မြောင်းမြဆရာတော်ကြီး၊ အသောကဆရာတော်၊ ဦးဓမ္မာဝုဓ၊ ဦးပညာသိရီ
**နောက်တန်း ဝဲ-မှ ယာ။** ။ ဦးဝိစိတ္တာဝံသ၊ ဦးဝိဇ္ဇာနန္ဒ၊ ဦးစန္ဒောဘာသ၊ ဦးဝိဝေက၊ ဦးဂုဏိက၊ ဦးအဂ္ဂဉာဏ၊ ဦးပဏ္ဍိတ၊ ဦးအရိယဉာဏ

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့





မဟာဝိသုဒ္ဓါရုံတိုက်သစ် ဂဏဝါစက
တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ

# မန္တလေးမြို့
# မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့

**ရွှေကျင်နိကာယ သာသနာဝင်**

ရတနာပုံ မန္တလေးရွှေမြို့တော်ကြီး တည်ထောင်ပြီးစအချိန် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ရွှေဘိုနယ် ရွှေကျင်ရွာဇာတိ ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလ သမာဓိ ပညာဘုန်းရိပ်၌ ခိုလှုံကြသည့် တပည့်သံဃာ များပြားလာခဲ့ရာ ရွှေကျင်ဂိုဏ်းဟူ၍ သံဃာ့ဂိုဏ်းကြီးတစ်ခု ဖြစ်ပေါ်လာပါသည်။ "အင်ကြင်းခက်ကျိုး ရွှေကျင်ဂိုဏ်း"ဟူသော ပရိဘာသာစကားအရ မြန်မာသက္ကရာဇ် ၁၂၂၂-ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်ဟု မှတ်ယူနိုင်သော ရွှေကျင်နိကာယသံဃာ့ဂိုဏ်းကြီးသည် ယခုအခါ ၁၃၈၅-ခုနှစ်တွင် နှစ်ပေါင်း ၁၆၀-ကျော်ကာလတိုင် ရွှေကျင်နိကာယသာသနာဝင် ခရီးစဉ်ကို ဖြတ်သန်းလျက်ရှိပါသည်။

ရွှေကျင်နိကာယသာသနာပိုင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်ပြီးသော် ဒုတိယမြောက် ရွှေကျင်နိကာယသာသနာပိုင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အပါအဝင် အဆက်ဆက်သော ရွှေကျင်နိကာယသာသနာပိုင်ဆရာတော်ဘုရားကြီးများ၏ ဦးဆောင်မှုအောက်ဝယ် ရွှေကျင်နိကာယဝင် သံဃာအပေါင်း၏ စည်းလုံးမှုကြောင့် ရွှေကျင်နိကာယဂိုဏ်းသည် ပိုမိုထင်ရှားလာပါသည်။ ဝိနည်းစာပြန်ပွဲများဖြင့် ဂိုဏ်းဝင်သံဃာစည်းလုံးမှုကို ညီညွတ်စေခြင်း၊ ပရိယတ္တိကျမ်းဂန်တတ်

ပရိယတ္တိစာသင်တိုက်ကြီးများ၏ ထင်ထင်ရှားရှား အောင်မြင်မှုကို ပြသနိုင်ခြင်းတို့ကြောင့် ဂိုဏ်းဝင်ကျောင်းများနှင့်သံဃာဦးရေသည် တစ်နေ့တခြားတိုးပွားလာခဲ့ပါသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ၁၂၈၅-ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးမှတ်တမ်းတွင် ရွှေကျင်ဂိုဏ်းဝင်ကျောင်းပေါင်း ၁၂၀၀-ကျော်နှင့် ဂိုဏ်းဝင်သံဃာဦးရေ ရှစ်ထောင့်သုံးရာကျော်ရှိခဲ့ရာမှ ယခု ၁၃၈၄-ခု (၂၀၂၂)ခုနှစ်ကာလ သာသနာရေးဦးစီးဌာန၏ ဝါဆိုသံဃာစာရင်းအရ ဂိုဏ်းဝင်ကျောင်းပေါင်းလေးထောင်ကျော်နှင့် ဂိုဏ်းဝင်သံဃာဦးရေ ငါးသောင်းငါးထောင်ကျော်ရှိသဖြင့် နှိုင်းယှဉ်လျှင်တိုးတက်မှုအချိုးကို မှန်းဆနိုင်မည်ဖြစ်ပါသည်။

## ရွှေကျင်နိကာယ သာသနာပိုင်

မန္တလေးမြို့ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးသည် မန္တလေးတောင်မြောက်ဘက် တောင်ခြေအနီးတွင် တည်ရှိပါသည်။ ရွှေကျင်နိကာယဂဏာသမုဋ္ဌာပကသာသနာပိုင် ဘဒ္ဒန္တဇာဂရမဟာထေရ် ဆရာတော်ဘုရားကြီးအား ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးက ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် မဟာဓမ္မိကာရာမရွှေကျင်တိုက်ကြီးသည် မူလဗဟိုဖြစ်ခဲ့ပါသည်။ ထိုမဟာဓမ္မိကာရာမကျောင်းတိုက်ကြီးတွင် မူလရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူ၍ ရွှေကျင်နိကာယဂိုဏ်းကိုအခြေပြုတည်ထောင်ခဲ့သဖြင့် ရွှေကျင်တိုက်မကြီးဟူ၍လည်း အမည်ရခဲ့ပါသည်။ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးကို ဝန်းရံသောအားဖြင့် ထရံကာတိုက်၊ ရမည်းသင်းတိုက်၊ မင်းခင်းတိုက်နှင့် မြတောင်တိုက်တို့ကိုပါ ပေါင်းစုလျက် ရွှေကျင်ငါးတိုက်ဟူ၍ ဖြစ်ပေါ်ခဲ့ပါသည်။

## မဟာဝိသုဒ္ဓါရာမ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ဘဒ္ဒန္တဝိသုဒ္ဓါစာရမထေရ် ၁၄-ဝါအရ ၁၂၃၄-ခုနှစ်တွင် မင်းတုန်းမင်းကြီး၏ အလယ်နန်းမတော်မိဖုရား(ဆင်ဖြူရှင်မ)က မန္တလေးမြို့ အရှေ့ ပြင်ရပ်၌ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မဟာဝိသုဒ္ဓါရာမ (အရှေ့ဝိသုဒ္ဓါရုံ)ကျောင်းတိုက်၌ ဘဒ္ဒန္တဝိသုဒ္ဓါစာရသည် စာပေပို့ချရင်း ပရမတ္ထသရူပဘေဒနီကျမ်း၊ ဆိဒ္ဓပိဓာနနီကျမ်း၊ ဝိနယကောသလ္လကျမ်းစသဖြင့် ကျမ်းပေါင်းများစွာ ပြုစုတော်မူသဖြင့် ပထမရွှေကျင်ဆရာတော်ကြီးကဲ့သို့ပင် မင်းတုန်းမင်းကြီး ဆက်ကပ်သောဘွဲ့တံဆိပ်အပြင် သီပေါမင်းလက်ထက် ဆက်ကပ်သော ဘွဲ့တံဆိပ်တို့ကိုလည်း ဆက်ကပ်ခံရပါသည်။

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် အရှေ့ဝိသုဒ္ဓါရုံ မဟာဝိသုဒ္ဓါရာမ၌ ၂၁-ဝါမျှ သီတင်းသုံးနေထိုင်ချိန်တွင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး လွန်တော်မူသဖြင့် ဆရာတော်ဘုရားကြီးအား ရွှေကျင်နိကာယဂိုဏ်းကြီး၏ ဒုတိယမြောက်သာသနာပိုင်အဖြစ် ၁၂၅၆-ခုနှစ်တွင် တင်မြှောက်ခံရပါသည်။ ဆရာတော်ဘုရားကြီးအား ကြည်ညိုကြသဖြင့် ဆောက်လုပ်လှူဒါန်းကြသော ကျောင်းပေါင်း ၁၁-ကျောင်းရှိလာပြီး ထိုကျောင်းများအနက် မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ်(ရွှေတစ်ချောင်းအနောက်ဘက်)တွင် စာရေးတော်ကြီး ဦးလူကလေးနှင့် အမေဒေါ်မမကြီးတို့ ဆောက်လုပ်လှူဒါန်းကြသည့် မဟာဝိသုဒ္ဓါရုံတိုက်သစ်လည်း ပါဝင်ပါသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ထိုမဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ ၁၂၆၅-ခုနှစ်တွင် ပြောင်းရွှေ့၍ စတင်သီတင်းသုံးခဲ့ပါသည်။ ထိုအချိန်မှစ၍ ရွှေကျင်နိကာယဂိုဏ်း ဒုတိယသာသနာပိုင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်သည် ရွှေကျင်နိကာယဂိုဏ်း၏ သံဃာ့ကိစ္စအဝဝကို

စီမံခန့်ခွဲရာ ဗဟိုဌာနဖြစ်ခဲ့ပြီး ရွှေကျင်ဂိုဏ်းသံဃာရုံးစိုက်ရာသဖွယ် ထင်ရှားခဲ့ပါသည်။

## ရွှေကျင်နိကာယ ဗဟိုဌာန

၁၂၇၈-ခုနှစ်တွင် ရွှေကျင်ဂိုဏ်းဒုတိယမြောက် သာသနာပိုင် မဟာဝိသုဒ္ဓါရာမတိုက်တည် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစာရ၊ တိုက်ကြပ်ဆရာတော်ဘဒ္ဒန္တကောသလ္လတို့က ကျောင်းတိုက်ကို ဆက်လက်၍ စီမံဆောင်ရွက်ခဲ့ပါသည်။

ရွှေကျင်နိကာယဂိုဏ်းတတိယမြောက် သာသနာပိုင်ဖြစ်တော်မူသော အရှေ့ဝိသုဒ္ဓါရာမကျောင်းတိုက် ဘဒ္ဒန္တဉာဏဝရ ဒီပဲယင်းဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက်သီတင်းသုံးတော်မူပြီး ရွှေကျင်နိကာယဂိုဏ်းကြီးကို ၁၂၈၉-ခုနှစ်ထိ ဦးဆောင်မှုပေးခဲ့ပါသည်။ ဒီပဲယင်းဆရာတော်ဘုရားကြီးပျံလွန်သော် မုံရွာအလုံဆရာတော် ဘဒ္ဒန္တတိဿဆရာတော်ဘုရားကြီးက ၁၂၉၀-ပြည့်နှစ်ထိလည်းကောင်း၊ ရှိမ့်ကားချမ်းသာကြီးဆရာတော် ဘဒ္ဒန္တဇနိန္ဒဆရာတော်ဘုရားကြီးက ၁၂၉၁-ခုနှစ်ထိလည်းကောင်း၊ ဝက်လက်လှတောကြီးဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒဆရာတော်ဘုရားကြီးက ၁၂၉၅-ခုနှစ်ထိလည်းကောင်း၊ ကျိုက်လတ် ပဋ္ဌာန်မာရုံဆရာတော် ဘဒ္ဒန္တကေလာသက ၁၃၁၁-ခုနှစ်ထိလည်းကောင်း၊ ကန္တီဆရာတော် ဘဒ္ဒန္တကောသလ္လဆရာတော်ဘုရားကြီးက ၁၃၁၃-ခုနှစ်ထိလည်းကောင်း ရွှေကျင်နိကာယဂိုဏ်းသာသနာပိုင် ဂဏာဓိပတိဆရာတော်ဘုရားကြီး အဆက်ဆက်တို့သည် မိမိတို့သီတင်းသုံးရာကျောင်းတိုက်များ၌ သီတင်းသုံးတော်မူရင်း ရွှေကျင်ဂိုဏ်းဝင်သံဃာတော်အပေါင်း၏ အားထားရာ မထေရ်မြတ်ကြီးများဖြစ်ခဲ့ကြပါသည်။

## မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကဆရာတော်များ

၁၂၆၅-ခုနှစ် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဒေးဝန်းရပ် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးစဉ်က ဆရာတော် ဘဒ္ဒန္တဝိစာရ၊ ဆရာတော်ဘဒ္ဒန္တကောသလ္လ၊ ဆရာတော်ဘဒ္ဒန္တစန္ဒ၊ ဆရာတော် ဘဒ္ဒန္တအဂ္ဂမ မွ စသည့်နာယကစာချဆရာတော်များလည်း အတူလိုက်ပါခဲ့ကြပါသည်။ ထို့နောက် ဆရာတော်ဘဒ္ဒန္တဝိစာရအား တိုက်အုပ်ဆရာတော်အဖြစ်လည်းကောင်း၊ ဆရာတော် ဘဒ္ဒန္တကောသလ္လအား တိုက်ကြပ်ဆရာတော်အဖြစ်လည်းကောင်း ဝိသုဒ္ဓါရုံဆရာတော်ကြီးက ခန့်အပ်ပေးထားခဲ့ပါသည်။ တိုက်အုပ်တိုက်ကြပ် ဆရာတော်နှစ်ပါးတို့သည် မဟာဝိသုဒ္ဓါရုံတိုက်၏ ရွှေကျင်နိကာယဇဟိုဌာနတာဝန်များကိုပါယူခဲ့ကြရပြီး ၁၂၈၄-ခုနှစ်၊ ဆရာတော် ဘဒ္ဒန္တဝိစာရပျံလွန်တော်မူသောအခါ ဆရာတော် ဘဒ္ဒန္တကောသလ္လသည် တိုက်အုပ်ဆရာတော်ဖြစ်ကာ ရွှေကျင်နိကာယဂိုဏ်းလုံးဆိုင်ရာ ဥက္ကဋ္ဌ မဟာနာယကတာဝန်ကိုပါယူခဲ့ရပါသည်။ ဆရာတော် ဘဒ္ဒန္တအဂ္ဂမမွာဘိဝံသသည်လည်း ၁၂၈၉-ခုနှစ်တွင် ဒီပဲယင်းဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ အဘယာရာမရွှေဂူတိုက်သို့ ရောက်ရှိသွားပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၃၀၅-ခုနှစ် (၁၉၄၃)ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပါသည်။

## နဝမမြောက် သာသနာပိုင် စံကင်းဆရာတော်

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးအား မနုဖြူတစ်ဖက်ကမ်း စံကင်းရွာကျောင်းကြီးကို လှူဒါန်းလာသဖြင့် ဆရာတော်ဘုရားကြီး၏ တာဝန်ပေးမှုအရ ဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသသည် ၁၂၆၆-ခုနှစ်တွင် ထိုကျောင်း၌ သွားရောက်တာဝန်ယူပေးခဲ့ရပါသည်။ ထိုစံကင်းရွာကျောင်းအမည်ဖြင့် ထင်ရှားခဲ့သော စံကင်းဆရာတော်ဘုရားကြီးသည် ၁၃၀၅-ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုး ဝိပဿနာဂန္ဓာရုံ၌ ကမ္မဋ္ဌာန်းတရားပြသနေချိန် ၁၃၁၃-ခုနှစ်(၁၉၅၁)တွင် နဝမမြောက် ရွှေကျင်နိကာယဂိုဏ်း သာသနာပိုင်

ဆရာတော်အဖြစ် တင်မြှောက်ခံရပါသည်။ ရွှေကျင်ဂိုဏ်းသံဃာတော်များနှင့် ဝိသုဒ္ဓါရုံမဟာနာယကဆရာတော်များ၏ ပင့်လျှောက်ထားချက်အရ ဘဒ္ဒန္တ စန္ဒာဘိဝံသ စံကင်းဆရာတော်ဘုရားကြီးသည် ရွှေကျင်နိကာယဂိုဏ်း ဗဟိုဌာနဖြစ်သော ဒေးဝန်းရပ် မဟာဝိသုဒ္ဓါရုံတိုက်တွင် ၁၃၁၅ -ခုနှစ်မှစတင်၍ ပြန်လည်ကြွရောက် သီတင်းသုံးခဲ့သဖြင့် သာသနာပိုင်ဆရာတော်ကြီးနှင့် ရွှေကျင်နိကာယဂိုဏ်းဗဟိုဌာနတို့ ညီညွတ်သွားခဲ့သည်ဟု ဆိုရပါမည်။ ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ဆဋ္ဌမြောက် မဟာနာယကအနေနှင့်လည်း တာဝန်ရှိခဲ့ပါသည်။

နဝမမြောက် ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ပြန်လည် သီတင်းသုံးတော်မူသောအချိန်သည် မြန်မာနိုင်ငံ၌ ဆဋ္ဌသံဂါယနာပွဲကြီး ကျင်းပရန် ၂-နှစ်အလိုတွင် ဖြစ်ခဲ့သည်။ စံကင်းဆရာတော်ဘုရားကြီးသည် ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် သက်တော်ရှည်ဩဝါဒါစရိယဆရာတော်အဖြစ် ပါဝင်ခဲ့ပါသည်။ ဆဋ္ဌသံဂါယနာပွဲကြီး၏ ပရိယတ္တိသာသနာအကျိုးကျေးဇူးကို သိရှိတော်မူသည်နှင့်အမျှ ဆဋ္ဌသံဂါယနာတင်ပွဲ၏ နောက်ဆက်တွဲ သာသနာပြုအမွေလုပ်ငန်းများနှင့်ပတ်သက်၍လည်း တာဝန်ကိုသိရှိ ခဲ့ပါသည်။

ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြီးမြောက်စအချိန်က မစိုးရိမ်ကျောင်းတိုက်ကြီးကို အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ဘုရားကြီးက ဦးဆောင်ဦးရွက်ပြုနေသကဲ့သို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်းတိုက်ကို ရွှေကျင်နိကာယဂိုဏ်း နဝမမြောက်သာသနာပိုင် သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးက ဦးစီးပဓာနအဖြစ် အုပ်ချုပ်တော်မူလျက် ရှိကြပါသည်။ ထိုကျောင်းတိုက်ကြီးနှစ်ခုတို့သည် မန္တလေးမြို့ ဒေးဝန်းရပ်၌ လမ်းတစ်ဖက်ခြားစီဖြင့် အတူယှဉ်တွဲ တည်ရှိကြပါသည်။

## မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့

၁၃၂၇-ခုနှစ်(၁၉၆၆)တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်း၌ သီတင်းသုံးခဲ့သော ရွှေကျင်နိကာယဥပဥက္က႒ ဘဒ္ဒန္တ ဉာဏဝံသာဘိဝံသ မြောင်းမြဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ မဟာဗောဓိကျောင်းတိုက်တွင် ခေတ္တသီတင်းသုံးနေချိန်ဖြစ်ပါသည်။ ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းရေးကော်မတီအတွင်းရေးမှူး ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင်နှင့် အဘိဓာန်အဖွဲ့ရုံးအဖွဲ့မှူး ဦးဗိုလ်မောင်တို့သည် ၈-၁-၁၉၆၆ ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗောဓိကျောင်းတိုက်သို့ သွားရောက်၍ မြောင်းမြဆရာတော်ဘုရားကြီးအား တိပိဋက ပါဠိ-မြန်မာအဘိဓာန်လုပ်ငန်း၌ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ အဖွဲ့ခွဲတစ်ခုအနေနှင့် ပါဝင်ကူညီနိုင်ရေးအတွက် ဦးစွာလျှောက်ထားကြပါသည်။

မြောင်းမြဆရာတော်ဘုရားကြီးက အဘိဓာန်ကိစ္စသည် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်သဖြင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးနှင့်တကွ ကျောင်းတိုက်နာယကစာချဆရာတော်များနှင့်ပါ အညီအညွတ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မိန့်ကြားပါသည်။ မြောင်းမြဆရာတော်ဘုရားကြီး မန္တလေးမြို့သို့ ကြွရောက်နိုင်မည့်ရက်ကို ညှိနှိုင်းလျှောက်ထား၍ ဆရာဦးလှမောင်နှင့် အဘိဓာန်အဖွဲ့သည် မြောင်းမြဆရာတော်ဘုရားကြီးကိုပါ ပင့်ဆောင်၍ ၁၉-၁-၁၉၆၆ ရက်နေ့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်းတိုက်သို့ ရောက်ရှိခဲ့ကြပြီး ရွှေကျင်ဂိုဏ်းသာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး ဦးထိပ်ထားလျက် အဘိဓာန်ကိစ္စ ရှင်းလင်းလျှောက်ထားကြပါသည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကရွှေကျင်နိကာယဂိုဏ်း နဝမမြောက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဘိဝံသ စံကင်း

ဆရာတော်ဘုရားကြီးက တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီးမျိုးသည် ပုဂံခေတ်ကပင် သဒ္ဒနီတိကျမ်းနှင့်အတူပေါ်ထွက်သင့်သော အလွန်တန်ဖိုး မြင့်မားသည့်ကျမ်းဖြစ်၍ ဆရာဒကာညီညွတ်စွာ အကောင်အထည်ဖော်ခွင့် ရရှိသည့် သာသနာ့တာဝန်သဘောထား၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းစကားမိန့်ကြားခဲ့ပါသည်။

သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးနှင့် မြောင်းမြ ဆရာတော်ဘုရားကြီးတို့ကို အမှူးပြုလျက် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံး ကျောင်း ဘဒ္ဒန္တဇာနေယျဗုဒ္ဓိခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၀-ဦးပါဝင်သော မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့ကို ချက်ချင်းဖွဲ့စည်းစေပြီး ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အဘိဓာန်အဖွဲ့ရုံးရှိရာသို့(၃၁-၁-၁၉၆၆)ရက်နေ့တွင် ကြွရောက်ကြပါသည်။ မဟာဝိသုဒ္ဓါရုံ အဘိဓာန်အဖွဲ့သည် ဇမ္ဗူဒီပ အဘိဓာန် အဖွဲ့လုပ်ငန်းများကို နှစ်ပတ်ကြာလေ့လာပြီးနောက် တာဝန်ကျ စ-ဝဂ်နှင့် ဋ-ဝဂ် အဘိဓာန် တည်ပုဒ်များကို ယူဆောင်လာခဲ့ကြပြီးအဖွဲ့ဝင် ၇-ပါး ထပ်မံတိုးချဲ့ဖွဲ့၍ အဘိဓာန်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြပါသည်။

**အဘိဓာန်လုပ်ငန်းစဉ်**

စာစုခြင်း (သံဟရဏ)၊ အက္ခရာစဉ်ခြင်း (အက္ခရာဝလိကရဏ)၊ ကျမ်းညွှန်းစီစဉ်ခြင်း (ပိဋ္ဌက်ပဒေသ)တို့ကို ဇမ္ဗူဒီပအဘိဓာန်အဖွဲ့က အကြမ်းအားဖြင့် ဆောင်ရွက်ထားပြီးဖြစ်၍ ကျမ်းပြုခြင်း(ဂန္ထကရဏ)၊ ပြန်လည်စိစစ်ခြင်း(ပဋိဝိသောဓက)နှင့် အပြီးသတ်သုတ်သင်ခြင်း (သြသာနသောဓက)တို့ကို မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့က ဆက်လက် ဆောင်ရွက်၍ စာမူချောထိတာဝန်ယူပြုစုခဲ့ကြပါသည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီက မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လာဘိဝံသ ဦးစီး၍ ဝိသုဒ္ဓါရုံအဘိဓာန်ကို ဆောင်ရွက်သည့် အစဉ် အလာရှိခဲ့ဖူးရာ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုစုရာ၌ တာဝန်ကျ

စ-ဝဂ်၊ ဋ-ဝဂ် အဘိဓာန်အတွဲ(၇)နှင့် အတွဲ(၈)တို့ကိုအခက်အခဲမရှိ အဘိဓာန်အင်္ဂါစဉ်နှင့်အညီ ဆောင်ရွက်ခဲ့ကြပါသည်။ အဘိဓာန်ပုဒ်များ စာပြုခြင်း၊ တည်းဖြတ်ခြင်းတို့ကို တစ်ပြိုင်တည်းဆိုသလို တာဝန်ခွဲဝေ ဆောင်ရွက်ခဲ့ကြသဖြင့် အဘိဓာန်အုပ်တွဲ(၇)နှင့်(၈)တို့မှာ မရှေးမနှောင်း ဆိုသလို ပုံနှိပ်ပြီးစီးခဲ့ပါသည်။

**အဘိဓာန်အတွဲ(၇)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်း ဆရာတော်ဘုရားကြီးနှင့် မြောင်းမြဆရာတော် ဘုရားကြီးတို့ကို အမှူးထားလျက် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ ပိုက်ကျုံးဆရာတော်ဘုရားကြီး ဦးဆောင်သည့် ဝိသုဒ္ဓါရုံနာယက စာချဆရာတော် (၁၇)ပါး။ |
| **တည်ပုဒ်ပေါင်း** | စ-ဝဂ် (စ)မှ (ဆိဋ္ဌေယျံ)ထိ-၆၇၇၅။ |
| **စာမျက်နှာ** | နိဒါန်း-၅၂၊ အဘိဓာန်-၇၈၈။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊ ၁၉၇၀-ပြည့်နှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင် (M.A, M.S,B.L.)။ |

**အဘိဓာန်အတွဲ(၈)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်း ဆရာတော်ဘုရားကြီးနှင့် မြောင်းမြဆရာတော် ဘုရားကြီးတို့ကို အမှူးထားလျက် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ ပိုက်ကျုံးဆရာတော် ဦးဆောင်သော မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်နာယကစာချဆရာတော်များ။ |
| **တည်ပုဒ်ပေါင်း** | စ-ဝဂ် (ဆိဒ္ဒ)မှ (ဏျပစ္စယတ္ထ)ထိ-၆၄၈၄။ |
| **စာမျက်နှာ** | နိဒါန်း-၂၆၊ အဘိဓာန်-၈၀၆။ |

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၃၀၀၀၊ ၁၉၇၃-ခုနှစ်။
**ပုံနှိပ်ထုတ်ဝေသူ** ဗုဒ္ဓသာသနာ့အဖွဲ့အုပ်ချုပ်ရေးအရာရှိချုပ်
ဦးလှမောင် (M.A, M.S,B.L.)။

**ပ-ဝဂ်အဘိဓာန်**

အဘိဓာန်အတွဲ(၈) ပြီးစီး၍ ပုံနှိပ်ရန်ဆောင်ရွက်ဆဲကာလဖြစ်သော ၁၃၃၄-ခုနှစ်(၁၉၇၂)ခုနှစ်တွင် ရွှေကျင်နိကာယဂိုဏ်း နဝမမြောက် သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးသည် သက်တော် ၁၀၃-နှစ်၌ လွန်တော်မူပါသည်။ စံကင်းဆရာတော်ဘုရားကြီးနေရာတွင် ဒသမမြောက်သာသနာပိုင်အဖြစ် ရွေးချယ်ခံတော်မူရသော ဘဒ္ဒန္တဉာဏဝံသ မြောင်းမြဆရာတော်ဘုရားကြီး အမှူးပြုသည့် ပိုက်ကျိုးဆရာတော်ဘုရားကြီး ဦးဆောင်သော ဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့က အဘိဓာန်လုပ်ငန်းကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ အဘိဓာန်အဖွဲ့ဝင်ဆရာတော်များသည် ကျမ်းသိထက် ကျမ်းညှိကို ပိုမိုလွယ်ကူစေသည့် အဘိဓာန်ကြီးဖြစ်သည်ကို သိရှိခံယူခဲ့ကြ သည်အားလျော်စွာ တာဝန်ကျ စ-ဝဂ်၊ ဋ-ဝဂ် အဘိဓာန်များ ပြီးစီးသောအခါ လက်ကျန်တည်ပုဒ်အက္ခရာ ကျန်ရှိနေသေးသော ပ-ဝဂ်အက္ခရာတည်ပုဒ် များကို ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ထံမှ ထပ်မံရယူ၍ ဆက်လက်ဆောင်ရွက် ခဲ့ပါသည်။

ပ-ဝဂ်အက္ခရာတွင် ပ-ဖ-ဗ-ဘ-မ-ဟူ၍ ဗျည်း၅-လုံးပါဝင်သည်။ ထိုအနက် ပ-စောက်အက္ခရာသည် အဘိဓာန်တည်ပုဒ်အများအပြား ပါဝင်သဖြင့် အနည်းဆုံးကျမ်းတွဲ နှစ်တွဲထွက်ရှိမည် ခန့်မှန်းသဖြင့် ပ-စောက် အက္ခရာတစ်မျိုးတည်းကိုသာ တာဝန်ယူခဲ့ပြီး ပ-ဝဂ်တွင် ကျန်အက္ခရာ ၄-လုံး တည်ပုဒ်များကိုမူ ပူးတွဲတာဝန်ကျ မစိုးရိမ်ကျောင်းတိုက် အဘိဓာန် အဖွဲ့သို့ ညှိနှိုင်း၍တာဝန်ယူစေခဲ့ပါသည်။

ပ-ဝဂ် အဘိဓာန်တွင် တည်ပုဒ်အသစ်များ ထပ်မံထည့်သွင်းရမှု များလည်းရှိခဲ့သည့်ပြင် အဖွဲ့ဝင်အင်အားများလည်း လျော့နည်းလာသဖြင့် အဘိဓာန်အတွဲ(၁၃)သည် ၁၃-နှစ်ခန့်ကြာမြင့်သွားပါသည်။ ထိုကာလ အတွင်း ရွှေကျင်နိကာယဂိုဏ်း ဒသမမြောက်သာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီးသည် ၁၃၃၇-ခုနှစ်၊ (၁၉၇၆)တွင် လွန်တော်မူခဲ့ရာ မဟာဝိသုဒ္ဓါရာမတိုက်(အရှေ့ပြင်) ဆရာတော် ဘဒ္ဒန္တဇောတယာဘိဝံသ ကြေးမြင့်ဆရာတော်ဘုရားကြီးက ဧကာဒသမသာသနာပိုင်အဖြစ် ရွေးချယ် ခံတော်မူရပြီး မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ပါသည်။

**အဘိဓာန်အတွဲ(၁၃)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်ဘုရား ကြီးနှင့် အဂ္ဂမဟာပဏ္ဍိတကြေးမြင့်ဆရာတော် ဘုရားကြီးတို့အား အမှူးထားလျက် ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိ ပိုက်ကျိုးဆရာတော် ဦးဆောင်သော မဟာဝိသုဒ္ဓါရုံတိုက်သစ်နာယက စာချဆရာတော် များ။ |
| **တည်ပုဒ်ပေါင်း** | ပ-ဝဂ် (ပ)မှ (ပဋိဗျူဟန)ထိ-၇၀၁၂။ |
| **စာမျက်နှာ** | နိဒါန်း-၃၀၊ အဘိဓာန်-၈၆၅။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊ ၁၉၈၇-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်။ |

၁၉၈၇-ခုနှစ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁၃)ပုံနှိပ် ပြီးစီးချိန်မှစ၍ ပ-ဝဂ်အဘိဓာန်အတွဲ(၁၄)ကို ဆက်လက်ဆောင်ရွက်ခဲ့သော မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့တွင် အဖွဲ့ဝင်အပြောင်းအလဲများ ဖြစ်ပေါ်

ခဲ့ပါသည်။ ၁၃၅၁-ခုနှစ်၊ (၁၉၈၉)တွင် ရွှေကျင်နိကာယဂိုဏ်း ဇေကာဒသမ မြောက် သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတယာဘိဝံသ ကြေးမြင့် ဆရာတော်ဘုရားကြီးသည် သက်တော် ၁၀၂-နှစ်တွင် ပျံလွန်တော်မူသွားခဲ့ သဖြင့် စစ်ကိုင်းရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တပဏ္ဍိတသိရီဆရာတော်ဘုရားကြီးအား ရွှေကျင်နိကာယဂိုဏ်း ဒွါဒသမ မြောက် သာသနာပိုင်တင်မြှောက်ခဲ့ရပါသည်။ မဟာဝိသုဒ္ဓါရုံအဘိဓာန် အဖွဲ့ကြီး၏ ဦးဆောင်ဆရာတော်ဖြစ်သည့် ရွှေကျင်နိကာယဂိုဏ်း ဥပဥက္ကဋ္ဌ၊ တွဲဖက်သာသနာပိုင်လည်းဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိ ပိုက်ကျုံးဆရာတော်ဘုရားကြီးသည်လည်း ပ-ဝဂ် အတွဲ(၁၄) ဆောင်ရွက်ဆဲကာလ ၁၃၅၄-ခုနှစ်(၁၉၉၂)တွင် ပျံလွန်တော်မူပါသည်။ သို့ဖြစ်၍ ၂၀၀၉-ခုနှစ် မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့၏ ပ-ဝဂ် အဘိဓာန် အတွဲ(၁၄/၁)ပုံနှိပ်ပြီးစီးချိန်တွင် အဘိဓာန်ဦးဆောင်ဆရာတော်နှစ်ပါး မြင်တွေ့မသွားခဲ့ရတော့ပါ။

## အဘိဓာန်(၁၄)အပိုင်းခွဲများ

မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့ခွဲအနေနှင့် ပ-ဝဂ်အက္ခရာမှ ပ-စောက် အက္ခရာကို မူလက အတွဲ(၁၃)(၁၄)နှင့် ပြီးပြတ်မည်ဟု ခန့်မှန်း၍ဆောင်ရွက် ခဲ့သော်လည်း တကယ်တမ်းပြီးစီးသောအခါ၌ ပ-စောက်အက္ခရာတစ်လုံး တည်းက အဘိဓာန်အတွဲ ၄-တွဲအထိ ထွက်ရှိမည်ဖြစ်လာပါသည်။ မစိုးရိမ် အဘိဓာန်အဖွဲ့က ပြုစုသည့် ပ-ဝဂ် (ဖ-ဗ-ဘ-မ) အက္ခရာ ၄-လုံးအတွက် အတွဲ(၁၅)နှင့် (၁၆)တို့ကို ပုံနှိပ်ဆောင်ရွက်ပြီး ဖြစ်ကြပါသည်။ ဤတွင် ပ-စောက်အက္ခရာ၏ ကျန်အတွဲနှစ်တွဲကို ငဲ့လျက် အဘိဓာန်အတွဲ(၁၄)ကို အပိုင်း(၁)(၂) (၃) ခွဲခြား၍ ကျမ်းအမည်တတ်ရမည်ဖြစ်သဖြင့် အဘိဓာန် အတွဲ(၁၄) အပိုင်း(၁)ဟူ၍ ဖြစ်ပေါ်လာရပါတော့သည်။

ထို့ပြင် ထိုအဘိဓာန်အတွဲ(၁၄)၊ အပိုင်း(၁)မှစ၍ မဟာဝိသုဒ္ဓါရုံ အဘိဓာန်အဖွဲ့အနေနှင့်ရှေးယခင် ကျမ်းတွဲများကဲ့သို့ပြုစုပြီး စာမူကို ဇမ္ဗူဒီပ အဘိဓာန်အဖွဲ့သို့ပို့၍ တစ်ဖောင်ချင်းပရူဖတ်ကြည့်ရှုပြီးမှ ပုံနှိပ်စေခြင်း မဟုတ်ဘဲ သာသနာရေးဦးစီးဌာနက လျာဒါန်းထားသော ကွန်ပျူတာဖြင့် အနီးကပ်ကြည့်ရှု တည်းဖြတ်ပြီး၍ မူချောရမှ ပုံနှိပ်ရန် ပေးပို့ရသဖြင့် အဘိဓာန်လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့သွားခဲ့ပါသည်။

**အဘိဓာန်အတွဲ(၁၄)၊အပိုင်း(၁)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | ရွှေကျင်နိကာယဂိုဏ်း ဒွါဒသမသာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတယာဘိဝံသ ကြေးမြင့်ဆရာတော်ဘုရားကြီး အမှူးထားလျက် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ ပိုက်ကျုံးဆရာတော်ဘုရားကြီး ဦးဆောင်သည့် မဟာဝိသုဒ္ဓါရုံတိုက်သစ် နာယကစာချဆရာတော် (၁၂)ပါး။ |
| **တည်ပုဒ်ပေါင်း** | ပ-ဝဂ် (ပဋိဃာတံသု)မှ (ပမဏ္ဍေယျ)ထိ-၅၅၇၂။ |
| **စာမျက်နှာ** | နိဒါန်း-၁၁၊ အဘိဓာန်-၇၉၉။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-အုပ်ရေ ၁၀၀၀၊ ၂၀၀၉-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်။ |

**ကူညီဝန်းရံ အဘိဓာန်**

မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့၏ အဘိဓာန်အတွဲ(၄) အပိုင်း(၁) ပုံနှိပ်ပြီးချိန်ဝယ် သာသနာရေးဝန်ကြီးဌာန တာဝန်ရှိသူများသည် နှစ်ရှည်လ

များ ဆောင်ရွက်တော်မူနေကြပြီး ပြီးစီးရန်ကျန်ရှိနေသည့် အဘိဓာန်ကျမ်းတွဲ များ အမြန်ပြီးစီးရေးအတွက် လိုလားစွာစီမံလာကြပါသည်။ ထုံးစံအတိုင်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြုစုရန် လက်ကျန်မရှိတော့သော မစိုးရိမ်အဘိဓာန်အဖွဲ့သို့ ဦးစွာလျှောက်ထား ရပါသည်။ မစိုးရိမ်အဘိဓာန်အဖွဲ့ဆရာတော်များထံမှ လက်ခံဆောင်ရွက် ပေးမည်ဖြစ်ကြောင်း သိရှိရလျှင် မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့နှင့် ဒက္ခိဏာ ရာမဘုရားကြီးအဘိဓာန်အဖွဲ့ ဆရာတော်ကြီးများထံ လျှောက်ထားကြရာ မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့က ပ-စောက်အက္ခရာလက်ကျန် အတွဲ(၁၄)၊ အပိုင်း(၃)ကို မစိုးရိမ်အဘိဓာန်အဖွဲ့၏ ကူညီမှုကို သဘောတူလက်ခံကြပါ သည်။ ဒက္ခိဏာရာမဘုရားကြီးအဘိဓာန်အဖွဲ့ကမူ အ-ဝဂ် ပါဠိပဒကျမ်းညွှန်း (၄)အုပ်ကို အသင့်ပြုစုထားပြီးရှိနေသဖြင့် မိမိတို့အဖွဲ့ဖြင့်သာ အဖွဲ့ဝင်ဦးရေ တိုး၍ ဆောင်ရွက်မည်ဖြစ်ကြောင်း အမိန့်ရှိကြပါသည်။ ဤသို့ဖြင့် မဟာ ဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့အနေနှင့် ပ-ဝဂ်အဘိဓာန် အတွဲ(၁၄)၊ အပိုင်း(၂)ကို ဆက်လက်ပြုစုခဲ့ကြပြီး ပ-ဝဂ်အတွဲ(၁၄)၊ အပိုင်း(၃)ဆိုင်ရာ အဘိဓာန်တည်ပုဒ် များနှင့်တကွ ဆောင်ရွက်ထားမှုအချို့ကို မစိုးရိမ်အဘိဓာန်အဖွဲ့သို့ လွှဲအပ် ပေးခဲ့ပါသည်။

## အဆင့်ဆင့်အဆက်ဆက်

မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့သည် ၂၀၀၉-ခုနှစ် နောက်ပိုင်းမှစ၍ အဘိဓာန်အတွဲ(၁၄)၊ အပိုင်း(၂)ကို ဆက်လက်၍ပြုစုခဲ့ရာတွင် မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ မဟာနာယကဖြစ်တော်မူလျက်ရှိသော ဇယမေဒနီဝါဆိုကျောင်း ဘဒ္ဒန္တအဂ္ဂိယ ဝါဆိုဆရာတော်ဘုရားကြီး အမှူးထားလျက် စည်ရှင်ကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ ကြီးမှူးသော နာယကစာချဆရာတော် များက ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

ထိုကာလအတွင်း ၁၃၅၇-ခုနှစ်(၁၉၉၅)တွင် ရွှေကျင်နိကာယဂိုဏ်း ဒွါဒသမမြောက်သာသနာပိုင် စစ်ကိုင်းရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး လွန်တော်မူရာ ညောင်ရွှေမြို့ ကန်ကြီးကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသ ဆရာတော်ဘုရားကြီးသည် ရွှေကျင်နိကာယဂိုဏ်း တေရသမမြောက် သာသနာပိုင်ဖြစ်လာပါသည်။ ၁၃၆၅-ခုနှစ်(၂၀၀၃)တွင် ညောင်ရွှေကန်ကြီးဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ ထိုအချိန်၌ ရွှေကျင်နိကာယဂိုဏ်း ဥပဥက္ကဋ္ဌ ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်း အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ ဝါဆိုဆရာတော်ဘုရားကြီးသည် ရွှေကျင်နိကာယဂိုဏ်း စုဒ္ဒသမသာသနာပိုင် ဆရာတော်ကြီး ဖြစ်လာခဲ့ပါသည်။

စုဒ္ဒသမသာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး ဦးဆောင်မှုဖြင့် အဘိဓာန်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့၍ ဝါဆိုဆရာတော်ဘုရားကြီး ၁၃၇၈-ခုနှစ်(၂၀၁၆) လွန်တော်မူသည်အထိ ဖြစ်ပါသည်။ အဘိဓာန်အတွဲ(၁၄)၊ အပိုင်း(၂) မပြီးစီးနိုင်သေးသဖြင့် အဘိဓာန်လုပ်ငန်းများကို ရွှေကျင်နိကာယဂိုဏ်း၏ ဥပဥက္ကဋ္ဌဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ စည်ရှင်ဆရာတော်ဘုရားကြီး၏ ဦးဆောင်မှုဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရပါသည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဂဏဝါစက အဘိဓာန်ကျမ်းပြုအဖွဲ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ စည်ရှင်ဆရာတော်ဘုရားကြီး ဦးဆောင်သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ ဘဒ္ဒန္တမာနိတာလင်္ကာရာဘိဝံသ အစရှိသော အဖွဲ့ဝင်ဆရာတော်(၁၁)ပါးတို့က အဘိဓာန်အတွဲ(၁၄)၊ အပိုင်း(၂)ကို ပြီးဆုံးသည်အထိ ဆောင်ရွက်တော်မူခဲ့ကြ၍ ပြင်ပသို့ပြောင်းရွှေ့သွား

ကြသော်လည်း အဘိဓာန်လုပ်ငန်း၌ ဆက်လက်ပါဝင်ခဲ့ကြသော ဆရာတော် (၁၃)ပါးတို့လည်း ပါဝင်ခဲ့ကြပါသည်။

**အဘိဓာန်အတွဲ(၁၄)၊အပိုင်း(၂)**

**ဦးဆောင်ပုဂ္ဂိုလ်** ရွှေကျင်နိကာယဂိုဏ်း စုဒ္ဒသမသာသနာပိုင် ဘဒ္ဒန္တ အဂ္ဂိယ ဝါဆိုဆရာတော်ဘုရားကြီး အမှူးထားလျက် ဥပဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ စည်ရှင် ဆရာတော်ဘုရားကြီး ဦးဆောင်သော မဟာ ဝိသုဒ္ဓါရုံတိုက်သစ် နာယကစာချဆရာတော်(၁၁)ပါး။

**တည်ပုဒ်ပေါင်း** ပ-ဝဂ် (ပမတ္တ)မှ (ပလ္လောမ)ထိ-၆၈၆၇။

**စာမျက်နှာ** နိဒါန်း-၁၄၊ အဘိဓာန်-၉၂၄။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၂၂-ခုနှစ်။

**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး။

မစိုးရိမ်ဝိသုဒ္ဓါရုံ အဘိဓာန်အဖွဲ့သည် ၁၉၆၆-ခုနှစ်မှ ၂၀၂၂-ခုနှစ်ထိ နှစ်ပေါင်း ၅၆-နှစ်အတွင်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ အဆက်ဆက်တို့၏ ဦးဆောင်မှုအောက်တွင် အစဉ်အဆက်ကို ရိုသေလေးစားစွာဖြင့် အဘိဓာန်ကျမ်းတွဲကြီး(၅)ကျမ်းတို့ကို ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်တော်မူခဲ့ကြပါသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲ(၅)အုပ်၊ အဘိဓာန်ပုဒ်ပေါင်း ၃၂၆၇၀-နှင့် အဘိဓာန်စာမျက်နှာပေါင်း ၄၁၈၂-တို့ ဖြစ်ကြပါသည်။ ရွှေကျင်နိကာယသာသနာဝင် သာသနာပိုင်ဆရာတော်များ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးဂုဏ်ကျေးဇူးကိုလည်းကောင်း မြင့်တင်ပေးတော်နိုင်ခဲ့ကြသည့်ပြင် ပရိယတ္တိသာသနာသမိုင်းဝင် အရှင်မြတ်တို့အဖြစ် မှတ်တမ်းမော်ကွန်းထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

## စာတတ်ကို စာမှတ်မဖျက်နိုင်

သဒ္ဒါနည်း၊ အဆိုနည်း၊ နေတ္တိနည်း၊ အလင်္ကာနည်း စသည်တို့ဖြင့် သိပ်သည်းကျစ်လျစ် ဆစ်မြစ်မကျန် ဝေဖန်ပိုင်းခြား ရင်းဖျားတုံ့လှည့် ပိဋကတ်ကို ပို့ချနိုင်သူကို "ကျမ်းတတ်ခေါင်ထိ ကဝိသူမွန် ပညာဝန်"ဟု ခေါ်ဆိုမှုပြုကြသည်။ ယင်းသို့သော ပညာအမော်ပုဂ္ဂိုလ်ကျော်ကို တစ်လုံးတစ်ပါဒ တစ်ဂါထာမျှကို သိသူပုဂ္ဂိုလ် တစ်ဦးဦးက သူသိထားသည့် အကြောင်းအရာကို ဟုတ်မဟုတ် မှန်မမှန် ဝေဖန်စေလို၍ ဖြစ်စေ၊ အကြံပေးသည့် အနေမျိုးဖြင့်ဖြစ်စေ စုံစမ်းမေးမြန်းလာလျှင် မေးမြန်းတိုင်း ဖြေဆိုနိုင်မည်မဟုတ်ပေ။ အကြောင်းကား မေးမြန်းတိုင်း ဖြေဆိုမှုသည် "အမေး နွားကျောင်းသား အဖြေဘုရားလောင်း" ဟူသော ထုံးဟောင်းစကားနှင့်အညီ "မေးသမျှ ဖြေမည်" ဟု အတည်အမှန် ဝန်ခံရဲသောကိစ္စမှာ သဗ္ဗညုအလောင်းတော်များနှင့် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏အရာသာ ဖြစ်သောကြောင့်တည်း။

ယင်းသို့ အဖြေမပေးနိုင်လျှင်ပင် ကျမ်းတတ်ခေါင်ထိ ကဝိသူမွန် ပညာဝန်ကို ပညာရှိယောင်ဟန်ဆောင်အံ့တုသည့် "ပဏ္ဍိတမာနီ"ပုဂ္ဂိုလ်စုသည် အမြင်မှိန်မှေး အထင်သေး၍ သွားပေတော့မည်။ ထို့ကြောင့် ရှေးသူဟောင်းတို့က "စာတတ်ကို စာမှတ်ဖျက်သည်"ဟု ဆိုရိုးပြုခဲ့ကြပေသည်။ သို့ပင်ဖြစ်စေကာမူ ယခုအခါဝယ် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ထွက်ရှိလာပြီဖြစ်၍ အတွဲစုံအောင် ယူဆောင်သိမ်းပိုက် လက်၌ထားရှိသူကား လိုရာလိုရာ လျင်စွာဖွေနှည် အဖြေပေးနိုင်မည်ဖြစ်သောကြောင့် "စာတတ်ကို စာမှတ်မဖျက်နိုင်"ဟု ခိုင်မာသော ဆန့်ကျင်ဘက်အဆိုကို ရဲဝံ့စွာ လက်မထောင်နိုင်ပေပြီတည်း။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓာန်အဖွဲ့ခွဲ၏ စ-ဝဂ် အဘိဓာန်အတွဲ(၈)နိဒါန်းတွင် ဖော်ပြပါရှိသော မမ္ဗနာဒမော်ကွန်း ဥဒါန်း ဖြစ်ပါသည်။

❑ ❑ ❑

# မဟာဝိသုတာရာမအဘိဓာန်အဖွဲ့





ပခုက္ကူမဟာဝိသုတာရာမအဘိဓာန်အဖွဲ့တည်ရှိရာ

**မဟာဝိသုတာရာမအလယ်တိုက်** ၊ ပခုက္ကူမြို့

## ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် အဘိဓာန်အဖွဲ့

## ဥက္ကဋ္ဌ



22

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ပဓာနနာယက

အဘိဓဇမဟာရဋ္ဌဂုရု **ဘဒ္ဒန္တသုန္ဒရ မဟာထေရ်**

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် အဘိဓာန်အဖွဲ့





ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် တိုက်အုပ်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

**ဘဒ္ဒန္တနန္ဒိယ မဟာထေရ်**

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဘိဓာန်အဖွဲ့



24

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်

ဓမ္မာစရိယ ဂဏဝါစက၊ B.A ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)၊

အဂ္ဂမဟာပဏ္ဍိတ **ဘဒ္ဒန္တကေလာသ**

## မဟာဝိသုတာရာမ ဂဏဝါစက
## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





**ရှေ့တန်း ဝဲ-မှ ယာ။ ။** ဆရာတော် ဦးနေမိန္ဒ၊ ဦးဝေပုလ္လာသာမိ၊ ဦးကေလာသ၊ ဦးနန္ဒိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး၊ (တိုက်အုပ်) ဦးနန္ဒိယ၊ ဦးပညိန္ဒ၊ ဦးဇာဂရ၊ ဦးသူရိယ၊
**နောက်တန်း ဝဲ-မှ ယာ။ ။** ဦးဝိမလ၊ ဦးသောဘန၊ ဦးကုမာရ၊ ဦးနန္ဒဝံသ၊ ဦးကေလာသ(ဘီအေ)၊ ဦးဝိစာရ၊ ဦးဝိသုဒ္ဓ၊ ဦးတေဇောဘာသ၊ ဦးဉာဏုတ္တရ၊ ဦးပညိန္ဒြိယ။

## မဟာဝိသုတာရာမ ဂဏဝါစက
## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





**ရှေ့တန်း ဝဲ-မှ ယာ။** ။ ဦးဝေပုလ္လာသာမိ၊ ဦးနေမိန္ဒ၊ ဦးပညိန္ဒ၊ မဟာနာယကဆရာတော် ဦးဂန္ဓမာ၊ ဦးကေလာသ(ဘီ-အေ ဂုဏ်ထူး)၊ဦးကေလာသ၊ ဦးသူရိယ

**နောက်တန်း ဝဲ-မှ ယာ။** ။ ဦးမေဓာဝံသ၊ ဦးတိလောက၊ ဦးသောဘန၊ ဦးဝိစာရ၊ ဦးဇာဂရ၊ ဦးကုမာရ(က)၊ ဦးတေဇောဘာသ၊ ဦးပညိန္ဒိယ၊ ဦးကုမာရ(ခ)

# ပခုက္ကူမြို့
# မဟာဝိသုတာရာမကျောင်းတိုက်
# အဘိဓာန်အဖွဲ့

## ပခုက္ကူမြို့

ပခုက္ကူမြို့သည် မကွေးတိုင်းဒေသကြီးအတွင်း ပါဝင်၍ မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်အနောက်ခြမ်းရှိ ခရိုင်မြို့တစ်မြို့ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်အနောက်ခြမ်း သရက် မင်းလှ မင်းဘူးမြို့များနည်းတူ ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပါသည်။

မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်ကိုလိုနီဘဝ ကျရောက်ပြီးစတွင် ပခုက္ကူမြို့သည် ဆိပ်ကမ်းမြို့ကြီး ဖြစ်လာပြီး ၁၈၈၈-ခု မှတ်တမ်းအရ အင်္ဂလိပ်အစိုးရက ပုဂံခရိုင်နှင့်ပခန်းကြီးခရိုင်နှစ်ခုကို ဖျက်သိမ်း၍ ပခုက္ကူကို ခရိုင်သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၈၉၆-ခုနှစ်တွင်မူ ပုံတောင်ပုံညာတောင်တန်း၊ ချင်းတောင်တန်း၊ ကာရီတောင်တန်း၊ လူရှိုင်းတောင်တန်းစသည့် တောင်တန်း ၉-ခုတို့ကိုပါ စုပေါင်း၍ ပခုက္ကူပြည်နယ်အဖြစ် လျာထားခဲ့ပါသည်။

## မဟာဝိသုတာရာမ(အလယ်)တိုက်

ဗြိတိသျှကိုလိုနီခေတ်တွင် ထင်ရှားခဲ့သော ပခုက္ကူမြို့သည် ပရိယတ္တိသာသနာတွင်လည်း အထူးထင်ရှားခဲ့ပြန်ပါသည်။ ပခုက္ကူမြို့တွင် ယနေ့တိုင်

ထင်ရှားလှသော ပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်ရှိ၍ သာသနဝိပုလာရာမကျောင်းတိုက်၊ မဟာဝိသုတာရာမကျောင်းတိုက်နှင့် မဟာဝိဇယာရာမကျောင်းတိုက်တို့ဖြစ်ကြ၏။ သာသနဝိပုလာရာမကျောင်းတိုက်ကို ပခုက္ကူမြို့အနောက်ဘက်ခြမ်း၌ရှိသဖြင့် အနောက်တိုက်၊ မဟာဝိသုတာရာမကျောင်းတိုက်ကို မြို့လယ်တွင်ရှိသဖြင့် အလယ်တိုက်၊ မဟာဝိဇယာရာမကျောင်းတိုက်ကို မြို့အရှေ့ဘက်တွင်ရှိသဖြင့် အရှေ့တိုက်ဟူ၍ လူသိများကြသည့်အတိုင်းလည်း ခေါ်ဝေါ်ခဲ့ကြပါသည်။

ထိုပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်အနက် မဟာဝိသုတာရာမအလယ်တိုက်ကြီးသည် နိုင်ငံအနှံ့တွင် ထိုအမည်ဖြင့်ကျောင်းတိုက်ခွဲပေါင်းများစွာရှိသဖြင့် ပိုမိုထင်ရှားသကဲ့သို့ ဖြစ်သည်။ မင်းတုန်းမင်းကြီးလက်ထက်က ရေစကြိုဇာတိသား စားတော်ဝန် ဦးခဲနှင့် ရေစကြိုမြို့ဝန်တို့၏ လျှောက်ထားပင့်ဆောင်ချက်ဖြင့် ဂန္ထသာရာဘိဓဇသိရီပဝရမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ ပခန်းကြီးမြို့၊ ညောင်ပင်သာရွာဇာတိ ဆရာတော်ကြီး ဘဒ္ဒန္တဂန္ထသာရသည် မန္တလေးမြို့ သစ်ဆိမ့်တိုက်၌ သီတင်းသုံးနေရာမှ ရေစကြိုမြို့သို့ ကြွရောက်လာခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၂၄၁-ခုနှစ်တွင် ရေစကြိုမြို့ အောင်မြေသာယာ သူဌေးတိုက်ကျောင်းတွင် စတင်သီတင်းသုံး၍ စာပေများ ပို့ချခဲ့ပါသည်။ ဆရာတော်ကြီးထံမှောက်တွင် စာသင်သားသံဃာများပြားလာခြင်း၊ ရေစကြိုမြို့ မီးလောင်ရာတွင် စာသင်သားသံဃာများ ဆွမ်းကွမ်းရှားပါးမှုနှင့် ကြုံရခြင်းတို့ကြောင့် ၁၂၅၈-ခုနှစ်တွင် ပခုက္ကူမြို့ ပန်းစွာတိုက်သို့ ကြွရောက်၍ စာပေများပို့ချမှုကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ပခုက္ကူမြို့ ဒါယကာ ဒါယိကာမများသည် ပခုက္ကူမြို့ ကုက္ကိုတန်းရပ်ရှိ မြေ ၁၀-ဧကခန့် ကျယ်ဝန်းသောမြေနေရာ၌ ၁၂၆၅-ခုနှစ်တွင် စတင်၍ ကျောင်းတိုက်ကြီးဆောက်လုပ်ပြီးသော် ဆရာတော်ကြီး ဘဒ္ဒန္တဂန္ထသာရအား

လှူဒါန်းကြပါသည်။ ရေစကြိုဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်ကြီးကို ၁၂၆၆-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့တွင် နောက်ပါသံဃာ ၁၆၀-နှင့်အတူ ကြွရောက်အလှူခံတော်မူပါသည်။ ရေစကြိုဆရာတော်ဘုရားကြီး၏ ဆရာရင်း ဖြစ်သော သာသနာပိုင် ဘဒ္ဒန္တဧယျမဗ္ဗာဘိဝံသ ဆရာတော်ကြီးအား ကျေးဇူးဆပ်သောအားဖြင့် ဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့ရာ မန္တလေးမြို့ အရှေ့မျက်နှာရှိ မင်္ဂလာမဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ နာမည် အတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်အမည်ကို မော်ကွန်းတင် ခဲ့ခြင်း ဖြစ်ပါသည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးကို ၁၂၆၅-ခုနှစ် တွင် စတင်ဆောက်လုပ်ခဲ့သဖြင့် ထိုနှစ်ကို အစွဲပြုလျက် "အုန်းခိုင်သီးပြီ တိုက်တော်တည်"ဟူသောပရိဘာသာဖြင့် အမှတ်အသားပြုကြပါသည်။

## စာကြီးဖောက် ပခုက္ကူ

ပခုက္ကူ စာသင်တိုက်ကြီး သုံးတိုက်တို့သည် ပခုက္ကူစာသင်နည်းဖြစ် သော စာကြီးဖောက်ခေါ် ကျမ်းရိုးပေါက် ပရိယတ္တိစာပေသင်ကြား ပို့ချနည်း အတိုင်း သင်ကြားပို့ချကြပါသည်။ ရေစကြိုဆရာတော်ဘုရားကြီးသည် ဆရာဖြစ်သည့် သဲအင်းသာသနာပိုင်နှင့် မောင်းထောင်သာသနာပိုင်တို့ထံမှ ရရှိသောသင်နည်းကို အသုံးပြု၍ လက်တွေ့ကျကျ ကျယ်ကျယ်ပြန့်ပြန့် ပို့ချခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါသည်။ ထိုအချိန်က စာဖောက် ပခုက္ကူ နည်းနာယူ မန္တလေးဟူ၍ ဆိုစမတ်ပြုလောက်အောင်ပင် ပရိယတ္တိစာပေ လောက၌ မန္တလေးရွှေမြို့တော်နှင့် အပြိုင်ပေါ်ထွန်းခဲ့သော ပရိယတ္တိ သင်ကြားပို့ချမှုလည်း ဖြစ်ပါသည်။

## ကျမ်းရိုးပေါက် စာသင်နည်း

ပရိယတ္တိပညာသင်ကြားရေး၌ ထိုအချိန်က ပေစာသင်ပုန်း စာခေတ် ကို ကျော်လွန်ပြီးစ စာအုပ်စာပေဖြင့် သင်ကြားမှု စတင်ချိန် ဖြစ်ပါသည်။ ပါဠိတော်ကျမ်းစာအုပ်တစ်အုပ်ကို သဒ္ဒတ္ထနိဿယနက်၊ အဓိပ္ပါယတ္ထ နိဿယနက် စုံလင်အောင် ဆိုဝါဖြင့် စာလိုက်ကြရ၍ သဒ္ဒါကျမ်းလာ နည်း

နိဿယများကိုပါ ကြုံရာ၌ သင်ပေးရင်း ကျမ်းစာတစ်အုပ်လုံး ပြီးမြောက်ချိန်၌ သဒ္ဒါနည်း စုံလင်သင့်သလောက် စုံလင်သွားစေသည့် စာသင်နည်းဖြစ်ပါသည်။ တစ်ကျမ်းပြီးတစ်ကျမ်း သင်ရိုးပေါက် ကျမ်းရိုးပေါက် အရေအတွက်များသည်နှင့်အမျှ ကျမ်းဂန်တတ်ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ ရောက်ရှိသွားစေပါသည်။

မန္တလေးမြို့၌ ပထမပြန်(ငယ်လတ်ကြီး)နှင့် ဓမ္မာစရိယစာမေးပွဲ စနစ်ခေတ်စားမှုပြုစအချိန် စာမေးပွဲစနစ်နှင့်ခေတ်ပြိုင် ဆိုရလောက်သော စာသင်နည်းတစ်နည်းဖြစ်၍ ဓမ္မာစရိယအောင်ပြီး စာသင်သားအချို့ပင် စာကြီးဖောက်စာသင်နည်းကို လေ့လာဆည်းပူးရန်အတွက် ပခုက္ကူမြို့သို့ ကြွရောက်ဝါဆို၍ ပခုက္ကူစာကြီးဖောက်စာသင်နည်းကို နည်းခံသင်ကြားခဲ့ကြကြောင်းလည်း သိရှိရပါသည်။ စာကြီးဖောက် စာသင်နည်းမှာ မင်းတို့စာတတ်အောင် ငါစာချပေးမည်ဟု အဓိပ္ပါယ်သက်ရောက်ပြီး မန္တလေးစာမေးပွဲနည်းမှာ "မင်းတို့ကို စာသင်ပေးရင်း ငါစာတတ်အောင်လုပ်မည်" ဟူသော အဓိပ္ပါယ်ဖြစ်ကြောင်း ဆရာစဉ်ဆက် ပြောစကားတစ်ခုကိုလည်း မှတ်သားရဖူးပါသည်။

စိတ်ဖိစီးမှုနည်း၍ ဘောင်ခတ်မှုမပါသော ထိုပညာသင်နည်းဖြင့် စာတတ်မြောက်ခဲ့ကြသော မူလဓမ္မာစရိယဆရာတော်သံဃာတော်များဖြင့် သာသနာ၂၅၀၀ပြည့် ဆဋ္ဌသံဂါယနာတင် ဓမ္မသဘင်ကြီးကို ဆင်နွှဲနိုင်ခဲ့သည်မှာလည်း ထင်ရှားလှပါသည်။ ယခုခေတ်ကာလတွင် စာမေးပွဲနည်းစနစ်ဖြင့် ဘာသာစုံသင်ကြားနည်းက ခေတ်စားပြီး အများဆုံးစာသင်ဖြစ်ကြပြီဖြစ်ရာ ပခုက္ကူစာကြီးဖောက်စာသင်နည်းမှာ မှေးမှိန်လျော့နည်းသွားကြပြီ ဖြစ်ပါသည်။ သို့သော်လည်း ပခုက္ကူသင်ရိုးကုန်စာသင်နည်းသည် စာသင်သားငယ်တို့အဖို့ရာ ဘုရားရှင်နှင့် စောစီးစွာ တွေ့ဆုံဖူးမြင်ခွင့်ရရှိခြင်းကမူ အမှန်ဝန်ခံကြရပါမည်။

ထို့ကြောင့်ပင် ပခုက္ကူကျမ်းရိုးပေါက်သင်နည်းကို အထောက်အကူ ပြုစေပြီး ဘုရားရှင်၏ ဟောတရားများနှင့် တိုက်ရိုက်ထိတွေ့စေသော နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကြီးပေါ်ပေါက်လာသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီးက ဦးဆောင်တင်ပြမှုဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသော ပညာရေးအဖွဲ့က ၁၉၉၂-ခုနှစ်တွင် နိကာယ်စာမေးပွဲကို စတင်ကျင်းပခဲ့ပါသည်။ နိကာယ်စာမေးပွဲတွင် ကျမ်းရိုးဝိဒူအဆင့်နှင့် မဟာဝိဒူဟု အဆင့်အဆင့် နှစ်ဆင့်ခွဲခြားထားပြီး ကျမ်းစုံအောင်ပြဋ္ဌာန်း၍ သင်ရိုးပေါက်ဖြေဆိုစေခြင်းဖြင့် မူလပခုက္ကူစာသင်နည်းမျိုးကဲ့သို့ မဟုတ်လင့်ကစား ကျမ်းဂန်စုံနှံ့စပ်စေသည့် ပရိယတ္တိစာမေးပွဲတစ်ခုဖြစ်ခဲ့ပါသည်။

## ပခုက္ကူနိကာယ

ပခုက္ကူ မဟာဝိသုတာရာမတိုက်တည် ဂန္ထသာရာဘိဓဇသိရီပဝရ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ရေစကြိုဆရာတော်ဘုရားသည် သက်တော် ၈၂-နှစ် သိက္ခာဝါ ၆၃-ဝါ၊ ၁၂၇၆-ခုနှစ်တွင် ပျံလွန်တော်မူပါသည်။ ရေစကြိုဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တပညာဆရာတော်ဘုရားကြီးက ဆက်လက်ဦးဆောင်၍ ပခုက္ကူစာသင်နည်းဖြင့် ပရိယတ္တိပညာရေးကို ရှေ့ဆောင်ခဲ့ပါသည်။ ၁၃၀၈-ခုနှစ်တွင် မဟာဝိသုတာရာမဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာ လွန်တော်မူသောအခါ ဆဋ္ဌသံဂါယနာတင် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရမဟာထေရ် ဆရာတော်ဘုရားကြီးက ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်လာပြီး တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယနှင့်အတူ အုပ်ချုပ်တော် မူခဲ့ကြပါသည်။

**ပခုက္ကူ မဟာဝိသုတာရာမ အဘိဓာန်အဖွဲ့**

ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးတွင် ထိုအချိန်က ပခုက္ကူစာသင်နည်းဖြင့် စာသင်သားများ အထူးစည်ကားနေဆဲဖြစ်သကဲ့သို့ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရနှင့် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယတို့ကိုယ်တိုင် စာပေပို့ချနေလျက် ကျောင်းတိုက်ဂဏဝါစက စာချဆရာတော်များလည်း ပြည့်စုံသဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းကြီး ပြုစုရေး၌ အဖွဲ့ခွဲတစ်ခုအဖြစ် ပါဝင်လာရပါသည်။

၁၃၂၈-ခုနှစ် ဝါခေါင်လပြည့်ကျော်၁၃-ရက်(၁၃-၉-၁၉၆၆)ရက်နေ့ တွင် ဗုဒ္ဓသာသနာအဖွဲ့ ငွေစာရင်းကိုင်ချုပ် ဦးချစ်တင်နှင့် အဘိဓာန်အဖွဲ့ ဌာနမှူး ဦးဗိုလ်မောင်တို့သည် ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်သို့ ရောက်ရှိလာပြီး ကျောင်းတိုက်ပဓာန အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး နှင့် တိုက်အုပ်ဆရာတော်တို့အား "ဇမ္ဗူဒီပအဘိဓာန် အဖွဲ့တစ်ခုတည်းဖြင့် ဆောင်ရွက်ပြီးစီးရန် ခက်ခဲနေပါသဖြင့် မန္တလေးမြို့က မစိုးရိမ်ကျောင်းတိုက်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်နှင့် ဒက္ခိဏာရာမဘုရားကြီးတိုက်တို့ နည်းတူ တိပိဋက ပါဠိ-မြန်မာအဘိဓာန်အဖွဲ့ခွဲတစ်ခုဖွဲ့စည်း၍ ပါဝင်ဆောင်ရွက် တော်မူပါရန် လျှောက်ထားကြပါသည်။

မဟာဝိသုတာရာမတိုက် ဆရာတော်ကြီးများသည် တိုက်တွင်းရှိ ဂဏဝါစကစာချဆရာတော်များအား ချက်ချင်းပင်ခေါ်ယူစည်းဝေးစေ၍ ဆရာတော် ၁၂-ပါး ပါဝင်သော ပခုက္ကူမဟာဝိသုတာရာမအဘိဓာန်အဖွဲ့ ဟူ၍ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပါသည်။ ပခုက္ကူ မဟာဝိသုတာရာမကျောင်း တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယ အမှူးပြုသည့် အဖွဲ့ဝင်ဆရာတော် ၆-ပါးတို့သည်(၁၉-၉-၁၉၆၆)နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့နှင့်တကွ ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဆရာကြီးဦးလှမောင် ပါဝင်သော အဘိဓာန်လုပ်ငန်း အဖွဲ့များနှင့် အစည်းအဝေးထိုင်၍ ဆွေးနွေးခြင်း၊ လက်တွေ့ဆောင်ရွက်မှု

ပြု၍လေ့လာခြင်း စသည့်လုပ်ငန်းများကို ၄-ရက်ကြာ ပြုလုပ်ကြကာ တ-ဝဂ် ဆိုင်ရာ အဘိဓာန်လုပ်ငန်းကို တာဝန်ယူလက်ခံခဲ့ပါသည်။

ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့သည် အဖွဲ့ဝင်အသစ်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပြီးနောက် မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီး အထက်ထပ်တွင် လုပ်ငန်းတည်ရာဌာနသတ်မှတ်၍ (၂၅-၉-၁၉၆၆) တွင် အဘိဓာန်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့သည် ဗုဒ္ဓသာသနာအဖွဲ့က လာရောက်လျှောက်ထားသည်မှ ၁၂-ရက်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြသဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်လုပ်ငန်းကြီး၌ အထူးတက်ကြွစွာ ပါဝင်လာသည်ဟု ဆိုရမည်ဖြစ်ပါသည်။

## ဆရာနှင့်တပည့်ဆက်စပ် ပရိယတ်

မန္တလေး၊ ရန်ကုန်၊ ပခုက္ကူ မုံရွာ၊ စစ်ကိုင်း၊ မကွေး၊ ပြည်၊ ပဲခူး၊ မော်လမြိုင်၊ ထားဝယ်စသည်ဖြင့် မြို့ကြီးများနှင့်မြို့ငယ်များ၌ ကြီးကြီးငယ်ငယ်စာသင်တိုက်ကြီးများရှိကြပါသည်။ စာသင်တိုက်ကြီးတစ်ခု ဖြစ်ထွန်းအောင်မြင်ဖို့ရာ ဦးဆောင်ပဓာနနာယကဆရာတော်၊ ပရိယတ္တိပညာရေးစနစ်နှင့် ပရိယတ္တိသာသနာပြုစိတ်သည် အဓိကကျသကဲ့သို့ တိုက်အုပ် တိုက်ကြပ် စာချဆရာတော်တို့၏ ပရိယတ္တိပညာအရည်အချင်းနှင့် သာသနာပြုစိတ်တို့ အထက်အောက် ညီညွတ်နေမှ အောင်မြင်သော စာသင်တိုက်ကြီး ဖြစ်လာသည်ကို တွေ့ရှိနိုင်ကြပါသည်။

ထိုနည်းအလားတူ ကျယ်ပြန့်နက်ရှိုင်းလှသည့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်လုပ်ငန်းမှာလည်း ပဓာနနာယကဆရာတော်ကြီး၏ ဦးဆောင်မှုအောက်၌ရှိကြသော အဖွဲ့ဝင်ဂဏဝါစက စာချဆရာတော်တို့၏ သာသနာပြုစိတ်အရင်းခံပေါ်ဝယ် အညီအညွတ်ဆောင်ရွက်ကြရသည့် ရေရှည်လုပ်ငန်း

ဖြစ်ပါသည်။ ရေရှည်လုပ်ငန်းဆိုရာ၌ နှစ်အဆက်ဆက် ခေတ်အဆက်ဆက် ထိ ကြာမြင့်နိုင်မည်ကိုပင် တွေးယူတွန့်ဆုတ်မှုမရှိကြဘဲ ဆရာတပည့် နောင်ရင်းညီဘွား ညီညွတ်မှုဝယ် သာသနာပြုစိတ် ထိပ်တန်းတင်ကြလျက် ဆရာတပည့်အဆင့်ဆင့်အဆက်ဆက်တို့က ပရိယတ်ခွန်အားဖြင့် တကယ် တမ်း ဆောင်ရွက်ကြမှသာ စွမ်းဆောင်နိုင်သော လုပ်ငန်းဖြစ်ပါသည်။

ပခုက္ကူအဘိဓာန်အဖွဲ့အတွက် တာဝန်ကျ တ-ဝဂ် အက္ခရာတွင် တ-မှ န-ထိ အက္ခရာ ၅-လုံးပါဝင်၍ ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ထံမှ ရယူခဲ့သော တ-ဝဂ်တည်ပုဒ်ပေါင်း ၃-သောင်းခန့်အပြင် ဆောင်ရွက် လုပ်ကိုင်ရင်းမှ အသစ်တွေ့ရှိသော တည်ပုဒ်များ၊ ထပ်သယောင်ရှိနေ၍ ပေါင်းပစ်ရသော တည်ပုဒ်များလည်းပါရှိလာပါသည်။ ပခုက္ကူ မဟာဝိသုတာ ရာမအဘိဓာန်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော် ဘုရားကြီး၏ ဦးဆောင်ညွှန်ကြားမှုအောက်တွင် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ နန္ဒိယခေါင်းဆောင်လျက် ဘဒ္ဒန္တကေလာသ၊ ဘဒ္ဒန္တနေမိန္ဒစသော အဘိဓာန် အဖွဲ့ဝင် ဂဏဝါစက စာချဆရာတော်များသည် စာဝါအသီးသီး ပို့ချရင်းမှ တစ်ရက်လျှင် ၃-နာရီခန့် တ-ဝဂ် အက္ခရာအဘိဓာန် လုပ်ငန်းကိုတက်ညီ လက်ညီ ဆောင်ရွက်ခဲ့ကြရာ ၄-နှစ်ခန့်အကြာတွင် အဘိဓာန်အတွဲ(၉)ကို ချောမောအောင်မြင် ပြီးစီးခဲ့ပါသည်။

## အဘိဓာန်ကျမ်းတွဲ ပုံနှိပ်လုပ်ငန်း

ဗုဒ္ဓသာသနာအဖွဲ့ လျှောက်ထားစဉ်က တ-ဝဂ် တစ်ခုလုံးကို ၅-နှစ် အပြီးမှန်းဆ လျှောက်ထားသော်လည်း တကယ်လက်တွေ့ ဆောင်ရွက်ကြ ရာ၌ ကျမ်းတွဲတစ်တွဲသာပြီးနိုင်သည်ကို တွေ့ရှိရပါသည်။ ထိုခေတ်အခါက စာမူချောရဖို့ရန် လက်ရေးမူမှလက်နှိပ်စက်ဖြင့်မူပွား၍ အဖွဲ့ဖြင့် ပြန်လည် စိစစ်ပြီးမှ ထပ်မံဖြည့်စွက် ဖြုတ်ပယ်ကာ လက်နှိပ်စက်မူချောရရှိအောင် ဆောင်ရွက်ရသည်။ မူချောရလျှင် ကမ္ဘာအေးအဘိဓာန်အဖွဲ့သို့ ပေးပို့ရပြီး ထိုမူကို ကမ္ဘာအေးပုံနှိပ်တိုက်က ခဲစာလုံးဖြင့်စာစီ၍ ဂယ်လီပရုတ်တစ်ကြိမ်၊ ဖောင်ပရုတ်တစ်ကြိမ် ရိုက်မိန့်ရသည်အထိ ဆောင်ရွက်ရသဖြင့် ကျမ်းတွဲကြီး

ပြီးစီးသည်အထိ စာဖောင်တစ်ဖောင်ချင်းစီ ပို့ယူဆောင်ရွက်ကြရပါသည်။ အဘိဓာန်အဖွဲ့ ပါဠိပညာရှင်များ၊ ပုံနှိပ်တိုက် ပါဠိစာပြင်ဆရာများမှာလည်း သံဂါယနာတင်ခေတ် ဆရာကြီးများဖြစ်ကြ၍ အမှားအမှန်ပြင်ဆင် ဖတ်ရှုရန်-ဟု ပြင်ဆင်ချက်စာမျက်နှာ ထည့်စရာမလိုအောင်ပင် ဆောင်ရွက်ခဲ့ကြကြောင်း အဘိဓာန်အတွဲ(၉) နိဒါန်း၌ ဖော်ပြထားပါသည်။

**အဘိဓာန်အတွဲ(၉)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ပခုက္ကူဆရာတော်ဘုရားကြီးအား အမှူးပြုလျက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဦးဆောင်သော မဟာဝိသုတာရာမကျောင်းတိုက် ဂဏဝါစကနာယကစာချဆရာတော်များ။ |
| **တည်ပုဒ်ပေါင်း** | တ-ဝဂ် (တ)မှ (ထောမေဿာမိ)ထိ-၆၅၃၅။ |
| **စာမျက်နှာ** | နိဒါန်း-၄၅၊ အဘိဓာန်-၈၃၇။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊ ၁၉၇၀-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | ဗုဒ္ဓသာသနာအဖွဲ့အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင် (M.A, M.S,B.L.)။ |

**မဟာဝိသုတာရာမ သာသနာဝင်**

ပခုက္ကူစာသင်နည်းဖြင့် ပရိယတ္တိပညာရေးကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့သော မဟာဝိသုတာရာမ(အလယ်တိုက်)ကြီးသည် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော်ကြီးလက်ထက် စာသင်တိုက်ခွဲပေါင်း ၁၀၀၀-ကျော်နှင့် ကျောင်းတိုက်ခွဲပေါင်း ၁၅၀၀၀ နိုင်ငံအဝန်း ပျံ့နှံ့နေပြီဖြစ်၍ မဟာဝိသုတာရာမ ဂဏဝါစကနိကာယ(ပခုက္ကူဂိုဏ်း)ကြီးတစ်ခုပမာပင် ဆိုနိုင်နေသော်လည်း သုဓမ္မာသံဃာအဖြစ်ဖြင့်သာ ဆရာစဉ်ဆက် ခံယူကျင့်သုံးခဲ့ပါသည်။ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဦးဆောင်မှုဖြင့် တိုက်အုပ်ဆရာတော် နာယက တိုက်ကြပ် ဂဏဝါစကဆရာတော်များပါဝင်

သည့် ပခုက္ကူမဟာဝိသုတာရာမ အဘိဓာန်အဖွဲ့ခွဲသည် ပခုက္ကူကျမ်းရိုးပေါက် စာသင်နည်း၏ အသီးအပွင့်ကဏ္ဍတစ်ခုအနေနှင့် ပရိယတ္တိပညာအညွန့်လူ ပါဝင်ခွင့် သမိုင်းမှတ်တိုင်ကို သက်သေထူနိုင်ခဲ့ပါသည်။

ပခုက္ကူမဟာဝိသုတာရာမ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရဆရာတော်ဘုရားကြီးသည် ၁၃၁၉-ခုနှစ်တွင် တိုက်တာအုပ်ချုပ် စီမံမှုအားလုံးကို ဥပုသ်ပြုသံဃာ(၄၈၀)တို့ ရှေ့မှောက်၌ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယနှင့် ဘဒ္ဒန္တ မာဃိန္ဒ ဆရာတော်သုံးပါးတို့အား တာဝန်လွှဲအပ်ခဲ့ပါသည်။ ထိုသို့တာဝန်လွှဲ အပ်ပြီး၍ ၁၄-နှစ်အကြာ ထိုစဉ်က တိုက်အုပ်ဆရာတော်အဖြစ် အဘိဓာန် လုပ်ငန်း၌ ဦးစီး၍ဆောင်ရွက်တော်မူလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒိယသည် ၁၃၃၃-ခုနှစ် ဝါတွင်းကာလ ပခုက္ကူ မြို့ ဧရာဝတီမြစ်ရေလျှံမှု ဖြစ်ပေါ်စဉ် (၈-၈-၁၉၇၁)တွင် လွန်တော်မူပါ သည်။ ထိုမှတစ်နှစ်အကြာ ၁၃၃၄-ခုနှစ် ဒုတိယဝါဆိုလပြည့် (၁၀-၇-၁၉၇၂)နေ့တွင် အဘိဓဇမဟာရဋ္ဌ ဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်ဆရာတော်ဘုရားကြီးသည်လည်း သက်တော် (၈၉) သိက္ခာတော်(၆၉)ဝါအရတွင် ပျံလွန်တော်မူခဲ့ပါသည်။ ထို့ကြောင့် ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ကြီးနှင့် တိုက်အုပ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးနှစ်ပါးတို့သည် ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့က ဆက်လက်ပြုစုကြသော တ-ဝဂ်အဘိဓာန်အတွဲ(၁၀) ၁၉၇၅-ခုနှစ် ပုံနှိပ်ပြီးစီးချိန်တွင် မြင့်တွေ့သွားခြင်း ရှိတော်မမူခဲ့ကြတော့ပါ။

**အဘိဓာန်အတွဲ(၁၀)**

**ဦးဆောင်ပုဂ္ဂိုလ်** အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော် ဘုရားကြီး အမှူးပြု၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ နန္ဒိယ ဦးဆောင်သော ပခုက္ကူ မဟာဝိသုတာရာမ တိုက် ဘဒ္ဒန္တဂန္ဓမာနှင့် ဂဏဝါစကနာယက စာချ ဆရာတော် (၁၆)ပါး။

**တည်ပုဒ်ပေါင်း** ဝ-ဝဂ် (၁)မှ (ဒွေဠကပုစ္ဆာ)ထိ-၇၉၈၆။
**စာမျက်နှာ** နိဒါန်း-၄၆၊ အဘိဓာန်-၉၃၀။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၃၀၀၀၊ ၁၉၇၅-ခုနှစ်။
**ပုံနှိပ်ထုတ်ဝေသူ** ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက် ညွှန်ကြားရေးမှူးချုပ် ဦးလှမောင် (M.A, M.S,B.L.)။

## တာဝန်ကမ်းဆင့် ဂုဏ်ထူးမြင့်

ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့တွင် ပါဝင်ကြသည့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒသည် မော်လမြိုင်မြို့မှ ဒါယကာများက ပင့်လျှောက်ကြသဖြင့် မော်လမြိုင်ကျောင်းခွဲသို့ ကြွရောက်သီတင်းသုံးရပါသည်။ အချို့သော အဘိဓာန်အဖွဲ့ဝင်ဆရာတော်များလည်း မိမိတို့ရပ်ရွာ ဆရာတော်ရင်းတို့၏ သာသနာပြုနယ်မြေသို့ ပြန်လည်တာဝန်ယူရမှုများရှိကြရသည်မှာ စာသင်တိုက်ကြီးတို့၌ ကြုံတွေ့ရမြဲဓမ္မတာ ဖြစ်ခဲ့ပါသည်။ သို့ဖြစ်ရာ ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့တွင် အင်အားများလျော့နည်းလာသဖြင့် အဖွဲ့ဝင်အသစ်များဖြင့် ထပ်မံတိုးချဲ့ဖွဲ့စည်းရသည့်နည်းတူ အဘိဓာန်အဖွဲ့၏ ဦးဆောင်တာဝန်များကိုလည်း မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာ၏ဩဝါဒခံယူလျက် ပခုက္ကူအရှင်ကေလာသ(သာသနဓဇသိရီပဝရ ဓမ္မာစရိယ, ဂဏဝါစက, ဘီအေဂုဏ်ထူး၊ သီရိလင်္ကာ)ဆရာတော်အရှင်မြတ်က တာဝန်ယူခဲ့ရပါသည်။ ဆရာတော်သည် ရောက်ရာနေရာ၌ စာပေရေးသားမှုပြု၍ မန္တလေးသာသနာဝင်၊ စစ်ကိုင်းသာသနာဝင်၊ ပုဂံသာသနာဝင်၊ ပခုက္ကူသာသနာဝင်စသော သာသနာဝင်ကျမ်းများနှင့် ထေရုပ္ပတ္တိကျမ်းများစွာကို ပါဠိဂါထာများ ဝေဝေဆာဆာဖြင့် ခြယ်မှုန်းလျက် သမိုင်းအထောက်အထားများနှင့်တကွ ကျမ်းပေါင်းများစွာ ဂန္ထဝင်ထင်ကျန်စေတော်မူခဲ့သော အရှင်မြတ်တစ်ပါး ဖြစ်ခဲ့ပါသည်။

**အဘိဓာန်အတွဲ(၁၁)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီး ဩဝါဒခံယူလျက် သာသနဇောတိပါလကျောင်း ဆရာတော် ဘဒ္ဒန္တကေလာသ အမှူးပြုသည့် ကျမ်းပြုဂဏဝါစကစာချဆရာတော် (၁၁)ပါး။ |
| **တည်ပုဒ်ပေါင်း** | တ-ဝဂ် (ဓ)မှ (နိက္ခာမေသုံ)ထိ-၅၄၄၈။ |
| **စာမျက်နှာ** | နိဒါန်း-၇၄၊ အဘိဓာန်-၆၈၈။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၂၀၀၀၊ ၁၉၈၆-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်။ |

**ဆင့်ကမ်းတာဝန် ထူးကျေပွန်**

ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့၏ တ-ဝဂ်နောက်ဆုံး လက်ကျန်အတွဲ(၁၂)ကိုလည်း ဆရာတော်ဘဒ္ဒန္တကေလာသ(သိရီပဝရ ဓမ္မာစရိယ ဘိအေဂုဏ်ထူး-သိရိလင်္ကာ)ကပင်ဦးဆောင်၍ ဆက်လက် ရေးသားပြုစုပါသည်။ အတွဲ(၁၂)၏အဘိဓာန်လုပ်ငန်းများ ဆောင်ရွက်ဆဲ ၅-နှစ်ခန့်အကြာတွင် ဆရာတော် ဘဒ္ဒန္တကေလာသ(အဂ္ဂမဟာပဏ္ဍိတ)၏ ကျန်းမာရေးအခြေအနေ ဖောက်ပြန်လာပါသည်။ နှစ်ပေါင်းများစွာ စာပေပို့ချ ခြင်း၊ အဘိဓာန် ကျမ်းအပါအဝင် သာသနာဝင်ကျမ်းပေါင်းများစွာ အဆက် မပြတ်ရေးသားပြုစုခြင်းနှင့် ထိုသို့ပြုစုရာ၌ ဣရိယာပုတ် မမျှတခြင်းစသည့် ကျန်းမာရေးဆိုင်ရာ အားနည်းချက်များကြောင့် ၁၃၅၃-ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၁၅-ရက်(၁၀-၈-၁၉၉၁)နေ့တွင် အသက်၏အစိုးမရမှုကို လမ်းပြသွားခဲ့ပါသည်။ ဤတွင် ဘဒ္ဒန္တကေလာသ ဆရာတော်ဘုရားကြီး အပြီးသတ်မသွားသော အဘိဓာန်အတွဲ(၁၂)လုပ်ငန်းများကို ဆရာတော် ဘဒ္ဒန္တပညာဇောတက အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်(၁၀)ပါးတို့ ဖြင့် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့၏ တ-ဝဂ် အဘိဓာန်လုပ်ငန်းတွင် အတွဲ(၄)တွဲထွက်ရှိခဲ့၍ အတွဲ(၉)(၁၀)(၁၁)တို့သည် ခဲစာလုံးစာစီမှုဖြင့် ပုံနှိပ်ခဲ့ရပြီး တစ်ဖောင်ချင်း တည်းဖြတ်ပြင်ဆင် ဆောင်ရွက်ခဲ့ရပါသည်။ အဘိဓာန်အတွဲ(၁၂)ဆောင်ရွက်နေစဉ်ကာလ စာချောနီးပါးရောက်နေချိန်၌ သာသနာရေးဦးစီးဌာနမှ စီစဉ်ပေးသော ကွန်ပျူတာနှင့် ကွန်ပျူတာစာစီသူတို့ဖြင့် အနီးကပ် ကြီးကြပ်တည်းဖြတ်ဆောင်ရွက်နိုင်ခဲ့ရာ တ-ဝဂ် အဘိဓာန်အတွဲ(၁၂)ကို ကွန်ပျူတာစာစီမှု သန့်သန့်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အဘိဓာန်အတွဲ(၁၂)**

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | ပခုက္ကူ မဟာဝိသုတာရာမတိုက် ကျမ်းပြုဆရာတော် အရှင်ကေလာသနှင့် မဟာနာယကဆရာတော်ကြီးများ အမှူးထား၍ ဆရာတော် ဘဒ္ဒန္တပညာဇောတ ဦးဆောင်သော ဂဏဝါစကနာယက စာချဆရာတော် (၁၀)ပါး။ |
| **တည်ပုဒ်ပေါင်း** | တ-ဝဂ်(နိက္ခိတ္တ)မှ(နှာရုသုတ္တနိဗန္ဓန)ထိ-၆၈၆၈။ |
| **စာမျက်နှာ** | နိဒါန်း-၃၅၊ အဘိဓာန်-၁၀၈၄။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထမအကြိမ်-၃၀၀၀၊ ၂၀၂၂-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ညွှန်ကြားရေးမှူး ဦးညွန့်မောင်။ |

၁၉၆၆-ခုနှစ်မှ ၂၀၂၂-ခုနှစ်ထိ ၃၆-နှစ်တာကာလအတွင်း ပခုက္ကူမြို့ မဟာဝိသုတာရာမ အဘိဓာန်အဖွဲ့ကြီးသည် ကျေးဇူးရှင်ဆရာတော်ကြီးများ အဆက်ဆက်တို့၏ ဦးဆောင်ခဲ့မှုဖြင့် ကျောင်းတိုက်ဂဏဝါစကဆရာတော်တို့သည် နှစ်ပေါင်း ၃၆-နှစ်အတွင်း တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးတွင် တ-ဝဂ်အက္ခရာ ၅-လုံး၌ပါရှိသည့် အဘိဓာန်တည်ပုဒ်ပေါင်း ၂၆၈၃၇နှင့် အဘိဓာန်စာမျက်နှာပေါင်း(၃၅၃၉)တို့ကို ဆရာစဉ်ဆက်တာဝန်ဆက်၍ ပြီးစီးအောင်မြင်ခဲ့ပါသည်။

**အဘိဓာန်ကျမ်းကြီး၏ အကျိုးကျေးဇူး**

၁။ သဒ္ဒါအစီအရင် ကျွမ်းကျင်နိုင်ခြင်း၊

၂။ ဆိုလိုရင်း အဓိပ္ပါယ်ရောက်အောင် အနက်သမ္ဘန်နိုင်ခြင်း၊

၃။ ပိဋကသုံးပုံ အဆုံးအဖြတ်များကို ပိုင်နိုင်စေခြင်း၊

၄။ သာသနာဝင် သမိုင်းဝင်ဗဟုသုတ ဇာစ်မြစ်များကို ရရှိစေခြင်း၊

၅။ သက္ကဋ၊ ပြာကြိုဋ်၊ အဒ္ဓမာဂဓီ သီဟိုဠ်စသည့် ဘာသာရပ်ဆိုင်ရာများနှင့် လိုအပ်ရာတိုက်ဆိုင် စိစစ်နိုင်ခြင်း၊

၆။ သာမကအထောက်အထား ကျမ်းညွှန်းများကိုအလွယ်ရရှိနိုင်ခြင်း၊

၇။ အဘိဓာန်ကျမ်းကို လက်ကိုင်ပြု၍ ကဝိပညာရှင်တစ်ဦးကဲ့သို့ ပညာစွမ်းဖော်ထုတ်နိုင်ခြင်း။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည် ထေရဝါဒဗုဒ္ဓသာသနာ ပရိယတ္တိဓမ္မအနှစ်တို့ ပြည့်လှမ်းနေသဖြင့် လိုရာကိုလိုသလို ရယူအသုံးပြုနိုင်ကြလိမ့်မည်ဟု အဘိဓာန်ကြီး၏ကျေးဇူးကို အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်ဆရာတော်တိုင်း သိရှိတော်မူကြပါသည်။

အဘိဓာန်လုပ်ငန်းကြီး၌ စိတ်အားထက်သန်စေကြရသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး၏ အကျိုးကျေးဇူး(၇)ချက်ကို အဘိဓာန်အတွဲ(၉) နိဒါန်း၌ ဖော်ပြထားပေးခြင်းက အဘိဓာန်အကျိုးကျေးဇူးကိုသာမက အဘိဓာန်လုပ်ငန်းများ အောင်မြင်ပြီးဆုံးချိန်၌ ပခုက္ကူ မဟာဝိသုတာရာမ တိုက်ကြီး၏ ဆရာတပည့် အစဉ်အဆက်တို့၏ စည်းလုံးညီညွတ်မှု မှတ်တမ်း ပြယုဂ်တစ်ခုအဖြစ်လည်း သမိုင်းတွင် သက်သေကျန်ရှိနေတော့မည်ဟုလည်း ယုံကြည်ခံယူခဲ့ကြမှုပေါ်လွင်ပါသည်။

## အိမ်မြှောင်ပမာ ကျမ်းသမုဒ္ဒရာ

သံလိုက်ဖြင့် တည့်မတ်၍ မြောက်အရပ်သို့ အမြဲညွှန်ပြပေးသော ကိရိယာကို မြန်မာတို့က အိမ်မြှောင်ဟု ခေါ်၏။ ထိုအိမ်မြှောင်ကိရိယာသည် လေးဘက်လေးတန် သစ်ပင်ခြုံနွယ်တို့သာရှိသည့် တောကြီးမျက်မည်းအလယ် ရောက်ရှိနေသူများနှင့် အောက်တွင်ရေပြင်နှင့် ကျန်အရပ်(၅)မျက်နှာလုံး မိုးကောင်းကင်ကိုသာ တွေ့မြင်ရတော့သည့် သမုဒ္ဒရာကြီးအလယ် ရောက်ရှိနေသူတို့၏ ထိုခရီးခဲမှ လွတ်မြောက်ရန် အားကိုးရာဖြစ်ပါသည်။ ပိဋကတ်ကျမ်းဂန်တောအုပ်ကြီးအလယ်နှင့် ပိဋကသမုဒ္ဒရာအလယ် ရောက်ရှိနေကြသော စာပေလိုက်စား စာသင်သားနှင့် စာရှုသူပညာရှင်တို့အဖို့ ပုဒ်တို့၏ အနက်အဓိပ္ပာယ် သဒ္ဒါအစီအရင်တို့ကို အလွယ်ပင် ကူညီပေးနိုင်သော တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ဖြစ်ပေသည်ဟူ၍ ပခုက္ကူ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့ ဆရာတော်များက အဘိဓာန်အတွဲ နိဒါန်း၌ သုံးသပ်ဖော်ပြထားပါသည်။ ထို့ပြင် သိုက်စာနှင့် တူသောအဘိဓာန် ဘဏ္ဍာတိုက်နှင့်တူသောအဘိဓာန်၊ သမုဒ္ဒရာနှင့် တူသောအဘိဓာန်၊ မဥ္ဇူသက ပန်းပင်နှင့်တူသောအဘိဓာန်၊ ကောင်းကင်နှင့်တူသောအဘိဓာန်ဟူ၍ ဆက်လက်ဖော်ပြရုံသာမက အိန္ဒိယနိုင်ငံ သက္ကတအဘိဓာန်၊ ကောသအဘိဓာန် များ၊ သီဟိုဠ်ခေတ် အဘိဓာန်များ၊ နိုင်ငံခြားဖြစ် ပါဠိအဘိဓာန်များနှင့် မြန်မာ နိုင်ငံ ပါဠိအဘိဓာန်များအကြောင်းတို့နှင့်ပါ နှိုင်းယှဉ်သုံးသပ်ထားပါသေး သည်။

## ဟစ်ကြွေးမော်ကွန်း နိဒါန်းညွှန်း

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁၁)တွင်လည်း နိဒါန်းရှည်ကြီး ပါရှိပါသည်။ နိဒါန်းစာမျက်နှာ က-မှ-ဆု ထိ(၇၈)မျက်နှာပါရှိသည်။ နိဒါန်းရေးသားသူ အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူ အရှင်ကေလာသ ဆရာတော် သည် အဘိဓာန်အတွဲ(၉)နိဒါန်း၌ ကျန်ရှိသွားသော အကြောင်းအချက်တို့ကို ထပ်မံခဲ့ထွင်၍ ပြီးပြည့်စုံသော အဘိဓာန်နိဒါန်းဖြစ်အောင် ဖော်ထုတ်ထား ပါသည်။

"ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည် ကမ္ဘာတွင် အစဆုံးပေါ်ထွန်းလာသည့် ပါဠိပုဒ်တို့ကို ဘက်စုံဖွင့်ပြတိုက်ဆိုင် ကိုးကား၍ ပြပေးထားသော မဟာပါဠိအဘိဓာန်ကျမ်းကြီး ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် ဤမျှလောက် ကြီးမားပြည့်စုံသည့် တိပိဋကပါဠိအဖွင့် အဘိဓာန်ကျမ်းကို မည်သည့်နိုင်ငံတွင်မျှ မပြုစုဖူးချေ"ဟူ၍ နိဒါန်းအစမျက်နှာ၌ ဖော်ပြထားသည်။

ထို့ပြင် အဘိဓာန် အလေးမမူ နားပင်းသူ၊ ပရိယာယ်ကြွယ်ချင် အဘိဓာန်သင်၊ အနက်မြင်သန် အဘိဓာန်၊ လေးတန် ကျမ်းတံခွန်-အဘိဓာန် စသည်ဖြင့် အဘိဓာန်ဂုဏ်ရည်တို့ကို ထုတ်နုတ်ဖော်ပြထားပါသည်။ သက္ကတ အဘိဓာန်ပေါင်း ၂၀၀-ကျော် စာရင်းနှင့်တကွ အဘိဓာနပ္ပဒီပိကာပါဌ်ကို အခြေပြုလျက် အဘိဓာနပ္ပဒီပိကာဋီကာ သီဟိုဠ်ဘာသာနိဿယ မြန်မာဘာသာ နိဿယမူမျိုးစုံ၊ သဒ္ဒနီတိ ဓာတုမာလာ ဓာတုပစ္စယဒီပနီ၊ ဓာတွတ္ထသင်္ဂဟ၊ ဝိဘတ္တိမာလာ၊ လိင်္ဂမာလာ၊ ဥပသာရဘာဝိနီ၊ အာချာတ ပဒဝိဘာဝိနီ၊ နာနာတ္ထဒီပိကာ၊ ပါဠိမြန်မာအဘိဓာန်၊ မြန်မာအင်္ဂလိပ်ပါဠိအဘိဓာန်၊ မစိုးရိမ်ရတနာဝလိပါဠိအဘိဓာန်၊ ဝိသုဒ္ဓါရုံ ပါဠိပိဋကအဘိဓာန်၊ ပါဠိသီဟိုဠ် အဘိဓာန်၊ ယိုးဒယားပါဠိအဘိဓာန်၊ ပါဠိ အင်္ဂလိပ်အဘိဓာန်၊ ချစ်လ်ဒါး၏ ပါဠိအဘိဓာန်၊ ပါဠိရုရှားအဘိဓာန် စသည်ဖြင့် အဘိဓာန်ပြုစုသူတို့၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့်တကွ ပုဒ်တစ်ပုဒ်တည်းက အနက်မျိုးစုံ ထုတ်ဆောင်နိုင်သည့် နမူနာအတ္ထုဒ္ဓါရများကိုပါ အက္ခရာဝလိစဉ်၍ ထုတ်နုတ်နည်းပါမကျန် ဗဟုသုတမီးအိမ်ကို အတောက်ပဆုံး ထွန်းညှိပေးထားပါသည်။

ထိုနိဒါန်းညွှန်းသည် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် အဘိဓာန်အဖွဲ့၏ ဟစ်ကြွေးသံ မော်ကွန်းကို ကြားနာလိုက်ရသကဲ့သို့ ခံစားရပါသည်။

❑ ❑ ❑

# ဒက္ခိဏာရာမဘုရားကြီးအဘိဓာန်အဖွဲ့





ဒက္ခိဏာရာမဘုရားကြီးတိုက်အဘိဓာန်အဖွဲ့တည်ရှိရာ

**ဒက္ခိဏာရာမဘုရားကြီးတိုက်** ၊ မန္တလေးမြို့

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့

ဥက္ကဋ္ဌ



2 8

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် မဟာနာယက
အဂ္ဂမဟာပဏ္ဍိတ **ဘဒ္ဒန္တဥက္ကံသာဘိဝံသ မဟာထေရ်**

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့



29

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် မဟာနာယက
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နယားဆရာတော် **ဘဒ္ဒန္တမေဓိယာဘိဝံသ မဟာထေရ်**

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့



3.0

မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
(သာသနဓဇ သိရီပဝရဓမ္မာစရိယ ပါဠိဝင်္ဂသကာ သိရောမဏိ)
ဗန်းမော်ဆရာတော် **ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်**

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့





မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်
အတုလကာရီ ဆင်မင်းကျောင်းဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု **ဘဒ္ဒန္တဉဘာသာဘိဝံသ**

ဒက္ခိဏာရာမဘုရားကြီးတိုက် ဂဏဝါစက
တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





**ရှေ့တန်း ဝဲ-မှ ယာ။** ။ဦးဇနိန္ဒ၊ ဦးသီရိန္ဒ၊ ဆရာတော် ဦးမေဓိယာဘိဝံသ၊ အမရပူရဆရာတော်၊ ဆရာတော် ဦးသီလာစာရ၊ ဦးနန္ဒဝံသ၊ ဦးကုမာရာဘိဝံသ
**နောက်တန်း ဝဲ-မှ ယာ။** ။ဦးဩဘာသ၊ ဦးဩဘာသာဘိဝံသ၊ ဦးသုန္ဒရ၊ ဦးပဏ္ဍိတဉာဏာဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသ၊ ဦးနန္ဒိယ

## ဒက္ခိဏာရာမဘုရားကြီးတိုက် ဂဏဝါစက
## တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်များ





ရှေ့တန်း ဝဲ-မှ ယာ။ ။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဘဒ္ဒန္တဝဏ္ဏိသရ၊ ဘဒ္ဒန္တပဏ္ဍဝ

နောက်တန်း ဝဲ-မှ ယာ။ ။ ဘဒ္ဒန္တနေမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တအဂ္ဂည၊ ဘဒ္ဒန္တဝါသဝသိရီ၊ ဘဒ္ဒန္တအာစိဏ္ဏ၊ ဘဒ္ဒန္တပညိန္ဒ၊ ဘဒ္ဒန္တသုမင်္ဂလ

# မန္တလေးမြို့
# ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် အဘိဓာန်အဖွဲ့

## ပဋ္ဌမသံဂါယနာတင် ရတနာပုံနေပြည်တော်

ရတနာပုံ မန္တလေးမြို့တော်ကြီး တည်ထားစဉ်က နန်းမြို့တော်ကြီး၏ အရှေ့အနောက်တောင်မြောက် အရပ်-၄ မျက်နှာအရပ်ဒေသများကို အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်ဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ထိုအရပ်ဒေသအလိုက် ကျောင်းတိုက်ကြီးများကိုလည်း အမရပူရနေပြည်တော် တည်ဆောက်စဉ်က ရှိနှင့်ပြီး နေရာပေး၍ အသစ်တည်ထောင်ပေးခဲ့သော ဘုန်းတော်ကြီးကျောင်းများသည် လူနေရပ်ကွက်များနှင့် သီးခြားစီရှိခဲ့ကြပါသည်။

ရွှေမြို့တော်၏ တောင်ပြင်၌ တည်ရှိခဲ့သော ကြီးကျယ်ခမ်းနားလှသည့် ကျောင်းတိုက်ကြီးတစ်တိုက်မှာ ဒက္ခိဏာရာမကျောင်းတိုက်ကြီး ဖြစ်ပါသည်။ ကျောင်းဒါယကာမှာ ပုဂံမင်းလက်ထက် မဟာသက်တော်ရှည်မင်းကြီး ဦးပွားဖြစ်သည်။ ကျောင်းတိုက်၏ အာရမ်နှစ်ခုအကြား၌ တည်ထားသော စေတီတော်ကြီးတစ်ဆူလည်း အထင်ကရရှိသဖြင့် ဒက္ခိဏာရာမဘုရားကြီးတိုက်ဟူ၍ ကျောင်းတိုက်အမည်တွင်ခဲ့ပါသည်။ မန္တလေးမြို့၏ ကျက်သရေဆောင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ အရှေ့တောင်ဘက်အရပ်နှင့်လည်း ဆက်စပ်နေသဖြင့် ဒက္ခိဏာရာမဘုရားကြီးတိုက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့မှာ အမည်တွဲလျက် မှတ်သားကြရသော နေရာဒေသဖြစ်ပါသည်။

## တိပိဋက ဘုရားကြီးဆရာတော်

ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် တည်ထောင်ဆောက်လုပ်ပြီးစီးသောအခါ သက္ကရာဇ် ၁၂၀၉-ခုနှစ်တွင် ရဟန်းဒါယကာ မဟာသက်တော်ရှည် မင်းကြီးဦးပွားသည် ကျောင်းတော်ကြီးကို ဇာဂရာဘိဓဇရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇာဂရမထေရ်အား ကျောင်းတင်လှူဒါန်းခဲ့ပါသည်။ မင်းတုန်းမင်းကြီး လက်ထက်တွင်လည်း မင်းတရားကြီး၏မိဖုရား တောင်ဆောင်တော် အတုလဒေဝီက ဆရာတော်ဘုရားကြီးအား ဆရာဒကာ ဆည်းကပ်ခဲ့ရုံမက ပဥ္စမသံဂါယနာတင်ပွဲကြီး ကျင်းပပြုလုပ်ရန်အကြောင်းပေါ်ပေါက်ရာ၌ တိပိဋကဓရဖြစ်သော ဘဒ္ဒန္တဇာဂရမဟာထေရ်ဆရာတော်ဘုရားကြီးက ဦးဆောင်ခဲ့ရပါသည်။

သက္ကရာဇ် ၁၂၂၂(အေဒီ-၁၈၆၀)မှ သက္ကရာဇ် ၁၂၃၃-(အေဒီ-၁၈၇၁) ထိ ကျောက်ထက်အက္ခရာတင်ခြင်း၊ နှုတ်ဖြင့်ရွတ်ဆို သံဂါယနာတင်ခြင်း နှစ်ရပ်စလုံး၌ ဆရာတော်ဘုရားကြီးက ပဥ္စမသံဂါယနာ မဟာဓမ္မသဘင်ကြီး၏အကြီးအကဲ မဟာနာယကအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ မင်းတုန်းမင်းကြီးက ဆက်ကပ်သော ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်ကိုလည်း ထပ်ဆင့်ခံယူရရှိပါသည်။ ဆရာတော်ကြီး ရေးသားပြုစုသော ကျမ်းများအနက် သဒ္ဒဝတ္ထုဋီကာ၊ ဂန္ထာဘရဏဋီကာ၊ ဘုရားကြီးနိယံနှင့် သံဝေဂဒီပနီတို့မှာ ထင်ရှားသောကျမ်းများ ဖြစ်ပါသည်။

ထိုကာလမှစ၍ ဒက္ခိဏာရာမဘုရားကြီးတိုက်ကို ဆရာစဉ်ဆက်ထေရ်စဉ်ဝါဆက် အုပ်ချုပ်စီမံခဲ့၍ ယခင်ကပင် စာချစာသင်သံဃာဦးရေထောင်ကျော်ထိရှိခဲ့သဖြင့် ဘုရားကြီးတိုက် ကုဋီ၌ သံဃာမစဲခြင်း၊ စာကျက်စာအံသံမစဲခြင်း၊ ကျောင်းတွင်းသို့ သံဃာသွားလာ ဝင်ထွက်မှုမစဲခြင်းဟူသော "မစဲသုံးပါး ကွဲပြားမရှိ ဒက္ခိဏာရုံ ကျောင်းရွှေဘုံ"ဟူသော စာချိုးကိုပင် စာသင်သားလောက၌ ဆောင်ပုဒ်ပြုခဲ့ရပါသည်။ ထို့ထက် စာချအကျော်

ဆရာတော်တို့ သီတင်းသုံးရာဖြစ်ခဲ့သဖြင့် ပရိယတ္တိအစဉ်အလာကြီးမားမှု မစဲခြင်းကိုပါ ဖြည့်စွက်ရန်ပင် အဆိုပြုသေးသည်ဟူ၏။

## ဘုရားကြီးတိုက် မဟာနာယကအဆက်ဆက်

ဒက္ခိဏာရာမဘုရားကြီးတိုက်တည် ဘဒ္ဒန္တဇာဂရမထေရ် ၁၂၃၆-ခုနှစ်၊ လွန်တော်မူသောအခါ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် နှစ်ထပ်ရ ဘဒ္ဒန္တပဏ္ဍိတမဟာထေရ် ဆက်ခံအုပ်ချုပ်ခဲ့ပါသည်။ ၁၂၄၆-ခုနှစ်၊ ဘဒ္ဒန္တ ပဏ္ဍိတမထေရ် လွန်တော်မူသော် ကန္နီဆရာတော် ဘဒ္ဒန္တသုန္ဒရာဘိဝံသ ဆက်ခံပါသည်။ ၁၂၅၀-ခုနှစ် ကန္နီဆရာတော် လွန်တော်မူရာ ဘဒ္ဒန္တ အာစာရာဘိဝံသက စတုတ္ထမြောက်ဆရာတော်အဖြစ် ဆက်ခံပါသည်။ ဘုရားကြီးတိုက် စတုတ္ထမြောက်ဆရာတော်လက်ထက် ဘုရားကြီးတိုက် ဂိုဏ်းဝင် ၁၃၀၀ ထိ စုစည်းနိုင်ခဲ့သဖြင့် တိုက်ခွဲအများဆုံးသော ကျောင်း တိုက်ကြီးဟူ၍ ဆိုကြပါသည်။ ၁၂၈၇ တွင် စတုတ္ထမြောက်ဆရာတော်ကြီး ဘဒ္ဒန္တအာစာရာဘိဝံသ လွန်တော်မူသောအခါ ဆရာတော် ဘဒ္ဒန္တဝိမလ ဗုဒ္ဓိသည် ဘုရားကြီးတိုက်၏ ပဉ္စမမြောက် သံဃမဟာနာယက ဖြစ်လာပါ သည်။ ပဉ္စမမြောက် ဆရာတော်သည် ၁၃၀၅-ခုနှစ်တွင် လွန်တော်မူခဲ့ပြီး ဆက်လက်၍ ဆဋ္ဌမြောက်ဆရာတော် ဘဒ္ဒန္တဥက္ကံသမာလာ(ဦးငြိမ်း)က ၁၃၀၆-ခုနှစ်အထိလည်းကောင်း၊ သတ္တမမြောက် ပင်းသာဆရာတော် ဘဒ္ဒန္တခန္တိဓမ္မက ၁၃၀၉-ခုနှစ်ထိလည်းကောင်း ဆက်ခံအုပ်ချုပ်ခဲ့ပါသည်။ ၁၃၀၉-ခုနှစ် တပေါင်းလဆန်း ၁၃-ရက်နေ့တွင် တိုက်တွင်း-တိုက်ပြင် အရပ်ရပ်သံဃာတော် ၁၉၀၀-တို့အား ပင့်ဖိတ်၍ ဒက္ခိဏာရာမဘုရားကြီး တိုက် နှစ်ရာပြည့်ပွဲသဘင် ဆင်နွှဲခဲ့ပါသည်။

ထို့နောက် ဘုရားကြီးတိုက် အဋ္ဌမမြောက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသက ၁၃၂၄-ထိ ဆက်လက်၍ အုပ်ချုပ်တော်မူကြလျက် ဒက္ခိဏာရာမဘုရားကြီးတိုက် နာယကဆရာတော် အဆက်ဆက်တို့သည် ဒက္ခိဏာရာမတိုက်၏ အစဉ်အဆက်တာဝန်များကို ထမ်းဆောင်ခဲ့ကြပါသည်။

၁၃၂၄-ခုနှစ်တွင် ဒက္ခိဏာရာမဘုရားကြီးတိုက် အုပ်ချုပ်မှုကို ဆက်ခံခဲ့သော နဝမမြောက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေန္ဒာသဘ သည် ဘုရားကြီးတိုက် ဟံသာဝတီကျောင်း၌ သီတင်းသုံးသဖြင့် စာချ အကျော် ဟံသာဝတီဆရာတော်အဖြစ် ထင်ရှားပြီး ဆရာတော်လက်ထက် ဘုရားကြီးတိုက် သံဃကတိကဝတ်စည်းမျဉ်း ရေးဆွဲခြင်း၊ သကျသီဟအသင်း အခွန်လွတ် သာသနာမြေဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ မဟာမြတ်မုနိ ဘုရားကြီးအပါအဝင် ဘုရားစေတီများနှင့် သကျသီဟအသင်းကြီး စည်းမျဉ်း ဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းခြင်း စသည့်တို့ကို ကြီးမှူးဆောင်ရွက်ပေးခဲ့ ပါသည်။

ထိုအချိန်က မန္တလေးမြို့ ဘုရားကြီးတိုက် စာချအကျော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဥက္ကံသာဘိဝံသသည်လည်း ဒက္ခိဏာရာမဘုရားကြီးတိုက်၏ မဟာနာယက တိုက်အုပ်ဆရာတော်အဖြစ် အုပ်ချုပ်လျက်ရှိပြီး ၁၃၃၄-ခုနှစ် ဘုရားကြီးတိုက် နဝမမြောက်ဆရာတော်ကြီး ဘဒ္ဒန္တကေန္ဒာသဘ လွန်တော်မူ ပြီးနောက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသသည် ဘုရားကြီးတိုက် ဒသမမြောက်ဆရာတော်ကြီး ဖြစ်လာပါသည်။

ဒသမမြောက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥက္ကံသာဘိဝံသသည် ငယ်စဉ်က စာချဆရာဖြစ်သည့် ဘဒ္ဒန္တနန္ဒိယ(ကဗျာနန်ဆရာတော်)က ၎င်း ၏ ငယ်နာမည် "မောင်ကြွယ်"ကို အသုံးပြုလျက် "ဖိုးကြွယ် ဘယ်သုတ် ရွတ်စမ်း၊ ဘယ်ဂါထာရွတ်စမ်း"စသည်ဖြင့် စာချစာသင် သံဃာတော်များ အကြား ပွဲထုတ်ခေါ်ဝေါ်ခဲ့သည်ဆို၏။ စာသင်သားမှ စာချဆရာတော် ဖြစ်လာသည်အထိ ထိုနာမည်က ပျောက်ပျက်ခြင်း မရှိဘဲ ဆက်၍အမည်တွင် ခဲ့ရာမှ ဘုရားကြီးတိုက် ဦးစီးပဓာနဖြစ်သည်အထိ ဆရာတော်ကြီးအား ဘဒ္ဒန္တဥက္ကံသာဘိဝံသဘွဲ့အမည်ရင်းထက် (ဦးကြွယ်၊ ဆရာတော်ကြွယ်) ဟုဆိုမှ မန္တလေးသံဃာလောက၌ သိသူများကြပါသည်။

## ဘွဲ့တူဆရာတော်နှစ်ပါး

ဘုရားကြီးတိုက် ဒသမမြောက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥက္ကံသာဘိဝံသအား(ဦးကြွယ်၊ ဆရာတော်ကြွယ်)ဟူ၍ အမည်တွင်ရခြင်း၌ နောက်တကြောင်းလည်း ဖြစ်ဖွယ်ရှိနိုင်ပါသေးသည်။ ထိုအချိန်က ဘုရားကြီးတိုက် အမရပူရကျောင်း၌ သီတင်းသုံးစာချနေသော ဆရာတော်ကြီး၏ ဘွဲ့အမည်မှာလည်း ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသပင် ဖြစ်ပါသည်။ ဆရာတော်ကြွယ်က မိတ္ထီလာနယ်ဇာတိဖြစ်၍ အမရပူရဆရာတော်က ရမည်းသင်းနယ် ဇာတိဖြစ်ကြပြီး ဆရာတော်ကြွယ်က အမရပူရကျောင်း ဆရာတော်ထက် သိက္ခာဝါ ၁၈-ဝါခန့် ကြီးပါသည်။ တစ်ကျောင်းတိုက်ထဲတွင် ဘွဲ့အမည် အဆင့်တူနေပါက အခြားထူးခြားမှုတစ်ခုဖြင့် အမည်တပ်၍ ခေါ်ဆိုကြမြဲဖြစ်ရာ ထိုအမည်က ပိုမိုထင်ရှားသွားစေတတ်ပါသည်။

## ဘုရားကြီးတိုက် အမရပူရဆရာတော်

ဒက္ခိဏာရာမဘုရားကြီးတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥက္ကံသာဘိဝံသ(ဆရာတော်ကြွယ်)သည် သက်တော်(၈၇)နှစ် သိက္ခာတော် (၆၇)ဝါအရ ၁၃၃၇-ခုနှစ်၊ နတ်တော်လဆန်း(၁)ရက် (၂၁-၁၁-၁၉၇၆) နေ့တွင် လွန်တော်မူသောအခါ အမရပူရဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသသည် သိက္ခာဝါ(၄၈)ဝါခန့်ရှိနေပါပြီ။ ဘုရားကြီးတိုက်အတွင်း၌ ကျောင်းဆောင်ပေါင်း ၇၀-ခန့် ရှိပါသည်။ ထိုကျောင်းဆောင်များအနက် ဘုရားကြီးတိုက်အာရာမ်အတွင်းထပ် အရှေ့တောင်ထောင့်ရှိ အသင်းကျောင်း၌ သီတင်းသုံး၍ စာပေပို့ချနေစဉ် ထိုအသင်းကျောင်းကို အမရပူရမြို့မှ ကျောင်းအမကြီး ဒေါ်ကြင် မိသားစုတို့က ကျောင်းဆောင်ကို အသစ်ပြန်လည်ဆောက်လုပ် လှူဒါန်းပါသည်။ ထိုကျောင်းဆောင်အမည်ကို အမရပူရကျောင်းဟူ၍ ကမ္ပည်းတင်သဖြင့် ထိုကျောင်းကို လက်ခံသီတင်းသုံးတော်မူ၍ ဆက်လက် စာပေပို့ချတော်မူသော ဘဒ္ဒန္တဥက္ကံသာဘိဝံသ ဆရာတော်ကြီးအား

အမရပူရဆရာတော်ကြီးဟူ၍သာ အသိအမှတ်ပြုကြလျက် ထင်ရှားတော်မူခဲ့ပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တဥက္ကံသာဘိဝံသသည် စာပေပို့ချတော်မူရင်း ကထိနဝိမတိစ္ဆေဒနီ၊ သိမာဝိမတိစ္ဆေဒနီ၊ ပရိဝါသဝိမတိစ္ဆေဒနီ စသည်ဖြင့် ဝိမတိစ္ဆေဒနီကျမ်းပေါင်း ၂၆-ကျမ်းတို့ကို ရေးသားပြုစုတော်မူပါသည်။

## ညီနောင်ဆရာတော်နှစ်ပါး

ဘုရားကြီးတိုက်တွင် တစ်ချိန်တည်းနီးပါးဆိုသလို စာချအကျော်နောင်တော်နှင့်ညီတော် ညီအစ်ကိုနှစ်ပါးရှိခဲ့သည်ဆိုလျှင် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသနှင့် နယားကျောင်းဆရာတော် ဘဒ္ဒန္တမောဓိယာဘိဝံသတို့ ဖြစ်ကြပါသည်။ ထိုဆရာတော် နှစ်ပါးတို့သည် မိတ္ထီလာခရိုင် ရမည်းသင်းမြို့နယ် အုတ်ဖိုရွာ သမားတော်ကြီး ဦးစံခိုင်၊ ဒေါ်အိမ်မင်းတို့က မွေးဖွားခဲ့ကြပြီး သုံးနှစ်ကြီး သုံးနှစ်ငယ်ဖြင့် ရဟန်းဘဝများသို့ ရောက်ရှိခဲ့ကြပါသည်။ မန္တလေးနှင့် ပခုက္ကူတို့၌ ပရိယတ္တိစာပေများ သင်ယူတတ်မြောက်ကြပြီးနောက် မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်၌ စာချအကျော်အမော် ဆရာတော်နှစ်ပါး အတူတကွ ပရိယတ္တိတာဝန်ကို ထမ်းဆောင်တော်မူခဲ့ကြပါသည်။ ဘုရားကြီးတိုက်၏ ပရိယတ္တိတာဝန်တွင် အသီးသီး အတူတကွတာဝန်ရှိခဲ့ကြသကဲ့သို့ သာသနာနှစ် ၂၅၀၀ ပြည့် အောင်ပွဲဖြစ်သော ဆဋ္ဌသံဂါယနာတင်ပွဲကြီး၌လည်း ပါဠိတော် အဋ္ဌကထာ ဋီကာ သံဂါယနာသုံးတန်စလုံး၌ မူလဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာနသောဓကတာဝန်တို့ကို အညီအညွတ်ထမ်းရွက်ခဲ့ကြသော ညီနောင်နှစ်ပါးတို့ ဖြစ်ခဲ့ကြပါသည်။ ထိုညီနောင်နှစ်ပါးတို့၏ တပည့်များတွင် ဓမ္မာစရိယအောင်ပြီး စာချဆရာတော်များလည်း ပေါများသဖြင့် ဆဋ္ဌသံဂါယနာအမွေဟု ခေါ်ဆိုရမည့် ဗုဒ္ဓသာသနာအဖွဲ့က ဆောင်ရွက်နေသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ပြီးစီးရေးအတွက် တာဝန်ခွဲဝေရာ၌ ဘုရားကြီးတိုက် စာချအကျော် ညီနောင်ဆရာတော်တို့က ဦးဆောင်ရန် အကြောင်းပေါ်ပေါက်လာခဲ့ပါတော့သည်။

## ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့

၁၃၂၉(၁၉၆၅)ခုနှစ် ထိုအချိန်က ဘုရားကြီးတိုက်၌ နဝမမြောက်နှင့် ဒသမမြောက် မဟာနာယက ဆရာတော်ဘုရားကြီးသည်လည်း သက်တော်ထင်ရှားရှိနေခဲ့ကြပါသေးသည်။ ဗုဒ္ဓသာသနာအဖွဲ့က တာဝန်ရှိသူတို့သည် အမရပူရဆရာတော်နှင့် နယားဆရာတော်ကြီး နှစ်ပါးထံသို့ ဆဋ္ဌသံဂါယနာတင်စဉ်က ဆရာဒကာရင်းနှီးမှုဖြင့် ရှေးဦးစွာရောက်ရှိလာပြီး အဘိဓာန်ကိစ္စ လျှောက်ထားခဲ့ကြရာမှ မဟာနာယကဆရာတော်ကြီးများ၏ သဘောတူညီမှုဖြင့် ဒက္ခိဏာရာမဘုရားကြီးတိုက်၏ တိပိဋက ပါဠိ-မြန်မာအဘိဓာန်အဖွဲ့ခွဲ တာဝန်အတွက် ဦးဆောင်ဆရာတော်နှစ်ပါးတို့ ဖြစ်လာခဲ့ကြပါသည်။

ဗုဒ္ဓသာသနာအဖွဲ့ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ် ဆရာကြီး ဦးလှမောင်၊ ငွေစာရင်းကိုင်ချုပ် ဦးချစ်တင်၊ အဘိဓာန်ဌာနမှူး ဦးဗိုလ်မောင်တို့အဖွဲ့သည် ၁၃၂၉-ခုနှစ် တန်ခူးလပြည့်ကျော် ၂-ရက် (၂၆-၄-၁၉၆၇)နေ့တွင် မန္တလေးမြို့ ဒက္ခိဏာရာမ အမရပူရကျောင်း ဆရာတော်ဘဒ္ဒန္တဥက္ကံသာဘိဝံသ ဆရာတော်ကြီးနှင့် နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသထံသို့ လာရောက်၍ တိပိဋက ပါဠိ-မြန်မာအဘိဓာန် လုပ်ငန်းကြီး၌ အဖွဲ့ခွဲအဖြစ် ပါဝင်ဆောင်ရွက်နိုင်ပါရန် လျှောက်ထားခဲ့ကြပါသည်။ ဆရာတော်ကြီးနှစ်ပါးတို့က လက်ခံပြီးနောက် ထိုနေ့တွင်ပင် ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့ကို စတင်ဖွဲ့စည်းရာတွင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ ပုသိမ်ဆရာတော် ဘဒ္ဒန္တသီလာစာရ၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ၊ မဃ္ဃဂါရကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသာဘိဝံသ၊ ဇန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၊ ပခန်းကျောင်း(အတုလကာရီ ဆင်မင်းကျောင်း)ဆရာတော် ဘဒ္ဒန္တသုဘာသာဘိဝံသ အစရှိသော အဖွဲ့ဝင် ၁၄-ပါး ပါဝင်ပါသည်။

## အ-ဝဂ်(ယ-ရ-လ-ဝ-သ-ဟ-ဠ)

ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့ တာဝန်ကျသည့် အ-ဝဂ် အက္ခရာများမှာ ကျန်ဝဂ်များကဲ့သို့ အက္ခရာ ၅-လုံးမျှမကဘဲ ယ-ရ-လ-ဝ-သ-ဟ-ဠ အက္ခရာ(၇)လုံး ပါရှိပြီး စုဆောင်းထားသော ပါဠိပဒပုဒ်စု အသားတင်ကတ်ပြားပေါင်း ၇၇၇၇၃-ရှိပါသည်။ ထိုအက္ခရာ(၇)လုံးအနက် သ-အက္ခရာသည် အ-အက္ခရာ ပ-အက္ခရာတို့ထက်ပင် အဘိဓာန်တည်ပုဒ် ဦးရေ ပိုမိုများပါသည်။ သ-အက္ခရာ တစ်ခုတည်း၏ အဘိဓာန်တည်ပုဒ်ပေါင်း (၃၁၇၄၉)ထိရှိပါသည်။

ဘုရားကြီးအဘိဓာန်အဖွဲ့သည် အဘိဓာန်အဖွဲ့ခွဲများတွင် နောက်ပိုင်းကျ၍ တာဝန်ယူရသော အဖွဲ့ခွဲဖြစ်သဖြင့် နိဂုံးပိတ်အိတ်ကြီးနှင့်လွယ်ရသော အဖွဲ့ဖြစ်ခဲ့ပါသည်။ ထို့ပြင် အ-ဝဂ်အက္ခရာ ပါဠိပဒကျမ်းညွှန်းတို့ကိုပါ ရေးဦးစွာပြုစုမှု အပိုတာဝန် ဆောင်ရွက်ကြရသဖြင့် အခြားသော အဘိဓာန်အဖွဲ့များထက် ထူးခြားခဲ့သည်။

## ပါဠိပဒ ကျမ်းညွှန်းအစီအစဉ်

အဘိဓာန်လုပ်ငန်း၏ အစဆုံးလုပ်ငန်းမှာ ပါဠိပဒတစ်ပုဒ်ချင်းစီကို ထေရဝါဒပိဋကကျမ်းစာ ပါဠိတော်အုပ်ရေ(၄၀)၊ အဋ္ဌကထာ(၅၁)၊ ဋီကာ(၂၆)အုပ် ကျမ်းစာများထဲ၌ စာမျက်နှာတိုင်းမှ ထုတ်နုတ်၍ ကဒ်ပြားများ၌ ရေးမှတ်၍ စုစည်းကြရပါသည်။ ထိုစုစည်းထားသည့်ကဒ်များမှ အဘိဓာန် အက္ခရာစဉ်အရ ပုဒ်တည်ခြင်း၊ လိင်ခွဲခြားခြင်း၊ ပုဒ်မာတ် ပစ္စည်းခွဲခြင်း၊ အနက်ပေးခြင်း၊ သာဓကထုတ်ခြင်း စသည်တို့ ဆောင်ရွက်ပြီး၍ ပုဒ်ပဒ တစ်ခု၏ အဘိဓာန်လုပ်ငန်း ပြည့်စုံသောအခါ မလိုအပ်သော ပုဒ်ပဒကတ်ပြား များကို ဖယ်ထုတ်ကြရပါသည်။ လူအင်အား အချိန်အင်အား ပညာအင်အား တို့ဖြင့် ဆောင်ရွက်ထားသော ထိုပုဒ်ပဒကျမ်းညွှန်းများကို စုစည်းမပျက် အက္ခရာစဉ်၍ ပုံနှိပ်ထားနိုင်လျှင် ကျပျောက်စရာ မလိုသည့်ပြင် ဟိန္ဒူစာပေ

ဥပနိသျှဒ်ကျမ်း၊ ဘဂဝါဂီတိကျမ်းတို့ကဲ့သို့ တိပိဋက ပါဠိပဒကျမ်းညွှန်းများ သီးခြားထွက်ပေါ်နိုင်ပါကြောင်း ဘုရားကြီးအဘိဓာန်အဖွဲ့ဆရာတော်များနှင့် တွေ့ဆုံဆွေးနွေးကြစဉ် ဆရာကြီး ဦးလှမောင်က စတင်၍လျှောက်ထား ပါသည်။ ဘုရားကြီးအဘိဓာန်အဖွဲ့ ဆရာတော်များကလည်း ထိုအချက်ကို သဘောညီတော်မူကြပါသည်။ ထို့ကြောင့် အမရပူရဆရာတော်ကြီး ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ ခေါင်းဆောင်သော ဘုရားကြီးအဘိဓာန်အဖွဲ့ဆရာတော်များ သည် ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်(မူလ)အဖွဲ့ တည်နေရာဌာန သို့ ကြွရောက်တော်မူကြပြီး ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေးအရာရှိချုပ်၊ မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ်၊ အဘိဓာန်ဌာနမှူး၊ စာပြုမှူး၊ စာပြင် မှူးချုပ်၊ တာဝန်ခံစာပြင် စသူတို့ ပါဝင်သည့်အဖွဲ့နှင့် ၁၀-ရက်ခန့် အချိန် ယူလျက် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပါသည်။

ပါဠိပဒကျမ်းညွှန်းအတွက်လည်း မူပုံစံချနိုင်ပြီးနောက် ဒက္ခိဏာရာမ ဘုရားကြီးအဘိဓာန်အဖွဲ့သည် ကျောင်းတိုက်သို့ ပြန်ရောက်သည့်အခါ တာဝန်ကျ အ-ဝဂ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲကြီး မစတင်နိုင် သေးဘဲ အ-ဝဂ် တိပိဋက ပါဠိပဒကျမ်းညွှန်းအတွဲ(၁)၊ အတွဲ (၂)၊ အတွဲ (၃)၊ အတွဲ(၄)တို့ကို ဦးစွာစတင်၍ ဆောင်ရွက်ခဲ့ကြရပါသည်။

ထိုပါဠိပဒကျမ်းညွှန်းမျိုးကို ဘုရားကြီးအဘိဓာန်အဖွဲ့ခွဲမှတစ်ပါး အခြားသော ကျန်အဘိဓာန်အဖွဲ့ခွဲများသို့ လျှောက်ထားတာဝန်ယူစေခြင်း၊ လက်ခံဆောင်ရွက်ခြင်းမရှိခဲ့သဖြင့် အခြားသောသရနှင့် ဗျည်းအက္ခရာ ပါဠိပဒ ပိဋကကျမ်းညွှန်းအတွဲများ ထွက်ပေါ်လာခြင်းမရှိခဲ့ပါ။

## အ-ဝဂ်ပါဠိပဒ ပိဋကကျမ်းညွှန်း(၄)တွဲ

**အတွဲ(၁)** ပိဋကကျမ်းညွှန်း(ယ)မှ(ဝိဉ္ဉာတဝိအာဒိ)ထိ-၂၂၁၀၈ ပုဒ်၊ ၁၉၇၂-ခုနှစ်။

**အတွဲ(၂)** ပိဋကကျမ်းညွှန်း (ဝိညတ္တိ)မှ (သင်္ဂါဟက)ထိ ၁၉၈၂၅ ပုဒ်၊ ၁၉၇၃-ခုနှစ်။

**အတွဲ(၃)** ပိဋကကျမ်းညွှန်း (သင်္ဂါဟဏ)မှ (သဥ္စာရမ္ဘဏ)ထိ၊ ၁၉၁၇၂ ပုဒ်၊ ၁၉၇၈-ခုနှစ်။

**အတွဲ(၄)** ပိဋကကျမ်းညွှန်း (သာ)မှ(ဠကာရ)ထိ ၁၉၂၇၄-ပုဒ်၊ ၁၉၈၅-ခုနှစ်။

၁၉၆၈မှ ၁၉၈၄ထိ ၁၆-နှစ်ကာလသည် ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့အနေနှင့် အ-ဝဂ် ပိဋကကျမ်းညွှန်း(၄)တွဲကို ခုနှစ်အလိုက် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ပါဠိပဒ ပိဋကကျမ်းညွှန်းများပြီးစီး၍ ၁၉၈၅ ခုနှစ်တွင် အ-ဝဂ် အဘိဓာန်ကျမ်းတွဲကို စတင်ဆောင်ရွက်ချိန်တွင် အခြားအဘိဓာန်အဖွဲ့များသည် မိမိတို့ တာဝန်ကျ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲများ နှစ်တွဲသုံးတွဲထိ ပုံနှိပ်ပြီးစီးနေကြပြီဖြစ်ပါသည်။ သို့သော်လည်း ဘုရားကြီးအဘိဓာန်အဖွဲ့၏ ပါဠိပဒပိဋကကျမ်းညွှန်း(၄)တွဲ ဆောင်ရွက်ပြီးစီးထားခြင်းမှာ ဆက်လက်၍ တာဝန်ကျ အ-ဝဂ် အဘိဓာန်ကျမ်းအတွဲများအတွက်လည်း လုပ်ငန်းထက်ဝက်ခန့် အကြမ်းပြီးသလောက်ရှိနေပြီဖြစ်သဖြင့် အဘိဓာန်ပုံစံသို့ ပြောင်း၍ အချောသတ်ကာ တစ်ကျမ်းပြီးတစ်ကျမ်းဆက်ထွက်သွားနိုင်မည်ဟု ရည်ရွယ်ခဲ့ပါသည်။ တကယ်တမ်းတွင် အဘိဓာန်ပုံစံ အချောသတ်တည်းဖြတ်ခြင်းကဏ္ဍမှာ ပြီးပြည့်စုံသည်အထိ တာဝန်ယူရခြင်း၊ သတ်ပုံကအစ အမှားတစ်စုံတရာမပါဝင်အောင် သေချာစွာစိစစ်ရခြင်း စသည့်တာဝန်ယူမှု တာဝန်ခံမှုဖြင့် အပြီးသတ်တည်းဖြတ်ဆောင်ရွက်ကြရသဖြင့် တာဝန်ပေါ့ပါးသည်ဟုကား မဆိုနိုင်ပါ။

**ဆင့်ဆက်အမွေ မြင့်တက်စေ**

ဒက္ခိဏာရာမဘုရားကြီး အဘိဓာန်အဖွဲ့သည် ထိုတာဝန်နှစ်ရပ်ပေါင်းကို ဆောင်ရွက်ခဲ့ကြရင်း အဘိဓာန်အဖွဲ့၏ ဥက္ကဋ္ဌ အမရပူရကျောင်းမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥက္ကံသာဘိဝံသ ဆရာတော်ဘုရားကြီးသည် ပါဠိပဒကျမ်းညွှန်း အတွဲ(၄) ပုံနှိပ်ဆောင်ရွက်နေစဉ်အတွင်း သက်တော်(၇၄) သိက္ခာတော်(၅၅)ဝါအရ ၁၃၄၄-ခုနှစ် ဝါခေါင်လဆန်း ၃-ရက် (၂၂-၈-၁၉၈၂)တွင် လွန်တော်မူခဲ့ပါသည်။ ဘုရားကြီးအဘိဓာန်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဆောင်တော်မူခဲ့သော ဘဒ္ဒန္တမေဓိယာဘိဝံသ နယားကျောင်းဆရာတော်ကြီးသည် နောင်တော်ကြီး၏ အရိုက်အရာကို ဆက်ခံယူကာ လျော့နည်းသွားသည့် အဖွဲ့ဝင်နေရာများ၌ အဖွဲ့ဝင်အသစ်များ ဖြည့်စွက်လျက် ပုသိမ်ဆရာတော်ကြီး ဘဒ္ဒန္တသီလာစာရ၊ ဦးဇာဂရ ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏာဘိဝံသ၊ ဇန်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၊ အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ စသည်တို့ ပါဝင်သော အဘိဓာန်အဖွဲ့သစ်ဖြင့် တာဝန်ကျ အ-ဝဂ် အဘိဓာန်ကျမ်းတွဲများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၉-ခုနှစ်တွင် အဘိဓာန်အတွဲ(၁၇)ကိုလည်းကောင်း၊ ၁၉၉၇-ခုနှစ်တွင် အဘိဓာန်အတွဲ(၁၈)ကိုလည်းကောင်း ရေးသားပြုစုပြီးစီးခဲ့ကြပါသည်။

**အဘိဓာန်အတွဲ(၁၇)**

**ဦးဆောင်ပုဂ္ဂိုလ်** ဒက္ခိဏာရာမဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမေဓိယာဘိဝံသ နယားဆရာတော်ဘုရားကြီး ဦးဆောင်သော ဘုရားကြီးတိုက်ဂဏဝါစကနာယက စာချဆရာတော် (၁၅)ပါး။

**တည်ပုဒ်ပေါင်း** အ-ဝဂ်(ယ)မှ(ရောဟိသ)ထိ-၆၃၈၅။

**စာမျက်နှာ** နိဒါန်း ၂၀၊ အဘိဓာန် ၈၂၁။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပဌမအကြိမ်-၂၀၀၀၊ ၁၉၉၄-ခုနှစ်။
(အတွင်းပုံနှိပ်မှတ်တမ်း၌ ၁၉၈၉-ဟု ပါရှိသည်)
**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း။

**အဘိဓာန်အတွဲ(၁၈)**

**ဦးဆောင်ပုဂ္ဂိုလ်** ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဇမဟာရဋ္ဌ
ဂုရု၊ဘဒ္ဒန္တမေဓိယာဘိဝံသ နယားဆရာတော်ကြီး
ကြီးမှူးလျက် ဘုရားကြီးတိုက် ဂဏဝါစကနာယက
စာချဆရာတော်(၁၂)ပါး။
**တည်ပုဒ်ပေါင်း** အ-ဝဂ်(လ)မှ(ဝလဝါရထ)ထိ-၇၆၇၄။
**စာမျက်နှာ** နိဒါန်း-၁၂၊ အဘိဓာန်-၈၇၀။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပဌမအကြိမ်-၃၀၀၀၊၁၉၉၉-ခုနှစ်။
(အတွင်းပုံနှိပ်မှတ်တမ်း၌ ၁၉၉၄-ဟု ပါရှိသည်)
**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
ညွှန်ကြားရေးမှူး ဦးညွန့်မောင်။

**မြင့်တက်အမွေ ဆင့်ဆက်စေ**

ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့သည် အ-ဝဂ် အဘိဓာန် အတွဲ(၁၉)ကို ဆက်လက်ဆောင်ရွက်ပါသည်။ အဘိဓာန်အတွဲ(၁၉) ဆောင်ရွက်ဆဲကာလ ၁၃၆၇-ခုနှစ်၊ တန်ခူးလပြည့်ကျော်-၁၂ ရက်(၃၀-၄-၂၀၀၅)တွင် အဘိဓာန်အဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ မေဓိယာဘိဝံသ ဆရာတော်ဘုရာကြီးသည် လွန်တော်မူပါသည်။ အင်္ဂလိပ်-ပါဠိ၊ အင်္ဂလိပ်-သက္ကတ၊ အင်္ဂလိပ်အဒ္ဓမာဂဓီ၊ ပါဠိ-အင်္ဂလိပ် စသော အဘိဓာန်ကျမ်းများနှင့် တိုက်ဆိုင်၍ လိုအပ်ချက်များကို ဖြည့်ဆည်း ပြင်ဆင်

ပေးခဲ့သော ပုသိမ်ဆရာတော်ကြီး ဘဒ္ဒန္တသီလာစာရ (ဘာသန္တရဆောက)သည်လည်း အဘိဓာန်ဥက္ကဋ္ဌ နယားဆရာတော်ကြီး လွန်တော်မမူမီကပင် လွန်တော်မူထားခဲ့ပါသည်။ ထို့ကြောင့် ဘုရားကြီးတိုက် ဓမ္မဂါရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသာဘိဝံသနှင့် ဗန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသတို့က ဦးဆောင်လျက် အ-ဝဂ် အဘိဓာန် အတွဲ(၁၉) အတွဲ(၂၀)တို့ကို ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြပါသည်။

**မိုနိုစက်နေရာ ကွန်ပျူတာ**

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁၇)အတွဲ(၁၈)တို့ကို ပုံနှိပ်ဆောင်ရွက်ချိန်ကာလများမှာပင် ပုံနှိပ်လုပ်ငန်းတွင် အားနည်းချက်များရှိလာပြီ ဖြစ်ပါသည်။ အဘိဓာန်လုပ်ငန်းဆိုင်ရာ မိုနိုခဲစာလုံးထုတ်စက်၊ ပုံနှိပ်စက်များ နှစ်ပေါင်း၄၅-နှစ်ကျော် သက်တမ်းရှိလာပြီဖြစ်၍ အရည်အသွေးလျော့နည်းလာကြပါသည်။ အဘိဓာန်ဌာနစု၏ ဌာနမှူးများ ဖြစ်ကြသော ဦးဗိုလ်မောင်၊ ဦးတင်ရွှေ စသူတို့မှာလည်း အငြိမ်းစားယူကြပြီးဖြစ်သကဲ့သို့ ပုံနှိပ်တိုက် ဆဋ္ဌသံဂါယနာတင်ခေတ် စာပြင်ဆရာ ပါဠိပညာရှင်များ၊ ခဲစာလုံးစာစီကျွမ်းကျင်သူများလည်း အသက်အရွယ်အရ အငြိမ်းစားယူကြပြီဖြစ်ပါသည်။ သို့ဖြစ်၍ သာမန်စာအုပ်စာပေထက် ပိုမိုဂရုစိုက်ဆောင်ရွက်ရသော အဘိဓာန်ကျမ်းစာ ပုံနှိပ်မှု၌ စက်အားကျွမ်းကျင်မှုအား အခက်အခဲတို့နှင့် ကြုံရပြီး အဘိဓာန်ကျမ်းကြီးများ ပုံနှိပ်ခြင်းလုပ်ငန်း၌ ကြန့်ကြာမှုများရှိလာပါသည်။ အဘိဓာန်အတွဲ(၁၇)အတွဲ(၁၈)တို့ ပုံနှိပ်ရာ၌ ပုံနှိပ်ခွင့်ရက်စွဲနှင့် ပုံနှိပ်ပြီးရက်စွဲတို့မှာ ပုံမှန်ကာလထက် အလွန်ကွာခြားနေသည်ကို တွေ့ရှိနိုင်ပါသည်။

သို့သော်လည်း ခက်ခဲသောနေရာ၌ ခေတ်မီလွယ်ကူသော စနစ်များ ပေါ်ပေါက်မြဲဖြစ်ရာ ခဲစာလုံးစာစီ ပုံနှိပ်ခြင်းနေရာ၌ ကွန်ပျူတာဖြင့် စာစီ၍ ဖလင်ကူးပုံနှိပ်ခြင်း နည်းစနစ်ကို ဖော်ဆောင်နိုင်ခဲ့သဖြင့် အဘိဓာန်လုပ်ငန်း

များ အဆင်ပြေချောမွေ့သွားပါသည်။ သာသနာရေးဦးစီးဌာနက ဝယ်ယူလှူဒါန်းပေးသော ကွန်ပျူတာဖြင့် စာစီ၍ အနီးကပ်ကြီးကြပ်တည်းဖြတ်ပြီး ကျမ်းစာအုပ်ပုံစံကျ စာမူချောကို သာသနာရေးဦးစီးဌာနသို့ ပေးပို့ ပုံနှိပ်စေသည့်အဆင့်သို့ တိုးတက်လာပါသည်။ သာသနာရေးဦးစီးဌာနကလည်း စာမူကို ပုံနှိပ်ရန် ဖလင်ကူးခြင်း၊ သို့မဟုတ် ပလိပ်ပြားပေါ်သို့ တိုက်ရိုက်ပေးပို့ ပုံနှိပ်စေခြင်းအားဖြင့် စက်တင်ပုံနှိပ်နိုင်သွားပါသည်။ ထိုစနစ်ဖြင့် ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့သည် အ-ဝဂ် အဘိဓာန်အတွဲ (၁၉)မှ စတင်၍ ဆောင်ရွက်ခဲ့နိုင်သဖြင့် အဆင်ပြေချောမွေ့သွားပါသည်။

## အဘိဓာန်အတွဲ (၁၉)

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | ဒက္ခိဏာရာမဘုရားကြီးတိုက် မဟာနာယက ဆရာတော်ကြီးများ အမှူးထားလျက် ဘဒ္ဒန္တ ကုမာရာဘိဝံသ သိရိပဝရ ဓမ္မာစရိယ သိရောမဏိ၊ ဝဋံသကာ) ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသော ဘုရားကြီးတိုက် ဂဏဝါစကနာယက စာချဆရာတော်(၁၂)ပါး။ |
| **တည်းပုဒ်ပေါင်း** | အ-ဝဂ်(ဝါ)မှ (ဝိဝေကာဓိမုတ္တိ)ထိ-၉၁၁၂။ |
| **စာမျက်နှာ** | နိဒါန်း ၁၂၊ အဘိဓာန်-၉၆၀။ |
| **အကြိမ်၊အုပ်ရေ၊ခုနှစ်** | ပထအကြိမ်-၁၀၀၀၊ ၂၀၀၈-ခုနှစ်။ |
| **ပုံနှိပ်ထုတ်ဝေသူ** | သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း။ |

## အဘိဓာန်အတွဲ (၂၀)

| | |
|---|---|
| **ဦးဆောင်ပုဂ္ဂိုလ်** | မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ ဓမ္မာစရိယ ဝဋံသကာ၊ သိရောမဏိ၊ ဗန်းမော်ဆရာတော်ဘုရားကြီးအမှူးထားလျက် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ဂဏဝါစကစာချ ဆရာတော်(၁၂)ပါး။ |

**တည်ပုဒ်ပေါင်း** အ-ဝဂ်(ဝိဝေကာနိသံသ)မှ(သံဝေါဟာရ)ထိ-၇၁၉၉။
**စာမျက်နှာ** နိဒါန်း ၂၂၊ အဘိဓာန်-၉၁၇။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၁၁-ခုနှစ်။
**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်။

ဘုရားကြီးအဘိဓာန်အဖွဲ့၏ အ-ဝဂ် အဘိဓာန်အတွဲ(၂၁)တွင် သ-အက္ခရာဖြစ်သဖြင့် အဘိဓာန်တည်ပုဒ် အရေအတွက်အများဆုံးအက္ခရာဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် အဘိဓာန်အဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဦးဆောင်မှုဖြင့် ဘုရားကြီးတိုက် ဦးဇာဂရကြီးကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏာဘိဝံသ၊ ဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသတို့က ကြီးမှူး၍ အဘိဓာန်အဖွဲ့ဝင် ဆရာတော်(၁၂)ပါးတို့သည် တက်ညီလက်ညီ အရှိန်အဟုန်မပျက် အညီအညွတ်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

## ဆင်သင်းမှူး၏ ခေါင်းဆောင်

"ကြံ့သတ္တဝါတို့၏ သဘောကား ဦးစီးကြသည့် ကြံ့သင်းမှူးကြီးသည် ကြံ့ပေါက်ငယ်ကလေးများနှင့် သွားကြသည့်အခါ နောက်မှလိုက်ပါလာသည့် ကြံ့ပေါက်ငယ်ကလေးများကို လုံးဝအမှုမထား ငဲ့ကွက်ရှုကြည့်ရကောင်းမှန်း မသိ၊ သူ့ရှေ့တွင် မြင်မြင်သမျှတုံးတိုင် ကျောက်ခဲစသည့် လေးလံသောအရာဝတ္ထုများကိုသော်လည်း မရှောင်မလွဲဇွဲဖြင့် ချိမ၍ နောက်သို့ ပစ်ချပြီး သူ့စွမ်းအင် သူ့ဗလ သူ့ထာမကို အများမြင်အောင် ပြသကြ၏။ နောက်မှ မှီခိုလိုက်ပါကြရသော ကြံ့ပေါက်ငယ်ကလေးများမှာ တုံးတိုင် ကျောက်စိုင်များ ပိမည့်အန္တရာယ်မှ ဖရိုဖရဲ ရှောင်ရှားကြရ၍ ခရီးမတွင် ဖြစ်တတ်ကြပါသည်။

ဆင်သတ္တဝါတို့၏ ခေါင်းဆောင်ဆင်သင်းမှူးသည် နောက်ပါဆင်ပေါက်ကလေးများနှင့်အတူ သွားလာကြသည့်အခါ လမ်းတွင် တွေ့ရှိသမျှ ရှေ့နောက်ဝန်းကျင် တွေ့ရှိသမျှ အန္တရာယ်အဝဝကို ဖယ်ရှားသုတ်သင်၍ နောက်ပါဆင်ငယ်များအား ဘေးရန်အပေါင်းမှ လုံခြုံမှုကို အမြဲစောင့်ရှောက်ပေးမြဲဖြစ်ပါသည်။ ထို့ကြောင့် ဆင်သင်းမှူးနောက်မှ လိုက်ပါကြရသော ဆင်ငယ်များသည် အန္တရာယ်ကင်း၍ ချမ်းသာမှုကြီးစွာရရှိကြရပေ၏။ ဆင်သင်းမှူး၏ အလေ့အလာနှင့် အလားတူစွာ အဘိဓာန်အဖွဲ့အကြီးအမှူး မထေရ်မြတ်ကြီးများသည် အဘိဓာန်ကျမ်းပြုအဖွဲ့၏ အဆက်ဆက်သော အဖွဲ့ဝင်များကိုလည်း ပညာအရပ်ရပ် ဖြန့်ဝေပေးခြင်း၊ နည်းပေးလမ်းပြခြင်းတို့ကို ပရိယတ္တိသာသနာပြု ထက်သန်စိတ်ထားဖြင့် ဆောင်ရွက်တော်မူပေးခဲ့ကြသဖြင့် အဘိဓာန်ကျမ်းတွဲကြီးများကို ဆရာစဉ်ဆက်မပြတ် အရည်အချင်းပြည့် ဆက်လက်ဆောင်ရွက်ခဲ့ကြပုံကို အဘိဓာန်အတွဲ(၂၁) နိဒါန်း၌ ဖော်ပြထားသည်မှာ ပရိယတ္တိသာသနာပြု ဆရာတပည့် စဉ်ဆက်တို့၏ နမူနာကောင်း မှတ်သားစရာဩဝါဒတစ်ခုပင် ဖြစ်ပါသည်

(အဘိဓာန်အတွဲ-၂၁ နိဒါန်းစကား ကောက်နုတ်ချက်)

## တာဝန်ကြီးခိုင် အပြီးတိုင်

ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့အနေနှင့် တာဝန်ကျသော အ-ဝဂ်ဗျည်းမှာ အက္ခရာအရေအတွက်များသည့်ပြင် ထိုအ-ဝဂ်၌ ပါရှိသော သ-အက္ခရာမှာ အဘိဓာန်တည်ပုဒ် အများဆုံးထွက်ရှိသော အက္ခရာဖြစ်ရာ လက်ကျန်အဘိဓာန်အတွဲများနေသဖြင့် လက်ကျန်နည်းနေပြီဖြစ်သော အဘိဓာန်အဖွဲ့များ၏ အကူအညီလို မလို သာသနာရေးဦးစီးဌာနက ဘုရားကြီးအဘိဓာန်အဖွဲ့ အမိကဆရာတော်များ ထံမှောက်သို့ သွားရောက်၍ ညှိနှိုင်းသည့်သဘောဖြင့် လျှောက်ထားကြည့်ပါသည်။ ဆရာတော်များက အ-ဝဂ်တည်ပုဒ်အားလုံးကို ပါဠိပဒကျမ်းညွှန်းများ ပြုစုစဉ်ကပင် အသင့်တည်းဖြတ်ဆောင်ရွက်ထားပြီးနေသဖြင့် မိမိတို့အဖွဲ့ကသာ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ကြပါမည်-ဟု အမိန့်ရှိကြပါသည်။ ဆရာတော်များ အမိန့်ရှိသည့်အတိုင်းလည်း ဆင်သင်းမှူး၏ ဩဝါဒအညီ

ရိုကျိုးစွာ လိုက်နာတော်မူခဲ့ကြသော ဘုရားကြီးအဘိဓာန်အဖွဲ့ဆရာတော်များက အဘိဓာန်အတွဲ(၂၁) အတွဲ(၂၃)တို့ကို ရေးဆင့်နောက်ဆင့် ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြပါသည်။

## အဘိဓာန်အတွဲ(၂၁)

**ဦးဆောင်ပုဂ္ဂိုလ်** မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တကုမာရာဘိဝံသ၊ (သ. စ. အ ဓမ္မာစရိယ၊ ဝဋံသကာသိရောမဏိ) ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးထားလျက် ဘဒ္ဒန္တဩဘာသဘိဝံသ(အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဦးဆောင်သော ဘုရားကြီးတိုက်ဂဏဝါစက နာယက စာချဆရာတော်(၁၂)ပါး။

**တည်ပုဒ်ပေါင်း** အ-ဝဂ်(သံသ)မှ(သန္တာဟ ယာမသေ)ထိ-၇၈၈၅။

**စာမျက်နှာ** နိဒါန်း ၂၀၊ အဘိဓာန် ၈၉၆။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၁၄-ခုနှစ်။

**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်။

## အဘိဓာန်အတွဲ(၂၂)

**ဦးဆောင်ပုဂ္ဂိုလ်** နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (သ. စ. အ ဓမ္မာစရိယ ဝဋံသကာသိရောမဏိ) ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးထား၍ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ အတုလကာရီဆင်မင်းကျောင်းဆရာတော် ဦးဆောင်ကာ ဘုရားကြီးတိုက် ဂဏဝါစက နာယက စာချဆရာတော်(၁၆)ပါး။

**တည်ပုဒ်ပေါင်း** အ-ဝဂ်(သန္ဓိကဌ)မှ(သမ္ဘော္ဂ)ထိ-၇၇၆၄။
**စာမျက်နှာ** နိဒါန်း ၃၂ အဘိဓာန် ၈၉၄။
**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၁၇-ခုနှစ်။
**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး။

**သာသနာ့မှတ်တမ်းဝင် ဂန္ထဝင်ကျမ်းကြီး**

အဘိဓာန်အတွဲ(၂၂)တွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၏ နိဒါန်းစာမျက်နှာတွင် ပုံနှိပ်အလှူရှင်တို့အတွက် သာဓုအနုမောဒနာဂုဏ်ပြုဝမ်းမြောက်ဖွယ်စကား၌ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများမှာ ထေရဝါဒပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ပါဝင်သည့် ပါဠိပုဒ်ပဒအားလုံး ကျမ်းညွှန်းများနှင့်တကွ အပြည့်အစုံ အကျယ်ပြန့်ဆုံး ပြုစုထားသဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝါးနိုင်ငံတို့၌ ဤမျှကျယ်ဝန်းသော အဘိဓာန်ကျမ်းကြီးမျိုး မရှိဖူးပါ။ ဆဋ္ဌသံဂါယနာ နောက်ဆက်တွဲအမွေအဖြစ် အဘိဓာန်ကျမ်းပြုအဖွဲ့(၅)ဖွဲ့ ဆရာတော်အဆက်ဆက်တို့က နှစ်ပေါင်း(၆၀)ကျော် ပြုစုထားသည့် ဤမျှကျယ်ဝန်းပြည့်စုံသော ဗုဒ္ဓဘာသာဆိုင်ရာ အဘိဓာန်သက်သက်ကျမ်းကြီးမျိုး ကမ္ဘာ၌လည်းမရှိနိုင်ပါ။ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းတွဲကြီးများ အစုံအလင် အားလုံးပြီးဆုံးချိန်တွင် ကမ္ဘာ့မှတ်တမ်းဝင်စာရင်းသို့ ပေးပို့ရမည့်ဂန္ထဝင်ကျမ်းကြီးဖြစ်ပါသဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည် မြန်မာ့ဂုဏ်ဆောင် ထေရဝါဒဂုဏ်ဆောင် ကျမ်းကြီးဖြစ်ပါသည်ဟု ဂုဏ်ပြုဖော်ညွှန်းထားပါသည်။

(အဘိဓာန်အတွဲ ၂၂၊ နိဒါန်းစကား ကောက်နုတ်ချက်)

**အဘိဓာန်အတွဲ(၂၃)**

**ဦးဆောင်ပုဂ္ဂိုလ်** မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်၊ အဘိဓဇ
မဟာရဋ္ဌဂုရု၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊

(သ. စ. အ ဓမ္မာစရိယ၊ ဝဋ္ဋံသကာ၊ သိရောမဏိ) ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးထားလျက် ဘုရားကြီးတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ၊ အတုလကာရီဆင်မင်းကျောင်း ဆရာတော် ဦးဆောင်သော ဘုရားကြီးတိုက် ဂဏဝါစက နာယက စာချဆရာတော်(၁၄)ပါး။

**တည်ပုဒ်ပေါင်း** အ-ဝဂ် (သမ္ဘ)မှ (သီဟလ)ထိ-၇၂၉၅။

**စာမျက်နှာ** နိဒါန်း-၃၂၊ အဘိဓာန်-၇၄၅။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၂၁-ခုနှစ်။

**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး။

## အဘိဓာန်အတွဲ(၂၄)

**ဦးဆောင်ပုဂ္ဂိုလ်** မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ(သ. စ. အ ဓမ္မာစရိယ ဝဋ္ဋံသကာ၊ သိရောမဏိ)ဗန်းမော် ဆရာတော်ဘုရားကြီး အမှူးထားလျက် ဘုရားကြီး တိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တဩဘာသာဘိဝံသ အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဦးဆောင်သော ဘုရားကြီးတိုက် ဂဏဝါစက နာယစာချ ဆရာတော်(၁၄)ပါး။

**တည်ပုဒ်ပေါင်း** အ-ဝဂ် (သီကတိ)မှ (သူသူ)ထိ-၇၀၂၀။

**စာမျက်နှာ** နိဒါန်း-၃၂၊ အဘိဓာန်-၆၈၁။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊ ၂၀၂၂-ခုနှစ်။

**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး။

**သက်ရှိထင်ရှား ဆင်သင်းမှုများ**

ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့ဥက္ကဋ္ဌဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီး၏ ဦးသျှောင် နိုင်ငံတော်သံဃမဟာအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်ကြီးလည်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် အဘိဓာန်အဖွဲ့ စတင်စဉ်ကပင် ပါရှိခဲ့ပြီး ၂၀၂၃- ခုနှစ်တိုင်လည်း အဘိဓာန်အဖွဲ့တွင် တတိယမြောက် ဥက္ကဋ္ဌဆရာတော်ကြီး ဖြစ်ပါသည်။ ၂၀၁၀-ခုနှစ်မှ ယခု ၂၀၂၃-ခုနှစ်ထိ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် တာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူဆဲဖြစ်ပါသည်။

[ **မှတ်ချက်။** ဤကျမ်းစာ ပုံနှိပ်ရန် ပြင်ဆင်နေဆဲကာလ ၂၅-၅-၂၀၂၃ ညဥ့် ၁၁း၁၁ နာရီအချိန်တွင် ဘဝနတ်ကျောင်း ရွှေပြောင်းစံတော်မူပါသည်။ ]

ဒက္ခိဏာရာမဘုရားကြီးတိုက် အဘိဓာန်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဖြစ်တော်မူသော ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ ဆရာတော်ဘုရားကြီးမှာလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ် ၂၀၁၀-ခုနှစ်ထိ ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘုရားကြီးတိုက်အဘိဓာန်အဖွဲ့ ဦးဆောင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးနှစ်ပါးတို့သည် သံဃာ့အဖွဲ့အစည်းတာဝန်ကျကာလများတွင် မဟာနာယကကျောင်းတော်ကြီးသို့ တာဝန်အရ ကြွရောက်ထမ်းဆောင်ကြရသော်လည်း တိပိဋက ပါဠိ-မြန်မာအဘိဓာန်လုပ်ငန်းများကို အဝေးမှကြီးကြပ်ပေးခဲ့ကြပါသည်။ ဆရာတော်ကြီးနှစ်ပါးတို့၏ ဦးဆောင်မှုအောက်၌ ပရိယတ္တိသာသနာပြု

လုပ်ငန်းတွင် ကိုယ်အားစိတ်အား ဖွဲ့သန်တော်မူကြသော ဘဒ္ဒန္တစက္ကပါလ (ဓမ္မဂုဏ်ရည်)၊ ဘဒ္ဒန္တနန္ဒိယ(နယားကျောင်း)၊ ဘဒ္ဒန္တသဒ္ဓမ္မာနန္ဒ (ပုသိမ်ကျောင်း)၊ ဘဒ္ဒန္တဝဏ္ဏိဿရ(ဒေါနခြံကျောင်း)၊ ဘဒ္ဒန္တပဏ္ဍဝ(ပင်းသာကျောင်း)၊ ဘဒ္ဒန္တဝဏ္ဏိတ(မိုးကုတ်ကျောင်း)၊ ဘဒ္ဒန္တဝါသဝသိရီ (သာသနဇောတိကာရုံကျောင်း)၊ ဘဒ္ဒန္တအဂ္ဂည (ဂုဏဝတီတိုက်ကျောင်း)၊ ဘဒ္ဒန္တအာစိဏ္ဏ(ပွဲစားကြီးကျောင်း)၊ ဘဒ္ဒန္တသုမင်္ဂလ(ပျော်ဘွယ်ကျောင်း)၊ ဘဒ္ဒန္တပညိန္ဒ (မိတ္ထီလာကျောင်း)၊ ဘဒ္ဒန္တနေမိန္ဒာဘိဝံသ(ပတ္တမြားကျောင်း၊ မြင်းဝန်တိုက်)တို့သည်လည်း ဆရာကောင်းတပည့်များ ပီသကြပါသည်။ အဘိဓာန်တာဝန်ကို အပြည့်အဝ ထမ်းဆောင်တော်မူကြရင်း ပျံလွန်တော်မူသွားကြကုန်သော ဦးဆောင်ဆရာတော်ကြီးများ၏ကျောင်းခွဲများ၌ သီးခြားသာသနာ့တာဝန်အရ ဘုရားကြီးတိုက်မှ ထွက်ခွါသွားကြသည့်အဖွဲ့ဝင်ဆရာတော်များ ရှိကြ၏။ အဘိဓာန်တာဝန်များကို ဘုရားကြီးတိုက်၌ ထားခဲ့ရရှာသော ထိုဆရာတော်များအနေနှင့်လည်းကောင်း၊ ဘုရားကြီးတိုက်၌ ဆက်လက် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆရာတော်များအနေနှင့်လည်းကောင်း ရှေးရှေးဘုရားကြီးအဘိဓာန်အဖွဲ့ခွဲ ဆရာတော်တို့၏ တာဝန်နှင့်ကျေးဇူးတရားကို သိရှိကြလျက် ပရိယတ္တိသာသနာပြု လမ်းမကြီးပေါ် ဝယ် ဆက်လက်လျှောက်လှမ်းကြရင်း အဘိဓာန်အတွဲ(၂၃) နှင့်အတွဲ(၂၄)တို့ကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြပါသည်။

## အပြီးသတ်အောင်ပွဲ နောက်ဆုံးတွဲ

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၂၅)သည် ဒက္ခိဏာရာမ ဘုရားကြီးတိုက်အဘိဓာန်အဖွဲ့၏ တာဝန်ကျ အ-ဝဂ်အက္ခရာ အဘိဓာန် နောက်ဆုံးတွဲဖြစ်သကဲ့သို့ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး၏ နိဂုံးကျမ်းတွဲလည်း ဖြစ်ပါသည်။

ဘုရားကြီး အဘိဓာန်အဖွဲ့ခွဲသည် အခြားအဘိဓာန်အဖွဲ့ခွဲများနှင့်မတူဘဲ အ-ဝဂ်အက္ခရာ(၇)လုံး တည်ပုဒ်များကို တာဝန်ယူခဲ့ရပြီး တည်ပုဒ်အားလုံး၏ ပုဒ်ပဒကျမ်းညွှန်းကို ဦးစွာဆောင်ရွက်၍ ထိုပါဠိပဒ ကျမ်းညွှန်း

ကျမ်းတွဲ(၄)တွဲကိုလည်း ပုံနှိပ်နိုင်အောင် ဆောင်ရွက်ခဲ့သည့်အပြင် တာဝန်ကျ အ-ဝဂ် အဘိဓာန်(၉)တွဲကို ကျမ်းစာတစ်တွဲချင်း ပြီးဆုံးခါနီးလေ တစ်နှစ်ကျော် တစ်ကျမ်းဆိုသလို ပိုမိုလျင်မြန်လာခဲ့ပါသည်။ အဘိဓာန်အတွဲ(၁၇)မှ အတွဲ(၂၅)ထိ အဘိဓာန်ကျမ်းတွဲကြီး (၉)တွဲကို ၁၉၈၄-မှ ၂၀၂၃ ထိ နှစ်ပေါင်းအားဖြင့် ၃၉-နှစ်မျှ ဆောင်ရွက်ခဲ့ကြရပါသည်။

## အဘိဓာန်အတွဲ(၂၅)

**ဦးဆောင်ပုဂ္ဂိုလ်** မန္တလေးမြို့၊ ဇန်းမော်ကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊(သ. စ. အ ဓမ္မာစရိယ ဝင်္ဂသကာ၊ သိရောမဏိ) ဇန်းမော် ဆရာတော်ဘုရားကြီးအမှူးထားလျက် ဘုရားကြီး တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ၊ အတုလကာရီ ဆင်မင်းကျောင်း ဆရာတော် ဘုရားကြီး ဦးဆောင်သော ဘုရားကြီးတိုက်ဂဏ ဝါစက နာယက စာချဆရာတော်(၁၂)ပါး။

**တည်ပုဒ်ပေါင်း** အ-ဝဂ် (သော)မှ (ဋ္ဌကာရ)ထိ-၃၉၉၄။

**စာမျက်နှာ** နိဒါန်း-၂၃၊ အဘိဓာန်-၄၃၂။

**အကြိမ်၊အုပ်ရေ၊ခုနှစ်** ပထမအကြိမ်-၁၀၀၀၊၂၀၂၃-ခုနှစ်။

**ပုံနှိပ်ထုတ်ဝေသူ** သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး။

## အောမြင်ပြီးငြိမ်း စခန်းသိမ်း

အဘိဓာန်အတွဲ(၂၅)၊ အမှတ်စဉ်(၂၉)သည် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် အဘိဓာန်အဖွဲ့၏ လက်ကျန်နောက်ဆုံးတွဲ ဖြစ်ပါသည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး၏ ဗျည်းအက္ခရာ အ-ဝဂ်

အန္တိမကျမ်းတွဲဖြစ်သဖြင့် ပါဠိအဘိဓာန်အတွဲအရ သရုပ်ညီး စာလုံးပြီးစီး အောင်မြင်မှု၏ ပန်းတိုင်လည်း ဖြစ်ပါသည်။ မန္တလေးမြို့ ဒက္ခိဏာရာမဘုရား ကြီးအဘိဓာန်အဖွဲ့သည် အဝဂ်ကျမ်းတွဲပေါင်း ၉-တွဲ တည်ပုဒ်ပေါင်း(၆၄၅၂၈) နှင့် အဘိဓာန်စာမျက်နှာပေါင်း(၇၂၁၂)တို့ကို ဒက္ခိဏာရာမဘုရားကြီးတိုက် ပရိယတ္တိသာသနာပြု ထက်သန်စိတ်ဖြင့်ဆောင်ရွက်ခဲ့မှု၏ အဆုံးစွန်ပန်း တိုင်ဖြစ်သော သမိုင်းဝင်မှတ်ကျောက်ကို ထွန်းပြနိုင်ခဲ့ပြီ ဖြစ်ပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁)ကို ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်(မူလ)အဖွဲ့က ဗွေဆော်ဦးစတင်ခဲ့ပြီး နှစ်ပေါင်း ၆၇-နှစ်ကြာ ကာလအလွန်၌ ကျမ်းတွဲ(၂၉)တွဲမြောက် အဘိဓာန်ကျမ်းကို မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် အဘိဓာန်အဖွဲ့က အဆုံးသတ် ပိတ်သိမ်းလိုက်နိုင်ခြင်းဖြစ်၍ ပရိယတ္တိသာသနာပြုပြီး ငြိမ်းသည့်စခန်း သိမ်းအောင်ပွဲကြီးပင် ဖြစ်ပါသည်။

## ဘယ်နိုင်ငံကမှ မပြုလုပ်နိုင်ပါ

ဤကဲ့သို့ ပါဠိစာပေနှင့်တကွ ပိဋကတ်စာပေများ၌ အလွန့်အလွန် ကျေးဇူးများသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးမျိုး ရေးသားရန် ကမ္ဘာ့ပါဠိပညာရှင်များ အကြိမ်ကြိမ်ကြိုးစားကြံစည်ခဲ့ကြသည်။ ကမ္ဘာတဝန်း မည်သည့်နိုင်ငံကမျှ အောင်မြင်အောင်မလုပ်နိုင်ခဲ့ကြပေ။ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကသာ ထူးထူးခြားခြားအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ပေ သည်။ ကမ္ဘာ့အခြားနိုင်ငံတွေမှာ ဘာကြောင့်မအောင်မြင်၍ မြန်မာနိုင်ငံက ဘာကြောင့် အောင်မြင်ရသလဲမေးလျှင် ကမ္ဘာ့အခြားနိုင်ငံများ (အထူးအားဖြင့် ထေရဝါဒငါးနိုင်ငံ)၌ မွောစရိယဘွဲ့အဆင့်ရှိပုဂ္ဂိုလ်တို့ကို ငှားရမ်းဆောင်ရွက် စေလျှင် လခရိက္ခာအနေဖြင့်(ထိုက်သင့်စွာ)လစဉ်ပေးရမည်။ ရှေရှည်လုပ်ငန်း ကြီးဖြစ်သဖြင့် ဦးရေများစွာဖြင့် အဖွဲ့ခွဲဖွဲ့၍ များစွာဆောင်ရွက်ရပေမည်။ အနည်းဆုံး ပညာရှင် ၁၀၀-ငှားရပေမည်။ လစဉ်အကုန်ခံ၍ နှစ်ပေါင်း ၂၀၊ ၃၀ ကြာလုပ်ရပေမည်။ အကယ်၍ ငွေကြေးတတ်နိုင်သော်ငြားလည်း

ထိုနိုင်ငံများ၌ ပါဠိတော် အဋ္ဌကထာဋီကာ တတ်ကျွမ်းသည့်ပညာရှင် အလုံအလောက်မရနိုင်ချေ။ ထိုသို့ဖြစ်သောကြောင့် ဘယ်နိုင်ငံမှ မလုပ်နိုင်ကြခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံရှိ စာချအကျော်ဆရာတော်များကား ပညာအရည်အချင်းအနေအထားအားဖြင့်လည်း ဓမ္မာစရိယဘွဲ့ နှစ်ခုသုံးခုစသည် ရရှိထားပြီးဖြစ်ကြသည်။ လက်တွေ့အနေအားဖြင့်လည်း နေ့ဝါညဝါ စာပေပို့ချနေကြ၍ စာပေနှင့်နေ့စဉ်မပြတ် ရင်းနှီးနေကြပေသည်။ လစာရိက္ခာအနေအားဖြင့်လည်း ဘာမျှအထူးမယူဘဲ အခမဲ့ကုသိုလ်ဖြစ် အချိန်ပြည့်လုပ်ကိုင်ပေးနိုင်ကြပေသည်။ မန္တလေးမြို့ကသုံးဖွဲ့ ပခုက္ကူကတစ်ဖွဲ့ ရန်ကုန်ကမ္ဘာအေးကတစ်ဖွဲ့ ပေါင်းငါးဖွဲ့တို့၌ လက်ရှိပညာရှင် သံဃာတော်အပါး ၁၀၀ခန့်တို့က လုပ်အားပေး ရေးသားပြုစုတော်မူကြပါသည်။ ဤကဲ့သို့စွမ်းရည်ရှိ ဆရာတော်သံဃာတော်များက ကုသိုလ်ဖြစ် လုပ်အားပေးကြ၍ ပရိယတ္တိသာသနာပြုစိတ်ဖြင့် ရေးသားပြုစုတော်မူကြသည့်အတွက် ကမ္ဘာတွင်ဘယ်နိုင်ငံကမှ မပြုစုနိုင်သည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို မြန်မာနိုင်ငံက ထူးထူးခြားခြားရေးသားပြုစုနိုင်ကြခြင်းဖြစ်ပါသည်။

အဘိဓာန်အတွဲ(၁၇)ပါ နိဒါန်းစကားဖော်ပြချက်သည် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် တိပိဋက ပါဠိ-မြန်မာအဘိဓာန်အဖွဲ့ခွဲဝင် မထေရ်အပေါင်းတို့၏ ဂုဏ်ရောင်ဝင့်လျှံ ရင့်ကျူးသံ ဖြစ်ပါသည်။

❑ ❑ ❑

# ၆၇-နှစ်ကြာ
# တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး
# အောင်မြင်ပေါ်ထွန်း

**သက်တမ်းမြင့်ရှည် မော်ကွန်းတည်**

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကား အောင်မြင်ခဲ့ပါပြီ။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ဖြစ်ပေါ်လာရေးအတွက် ရှေးဦးစွာ အဘိဓာန်စိစစ်ရေးဆွဲရေးအဖွဲ့ကို (၂၆-၁၀-၁၉၅၃)ရက်နေ့စွဲဖြင့် ဖွဲ့စည်း၍ စတင်ခဲ့ပါသည်။ ထိုအဖွဲ့၏ကြီးကြပ်မှုဖြင့် ပိဋကသုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများထဲမှ အက္ခရာစဉ်အလိုက် အဘိဓာန်ပုဒ်များကို ထုတ်နုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၅၆-ခုနှစ်၊ နိုဝင်ဘာလတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ အဘိဓာန်အဖွဲ့ရုံးခန်းကို စတင်ဖွင့်လှစ်၍ သတ်မှတ်လမ်းညွှန်ထားသော အဘိဓာန်စိစစ်များနှင့်အညီ အဘိဓာန်ရေးသားပြုစုခြင်းကို စတင်၍ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၁၉၅၄-ခုနှစ် မေလ ၁၇ (ကဆုန်လပြည့်)မှ ၁၉၅၆-ခုနှစ်၊ မေလ ၂၅ (ကဆုန်လပြည့်)နေ့ထိ ၂-နှစ်တိုင်ကျင်းပပြုလုပ်ခဲ့သော ဆဋ္ဌသံဂါယနာ တင်ပွဲကြီးကာလများအတွင်း အဘိဓာန်ပုဒ်များကို ထုတ်နုတ်ခြင်းလုပ်ငန်း သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ထိုကာလများကို ချန်လှပ်ပြီး ဆဋ္ဌသံဂါယနာ တင်အောင်ပွဲကြီး ပြီးမြောက်အောင်မြင်ပြီးနောက် ၁၉၅၆-ခုနှစ်၊ အဘိဓာန်

စာကိုယ်များ ရေးသားချိန်က စတင်၍ ရေတွက်လျှင်ပင် ယခု ၂၀၂၃-ခုနှစ်၊ အောက်တိုဘာလအထိ နှစ်ပေါင်းအားဖြင့် ၆၇-နှစ် ကျော်ကာလထိ သက်တမ်းအားဖြင့် မြင့်ရှည်ခဲ့ပါသည်။

၁၉၆၄-ခုနှစ်၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းအတွဲ(၁) ထွက်ရှိလာချိန်တွင် အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲလာသော ခေတ်နှင့်အညီ ဗုဒ္ဓသာသနာအဖွဲ့၏ လုပ်ငန်းများကို သာသနာရေးဦးစီးဌာနက လွှဲပြောင်း ရယူရန် ဆောင်ရွက်ဆဲကာလ ဖြစ်ခဲ့ပါသည်။ အဘိဓာန်ကျမ်းတွဲများ အမြန် ပြီးစီးစေရန် အဘိဓာန်အဖွဲ့ခွဲများ ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဗုဒ္ဓသာသနာအဖွဲ့ တာဝန်ရှိသူများက အဘိဓာန်ကျမ်းကြီးကို ၅-နှစ်နှင့် အပြီးဆောင်ရွက်ရမည်ဟု မျှော်မှန်းခဲ့သည့်အတိုင်း ဆရာတော်ကြီးများအား လျှောက်ထားခဲ့ကြပါသည်။ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်း စာအုပ် အားလုံးကို ဖြန့်ကြက်နိုင်သည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း ကြီး၏ နက်နဲမှု ကျယ်ပြန့်မှုပမာဏမှာ အလွန်တာဝန်ကြီးလေးသည်ကို သိရှိတော်မူကြသည့် ဆရာတော်ကြီးများသည် ချိန်ချိန်ဆဆဖြင့် အဖွဲ့ခွဲ(၅)ဖွဲ့ ပြည့်အောင် တိုးချဲ့ဆောင်ရွက်ခြင်းကို လက်ခံခဲ့ကြပါသည်။

ပါဠိဝေါဟာရများ၏ စာပေဆိုင်ရာနက်နဲ ကျယ်ပြန့်မှုနှင့်အမှု ထိုပုဒ်၏လိင်ဓာတ်ပစ္စည်းနှင့်တကွ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ အပြည့်အစုံအပြင် ထိုပုဒ်၏တည်ရှိရာ ကျမ်းညွှန်းစာမျက်နှာပါမကျန် ကျမ်းဂန်အနှံ့ ညှိနှိုင်း ရသောတာဝန်ကြီးလေးမှုကို လက်တွေ့ဆောင်ရွက်တော်မူကြသည့် အဘိဓာန် အဖွဲ့ဝင်ဆရာတော်များသာလျှင် သိရှိနိုင်ကြပါသည်။ ပရိယတ္တိသာသနာပြု သဒ္ဒါတရားအခြေခံပြည့်ဝခြင်း၊ ပါဠိဘာသာ ကျမ်းဂန်နှံ့စပ်ခြင်း၊ လုံ့လဝီရိယ သမာဓိခိုင်ကျည်ခြင်းတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်သာ ကိုယ်ကျိုးစီးပွားမပါ ဆောင်ရွက်ကြရသော ကျမ်းပြုလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ဆရာစဉ်ဆက်

တပည့်စဉ်ဆက်တိုင် သဒ္ဓါ ပညာ သမ္မာဒိဋ္ဌိရှိ စောင်းနယ်ညှိ၍ အဘိဓာန် လုပ်ငန်းကို စဉ်ဆက်မပြတ်အောင် စီစဉ်တကျ ဦးဆောင်မှုပေးခဲ့ကြသော ကျေးဇူးရှင် ဦးဆောင်ဆရာတော်ဘုရားကြီးတို့၏ သီလ သမာဓိ ပညာကား ဆပ်၍မကုန်နိုင်သော ကျေးဇူးဂုဏ်တို့ ဖြစ်ခဲ့ပါသည်။

## သာသနာပြုကုသိုလ်

ကျေးဇူးရှင်ဆရာတော်ကြီးများသည် ပရိယတ္တိစာသင်တိုက်ကြီး များကို ပြုစုပျိုးထောင်တော်မူခဲ့ကြပြီး တပည့်အစဉ်အဆက်တို့အား လက်ဆင့် ကမ်း တာဝန်ကို ချန်ရစ်ပေးခဲ့ကြပါသည်။ တပည့်များကလည်း ဆရာကောင်း တပည့်မွန် အစဉ်အဆက်ကြီး၌ လမ်းကြောင်းမသွေဖည်ဘဲ ဖြစ်နိုင်သည့်နည်း ဖြင့် တာဝန်ကျေပွန်တော်မူခဲ့ကြလျက် ပန်းကောင်းပန် ခဲ့ကြသဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အောင်မြင်ခဲ့ကြခြင်း ဖြစ်ခဲ့ပါသည်။ ဗုဒ္ဓဘုရား ရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး၍ နှစ်ပေါင်း ၂၅၆၀-ကျော်ကာလတစ်လျှောက် အရှင်မဟာကဿပမထေရ်မြတ်ကြီးမှစ၍ ပရမ္ပရာစရိယ၊ သိဿာနုသိဿ ဆရာတပည့်စဉ်ဆက်တို့ သံဂါယနာ ၆-တန်ဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး အား ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံကိုပါ ဖြန့်ကြက်အတွေးအသိဖြင့် သံယော ကျေးဇူးဂုဏ်ကို ကြည်ညိုရခြင်း ကုသိုလ်စေတနာအကျိုး ပွားတိုးကြရပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အဖွဲ့ခွဲများ၏ မူလအဖွဲ့ဖြစ်ခဲ့သော ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့တွင် ဥက္ကဋ္ဌဆရာတော်ကြီး အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏုတ္တရ လက်ထက်မှစ၍ ဘဒ္ဒန္တပညိဿရာဘိဝံသထိ ၂၄- နှစ်တာကာလအတွင်း အဘိဓာန်ကျမ်း(၄)တွဲကို အောင်မြင်ပြီးစီးခဲ့ပါသည်။

မန္တလေးမြို့ မစိုးရိမ်အဘိဓာန်အဖွဲ့ မူလဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသမှသည် ဘဒ္ဒန္တကဝိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ ကေသရာဘိဝံသ

ဆရာတော်တို့လက်ထက်ထိ မဟာနာယက ဆရာတော်ဘုရားကြီး အဆက်ဆက်တိုင် ကျောင်းတိုက်အုပ်ချုပ်မှု တာဝန်အသီးသီး ဆင့်ကဲပြောင်းလဲခဲ့သော်လည်း အဘိဓာန်လုပ်ငန်းကြီးကို မပျက်မယွင်း အစဉ်အဆက်တာဝန်ကျော်လွှန်တော်မူခဲ့ကြပါသည်။ မစိုးရိမ်အဘိဓာန် အဖွဲ့ စတင်ဖွဲ့စည်းစဉ်က အဖွဲ့တွင် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဦးဆောင်မှုအောက်ရှိ သက်တော် ၅၀-နှစ်ဝန်းကျင် အားကောင်းမောင်းသန် အဘိဓာန်အဖွဲ့ဝင်ဆရာတော်(၁၅) ပါးတို့ဆိုလျှင် မစိုးရိမ်အဘိဓာန်အဖွဲ့ တာဝန်ကျအဘိဓာန်အတွဲ(၇)တွဲပြီးဆုံးချိန် နှစ်ပေါင်း ၅၇-နှစ်အတွင်း မူလ၁၅-ပါး အဖွဲ့ဝင်မထေရ်အရှင်မြတ်တို့အားလုံး သက်တော်ထင်ရှားရှိတော်မမူကြတော့ပါ။

အလားတူ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်အဘိဓာန်အဖွဲ့သည်လည်း ရွှေကျင်နိကာယဂိုဏ်း နဝမမြောက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးလက်ထက်မှစ၍ သာသနာပိုင် ၇-ဆက်တိုင်နှင့် မဟာဝိသုဒ္ဓါရုံတိုက်မဟာနာယက ရွှေကျင်နိကာယ ဥက္ကဋ္ဌဆရာတော်အဆက်တို့သည် နှစ်ပေါင်း ၅၆-နှစ်အတွင်း စ-ဝဂ်၊ ဋ-ဝဂ်၊ ပ-ဝဂ် အဘိဓာန်အတွဲ(၅)တွဲတို့ကို ပြုစုတော်မူကြကာ ဆရာစဉ်ဆက် တာဝန်ကိုကျေပွန်စွာဖြင့် ရွှေကျင်နိကာယဂုဏ်ကိုဆောင်တော်မူခဲ့ကြပါသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမအဘိဓာန်အဖွဲ့သည်လည်း အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ ဆရာတော်ဘုရားကြီး လက်ထက်မှစ၍ ဘဒ္ဒန္တဂန္ဓမာ ဆရာတော်ဘုရားကြီးလက်ထက်အထိ တ-ဝဂ် အဘိဓာန် (၄)တွဲကို ၃၆-နှစ်သက်တမ်းအတွင်း အောင်မြင်သည်အထိ ဆောင်ရွက်တော်မူခဲ့ကြပါသည်။ တာဝန်ကျအဘိဓာန်များပြီးဆုံးချိန်၌ အဘိဓာန်အဖွဲ့အင်အားများသာသနာ့တာဝန်အသီးသီးတွင် ပြန့်ကျဲကုန်ကြပါသည်။

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်အဘိဓာန်အဖွဲ့သည်လည်း အဘိဓာန်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှစ်ပါးဖြစ်သော ဘဒ္ဒန္တဥက္ကံသာဘိဝံသနှင့် ဘဒ္ဒန္တမေဓိယာဘိဝံသ ဆရာတော်ဘုရားကြီး နှစ်ပါးဥက္ကဋ္ဌဆရာတော်နှစ်ဆက်တို့ ပျံလွန်တော်မူခဲ့ကြပါပြီ။ နိုင်ငံတော်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီးသည်မူ အဘိဓာန်အဖွဲ့ခွဲ၏ အဆက်ဆက်သောအပြောင်းအလဲများကို ကျော်လွန်ကာ အ-ဝဂ် အဘိဓာန်အတွဲ(၉)တွဲကို နှစ်ပေါင်း ၅၇-နှစ်အတွင်း အောင်မြင်စွာ ရေးသားပြုစုခဲ့ကြပါသည်။ ဘုရားကြီးအဘိဓာန်အဖွဲ့သည် အခြားအဘိဓာန်အဖွဲ့ခွဲများထက် အ-ဝဂ် တိပိဋကပါဠိပဒကျမ်းညွှန်း အုပ်တွဲ(၄)တွဲကိုလည်း အပိုပြုစုခဲ့ရပါသေးသည်။

## ဓမ္မကုသိုလ်မော်ကွန်း

ဤသို့လျှင် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အောင်မြင်ပြီးစီးရေးအတွက် အဘိဓာန်အဖွဲ့ခွဲ(၅)ခုတို့၏ ကျေးဇူးရှင် ဥက္ကဋ္ဌဆရာတော်ဘုရားကြီးများနှင့် အဘိဓာန်အဖွဲ့ဝင်ဆရာတော် ခန့်မှန်း ၁၀၀-ကျော်အစဉ်အဆက်တို့သည် အာစရိယပရမ္ပရသိဿာနုသိဿပီသကြလျက်ဇာတိသွေးအလွန် ဂရုဂါရဝသွေးအမွန်တို့ဖြင့် တည်ငြိမ်ရင့်ကျက်စွာဆောင်ရွက်ခဲ့ကြ၍ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည်အောင်မြင်ပြီးစီးခဲ့ကြပါပြီ။ ဤမျှသက်တမ်းမြင့်ရှည် ကမ္ဘာတည်အောင်ဆောင်ရွက်ခဲ့မှုမှတ်တမ်းသည် ထေရဝါဒဗုဒ္ဓဘာသာသာသနာဝင်တွင်မြန်မာတို့၏ ပဉ္စမသံဂါယနာတင်နှင့် ဆဋ္ဌသံဂါယနာတင် မှတ်တမ်းကမ္ပည်းနှင့်ယှဉ်၍ စိုက်ထူကြရမည့် သမိုင်းတစ်ဆစ်ချိုး မော်ကွန်းထိုးမှတ်တိုင်ကြီးလည်း ဖြစ်ပါသည်။

ဤသို့လျှင် အဘိဓာန်ကျမ်းပြုမထေရ်မြတ်အပေါင်းတို့၏ ဓမ္မာနုဂ္ဂဟ သာသနာပြုကုသိုလ်တော်မော်ကွန်းကား အတိုင်းမသိ သမိုင်းအရှိပါတည်း။

**အဘိဓာန်ကျမ်း**

| အဘိဓာန်ကျမ်းပြုအဖွဲ့ | ကျမ်းတွဲ | တည်ပုဒ် | စာမျက်နှာ | ပြုစုသက်တမ်း |
|---|---|---|---|---|
| ၁။ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ | ၄ | ၃၄၃၀၀ | ၃၆၄၉ | ၂၄-နှစ် |
| ၂။ မစိုးရိမ်အဘိဓာန်အဖွဲ့ | ၇ | ၅၉၉၀၄ | ၅၉၇၂ | ၅၇-နှစ် |
| ၃။ မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့ | ၅ | ၃၂၆၇၀ | ၃၉၈၂ | ၅၆-နှစ် |
| ၄။ ပခုက္ကူအဘိဓာန်အဖွဲ့ | ၄ | ၂၆၈၃၇ | ၃၅၃၉ | ၃၆-နှစ် |
| ၅။ ဘုရားကြီးအဘိဓာန်အဖွဲ့ | ၉ | ၆၄၅၂၈ | ၇၂၁၂ | ၅၈-နှစ် |
| ပေါင်း | ၂၉ | ၂၁၈၂၃၉ | ၂၄၃၅၄ | |

မြန်မာနိုင်ငံ ဆဋ္ဌသံဂါယနာတင်ပွဲကြီးသို့ ထေရဝါဒငါးနိုင်ငံမှ သံဃာ့မထေရ်မြတ်ကြီးများလည်း တက်ရောက်တော်မူကြပြီး သံဃသန္နိပါတများ၌ ဦးဆောင်မှုပေးခဲ့ကြပါသည်။ ထေရဝါဒငါးနိုင်ငံသံဃာတော်များသည် သံဂါယနာတင်ကာလများတွင် မြန်မာနိုင်ငံ ပရိယတ္တိသာသနာ ထွန်းလင်းမှုနှင့် ကျမ်းဂန်တတ်မထေရ်များစွာတို့၏ ပညာအရည်အချင်းကို သိရှိတော်မူကြသကဲ့သို့ ဆဋ္ဌသံဂါယနာအမွေ လုပ်ငန်းများဖြစ်သော ပါဠိတော်မြန်မာပြန်ခြင်း၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြုစုခြင်း စသည်တို့ကိုလည်း လေ့လာသိရှိသွားကြပါသည်။ အထူးသဖြင့် သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံဆရာတော်ကြီးများသည် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးပြုစုခြင်းလုပ်ငန်းများ အပေါ်၌ စိတ်ဝင်စားခဲ့ကြပါသည်။

မြန်မာနိုင်ငံ ၁၉၇၀-ခုနှစ်ခန့်ကာလ၌ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲ ၆-တွဲခန့် ပုံနှိပ်ထုတ်ဝေပြီးချိန်တွင် သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပါဠိပညာရှင်သံဃာတော်အချို့သည် မြန်မာနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေပြီးဖြစ်သော အဘိဓာန်ကျမ်းတွဲများကို မှာယူကြည့်ရှုလျက်

၎င်းတို့ဘာသာဖြင့် ပြန်ဆိုထုတ်ဝေရန် စိတ်ကူးခဲ့ကြပါသည်။ သီရိလင်္ကာနှင့် ထိုင်းဘာသာတို့ဖြင့် ပြန်ဆို၍ မူပိုင်ပြုလုပ်ထားမည်ဆိုက ထိုနိုင်ငံတို့၌လည်း ပါဠိဘာသာတွင် အားကိုးရသောအဘိဓာန်ကျမ်းတစ်ဆူ ဖြစ်ပေါ်လာမည် ဖြစ်၍ ကောင်းမြတ်သောစိတ်ကူးပင် ဖြစ်ပါသည်။ သို့သော်လည်း ယနေ့ အချိန်ထိ တစ်စိတ်တစ်ပိုင်း အောင်မြင်ပြီဟု ကြားသိရခြင်းမရှိသေးပါ။ တော်တန်ရုံ သဒ္ဒါ ဝီရိယဖြင့်မူ ပြီးပြည့်စုံရန် လွယ်ကူမည်မထင်ပါ။ အထူး သဖြင့် ထိုနိုင်ငံရှိ ပိဋကတ်ကျမ်းစာများ၏ ကျမ်းညွှန်းစာမျက်နှာအတိုင်း ညှိနှိုင်းတိုက်ဆိုင်၍ အမှန်အကန်စာမျက်နှာကို ပြန်လည်ညွှန်းရန် အတွက်ပင် ဝီရိယာဓိပတိ တံခွန်ကို လွှင့်ထူပေးရမည့်တာဝန်ကား ကြီးမားသောစိန်ခေါ်မှု ဟု ယူဆမိပါသည်။

## ကျမ်းတွဲအမှတ်စဉ် အမှန်သို့

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး၏ ကျမ်းတွဲပေါင်း ၂၉- တွဲကို အဘိဓာန်အဖွဲ့(၅)ဖွဲ့ခွဲ၍ ပြုစုခဲ့ကြရာ၌ ကြိုတင်၍ စာမျက်နှာ ခန့်မှန်းမှု အမှန်မရရှိသဖြင့် ကျမ်းတွဲအမှတ်စဉ် ကျော်လွှန်မှုကို ကျမ်းတွဲ(အပိုင်း)ခံ၍ ဆောင်ရွက်ခဲ့ရပါသည်။ သရပိုင်းအတွဲ(၄)ကို အပိုင်း(၁) (၂) (၃)နှင့် ပ-ဝဂ် အတွဲ(၁၄)ကို အပိုင်း(၁) (၂) (၃)ဟူ၍ ပူးတွဲအမှတ်စဉ်များ တပ်ခဲ့ကြရပါ သည်။ ယခုအခါတွင် အုပ်တွဲအမှတ်စဉ်(၁)မှ (၂၉)ထိ အက္ခရာစုံ ပြီးပြည့် စုံသွားပြီဖြစ်သဖြင့် ကျမ်းတွဲအမှတ်စဉ်ကို အပိုင်းဖျောက်၍ ဂဏန်းစဉ်အတိုင်း သတ်မှတ်ခေါ်ဝေါ်နိုင်ပြီ ဖြစ်သည်ကို တွေ့ရှိရပါသည်။

အဘိဓာန်ကျမ်းတွဲ အသီးသီး၌ ပါရှိသောနိဒါန်းများမှာ ရှေး ဆရာတော်ကြီးများ၏ မှတ်တမ်းလက်ရာများဖြစ်သဖြင့် နိဒါန်းဖော်ပြချက် များကို မူလအတိုင်းထားရှိပြီး အသစ်ပြန်ရိုက်နှိပ်သည့် ကျမ်းတွဲမျက်နှာဖုံးနှင့် စာအုပ်အနှောင့်တို့၌ ဂဏန်းစဉ်အတိုင်း ပြောင်းလဲဖော်ပြပေးရုံသာ ဖြစ်၍ တာဝန်ကြီးမားဖွယ်ရာမရှိပါ။ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းတွဲအစုံကို

ပိဋကတ်ကျမ်းစာဗီရိုအကန့်၌ အစဉ်အတိုင်းတန်းစီ၍ ထောင်ထားမည်ဖြစ်ရာ ကျမ်းစာအုပ်အနှောင့်အောက်ခြေ၌ ဖော်ပြထားသောကျမ်းတွဲအမှတ်စဉ်နှင့် အက္ခရာတည်ပုဒ်အညွှန်းတို့ကို ကြည့်၍ သိရှိလိုသည့် ပါဠိဝေါဟာရပုဒ်တည် ရှိရာ စာမျက်နှာကို အလွယ်တကူပင် ရှာဖွေကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

## အက္ခရာစဉ်အချို့ နေရာမှန်သို့

အဘိဓာန်အတွဲ(၄) အပိုင်း(၃)ကျမ်းစာသည် မစိုးရိမ်အဘိဓာန်အဖွဲ့က ပြုစုသော ဇမ္ဗူဒီပအဘိဓာန်အဖွဲ့၏ လက်ကျန် သရအဘိဓာန်ကျမ်းတွဲ ဖြစ်ပါသည်။ ထိုအဘိဓာန်အတွဲ(၄)အပိုင်း(၃)တွင် နောက်ဆက်တွဲ အဘိဓာန်ပုဒ်များကို ကျမ်းနောက်ပိုင်း၌ ဖော်ပြပါရှိခဲ့ပါသည်။ ဥသရအဘိဓာန်ပုဒ် ၁၁၄၊ ဘ-အက္ခရာ အဘိဓာန်ပုဒ် ၅၃-နှင့် မ-အက္ခရာ အဘိဓာန်ပုဒ် ၅၅-ပုဒ်တို့ ဖြစ်ပါသည်။

မစိုးရိမ်အဘိဓာန်အဖွဲ့အနေနှင့် အဘိဓာန်အတွဲ(၁၆)ကို ၁၉၈၉-ခုနှစ်တွင်လည်းကောင်း၊ အဘိဓာန်အတွဲ(၄)အပိုင်း(၂)ကို ၂၀၀၃-ခုနှစ်တွင် လည်းကောင်း ပုံနှိပ်ပြီးစီးခဲ့ပါသည်။ သရအဘိဓာန်အတွဲ(၄) အပိုင်း(၃)ကို ပုံနှိပ်ထုတ်ဝေနိုင်ရန် ဆောင်ရွက်ဆဲကာလ၌ ယခင်ထုတ်ဝေထားပြီး အဘိဓာန်ကျမ်း၌ ထည့်သွင်းရန် ကျန်ရှိနေခဲ့သော အထက်ဖော်ပြပါ အဘိဓာန်ပုဒ်အချို့ကို ထပ်မံစုစည်းနိုင်ခဲ့ပါသည်။ ထပ်မံတွေ့ရှိသည့် အဘိဓာန်ပုဒ်များနှင့် သက်ဆိုင်သည့်ကျမ်းတွဲများမှာ ပုံနှိပ်ပြီးဖြစ်ကြသဖြင့် ထိုအဘိဓာန်ပုဒ် လက်ကျန်များကို ဆောင်ရွက်ဆဲဖြစ်သော သရအဘိဓာန် အတွဲ(၄)အပိုင်း(၃) ကျမ်းတွဲနိဂုံးပိုင်း၌ နောက်ဆက်တွဲအနေဖြင့် ထည့်သွင်း၍ ဖော်ပြပေးခဲ့ခြင်း ဖြစ်မည်ဟု ယူဆမိပါသည်။

ဥ-သရ၊ ဘ-နှင့် မ-အက္ခရာ နောက်တိုး အဘိဓာန်ပုဒ်တို့ကို ထိပ်စီး အက္ခရာစဉ်အလိုက် သတ်ပုံအစဉ်ရှိရာနေရာသို့ အဘိဓာန်စံစနစ်ကျစွာ ဆောင်ရွက်ရန်မှာ လက်တွေ့တွင် အခက်အခဲရှိနိုင်ပါသည်။ ဒီဂျစ်တယ် နည်းပညာအကူအညီ ကျွမ်းကျင်ရရှိချိန်၌ သဒ္ဓါ သတိ ပညာဖြင့် ပြည့်စုံ သူတို့က စွမ်းဆောင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ သို့သော်လည်း ယခုအခါ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အတွဲစုံ(၂၉)တွဲကို အကြိမ်ကြိမ်ပုံနှိပ်ဆောင်ရွက်နေချိန်ဖြစ်၍ ဥ-သရ အဘိဓာန်ပုဒ် ၁၁၄-ပုဒ်ကို အတွဲ(၄) အပိုင်း(၂) နောက်ဆက်တွဲနေရာ၌လည်းကောင်း၊ ဘ-အက္ခရာ အဘိဓာန်ပုဒ် ၅၃-ပုဒ်ကို အတွဲ(၁၅) နောက်ဆက်တွဲနေရာ၌လည်းကောင်း၊ မ-အက္ခရာ အဘိဓာန်ပုဒ် ၅၅-ပုဒ်ကို အတွဲ(၁၆) နောက်ဆက်တွဲနေရာ၌ လည်းကောင်း ပြောင်းရွှေ့ဖော်ပြသင့်ပါသည်။ ထိုသို့အက္ခရာတူ အဘိဓာန်ပုဒ် များ တစ်စုတစ်စည်းတည်း နေရာမှန်သို့ ပြောင်းရွှေ့စုစည်းထားရှိရန်အတွက်မူ ကွန်ပျူတာစက်အကူအညီဖြင့် အလွယ်တကူပင် ဆောင်ရွက်နိုင်ပါသည်။ အဘိဓာန်အတွဲ(၄)အပိုင်း(၃)ပါ နောက်ဆက်တွဲသုံးမျိုး ကွန်ပျူတာမူ စာမျက်နှာများကို သက်ဆိုင်ရာကျမ်းတွဲအဆုံးသို့ ပို့၍ စာမျက်နှာနံပါတ်များ ပြောင်းလဲဆက်စပ်ပေးရုံဖြင့် ပြီးစီးအောင်မြင်နိုင်ပါသည်။

ဤဖော်ပြပါ အချက်နှစ်ချက်ကို စာရေးသူအနေနှင့် တာဝန်ကြီးလေးစွာဖော်ပြမိပါသည်။ အရှိအတိုင်းထားလိုပါကလည်း ထောက်ပြခြင်း အမိပ္ပါယ်မသက်ရောက်စေဘဲ သည်းခံခွင့်လွှတ်မှုဖြင့်သာ သဘောထားကြစေ လိုပါသည်။ မြန်မာတို့၏ ထေရဝါဒဗုဒ္ဓသာသနာဝင် ကျမ်းတစ်ဆူအဖြစ် တည်ရှိသွားမည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးဖြစ်၍ စတင် ဆောင်ရွက်စဉ်က ပုံနှိပ်လုပ်ငန်းအခြေအနေနှင့် လက်ရှိခေတ် ကွန်ပျူတာ စနစ် ပုံနှိပ်လုပ်ငန်းအခြေအနေတို့မှ နောက်တစ်ဆင့်တက်၍ ဆက်လက်ပေါ် ထွန်းလာမည့် ခေတ်မီနည်းစနစ်များနှင့် ဆက်စပ်မိစေရန် ရည်မျှော်မိခြင်း ဖြစ်ပါသည်။

အဘိဓာန်အဖွဲ့ ဦးဆောင်ဆရာတော်ဘုရားကြီးများနှင့်တကွ ဆရာတပည့် အစဉ်အဆက်တို့ စနစ်တကျစီမံပြုစုခဲ့မှုအပေါ် တစ်စုံတစ်ဦးက ဝင်၍ ပြုပြင်ကြမည်မဟုတ်ပါ။ ပြုပြင်ဝံ့ကြမည်လည်း မဟုတ်ကြပါ။ ယခုပင်လျှင် ရှေးရှေးအဘိဓာန်အဖွဲ့ခွဲ ဦးဆောင်ဆရာတော်ကြီးများ မျက်ကွယ်ပြုတော်မူကြပြီဖြစ်၍ ကျေးဇူးရှင်ဆရာတော်ကြီးများ၏ တာဝန်အဆက်ကို ခံယူခွင့်ရရှိခဲ့ကြသည့် အဘိဓာန်မျိုးဆက် ဆရာတော်များအား အလှမ်းမဝေးသေးမီ ဖူးတွေ့နေရပါသေးသည်။ အဘိဓာန်အဖွဲ့ခွဲ အသီးသီး၏ လက်ရှိအဖွဲ့ဝင် ဆရာတော်တစ်ပါးပါးက ဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့ ဦးဆောင် ဆရာတော်ကြီးများအား လျှောက်ထားခြင်း၊ ဆိုင်ရာဌာနတာဝန်ရှိသူများထံ အကြောင်းကြားမေတ္တာရပ်ခံခြင်းဖြင့်လည်း ပြီးမြောက်သွားနိုင်သဖြင့် ထိုအတိုင်း ဖြစ်မြောက်ပါစေဟုသာ ဆုတောင်းမိပါသည်။

❑ ❑ ❑

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း
ပညာသံဝဏ္ဏနိကကုသိုလ်ရှင်မိသားစုတို့၏
ဩဝါဒါစရိယဆရာတော်



35

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊
ပုညနိမ္မိတာရုံရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
**ဒေါက်တာ ဘဒ္ဒန္တသဒ္ဓိယ မဟာထေရ်**

# တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း
# ပညာသံဝတ္တနိက ကုသိုလ်တော်မော်ကွန်း

## ပညာကုသိုလ် ကမ်းလင့်ကြို

စာရေးသူသည် သာသနာရေးဦးစီးဌာနတွင် ရုံးစာရေးအဆင့် (၁)မှစ၍ ညွှန်ကြားရေးမှူးထိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ညွှန်ကြားရေးမှူးချုပ် အဆက်ဆက်တိုင် ညွှန်ကြားရေးမှူးချုပ်၏ ရုံးအဖွဲ့တွင် စာပေဆိုင်ရာအပိုင်း၌ အချိန်များစွာ ဝန်းရံပေးရသူဖြစ်ခဲ့၍ ၂၀၀၄-ခုနှစ်တွင် ကြုံတွေ့ခဲ့သော တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးနှင့်သက်ဆိုင်သော အကြောင်းအရာတစ်ခုကို မှတ်မိနေပါသည်။

ထိုစဉ်က သာသနာရေးဦးစီးဌာနသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သာသနာရေးဝန်ကြီးဌာနနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်လက်ထက်တွင် ဖြစ်ပါသည်။

ယခင် ဗုဒ္ဓသာသနာအဖွဲ့ ဆဋ္ဌသံဂါယနာမူ ပိဋကတ်တော်များ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းကို ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိသော သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်ဌာနခွဲသည် တိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းတွဲ(၁)ကို ၁၉၆၄-ခုနှစ်က စတင်ထုတ်ဝေခဲ့၍ ၂၀၀၄-ခုနှစ်တွင် အဘိဓာန်အတွဲ(၁၈)တွဲ ထုတ်ဝေနိုင်ခဲ့ပါပြီ။ စတင်ဆောင်ရွက်ခဲ့သည်မှာ

နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ပြီဖြစ်သဖြင့် ပုံနှိပ်ပြီးဖြစ်သော အဘိဓာန် ရှေ့ပိုင်း ကျမ်းတွဲကြီးများမှာ လက်ကျန်မရှိတော့ဘဲ စက္ကူအခက်အခဲ လုပ်ငန်းအခက်အခဲကြောင့် ပြန်လည်ပုံနှိပ်နိုင်ရန် နှောင့်နှေးနေခဲ့ပါသည်။

ကမ္ဘာ့ဝိပဿနာဆရာကြီး ဆရာကြီးဦးဂိုအင်ကာ၏ သားဖြစ်သူ ဗန္ဓုလဦးရွှေသည် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီးများကို ပုံနှိပ်လှူဒါန်းရန်အတွက် ညွှန်ကြားရေးမှူးချုပ်ကြီးအား အဆိုပြုဖူးပါသည်။ သို့သော်လည်း တရုတ်နိုင်ငံ(ထိုင်ဝမ်)က အလှူရှင်များထံ ဖလင်များ ပေးပို့ဆောင်ရွက်ရမည့် အစီအစဉ်ဖြစ်သဖြင့် အလွယ်တကူမဖြစ်နိုင်ဘဲ ကြန့်ကြာသွားပြီး မကြာမီ ထိုအစီအစဉ်လည်း ပျောက်ကွယ်သွားခဲ့ပါသည်။

**စာဒါယကာ ပေါ်ပေါက်လာ**

၂၀၀၄-ခုနှစ် ရုံးဖွင့်ရက်တစ်ရက်တွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးခန်းသို့ ဆရာတော်ကြီးတစ်ပါးနှင့် လူဒါယကာ တစ်ဦးတို့ ရောက်ရှိလာပါသည်။ ဆရာတော်ကြီးမှာ ရန်ကုန်မြို့၊ ကြီးပွားရေး ရပ်ကွက်၊ ပုညနိမ္မိတာရုံရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တသန္ဒိယ ရွှေသုဝဏ်ဆရာတော်ကြီးဖြစ်ပြီး ဆရာတော်ကြီးနှင့်အတူ ပါလာသော လူပုဂ္ဂိုလ်မှာ စာဒါယကာကြီး ဦးကျော်ညွှန့် ဖြစ်ပါသည်။ စာဒါယကာကြီး ဦးကျော်ညွှန့်သည် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ငြိမ်း) သတိုးသီရိသုဓမ္မ ဦးမောင်အေး၏ အစ်ကိုကြီးတော်စပ်သူ ဖြစ်သည်ဟု သိရှိရပြီး ပြည့်စုံညွှန့်ကုမ္ပဏီပိုင်ရှင် ဖြစ်ပါသည်။

ဆရာတော်ကြီးက ညွှန်ကြားရေးမှူးချုပ်အား စာဒါယကာကြီးနှင့် မိတ်ဆက်ပေးပြီး လာရင်းအကြောင်းကို တင်ပြစေပါသည်။

စာဒါယကာကြီး ဦးကျော်ညွန့်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ဇာတိဖြစ်ပါသည်။ ကန့်ဘလူမြို့ အရှေ့မြောက်ယွန်းတွင် မဟာရွှေစည်ကြီးစေတီတော်ကို ဖူးမြင်နိုင်သကဲ့သို့ စေတီတော်၏ မြောက်ဖက်၌ စေတိယသင်္ဂဟကျောင်းတိုက်ကိုလည်း တွေ့ရှိနိုင်ပါသည်။ မဟာရွှေစည်ကြီးစေတီတော်နှင့် စေတီကျောင်းတိုက်ကို အလှူရှင် ဦးကျော်ညွန့် ၏ မိဘများအမှူးထားလျက် ညီအစ်ကိုမောင်နှမ မိသားစုတို့က တည်ထား ကိုးကွယ် လှူဒါန်းထားခြင်းဖြစ်ပါသည်။

ရွှေစည်ကြီးစေတီတော်ကျောင်းတိုက်သည် ပရိယတ္တိစာသင်တိုက် အဖြစ်သို့ ရည်မှန်းဆောင်ရွက်နေရာတွင် စာဒါယကာကြီး မိသားစုကပင် စာသင်သားများအသုံးပြုရန် လိုအပ်သော စာသင်သားသုံးကျမ်းစာများကို စုစည်း၍ လှူဒါန်းလျက်ရှိနေပါသည်။ တစ်ကြိမ်တွင် ရွှေစည်ကြီးစေတီတော် ကျောင်းတိုက်၌လိုအပ်နေသော ကျမ်းစာစာရင်းတွင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အတွဲ(၁)(၂)(၃)ပါရှိလာပါသည်။ ထိုအဘိဓာန်ကျမ်း(မူရင်း)များကို ရွှေတိဂုံဘုရားဈေး ပိဋကတ်စာအုပ်ဆိုင်တို့၌ မရရှိနိုင်ဘဲဖြစ်နေရာ စာဒါယကာကြီး ဦးကျော်ညွန့်က ဆရာရင်းဒကာရင်းဖြစ်သော သယ်န်းကျွန်း မြို့နယ်၊ ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရုံ ရွှေသုဝဏ်ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီးက သာသနာရေးဦးစီးဌာန၌လည်း မူရင်း မရနိုင်တော့သဖြင့် မိတ္တူမူသန့်ကိုသာ အကောင်းဆုံးဖြစ်အောင် မှာယူ၍ စီစဉ်ပေးခဲ့ပါသည်။ ထိုမိတ္တူမူ အဘိဓာန်သုံးတွဲကို ကန့်ဘလူမြို့၊ ရွှေစည်ကြီး စေတီကျောင်းတိုက်သို့ ပို့ဆောင်ခြင်းမပြုရသေးမီ ဦးကျော်ညွန့်သည် အဘိဓာန်သုံးတွဲလုံး၏ နိဒါန်းစာသားများကို ဖတ်ရှုကြည့်မိသည် ဆိုပါသည်။

ဤတွင် စာဒါယကာကြီးသည် နိဒါန်းစာများအရ သာသနာတော် အတွက်တန်ဖိုးကြီးမားလှသည့် အဘိဓာန်ကျမ်းကြီးဖြစ်သည်ကို သိရှိပြီး

ဒါယကာခံ၍ ပုံနှိပ်လှူဒါန်းလိုစိတ် သဒ္ဓါတရားဖြစ်ပွားပေါ်ပေါက်လာသဖြင့် ရွှေသုဝဏ်ဆရာတော်ဘုရားကြီးအား လျှောက်ထားညှိနှိုင်းကြည့်ပါသည်။ ရွှေသုဝဏ်ဆရာတော်ကြီးသည်လည်း တိမ်မြုပ်ရှေးဟောင်းကျမ်းစာများ၊ ပုံနှိပ်သူမရှိဖြစ်နေသော ဝိနိစ္ဆယကျမ်းစာများကို စာအုပ်အဖြစ် ပုံနှိပ်ဖော်ထုတ်ရန် စိတ်ကူးအကြံရှိထားသော ဆရာတော်ကြီးဖြစ်သဖြင့် ဆရာဒကာ တိုင်ပင်ညှိနှိုင်း၍ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း၏မူပိုင်ဖြစ်သော သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရန် ရောက်ရှိလာခြင်းဖြစ်ပါသည်

**အနုမောဒနာ ဝမ်းမြောက်စွာ**

စာဒါယကာကြီး ဦးကျော်ညွန့်၏ တင်ပြချက်ကို ညွှန်ကြားရေးမှူးချုပ်သည် ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့ပြီး ဝန်ကြီးဌာနနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အလျင်အမြန်တင်ပြ၍ အကြောင်းပြန်ကြားပါမည်ဟု ရွှေသုဝဏ်ဆရာတော်ကြီးအား လျှောက်ထားလိုက်ပါသည်။

ညွှန်ကြားရေးမှူးချုပ်က ဆရာတော်ကြီးနှင့်စကားဝိုင်းသို့ စာရေးသူအား မူလကပင် အနီးခေါ်ထားသဖြင့် ထိုအကြောင်းသိရှိရစဉ်ကပင် ဝမ်းမြောက်ခဲ့ရပါသည်။ ဆရာတော်ကြီးနှင့် စာဒါယကာကြီးတို့ ပြန်သွားသည်နှင့် ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာနသို့ တင်ပြရန် စာရေးသားခိုင်းပြီး ပုံနှိပ်မူသန့်သန့် အဘိဓာန်အတွဲ(၁) (၂) (၃)တို့ကို ကြိုတင်ပြင်ဆင်ထားရန် ညွှန်ကြားပါသည်။

စာရေးသူသည် အဘိဓာန်ဌာနစုသို့ အဘိဓာန်(၁) (၂) (၃)သုံးတွဲကို တောင်းခံရယူ၍ မူသန့်ရအောင် စာမျက်နှာနှင့်တကွ ဖျက်ရာမင်ရာ ကင်းစင်အောင်ဆောင်ရွက်ခြင်း၊ ကျမ်းစာနောက်ဆက်တွဲ၌ ပါရှိသော အမှား

အမှန်ပြင်ဆင်ချက်ကိုလည်း ကွန်ပျူတာဖြင့် မူလစာလုံးဆိုဒ်ရအောင် စာစီဆောင်ရွက်စေ၍ ဖြတ်ညှပ်ကပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ထားခဲ့ပါသည်။ သာသနာရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိပြီးနောက် နိုင်ငံတော်သံဃမဟာနယကအဖွဲ့ ဆရာတော်ကြီးများထံသို့လည်း ဆက်လက်၍လျှောက်ထားစေပါသည်။ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှ ခွင့်ပြုချက်ရရှိသောအခါ အသင့်ပြုစုထားပြီးဖြစ်သော ညွှန်ကြားရေးမှူးချုပ်၏ အလှူမှတ်တမ်း သာဓုအနုမောဒနာအမှာစာနှင့်တကွ ပုံနှိပ်မည့်ကျမ်းစာစာမူကို ဦးကျော်ညွန့် လာရောက်ယူငင်သောအခါ တပါတည်းပေးအပ်လိုက်ခဲ့ပါသည်။

ရွှေသုဝဏ်ဆရာတော်ကြီး၏ ဦးဆောင်စီစဉ်မှုဖြင့် ပြင်ပပုံနှိပ်တိုက်၌ စက္ကူကောင်း မင်ကျမင်နကောင်းတို့ဖြင့် စိတ်တိုင်းကျပုံနှိပ်ခြင်း၊ စာမျက်နှာများကိုလှန်ရလွယ်ကူစေရန် စာဖောင်များကို သီချုပ်ခြင်း၊ မျက်နှာဖုံးကို အခန့်ချုပ်ဆောင်ရွက်ခြင်း စသည့်အပြင်အဆင်များနှင့်အတူ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အတွဲ(၁) (ဒုတိယအကြိမ်)သည် သုံးလခန့်အကြာ ပုံနှိပ်ပြီးစီးသွားပါသည်။ စာဒါယကာကြီး ဦးကျော်ညွန့်သည် အုပ်ရေ ၁၁၀၀-ပုံနှိပ်၍ သာသနာရေး ဦးစီးဌာနသို့ အုပ်ရေ ၁၀၀၀ ကို ပို့အပ် လှူဒါန်းပါသည်။ ကျန်အုပ် ၁၀၀ ကိုမူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဝင်ဆရာတော်များအားလုံးနှင့် မြန်မာနိုင်ငံဒေသအနှံ့စာသင်တိုက်ကြီးများသို့ သာဟတ္ထိကမြောက်သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ထာဝရသက်ရှင် ပဒေသာပင်**

အဘိဓာန်အတွဲ(၁)(ဒုတိယအကြိမ်)ပုံနှိပ်ခြင်းကို မတည်လှူဒါန်းခဲ့မှု၌ အားရကျေနပ်ခြင်းမရှိနိုင်တော့သည့် ဦးကျော်ညွန့်သည် အခြားသော

မိတ်ဆွေအလှူရှင်များကိုပါ စည်းရုံး၍ အဘိဓာန်အတွဲစုံ (ပုံနှိပ်ပြီးနှင့် ပြုစုဆဲအားလုံး)ကို ပုံနှိပ်လှူဒါန်းရန် ဆန္ဒပြင်းပြခဲ့သည့်အတိုင်း အချိန်ကာလစောင့်၍ တစ်အုပ်ပြီးတစ်အုပ် လှူဒါန်းဆောင်ရွက်ခဲ့ပါသည်။ စာဒါယကာပညာသံဝတ္တနိက ကုသိုလ်ရှင်အသီးသီးတို့၏ ကောင်းမှုရှင်ကမ္ပည်းတို့ကိုပါကျောဖုံး၌ ပုံနှိပ်ဖော်ပြပေးခဲ့ပါသည်။ ယခုအခါတွင် တိပိဋက ပါဠိ-မြန်မာအဘိဓာန် ၂၉-တွဲ (ကျမ်းတွဲအားလုံး)ပုံနှိပ်လှူဒါန်းခြင်း လုပ်ငန်းရပ်ကြီးပြည့်စုံအောင်မြင်သွားခဲ့ပါပြီ။ စာဒါယကာကြီး ဦးကျော်ညွန့် မိသားစုတို့သည်နောက်ပိုင်းကျမ်းတွဲများကိုမူ သီးခြားအလှူရှင်တို့အား ဆော်သြခြင်းပင်မပြုတော့ဘဲ စာဒါယကာကြီး ညီအစ်ကို မောင်နှမ မိသားစုတို့ကသာ ကြိုတင်လှူဒါန်းဆောင်ရွက်ခဲ့ပါသည်။ မန္တလေးမြို့၊ မစိုးရိမ်အဘိဓာန်အဖွဲ့နှင့်ဘုရားကြီးအဘိဓာန်အဖွဲ့တို့က ပြုစုနေဆဲဖြစ်သော နောက်ပိုင်းကျမ်းတွဲများကို သဒ္ဒါယိုဖိတ်မှုကြီးစွာဖြင့် "ပြီးပြီလား၊ ပြီးပြီလား"ဟု တမေးတည်း မေး၍ကြိုတင်စိတ်အားထက်သန်ကြသည်ကို တွေ့ရှိရသည်မှာ "အလှူလောဘကြီးသည့် စာဒါယကာမိသားစု"ဟုပင် ခေါ်ရမည်ကဲ့သို့ ရှိပါတော့သည်။

ဤသို့ဖြင့် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးကျောင်း ဆရာတော်၏စတင်နှိုးဆော်ခဲ့မှုအကြောင်းပြု၍ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်း ပဓာနနာယက၊ ဗုဒ္ဓစာပေအဖွဲ့ ဩဝါဒါစရိယအဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တသဒ္ဓိယဆရာတော်ဘုရားကြီး လမ်းညွှန်ပေးမှုကျေးဇူးဖြင့် စာဒါယကာကြီးဖြစ်လာသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ပြည့်စုံညွှန့် ကုမ္ပဏီပိုင်ရှင် စာဒါယကာကြီး ဦးကျော်ညွန့် စာဒါယိကာမကြီးဒေါ်သန်းမြင့်တို့က ကွယ်လွန်သူ မိဘ မိသားစုတို့အား ရည်စူးလျက် ညီအစ်ကို

မောင်နှမ သား သမီး မြေး မိသားစုတို့နှင့်တကွ စာဒါယကာကြီး၏ ဆော်ဩမှုဖြင့် စေတနာရှင် အလှူရှင်တို့၏ သဒ္ဓါထက်သန်မှုတို့ ပေါင်းစပ်ကာ လှူဒါန်း ပုံဖော်ခဲ့သော တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း ပညာသံဝေတ္တနိက ကုသိုလ်တော်အလှူသည် ကျပ်သိန်းပေါင်း(၁၃၅၀)ကျော်ထိ ဖြစ်ထွန်း ပေါ်ပေါက်ခဲ့ပါသည်။

သာသနာတော်သို့ ရည်စူးလှူဒါန်းထားပြီးဖြစ်သော ထိုအလှူတော်ရန်ပုံငွေကို တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းစာ မူပိုင်ဖြစ်သော သာသနာရေးဦးစီးဌာနကကြီးမှူးလျက် အစိုးရဘဏ်၌ သီးခြားအပ်နှံ ထိန်းသိမ်း၍ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းစာအတွဲပေါင်း ၂၉-တွဲကို ပြတ်လပ်မှုမရှိစေရအောင် ပုံနှိပ်ဖြန့်ဝေပေးလျက်ရှိပါသည်။

## နှံ့သိစကြာဝဠာ တိုင်စေသော်

ပရိယတ္တိထိပ်ခေါင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများ ဦးဆောင်ပေးမှု၌ ဂန္ထစုရတာဝန် အဆင့်အဆင့်တွင် တာဝန်သိမှု တာဝန်ယူမှု ပြည့်ဝတော်မူခဲ့သော တိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲ့ခွဲ အဖွဲ့ဝင် ဂဏဝါစကနာယက စာချဆရာတော် သံဃာတော် အရှင်မြတ်ပေါင်းတို့၏ ပညာပါရမီ ကုသိုလ်တော် မူလပဓာန ပင်စည်ကြီးအား အမှီပြု၍လျက် သာသနာတည်သရွေ့ ကမ္ဘာတည်သရွေ့ အစွန့်ရှည်ကြာ တည်တံ့နေမည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို အစဉ်မပြတ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနေမည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်မှုအောက်ရှိ ကမ္ဘာအေးပုံနှိပ်တိုက် အဆက်ဆက်သော အရာထမ်းအမှုထမ်းတို့နှင့်တကွ တိပိဋက ပါဠိ-မြန်မာအဘိဓာန်

ကျမ်းတွဲ ၂၉-တွဲစလုံး မည်သို့သောအခက်အခဲများ ရှိစေကာမူ ပြတ်လပ်မှုမရှိ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ပညာသံဝေဂနိက ထာဝရကုသိုလ်တော် ပဒေသာပင်ကြီးကို လူအိပ်သော်လည်း အလှူမအိပ်အောင် စိုက်ထူလှူဒါန်းပေးကြသော စာဒါယကာများဖြစ်ကြသည့် အလှူရှင် စေတနာရှင်အပေါင်းတို့၏ . . .

**ပတ္တိဒါန**

**ပတ္တာနုမောဒန**

**ကုသိုလ်တော်မော်ကွန်းသည်လည်း**

**ကမ္ဘာမြေအပြန့် ကျော်လွှန်နှံ့၍**

**စကြာဝဠာတိုင်ထိ**

**နှံ့သိနိုင်ပါစေသတည်း။**

❑ ❑ ❑

# တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း





အဘိဓာန်အတွဲ(၁)မှ အဘိဓာန်အတွဲ(၂၅)ထိ
ကျမ်းတွဲပေါင်း (၂၉)တွဲ

# အမှတ်စဉ်အလိုက်
# တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး
# ကျမ်းတွဲနှင့် ကျမ်းပြုအဖွဲ့

| ကျမ်းတွဲ | အက္ခရာစဉ်နှင့်တည်ပုဒ် | ကျမ်းပြုအဖွဲ့ |
|---|---|---|
| ၁။ အတွဲ(၁) | အ-မှ အနိဋ္ဌက-ထိ | ကမ္ဘာအေး-ဇမ္ဗုဒီပ |
| ၂။ အတွဲ(၂) | အနု-မှ အဗ္ဘောကိရဏ-ထိ | ကမ္ဘာအေး-ဇမ္ဗုဒီပ |
| ၃။ အတွဲ(၃) | အဗျဂ္ဂ-မှ အဋ္ဌာရပ-ထိ | ကမ္ဘာအေး-ဇမ္ဗုဒီပ |
| ၄။အတွဲ(၄/၁) | အာ-မှ ဥတ္တရာသေယျံ-ထိ | ကမ္ဘာအေး-ဇမ္ဗုဒီပ |
| ၅။အတွဲ(၄/၂) | ဥဒ-မှ ဥဠုရာဇ-ထိ | မန္တလေး-မစိုးရိမ် |
| ၆။အတွဲ(၄/၃) | ဦ-မှ ဩဠုမ္ပိက-ထိ | မန္တလေး-မစိုးရိမ် |
| ၇။ အတွဲ(၅) | က-မှ ကိလေဒေတွာ-ထိ | မန္တလေး-မစိုးရိမ် |
| ၈။ အတွဲ(၆) | ကိလေသ-မှ င-ကာရ-ထိ | မန္တလေး-မစိုးရိမ် |
| ၉။ အတွဲ(၇) | စ-မှ ဆိဋ္ဌေယျံ-ထိ | မန္တလေး-မဟာဝိသုဒ္ဓါရုံ |
| ၁၀။ အတွဲ(၈) | ဆိဒ္ဒ-မှ ဏျပစ္စယတ္တ-ထိ | မန္တလေး-မဟာဝိသုဒ္ဓါရုံ |
| ၁၁။ အတွဲ(၉) | တ-မှ ထောမေသာမိ-ထိ | ပခုက္ကူ-မဟာဝိသုတာရာမ |
| ၁၂။အတွဲ(၁၀) | ဒ-မှ ဓေဋ္ဌကပုစ္ဆာ-ထိ | ပခုက္ကူ-မဟာဝိသုတာရာမ |
| ၁၃။အတွဲ(၁၁) | ဓ-မှ နိက္ခာမေသုံ-ထိ | ပခုက္ကူ-မဟာဝိသုတာရာမ |
| ၁၄။အတွဲ(၁၂) | နိက္ခိတ္တ-မှ နှာရုသုတ္တနိဗန္ဓန-ထိ | ပခုက္ကူ-မဟာဝိသုတာရာမ |
| ၁၅။အတွဲ(၁၃) | ပ-မှ ပဋ္ဋိပြုဟန-ထိ | မန္တလေး-မဟာဝိသုဒ္ဓါရုံ |
| ၁၆။အတွဲ(၁၄/၁) | ပဋ္ဋိဘံသု-မှ ပမဇ္ဇေယျ-ထိ | မန္တလေး-မဟာဝိသုဒ္ဓါရုံ |

| ကျမ်းတွဲ | အက္ခရာစဉ်နှင့်တည်ပုဒ် | ကျမ်းပြုအဖွဲ့ |
|---|---|---|
| ၁၇။အတွဲ(၁၄/၂) | ပမတ္တ-မှ ပလ္လာမ-ထိ | မန္တလေး-မဟာဝိသုဒ္ဓါရုံ |
| ၁၈။အတွဲ(၁၄/၃) | ပဝ-မှ ပွုတ-ထိ | မန္တလေး-မစိုးရိမ် |
| ၁၉။အတွဲ(၁၅) | ဖ-မှ ဗောဓိဒီ-ထိ | မန္တလေး-မစိုးရိမ် |
| ၂၀။အတွဲ(၁၆) | မ-မှ မို့တပုဗ္ဗ-ထိ | မန္တလေး-မစိုးရိမ် |
| ၂၁။အတွဲ(၁၇) | ယ-မှ ရောဟိသ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၂။အတွဲ(၁၈) | လ-မှ ဝဋ္ဋဂါရထ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၃။အတွဲ(၁၉) | ဝါ-မှ ဝိဝေကာဓိမုတ္တိ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၄။အတွဲ(၂၀) | ဝိဝေကာနိသံသ-မှ သံဝေါဟာရ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၅။အတွဲ(၂၁) | သံသ-မှ သန္တာပဟယာမသေ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၆။အတွဲ(၂၂) | သန္တိကဋ္ဌ-မှ သမ္ဗောဓိ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၇။အတွဲ(၂၃) | သမ္ဘ-မှ သီဟလ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၈။အတွဲ(၂၄) | သီကတိ-မှ သူသူ-ထိ | မန္တလေး-ဒက္ခိဏာရာမ |
| ၂၉။အတွဲ(၂၅) | သော-မှ ဠကာရ-ထိ | မန္တလေး-ဒက္ခိဏာရာမ |

❑ ❑ ❑

# တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး
# ကျမ်းတွဲစဉ်အလိုက်
# ပညာသံဝတ္တနိက ကုသိုလ်ရှင်များ

| ကျမ်းတွဲ | ထာဝရကုသိုလ်ရှင် |
|---|---|
| ၁။ အတွဲ(၁) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၂။ အတွဲ(၂) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၃။ အတွဲ(၃) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၄။ အတွဲ(၄/၁) | ရန်ကုန်မြို့၊ ထူးထရိတ်ဒင်းကုမ္ပဏီ၊ ဦးတေဇ မိသားစု။ |
| ၅။ အတွဲ(၄/၂) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၆။ အတွဲ(၄/၃) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၇။ အတွဲ(၅) | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး+ဒေါ်မြမြစန်း၊ သား-ဗိုလ်မှူး ပြည်အောင်၊ သမီး-မနန္ဒာအေး မိသားစု။ |

| ကျမ်းတွဲ | ထာဝရကုသိုလ်ရှင် |
|---|---|
| ၈။ အတွဲ(၆) | နှစ်ဖက်မိဘများ အမျှထားလျက် ကမ္ဘောဇဘဏ်လီမိတက် ဦးအောင်ကိုဝင်း+ဒေါ်နန်းသန်းထွေး (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ) မိသားစု။ |
| ၉။ အတွဲ(၇) | နှစ်ဖက်မိဘများ အမျှထားလျက် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး ဦးအောင်သောင်း+ဒေါ်ခင်ခင်ရီနှင့် သား သမီး တစ်စု။ |
| ၁၀။ အတွဲ(၈) | နှစ်ဖက်မိဘများ အမျှထား၍ ရန်ကုန်မြို့၊ စိတြကုမ္ပဏီလီမိတက်၊ ကိုတင်ထွန်း+မချိုချိုအောင်၊ သား-မောင်ဉာဏ်ဝေတင်ထွန်း မိသားစု။ |
| ၁၁။ အတွဲ(၉) | ရန်ကုန်မြို့၊ ရွှေနဂါးမင်းကုမ္ပဏီ၊ ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်သန်း မိသားစု။ |
| ၁၂။ အတွဲ(၁၀) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၁၃။ အတွဲ(၁၁) | ရန်ကုန်မြို့၊ ဒိုင်းမွန်းစတားကုမ္ပဏီ၊ ဒေါက်တာ ကိုကိုကြီး+ဒေါ်မိုးမိုး မိသားစု။ |
| ၁၄။ အတွဲ(၁၂) | ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ ချင်းစု (မြန်မာ)ကုမ္ပဏီလီမိတက် မိသားစု။ |
| ၁၅။ အတွဲ(၁၃) | ရန်ကုန်မြို့၊ JLC Co.Ltdကုမ္ပဏီ၊ ဦးကျော်စိန် မိသားစု။ |

| ကျမ်းတွဲ | ထာဝရကုသိုလ်ရှင် |
|---|---|
| ၁၆။ အတွဲ(၁၄/၁) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၁၇။ အတွဲ(၁၄/၂) | ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ ချင်းစု (မြန်မာ)ကုမ္ပဏီလီမိတက် မိသားစု။ |
| ၁၈။ အတွဲ(၁၄/၃) | ကန့်ဘလူမြို့၊ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်ကိုကြီး၊ အစ်မကြီးများအား ရည်စူးလျက် ဒေါ်အုန်းကြည်၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့်၊ ဦးမောင်အေး+ဒေါ်မြမြစန်း သား သမီး မိသားစု။ |
| ၁၉။ အတွဲ(၁၅) | မန္တလေးမြို့၊ ထာဝရကုမ္ပဏီ၊ ရွှေဥသြရွှေဆိုင် ဦးမောင်ကို+ဒေါ်ရွှေဥ မိသားစု။ |
| ၂၀။ အတွဲ(၁၆) | ရန်ကုန်မြို့၊ JLC Co.Ltdကုမ္ပဏီ၊ ဦးကျော်စိန် မိသားစု။ |
| ၂၁။ အတွဲ(၁၇) | ရန်ကုန်မြို့၊ မောင်ဝိတ်ကုမ္ပဏီ၊ မိခင်ကြီး ဒေါ်ခင်ညို၊ သား-မောင်ဝိတ် မိသားစု။ |
| ၂၂။ အတွဲ(၁၈) | ရန်ကုန်မြို့၊ မောင်ဝိတ်ကုမ္ပဏီ၊ မိခင်ကြီး ဒေါ်ခင်ညို၊ သား-မောင်ဝိတ် မိသားစု။ |
| ၂၃။ အတွဲ(၁၉) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု |
| ၂၄။ အတွဲ(၂၀) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊ ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |

| ကျမ်းတွဲ | ထာဝရကုသိုလ်ရှင် |
|---|---|
| ၂၅။ အတွဲ(၂၁) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊<br>ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊<br>ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၂၆။ အတွဲ(၂၂) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊<br>ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊<br>ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၂၇။ အတွဲ(၂၃) | ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊<br>ငွေကြာယံရိပ်သာ၊ ပါရမီလမ်း၊ ပြည့်စုံညွန့်ကုမ္ပဏီ၊<br>ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သား သမီး မြေးတစ်စု။ |
| ၂၈။ အတွဲ(၂၄) | ကန့်ဘလူမြို့၊ ကွယ်လွန်သူ ဖခင်ကြီး ဦးအံ့ကြီး+<br>မိခင်-ဒေါ်စိုး၊ အစ်ကိုကြီး ဦးမောင်ကို၊ အစ်မကြီး<br>ဒေါ်သန်း၊ အစ်ကို ဦးကျော်ဇော၊ ဒေါ်လှလှမော်<br>တို့အား ရည်စူးလျက် ဒေါ်အုန်းကြည်၊<br>ဦးကျော်ညွန့်+ဒေါ်သန်းမြင့်၊<br>ဦးမောင်အေး+ဒေါ်မြမြစန်း သား သမီး မိသားစု။ |
| ၂၉။ အတွဲ(၂၅) | ကန့်ဘလူမြို့၊ ကွယ်လွန်သူ ဖခင်ကြီး ဦးအံ့ကြီး+<br>မိခင်-ဒေါ်စိုး၊ အစ်ကိုကြီး ဦးမောင်ကို၊ အစ်မကြီး<br>ဒေါ်သန်း၊ အစ်ကို ဦးကျော်ဇော၊ ဒေါ်လှလှမော်<br>တို့အား ရည်စူးလျက် ဒေါ်အုန်းကြည်၊<br>ဦးကျော်ညွန့်+ဒေါ်သန်းမြင့်၊<br>ဦးမောင်အေး+ဒေါ်မြမြစန်း သား သမီး မိသားစု။ |

❑ ❑ ❑

# ရန်ကုန်မြို့၊ ကမ္ဘာအေး ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ ပြုစုသော တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁)

## နိဒါန်း

### ၁
### ပါဠိဘာသာ

လောက၌ ကိုးကွယ်ရာ သာသနာအမျိုးမျိုး ပေါ်ထွန်းခဲ့ကြသည်နှင့် အမျှ ထိုဆိုင်ရာ သာသနာတရား သို့မဟုတ် ထိုသာသနာကို တည်ထောင်သူ သာသနာ့အမွန် အစဖြစ်သောပုဂ္ဂိုလ်၏ ဟောညွှန်ဆုံးမ သွန်သင်ချက်အဝဝ တို့ကို မှတ်တမ်းတင်ရာဖြစ်သော ဘာသာစကားများလည်း ရှိခဲ့လေသည်၊ ဗြာဟ္မဏ(ဟိန္ဒူ)သာသနာဝင်တို့အဖို့ သက္ကတဘာသာသည် ထူးမြတ်သော ဘာသာ, ၎င်းတို့ သာသနာဆိုင်ရာ မိန့်ဆိုသင်ကြားချက်များကို မှတ်တမ်း တင်ရာ ဘာသာဖြစ်သကဲ့သို့ ပါဠိဘာသာသည်လည်း ထေရဝါဒဗုဒ္ဓဘာသာ ဝင်တို့အဖို့ အထူးမြတ်ဆုံးသော ဘာသာ, ဗုဒ္ဓရှင်တော်၏ ဟောကြားချက် တရားတော်တို့ကို မှတ်တမ်းတင်ရာဘာသာ ဖြစ်ပေသည်။ ဘုရားရှင်၏ တရားတော်များသာ မဟုတ်ဘဲ ထိုတရားတော်များကို နောက်သားနောင်လာ တို့ အလွယ်တကူ သိမြင်နားလည်နိုင်ကြစေရန် ရည်သန်၍ ဖွင့်ဆိုခဲ့ကြသော အဋ္ဌကထာ, ဋီကာ စသော အဖွင့်ကျမ်းတို့တွင်လည်း ထိုထိုကျမ်းဆရာ မဟာထေရ်မြတ်တို့သည် ပါဠိဘာသာကိုသာ ပဓာနဘာသာအဖြစ်ဖြင့် သုံးစွဲတော်မူခဲ့ကြလေသည်။

ယင်းသို့ မြတ်စွာဘုရား၏ တရားတော်နှင့် ၎င်းဆိုင်ရာအဖွင့်ကျမ်းများစွာတို့ ပါဠိဘာသာဖြင့် ရှိနေကြသည်ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာကို ပြည့်ဝမှန်ကန်စွာ နားလည်နိုင်ရေး၌ ပါဠိဘာသာကို တတ်မြောက်ကျွမ်းကျင်မှုသည် မည်မျှအရေးကြီးသည်ကို သိနိုင်ပေသည်။

ထိုသို့ အရေးတကြီး တတ်မြောက်ရန် လိုအပ်သော ထေရဝါဒဗုဒ္ဓသာသနာ၏ သာသနာစောင့်ဖြစ်သည့် ပါဠိဘာသာဟူသည် မည်သည့်ဘာသာဖြစ်သည်ကို သိရှိရန် လိုအပ်ပေသည်။

ရှေးဦးစွာ ပါဠိတော်တို့တွင် ဤပါဠိဘာသာကို မည်သို့သောအမည်ဖြင့် ဟောတော်မူအပ်သည်ကို ရှာဖွေလေ့လာသောအခါ ပါရာဇိကဏ်ပါဠိတော် ပဌမပါရာဇိက ပဒဘာဇနီ၌ "အရိယဘာသာဖြင့် မိလက္ခ၏ အထံ၌ သိက္ခာချရာတွင် ၎င်းမိလက္ခပုဂ္ဂိုလ် နားမလည်လျှင် သိက္ခာမကျ[၁]"ဟု ဟောတော်မူသည်ကို တွေ့ရသည်။ ၎င်းပါဠိတော်၌ အရိယဘာသာဟူသည် အခြားမဟုတ်, အရိယာပုဂ္ဂိုလ်တို့ သုံးစွဲရိုးဖြစ်သော မာဂဓဘာသာပင်ဖြစ်ကြောင်း အဋ္ဌကထာဆရာက ဖွင့်ပြထားပေသည်[၂]၊ သို့ဖြစ်၍ ပါဠိတော်တို့၌ ယခုအခါ ပါဠိဘာသာဟု ပုဂ္ဂိုလ်အများ နားလည်နေသော ဘာသာကိုပင် အရိယက====အရိယဘာသာဟု ခေါ်ဝေါ်သုံးစွဲကြောင်း မှတ်သားအပ်ပေသည်။ ပဋိသမ္ဘိဒါဝိဘင်းပါဠိတော်နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ, မူလဋီကာတို့၌မူကား **မူလနိရုတ္တိ** ဟုလည်းကောင်း, **သဘာဝနိရုတ္တိ** ဟုလည်းကောင်း ခေါ်ဝေါ် သုံးစွဲသည်ကို တွေ့နိုင်ပေသည်[၃]။

---

၁။ အရိယကေန မိလက္ခုဿ သန္တိကေ သိက္ခံ ပစ္စက္ခာတိ၊ သော စ န ပဋိဝိဇာနာတိ၊ အပစ္စက္ခာတာ ဟောတိ သိက္ခာ။ (ဝိ၊ ၁။ ၃၃)

၂။ အရိယကံ နာမ အရိယဝေါဟာရော မာဂဓဘာသာ။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၂၁)

၃။ တတြ မူလနိရုတ္တာဘိလာပေ ဉာဏံ (အဘိ၊ ဝိ။ ၃၀၇)န္တိ တသ္မိံ အတ္ထေ စ ဓမ္မေ စ ယာ သဘာဝ နိရုတ္တိ၊ တဿာ အဘိလာပေ တံ သဘာဝနိရုတ္တိံ သဒ္ဒံ အာရမ္မဏံ ကတွာ ပစ္စဝေက္ခန္တဿ တသ္မိံ သဘာဝ နိရုတ္တာဘိလာပေ ပဘေဒဂတံ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ။ (အဘိ၊ ဋ္ဌ၊ ၂။ ၃၇၀-၁)။ သဘာဝနိရုတ္တီတိ မာဂဓဘာသာ အဓိပ္ပေတာ။ (မူလဋီ၊ ၂။ ၁၉၂)

အဋ္ဌကထာ, ဋီကာကျမ်းတို့၌ကား ပါဠိဘာသာကို **မာဂဓဘာသာ** ဟုလည်းကောင်း, **တန္တိဘာသာ**ဟုလည်းကောင်း, **မူလဘာသာ** ဟုလည်းကောင်း, **ပကတိဘာသာ** ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲသည်ကို တွေ့ရှိရပြန်ပေသည်။ ထိုတွင် မာဂဓဘာသာဟု သုံးစွဲသောနေရာ အတော်များများတွေ့ရ၍ အခြားအမည်များကိုကား အနည်းအကျဉ်းသာ တွေ့ရသည်။ ၎င်းတို့တွင် တန္တိဘာသာဟူသော အမည်ကို ဓမ္မပဒအဋ္ဌကထာတွင်လည်းကောင်း, မူလဘာသာဟူသော အမည်ကို ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတွင်လည်းကောင်း, ပကတိဘာသာဟူသောအမည်ကို ဝဇိရဗုဒ္ဓိဋီကာတွင်လည်းကောင်း တွေ့ရှိ ရလေသည်[၁]။ သို့ဖြစ်လေရာ တွေ့ရှိချက်အားလုံးကို ပေါင်းလိုက်လျှင် "ပါဠိဘာသာကို အရိယဘာသာ, ဓမ္မနိရုတ္တိ, သဘာဝနိရုတ္တိ, မာဂဓဘာသာ, တန္တိဘာသာ, မူလဘာသာ, ပကတိဘာသာဟူသော အမည်တို့ဖြင့်သာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ သုံးနှုန်းသည်ကို တွေ့ရ၍ ပါဠိဘာသာဟူသော အမည်ဖြင့် သုံးနှုန်းသည်ကို မတွေ့ရ"ဟူသော အချက်မှာ ပေါ်လွင်လျက် ရှိပေသည်[၂]။

---

၁။ . . . . အာရောပယိတွာန တန္တိဘာသံ မနောရမံ။ (ဓမ္မ၊ ဋ္ဌ၊ ၁။ ၂) ဇဝံ တဿာ ဓမ္မနိရုတ္တိသညိတာယ သဘာဝနိရုတ္တိယာ မာဂဓိကာယ သဗ္ဗသတ္တာနံ မူလဘာသာယ ပဘေဒဂတံ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ။ (ပဋိသံ၊ ဋ္ဌ၊ ၁။ ၅) မဟာဝံသ၊ ၃၇။ ၂၄၄-ဂါထာ၌လည်း ပါဠိဘာသာကို "မူလဘာသာ"ဟု သုံးနှုန်းထားသည်ကို တွေ့ရသည်။ အဋ္ဌကထာနိဿိတောတိ အဋ္ဌကထာနိဿိတဝသေန ဋ္ဌိတော။ ပုဗ္ဗေ ပကတိဘာသာယ ဝုတ္တံ အဋ္ဌကထံ သန္ဓာယ။ (ဝဇိရ၊ ၂၉၁)။ သာရတ္ထ။ ၃။ ၆-၌လည်း ကြည့်။

၂။ မောဂ္ဂလာန်သဒ္ဒါကျမ်းကို ပြုစုသည့် အရှင်မောဂ္ဂလာန် မထေရ်သည်ပင် မိမိ၏ သဒ္ဒါကျမ်းကို ပါဠိ-သဒ္ဒါကျမ်းဟု မခေါ်ဘဲ မာဂဓသဒ္ဒလက္ခဏ=မာဂဓသဒ္ဒါကျမ်းဟုသာ အမည်တင်ခဲ့လေသည်။ သီလက္ခန်ဋီကာဟောင်း (၁၆), မူလပဏ္ဏာသဋီကာ (၁။၁၇) တို့၌ "တန္တိနယာနုစ္ဆဝိကံ"၏ အဖွင့်တွင် "ပါဠိဂတိယာ အနုလောမိကံ၊ ပါဠိဘာသာယာနုဝိဓာယိနိန္တိ အတ္ထော"ဟု တွေ့ရ၏။ သို့သော်လည်း သီလက္ခန်ဋီကာဟောင်း ရှေးရိုက်မူများနှင့်တကွ သံယုတ်ဋီကာ (၁။၁၇), အင်္ဂုတ္တိုရ်ဋီကာ (၁။၁၉) တို့၌ "ပါဠိဘာသာယာနုဝိဓာယိနိန္တိ အတ္ထော"ဟုသာ ပါဌ်တွေ့ရသည်၊ ယင်းပါဌ်သာ ပေါရာဏကပါဌ်

အဋ္ဌကထာ ဋီကာတို့တွင် "ပါဠိ"ဟူသော အသုံးအနှုန်းကို အတော်များများ တွေ့ရ၏၊ သို့သော် ၎င်း"ပါဠိ"ဟူသော အသုံးမှာ ပါဠိဘာသာကို ဆိုလိုသည်မဟုတ်ဘဲ ပါဠိတော်ဟု ခေါ်သော ဗုဒ္ဓသာသနာဆိုင်ရာ စာပေအားလုံး၏ အမည်သာ ဖြစ်ပေသည်။

တစ်နည်းအားဖြင့် ဆိုရသော် "ပကဋ္ဌာနံ ဥက္ကဋ္ဌာနံ သီလာဒိအတ္ထာနံ ဗောဓနတော, သဘာဝနိရုတ္တိဝသေန ဗုဒ္ဓါဒီဟိ ဘာသိတတ္တာ စ ပကဋ္ဌာနံ ဝစနပ္ပဗန္ဓာနံ အာဠီတိ ပါဠိ၊ ပရိယတ္တိဓမ္မော"ဟူသော (မ၊ ဋီ၊ ၂။ ၁၈၈။ အံ၊ ဋီ၊ ၂။၂၄၇)စကားနှင့်အညီ ပရိယတ္တိဓမ္မဟု ခေါ်ဆိုရသော ဘုရားဟောနှင့် သာဝကစသည်ဟောဖြစ်သော တရားများကိုပင် ပါဠိဟု ခေါ်လေသည်။

ယင်းသို့ ရှေးကျသော ကျမ်းစာများ၌ သုံးစွဲခဲ့သည်ကို မတွေ့ရ၍ "ပါဠိဘာသာ"ဟူသောအမည်သည် အလွန်နောက်ကျသော ခေတ်သို့ရောက်မှ ပေါ်ပေါက်လာသော အမည်ဖြစ်ကြောင်း ထင်ရှားနေပေသည်။

ဤတွင် "ပါဠိ"ဟူသော ပုဒ်၏အနက်ကို စိစစ်ဖွယ် ရှိပြန်လေသည်၊ "ပါဠိ"ဟူသော စကားလုံး၏အနက်ကို ရှာကြံကြရာ၌ ပညာရှိအများပင် သူတစ်မျိုး ငါတစ်ဖုံ ကြံဆပြောဆိုလျက် ရှိကြသည်ကို တွေ့ရပေသည်။ အချို့သောပညာရှင်တို့က ပါဠိဘာသာသည် ပါဋလိ-ပုတ်ပြည်သုံး ဘာသာဖြစ်သည်၊ သို့ဖြစ်၍ ယင်းကို ပါဋလိဘာသာဟု ခေါ်ရာမှ တဖြည်းဖြည်း ရွေ့လျော၍ ပါလိ(ပါဠိ)[၁] ဘာသာ ဖြစ်လာသည်ဟု ကြံဆကြ၏၊ အချို့ကလည်း "ပါဠိ" ဟူသော ပုဒ်သည် ဘုရားရှင်၏ စကားတော် အစဉ်အတန်းဟု

---

ဖြစ်ပေမည်၊ အကြောင်းကား သီလက္ခန်ဋီကာသစ် (၁။၃၀)၌ "တဿာ (တန္တိယာ) နယသဒ္ဒါတာယ ဂတိယာ ဆဝိံ ဆာယံ အနုဂတာတိ တန္တိနယာနုစ္ဆဝိကာ"ဟု ဖွင့်ထားသည်ကို ထောက်သော် "ပါဠိစ္ဆာယာ"၌ ဆာယာ-သည် အနုစ္ဆဝိကံ-၌ ဆဝိ-၏ အဖွင့်ဖြစ်သောကြောင့်တည်း။

၁။ နိုင်ငံခြားစာအုပ်တို့၌ ပါလိ-ဟူ၍လည်း ရေးကြသည်ကို တွေ့ရသည်။

အဓိပ္ပါယ်ရသော "ပင်္တိ" ဟူသော ပုဒ်မှ ဖြစ်လာသည်၊ ပင်္တိမှ တဖြည်းဖြည်း ရွေ့လျော၍[၁] ပါဠိ-ဖြစ်လာသည်ဟု ကြံကြပြန်သည်။ အချို့ ပဏ္ဍိတ်တို့ကမူ ဘုရားရှင် ဟောအပ်သော သုတ္တန်ဟု အဓိပ္ပါယ်ရသော "ဓမ္မပရိယာယ"ဟူသော ပုဒ်နှင့် အသောကမင်းကြီး၏ ကျောက်စာတို့၌ ပါသော "ဓံမပလိယာယ" ဟူသောပုဒ်တို့ကို[၂] အထောက်အထားပြု၍ ပရိယာယမှ ပလိယာယ, ၎င်းမှ ပါလိယာယ ဖြစ်လာပြီး အတိုကြိုက် လူ့သဘာဝအတိုင်း နောက်အက္ခရာ နှစ်လုံးကို ဖြုတ်၍ ပါလိ(ပါဠိ)ဟု ခေါ်ဝေါ်ကြောင်း ကြံဆကြလေသည်။ ပုဒ်တို့ကို ဓာတ်ပစ္စည်းဖြင့် ပြီးစေခြင်းအတတ်၌ ပါရဂူဟု ဆိုထိုက်သော ဏွာဒိမောဂ္ဂလ္လာန်ဆရာကမူကား "အတ္ထံ ပါတိ ရက္ခတီတိ ပါဠိ၊ တန္တိ[၃]" ဟု ပါဠိကို ပါ-ဓာတ်, ဠိ-ပစ္စည်းဖြင့် ပြီးစေလျက် အနက်ကို စောင့်ရှောက်တတ်သောကြောင့် ပါဠိမည်သည်ဟု မိန့်ဆိုလေသည်။

ယင်းသို့ အနည်းနည်းအဖုံဖုံ ကွဲပြားလျက်ရှိကြရာ စိစစ်လေ့ရှိသော သာသနိက ပုဂ္ဂိုလ် ပညာရှင်အားလုံးတို့ သဘောတူမျှနိုင်မည့် အနက်မှာကား အထက်၌ ပြခဲ့သော မူလပဏ္ဏာသဋီကာ, အင်္ဂုတ္တိုရ်ဋီကာလာ ဝိဂြိုဟ်နှင့်အညီ "မြင့်မြတ်သော စကားတော်တို့၏ အစဉ်"ဟူသော အနက်ပင် ဖြစ်ပေမည်။ ဤအယူအဆသည် ဒုတိယပြခဲ့သည့် အယူအဆနှင့် တူသယောင်ရှိသော်လည်း ထိုအယူ၌ ပင်္တိမှ ပါဠိဖြစ်လာသည်ဟု ကြံ၍ ဤနောက်ဆုံးဝါဒ၌ "ပါဠိ"ဟူသော သဒ္ဒါသည်ပင် "အစဉ်"ဟူသော အနက်ကို ဟောသည်ဟု ယူလိုပေသည်။ မှန်ပေသည်၊ ပါဠိကာရက ရဟန်း[၄] ဟူသော စကား၌ကဲ့သို့

---

၁။ ပင်္တိ —ပံတ္တိ —ပံဘိ —ပဏ္ဍိ —ပံဠိ —ပံလိ —ပလ္လိ — ပါလိ။ တနည်း— ပင်္တိ —ပတ္တိ —ပဋ္ဋိ —ပလ္လိ—ပါလိ။ ဤသို့ပြောင်းရွေ့ပုံကို ရှည်ဝေးစွာ ပြကြသည်။

၂။ ဒီ၊ ၁။၄၃၃။ မ၊၁။၁၆၁-စသည်နှင့် အသောကကျောက်စာ, ဗြာကျောက်ဆောင် စာငယ်။

၃။ ၂၂၈-သုတ်။

၄။ ဝိ၊ ၌၊ ၄။ ၅၅ ဂိဟိပါရုတ-အဖွင့်ကြည့်။ သဒ္ဒနီတိဓာတုမာလာ, ပါလ-ဓာတ် အဖွင့်လည်းကြည့်။

"ပါဠိ"ဟူသော စကားလုံးသည် ပင်ကိုအတိုင်းပင် "အစဉ်"ဟူသော အနက်ကို ဟောစွမ်းနိုင်ပေသည်။

ထိုသို့ "ပါဠိ"ဟူသော စကားလုံးသည် ပြောဆိုသောဘာသာကို မဟောဘဲ ဘုရား၏ စကားတော်ဟူသော အနက်ကိုသာ ဟောခဲ့သော် ပါဠိဘာသာဟူသော အသုံးအနှုန်း မည်သို့ ပေါ်ပေါက်လာသနည်းဟု မေးမြန်းဖွယ် ရှိပြန်သည်။ အဖြေကား--------ပါဠိဟု ခေါ်သော ဘုရားစကားတော်တို့ကို မှတ်တမ်းတင်ရာဖြစ်၍ ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားသော မာဂဓဘာသာကိုပင် "ပါဠိ၏ (ဝါ-ပါဠိနှင့်စပ်သော)ဘာသာ==== ပါဠိဘာသာ" ဟု ခေါ်ရပေသည်၊ အဋ္ဌကထာ, ဋီကာတို့၌ တွေ့ရသော ဘာသာကိုလည်း တွင်ပြီး အခေါ်အဝေါ်သို့ လိုက်၍ ပါဠိဘာသာဟုပင် ခေါ်ဆိုအပ်လေသည်။

## မာဂဓဘာသာ

ပါဠိဘာသာဟူသည် အခြားမဟုတ် မာဂဓဘာသာပင် ဖြစ်ကြောင်းကို အဋ္ဌကထာ, ဋီကာများအရ ရှင်းပြခဲ့ပြီ၊ ယခုအခါ ထိုမာဂဓဘာသာဟူသည် မည်သို့သော ဘာသာဖြစ် သည်ကို ဆက်လက်၍ လေ့လာရပေဦးမည်။

မာဂဓဘာသာဟူသည် (ယင်း အမည်ကပင် ညွှန်ပြထားပြီးဖြစ်၍) မဂဓတိုင်းသားတို့ ပြောဆိုသုံးစွဲသော ဘာသာဖြစ်ကြောင်း ထင်ရှားပေပြီ၊ ဤဘာသာဖြင့် မှတ်တမ်းတင်ထားသည့်အရာမှာ ဗုဒ္ဓမြတ်စွာ၏ တရားတော်များဖြစ်ရကား ယင်းမာဂဓဘာသာဟူသည်မှာလည်း ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းချိန်ခေတ်နှင့် ထိုခေတ်၏ အနီးဖြစ်သည့် ရှေ့, နောက်ခေတ်တို့၌ မဂဓတိုင်းသူတိုင်းသားတို့ ပြောဆိုသုံးစွဲကြသော ဘာသာဖြစ်သည်ဟုလည်း ထပ်ဆင့် မှတ်သားရာ၏[၁]။

---

၁။ ဤမာဂဓဘာသာ၏ အစပြုရာဌာနနှင့်ပတ်သက်၍ အနောက်တိုင်း ပညာရှင်တို့၏ အယူအဆ အမျိုးမျိုးကို ပါမောက္ခဂိုက်ဂါး၏ Pāli Literature and Language, စာမျက်နှာ ၃-၄ တို့တွင်လည်းကောင်း, Encyclopaedia Britannica, အတွဲ ၁၇, စာမျက်နှာ ၁၄၆ - တွင်လည်းကောင်း တွေ့ရှိနိုင်သည်။

ဘုရားရှင်ကိုယ်တော်မြတ်သည်လည်း မာဂဓဘာသာဖြင့်ပင် တရားတော်များကို ဟောကြားတော်မူခဲ့သည်ဟု မှတ်ယူအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်ရာအရပ်သည် မဂဓဒေသ = မဂဓတိုင်း ဖြစ်၏၊ ဘုရားရှင် ဒေသစာရီ ကြွချီ၍ သတ္တဝါအပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးရာ အရပ်သည်လည်း ယေဘုယျအားဖြင့် မဂဓတိုင်းနှင့် ကောသလတိုင်းတို့ ဖြစ်၏၊ ထိုအခါကလည်း မဂဓတိုင်းရှင် ဘုရင်တို့ တန်ခိုးအာဏာကြီးမားချိန်ဖြစ်၍ မာဂဓဘာသာကို ၎င်းအရပ်တို့တွင် လူတိုင်းပင် နားလည်မည် ဖြစ်ရကား ဘုရားရှင်သည် ယင်းလူတိုင်း နားလည်နိုင်မည့် မာဂဓဘာသာဖြင့် ဟောကြားတော်မူမည် ဖြစ်လေသည်။ ထို့ကြောင့်လည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိသမ္ဘိဒါဝိဘင်းအဖွင့်၌ "မြတ်စွာဘုရားသည်လည်း ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို ပါဠိတော်အစဉ်သို့ တင်တော်မူသောအခါ **မာဂဓဘာသာဖြင့်သာလျှင်** တင်တော်မူသည်[၁]" ဟု မိန့်ဆိုလျက်ရှိလေသည်။

ယင်းမာဂဓဘာသာကား သဘာဝနိရုတ္တိဖြစ်မှုဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသဖြင့် ဘာသာတကာတို့ထက် ထူးခြားသောဘာသာဖြစ်၏။ သဘာဝနိရုတ္တိဟူသည်မှာ မိမိဆိုလိုသော အနက်အဓိပ္ပါယ်ကို ဖောက်ပြန်ပြောင်းလွဲခြင်းမရှိဘဲ တိတိကျကျ ဖော်ပြနိုင်စွမ်းသည်ဖြစ်၍ ဘုရားရှင်စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ သုံးစွဲအပ်သောဘာသာဟု ဆိုလိုသည်[၂]။

၁။ "သမ္မာသမ္ဗုဒ္ဓေါပိ တေပိဋကံ ဗုဒ္ဓဝစနံ တန္တိံ အာရောပေန္တော မာဂဓဘာသာယ ဧဝ အာရောပေတိ။ (အဘိ၊ ဋ္ဌ၊၂။၃၇၁)"ဟူသော ၎င်းအဋ္ဌကထာကိုထောက်၍ တန္တိအနာရောပိတပကိဏ္ဏကဓမ္မဒေသနာကို ဟောတော်မူသောကာလ၌ အများနားလည်စေခြင်းငှါ "ဒေသိယမာဂဓိဘာသာ"ဖြင့်လည်း ဟောတော်မူသည်ဟု ယူဆဖွယ်ရှိ၏၊ ဒေသိယမာဂဓိဘာသာဟူသည် ထိုကာလ မဂဓတိုင်း၌ ပြောဆိုသုံးစွဲသော တိုင်းရင်းဘာသာစကားတည်း။ (မောဂ်၊ နိဿယ၊ နိဒါန်း-၈)

၂။ ဓမ္မနိရုတ္တာဘိလာပေတိ ဧတ္ထ ဓမ္မသဒ္ဒေါ သဘာဝဝါစကောတိ ကတွာ အာဟ "ယာ သဘာဝ နိရုတ္တိ" တိ၊ အဝိပရီတနိရုတ္တီတိ အတ္ထော။ (မူလဋီ၊ ၂။၁၉၁)။ အဝိပရီတနိရုတ္တီတိ ဗုဒ္ဓါဒိဟိ အာစိဏ္ဏာ တဿ တဿ အတ္ထဿ ဝါစကဘာဝေ နိရုဠှာ ယာထာဝနိရုတ္တိ။ (အနုဋီ၊ ၂။ ၁၉၂)

တစ်နည်းအားဖြင့်ဆိုရလျှင် ဖောက်လွဲဖောက်ပြန် တိမ်းယိမ်းပျက်စီးခြင်းမရှိ ပကတိအတိုင်း တည်သောဘာသာဟု ဆိုလိုပေသည်။

အခြားသောဘာသာတို့သည် ကာလတစ်ပါးသို့ရောက်လျှင် ဇကန် ပြောင်းလဲပျက်စီးကြ၏။ မာဂဓဘာသာကား နေရာအချို့၌ဖြစ်စေ, တစ်ခါ တစ်ရံ၌ဖြစ်စေ ပြောဆိုသူတို့ အလွဲလွဲအမှားမှား ရွတ်ဆိုသင်ယူခြင်းစသော အကြောင်းကြောင့် ဖောက်ပြန်ပြောင်းလဲ ပျက်စီးရာသော်လည်း နေရာအားလုံး ၌ဖြစ်စေ, အခါခပ်သိမ်းဖြစ်စေ ပြောင်းလဲခြင်း မရှိပေ[၁]။ အကြောင်းကား "ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, လူ့ပြည်[၂] နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ မာဂဓဘာသာကိုသာ အပြောများ၏"ဟု သမ္မောဟဝိနောဒနီ ၌[၃] မိန့်ဆိုချက် အရ ကမ္ဘာပျက်သောအခါမှာပင် ကမ္ဘာပျက်ရာတွင် မပါဝင်သော ဗြဟ္မာ့ ပြည်၌ သဘာဝအားဖြင့် တည်ရှိနိုင်သောကြောင့်တည်း။

ကမ္ဘာပျက်ရာတွင် မပါဝင်သော ဗြဟ္မာ့ပြည်၌ သဘာဝအတိုင်း မဖောက်မပြန် တည်ရှိခဲ့သောကြောင့်လည်း မာဂဓဘာသာသည် ကမ္ဘာဦး လူသားတို့၏ ဘာသာလည်း ဖြစ်ခဲ့ပေသည်။ ထင်ရှားစေဦးအံ့--------

---

၁။ သေသာ. . . အဋ္ဌာရသ ဘာသာ ပရိဝတ္တန္တိ၊ အယမေဝေကာ ယထာဘုစ္စဗြဟ္မ ဝေါဟာရ အရိယဝေါဟာရသင်္ခါတာ မာဂဓဘာသာ န ပရိဝတ္တတိ။(အဘိ၊ဋ္ဌ၊၂။၃၇၁-၂)။ သေသာ ပရိဝတ္တန္တိ ဇကန္တေန ကာလန္တရေ အညထာ ဟောန္တိ ဝိနဿန္တိ စ။ မာဂဓာ ပန ကတ္ထစိ ကဒါစိ ပရိဝတ္တန္တီပိ န သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗထာ စ ပရိဝတ္တတိ၊ ကပ္ပဝိနာသေပိ တိဋ္ဌတိယေဝ။ (မူလဋီ၊၂။၁၉၂)။ မနုဿာနံ ဒုရုတ္တဂဟဏာဒိနာ ကတ္ထစိ ကဒါစိ ပရိဝတ္တန္တီပိ ဗြဟ္မလောကာဒီသု ယထာသဘာဝေနေဝ အဝဋ္ဌာနတော န သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗထာ စ ပရိဝတ္တတိ။ (အနုဋီ၊၂။၁၉၄)

၂။ လူ့ပြည်၌ မာဂဓီဘာသာကို အပြောများ၏ ဆိုသည်မှာ ဒေသိယမာဂဓီ ဘာသာ (ဟိန္ဒီဘာသာ)ကို ရည်၍ ဆိုဟန်တူ၏၊ ထိုစကားကိုလည်း ဇမ္ဗူဒီပဟုခေါ်သော ကုန္တိယတိုင်းကို ရည်၍ ဆိုသည်ဟု ယူမှ ပစ္စက္ခယုတ္တိ ရှိနိုင်မည်။ (မောဂ်၊ နိဿယ၊ နိဒါန်း-ဆ)

၃။ စာမျက်နှာ-၃၇၁။

ကမ္ဘာဦးလူသားတို့မှာ ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်သို့ ဥပပါတ် ပဋိသန္ဓေအားဖြင့် ရောက်လာကြသူများ ဖြစ်ကြ၏။ ၎င်းတို့သည် ဗြဟ္မာ့ပြည်၌ ရှိစဉ်က ဗြဟ္မာ့ပြည်တွင် အများသုံး မာဂဓဘာသာကို ပြောဆိုခဲ့ကြသူများ ဖြစ်၍ လူ့ပြည်၌ လူသားအဖြစ်ဖြင့် ဖြစ်လာကြသောအခါ မာဂဓဘာသာကိုပင် ပြောဆိုကြပေလိမ့်မည်။ ထို့ကြောင့်ပင် မာဂဓဘာသာကို ပြောသူများစာရင်း၌ ကမ္ဘာဦးလူသားတို့ကိုပါ ထည့်သွင်း၍ ကျမ်းဂန်တို့၌[၁] ပြဆိုခဲ့ကြခြင်းဖြစ်ပေသည်။ ကမ္ဘာဦးလူသားတို့ မာဂဓဘာသာကို ပြောသည်ဟု သိရသဖြင့် မာဂဓဘာသာသည် ဘာသာတကာတို့၏ အရင်းဖြစ်သော မူလဘာသာလည်း ဖြစ်တော့သည်။ သို့ဖြစ်၍လည်း မာဂဓဘာသာ ဝါ-ပါဠိဘာသာကို မူလဘာသာဟု သုံးစွဲသည်ကိုလည်း တွေ့ရခြင်းဖြစ်ပေသည်[၂]။

၎င်းပြင် "မာဂဓဘာသာသည် သဘာဝနိရုတ္တိဖြစ်သည့်အလျောက် အခြားမည်သည့် စကားသံကိုမျှ မကြားရသူသည် အလိုအလျောက် ကြံဖန်ပြောဆိုနိုင်ပါမူ မာဂဓဘာသာသို့ သက်ဝင်သောစကားကိုသာ ပြောဆိုပေလိမ့်မည်[၃]"ဟု သမ္မောဟဝိနောဒနီ၌ မိန့်ဆိုလျက် ရှိ၏။ ၎င်း၌ ဆိုလိုသည်မှာ အနမတဂ္ဂသံသရာခရီး၌ မာဂဓဘာသာကို မရေမတွက်နိုင်အောင် ပြောကြားလေ့ကျက်ခဲ့ဖူးလှပြီဖြစ်၍ သံသရာခရီးသည်မှန်သမျှ မာဂဓဘာသာ ဗီဇမျိုးစေ့

---

၁။ ရူပသိဒ္ဓိ နာမ်ကျမ်းအစနှင့် ကာရိကာသဒ္ဒါငယ် ဂါထာနံပါတ် ၁၅၈။

၂။ ပရိဝတ္တေသိ သဗ္ဗာပိ၊ သီဟဠဋ္ဌကထာ တဒါ။
သဗ္ဗေသံ မူလဘာသာယ၊ မာဂဓာယ နိရုတ္တိယာ။ (မဟာဝံ၊ ၃၇။ ၂၄၄)။ ဤနိဒါန်း စာမျက်နှာ ၂-လည်း ပြန်ကြည့်ပါ။

၃။ ယောပိ အဂါမကေ မဟာရညေ နိဗ္ဗတ္တော၊ တတ္ထ အညော ကထေန္တော နာမ နတ္ထိ၊ သောပိ အတ္တနော ဓမ္မတာယ ဝစနံ သမုဋ္ဌာပေန္တော မာဂဓဘာသမေဝ ဘာသိဿတိ။ (အဘိ၊ ဋ၊ ၂။ ၃၇၁)။ ဤ၌ 'ဘာသတိ'ဟု ဇောန်အားဖြင့် မဆိုဘဲ 'ဘာသိဿတိ'ဟု အားပျော့သော အနာဂတ် ဝိဘတ်ဖြင့် ဆိုထားသည်ကိုလည်း သတိပြုသင့်၏။

ကိန်းလျက်ရှိကြရကား စကားပြောရန်အချိန်တန်၍ အခြားမည်သည့်ဘာသာစကားသံကိုမျှ မကြားဖူးသူဖြစ်ပါက အလိုအလျောက် သဘာဝနိရုတ္တိဗီဇမှ ထ၍ပေါက်လာသော မာဂဓဘာသာကိုပင် ပြောဆိုပေလိမ့်မည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ ယင်းသို့ ပြောနိုင်သည်ဆိုသော်လည်း အဘယာရာမ ဆရာတော်မိန့်တော်မူသည်နှင့်အညီ ပြည့်စုံသော မာဂဓဘာသာ မဖြစ်ရာ၊ အနည်းငယ်မျှသော မာဂဓပျက်စကားသာ ဖြစ်တန်ရာသည်။ ပြည့်စုံသော မာဂဓဘာသာကို လေ့လာသင်ကြားသူပင် တတ်နိုင်ခဲစွ၊ အလိုအလျောက် ဘယ်မှာတတ်နိုင်ပါအံ့နည်း[၁]။

ထို့ပြင်လည်း ပါဠိဟုဆိုအပ်သော မာဂဓဘာသာသည် သဘာဝနိရုတ္တိဖြစ်၍ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၏အရာလည်း ဖြစ်၏။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကိုရလျှင် မာဂဓဘာသာကို အလိုအလျောက် တတ်နိုင်သည့်နည်းတူ မာဂဓဘာသာ၌ ကျွမ်းကျင်လိမ္မာခြင်းသည်လည်း ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်း၏အကြောင်းတစ်ပါးဖြစ်လေသည်[၂]။

မာဂဓဘာသာသည် ဆိုခဲ့ပြီးသော ဂုဏ်တို့နှင့်သာ ပြည့်စုံသည်မဟုတ်သေး၊ သာသနာတော်၏ အသက်ဟုဆိုအပ်သော ဝိနည်းကံဆောင်ရာတို့၌လည်း လွန်စွာကျေးဇူးများပေသည်[၃]။ ထိုစကားမှန်၏၊ ရဟန်းခံခြင်း, သိမ်

၁။ မောဂ်၊ နိဿယ၊ နိဒါန်း—စ။

၂။ ပုဗ္ဗယောဂေါ ဗာဟုသစ္စံ၊ ဒေသဘာသာ စ အာဂမော။ပ။ ပဋိသမ္ဘိဒပစ္စယာ။ ..... ဒေသဘာသာ နာမ ဧကသတဝေါဟာရကုသလတာ၊ ဝိသေသေန ပန မာဂဓိကေ ကောသလ္လံ။ (ပဋိသံ၊ ဋ္ဌ၊ ၁။၇)။ နိရုတ္တိပဋိသမ္ဘိဒါဉာဏလာဘီ ပုဂ္ဂလော အသိက္ခန္တောပိ မာဂဓဘာသံ ဇာနာတိ။ အညံ ဘာသံ သိက္ခန္တော၀ ဇာနာတိ၊ နာသိက္ခန္တော။ (ဘေဒစိန္တာဋီကာဟောင်း၊ ၅-ဂါထာအဖွင့်)။ အဘိ၊ ဋ္ဌ၊ ၂။ ၃၇၁-လည်း ကြည့်။

၃။ သာသနဿုပကာရတ္တာ၊ မာဂဓောဝိဓ ဂယှတေ။

သော ဟာနုဿာဝနံ ပဋိ-သမ္ဘိဒါယ စ ပစ္စယော။ (ဘေဒစိန္တာ၊ ၅)

သော ဟိ မာဂဓော သဒ္ဒေါ ကမ္မဝါစာနုဿာဝနဉ္စ ဟောတိ ပဋိသမ္ဘိဒါယ ပစ္စယော စ။ ၎င်း၊ ဒီပနီ။

သမုတ်ခြင်းစသော သာသနာတော်၏ မူလဘူတဖြစ်သည့် သံယာ့ကံတို့ကို အောင်မြင်ထမြောက်အောင် ဆောင်ရွက်ရာ၌ ဆိုင်ရာကမ္မဝါစာတို့သည် မပါလျှင်မပြီးသော အရာများဖြစ်ကြ၏။ ၎င်းကမ္မဝါစာတို့ကို သိထိလ, ဓနိတ, ဝိမုတ္တ, နိဂ္ဂဟီတ ပီသအောင် ရွတ်ဖတ်နိုင်မှ ကံမြောက်၏။ ယင်းသို့ ရွတ်ဖတ်နိုင်ရန်မှာလည်း မာဂဓပါဠိဘာသာဆိုင်ရာ ရွတ်ဖတ်နည်းဖြစ်သည့် သိထိလ, ဓနိတ စသော ဗျဉ္ဇန ဗုဒ္ဓိဆယ်ပါးကို ကျွမ်းကျင်ရပေမည်။ ယင်းသို့ ကျွမ်းကျင်မှသာ ကမ္မဝါစာကို မပျက်မစီးစေဘဲ ကံအထမြောက်အောင် ရွတ်ဖတ်နိုင်မည် ဖြစ်ပေသည်[၁]။ မာဂဓဘာသာကို မတတ်လျှင်ကား ကမ္မဝါစာတို့ကို အောင်မြင်ထမြောက်အောင် ရွတ်ဖတ်နိုင်မည် မဟုတ်ပေ။ ယင်းသို့ဖြစ်၍ မာဂဓဘာသာသည် ဗုဒ္ဓမြတ်စွာသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ရေး၌ အလွန်အရေးပါ အရာရောက်သော ဘာသာထူး ဘာသာမြတ် ဖြစ်လေတော့သည်။

ဘုရားရှင်သည် မာဂဓဘာသာဖြင့် ဒေသနာဓမ္မစကော်ကို ဟောမြွက်တော်မူသည်ဟု ဆိုခဲ့၏၊ ထိုသို့ဖြစ်လျှင် မာဂဓဘာသာစကားမတတ်သူ ဝေနေယျတရားနာသူတို့မှာ တရားတော်ကို မည်သို့နားလည်နိုင်ပါသနည်း ဟူသော ပြဿနာသည် ပေါ်ထွက်လာ၏၊ အဖြေကား— ဘုရားရှင်သည် မာဂဓဘာသာဖြင့်ပင် တရားတော်တို့ကို ဟောကြားတော်မူသည်မှာ အမှန်ပင်၊ ထိုသို့ ဘုရားရှင်က မာဂဓဘာသာဖြင့် ဟောကြားသော်လည်း တရားနာယူသူ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ကမူကား မိမိတို့သက်ဆိုင်ရာ ကိုယ်ပိုင်ဘာသာဖြင့်ပင် နားလည်ကြလေသည်။ ဥပမာ— ဒမိဠလူမျိုးတို့ကလည်း ဒမိဠဘာသာစကားဖြင့် ဟောကြားနေသည်ဟု ထင်၍ အန္ဓကလူမျိုးတို့ကလည်း အန္ဓကဘာသာဖြင့်ပင် ဟောညွှန်ပြသ ဆုံးမနေသည်ဟု ထင်လေသည်။ ယင်းသို့

---

၁။ ဝိ၊ ဋ္ဌ၊ ၄။ ၂၄၇-၈-ကြည့်။ မ၊ ဋ္ဌ၊ ၄။ ၁၉-လည်းကြည့်။

ထင်ရခြင်းသည်ပင် အစိန္တေယျဂုဏ်တော်လေးပါးတို့တွင် ဝါစာ အစိန္တေယျ ဂုဏ်တော်ဟူသော ဘုရားရှင်၏ အာနုဘော်ပင် ဖြစ်လေသည်[၁]။

အဋ္ဌကထာ, ဋီကာတို့၌ မာဂဓဘာသာဟုခေါ်သော ပါဠိဘာသာကိုပင် ရှုပသိဒ္ဓိစသော ကျမ်းတို့၌ မာဂဓီဘာသာဟု ခေါ်ဝေါ်သည်ကို တွေ့ရသည်၊ အဘယာရာမ ဆရာတော်လည်း မောဂ္ဂလ္လာန်နိဿယနိဒါန်း၌ မာဂဓီဘာသာဟုပင် သုံးစွဲရေးသားတော်မူသည်ကို တွေ့ရသည်။ သို့ခေါ်ဝေါ်ရေးသားကြသော်လည်း မာဂဓဘာသာသည် ပြာကြိုဋ်ဘာသာတို့တွင် အပါအဝင်ဖြစ်သော မာဂဓီဘာသာကား မဟုတ်ပေ။

ထိုစကားကို ချဲ့ဦးအံ့၊ ပြာကြိုဋ်ဘာသာတို့တွင်[၂] "မာဂဓီ"ခေါ်သော ဘာသာတစ်ခုလည်း အပါအဝင်ဖြစ်၏၊ ၎င်းဘာသာ၏ ဖြစ်ပေါ်ရာဒေသ သို့မဟုတ် ၎င်းဘာသာကို သုံးစွဲရာ ဒေသကား (မာဂဓီဟူသော ယင်းအမည်

---

၁။ ဧကော ဧဝ ဘဂဝတော ဓမ္မဒေသနာဃောသော ဧကသ္မိံ ခဏေ ပဝတ္တမာနော နာနာဘာသာနံ သတ္တာနံ အတ္တနော ဘာသာဝသေန အပုဗ္ဗံ အစရိမံ ဂဟဏူပဂေါ ဟုတွာ အတ္ထာဓိဂမာယ ဟောတိ။ အစိန္တေယျော ဟိ ဗုဒ္ဓါနံ ဗုဒ္ဓါနုဘာဝေါတိ သဗ္ဗသတ္တာနံ သကသကဘာသာနုရူပတော သောတပထမာ-ဂစ္ဆတီတိ ဝေဒိတဗ္ဗံ။ (ကင်္ခါဋီ၊ ၃၊ ၁၉-၂၀)။ ဒီ၊ ဋ္ဌ၊ ၁။ ၂၈။ မဋ္ဌ၊၁။၅။သံ၊ ဋ္ဌ၊ ၁။ ၄။ အံ၊ ဋ္ဌ၊ ၁။၄- စသည်တို့လည်းကြည့်။ တစ်နည်းလည်း— ဘုရားရှင်သည် လူသာမန်တို့ စကားတခွန်းပြောချိန်တွင် ၁၂၈-ခွန်းပင် ပြောဆိုနိုင်အောင် လျင်မြန်သော စကားတော် ရှိရကား မာဂဓမတတ်သော တရားနာသူတို့အတွက် ၎င်းတို့ နားလည်နိုင်မည့်ဘာသာ များဖြင့် လျင်မြန်စွာ ပြန်ဆို ဟောကြားတော်မူသည်ဟုလည်း ယူဆနိုင်သည်၊ အကြောင်း ကား ကုလသမဂ္ဂစသော အပြည်ပြည်ဆိုင်ရာ လူမျိုးစုံစည်းဝေးသည့် ဌာနတို့၌ မိန့်ခွန်း ပြောသူ၏ (သတ်မှတ်ထားသောဘာသာတို့တွင် တစ်ခုခုသော)ဘာသာစကားကို အခြား ဘာသာတစ်ခုသို့ ပြန်ဆိုပြောကြားပေးသူများရှိရာ ၎င်းတို့ပြန်ဆိုမှုသည် မူလပြောသူနှင့် တစ်ပြိုင်နက်တည်း ပြောနေသည်ထင်ရလောက်အောင် လျင်မြန်သည်ကို တွေ့ရသော ကြောင့်တည်း။ ၎င်းတို့ပင် ဤမျှစွမ်းဆောင်နိုင်လျှင် အစိန္တေယျဂုဏ်တော်သခင် သဗ္ဗညုတ ဉာဏ်တော်ရှင်အဖို့မှာကား ဆိုဖွယ်ရာမရှိပြီ။

၂။ ပါကတ, သောရသေနီ, မာဂဓီ, အဒ္ဓမာဂဓီ, ပေသာစီ, စူလိကာပေသာစီ, အပဗ္ဘံသတို့ကား ပြာကြိုဋ်ဘာသာမျိုးတို့တည်း။

ကိုထောက်၍) မဂဓတိုင်းပင် ဖြစ်ပေသည်[၁]။ ဤမာဂဓီ ဘာသာကို အသောကမင်းကြီး၏ နိုင်ငံတော်မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ခါလသီ, မိရဋ္ဌ, လောရိယာ, သဟသရာမ, ဗရာဗရ, ရာမဂဍ, ဓောလိနှင့် ဇောဂဍ စသော ဌာနတို့တွင် တည်ရှိသော အသောကကျောက်စာများပေါ်တွင် တွေ့ရှိနိုင်ပေသည်။ ထိုနောက် နာဋကေ (ပြဇာတ်) ကျမ်းတို့တွင် အသုံးပြုသော ပြာကြိုဋ္ဌ ဘာသာတို့တွင်လည်း မာဂဓီဘာသာပါရှိသည်ကို တွေ့ရှိရပြန်သည်။ မာဂဓီ ဘာသာကို အစောဆုံးအသုံးပြုသောကျမ်းကား အရှင်အဿဃောသ၏ နာဋကကျမ်းပင် ဖြစ်လေသည်၊ ၎င်း၏ နောက်တွင်ကား ဘာသ, ကာလိဒါသ စသော ဆရာကြီးတို့၏ နာဋကတို့၌လည်းကောင်း, မတ္တိကာသကဋိကာခေါ် နာဋက၌လည်းကောင်း, အခြားနာဋကကျမ်းများ၌လည်းကောင်း မာဂဓီ ဘာသာကို သုံးစွဲသည်ကို တွေ့ရှိနိုင်ပေသည်။

၎င်းပြင် ဝရရုစိဆရာ၏ ပါကတပ္ပကာသကျမ်း, စဏ္ဍဆရာ၏ ပါကတလက္ခဏကျမ်း, ဟေမစန္ဒြဆရာ၏ သိဒ္ဓဟေမစန္ဒြကျမ်း (အဋ္ဌမပိုင်း), ကြမဒီသွရဆရာ၏ သံခိတ္တသာရကျမ်း, လက္ခမီဓရဆရာ၏ ဆဗ္ဘာသာစန္ဒြိကာ ကျမ်း, မာကဏ္ဍေယဆရာ၏ ပါကတသဗ္ဗသွကျမ်း, သိံဟရာဇဆရာ၏ ပါကတရူပါဝတာရကျမ်းစသော ပြာကြိုဋ္ဌဘာသာကို အပြည့်အစုံ ပြသော သဒ္ဒါကျမ်းတို့တွင်လည်း မာဂဓီဘာသာကို တသီးတခြား ပြဆိုလျက်ရှိသည်ကို တွေ့ရလေသည်။

နာဋျသျှတ္တရကျမ်းပြု ဘရတမုနိ၏ ပညတ်ချက်အရ ဤမာဂဓီ ဘာသာကို နာဋကကျမ်းတို့တွင် ဘုရင်၏ နန်းတွင်းသူ နန်းတွင်းသားများ, တွင်းတူးသမားများ, အရက်ဆိုင်ပိုင် ရှင်များ, မြင်းထိန်းများ, လွမ်းခန်းသို့ ရောက်နေသော ဇာတ်ဆောင်များနှင့် ကိုယ်ရံတော်များအတွက် အသုံးပြုရ လေသည်[၂]။ ၎င်းပုဂ္ဂိုလ်တို့ပြောသော စကားများကို သက္ကတဘာသာဖြင့်

---

၁။ မဂဓုပ္ပန္နဘာသံ တံ၊ မာဂဓိံ သမ္ပစက္ခတေ။ (ဆဗ္ဘာသာစန္ဒြိကာ၊ နှာ-၄)

၂။ မာဂဓီ တု နရိန္ဒာနံ၊ အန္တေပုရနိဝါသိနံ။ (၁၇၊ ၅၀)။ သုရင်္ဂါခနကာဒီနံ၊ သောဏ္ဍိကာရ'ဿရက္ခိနံ။ ဗျသနေ နာယကာနံ စ၊ အတ္တရက္ခာသု မာဂဓီ။ (၁၇၊ ၅၆။)

မရေးဘဲ မာဂဓီဘာသာဖြင့် ရေးရလေသည်။ မာကဏ္ဍေယျ၏ ပါကတသဗ္ဗသ္သမူကား အထက်ပါတို့သာမက ရက္ခိုက်များ, ဘိက္ခုများ, အထီးကျန်သူများနှင့် အစေခံ စသူတို့အတွက်လည်း မာဂဓီဘာသာကိုပင် အသုံးပြုရမည်ဟု ဆိုလေသည်[၁]။ ဆဍ္ဍာသာစန္ဒြိကာ၌လည်း အလားတူပင် တံငါစသည့် အလွန်ယုတ်နိမ့်သူတို့အတွက် မာဂဓီကိုသုံးရန် ညွှန်ကြားသည်ကို တွေ့ရပေသည်[၂]။

ယင်းသို့ အောက်တန်းစားတို့အတွက်သာ မာဂဓီကို အသုံးပြုရန် ဘရတမုနိစသော ရှေးသက္ကတပညာရှိကြီးတို့ သတ်မှတ်ညွှန်ကြားခဲ့ကြရကား မာဂဓီဘာသာသည် အောက်တန်းစားတို့၏ ဘာသာစကားသာ ဖြစ်လေတော့သည်။ ထို့ကြောင့်လည်း သရဿတီကဏ္ဌာဘရဏ စသော ကျမ်းတို့၌----

"ဒေဝါဒီ သက္ကတံ ပါဟု၊ ပါကတံ ကိန္နရာဒယော။
ပေသာစာဒိံ ပိသာစာဒီ၊ မာဂဓံ ဟီနဇာတယော[၃]"ဟု

မာဂဓီဘာသာကို အောက်တန်းချ၍ မိန့်ဆိုခဲ့ခြင်း ဖြစ်လေသည်။

ဤသို့ သက္ကတကျမ်းဆရာတို့ အောက်တန်းချ၍ မိန့်ဆိုခဲ့ခြင်း ခံရသော မာဂဓီဘာသာကား ယခုအခါ ပါဠိဘာသာဟု ခေါ်အပ်သည့် မာဂဓဘာသာ မဟုတ်နိုင်ပေ။

ယင်း မာဂဓီဘာသာကား သုတိ(နားကြား)အားဖြင့်လည်းကောင်း၊ လိပိ (အရေး အသား)အားဖြင့်လည်းကောင်း ပါဠိဘာသာနှင့် မတူထူးခြားကွဲပြားသည့်ပြင် သဒ္ဒါအစီအရင်တို့၌လည်း တစ်ခုနှင့်တစ်ခု ကွာခြားလေသည်။ အောက်ပါနှိုင်းယှဉ်ချက်ကို[၄] ကြည့်ပါ။

---

၁။ ရက္ခသဘိက္ခုကပဏ္ဏစေဋ္ဌာဒ္យာ မာဂဓိံ အာဟု။

၂။ မိဝရာဒ္យတိနိစေသု၊ မာဂဓိ ဝိနိယုဇ္ဇတေ။ (ဆဍ္ဍာသာစန္ဒြိကာ၊ နှာ-၅)

၃။ ဒုတိယ ပရိစ္ဆေဒ၊ ၉-ဂါထာ။

၄။ ဤနှိုင်းယှဉ်ချက်ကို မောဂ္ဂလ္လာန်နိဿယနိဒါန်းမှ ယူသည်။ ဤမျှဖြင့် တင်းတိမ်ခြင်းမရှိသော ပုဂ္ဂိုလ်တို့သည် အသောကကျောက်စာတို့ကိုလည်းကောင်း, ကုမာရပါလစရိတ, မတ္တိကာသကဋိကာ စသော ပြာကြိုဋ်ကာဗျ, နာဋကကျမ်းတို့ကို လည်းကောင်း, ပြခဲ့ပြီး ပြာကြိုဋ်သဒ္ဒါကျမ်းတို့ကိုလည်းကောင်း ရှာဖွေကြည့်ရှုလေ့လာ ကြရာ၏။

| မာဂဓီ (ကဝိသမယာဂတ) | ပါဠိ |
|---|---|
| ဧ ဒမာနုဧမိံဧဘာလကေ, | သတံ မာနုသမိံသဘာရကော, |
| ကုမ္ဘဧဟာဍ္ဍ ဝဧါဟိ ဧဍ္ဍိဒေ၊ | ကုမ္ဘသဟဿံ ဝဿာဟိ သဍ္ဍိတံ၊ |
| အဏ္ဏိစံ စ ပိအာမိ ဧါဏ္ဏိဒေ, | အနိသံ စ ပိဝါမိ သောဏ္ဏိတံ, |
| ဝလိဧဧဒံ ဧမလေ ဟုဝီအဒိ။ | ဝဿသတံ သမရော ဘဝိဿတိ။ |

| မာဂဓီ (အသောကလေခါ) | ပါဠိ |
|---|---|
| ပိယဒဿိ လာဇာ မာဂဓံ သံဃံ | ပိယဒဿီ ရာဇာ မာဂဓံ သံဃံ |
| အဘိဝါဒေတူနံ အာဟာ | အဘိဝါဒေတူန အာဟ |
| အပါဗာဓတံစ ဖာသုဝိဟာရတံ စာ။ | အပ္ပါဗာဓတံ စ ဖာသုဝိဟာရတံ စ။ |

အထက်ပါ နှိုင်းယှဉ်ချက်ကို ကြည့်လျှင် အောက်ပါထူးခြားချက်များကို တွေ့ရပေမည်။

| | | | | | |
|---|---|---|---|---|---|
| ပါဠိ၌ | သ | သည် | မာဂဓီ၌ | ဧ | ဖြစ်သည်။ |
| | တ | ။ | ။ | ဒ | ။ |
| | န | ။ | ။ | ဏ | ။ |
| | ရ | ။ | ။ | လ | ။ |
| | ဝ | ။ | ။ | ၎င်း ဝ | ဗျည်းပျောက်သည်။ |
| | ဿ (ပုလ္လိင်-ပဌမာ ဧကဝုစ်) | | | ဧ | ဖြစ်သည်[၁]။ |

၁။ ပဌမာ ဧကဝုစ်၏ ဧ-အပြုကို ပါဠိတော်၌လည်း အနည်းအကျဉ်းတွေ့ရသည်။ သုခေ ဒုက္ခေ ဇီဝေ သတ္တမေ။ (ဒီ၊၁။၅၃။မ၊ ၂။ ၁၈၅)။ နတ္ထိ အတ္တကာရေ နတ္ထိ ပရကာရေ နတ္ထိ ပုရိသကာရေ။ (ဒီ၊၁။၅၀)။ ယေ အဝိတက္ကေအဝိစာရေ၊ သေ ပဏီတတရေ။ (ဒီ၊ ၂။ ၂၂၂)။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ။ (ခုဒ္ဒက။၇။သုတ္တနိ။ ၃၁၄။)။ (၎င်း၌တို့၌လည်းကြည့်)။ ဘောဂဝတီ နာမ မန္ဒိရေ ဝါသာ ဟိရညဝတိတိ ဝုစ္စတိ။ နဂရေ နိမ္မိတေ ကဉ္စနမယေ၊ မဉ္ဇူလသ္သ ဥရဂဿ နိဋ္ဌိတံ။ (ဇာ၊ ၂။ ၂၇၈)။ န ဟောဝံ ဝတ္တဗ္ဗေ။ (ကထာဝတ္ထု။ ၁-စသည်)။ ယေ လောကာမိသသံယောဇနေ၊ သေ ပဝုတ္တေ။ ..... ယေ အာနေဉ္စသံယောဇနေ၊ သေ ဘိန္နေယေ အာကိဉ္စညာယတန သံယောဇနေ၊ သေ ဝန္တေ။ .....ယေ နေဝသညာနာသညာယ-တန သံယောဇနေ၊ သေ ဥစ္ဆိန္နမူလေ တာလာဝတ္ထုကတေ.....။ (မ၊ ၃။ ၄၂-၃)

အမြွက်မျှ ထုတ်ပြအပ်သော အထက်ပါထူးခြားချက်တို့ကို ကြည့်ခြင်းအားဖြင့်ပင် ပါဠိဘာသာနှင့် မာဂဓီဘာသာတို့ ကွာခြားပုံကို သိနိုင်လောက်ပေပြီ။ ဤသို့လျှင် အသံအားဖြင့်လည်းကောင်း, အရေးအသားအားဖြင့်လည်းကောင်း, သဒ္ဒါအစီအရင်အားဖြင့်လည်းကောင်း ကွဲပြားခြားနားသောကြောင့် ဤမာဂဓီဘာသာကို မာဂဓဘာသာခေါ် ပါဠိဘာသာနှင့် ရောထွေးမသွားစေသင့်ပေ[၁]။

မာဂဓီဘာသာလောက် ပါဠိဘာသာနှင့် အလှမ်းမဝေးသော ပြာကြိုဋ်ဘာသာတို့လည်း ရှိကြ၏၊ ၎င်းတို့တွင်လည်း ပေသာစီဘာသာသည် အခြားပြာကြိုဋ်ဘာသာတို့ထက် ပါဠိဘာသာနှင့် ပိုမိုနီးစပ်သည်ကို တွေ့ရှိရသည်၊ အချို့ပုဒ်တို့တွင် ပါဠိဘာသာနှင့် ထပ်တူထပ်မျှ တူညီသည်ကိုပင် တွေ့ရှိရပေသည်။ အောက်ပါ နှိုင်းယှဉ်ချက်ကို ကြည့်ပါ။

| **ပါဠိ** | **ပေသာစီ** | **သောရသေနီ** | **မာဂဓီ** |
|---|---|---|---|
| လောက | လောက | လောအ | လောအ |
| နဂ | နဂ | ဏာအ | ဏာအ |
| သစီ | သစီ | သဤ | ၐဤ |
| ရဇတ | ရဇတ | ရအဒ | လအဒ |
| ကတ | ကတ | ကဒ | ကဍ |
| ကရ | ကရ | ကရ | ကလ |
| ဝသ | ဝသ | ဝသ | ဝၐ |
| မေသ | မေသ | မေသ | မေၐ |
| သာရသ | သာရသ | သာရသ | ၐါလၐ |
| ဝစန | ဝစန | ဝအဏ | ဝအဏ |
| ပဋ္ဋ | ပဋ္ဋ | ပဋ္ဋ | ပသ္ဋ |
| အတ္ထ | အတ္ထ | အတ္ထ | အသ္တ |
| ဩ (ပုလ္လိင်-ပဌမာ) | ဩ | ဩ | ဧ |

၁။ သို့ရာတွင် ပါဠိတော်တို့၌ မာဂဓီဆန်သော အသုံးအနှုန်းအချို့ကိုကား တွေ့နိုင်သည်၊ ၎င်းတို့မှာ အထက်၌ ဖော်ပြခဲ့သော ပဌမာသိ-ဝိဘတ်၏ ဧ-အပြုစသည်တို့ပင် ဖြစ်သည်။

၎င်းပြင် ပါဠိဘာသာနှင့် အလွန်နီးစပ်သော အရေးအသားကို ဂူဂျရတ်နယ်၌ ရှိသော ဂိရ်နာရ် အသောကကျောက်စာတွင် တွေ့ရှိရသည်၊ နီးစပ်ပုံကို ဖတ်ရှု လေ့လာနိုင်ရန် ၎င်းကျောက်စာမှ စာတမ်းအချို့ကို အောက်တွင် ဖော်ပြလိုက်ပေသည်။

> ဣယံ ဓံမလိပိ ဒေဝါနံ ပြိယေန ပြိယဒသိနာ ရာညာ လေခါပိတာ၊ ဣဓ န ကိံစိ ဇီဝံ အာရဘိတျာ ပြဇူဟိတဝျံ၊ န စ သမာဇော ကတဝျော၊ ဗဟုကံ ဟိ ဒေါသံ သမာဇမှိ ပသတိ ဒေဝါနံ ပြိယော ပြိယဒသိ ရာဇာ၊ အသ္တိပိတု ဧကစာ သမာဇာ သာဓုမတာ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော၊ ပုရာ မဟာန-သမှိ ဒေဝါနံ ပြိယသ ပြိယဒသိနော ရာညော အနုဒိဝသံ ဗဟူနိ ပြာဏသတသဟသ္ရာနိ အာရဘိသု သူပါထာယ၊ သေ အဇ ယဒါ အယံ ဓံမလိပိ လိခိတာ တီ ဧဝ ပြာဏာ အာရဘရေ သူပါထာယ ဒွေမောရာ, ဧကော မဂေါ၊ သောပိ မဂေါ န ဓုဝေါ၊ ဧတေပိ တြီ ပြာဏာ ပဆာ န အာရဘိသရေ။

ဂျိန်းဝါဒီတို့ ဘုရားသုံးဘာသာအဖြစ် လက်ခံအသုံးပြုသော အဒ္ဓမာဂဓီဘာသာသည်လည်း ပါဠိဘာသာနှင့် နီးစပ်သည်ပင်၊ အောက်ပါ အာစာရင်္ဂသုတ်မှ ထုတ်နုတ်ချက်ကို ကြည့်ပါ။

| **အဒ္ဓမာဂဓီ** | **ပါဠိ** |
| --- | --- |
| သုယံ မေ အာဝုသံ တေဏ | သုတံ မေ အာဝုသော တေန |
| ဘဂဝယာ ဧဝံ အက္ခာယံ၊ ဣဟ | ဘဂဝတာ ဧဝံ အက္ခာတံ၊ ဣဓ |
| ဧဂေသိံ နော သဏ္ဏာ ဘဝတိ၊ ဧဝံ | ဧကေသံ နော သညာ ဘဝတိ၊ ဧဝံ |
| ဧဂေသိံ နော နာတံ ဘဝတိ၊ | ဧကေသံ နော ဉာတံ ဘဝတိ၊ |
| တံ ဇဟာ--- "ကေ အဟံ အာသိ? | တံ ယထာ----"ကော အဟံ အာသိ? |
| ကေ ဝါ ဣအော စုဧ ပေစ္စာ | ကော ဝါ ဣတော စုတော ပေစ္စ |
| ဘဝိဿာမိ?" | ဘဝိဿာမိ?" |

..... ..... ..... .....

| | |
|---|---|
| တထာ ဝိမုက္ခဿ ပရိဗ္ဗစာရိဏော၊ | တထာ ဝိမုတ္တဿ ပရိညစာရိနော၊ |
| မိတီမတော ဒုက္ခမဿ ဘိက္ခုဏော။ | မိတီမတော ဒုက္ခမဿ ဘိက္ခုနော။ |
| ဝိသုဇ္ဈတိ ဇံသိ မလံ ပုရေ ကဍံ၊ | ဝိသုဇ္ဈတိ ယသ္မိံ မလံ ပုရေ ကတံ၊ |
| သမီရိယံ ရုပ္ပမလံဝ ဇောတိဏာ။ | သမီရိတံ ရုပ္ပမလံဝ ဇောတိနာ။ |

## ပါဠိဘာသာနှင့် သက္ကတဘာသာ

ပါဠိဘာသာသည် ပြာကြိုဋ္ဌဘာသာတို့နှင့် တစ်စိတ်တစ်ဒေသ တူညီမှုရှိသကဲ့သို့ သက္ကတဘာသာနှင့်လည်း တူညီမှုများ ရှိလေသည်။ သက္ကတဘာသာသည် ဝေဒိကသက္ကတ,[၁] နဝီန (နိမ္မိတ) သက္ကတ[၂] ဟု ၂-မျိုးရှိရာ ဝေဒိကသက္ကတဟူသည် ဣရု, ယဇု, သာမ, အထဗ္ဗဏဟူသော ဝေဒ ၄-ကျမ်းနှင့် ၎င်းတို့၏ အခြံအရံကျမ်းများ၌ အသုံးပြုသည့် ရှေးဟောင်း သက္ကတဘာသာဖြစ်သည်။ နဝီနသက္ကတဟူသည် ဣတိဟာသကျမ်း, ပုရာဏ် ကျမ်း, ကာဗျကျမ်း, နာဋ္ဋကကျမ်း စသည်တို့၌ တွေ့ရသော နောက်ပေါ် သက္ကတဘာသာ ဖြစ်သည်။ ယင်းနောက်ပေါ်ဖြစ်သော ဘာသာကိုပင် မြန်မာပြည်၌ သက္ကတဘာသာဟု ခေါ်ဝေါ်ကြသည်။

၎င်းသက္ကတဘာသာ ၂-မျိုးတို့တွင် ဝေဒိကသက္ကတသည် မူလအရင်းအမြစ် ဖြစ်ပြီး နဝီနသက္ကတမှာ ၎င်းဝေဒိကသက္ကတမှ ဆင်းသက်ရွေ့လျား ပေါက်ပွားလာသော ဘာသာဖြစ်ပေသည်။ ယင်းဘာသာ ၂-မျိုးလုံးသည်ပင် ဗြာဟ္မဏ(ဟိန္ဒူ) သာသနာဝင်တို့အဖို့ ထူးမြတ်သောဘာသာ ဖြစ်ပေသည်။ သို့သော် ရှေးဟောင်းဖြစ်သော ဝေဒိကသက္ကတကိုကား နဝီနသက္ကတထက် ပိုမို၍ အလေးပြုကြလေသည်။

ဝေဒိကသက္ကတသည် နဝီနသက္ကတထက် ရှေးကျသည်နှင့်အမျှ ယင်းထက် ပိုမို၍လည်း ခက်လေသည်။ နဝီနသက္ကတကိုသာ တတ်သူသည် ဣရုဝေဒ-စသော ဝေဒကျမ်းတို့သို့ သက်ဝင်ခြင်းငှါ မလွယ်ကူပေ။ ထို့ကြောင့်လည်း ပါဏိနိ, သိဒ္ဓန္တကောမုဒီစသော သဒ္ဒါကျမ်းတို့၌ ဝေဒိကသက္ကတဆိုင်ရာ သဒ္ဒါအစီအရင်တို့ကို သီးခြားပြသထားသည်ကို တွေ့ရှိရခြင်း ဖြစ်ပေသည်။

၁။ Vedic Sanskrit ၂။ Classical Sanskrit

ထိုနှစ်မျိုးသော သက္ကတတို့မှာပင် ပါဠိဘာသာနှင့် နီးစပ်တူညီသော အချက် အများအပြားပင် တွေ့ရှိရသည်၊ အထူးသဖြင့် ပုဒ်နေပါဠိထားတို့၌ လုံးဝတူညီသောပုဒ်များနှင့် လုံးဝမတူသော်လည်း မှန်းဆသိနိုင်လောက်သော ပုဒ်များ အမြောက်အမြားပင် တွေ့ရှိနိုင်ပေသည်။ အနည်းငယ်ထုတ်ပြရလျှင်------- ဂမ္ဘိရ, ဇီဝိတ, သုကရ, မဓု, သုခ, သဘာ, ဂါထာ, မုခစသော ပုဒ်တို့သည် ပါဠိ, သက္ကတ နှစ်ဌာနလုံး၌ပင် လုံးဝတူညီသော ပုဒ်များဖြစ်၍ ဇျောတိ, ဒုးခ, မုတ္တ, မုဒ္ဂရ, ယ, သ္ထိတ, ဒယ စသောပုဒ်တို့ကား မှန်းဆ သိနိုင်လောက်သော ပုဒ်များပင် ဖြစ်ပေသည်။ အောက်ပါ မေဃဒူတကာဗျမှ ဂါထာတစ်ပုဒ်နှင့် ဣရုဝေဒမှ ဂါထာတစ်ပုဒ်ကို ကြည့်လျှင်လည်း ပါဠိနှင့် သက္ကတတို့ နီးစပ်ပုံကို ရိပ်စားနိုင်ပေလိမ့်မည်။

## သက္ကတ (နဝိန)

အာလေကေ တေ နိပတတိ ပုရာ သာ ဗလိဝျာကုလာ ဝါ၊
မတ္သာဒ္ဂ္ရံ ဝိရဟတနု ဝါ ဘာဝဂမျံ လိခန္တီ။
ပ္ရုစ္ဆန္တီ ဝါ မဓုရဝစနာံ သာရိကာံ ပဥ္ဇရသ္ထာံ၊
'ကစ္စိဒ္ဘတုး သ္မရသိ ရသိကေ တွံ ဟိ တသျ ပြိယေ'တိ။
(ဥတ္တရမေဃ၊ ၂၅)။

## ပါဠိပြန်

အာလောကေ တေ နိပတတိ ပုရာ သာ ဗလိဗျာကုလာ ဝါ၊
မဿာဒိဿံ ဝိရဟတနု ဝါ ဘာဝဂမ္မံ လိခန္တီ။
ပုစ္ဆန္တီ ဝါ မဓုရဝစနံ သာရိကံ ပဥ္ဇရဋ္ဌံ၊
'ကစ္စိဗ္ဘတ္တု သရသိ ရသိကေ တွံ ဟိ တဿ ပိယာ'တိ။

## သက္ကတ (ဝေဒိက)

ယာဘိး သောမော မောဒတေ ဟာဗ္ဘတေ စ၊
ကလျာဏီဘိရ် ယုဝတီဘိရ် န မယ်း။
တာ အဓွယော် အပေါ အစ္ဆာ ပရေဟိ၊
ယဒ် အာသိဉ္စာ ဩဇဓီဘိး ပုနီတာတ်။ (ရိဂ်၊ ၁၀၊ ၃၀၊ ၅)

## ပါဠိပြန်

ယာဘိ သောမော မောဒတေ ဟာသတေ စ၊
ကလျာဏီဘိ ယုဝတီဘိ န မယော္ဟ။
တာ အဒ္ဓရ အာပေါ် အစ္ဆာ ပရေဟိ၊
ယံ အာသိစ္စ ဩသဓီဘိ ပုနာဟိ။

၎င်းပြင် ဝေဒိကသက္ကတဘာသာတွင် နဝီနသက္ကတနှင့်မတူဘဲ ပါဠိဘာသာနှင့် တူညီနေသည့် အချက်များစွာရှိသည်ကိုလည်း လေ့လာတွေ့ရှိရပေသည်။ ယင်းတူညီချက်တို့တွင် အနည်းငယ်ကို ထုတ်ပြရသော်-

ဝေဒိကသက္ကတတွင် သတ္တမီ (နာမ်) ဝိဘတ်ဖြင့် သုံးစွဲရမည့်နေရာ၌ ဆဋ္ဌီဝိဘတ်ဖြင့် သုံးစွဲခြင်း စသော ဝိဘတ္တိဝိပလ္လာသများ, ဧကဝုစ်ကြိယာဖြင့် သုံးစွဲရမည့်နေရာ၌ ဗဟုဝုစ်ကြိယာဖြင့် သုံးစွဲခြင်း စသော ဝစနဝိပလ္လာသများ, အတိတ်ကာလဖြင့် သုံးစွဲရမည့်နေရာ၌ ပစ္စုပ္ပန်ကာလဖြင့် သုံးစွဲခြင်း စသော ကာလဝိပလ္လာသများနှင့် ဝဏ္ဏတစ်ပါးကို အခြားဝဏ္ဏတစ်ပါး ပြုခြင်းစသော ဝဏ္ဏဝိပလ္လာသများနှင့်တကွ လိင်္ဂဝိပလ္လာသ စသည့်ဗျတ္တယတို့ကို[၁] တွေ့ရှိရသည်။ ပါဠိဘာသာ၌လည်း ထိုနည်းအတူပင် ဤဝိပလ္လာသများကို တွေ့ရှိရပေသည်။ နဝီနသက္ကတ ဘာသာ၌ကား ဤဝိပလ္လာသမျိုးကို တားမြစ်လို၍ပင် သက္ကတသဒ္ဒါ ကျမ်းများ ပေါ်ထွက်လာသည် ဖြစ်ရကား ဤသို့သော ဝိပလ္လာသမျိုးကို မတွေ့ရပေ။

နာမ်ပုဒ်တို့၏ အဆုံး၌ 'ဂတာ သေ, မမ္မာ သေ' စသည်တို့ကဲ့သို့ သေ-အက္ခရာဆုံးသော ပုံစံများ, 'ဒေဝေဘိ'စသော တတိယာဗဟုဝုစ်ပုံစံများ, 'ပတိနာ'စသော တတိယာဧက ဝုစ်ပုံစံများကိုလည်း ဝေဒိကသက္ကတနှင့် ပါဠိဘာသာတို့၌ တူညီစွာ တွေ့ရ၍ နဝီနသက္ကတ၌ကား ယင်းပုံစံမျိုးကို မတွေ့ရပေ။

---

၁။ ပါဏိနိ၊ ၃၊ ၈၅ သုတ်, ၎င်း ကာသိကာဝုတ္တိနှင့် ၆၊ ၁၊ ၇၀-သုတ်၏ မဟာဘာသ-တို့ကြည့်။

၎င်းပြင် ပါဠိဘာသာ၌ စတုတ္ထီဝိဘတ်နှင့် ဆဋ္ဌီဝိဘတ်တို့ဝယ် ရုပ်အတူတူရှိသကဲ့သို့ ဝေဒိကသက္ကတ၌လည်း စတုတ္ထီအရာ၌ ဆဋ္ဌီ, ဆဋ္ဌီအရာ၌ စတုတ္ထီဝိဘတ်ကို သုံးသော အရာများရှိရကား[၁] စတုတ္ထီရုပ်နှင့် ဆဋ္ဌီရုပ်တို့ တစ်ခုနှင့်တစ်ခု တူညီကြသည်ကိုလည်း အတော်များများ တွေ့ရပေသည်။ နဝီနသက္ကတ၌ကား စတုတ္ထီရုပ်နှင့် ဆဋ္ဌီရုပ်တို့မှာ တစ်ခု နှင့်တစ်ခု အလွန်ပင် ကွာခြားကြလေသည်။

အာချာတ်ပုဒ်တို့၌လည်း ကုစ္ဆတေ, ဒဒါတိ, မရတိ, ဟနတိ စသော ရုပ်တို့ကို ဝေဒိကသက္ကတနှင့် ပါဠိဘာသာတို့မှာသာ တွေ့ရပြီး နဝီနသက္ကတ၌ကား ၎င်းရုပ်မျိုးကို လုံးဝမတွေ့ရပေ။

ဤသို့ စသည်ဖြင့် နဝီနသက္ကတနှင့် မတူဘဲ ဝေဒိကသက္ကတနှင့်သာ ရုပ် အစီအရင်တူသော အချက်များစွာတို့ ပါဠိဘာသာမှာ ရှိလေသည်။ ဤအချက်ကပင်လျှင် **ပါဠိဘာသာသည် နဝီနသက္ကတဘာသာထက် ရှေးကျကြောင်းကို** ထင်ရှားစွာ ညွှန်ပြလျက် ရှိလေသည်။

ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဝေဒိကသက္ကတ၌ ပါဠိဘာသာနှင့် တူညီသောအချက် များစွာပင် ရှိသော်လည်း ဘုရားရှင်သည် မိမိ၏စကားတော်ကို ဝေဒိကသက္ကတဘာသာသို့ ပြန်ဆိုတင်ထားရန်ကိုကား ခွင့်ပြုတော် မမူခဲ့ပေ။

ချဲ့ဦးအံ့၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အရွတ်အဖတ်ကောင်း အသံကောင်းဖြစ်ကြသော ဗြာဟ္မဏဇာတ်မှ ရဟန်းပြုလာသည့် ရဟန်းညီနောင် နှစ်ပါးတို့သည် ဘုရားစကားတော်ကို ဇာတ်ညံ့သူများလည်း သင်ယူကြသည်ကို မြင်၍ မာဂဓဘာသာကား အရွတ်အဖတ် မခက်, အနက် အဓိပ္ပါယ်သိလွယ်၍ လူတိုင်းသင်ယူနိုင်သည်။ အရွတ်အဖတ် ခက်ခဲ၍ အနက်အဓိပ္ပါယ် မသိလွယ်သော ဝေဒိကသက္ကတဘာသာသို့ ပြန်ဆိုတင်ထားရပါမူကား ဝေဒကျမ်းတို့ကဲ့သို့ ဗြာဟ္မဏဇာတ်ဝင်တို့သာ သင်ယူနိုင်၍ ဇာတ်ညံ့သူတို့ မသင်ယူနိုင်ရာ ယခုမှာမူကား ဘုရားစကားတော်သည်

[၁]။ စတုတ္ထျတ္ထေ ဗဟုလံ ဆန္ဒသိ။ ပါ၊ ၂၊ ၃၊ ၆၂။ ဆဋ္ဌျတ္ထေ စတုတ္ထီတိ ဝတ္တဗ္ဗံ။ ၎င်း၊ ဝါတ္တိက။

ဇာတ်ညံ့သူတို့ပင် သင်ယူနိုင်၍ ထိုသူတို့ လက်သို့ ရောက်နေသဖြင့် ပျက်စီးနေရသည်ဟု ဗြာဟ္မဏဇာတ်ဝင်တို့၏ စိတ်ရင်းအတိုင်း ဇာတ်ညံ့သူတို့ မသင်နိုင်စေရန် ရည်သန်၍ ဘုရားစကားတော်ကို ဝေဒိကသက္ကတဘာသာသို့ ပြန်ဆိုရန် လျှောက်ထားရာ ဘုရားရှင်က ၎င်းတို့၏ အကြံကို ကဲ့ရဲ့တော်မူပြီး **"ဘုရားစကားတော်ကို ဝေဒိကသက္ကတဘာသာသို့ မတင်အပ်၊ တင်သောသူအား ဒုက္ကဋ် အာပတ်သင့်စေ"** ဟု ပယ်မြစ်တော်မူပြီးလျှင် **"ဘုရားစကား တော်ကို မိမိဥစ္စာ မာဂဓဘာသာဖြင့် သင်ကြားကြစေ"**ဟု ခွင့်ပြုတော်မူခဲ့လေသည်[၁]။

အထက်ပါ အဖြစ်အပျက်ကို ပြဆိုသော စူဠဝဂ္ဂပါဠိတော်၌ "ဆန္ဒသော အာရောပေမ" ဟုလည်းကောင်း, "န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ" ဟုလည်းကောင်း ပါရှိခဲ့ရာ ထိုတွင်"ဆန္ဒသော အာရောပေမ" ကို "ဝေဒံ ဝိယ သက္ကတဘာသာယ ဝါစနာမဂ္ဂံ အာရောပေမ"ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူခဲ့သည်[၂]။ အဋ္ဌကထာဆရာ၏ အာဘော်မှာ ဆန္ဒသော၌ 'ဆန္ဒ'ဟူသော သဒ္ဒါသည် အလိုဆန္ဒ, တဏှာ, ဝေဒ, အနုဋ္ဌုဘစသောဆန်း ဟူသောအနက်တို့တွင် ဝေဒကျမ်းဟူသောအနက်ကို ဟောသည်ဖြစ်၍ ယင်းဆန္ဒအရ ဝေဒကျမ်းသုံး သက္ကတဘာသာ ဝါ-ဝေဒိကသက္ကတဘာသာကို ယူရမည်။ သို့ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝေဒိကသက္ကတဘာသာသို့ မပြန်ဆိုရ ဝေဒကဲ့သို့ ဖြစ်အောင် ဘာသာပြန်၍ မထားရဟု ဆိုလိုပေသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း ဝေဒိကသက္ကတဘာသာ၌ ပါဠိဘာသာနှင့် တူညီသောအချက်များ ရှိသော်လည်း ဝေဒိကသက္ကတသည် ဥဒါတ္တအသံ, အနုဒါတ္တအသံ, သွရိတအသံ, ဇိဝှါမူလီယအသံ, ဥပဓ္မာနီယအသံ-စသော ရှည် တို နိမ့် မြင့် အသံတို့ဖြင့် ခက်ခဲစွာ ရွတ်ဖတ်ရလျက်[၃] အနက်အဓိပ္ပါယ်

၁။ဝိ၊ ၄။ ၂၈၀-ကြည့်။ ၂။ ဝိ၊ ဋ္ဌ၊ ၄။ ၅၆။

၃။ တထာ ဟိ ဗြာဟ္မဏာ ကတ္ထစိ ကတ္ထစိ ရဿဋ္ဌာနေပိ ဒီဃဋ္ဌာနေပိ အာယတေန သရေန မဇ္ဈိမာယတေန သရေန အစ္စာယတေန စ သရေန ဝေဒံ ပဌန္တိ လိခိတုမသက္ကုဏေယျေန ဂီတသရေန ဝိယ။ (သဒ္ဒနီတိပဒမာလာ။ ၉၃)

လည်း ကွယ်ဝှက်သဖြင့် ပါဠိဘာသာကဲ့သို့ လွယ်ကူခြင်းမရှိ။ ထိုခေတ်က အားလပ်ချိန်များစွာရှိ၍ အထက်တန်းစားဖြစ်သည့် ဗြာဟ္မဏဇာတ်ဝင်တို့သာ သင်ယူလေ့လာတတ်မြောက်နိုင်သော ဘာသာမျိုးဖြစ်၏၊ ဘုရားရှင်၏ ရည်ရွယ်တော်မူချက်မှာလည်း မဇ္ဈိမပဋိပဒါဟူသော သာသနာ့လမ်းစဉ်ကို လူတိုင်းနားလည်၍ တရားတော် အရသာကို စားသုံးစေလိုသည်ဖြစ်ရကား ဗြာဟ္မဏဇာတ်ဝင်တို့သာ သင်ကြားတတ်မြောက်နိုင်သည့် ဝေဒိကသက္ကတ ဘာသာသို့ ပြန်ဆိုတင်ထားခြင်းကို တားမြစ်တော်မူရလေသည်။ မှန်ပေ၏၊ ဘုရားရှင်၏တရားတော်သည် အထက်တန်းစား လူတစ်စုအတွက်သာ မဟုတ်ဘဲ, အထက်တန်း အောက်တန်းမရွေး သတ္တဝါအားလုံးအတွက် ဖြစ်ရကား လူတစ်စုအတွက်သာ ရည်ရွယ်၍ တောင်းဆိုအပ်သော "ဘုရားစကားတော်ကို ဝေဒိကသက္ကတသို့ တင်ရန်"ဟူသော အဆိုကို ပယ်ချတော်မူခဲ့ခြင်း ဖြစ်ပေသည်။

"အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ" ဟူသော ခွင့်ပြုတော်မူချက်၌လည်း "သကနိရုတ္တိ" အရ မာဂဓဘာသာကို ယူရမည် ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူခဲ့သည်[၁]။ မှန်၏၊ ဘုရားရှင် ဖက်မှကြည့်လျှင် သို့မဟုတ် သာသနိကပုဂ္ဂိုလ်တို့ အကြည့်ဖြင့် ကြည့်လျှင် "သကာ နိရုတ္တိ‥‥ မိမိ၏ ကိုယ်ပိုင်ဘာသာ"ဟူရာ၌ သာသနာ၏ အမွန်အစဖြစ်တော်မူသည့် မြတ်စွာဘုရား ဟောကြားပြောဆို သုံးစွဲခဲ့သော မာဂဓဘာသာပင် ဖြစ်ရပေမည်၊ ထို့ကြောင့် အထက်ပါခွင့်ပြုချက်၏ ဆိုလိုရင်းမှာ "ဘုရားစကားတော်ကို ကိုယ်ပိုင်ဘာသာဖြစ်သည့် မာဂဓဘာသာဖြင့် သင်ယူကြစေ"ဟူသည်ပင် ဖြစ်ပေသည်။

တစ်နည်းလည်း -------- "သကာ နိရုတ္တိ"အရကို အဋ္ဌကထာ ဖွင့်သည့်နည်းမှတစ်ပါး တစ်နည်းကြံဆ၍ "မိမိ မိမိတို့၏ ကိုယ်ပိုင်ဘာသာ, သင်ယူသူအသီးသီး၏ အမိဘာသာ"ဟု ယူလျှင်လည်း သင့်မြတ်ပေမည်။ ယင်းသို့ ယူလျှင် ယခုအခါ ဘာသာအသီးသီးဖြင့် လူမျိုးအသီးသီးတို့

၁။ ဝိ-၄၊ ၂၈၀ နှင့် ဝိ၊ ဋ္ဌ၊ ၄။ ၅၆။

ဗုဒ္ဓဝစနကို သင်ယူနေကြခြင်းနှင့် နှီးနှောမိမည်ဖြစ်ကြောင်းဖြင့် အဘယာရာမ ဆရာတော် မိန့်တော်မူခဲ့သည်ကိုလည်း အလေးဂရုပြု၍ မှတ်သားသင့်လေသည်[၁]။

ဤနေရာ၌ လိုရင်းအချုပ်မှာ -------- မာဂဓပါဠိဘာသာ ပျောက်ကွယ်စေလိုသော စိတ်ထားမရှိဘဲ မိမိတို့လူမျိုး သိလွယ်စေခြင်းငှါ မြန်မာဘာသာ စသော မိမိတို့ဘာသာသို့ ပြန်ဆို ရေးသား သင်ကြားခြင်းသည် အပြစ်မရှိ၊ ဝတ္ထုလာ ရဟန်းတို့ကဲ့သို့ စိတ်ထားရှိမူ မြန်မာဘာသာ ပြန်ဆို တင်ထားခြင်းသည်ပင်သော်လည်း ဘုရားရှင် အလိုတော်ကျမဟုတ်၍ အပြစ်ရှိမည် ဧကန်ပင် ဖြစ်ပေသည်။

ပါဠိဘာသာနှင့် လုံးဝကင်း၍လည်း ဘုရားစကားတော်ကို သင်ယူနိုင်မည် မဟုတ်ပေ။ ဘာသာစကားတိုင်း၏ ဓမ္မတာဖြစ်သည့်အားလျော်စွာ ပါဠိဘာသာ၌ အခြား မည်သည့် ဘာသာနှင့်မျှ ပြန်၍မရသော စကားလုံးတို့ များစွာပင် ရှိပေသည်။ နက်နဲသော တရားတော်အရာတွင် ထိုစကားလုံးမျိုးကို အများအပြား တွေ့ရ၏။ ၎င်းစကားလုံးများကို မြန်မာဘာသာဖြင့်လည်း အတိအကျ ဘာသာမပြန်နိုင်၊ အခြားအင်္ဂလိပ်စသော အနောက်တိုင်းဘာသာတို့ဖြင့်လည်း ဘာသာပြန်၍ မရနိုင်ပေ။ ၎င်းစကားလုံးတို့၏ အနက်အဓိပ္ပါယ်ကို မသိပြန်လျှင်လည်း ဗုဒ္ဓဘာသာတရားတော်ကို ပိုင်နိုင်စွာ သိသည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ဗုဒ္ဓတရားတော်ကို ပိုင်နိုင်စွာ သိမြင်လို, နားလည်လိုသူတို့သည် ပါဠိဘာသာကို အမှန်တကယ် တတ်မြောက်အောင် လေ့လာရပေသည်။ ဤသို့လျှင် ပါဠိဘာသာသည် ဘုရားရှင်၏ တရားတော်တို့ကို အမှန်အတိုင်း သိမြင်ရေး၌ မရှိလျှင်မဖြစ်သော ဘာသာတစ်ရပ်ဖြစ်၍ သာသနာတော်အား ကျေးဇူးအများဆုံး ပြုလျက်ရှိသော ဘာသာကြီးတစ်ရပ် ဖြစ်လေတော့သည်။

❑

---

၁။ မောဂ္ဂလာန်နိဒါန်း-ပ။

# ၂

## ပါဠိစာပေ

ပါဠိဘာသာ၏ အကြောင်းကို ရေးသားပြီးနောက် ပါဠိစာပေ၏ အကြောင်းကို ရေးသားရန် အခွင့်ရောက်လာပေသည်။ ပါဠိစာပေသည် အလွန်ကျယ်ဝန်းသော စာပေကြီးတစ်ရပ်ဖြစ်ရကား ၎င်း၏သမိုင်းကို ဤ နိဒါန်း၌ အကျယ်ရေးသားရန် မဖြစ်နိုင်ပေ။ အရေးကြီးသည့် အစိတ်အပိုင်း လောက်ကိုသာ အကျဉ်းချုပ်မျှ ရေးသားဖော်ပြလိုပေသည်။

"ပါဠိစာပေ"ဟူသော စကားဖြင့် ပါဠိဘာသာ ဝါ-မာဂဓဘာသာဖြင့် ရေးသားထား သမျှသော စာပေအားလုံးကိုပင် ဆိုလိုပေသည်၊ သို့ရာတွင် ပါဠိနှင့် တိုင်းရင်းဘာသာ ရောစပ်၍ ရေးသားအပ်သည့် နိဿယကဲ့သို့သော ကျမ်းစာမျိုးနှင့် ပါဠိပိဋကကို အမှီပြု၍ တိုင်းရင်းဘာသာဖြင့် ရေးသားအပ်သည့် ကျမ်းဂန်မျိုးတို့ကိုလည်း ပါဠိစာပေ၌ပင် ထည့်သွင်းရေတွက်အပ်ပေသည်။

ပါဠိစာပေ၌ အကျုံးဝင်သော ကျမ်းဂန်များကို အမျိုးအစားအားဖြင့် ခွဲဝေလျှင် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု, မဓု, လက်သန်း, ဂဏ္ဌိ, ယောဇနာ, ဒီပနီ, နိဿယ, အရကောက် စသည်ဖြင့် များလှစွာ၏။

ထိုတွင် **ပါဠိတော်** ဟူသည်မှာ မြတ်စွာဘုရားရှင် သာမုက္ကံသိက ဒေသနာအဖြစ်ဖြင့် ဟောတော်မူအပ်သော တရားတော်များနှင့် သာဝက စသည်တို့ ဟောသော တရားတော်များကို ပြသောစကားရပ်တို့ကို ဆိုလိုပေသည်။

**အဋ္ဌကထာ** ဟူသည်မှာ ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသော ကျမ်းဖြစ်လေသည်။ ဤကျမ်းမျိုးတွင် ပါဠိတော်၏ ပုဒ်နက်ကိုသာမကဘဲ ပါဠိတော်နှင့် စပ်သွယ်၍ သိသင့်သိထိုက်သော ခက်ခဲနက်နဲသည့် အဆုံးအဖြတ်များ, ဥဒါဟရုဏ် ပုံပြင်သက်သေများကိုပါ ထည့်သွင်း၍ ဖွင့်ပြသည်ကို တွေ့ရှိရပေသည်။ များသောအားဖြင့် ဤကျမ်းတို့သည် ကျမ်းဦးအစ၌ အကျယ်တဝင့်ဖွင့်ဆိုပြီး နောက်အပိုင်းတို့၌မူကား ဂန္ထဂရုဒေါသကို ပယ်ရှားလျက် အသိခက်သော အရာများကိုသာ ဖွင့်ဆိုကြလေသည်။

**ဋီကာ** ဟူသည်မှာ အဋ္ဌကထာကိုပင် ဖွင့်ပြသောကျမ်း ဖြစ်လေသည်၊ ယင်းကား အဋ္ဌကထာဖွင့်နည်းမျိုးကိုပင် အတုယူ၍ ဖွင့်ပြသောကျမ်း ဖြစ်လေရာ ၎င်းတွင် အဋ္ဌကထာ၌ အသိခက်သော အရာများကို ဖွင့်ပြခြင်း, တိမ်မြုပ်သော အဓိပ္ပါယ်တို့ကို ပေါ်လွင်စေခြင်း, အချို့အရာတို့၌ အဋ္ဌကထာလာ အယူအဆတို့ကို ဝေဖန်စိစစ်ခြင်း စသည်များကိုပါ တွေ့ရှိနိုင်ပေသည်။

**အနုဋီကာ** ဟူသည်မှာကား ဋီကာကိုပင် ထပ်ဆင့်၍ ဖွင့်ပြသော ကျမ်း ဖြစ်ပေသည်။ ပါဠိစာပေတွင် ကျမ်းအမျိုးအစား တစ်ခုအနေဖြင့် အသိများသော်လည်း အမှန်မှာ အဘိဓမ္မာ မူလဋီကာ၏ အဖွင့်တစ်ကျမ်းကိုသာ အနုဋီကာဟု ခေါ်အပ်လေသည်[၁]။

**မဓု** ဟူသည်မှာ ဋီကာရင်းဖြင့် အနက်အဓိပ္ပါယ်မကုန်၍ ကြွင်းကျန်သည်ကိုလည်းကောင်း, မသိသာသည်ကိုလည်းကောင်း ကုန်စင်သိသာအောင် ဋီကာရင်းနှင့် ပေါင်း၍ပြသော ကျမ်းမျိုးဖြစ်လေသည်၊ ယင်းသို့ပြသည်ဖြစ်၍ သိသာမြိန်မြတ်လှသောကြောင့် ၎င်းကျမ်းမျိုးကို မဓုဒီပနီဟု ခေါ်လေသည်[၁]။

**လက်သန်း** ဆိုသည်မှာကား ပါဠိတော်, အဋ္ဌကထာ စသည်တို့၌လာသော အနက်အဓိပ္ပါယ်တို့ကို မှတ်သားဆောင်လွယ်စေရန် အကျဉ်း

---

၁။ သာသနာလင်္ကာရစာတမ်း စာမျက်နှာ-၄၆ ကြည့်ပါ။

အားဖြင့် ရေးသားအပ်သည့် ကျမ်းငယ်မျိုး ဖြစ်ပေသည်။ လက်သန်းသည် လက်ချောင်းတို့တွင် အငယ်ဆုံးဖြစ်သကဲ့သို့ လက်ညှိုး လက်မအလား ကြီးမားသော အဋ္ဌကထာ, ဋီကာကျမ်းများကို ထောက်ဆ၍ လက်သန်းကျမ်းဟု ခေါ်ဆိုရခြင်းဖြစ်ပေသည်။ အချို့ကလည်း အကျဉ်းချုပ်အမြွက်မျှသာ မှတ်၍ ပြသော ကျမ်းဖြစ်၍ လက္ခဏကျမ်း, ယင်းမှ လက္ခဏ်း, ယင်းမှတဖန် လက်သန်းဖြစ်လာသည်ဟုလည်း ဆိုကြသည်[၁]။ ၎င်းလက်သန်းကျမ်းသည်လည်း လက်သန်းအဋ္ဌကထာ, လက်သန်းဋီကာဟု ရှိပြန်သည်။

**ဂဏ္ဌိ** ဟူသည်မှာ အဋ္ဌကထာစသည်တို့ကဲ့သို့ ပုဒ်စဉ်ပါဠိလျှောက် မဖွင့်ဆိုဘဲ တိမ်မြုပ်ခဲကပ် အသိကျပ်၍ အဆစ်အဖုသဖွယ်ဖြစ်သည့် ခဲရာခဲဆစ် ပုဒ်, ပါဠိ, အဓိပ္ပါယ်လောက်ကိုသာ ဖွင့်ပြသည့် နက်နဲသောဉာဏ်၏ ကျက်စားရာကျမ်းမျိုး ဖြစ်ပေသည်[၁]။

**ယောဇနာ** ဟူသည်မှာ အဋ္ဌကထာ စသည်တို့၏ အနက်ကို လွယ်ကူသောနည်းဖြင့် ဖွင့်ပြသော ကျမ်းမျိုးဖြစ်သည်။ ဤကျမ်းမျိုးတို့တွင် အကျယ်တဝင့် ဖွင့်ဆိုချက်များကို များစွာမတွေ့ရဘဲ အဋ္ဌကထာစသည်၏ ပုဒ်နက်, ဝါကျနက် စသည်ကိုသာ ဖွင့်ပြသည်များကို တွေ့ရှိရပေသည်။

**ဒီပနီ** ဟူသည်မှာလည်း အနက်အဓိပ္ပါယ်ကို ထင်ရှားစွာ ဖွင့်ပြသော ကျမ်းမျိုး ဖြစ်ပေသည်။ ဤကျမ်းမျိုးမှာ အချို့အရာ၌ အကြောင်းအရာ တစ်ခုတည်းကိုပင် အကျယ်တဝင့် ဖွင့်ဆိုရေးသားသောကျမ်းဖြစ်၍ အချို့အရာ၌ကား ဋီကာတို့ကဲ့သို့ ဖွင့်ပြသောကျမ်း ဖြစ်ပေသည်။

**နိဿ (နိဿယ)** ဟူသည်မှာကား ပါဠိတော်စသည်တို့ကို ပါဠိတစ်ပုဒ်, မြန်မာတစ်ပုဒ် ပြန်နည်းအားဖြင့် အနက်မြန်မာပြန်သော ကျမ်းမျိုး ဖြစ်ပေသည်။ ဤကျမ်းမျိုးတို့တွင် အနက်မြန်မာပြန်သာမကဘဲ ဆိုင်ရာဆိုင်ရာ အမှာအထား အဆုံးအဖြတ်များကိုပါ တွေ့ရှိနိုင်သည်ဖြစ်၍ ပါဠိ

---

၁။ သာသနာလင်္ကာရစာတမ်း စာမျက်နှာ-၄၇ ကြည့်ပါ။

ကျမ်းဂန်တို့ကို လေ့လာရာတွင် အားကိုးအားထား အပြုရဆုံး ကျမ်းမျိုး ဖြစ်လေသည်။ ထို့ကြောင့်လည်း ဤကျမ်းမျိုးကို "နိဿျ (နိဿယ)···· မှီရာ, အားကိုးရာကျမ်း"ဟု ခေါ်ဆိုရခြင်း ဖြစ်ပေသည်။

**အရကောက်**ဟူသည်မှာ ပါဠိတော်စသည်တို့တွင် ပါရှိသည့် တစ်ပုဒ် တစ်ပုဒ်စီ၏ ဖြစ်စေ, စာပိုဒ်တစ်ပိုဒ်စီ၏ဖြစ်စေ ရသင့်ရထိုက်သော တရားများကို ကောက်၍ပြသော ကျမ်းမျိုး ဖြစ်ပေသည်။ အထူးသဖြင့် အဘိဓမ္မာဆိုင်ရာတွင် ဤကျမ်းတို့သည် ကျေးဇူးအများဆုံးပြုသောကျမ်းတို့ ဖြစ်ပေသည်။ ဤအရကောက်ကျမ်းများမရှိလျှင် အဘိဓမ္မာပါဠိတော်တို့သို့ သက်ဝင်ခြင်းငှါပင် မလွယ်ကူပေ။

အထက်ပါတို့တွင် ပါဠိတော်စာပေသည် ပါဠိဘာသာ ဝါ-မာဂဓဘာသာ ကို သာမုက္ကံသိကဒေသနာတော်အဖြစ် ဘုရားရှင် အသုံးပြု ဟောကြားသည့် အချိန်ကစ၍ ဖြစ်ပေါ်ခဲ့ပြီး အခါသင့် အခွင့်သာတိုင်း ဟောကြားခြင်းအားဖြင့် တစတစ အဆင့်ဆင့် တိုးပွားပြန့်ကျယ်လာခဲ့ပေသည်။ ယင်း သာမုက္ကံသိက ဒေသနာတော်အားလုံးကို ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက အရှင် အာနန္ဒာ တစ်ပါးတည်းသာ အနက်အဓိပ္ပါယ်နှင့်တကွ ကြွင်းမဲ့ဥဿုံ အာဂုံ ဆောင်ခဲ့ပေသည်။ အခြားသော မထေရ်တို့တွင်ကား အချို့က ပိဋကတစ်ပုံ ကိုသော်လည်းကောင်း, အချို့က နိကာယ်တစ်ရပ်ကိုသော်လည်းကောင်း မိမိတို့ စွမ်းအားရှိသမျှ အနက်အဓိပ္ပါယ်နှင့်တကွ အာဂုံဆောင်ခဲ့ကြသည်။

သို့ရာတွင် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ၃-လခန့် အကြာတွင် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ် ၅၀၀-တို့ ပဌမ သင်္ဂါယနာတင်ပွဲကို ဆင်နွှဲခဲ့ ကြလေရာ ၎င်းပဌမသင်္ဂါယနာတင်ပွဲအပြီးတွင် မြတ်စွာဘုရား၏ သာမုက္ကံသိက ဒေသနာတော်များ မပျက်မစီး အရှည်တည် တံ့စိမ့်သောငှါ ရဟန္တာမထေရ်တို့သည် အစုလိုက်ခွဲဝေ၍ တာဝန်ယူပြီးလျှင် တရားတော်များကို နှုတ်တက်အာဂုံ ဆောင်တော်မူခဲ့ကြပေသည်။

ထိုသို့ တာဝန်ယူကြရာတွင် အရှင်ဥပါလိနှင့် တပည့်တို့အား ဝိနည်းပိဋကကိုလည်းကောင်း၊ အရှင်အာနန္ဒာနှင့် တပည့်တို့အား ဒီဃနိကာယ်ကိုလည်းကောင်း၊ အရှင် သာရိပုတ္တရာ၏ တပည့်တို့အား မဇ္ဈိမနိကာယ်ကိုလည်းကောင်း၊ အရှင်မဟာကဿပနှင့် တပည့်တို့အား သံယုတ္တနိကာယ်ကိုလည်းကောင်း၊ အရှင်အနုရုဒ္ဓါနှင့် တပည့်တို့အား အင်္ဂုတ္တရနိကာယ်ကိုလည်းကောင်း အသီးအသီး တာဝန်ခွဲဝေပေးကြောင်းကို သီလက္ခန်အဋ္ဌကထာတွင် မိန့်ဆိုလျက်ရှိလေသည်[၁]။

ယင်းသို့ မထေရ်တို့ အဆက်ဆက်ဆောင်ယူခဲ့ကြရာ ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသောကျမ်းများ လိုအပ်လာ၍ ပါဠိတော်၏ အဖွင့်ဖြစ်သည့် အဋ္ဌကထာခေါ် ကျမ်းများ, တစ်ဖန် အဋ္ဌကထာ၏ အဖွင့်ဖြစ်သည့် ဋီကာခေါ် ကျမ်းများပါ ပေါ်ပေါက်လာခဲ့ ပြန်သည်။

ထိုတွင် ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့သော တရားတော်များကိုလည်းကောင်း၊ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်နှင့် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးမှ ထိုထို သာဝကတို့ဟောသည့် တရားများကိုလည်းကောင်း ပါဠိတော်ဟူ၍ ခေါ်ရပေသည်။ ၎င်း ပါဠိတော်များကား ဆဋ္ဌ

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၁၄-၁၅။ ဤအဋ္ဌကထာ၌ အဘိဓမ္မာပိဋကကို မည်သည့်ပုဂ္ဂိုလ်တို့အား တာဝန်ပေးအပ်သည်ဟု ပြဆိုချက် မပါသော်လည်း တာဝတိံသာ၌ ဟောတော်မူအပ်သော အဘိဓမ္မာတရားကို ဘုရားရှင်က အရှင်သာရိပုတြာအား အကျဉ်းဟောပြီး အရှင်သာရိပုတြာက တစ်ဆင့် လင်းနို့သား ၅၀၀ ဖြစ်ခဲ့ဖူးသော မိမိ၏ တပည့်ရဟန်း ၅၀၀-တို့အား ဟောခဲ့ပုံကိုလည်းကောင်း၊ အဘိဓမ္မာပိဋက၌ ချပ္ပို့ရိုးအစဉ်သည် အရှင်သာရိပုတြာမှ စတင်ဖြစ်ပေါ်လာသည်ကိုလည်းကောင်း ပြဆိုသော အဋ္ဌသာလိနီအဋ္ဌကထာ (၁၇-၁၈)လာ စကားအရ အရှင်သာရိပုတြာ၏ တပည့်အဆက်ဆက်တို့ကပင် အဘိဓမ္မာပိဋကကို မပျက်မကွက် ဆောင်ရွက်ခဲ့ကြသည်ဟု မှတ်ယူအပ်၏။ တရုတ်ရဟန်းတော်ဟူယင်ဆင်၏ မှတ်တမ်းတွင်လည်း မိမိ မထုရာပြည်သို့ရောက်စဉ် အဘိဓမ္မာကို လေ့လာကြသော ရဟန်းတို့ အရှင်သာရိပုတြာ၏ ဓာတ်တော်ကိန်းဝပ်သော စေတီတော်ကို နှစ်စဉ်ပူဇော်ကြသည်ကို တွေ့ရှိရကြောင်း မှတ်တမ်း ရှိပေသည်။ (The Life of Hsuan-Tsang, စာမျက်နှာ-၇၇)

သင်္ဂါယနာတင်မှုအရ စာအုပ်ရေ-၄၀ ရှိလေသည်။ ထိုအုပ်ရေ ၄၀- ရှိသော ပါဠိတော်သည် ——

| | |
|---|---|
| ရသအားဖြင့် | ၁-မျိုး |
| ဓမ္မဝိနယအားဖြင့် | ၂-မျိုး |
| ဝစနအားဖြင့် | ၃-မျိုး |
| ထိုအတူ ပိဋကအားဖြင့် | ၃-မျိုး |
| နိကာယ်အားဖြင့် | ၅-မျိုး |
| အင်္ဂါအားဖြင့် | ၉-မျိုး |
| ဓမ္မက္ခန္ဓာအားဖြင့် | ၈၄၀၀၀-ရှိလေသည်။ |

ဎင်းတို့တွင် **ရသ** အားဖြင့် ၁-မျိုးဟူသည်မှာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ အစပြုလျက် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင် ၄၅-ဝါပတ်လုံး နတ်လူဗြဟ္မာ သတ္တဝါတို့အား ဟောညွှန်ပြသဆုံးမတော်မူသော တရားတော်ဟူသမျှသည် ဝိမုတ္တိရသ တစ်မျိုးတည်းသာဖြစ်ပေသည်။ ဆိုလိုသည်မှာ ဘုရားရှင်ဟောတော်မူခဲ့သမျှ တရားတော်တို့သည် ကိလေသာတို့မှ လွတ်သော အရဟတ္တဖိုလ်ချမ်းသာကို ရွက်ဆောင်ခြင်းအားဖြင့်, သို့မဟုတ် ကိလေသာတို့မှလွတ်သော မဂ်ဖိုလ်ဟူသောအကျိုးကို ရွက်ဆောင်ခြင်းအားဖြင့်, သို့မဟုတ် ကိလေသာတို့မှလွတ်သော မဂ်ဖိုလ်ကို ဖြစ်စေပြီးစေခြင်းကိစ္စအားဖြင့် ရေတွက်လျှင် ဝိမုတ္တိရသတစ်မျိုးတည်းသာ ဖြစ်သည်ဟု ဆိုလိုပေသည်[၁]။

ယင်းတစ်မျိုးတည်းကိုပင် **ဓမ္မ, ဝိနယ** အားဖြင့် တစ်ဖန်ခွဲသော် ၂-မျိုး ဖြစ်ပြန်သည်။ ဘုရားရှင်၏ စကားတော်အားလုံးသည်ပင် ကိလေသာတို့ကို ပယ်ဖျောက်တတ်သောကြောင့် ဝိနယလည်းမည်သည်။ ဆုံးမသည့်အတိုင်း ကျင့်ကြံလိုက်နာသူတို့ကို အပါယ်စသော ဘေးဒုက္ခတို့သို့ မကျအောင်

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၂၄။ သာရတ္ထ၊ ၁။ ၆၄။ သီ၊ ဋီ၊ သစ်၊ ၁။ ၈၄-၅ တို့ ကြည့်။

ဆောင်ထားတတ်သောကြောင့် ဓမ္မလည်းမည်တော့သည်။ သို့မည်သော်လည်း ဤဓမ္မဝိနယအခွဲ၌ကား ဝတ္တိစ္ဆာအားဖြင့် ဝိနည်းပိဋကကို ဝိနယဟု ခေါ်၍ ဝိနည်းမှကြွင်းသမျှ ဘုရားစကားတော်တို့ကို ဓမ္မဟုခေါ်ရပေသည်။ တစ်နည်းလည်း ဝိနည်းသည် ပရိယတ်ပင်ဖြစ်၍ ဓမ္မမည်သည်ပင်ဖြစ်၏။ သို့သော်လည်း ဓမ္မဝိနယဟု ယှဉ်တွဲ၍ သုံးစွဲသောအခါ "ယှဉ်ဖက်၏အနက်ကို ချန်၍ ယူရသောနည်း"ဖြင့် ဓမ္မအရ ဝိနည်းမဟုတ်သော ဘုရားစကားတော်ကိုသာ ယူ၍ ဝိနယအရ ဝိနည်းတရားတော်ကို ယူရပေသည်[၁]။

တစ်ဖန် **ဝစန** အားဖြင့် ခွဲဝေသော် ပဌမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန ဟူ၍ ၃-မျိုးဖြစ်ပြီးလျှင်[၂] **ပိဋက** အားဖြင့် ခွဲဝေသော ဝိနည်းပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာပိဋက ဟု ၃-မျိုးဖြစ်ပြန်သည်။

ထို ၃-မျိုးတို့တွင် ဝိနည်းပိဋက၌ --------

(၁) မဟာဝိဘင်္ဂ (၂) ဘိက္ခုနီဝိဘင်္ဂ

(၃) ခန္ဓက (၄) ပရိဝါရ ဟု အပိုင်း ၄-ပိုင်းရှိသည်။

ထိုတွင် မဟာဝိဘင်္ဂနှင့် ဘိက္ခုနီဝိဘင်္ဂတို့သည် (ပုံနှိပ်ပြီး ဆဋ္ဌသင်္ဂါယနာမူ၌) ပါရာဇိကပါဠိတော်နှင့် ပါစိတ္တိယပါဠိတော်တို့ဖြစ်၍ ခန္ဓကသည် မဟာဝဂ္ဂပါဠိတော်နှင့် စူဠဝဂ္ဂပါဠိတော်တို့ပင်ဖြစ်ပေသည်[၃]။

---

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၂၄။ သာရတ္ထ၊ ၁။ ၆၄-၅။ သီ၊ ဋ္ဌ၊ သစ်၊ ၁။ ၈၅-တို့ ကြည့်။

၂။ ဤ ဝစနအားဖြင့် ခွဲပုံအကျယ်ကို ပါရာဇိကဏ် အဋ္ဌကထာ, သီလက္ခန် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာတို့၏ နိဒါနကထာတို့၌ ပြဆိုထားသည်။

၃။ ဤခွဲဝေပုံလည်း အဋ္ဌကထာတို့၌လာသော ခွဲဝေပုံအတိုင်း ဖြစ်သည်။ မဟာဝိဘင်္ဂနှင့် ဘိက္ခုနီ ဝိဘင်္ဂ ၂-ရပ်ပေါင်းကိုပင် "ဥဘတောဝိဘင်္ဂ"ဟု ခေါ်သည်။

သို့ဖြစ်လေရာ ဝိနည်းပိဋက၌--------

(၁) ပါရာဇိကပါဠိ (၂) ပါစိတ္တိယပါဠိ

(၃) မဟာဝဂ္ဂပါဠိ (၄) စူဠဝဂ္ဂပါဠိ

(၅) ပရိဝါရပါဠိ ဟု ကျမ်းအားဖြင့် ၅-ကျမ်းဖြစ်လေသည်။ ဤ ၅-ကျမ်းကိုပင် ဝိနည်း ၅-ကျမ်းဟု ခေါ်လေသည်။

သုတ္တန်ပိဋကသည်ကား--------

(၁) ဒီဃနိကာယ်[၁] (၂) မဇ္ဈိမနိကာယ်[၁]

(၃) သံယုတ္တနိကာယ်[၁] (၄) အင်္ဂုတ္တရနိကာယ်[၁]

(၅) ခုဒ္ဒကနိကာယ် ဟု ၅-မျိုး ရှိလေသည်။

ထိုတွင် ဒီဃနိကာယ်၌--------

(၁) သီလက္ခန္ဓဝဂ္ဂ (၂) မဟာဝဂ္ဂ

(၃) ပါထိကဝဂ္ဂ ဟု ၃-ကျမ်း,

မဇ္ဈိမနိကာယ်၌--------

(၁) မူလပဏ္ဏာသ (၂) မဇ္ဈိမပဏ္ဏာသ

(၃) ဥပရိပဏ္ဏာသ ဟု ၃-ကျမ်း,

---

၁။ ဤဒီဃနိကာယ်စသော နိကာယ် ၄-ရပ်ကို ဒီဃသင်္ဂီတိ စသည်ဖြင့်လည်း ခေါ်သည်၊ သုတ္တန္တ ပိဋကေ စတသော သင်္ဂီတိယော၊ တာသု ပဌမံ ကတရံ သင်္ဂီတိန္တိ။ ဒီဃသင်္ဂီတိံ ဘန္တေတိ။ (ဒီ၊ ဌ၊ ၁။ ၁၄)။ သုတ္တန်ပိဋက၌ သင်္ဂီတိ (နိကာယ်) ၄-မျိုးဟု ဤ၌ဆိုသော်လည်း ပါဠိတော်ကို နိကာယ်အားဖြင့် ခွဲဝေသောအခါ နိကာယ် ၅-ပါး ဖြစ်လာသည်ကိုလည်း သတိပြုသင့်သည်။ ပဌမသင်္ဂါယနာတင်ပုံ အစီအစဉ်ကိုပြသော သီလက္ခန်အဋ္ဌကထာ (၁၆)၌ ခုဒ္ဒကပါဌ, ဓမ္မပဒ စသည်ကို ခုဒ္ဒကနိကာယ်ဟု မသတ်မှတ်ဘဲ ခုဒ္ဒကဂန္ထဟုသာ သတ်မှတ်ချက်ပြုသည်ကို တွေ့ရသည်။

သံယုတ္တနိကာယ်၌-----

(၁) သဂါထာဝဂ္ဂသံယုတ် (၂) နိဒါနဝဂ္ဂသံယုတ်

(၃) ခန္ဓဝဂ္ဂသံယုတ် (၄) သဠာယတနဝဂ္ဂသံယုတ်

(၅) မဟာဝဂ္ဂသံယုတ် ဟု ၅-ကျမ်း,

**အင်္ဂုတ္တရနိကာယ်၌-----**

(၁) ဧကကနိပါတ (၂) ဒုကနိပါတ

(၃) တိကနိပါတ (၄) စတုက္ကနိပါတ

(၅) ပဉ္စကနိပါတ (၆) ဆက္ကနိပါတ

(၇) သတ္တကနိပါတ (၈) အဋ္ဌကနိပါတ

(၉) နဝကနိပါတ (၁၀) ဒသကနိပါတ

(၁၁) ဧကာဒသကနိပါတ ဟု ၁၁-ကျမ်း,

**ခုဒ္ဒကနိကာယ်၌-----**

(၁) ခုဒ္ဒကပါဌ (၂) ဓမ္မပဒ

(၃) ဥဒါန်း (၄) ဣတိဝုတ်

(၅) သုတ္တနိပါတ် (၆) ဝိမာနဝတ္ထု

(၇) ပေတဝတ္ထု (၈) ထေရဂါထာ

(၉) ထေရီဂါထာ (၁၀) ဇာတ်

(၁၁) နိဒ္ဒေသ (၁၂) ပဋိသမ္ဘိဒါ

(၁၃) အပဒါန် (၁၄) ဗုဒ္ဓဝံသ

(၁၅) စရိယာပိဋက ဟု ၁၅-ကျမ်း အသီးအသီးရှိလေသည်[၁]။

**အဘိဓမ္မာပိဋက၌ကား**-----

(၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်း

(၃) ဓာတုကထာ (၄) ပုဂ္ဂလပညတ်

(၅) ကထာဝတ္ထု (၆) ယမိုက်

(၇) ပဋ္ဌာန်း ဟု ၇-ကျမ်း ရှိလေသည်။

ယင်း ပိဋကတ် ၃-ပုံကိုပင် **နိကာယ်**အားဖြင့် ရေတွက်သောအခါ သုတ္တန်ပိဋက သည် ဆိုခဲ့ပြီး နိကာယ် ၅-ရပ်၌ အကျုံးဝင်၍ ဝိနည်းပိဋကနှင့် အဘိဓမ္မာပိဋကတို့သည် ခုဒ္ဒကနိကာယ်၌ အကျုံးဝင်ကြသည်[၂]။

နိကာယ် ၅-ရပ်, ပိဋကတ် ၃-ပုံ ဟူသော ပါဠိတော်ကိုပင် **အင်္ဂါ** အားဖြင့် ရေတွက် သော်--------

(၁) သုတ် (၂) ဂေယျ

(၃) ဝေယျာကရိုဏ်း (၄) ဂါထာ

(၅) ဥဒါန်း (၆) ဣတိဝုတ်

---

၁။ ဤစာရင်းမှာ အဋ္ဌကထာနိဒါန်းတို့၌ လာသည့်အတိုင်း ဖြစ်သည်၊ ပဉ္စမသင်္ဂါယနာ, ဆဋ္ဌသင်္ဂါယနာတို့၌ သင်္ဂါယနာတင်သည့်အတိုင်း ရေတွက်မူ နေတ္တိ, ပေဋကောပဒေသ, မိလိန္ဒပဉှာ တို့ကိုပါ ထည့်၍ ၁၈-ကျမ်းဖြစ်သည်။ နောက်၌ ထင်ရှားလတ္တံ့။

၂။ ကတမော ခုဒ္ဒကနိကာယော။ သကလံ ဝိနယပိဋကံ အဘိဓမ္မပိဋကံ ခုဒ္ဒကပါဌာဒယော စ ပုဗ္ဗေ ဒဿိတာ ပန္နရသဘေဒါ၊ ဌပေတွာ စတ္တာရော နိကာယေ အဝသေသံ ဗုဒ္ဓဝစနန္တိ။ (ဝိ၊ဋ္ဌ၁၊၂၂။ ဒီ၊ဋ္ဌ၁၊၂၄။အဘိ၊ဋ္ဌ၁၊၂၆။)

(၇) ဇာတ် (၈) အဗ္ဘုတဓမ္မ

(၉) ဝေဒလ္လ ဟု ၉-တန် ဖြစ်ပြန်သည်[၁]။

**ဓမ္မက္ခန္ဓာအားဖြင့်သော်ကား**-----

ဒွါသီတိံ ဗုဒ္ဓတော ဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော။

စတုရာသီတိ သဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော[၂]-------

ဟူသော အာနန္ဒထေရဂါထာနှင့်အညီ ရှစ်သောင်းလေးထောင် မြားမြောင် ကျယ်ဝန်းလှ ပေသည်[၃]။

ဤသို့လျှင် သာမုက္ကံသိက ဟူသော ဗုဒ္ဓဝစနကိုပင် ရသအားဖြင့် ၁-မျိုး, ဓမ္မဝိနယ အားဖြင့် ၂-မျိုး, ဝစနအားဖြင့် ၃-မျိုး, ထို့အတူ ပိဋကအား ဖြင့် ၃-မျိုး, နိကာယ်အားဖြင့် ၅-မျိုး, ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀-ဟူ၍ ပဌမသင်္ဂါယနာတင်ပွဲ၌ အရှင်မဟာကဿပ အမှူးရှိသော ငါးရာသော ရဟန္တာထေရ်အရှင်တို့ အသီးအသီးပိုင်းခြား သတ်မှတ်၍ သင်္ဂါယနာတင် တော်မူခဲ့ကြခြင်း ဖြစ်ပေသည်။

---

၁။ ဤ သုတ်, ဂေယျစသည်တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာနိဒါန်းတို့မှာ ကြည့်။

၂။ ထေရ၊ ၃၄၇။

၃။ ဓမ္မက္ခန္ဓာ ရေတွက်နည်းကို ဒီ၊ဋ္ဌ၊၁။၂၅- နှင့် ၎င်းဋီကာတို့မှာ ကြည့်။ ဝိနည်းပိဋကၝ ဓမ္မက္ခန္ဓာ ၂၁၀၀၀, သုတ္တန်ပိဋကၝ ဓမ္မက္ခန္ဓာ ၂၁၀၀၀, အဘိဓမ္မာပိဋကၝ ဓမ္မက္ခန္ဓာ ၄၂၀၀၀ ရှိကြောင်းကိုလည်း ထိုထိုကျမ်းငယ်တို့၌ ဆိုကြသည်။ ပိဋကတ်တော်သမိုင်း (နှာ-၃၀၈-၉)ကြည့်၊ ဤဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟူသော စကားလည်း အထက်ပါ ဒွါသီတိ-စသော ဂါထာ အရသာ ပြဆိုခြင်း ဖြစ်သည်၊ ကထာဝတ္ထု, မဓုရသုတ်စသော နောက်ပေါ်ကျမ်းများကိုပါ ထည့်သွင်း ရေတွက်လျှင် ရှစ်သောင်းလေးထောင်ထက်ပင် ပိုသေးသည်။ (ဧဝံ ပရိဒီပိတဓမ္မက္ခန္ဓဝသေနာတိ) ကုမိနာ ဧဝံ တေန အပရိဒီပိတာပိ ဓမ္မက္ခန္ဓာ သန္တီတိ ပကာသေတိ၊ တသ္မာ ကထာဝတ္ထုပကရဏမာဓုရိယသုတ္တာဒီနံ ဝိမာနဝတ္ထာဒီသု ကေသဉ္စိ ဂါထာနဉ္စ ဝသေန စတုရာသီတိသဟဿတောပိ ဓမ္မက္ခန္ဓာနံ အဓိကတာ ဝေဒိတဗ္ဗာ။ (သီ၊ ဋီ၊ သစ်၊ ၁။ ၁၃၃။)

သို့ရာတွင် ပိဋကတ်တော်၌ ပဌမသင်္ဂါယနာတင်ပွဲ၏ နောက်မှ ထည့်သွင်းထားသော စကားရပ်များ, သုတ်များ, ကျမ်းဂန်များကို အတော်များများပင် တွေ့ရပေသည်[၁]။ ဝိနည်းစူဠဝဂ္ဂပါဠိတော်၌လာသော ပဌမသင်္ဂါယနာတင်အကြောင်းကို ပြသည့် ပဉ္စသတိကက္ခန္ဓကနှင့် ဒုတိယသင်္ဂါယနာတင်အကြောင်းကို ပြသော သတ္တသတိကက္ခန္ဓကတို့သည် ပဌမသင်္ဂါယနာ တင်စဉ်က မပါဝင်နိုင်ခဲ့ကြပေ။ နောင် ဒုတိယ, တတိယသင်္ဂါယနာတင်သော အခါတို့ကျမှသာ သင်္ဂါယနာတင် မထေရ်တို့က ထည့်သွင်းထားခြင်းဖြစ်ကြောင်း ထင်ရှားသည်။

မှန်ပေသည်။ သင်္ဂါယနာတင် မထေရ်အဆက်ဆက်တို့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နောက်၌ ထိုထိုသာဝကတို့ ဟောသောသုတ်များကိုလည်း ဘုရားရှင်ပေးတော်မူ အပ်သောနည်း၌ တည်လျက် ဟောအပ်သည်ဖြစ်၍ ဘုရားစကားတော်ပင် မည်သောကြောင့် ပါဠိတော်၌ ထည့်သွင်း၍ သင်္ဂါယနာတင်ရိုး ပြုတော်မူကြသည်ကို ထိုထိုကျမ်းဂန်တို့တွင် တွေ့ရှိနိုင်ပေသည်။

သီလက္ခန်ပါဠိတော်လာ သုဘသုတ်[၂], သုတ်မဟာဝါပါဠိတော်လာ ပါယာသိရာဇည သုတ်, ဥပရိပဏ္ဏာသပါဠိတော်လာ ဂေါပကမောဂ္ဂလ္လာန[၂]

---

၁။ ပါဠိတော်တို့၌ နောက်မှ ထည့်သွင်းအပ်သော စကားရပ်များ ရှိသော်လည်း ယင်းသို့ ရှိခြင်း သည် ပါဠိတော်၏ ကေဝလပရိပုဏ္ဏ-ဟူသော ဂုဏ်ကို မထိခိုက်ပေ။ မှန်၏၊ ဘုရားရှင်၏ တရားတော်သည် ကေဝလ-ပရိပုဏ္ဏ ဖြစ်သည်(ဝါ)တစ်စုံတစ်ရာ ထည့်စွက်ဖွယ်မရှိ၊ အလုံးစုံ ပြည့်စုံသည်ဟု ဆိုရာဝယ် ဘုရားရှင်၏ သစ္စာ ၄-ပါး တရားတော်, မဂ္ဂင်ရှစ်ပါးတရားတော် စသည်တို့ဝယ် သစ္စာတစ်ပါးတိုးစေ၍ သစ္စာ ၅-ပါးဟုလည်းကောင်း, မဂ္ဂင်တစ်ပါး တိုးစေ၍ မဂ္ဂင် ၉-ပါးဟုလည်းကောင်း ဤသို့ စသည်ဖြင့် ထည့်စွက်စရာ မရှိ သစ္စာ ၄-ပါး, မဂ္ဂင်ရှစ်ပါး ဟူသော တရားတော်တို့သည် ထက်ဝန်းကျင်မှ ပြည့်စုံပြီး ဖြစ်သည်။ မည်သူတစ်စုံတစ်ဦးတစ်ယောက်မျှ ယင်းတရားတို့ကို ဖြည့်စွက် နိုင်စွမ်းမရှိဟု ဆိုလိုရင်း ဖြစ်ပေသည်။

၂။ သုဘသုတ် ပဌမသင်္ဂါယနာတင်၌ ပါ-မပါဟူသော ပြဿနာ၏ဖြေရှင်းချက်ကို ဒီ၊ဋ္ဌ၊၁။၂၅-၆။ သာရတ္ထ၊ ၁။၆၇။ သီ၊ဋီ၊သစ်၊၁။၈၈-တို့၌ အကျယ်ပြထားသည်၊ သုဘသုတ်နှင့် ဂေါပကမောဂ္ဂလ္လာန သုတ်တို့ မေ့ကွန္ဒာ ၈၄၀၀၀-၌ ဝင်-မဝင် ပြဿနာကိုလည်း သာရတ္ထ၊၁။၁၀၄။ သီ၊ဋီ၊သစ်၊၁။၁၃၃-၄တို့၌ ဖြေရှင်းထားသည်။

သုတ်တို့သည် ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီး မကြာမီ အရှင်အာနန္ဒာစသော သာဝကကြီးတို့ဟောသောသုတ်များ ဖြစ်ပေသည်။ ထို့အတူ ပင် ဝိမာနဝတ္ထု ပါဠိတော်လာ မလ္လိကာဝိမာန, ဝိသာလက္ခိဝိမာန, ပီတဝိမာန စူဠရထဝိမာန, ဥတ္တရ-(ပါယာသိ)ဝိမာနဝတ္ထုတို့သည်လည်း ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်မှ ဖြစ်ပေါ်ခဲ့ကြ၍ ပဌမသင်္ဂါယနာတင်စဉ်အခါ၌ သင်္ဂါယနာတင်မထေရ်တို့ ထည့်သွင်းခဲ့သော ပါဠိများပင် ဖြစ်ပေသည်။

မည်သည့်အချိန်မှာဟောသည်ဟု အတိကျပြဆိုချက်မပါသော်လည်း ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး အတော်ကြာမှ ဟောသည်ဟု ယူဆနိုင်သောသုတ်တို့လည်း ရှိပေသေးသည်။ ၎င်းတို့ကား မဇ္ဈိမပဏ္ဏာသပါဠိတော်လာ မဓုရသုတ်နှင့် ဃောဋမုခသုတ်တို့ဖြစ်ပေသည်။ ယင်းသုတ်တို့တွင် သုဘသုတ်, ဂေါပကမောဂ္ဂလ္လာနသုတ်တို့မှာကဲ့သို့ "အစိရပရိနိဗ္ဗုတေ ဘဂဝတိ"ဟု မပါသည်ကို ထောက်လျှင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အတော်ကြာမှ ဟောသော သုတ်များဟု မှတ်ယူရပေမည်။ သို့မှတ်ယူလျှင် ယင်းသုတ်များသည် ပဌမသင်္ဂါယနာတင်စဉ်က မပါဝင်ဘဲ ဒုတိယသင်္ဂါယနာတင် စသည်တို့မှာသာ ထည့်သွင်း သင်္ဂါယနာတင်ခဲ့သော သုတ်များဟုမှတ်ယူနိုင် ပေတော့သည်။

ပဌမသင်္ဂါယနာတွင် ဧကန်မပါဟုဆိုနိုင်သော သုတ်တစ်သုတ်ကိုလည်း တွေ့ရသေး၏။ ထိုသုတ်ကား ဥပရိပဏ္ဏာသပါဠိတော်လာ ဗာကုလသုတ်ပင် ဖြစ်ပေသည်။ ဗာကုလမထေရ် သည် လူ့ဘောင်၌ အသက်-၈၀, ရဟန်းဘောင်၌ ဝါတော်-၈၀ ဤသို့အားဖြင့် အသက်-၁၆၀ ရှည်တော်မူသည်[၁]။ အသက်-၈၀, ပြည့်သည့်နှစ်၌ ရဟန်းပြု၍ ၈-ရက်မြောက်နေ့၌ ရဟန္တာအဖြစ်သို့ ရောက်သည်။ ယင်းသို့ဖြစ်ခြင်းကား ဓမ္မစကြာတရားဟောအပြီး အစဉ်သဖြင့် ဒေသစာရီကြွချီတော်မူရာ ကောသမ္ဗီပြည်သို့[၂] ဆိုက်ရောက်တော်မူသော ဘုရားရှင်ထံ ဆည်းကပ်၍ တရားတော်ကိုနာရသောကြောင့် ဖြစ်သည်[၃]။ ရဟန်းဘောင်တွင် ဝါတော်-၈၀ သီတင်းသုံး၍

၁။ ဒီ၊၃၊၂။၆။ ၂။ မဇ္ဈိမဘာဏကတို့အလို ဗာရာဏသီ။ အံ၊၃၊၁။၂၄၀။
၃။ အံ၊၃၊၁။ ၂၄၀။ မ၊၃၊၄။ ၁၃၇။

လူ့ဘောင်က ရောင်းရင်းဖက် (မိတ်ဆွေ)ဖြစ်ခဲ့သော အစေလကဿပခေါ် တက္ကတွန်းရဟန်းကို တရားဟောချေချွတ်ပြီးနောက်မှ ပရိနိဗ္ဗာန် ပြုသည်[၁]၊ ဤဆိုခဲ့သည့် အကြောင်းခြင်းရာကို ထောက်ဆသော် အရှင်ဗာကုလ၏ ရဟန်းဖြစ်ရာကာလကို အစောဆုံးအားဖြင့် ဘုရားရှင် ဘုရားအဖြစ် ရောက်တော်မူသည့်နှစ်မှာ ထားဘိဦး ဘုရားရှင်သည် ဝါတော် ၄၅-၌ ပရိနိဗ္ဗာန်စံတော်မူရာ အရှင်ဗာကုလ၏ ပရိနိဗ္ဗာန်ပြုသည့်နှစ်မှာ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃၅-နှစ် သို့မဟုတ် ၃၆-နှစ် ဖြစ်ပေမည်။ ထိုအခါမှ ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်ကို မှတ်တမ်းတင်ထားသည့် ဤ ဗာကုလသုတ်သည် ပဌမသင်္ဂါယနာ တင်တွင် မပါဝင်နိုင်သည်မှာ အလွန်ပင် ထင်ရှားနေပေပြီ။ သို့ဖြစ်ရကား ဤဗာကုလသုတ်ကို ဒုတိယ သင်္ဂါယနာ တင်မှာမှ ထည့်သွင်း၍ သင်္ဂါယနာတင်ခဲ့သည်ဟု မှတ်ယူရပေမည်။

ထို့အတူပင် ပေတဝတ္ထုပါဠိတော်လာ ဥတ္တရမာတုပေတိဝတ္ထုသည် လည်း ပဌမသင်္ဂါယနာ တင်ပြီးနောက်မှဖြစ်ပေါ်သော အဖြစ်အပျက်ကို ပြဆို ထားသော ဝတ္ထုပင်ဖြစ်ပေသည်။ ၎င်းဝတ္ထုကို ဒုတိယသင်္ဂါယနာတင်ကျမှ ထည့်သွင်းကြောင်းကို ပေတဝတ္ထုအဋ္ဌကထာ၌[၂] ထင်ရှားစွာပင် ပြဆိုလျက်ရှိ လေသည်။

ဒုတိယသင်္ဂါယနာတင်ပြီးနောက်မှ ဖြစ်ပေါ်လာသော အဖြစ်အပျက် ကိုလည်း ပေတဝတ္ထုပါဠိတော်တွင် တွေ့ရသေးသည်။ ယင်းကား နန္ဒကပေတ ဝတ္ထုပင်ဖြစ်သည်။ ၎င်း အဖြစ်အပျက်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် အနှစ် ၂၀၀-ကျော် အသောကမင်း လက်ထက်၌ ဖြစ်ခဲ့ပေရာ တတိယ သင်္ဂါယနာမတင်မီဖြစ်၍ ဤဝတ္ထုကို တတိယသင်္ဂါယနာတွင် ထည့်သွင်းခဲ့ ကြောင်း ၎င်းအဋ္ဌကထာအရ သိရပေသည်[၃]။

အထက်ပါ အဖြစ်အပျက်မျိုး (ဝါ)အကြောင်းခြင်းရာမျိုးနှင့် မရှေး မနှောင်းဖြစ်သော အဖြစ်အပျက်တစ်ခုကိုလည်း ထေရဂါထာတွင် တွေ့ရ

---

၁။ မ၊ ၃။ ၁၆၆-၈။ ၂။ စာမျက်နှာ ၁၃၅။ ၃။ စာမျက်နှာ ၂၃၉။

ပြန်သည်။ ယင်းကား အခြားမဟုတ် အသောကမင်းကြီး၏ ညီတော် တိဿမင်းသားအကြောင်းပင် ဖြစ်သည်။ ၎င်းထေရဂါထာ အဖွင့်၌ တိဿမင်းသား ရဟန်းပြုကြောင်း, သို့ရဟန်းပြုပြီးနောက် ပဋိပတ်အားထုတ်ကြောင်းနှင့် ပရိနိဗ္ဗာန် စံကြောင်းအထိ ပြဆိုထားသည်ကို တွေ့ရပေသည်[၁]။ ယင်းသို့ ဖြစ်ရကား ညီတော်တိဿမထေရ်၏ အကြောင်းကို ပြဆိုသော ဂါထာများသည် ပဌမ, ဒုတိယသင်္ဂါယနာတင်တို့တွင် မပါဝင်ခဲ့ဘဲ တတိယသင်္ဂါယနာတင်မှုဖြစ်စေ, ထို၏နောက်မှဖြစ်စေ ထည့်သွင်းထားသော ဂါထာများဖြစ်ကြောင်း ထင်ရှားပေသည်။

ကထာဝတ္ထုကျမ်းသည်လည်း ပဌမသင်္ဂါယနာတင် အဘိဓမ္မာကျမ်းများ စာရင်းတွင် ပါဝင်သော်လည်း အဋ္ဌကထာများအဆိုအရ[၂] ထိုစဉ်က မာတိကာအကျဉ်းမျှသာရှိခဲ့သည်။ နောင်အခါ အသောကမင်းတရား လက်ထက် တတိယသင်္ဂါယနာတင်ခါနီးအခါမှာမှ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဟောခဲ့သောကျမ်း ဖြစ်လေသည်။

ဤကား အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာတို့၌ ဖော်ပြထားသော သင်္ဂါယနာသုံးတန်စာရင်းတွင် ပါဝင်သော ပါဠိတော်တို့၌ လေ့လာစိစစ်ချက်တည်း။

အဆိုပါ သင်္ဂါယနာသုံးတန်စာရင်းတွင် မပါဝင်သော်လည်း ပါဠိတော်စာရင်းဝင်အဖြစ် ရှေးမထေရ်အဆက်ဆက်တို့ သတ်မှတ်လက်ခံ၍ ပါဠိတော်၌ထည့်သွင်းထားသော ကျမ်းများလည်းရှိသေးသည်။ ထိုကျမ်းတို့ကား နေတ္တိ, ပေဋကောပဒေသနှင့် မိလိန္ဒပဥှာကျမ်းတို့ ဖြစ်ပေသည်။

ထို ၃-ကျမ်းတို့တွင် နေတ္တိကျမ်းနှင့်ပတ်သက်၍ နေတ္တိအဋ္ဌကထာ၌[၃] ဆိုလတ္တံ့သောအတိုင်း ဖြေရှင်းထားသည်ကို တွေ့ရသည်။

---

၁။ ထေရ၊ ဋ္ဌ၊ ၂။ ၁၇၄-၈။

၂။အဘိ၊ဋ္ဌ၁၊ ၄၆။ အဘိ၊ ဋ္ဌ၃။၁၀၅-၁၁၁။ ဝိ၊ဋ္ဌ၁။၄၆။ ၃။ စာမျက်နှာ ၃-၄။

"ဤနေတ္တိကျမ်းကို မဟာသာဝက(အရှင်မဟာကစ္စာယန) ဟောအပ်၍ ဘုရားရှင် အနုမောဒနာပြုအပ်၏"ဟု ဘယ်သို့သိသနည်း?ဟူမူ ပါဠိအားဖြင့်ပင် သိသည်။ ထိုစကားမှန်၏။ ပါဠိတော်ထက်သာ၍ ပမာဏမြောက်သော အခြားကျမ်းမည်သည် မရှိပေ။ မဟာပဒေသ ၄-ပါးတို့နှင့် မဆန့်ကျင်သော အကြင်ပါဠိသည် ရှိ၏။ ထိုပါဠိသည် ပမာဏမြောက်ပေသည်။ မှန်၏။ မကဲ့ရဲ့အပ်သော ဆရာစဉ် အဆက်ဆက်သည် ပေဋကောပဒေသကဲ့သို့ ဤနေတ္တိကျမ်းကို ဆောင်ခဲ့သည်။ ယင်းသို့ဖြစ်လျှင် အဘယ့်ကြောင့် နေတ္တိကျမ်း၌ နိဒါန်းကို မဟောအပ်သနည်း? သာဝကဘာသိတဖြစ်သော သုဘသုတ်, အနင်္ဂဏသုတ်, ကစ္စာယနသံယုတ် စသည်တို့၏ နိဒါန်းကို ဟောအပ်သည် မဟုတ်လော?ဟူမူ ဤနိဒါန်းကို ဟောခြင်း မဟောခြင်းသည် ဧကန္တိက မဟုတ်ပေ။ အကြောင်းကား သာဝကဘာသိတဖြစ်သော ပဋိသမ္ဘိဒါမဂ်, နိဒ္ဒေသစသည်တို့၏လည်းကောင်း, ဗုဒ္ဓဘာသိတတို့တွင် ဓမ္မပဒ, ဗုဒ္ဓဝံသ စသည်တို့၏လည်းကောင်း နိဒါန်းကိုမဟောအပ်သောကြောင့်ဖြစ်ပေသည်။ နိဒါန်းမပါသောကြောင့်လည်း ယင်းကျမ်းတို့ ပမာဏမမြောက် မဟုတ်ကြပေ။ ထို့အတူပင် ဤနေတ္တိကျမ်း၌လည်း မှတ်အပ်၏။ ..... တစ်နည်းလည်း------ ပါဠိတော်၏ အနက်ကို ဖွင့်ပြရာကျမ်းဖြစ်သောကြောင့် ဤနေတ္တိကျမ်း၏ နိဒါန်းကို သီးခြားဆိုဖွယ် မလိုတော့ပေ။ ပဋိသမ္ဘိဒါမဂ်, နိဒ္ဒေသ စသည်တို့၏ နိဒါန်းကို ဆိုဖွယ်မလိုသကဲ့သို့တည်း။ ဤသို့ မှတ်အပ်၏"။

ၡင်းပြင် နေတ္တိကျမ်း၏အဆုံး၌ "ဧတ္တာဝတာ သမတ္တာ နေတ္တိ ယာ အာယသ္မတာ မဟာကစ္စာယနေန ဘာသိတာ ဘဂဝတာ အနုမောဒိတာ မူလသင်္ဂီတိယံ သင်္ဂီတာတိ"ဟု လာရှိသော နိဂုံးဝါကျကို ထောက်လျှင် ဤနေတ္တိကျမ်းကို မူလ(ပဌမ)သင်္ဂါယနာ၌ သင်္ဂါယနာတင်အပ်သည်ဟု မှတ်ယူဖွယ်ရှိပြန်သည်။

ယင်းသို့ပင် ပါဠိတော်နိဂုံးဝါကျနှင့် နေတ္တိအဋ္ဌကထာဆရာ အရှင်ဓမ္မပါလမထေရ်တို့က ဆိုသော်လည်း နေတ္တိကျမ်းနှင့်ပတ်သက်၍ ဆင်ခြင်ဖွယ်ချက်များကား မရှိ မဟုတ်, ရှိကြသည်သာ။ နေတ္တိကျမ်းကဲ့သို့ ထင်ရှားသောကျမ်းကို မဟာသာဝက အရှင်မဟာကစ္စာယနမထေရ် ဟောသည်ဖြစ်ခဲ့လျှင် ထိုမထေရ်၏ အတ္ထုပ္ပတ္တိကို ပြဆိုသော ပမာဏအမြောက်ဆုံးဖြစ်သည့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ပြဆိုသင့်ပါလျက် ယင်းကို မပြဆိုခဲ့ခြင်း, ပဉ္စမသင်္ဂါယနာ၌ သင်္ဂါယနာတင်အပ်သည်မှန်လျှင် အရှင်မဟာဗုဒ္ဓဃောသထုတ်ပြသော ပဉ္စမသင်္ဂါယနာဝင်ကျမ်းများ၌ ပါဝင်သင့်ပါလျက် မပါဝင်ခဲ့ခြင်း, အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန်းဝယ် ကထာဝတ္ထုကျမ်းကို သာဝကဘာသိတဖြစ်သော်လည်း ဘုရားဟောနှင့်တူစွာ လေးစားထိုက်သည်ကို ပြရာ၌ ဤနေတ္တိကျမ်းကို ဥဒါဟရုဏ်အဖြစ် ထုတ်ပြထိုက်ပါလျက် ဤကျမ်းကိုထုတ်မပြဘဲ မဓုပိဏ္ဍိကသုတ်ကို ထုတ်ပြခဲ့ခြင်း[၁] စသည်တို့ကို ဆင်ခြင်ထောက်ထားလျှင် နေတ္တိကျမ်းကို[၂] မဟာသာဝက အရှင်မဟာကစ္စာယနမထေရ်ဟော၍ ဘုရားရှင် အနုမောဒနာပြုသည်ဟုလည်းကောင်း, ပဉ္စမသင်္ဂါယနာ၌ ယင်းကျမ်းပါဝင်သည်ဟုလည်းကောင်း အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသမထေရ် ယူဆဟန်မရှိပေ။

သို့ပင်ဖြစ်သော်လည်း နေတ္တိကျမ်းသည် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသခေတ် မတိုင်မီက ပေါ်ရှိခဲ့သည်မှာကား ထင်ရှားပေသည်၊ အကြောင်းကား ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍဝယ် သာတ္ထံ, သဗျဉ္ဇနံ-ပုဒ်တို့ကိုဖွင့်ရာ၌[၃] နေတ္တိကျမ်းလာ အတ္ထပဒ ၆-ပါး, ဗျဉ္ဇနပဒ ၆-ပါးတို့ကိုလည်းကောင်း, မူလပဏ္ဏာသအဋ္ဌကထာ မူလပရိယာယသုတ် အဖွင့်(၃၂)၌ နေတ္တိကျမ်းလာ ဂါထာနှင့်တကွ လက္ခဏဟာရကိုလည်းကောင်း ယူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရသောကြောင့်တည်း။

---

၁။ စာမျက်နှာ ၅၆။

၂။ "ယခုအခါ တွေ့မြင်အပ်သည့်အတိုင်း အပြည့်အစုံဖြစ်သော နေတ္တိကျမ်းကို" ဟု ဆိုလိုသည်။

၃။ စာမျက်နှာ ၉၉။

ယင်းသို့ အရှင်မဟာဗုဒ္ဓဃောသခေတ် မတိုင်မီက ရှိခဲ့သော်လည်း နေတ္တိကျမ်းကို မဟာသာဝကအရှင်မဟာကစ္စာယနမထေရ်ဟော၍ ဘုရားရှင်က အနုမောဒနာပြုပြီး ပဌမသင်္ဂါယနာ၌ သင်္ဂါယနာတင်ခဲ့သည် ဟူသော အယူအဆကို မည်သည့်အချိန်က ပေါ်ပေါက်ခဲ့သည်ဟု အတိအကျ ဖော်ပြရန်ကား မဖြစ်နိုင်ပေ။ အရှင်မဟာဗုဒ္ဓဃောသခေတ်၏နောက် အရှင်ဓမ္မပါလမပေါ်မီ ခေတ်အတွင်း တစ်ချိန်ချိန်မှာ ထိုအယူအဆ ပေါ်ပေါက်လာသည်ဟုသာ မှတ်ယူအပ်ပေသည်။

"မူလသင်္ဂီတိယံ သင်္ဂီတာ"ဟူသော နေတ္တိကျမ်းလာ နိဂုံးစကားနှင့် နေတ္တိအဋ္ဌကထာ၌ ရှင်းပြချက်တို့ကို အရှင်မဟာဗုဒ္ဓဃောသ၏ မိန့်ဆိုချက်နှင့် ညီညွတ်စေရန် ဤသို့လည်း နှီးနှော၍ ယူဆကြသေး၏။ ယူဆပုံကား----- "အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာတို့၌ သင်္ဂါယနာသုံးတန် စာရင်းဝင်ကျမ်းအဖြစ်ဖြင့် ဖော်ပြထားသော ၁၅-ကျမ်းတို့အနက် နိဒ္ဒေသကျမ်းကဲ့သို့ပင် ပါဠိတော်တို့၏ အဖွင့်ဖြစ်သောကြောင့် ဤနေတ္တိကျမ်းကို အသီးအခြား မပြတော့ဘဲ နိဒ္ဒေသကျမ်းကိုသာ နိဒဿနနည်းဖြင့် ပြတော်မူခဲ့သည်။ သို့ဖြစ်၍ ဤနေတ္တိကျမ်းကိုလည်း နိဒ္ဒေသကျမ်းကဲ့သို့ပင် သင်္ဂါယနာသုံးတန်ဝင်ကျမ်းဟု မှတ်ယူရမည်"ဟူ၏။ ဤယူဆချက်ကို လက်ခံနိုင်လျှင်ကား အထူးစိစစ်ဖွယ် မရှိတော့ပြီ။

ပေဋကောပဒေသကျမ်းမှာလည်း မဟာသာဝက အရှင်မဟာကစ္စာယနမထေရ်ပင် ဟောကြောင်း ၎င်းကျမ်း နိဂုံးစကားများက ဆိုပေသည်[၁]။ ဤကျမ်းလည်း အဋ္ဌကထာတို့တွင် ဈာန်ခန်းအဖွင့်တို့၌ "ပေဋကေ"ဟု အကိုး ပါရှိရာ[၂] ယင်း

၁။ ပေဋကောပဒေသေ မဟာကစ္စာယနေန ဘာသိတေ......။ (ပေဋကော။ ၁၈၃)။ ထေရဿ မဟာကစ္စာယနဿ ပေဋကောပဒေသော။(၎င်း။ ၃၂၈)။ ထေရဿ မဟာကစ္စာယနဿ ဇမ္ဗုဝန ဝါသိနော ပေဋကောပဒေသော သမတ္တော။ (၎င်း။၃၄၁။)

၂။ ဝိ႒၊၁။၁၁၄။ အဘိ႒၊၁။၂၁၀။ ဝိသုဒ္ဓိ၊၁။ ၁၃၇။

ပေဋက-အရ ဋီကာများဖွင့်သည့်အတိုင်း[၁] ပေဋကောပဒေသကို ယူရသောကြောင့် နေတ္တိကျမ်းအတူပင် အရှင်မဟာဗုဒ္ဓဃောသ မတိုင်မီက ရှိခဲ့သောကျမ်းဖြစ်ကြောင်း မှတ်ယူအပ်ပေသည်။

မိလိန္ဒပဉှာကျမ်းသည်လည်း အလွန်နောက်ကျသောခေတ်မှ ပေါ်လာသောကျမ်းဖြစ်ပေသည်။ ချဲ့ဦးအံ့-------- "တေ ဥဘောပိ ဒေဝေသု စ မနုဿေသု စ သံသရန္တာ ဧကံ ဗုဒ္ဓန္တရံ ခေပေသုံ၊ အထ အမှာကံ ဘဂဝတာပိ 'ယထာ မောဂ္ဂလိပုတ္တတိဿတ္ထေရော ဒိဿတိ၊ ဧဝမေတေပိ ဒိဿန္တိ မမ ပရိနိဗ္ဗာနတော ပဉ္စဝဿသတေ အတိက္ကန္တေ ဧတေ ဥပ္ပဇ္ဇိဿန္တိ၊ ယံ မယာ သုခုမံကတွာ ဒေသိတံ ဓမ္မဝိနယံ၊ တံ ဧတေ ပဉှပုစ္ဆနဩပမ္မယုတ္တိဝသေန နိဇ္ဇဋံ နိဂ္ဂုမ္ဗံ ကတွာ ဝိဘဇိဿန္တိ'တိ နိဒ္ဒိဋ္ဌာ"ဟူသော မိလိန္ဒပဉှာ(၃)လာ စကားအရ အရှင်နာဂသိန်နှင့် မိလိန္ဒဘုရင်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် အနှစ် ၅၀၀-ကျော်မှ ပေါ်ခဲ့ ကြသော ပုဂ္ဂိုလ်ထူးတို့ ဖြစ်ကြ၏၊ ၎င်းတို့၏ အဖြစ်အပျက်ပင် အနှစ်-၅၀၀ ကျော်လျှင် မိလိန္ဒပဉှာကျမ်း ပေါ်ပေါက်ရာခေတ်မှာ ထို့ထက်ပင် နောက်ကျပေဦးမည်။ သို့ဖြစ်၍ မိလိန္ဒပဉှာကျမ်းသည် ဝဋ္ဋဂါမဏိမင်းလက်ထက် ပိဋကတော်တို့ကို ပေထက်အက္ခရာတင်ပြီးသည့်နောက်မှ[၂] ပေါ်လာသောကျမ်းဖြစ်သည်ဟု ဧကန်မှတ်သင့်ပေသည်။

---

၁။ မဟာကစ္စာယနတ္ထေရေန ဒေသိတာ ပိဋကာနံ သံဝဏ္ဏနာ ပေဋကံ၊ တသ္မိံ ပေဋကေ။ (ဝိသုဒ္ဓိ၊ ဋီ၊၁။၁၆၅။သာရတ္ထ၊၁။၃၈၅)။ ပေဋကောတိ မဟာကစ္စာယနတ္ထေရေန ကတံ နေတ္တိပ္ပကရဏာနုသာရိပကရဏံ၊ တံ ပန ပိဋကာနံဝဏ္ဏနာဘူတတ္တာ "ပေဋက"န္တိ ဝုတ္တံ။ (ဝိမတိ၊၁။၇၂)။ ပါရာဇိကဏ် ဝဏ္ဏိသစ်၊ ဒု၊၁၆၈-နှင့်နေတ္တိ၊ဋ္ဌ၊၃၊၄၇၊၄၈၊ ၂၀၈-တို့လည်း ကြည့်။

၂။ ဤပေထက်အက္ခရာတင်ခြင်းကို "စတုတ္ထသင်္ဂါယနာ"ဟူသောအမည်ဖြင့် ရေးကျသော မှတ်တမ်းတို့၌ မှတ်တမ်းတင်သည်ကို မတွေ့ရပေ။

ပိဋကတ္တယပါဠိဉ္စ၊ တဿာ အဋ္ဌကထမ္ပိ စ။
မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခူ မဟာမတီ။
ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူ သမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ။ (ဒီပဝံသ။ ၂၀၊၂၀။ မဟာဝံသ။ ၃၃။၁၀၀၊၁၀၂။)

ထိုသို့ နောက်ကျသောကာလမှ ပေါ်လာသောကျမ်းဖြစ်သော်လည်း မိလိန္ဒပဥှာကျမ်းသည် ဗုဒ္ဓဝါဒဆိုင်ရာ ခဲရာခဲဆစ် အဖုအထစ်သဖွယ်ဖြစ်သော အရာဌာနတို့ကို ဘုရားရှင် အလိုတော်ကျ ဖြေရှင်းပြသော ကျမ်းဖြစ်၍ ဘုရားဟောနှင့်မခြား အလားတူပင် အလေးပြုခြင်းကို ခံခဲ့ရပေသည်။ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည်လည်း မိမိ၏ အဋ္ဌကထာတို့တွင် အရေးတကြီးဖြေရှင်းဖွယ်ရှိသော နေရာဌာနတို့၌ မိလိန္ဒပဥှာကျမ်းကိုပင် ထုတ်ဖော်ကိုးကား၍ ဖြေရှင်းခဲ့သည်များကို တွေ့ရပေသည်[၁]။ ဤမိလိန္ဒပဥှာကျမ်း၏ နောက်၌ကား ပါဠိတော်ကဲ့သို့ အသိအမှတ်ပြုအပ်သည့်ကျမ်းများ မပေါ်ထွက်တော့ချေ။ ပါဠိတော်စာပေခေတ်မှာ မိလိန္ဒပဥှာကျမ်းဖြင့် အဆုံးသတ် နိဂုံးချုပ်သွားသည်ဟုပင် ဆိုရပေမည်။

ဤသို့လျှင် ခုဒ္ဒကနိကာယ်ဝင် ပါဠိတော်အရေအတွက်မှာ အဋ္ဌကထာ၌ ပြအပ်သည့် ၁၅-ကျမ်းအပြင် နေတ္တိ, ပေဋကောပဒေသ, မိလိန္ဒပဥှာတို့ကိုပါ ပေါင်းထည့်၍ ၁၈-ကျမ်း ဖြစ်လာလေတော့သည်။ ယင်း ၁၈-ကျမ်းကိုပင် သုတ္တန္တပိဋ္ဌက ခုဒ္ဒကနိကာယ်ဝင် ပါဠိတော်အဖြစ်ဖြင့် သတ်မှတ်၍ ပဥ္စမသင်္ဂါယနာ, ဆဋ္ဌသင်္ဂါယနာတို့၌ သာသနာ့ဝန်ဆောင် ဆရာတော်တို့ သင်္ဂါယနာတင်တော်မူခဲ့ကြလေသည်။

အထက်၌ ဖော်ပြခဲ့သည့် ပါဠိတော်ကျမ်းတို့သည် သီဟိုဠ်ကျွန်းသို့ ရောက်မှ ပေထက်အက္ခရာတင်အဖြစ်သို့ ရောက်သော်လည်း ဇမ္ဗူဒိပ်ခေါ် အိန္ဒိယပြည်၌ ဖြစ်ပေါ်ခဲ့ကြသော ကျမ်းဂန်များဖြစ်၍ အိန္ဒိယပါဠိစာပေများပင် ဖြစ်ပေသည်။

---

အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာတို့၌လည်း သင်္ဂါယနာ ၃-တန်ကိုသာ ပြဆိုသည်ကို တွေ့ရသည်၊ ဝဇိရဗုဒ္ဓိဋီကာ(၅၄၃)၌ကား ပေါရာဏာဟိ မဟာထေရေဟိတိ သီဟဠဒီပေ မဟာထေရေဟိ ပေါတ္ထကံ အာရောပိတကာလေ ဌပိတာတိ အတ္ထော။ "စတုတ္ထသင်္ဂီတိသဒိသာ ပေါတ္ထကာရုဠှသင်္ဂီတိ အဟောသိ"တိ ဝုတ္တံ-ဟုဆိုသည်။ သာရတ္ထ (၃။၄၅၆)နှင့် ဝိမတိ (၂။၂၇၂) ဋီကာတို့၌လည်း အလားတူပင် ဆိုကြသည်။

၁။ ဝိ၊ဋ္ဌ၊၁။၁၉၅။ ဝိ၊ဋ္ဌ၊၂။၁၀၉။ ဒီ၊ဋ္ဌ၊၁။၂၄၆။ ဒီ၊ဋ္ဌ၊၃။၈၄။ မ၊ဋ္ဌ၊၁။၈၆။ မ၊ဋ္ဌ၊၂။ ၂၄၄၊၂၈၅။ မ၊ဋ္ဌ၊၃။၂၅၃။ သံ၊ဋ္ဌ၊၂။၉၂၊၂၇၁။ အံ၊ဋ္ဌ၊၁။၄၉၊၇၂၃၅၉၊၃၈၉။ အံ၊ဋ္ဌ၊၃။ ၇၂၊၁၈၂။ အဘိ၊ဋ္ဌ၊၁။ ၁၅၁၊၁၅၅၊၁၅၇၊၁၆၁၊၁၆၃၊၁၆၄၊၁၆၆၊၁၈၆။ သုတ္တနိ၊ဋ္ဌ၊၂။၁၇၃။

## သီဟိုဠ်နိုင်ငံ ပါဠိစာပေ

သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာရောက်ပြီးနောက်မှ ပေါ်လာသော သာသနာဆိုင်ရာ ကျမ်းဂန်တို့ကိုကား သီဟိုဠ်ပါဠိစာပေဟုပင် ခေါ်ရပေမည်၊ ၎င်း သီဟိုဠ်ပါဠိစာပေခေတ်ဆိုင်ရာ ကျမ်းဂန်တို့ကား အဋ္ဌကထာ, ဋီကာ, အနုဋီကာ-စသည်ဖြင့် များစွာရှိလေသည်။

၎င်းတို့တွင် အဋ္ဌကထာသည်[၁] မြတ်စွာဘုရားလက်ထက်ကပင် ရှိခဲ့သည်။ သို့သော် အဋ္ဌကထာဟူသောအမည်ဖြင့် မထင်ရှားခဲ့ဘဲ **ပကိဏ္ဏကဒေသနာ** ==== အထွေထွေတရားတော်ဟူသော အမည်ဖြင့် သာရှိခဲ့လေသည်။ မြတ်စွာဘုရားသည် တရားတော်တို့ကို ဟောတော်မူပြီးနောက် ၎င်းတရားတော်တို့တွင် ခဲခက်သောနေရာတို့၌ သိသာထင်ရှားစိမ့်သောငှါ ထပ်၍ ဖွင့်ပြလျက် အကျယ်ဟောတော်မူအပ်သည့် ဒေသနာမျိုး ရှိခဲ့ရာ ယင်းဒေသနာသည် ပါဠိတော်ဟူသောအမည်တွင် မပါဝင်ဘဲ သီးခြား ရှိနေခဲ့လေသည်။ ထိုသီးခြားဒေသနာတော်ဖြစ်သည့် ပကိဏ္ဏကဒေသနာကိုလည်း သင်္ဂါယနာအဆက်ဆက်တွင် ထိပ်ခေါင်တင် မထေရ်တို့ သင်္ဂါယနာတင်၍ ဆောင်ယူခဲ့ကြလေသည်။

တတိယသင်္ဂါယနာတင်ပြီးနောက် အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွသောအခါ သင်္ဂါယနာ ၃-တန်တင် ပါဠိတော်တို့နှင့်တကွ အဋ္ဌကထာဟု ခေါ်နိုင်သည့် ပကိဏ္ဏကဒေသနာများကိုပါ ဆောင်ယူသွားတော်မူသည်။ ၎င်းအဋ္ဌကထာတို့ သီဟိုဠ်ကျွန်းသို့ ရောက်ပြီးနောက် သီဟိုဠ်ကျွန်းသားတို့ အလွယ်တကူ သင်ယူနိုင်စိမ့်သောငှါ သာသနာ့ဝန်ဆောင်မထေရ်တို့က ယင်းပကိဏ္ဏကဒေသနာအဋ္ဌကထာများကို သီဟိုဠ်ဘာသာသို့ ပြန်ဆိုခဲ့ကြလေသည်။ ထိုမှနောက် ကာလကြာမြင့်သောအခါ သီဟိုဠ်ဘာသာဖြင့် အဋ္ဌကထာအမျိုးမျိုးတို့ ပေါ်ပေါက်ခဲ့ပြန်လေသည်။ သီဟိုဠ်ဘာသာဖြင့် သာမက အိန္ဒိယတောင်ပိုင်းဘာသာတို့ဖြင့် ရေးသားအပ်သော အဋ္ဌကထာ

---

၁။ ဤအဘိဓာန် "အဋ္ဌကထာ"ပုဒ်ကိုလည်း ကြည့်။

တို့လည်း ရှိပြန်လေသည်။ အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ ကြွရောက်ပြီးနောက် အဋ္ဌကထာသစ်များကို ပြုစုသောအခါ ၎င်းအဋ္ဌကထာများကိုပင် အမှီပြု၍ ရေးသားပြုစုခဲ့ခြင်းဖြစ်လေသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်များ မပေါ်မီ ရှေးယခင်က ပေါ်နှင့်နေသော အဋ္ဌကထာတို့ကား မဟာအဋ္ဌကထာ, မဟာပစ္စရီအဋ္ဌကထာ, စူဠပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, အန္ဓကအဋ္ဌကထာ, အရိယအဋ္ဌကထာ, သင်္ခေပအဋ္ဌကထာ စသည်တို့ ဖြစ်လေသည်[၁]။ ယင်းတို့တွင်လည်း မဟာဝိဟာရဝါသီ အရှင်တို့၏အယူကို အမှန်အတိုင်း ထုတ်ဖော်ပြသည့် မဟာအဋ္ဌကထာသည် အရှင်မဟာဗုဒ္ဓဃောသ အလေးစားဆုံး အဋ္ဌကထာ ဖြစ်ပေသည်။ မိမိ၏ အဋ္ဌကထာသစ်များကိုပြုစုရာ၌ မဟာအဋ္ဌကထာကို အထည် ကိုယ်ပြု၍ အခြားမဟာပစ္စရီအဋ္ဌကထာစသည်တို့ကိုကား အကြောင်းအားလျော်စွာ ရံခါရံခါမှသာ ဖော်ပြရေးသားသည်ကို တွေ့ရပေသည်။

၎င်းအဋ္ဌကထာတို့တွင် မဟာအဋ္ဌကထာ, မဟာပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာဟူသော ဤအဋ္ဌကထာ ၃-စောင်ကို သီဟဠဋ္ဌကထာဟူ၍လည်း ခေါ်သည်[၂]။ ၎င်းတို့တွင် အရှင်မဟိန္ဒ ဆောင်ယူခဲ့သော မူလအဋ္ဌကထာကိုပင် မဟာအဋ္ဌကထာဟုခေါ်သည်[၃]။ မဟာပစ္စရီအဋ္ဌကထာ

---

၁။ သံဝဏ္ဏနံ တဉ္စ သမာရဘန္တော၊ တဿာ မဟာအဋ္ဌကထံ သရီရံ။
ကတွာ မဟာပစ္စရိယံ တထေဝ၊ ကုရုန္ဒိနာမာဒိသု ဝိဿုတာသု။ (ဝိဋ္ဌ၊ ၁။ ၂။)
ဧတ္ထ အာဒိသဒ္ဒေန စူဠပစ္စရိအန္ဓကအရိယအဋ္ဌကထာပန္နဝါရာဒယောပိ သင်္ဂဟိတာ။ (ဝဇိရ၊ ၁၈)။
အာဒိသဒ္ဒေန အန္ဓကဋ္ဌကထံ သင်္ခေပဋ္ဌကထဉ္စ သင်္ဂဏှာတိ။ (သာရတ္ထ၊ ၁။ ၂၀။ ဝိမတိ၊ ၆။)
၂။ မဟာအဋ္ဌကထဉ္စေဝ၊ မဟာပစ္စရိမေဝစ။
ကုရုန္ဒိဉ္စာတိ တိဿောပိ၊ သီဟဠဋ္ဌကထာ ဣမာ။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၆၃)
၃။ ဒီဃ,မဇ္ဈိမ,သံယုတ္တ,အင်္ဂုတ္တရအဋ္ဌကထာ နိဂုံးတို့၌ လာသော—"သာ ဟိ မဟာအဋ္ဌကထာယ၊ သာရမာဒါယ နိဋ္ဌိတာ ဧသာ"နှင့်"မူလဋ္ဌကထာသာရံ၊ အာဒါယ မယာ ဣမံ ကရောန္တေန"တို့ကို ယှဉ်ကြည့်ပါ။

ကား ဖောင်ပေါ်၌နေလျက် ရေးသားပြုစုအပ်သော အဋ္ဌကထာဖြစ်သည်၊ ကုရုန္ဒီ အဋ္ဌကထာကိုကား ကုရုန္ဒီဝလ္လိမည်သောကျောင်း၌ ရေးသားအပ်သောကြောင့် ယင်းသို့ခေါ် ဆိုအပ်လေသည်[၁]။ စူဠပစ္စရီအဋ္ဌကထာ, သင်္ခေပ အဋ္ဌကထာတို့ကား အထက်ပါအကျယ်ဖြစ်သော အဋ္ဌကထာတို့၏ အကျဉ်းချုပ်များပင် ဖြစ်ဟန်တူပေသည်။ အန္ဓကအဋ္ဌကထာဟူသည်မှာကား အိန္ဒိယတောင်ပိုင်း ဘာသာတစ်ခုခုဖြင့် ရေးသားအပ်သော အဋ္ဌကထာဖြစ်ပေမည်[၂]။

ဖော်ပြခဲ့ပြီးသော အဋ္ဌကထာများအပြင် အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းဝယ် ပရိယတ်,ပဋိပတ်၌ ကျော်ကြားသော ထိုထိုမထေရ်တို့၏ အယူဝါဒများ, ထေရသလ္လာပခေါ် စာတတ်မထေရ်တို့၏ ဆွေးနွေးချက်များ[၃], ဇမ္ဗူဒိပ်၌ထင်ရှားသောမထေရ်(ပရသမုဒ္ဒ ဝါသီထေရ်)တို့၏ အယူအဆများ[၄], ရှေးရှေးဆရာတို့၏ အယူအဆများနှင့် ထိုထိုနိကာယ် ဆောင် ဘာဏကမထေရ်တို့၏ ဝါဒများကိုပါ ကြည့်ရှုလေ့လာတိုက်ဆိုင်၍ အဋ္ဌကထာသစ် များကို ရေးသားခဲ့သည်ကိုလည်း တွေ့ရှိရပေသည်။

အထက်ပါ အဋ္ဌကထာများနည်းတူပင် ဒီပဝံသခေါ်သော ကျမ်းတစ်စောင်လည်း အရှင်မဟာဗုဒ္ဓဃောသ၏ကျမ်းများ မပေါ်မီ ရှေးယခင်ကပေါ်နှင့်နေသောကျမ်း ဖြစ်ပေသည်။ ၎င်းကျမ်းကား ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်သည့် အိန္ဒိယနှင့် သီဟိုဠ်ရာဇဝင်သမိုင်းကို ဂါထာတို့ဖြင့် ရေးသားထားသည့်ကျမ်းဖြစ်၏။ ၎င်းကျမ်း၏ ကျမ်းပြုဆရာကား အမည်မထင်ရှာ

၁။ ပစ္စရီ နာမ သီဟဠဘာသာယ ဥဠုမ္ပံ ကိရ၊ တသ္မိံ နိသီဒိတွာ ကတတ္တာ တမေဝ နာမံ ဇာတံ။ ကုရုန္ဒိဝလ္လိဝိဟာရော နာမ အတ္ထိ၊ တတ္ထ ကတတ္တာ ကုရုန္ဒီ နာမ ဇာတာ။ (ဝဇိရဗုဒ္ဓိဋီကာ။၁၈)။ သာရတ္ထ, ဝိမတိတို့၌လည်း နည်းတူပင် ဆိုကြသည်။

၂။ အန္ဓကဘာသာဟူသည် တေလဂူဘာသာဖြစ်ကြောင်း မောဂ္ဂလ္လာန်နိဿယ နိဒါန်း(က)၌ မိန့်ဆိုထားသည်၊ သို့ဖြစ်၍ အန္ဓကအဋ္ဌကထာသည် တေလဂူဘာသာဖြင့် ရေးသားအပ်သော အဋ္ဌကထာ တစ်စောင်ပင် ဖြစ်ပေမည်။

၃။ ဒီ၊ဋ္ဌ၊၃။ ၆၆-ကြည့်။ ၄။ မ။ ဋ္ဌ၊ ၃။ ၁၉၅၊ ၁၉၈၊ ၂၁၀-ကြည့်။

ခဲ့ပေ။ အမည်မသိမထေရ်တစ်ပါးသော်လည်းကောင်း, မထေရ်အများသော်လည်းကောင်း ရေးသားခဲ့သည်ဟု ခန့်မှန်းရပေသည်။

ဝင်းဒီပဝံသကျမ်းကို သာသနာနှစ် ၈ဝ၈-မှ ၈၃၅ (အေဒီ ၃၂၅-မှ ၃၅၂)ခုနှစ်တိုင် သီဟိုဠ်ကျွန်း၌ မင်းပြုသည့် မဟာသေနမင်း၏ အကြောင်းဖြင့် အဆုံးသတ်ထားသည်ကို တွေ့ရှိရသဖြင့် ဝင်းကျမ်းသည် အေဒီ ၄-ရာစုနှစ်အတွင်း ပြုစုအပ်သောကျမ်းဟု မှတ်ယူနိုင်ပေသည်။ စာပေအရေးအသား ပြေပြစ်ချောမွေ့မှုနည်းသဖြင့် ဤကျမ်းသည် စာပေဂုဏ်မြောက်လှသောကျမ်းဟု မဆိုနိုင်သော်လည်း ရှေးခေတ် အိန္ဒိယပြည်နှင့် သီဟိုဠ်ကျွန်းဆိုင်ရာ ရာဇဝင်, သာသနာဝင်နှင့် ပတ်သက်၍ ဗဟုသုတ များစွာပေးနိုင်သောကျမ်းဖြစ်သဖြင့် အဋ္ဌကထာဆရာတို့ပင် အလေးပြုအပ်သော ကျမ်းဖြစ်ပေသည်။ ထို့ကြောင့်လည်း အဋ္ဌကထာသစ်ဆရာ အရှင်မဟာဗုဒ္ဓဃောသသည် ဝိနည်းအဋ္ဌကထာ၏ နိဒါန်းဝယ် အိန္ဒိယနှင့်သီဟိုဠ်ဆိုင်ရာ သာသနာဝင်ကို ပြဆိုရာ၌လည်းကောင်း[၁], ကထာဝတ္ထုအဋ္ဌကထာ၏ အစဝယ် အဓမ္မဝါဒီဂိုဏ်းများပေါ်ပေါက်ပုံကို ပြဆိုရာ၌လည်းကောင်း[၂] ဤဒီပဝံသကျမ်းကိုပင် အကိုးအကား မှီငြမ်းပြု၍ ရေးသားထားသည်ကို တွေ့ရပေသည်။

ဤဒီပဝံသကျမ်းနှင့်စပ်သွယ်၍ မဟာဝံသကျမ်းကိုလည်း သိသင့်သည်။ ဝင်းကျမ်းကား အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်များပေါ်ပြီးနောက်မှ ပေါ်သောကျမ်း ဖြစ်လေသည်။ ဤကျမ်း၌ဖော်ပြပါရှိသော ကာလအပိုင်းအခြားသည် ဒီပဝံသကျမ်း၌ပါရှိသော ကာလအပိုင်းအခြားနှင့် အတူတူပင်ဖြစ်လျက် မဟာသေနမင်းအကြောင်းဖြင့်ပင် အဆုံးသတ်ထားသည်ကို တွေ့ရပေသည်။ သို့သော်လည်း ဤကျမ်း၏ ထူးခြားချက်မှာ ဒီပဝံသကျမ်း၌တွေ့ရသော စာပေအပြစ်အနာအဆာများကို ပယ်ထုတ်ရှောင်ကွင်းလျက် သာယာနာပျော်ဖွယ် ဂါထာဗန္ဓတို့ဖြင့် စာပေဂုဏ်မြောက်အောင်

---

၁။ ပါရာဇိကကဏ်အဋ္ဌကထာ ဗာဟိရနိဒါန်းအဖွင့် ကြည့်။ ၂။ အဘိ၊ ၄၊ ၃။ ၁၀၅-၉ ကြည့်ပါ။

ချဲ့ထွင်ရေးသားထားခြင်းပင်ဖြစ်ပေသည်။ ဤကျမ်း၏ကျမ်းပြုဆရာကား အရှင်မဟာနာမဖြစ်၍ ၎င်းမထေရ်သည် အေဒီ ၆-ရာစု အဦးပိုင်းလောက်မှာ ဤကျမ်းကို ရေးသားခဲ့သည်ဟု ခန့်မှန်းကြသည်[၁]။ ဤကျမ်း၏ အဆက်ကိုလည်း နောက်ဆရာတို့ ဆက်လက်ရေးသားခဲ့ကြသည်။ ၎င်းအဆက်ကိုပင် ယခုအခါ "စူဠဝံသ"ဟု ခေါ်လေသည်။ ၎င်းကျမ်း၌ သီဟိုဠ်တစ်ကျွန်းလုံးကို အင်္ဂလိပ်တို့ သိမ်းယူသည်အထိ အဖြစ်အပျက်တို့ပါဝင်သည်[၂]။

အရှင်မဟာဗုဒ္ဓဃောသသည် မိမိပြုစုသည့် အဋ္ဌကထာသစ်များ၏ ကျမ်းဦးစကားရပ်တို့၌ မိမိသည် အရှင်မဟိန္ဒ သီဟိုဠ်ကျွန်းသို့ ဆောင်ယူလာသော သင်္ဂါယနာ၃-တန်တင် ပကိဏ္ဏကဒေသနာဟုခေါ်အပ်သော မူလအဋ္ဌကထာကို ဘာသာပြန်ထားသည့် သီဟိုဠ်အဋ္ဌကထာကို မူရင်းပြု၍ ၎င်းမှ သီဟိုဠ်ဘာသာကိုသာပယ်ပြီး မာဂဓဘာသာသို့ပြန်ဆိုရုံမျှသာ ပြုအပ်ကြောင်း မိန့်ဆိုရေးသားခဲ့သည်တို့ကို တွေ့ရပေသည်။ အထူးသဖြင့် ဝိနည်းအဋ္ဌကထာကိုရေးရာ၌ မဟာအဋ္ဌကထာကို မူလအထည်ကိုယ်ပြု၍ ၎င်းမှ သီဟိုဠ်ဘာသာကို သာပယ်ပြီးလျှင် ကြွင်းကုရုန္ဒီစသော ရှေးအဋ္ဌကထာတို့မှ ယူသင့်သည့် အဆုံးအဖြတ်များကို ယူ၍ ရေးသားထားကြောင်း မိန့်ဆိုလျက်ရှိပေသည်။

ယင်းသို့ မိမိကိုယ်ကို အလွန်နှိမ့်ချ၍ မိန့်ဆိုခဲ့သော်လည်း အဋ္ဌကထာသစ်များကို ကြည့်ရှုလေ့လာသောအခါ အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဘာသာပြန်ရုံ သက်သက်မျှသာ မဟုတ်သေးဘဲ မိမိ၏ပင်ကိုဉာဏ်ကို အသုံးပြု၍လည်း ရေးသားထားအပ်သည့် နေရာများကို အများအပြားပင် တွေ့ရှိနိုင်ပေသည်။ ဝိနည်းအဆုံးအဖြတ်တို့တွင် မှီရာအဋ္ဌကထာတို့ တစ်ကျမ်း

---

၁။ Wilhelm Geiger ၏ Pāli Literature and Language စာမျက်နှာ-၃၆။

၂။ ပရတီရံ ပတာရေတွာ၊ ရာဇာနံ လောကပိဋကံ။
ကွင်္ဂီရိသိနာမကာ သင်္ဃ၊ ရဋ္ဌံ ကရဂတံ ကရုံ။ (စူဠဝံသ နောက်ဆုံးဂါထာ)
ဤဂါထာ၌ ရာဇာနံ-အရ သိရိဝိက္ကမရာဇသီဟ (သီဟိုဠ် နောက်ဆုံးမင်း ၁၇၉၈-၁၈၁၅)ကို ယူ။ ကွင်္ဂီရိသိ-ဟူသည် အင်္ဂလိပ်ကိုပင် ပါဠိလိုခေါ်ခြင်း ဖြစ်သည်။

နှင့်တစ်ကျမ်းအယူအဆ ကွဲလွဲရာ၌ မိမိ၏ဉာဏ်ဖြင့် နှိုင်းချိန်၍ အဆုံးအဖြတ် ပေးခဲ့သည်တို့ကိုလည်း တွေ့ရသည်။ ရံခါတွင် မိမိ၏ ပမာနမှိုခိုအားထားရာ ဖြစ်သော မဟာအဋ္ဌကထာကိုပင် ပမာဒလိခိတဟု ဆိုသောနေရာကို[၁] တွေ့ရ၍ အချို့နေရာ တွင် မဟာအဋ္ဌကထာ၌လာသော အဆုံးအဖြတ်ကို ပယ်၍ မဟာပစ္စရီအဋ္ဌကထာစသည်၌ လာသော အဆုံးအဖြတ်ကို လက်ခံအတည် ပြုထားသည်များကိုလည်း[၂] တွေ့ရှိနိုင်ပေသည်။ မူလပဏ္ဏာသအဋ္ဌကထာ (မ႑ဋ္ဌ၁။၃၀)တွင်လည်း ရှေးဆရာတို့ စိစစ်ခြင်းမပြုခဲ့သည့်အချက်ကို "အပိစာရိတမေတံ ပေါရာဏေဟိ၊ အယံ ပန အတ္တနော မတိ. . . . ." စသည်ဖြင့် မိမိ၏ ကိုယ်ပိုင်ဉာဏ်စွမ်းကိုအသုံးပြုလျက် စိစစ်ဖွင့်ဆိုထားသည် ကိုတွေ့ရသည်။ ယမိုက်အဋ္ဌကထာတစ်နေရာတွင်[၃] ဝိဘင်း၏အဖွင့် သီဟဠဋ္ဌကထာ၌ဆိုထားသော စကားကို ပါဠိတော်နှင့် ချိန်ထိုး၍ ပယ်ထား သည်ကို တွေ့ရှိရသည်။ သို့ဖြစ်လေရာ အရှင်မဟာဗုဒ္ဓ-ဃောသသည် အဋ္ဌကထာ သစ်များကို ရေးသားခဲ့ရာ၌ ဘာသာပြန်ရုံ သက်သက်မျှကိုသာ ပြုလုပ်ခဲ့သည်မဟုတ်ဘဲ အချို့အချို့နေရာများတွင် မိမိ၏ ထက်မြက်လှသော ဉာဏ်ကို ပေါ်လွင်စေလျက် တိကျပြတ်သားသော ဆုံးဖြတ်ချက်များကိုလည်း ပေးခဲ့ရကား မိမိသည် အတုမဲ့ကျမ်းပြုပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်းကိုလည်း ပြသ တော်မူခဲ့သည်သာ ဖြစ်ပေသည်။

အရှင်မဟာဗုဒ္ဓဃောသမထေရ် ပြုစုခဲ့သော ကျမ်းတို့ကား ဝိနည်း ပိဋက, ဒီဃ နိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, အဘိဓမ္မာပိဋက, ခုဒ္ဒကပါဌ, ဓမ္မပဒ, သုတ္တ နိပါတ်, ဇာတ်နှင့် ပါတိမောက်၏ အဖွင့်အဋ္ဌကထာများအပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ ဖြစ်၍ ဆဋ္ဌသင်္ဂါယနာ မူအရ စာအုပ်ပေါင်း ၃၅-အုပ် စာမျက်နှာပေါင်း ၁၃၀၀၀-ကျော်မျှ

၁။ ဝိ႑ဋ္ဌ၁။ ၂၇၀။ ၂။ ဝိ႑ဋ္ဌ၁။ ၂၇၇။

၃။ ယံ ပန ဝိဘင်္ဂပ္ပကရဏဿ သီဟဠဋ္ဌကထာယံ "စိတ္တသမုဋ္ဌာနံ ရူပံ သတ္တရသမေဿ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရုဇ္ဈတိ" တိ ဝုတ္တံ၊ တံ ဣမာယ ပါဠိယာ ဝိရုဇ္ဈတိ။ အဋ္ဌကထာတော စ ပါဠိယေဝ ဗလဝတရာတိ ပါဠိယံ ဝုတ္တမေဝ ပမာဏံ။ (အဘိ႑ဋ္ဌ၃။ ၃၁၆။)

ရှိလေသည်။ ဤမျှများပြားသော အဋ္ဌကထာတို့ကို တစ်ဦးတည်း ရေးသားပြုစုခဲ့သည်ကို ကြည့်သဖြင့်ပင် အဋ္ဌကထာဆရာ၏ လွန်ကဲသော ကရုဏာ, ထက်မြက်သော ဉာဏ်တော်နှင့် ကြီးကျယ်သော ဝီရိယဓာတ်တို့ကို မှန်းဆကြည်ညိုနိုင်လောက်ပေသည်[၁]။

အရှင်မဟာဗုဒ္ဓဃောသသည် သာသနာနှစ် ၉၀၀-မှ ၁၀၀၀-အတွင်း ထွန်းကားခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်လေရာ ထိုမထေရ်နှင့် တစ်ခေတ်တည်း ထွန်းကားသည်ဟု ယူဆရသော အခြားအဋ္ဌကထာဆရာတစ်ဦးလည်း ရှိသေးသည်၊ ထိုဆရာကား အရှင်ဗုဒ္ဓဒတ္တပင် ဖြစ်ပေသည်။ ဤမထေရ်သည် အရှင်မဟာဗုဒ္ဓဃောသ မဖွင့်ဆိုဘဲ ခြွင်းချန်ထားခဲ့သော ကျမ်းများအနက်မှ ဗုဒ္ဓဝံသပါဠိတော်ကို ရွေးနုတ်၍ ၎င်းအဖွင့်အဋ္ဌကထာကို ရေးသားခဲ့လေသည်။ ဤအရှင် ဗုဒ္ဓဒတ္တသည် ဗုဒ္ဓဝံသအဋ္ဌကထာအပြင် အဘိဓမ္မာဝတာရ, ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယ စသော ကျမ်းပေါင်းများစွာကိုလည်း နောက်သားနောင်လာတို့အကျိုးငှါ ရေးသားပြုစုခဲ့ပေသေးသည်[၂]။

၎င်းဆရာ ၂-ဦးတို့ ဖွင့်ဆိုအပ်သော ပါဠိတော်များမှ ကြွင်းကျန်သည့် ပါဠိတော် အတော်များများ၏ အဋ္ဌကထာများကို ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်ကား အာစရိယ ဓမ္မပါလခေါ် အရှင်ဓမ္မပါလမထေရ်ပင် ဖြစ်ပေသည်။ ဤမထေရ်သည် ဥဒါန်း, ဣတိဝုတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, စရိယာပိဋကနှင့် နေတ္တိပါဠိတော်တို့၏ အဋ္ဌကထာ များကို ရေးသားခဲ့သည်။

ကြွင်းကျန်သည့် ပါဠိတော်တို့တွင်ကား နိဒ္ဒေသပါဠိတော်၏ အဋ္ဌကထာကို အရှင် ဥပသေနကလည်းကောင်း, ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏

---

၁။ အရှင်မဟာဗုဒ္ဓဃောသ၏ အတ္ထုပ္ပတ္တိအကျယ်ကို ဝိသုဒ္ဓိမဂ်နိဒါနကထာ မြန်မာပြန်မှာကြည့်။ ဓမ္မပဒအဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့ကို အရှင်မဟာဗုဒ္ဓဃောသ၏ လက်ရာမဟုတ်ဟုလည်း အနောက်တိုင်းပါဠိပညာရှင်တို့ ယူဆကြသည်။

၂။ ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယ ၂-ကျမ်းတွဲ နိဒါန်းလည်း ကြည့်။

အဋ္ဌကထာကို အရှင်မဟာနာမကလည်းကောင်း ရေးသားစီရင်ခဲ့၍ အပဒါန်ပါဠိတော်၏အဖွင့်ဖြစ်သော အဋ္ဌကထာကို နှောင်းခေတ်ပေါ် အမည်မသိ မထေရ်တစ်ပါး[၁] ဖွင့်ဆိုရေးသားခဲ့လေသည်။

နိကာယ်ငါးရပ် ပိဋကသုံးပုံဖြင့် ရေတွက်အပ်သော ပါဠိတော်စာပေသည် အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းတို့ဖြင့် ထွန်းကားစည်ပင်ခြင်းသို့ ရောက်ပြီးနောက် အဋ္ဌကထာတို့၌ ခက်ခဲသောဌာနတို့ကို ဖွင့်ပြမည့်ကျမ်းများ လိုအပ်လာပြန်ပေသည်။ ထိုလိုအပ်နေသော အချက်ကိုလည်း အရှင်အာနန္ဒာစသော ရှေးဆရာတို့ကပင် ဖြည့်ခဲ့လေသည်။ ထိုမထေရ်တို့ပြု စုသော ကျမ်းများသည် "ဋီကာ"ဟူသော အမည်ဖြင့် ထင်ရှားကြလေသည်။

ဋီကာတို့တွင် ရှေးအကျဆုံးဋီကာမှာ အဘိဓမ္မာအဋ္ဌကထာ ၃-ကျမ်း၏ အဖွင့်ဖြစ်သော မူလဋီကာပင် ဖြစ်လေသည်[၂]။ ယင်းမူလဋီကာကို ရေးသားသူမှာ အရှင်အာနန္ဒာဖြစ်သည်။ ယင်းဋီကာဆရာကား အရေးအသားတွင် ကျစ်လျစ်သိပ်သည်း၍ အဘိဓမ္မာဆိုင်ရာ အယူအဆတွင်လည်း လွန်စွာ ပြောင်မြောက်လှပေရာ အဘိဓမ္မာဆိုင်ရာ အချို့သော ပြဿနာတို့တွင် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ၏ အယူအဆများကိုပင် ရဲဝံ့စွာ ဝေဖန်စိစစ်ခဲ့သော ပုဂ္ဂိုလ်ဖြစ်ပေသည်။ အရေးအသားကျစ်လျစ်၍ အတွေးအခေါ် နက်နဲ မှုကြောင့်ပင် ဤကျမ်းသည် သာသနာနယ်ပယ်တွင် အခက်ဆုံးကျမ်းအဖြစ် အသိအမှတ် အပြုခံရသော ကျမ်းတစ်ကျမ်းဖြစ်ပေသည်။

---

၁။ အပဒါန်အဋ္ဌကထာကို အရှင်ဓမ္မပါလ ပြုစုသည်ဟု အချို့ဆရာတို့ ဆိုသော်လည်း ခိုင်လုံသော အထောက်အထား မရှိ။ အပဒါန်အဋ္ဌကထာ ဣ-မူ နိဒါန်းကြည့်။

၂။ ဋီကာတကာတို့၏ လက်ဦးအမြစ်အရင်းဖြစ်၍ မူလဋီကာဟု တွင်သတည်း။ (သာသနာ လင်္ကာရ စာတမ်း-၄၅)

မူလဋီကာ၏ နောက်၌ကား ဥဒါန်းအဋ္ဌကထာ စသည်ကို ရေးသားသော အရှင်ဓမ္မပါလမထေရ်, အရှင်သာရိပုတြာမထေရ်တို့က သုတ္တန်ဋီကာများကို ရေးသားခဲ့ပေသည်။ ၎င်းတို့တွင် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်နှင့်သံယုတ္တနိကာယ် အဋ္ဌကထာတို့၏ ဋီကာများနှင့် အင်္ဂုတ္တိုရ် ဋီကာတစ်ပိုင်းတစ်စ[၁] ကို အရှင်ဓမ္မပါလမထေရ် ပြုစု၍ အင်္ဂုတ္တိုရ်ဋီကာသစ်ကို အရှင်သာရိပုတြာမထေရ် ရေးသားစီရင်ခဲ့လေသည်။ ဝိနည်းအဋ္ဌကထာ၏ ဋီကာများကား ၃-ကျမ်းရှိလေသည်။ ထိုတွင် ဝဇိရဗုဒ္ဓိဋီကာကို အရှင်ဝဇိရဗုဒ္ဓိမထေရ်ကလည်းကောင်း, သာရတ္ထဒီပနီဋီကာကို အရှင်သာရိပုတြာမထေရ်ကလည်းကောင်း, ဝိမတိဝိနောဒနီဋီကာကို အရှင်ကဿပမထေရ်ကလည်းကောင်း အသီးအသီး ရေးသားပြုစုခဲ့ကြလေသည်။ နေတ္တိဋီကာဟောင်းနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာကိုလည်း အထက်၌ဆိုခဲ့သည့် အရှင်ဓမ္မပါလပင် ရေးသားတော်မူခဲ့ပေသည်။

ဋီကာကို ထပ်ဆင့်၍ ဖွင့်သောကျမ်းကို အနုဋီကာဟုခေါ်ကြောင်း ဖော်ပြခဲ့ပြီ။ ဋီကာ တိုင်းမှာကား အနုဋီကာ မရှိပေ။ အဘိဓမ္မာအဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာမှာသာ အနုဋီကာရှိပေသည်။ ယင်းအနုဋီကာကိုလည်း အရှင်ဓမ္မပါလမထေရ်သည်ပင် ပြုစုပေသည်[၂]။ မူလဋီကာ၏ အဖွင့်ဖြစ်သည့်အားလျော်စွာ အနုဋီကာသည်လည်း စကားကျစ်လျစ်၍ အတွေးအခေါ်ပြောင်မြောက်သည်ပင် ဖြစ်ပေသည်။ မူလဋီကာဆရာက အဋ္ဌကထာဆရာ၏ စကားအချို့ကို ဝေဖန်ပြစ်တင်ခဲ့သည့်နည်းတူ အနုဋီကာဆရာကလည်း အဋ္ဌကထာဘက်မှ လိုက်၍ မူလဋီကာ၏ အဆိုအမိန့်များကို စစ်ဆေးဝေဖန်ခဲ့ပေသည်။

---

၁။ ပိဋကတ်တော်သမိုင်း နှာ-၁၁၂-၁၁၃ ကြည့်။

၂။ ပါမောက္ခ မာလလသေကရ-၏ The pāli Literature of Ceylon (နှာ-၁၁၅၊၂၁၂) ၌ လည်းကောင်း, ထိုပါမောက္ခပင် တည်းဖြတ်သော Encyclopaedia of Buddhism (Fascicule, နှာ-၄၉)၌လည်းကောင်း, ထိုသူပင်ပြုစုသော Dic-

tionary of Pāli Proper Names ၌လည်းကောင်း အနုဋီကာကိုပြုစုသူမှာ ဥဒါန်းအဋ္ဌကထာစသည်ကို ပြုစုသော အာစရိယဓမ္မပါလမထေရ် မဟုတ်ဘဲ မူလဋီကာဆရာအရှင်အာနန္ဒာ၏ တပည့် စူဠဓမ္မပါလမထေရ်သာဖြစ်ကြောင်း ပြဆိုထားသည်ကို တွေ့ရသည်။ ၎င်းပြင် အာစရိယဓမ္မပါလမထေရ်သည် ခရစ်နှစ် ၇-ရာစုမတိုင်မီ ပေါ်ထွန်းခဲ့၍ အရှင်အာနန္ဒာသည် ခရစ်နှစ်-၈-ရာစု သို့မဟုတ် ၉-ရာစု လောက်မှာ ပေါ်ထွန်းခဲ့သည်ဟုလည်း ပြဆိုထားပြန်သေးသည်။

ထိုတွင် အာစရိယဓမ္မပါလမထေရ်၏ ခေတ်ကိုဆုံးဖြတ်ရာ၌ ၎င်းပါမောက္ခ၏ တစ်ခုတည်းသော အားကိုးမှာ တရုတ်ရဟန်းတော် ဟူယင်ဆင်၏ မှတ်တမ်းပင်ဖြစ်သည်၊ ဟူယင်ဆင်သည် ခရစ်နှစ် ၇-ရာစု အတွင်း၌ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးကြွလာသည်ဖြစ်၍ အရှင်ဓမ္မပါလ၏ အကြောင်းကို ယင်း၏မှတ်တမ်း၌ တွေ့ရလျှင် အရှင်ဓမ္မပါလသည် ၇-ရာစုမတိုင်မီ ပေါ်ထွန်းခဲ့သူဖြစ်ရမည်ဟူသော ကြံဆချက်ဖြင့် ဆုံးဖြတ်ထားခြင်း ဖြစ်သည်၊ သို့သော် ၎င်းဆုံးဖြတ်ချက်သည် မခိုင်လုံပေ။ ဟူယင်ဆင်၏ မှတ်တမ်း၌ပါသော ဓမ္မပါလသည် အာစရိယဓမ္မပါလပင်ဖြစ်သည်ဟု ဧကန်မဆိုနိုင်ရုံသာမက အာစရိယဓမ္မပါလ မဟုတ်သည့်ဘက်သို့ ညွှန်ပြနေသော အကြောင်းများကိုပင် ၎င်းမှတ်တမ်း၌ တွေ့ရှိ နေရသည်။ ၎င်းမှတ်တမ်း၌ ဗောဓိသတ္တဓမ္မပါလ-ဟု ဆိုထားသည်ကိုလည်းကောင်း, ဓမ္မပါလပြုသည်ဟု ပြဆိုထားသောကျမ်းတို့မှာ မဟာယာနကျမ်းများသာ ဖြစ်နေသည်ကိုလည်းကောင်း ထောက်လျှင် ယင်းမှတ်တမ်းပါ ဓမ္မပါလသည် ဝိသုဒ္ဓိမဂ်ဋီကာ-စသည်ကိုပြုသော အာစရိယဓမ္မပါလမထေရ် မဟုတ် နိုင်ကြောင်း ထင်ရှားသည်။

ထို့ပြင်လည်း စူဠဝံသကျမ်းတွင် ခရစ်နှစ် ၉၅၃-မှ ၉၅၆-ခုနှစ် အထိ နန်းစံသော သေနမင်းသည် မင်းအဖြစ်သို့ ရောက်ပြီးနောက် သိတ္တဂါမမည်သောရွာကို ပရိဝေဏ အဖြစ် ပြုလုပ်ကြောင်းကို လည်းကောင်း,ခရစ်နှစ် ၉၅၆-မှ ၉၇၂-ခုနှစ်အထိ နန်းစံသော မဟိန္ဒမင်းသည် သိတ္တဂါမပရိဝေဏ၌ နေထိုင်သော အရှင်ဓမ္မမိတ္တကို အဘိဓမ္မာ၏ အဖွင့်ကျမ်းပြုစုစေ၍ အရည်ဝါသီဖြစ်သော ဒါဌာနာဂ မည်သောမထေရ်အား အဘိဓမ္မာ တရား ဟောစေပုံကိုလည်းကောင်း ပြဆိုထားသည်ကို တွေ့ရ၏။ (စူဠဝံ၊၅၄-ပရိစ္ဆေဒ၊ ၆၄၅၊၃၆-ဂါထာများ)။ ဝိသုဒ္ဓိမဂ်ဋီကာ နိဂုံးစကားရပ်တွင်လည်း သိဒ္ဓ(သိတ္တ?) ဂါမပရိဝေဏ ၌ သီတင်းသုံး နေထိုင်လေ့ရှိသော ဒါဌာနာဂမထေရ် တောင်းပန်၍ ဝိသုဒ္ဓိမဂ်ဋီကာ ကျမ်းကို ပြုစုကြောင်း အာစရိယဓမ္မပါလမထေရ်ကိုယ်တိုင် မိန့်ဆိုထားသည်ကို

တွေ့ရသည်။ အထက်ပါ စူဠဝံသနှင့် ဝိသုဒ္ဓိမဂ်ဋီကာလာစကားတို့ကို ပေါင်းစပ်ကြည့်လျှင် ဒါဌာနာဂမထေရ်သည် ရံခါ သိဂ္ဂိရိမပရိဝေဏ၌ နေ၍ ရံခါ တောကျောင်းမှာ နေသည်။ ဝိသုဒ္ဓိမဂ်ဋီကာကို ပြုစုရန် တောင်းပန်စဉ်က သိဂ္ဂိရိမပရိဝေဏ၌ နေလျက်ရှိသည်ဟူသော အချက်မှာ ပေါ်လွင်လျက်ရှိသည်။ ယင်း ၂-ကျမ်းလာ ဒါဌာနာဂမထေရ်တို့သည် ပုဂ္ဂိုလ်တစ်ဦးတည်း မဟုတ်ဟု ဆိုဘိဦး အာစရိယဓမ္မပါလမထေရ်သည် သိဂ္ဂိရိမရှာ ပရိဝေဏဖြစ်ပြီးသည့်နောက်မှ ဝိသုဒ္ဓိမဂ်ဋီကာကို ရေးသားခဲ့ကြောင်း ထင်ရှားရကား အာစရိယဓမ္မပါလ မထေရ်သည် သေနမင်း, မဟိန္ဒမင်းတို့ လက်ထက်ဖြစ်သည့် ခရစ်နှစ် ၁၀-ရာစု အတွင်းမှာ ပေါ်ထွန်းခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားပေပြီ။

ယင်း အာစရိယဓမ္မပါလမထေရ်ထက် မူလဋီကာဆရာ အရှင်အာနန္ဒာက ရှေးကျကြောင်းသည်လည်း ဥဒါန်းအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် မဟာဋီကာတို့၌ ပြဆိုထားသော စကားတို့ဖြင့်ပင် ထင်ရှားသည်။(ဥဒါန်းအဋ္ဌကထာ၊ ၈၄)၌ "အနုရာဘဝကထာဝိဓာရော ကထာဝတ္ထုပကရဏဿ ဋီကာယံ ဂဟေတဗ္ဗော"ဟု မူလဋီကာကို ညွှန်ထားချက်, ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒုတိယအုပ်၌ "ကြိယာဇောနောင် တဒါရုံ မကျ"ဟူသော မူလဋီကာ(၁။၁၃၄)လာ ဝါဒကို ပယ်ထားချက်(မဟာဋီ။ ၁၃၄), "ဇီဝိတဆဋ္ဌ, စက္ခုသတ္တကကလာပ်"ဟုယူသော မူလဋီကာ(၂။၁၀၈)လာ ဝါဒကိုပင် ပယ်ထားချက်(မဟာဋီ၊ ၂။၃၀၄-၇)တို့ကို ကြည့်ပါ။)

အနုဋီကာကို စူဠဓမ္မပါလမထေရ် ပြုစုသည်ဟု ဆိုထားချက်မှာလည်း ခိုင်လုံသော အထောက်အထား မရှိဘဲ အတ္တနောမတိမျှဖြင့်သာ ရေးသားထားခြင်းဖြစ်လေသည်။ အာစရိယဓမ္မပါလမထေရ်ကို ခရစ်နှစ် ၇-ရာစုမတိုင်မီ ပေါ်ထွန်းသော ပုဂ္ဂိုလ်ဟု ယူဆထားမိရာ ၎င်းပုဂ္ဂိုလ်သည် ၈-ရာစု သို့မဟုတ် ၉-ရာစုမှ ပေါ်သော အရှင်အာနန္ဒာ ပြုစုသည့် မူလဋီကာ၏ အနုဋီကာကို ရေးသားသူ မဖြစ်နိုင်။ အာစရိယဓမ္မပါလနှင့် အမည်တူ စူဠဓမ္မပါလသာ ဖြစ်ရမည်ဟု ကြံဆမိ၍ ယင်းသို့ရေးသားမိခြင်း ဖြစ်ပေမည်။ အာစရိယဓမ္မပါလမထေရ် ရေးသားအပ်သည့် ဝိသုဒ္ဓိမဂ်ဋီကာ, သုတ္တန်ဋီကာများနှင့် အနုဋီကာကို တိုက်ဆိုင်ကြည့်ရှုလျှင် အနုဋီကာသည် အာစရိယဓမ္မပါလမထေရ်၏ လက်ရာဖြစ်ကြောင်း ၎င်းကျမ်းပါ စာသားတို့ကပင် သက်သေခံပေလိမ့်မည်၊ ခရစ်နှစ် ၁၂-ရာစုအတွင်း ပြုစုခဲ့သော အရှင် သုမင်္ဂလသာမိ၏ အဘိဓမ္မာဝတာရဋီကာသစ်နှင့်

ဋီကာ, အနုဋီကာကျမ်းတို့နှင့် တစ်ပြိုင်နက်လည်းကောင်း, မရှေးမနှောင်းလည်းကောင်း, ယင်းတို့နောက် အတော်ကြာနှောင်းသောကာလမှလည်းကောင်း ပေါ်ခဲ့သော သာသနာဆိုင်ရာ ပါဠိကျမ်းစာတို့လည်းရှိပေသည်။ ထိုကျမ်းတို့ကား ဂဏ္ဌိကျမ်းများ[၁], လက်သန်းကျမ်းများ, သဒ္ဒါ, အလင်္ကာ, ဆန်း, အဘိဓာန်ကျမ်းများ စသည်ဖြင့် များစွာပင် ရှိသည်။

---

ဋီကာကျော်ကျမ်းတို့ကို လေ့လာကြည့်ရှုလျှင်လည်း အနုဋီကာကို အာစရိယဓမ္မပါလမထေရ် ရေးသားခဲ့ကြောင်းအလွန်ပင် ထင်ရှားပေသည်။

အဘိဓမ္မာဝတာရဋီကာသစ် (ဒု၊၄၁-၄၅)၌ အဋ္ဌကထာလာ ဒုတိယမောဃဝါရနှင့် စပ်၍ မူလဋီကာဆရာ၏ စိစစ်ချက်စကားရပ်တို့ကို ထုတ်ပြပြီး "ဤနေရာ၌ အာစရိယဓမ္မပါလမထေရ်က ဤသို့မိန့်သည်"ဟု အနုဋီကာ(၁။၁၃၈)လာ စကားရပ်ကို ထုတ်နုတ်ပြဆိုထားသည်ကို တွေ့ရ၏။ ထို့အတူပင် ၎င်းဋီကာသစ် ဒုတိယအုပ်စာမျက်နှာ ၅၆,၁၇၅-၇,၁၈၅-တို့၌လည်းကောင်း, ဋီကာကျော် စာမျက်နှာ ၅၁-၌လည်းကောင်း အနုဋီကာကို အာစရိယဓမ္မပါလရေးသားကြောင်း ထင်ရှားစေသော စကားရပ်များကို တွေ့ရသည်။ ထို့ကြောင့် အနုဋီကာကို ရေးသားသူမှာ ဥဒါန်းအဋ္ဌကထာစသည်ကို ပြုစုသော ဗဒရတိတ္ထကျောင်းနေ အာစရိယဓမ္မပါလမထေရ်ပင် ဖြစ်ကြောင်း ယုံကြည်စွာ မှတ်အပ်ပေသည်။

မူလဋီကာကို ရေးသားရန် တောင်းပန်သူမှာ အရှင်ဓမ္မမိတ္တဖြစ်ကြောင်း အဋ္ဌသာလိနီမူလဋီကာ နိဂုံးလာစကားအရ သိရှိရ၏၊ ၎င်းအရှင်ဓမ္မမိတ္တသည် စူဠဝံသ(၃၅၊၅၄)၌ ပါသော အရှင်ဓမ္မမိတ္တ ဖြစ်ကြောင်း ဖြစ်ပေမည်။ အကယ်၍ ဖြစ်ခဲ့လျှင် အရှင်အာနန္ဒာနှင့် အာစရိယဓမ္မပါလတို့ တစ်ပါးနှင့် တစ်ပါး ကာလအားဖြင့် အလွန်ကွာခြားကြမည် မဟုတ်ဟု မှတ်ယူနိုင်ပေသည်။ ဂန္ထဝံသ (၆၉၊က္က-မူ)၌ကား မူလဋီကာကို အရှင်ဗုဒ္ဓမိတ္တ တောင်းပန်၍ အရှင်အာနန္ဒာ ပြုစုသည်ဟု တွေ့ရသည်။

၁။ သာသနာလင်္ကာရစာတမ်း (၄၇)၌ "ဝဇိရဗုဒ္ဓိမည်သော ဝိနည်းငါးကျမ်း ဂဏ္ဌိကို ဝဇိရဗုဒ္ဓိဆရာ ပြုသည်"ဟု မိန့်ဆိုချက်ရှိသည်။ ၎င်းဂဏ္ဌိကား ယခုအခါ ဝဇိရဗုဒ္ဓိဋီကာဟု ထင်ရှားသော ကျမ်းပင် ဖြစ်ဟန်တူပေသည်။

၎င်းတို့တွင် ဝိနည်းအဋ္ဌကထာ၏ ဂဏ္ဌိဖြစ်သော ကျမ်းများကား ဂဏ္ဌိပဒ, မဟာ ဂဏ္ဌိပဒ, မဇ္ဈိမဂဏ္ဌိပဒနှင့် စူဠဂဏ္ဌိပဒတို့ ဖြစ်သည်၊ ၎င်းတို့တွင် ဂဏ္ဌိပဒကျမ်းမှာ မာဂဓ ဘာသာရေးဖြစ်၍ ကြွင်း ၃-ကျမ်းမှာ သီဟိုဠ်ဘာသာရေးကျမ်းများ ဖြစ်ကြသည်[၁]။ ၎င်းကျမ်းတို့သည် မြန်မာနိုင်ငံသို့ ရောက်လာဟန် မတူပေ။ သီဟိုဠ်နိုင်ငံမှာလည်း ယခုအခါတွင် မတွေ့ရတော့ပေ။ ဝဇိရဗုဒ္ဓိဋီကာ, သာရတ္ထဒီပနီဋီကာလာ စကားတို့အရသာ[၂] ၎င်းတို့ ရေးကရှိခဲ့ကြောင်း သိရလေသည်။ ၎င်းတို့တွင် မဟာ, မဇ္ဈိမနှင့်စူဠဂဏ္ဌိပဒ ၃-စောင်ကို သီဟိုဠ်ကျွန်း အရှင်ဇောတိပါလပြုသည်ဟု ပိဋကတ်တော်သမိုင်း[၃]၌ ဆိုသည်။

ဂဏ္ဌိဟူသောအမည်ဖြင့် ယနေ့ တွေ့မြင်အပ်သော အခြားကျမ်း ၂-ကျမ်းလည်း ရှိသည်။ ၎င်းတို့ကား ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒနှင့် ပဋိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒတို့ပင် ဖြစ်သည်။ ၂-ကျမ်းလုံးပင် မာဂဓဘာသာရေးကျမ်းများ ဖြစ်လေသည်။ ထိုတွင် ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒမှာ ဝိသုဒ္ဓိမဂ် စူဠဋီကာဟုလည်း ထင်ရှားသည်။ ထို့အတူပင် ပဋိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒသည် ပဋိသမ္ဘိဒါမဂ္ဂ ဋီကာဟူသော အခြားအမည်ဖြင့်လည်း ထင်ရှားပြန်သည်။ ၎င်း ၂-ကျမ်းတို့တွင် ပဋိသမ္ဘိဒါ မဂ္ဂဂဏ္ဌိပဒကို သိရိပရက္ကမဗာဟုမင်းလက်ထက် မဟာထုပဝင်ကျမ်းကို ပြုစုသည့် မထေရ် ပြုစုသည်ဟု ပိဋကတ်တော်သမိုင်း[၄]၌ ဆိုသဖြင့် ၎င်းကျမ်းသည် သီဟိုဠ်ဖြစ်ကျမ်း ဖြစ်သည်။ ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒမှာကား ပုဂံမြို့ အရှင်သဒ္ဓမ္မဇောတိပါလပြုစုသည်ဟု ၎င်းသမိုင်း[၅]၌ပင် ဆိုသဖြင့် မြန်မာပြည်ဖြစ်ကျမ်းဖြစ်ပေသည်။

---

၁။ သာရတ္ထ၊၁။၈။

၂။ ဝဇိရ။၁၆၊၁၇-စသည်။

၃။ စာမျက်နှာ ၁၃၅။

၄။ စာမျက်နှာ ၁၁၄။

၅။ စာမျက်နှာ ၁၁၅။

လက်သန်းကျမ်းများကား ဝိနည်းလက်သန်းကျမ်း, အဘိဓမ္မာလက်သန်းကျမ်းဟူ၍ ၂-မျိုးရှိရာ ပိဋကတ်တော်သမိုင်း[၁] အဆိုအရ ဝိနည်းလက်သန်းအဋ္ဌကထာမှာ ကျမ်းအရေအတွက်အားဖြင့် ၂၀-ရှိသည်။ ၎င်းတို့တွင် ထင်ရှားသော ကျမ်းအချို့မှာ သာရတ္ထဒီပနီဋီကာဆရာ အရှင်သာရိပုတြာပြုစုသည့် ဝိနယသင်္ဂဟအဋ္ဌကထာ, အရှင်ဗုဒ္ဓဒတ္တပြုစုသည့် ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယ, အရှင်သဒ္ဓမ္မသိရီပြုစုသည့် ခုဒ္ဒသိက္ခာ, အရှင်မဟာသာမိပြုစုသည့် မူလသိက္ခာ စသည်တို့ ဖြစ်ပေသည်။

အဘိဓမ္မာလက်သန်း အဋ္ဌကထာများမှာလည်း ပိဋကတ်တော်သမိုင်း[၂] အဆိုအရ ၁၀-ကျမ်း ရှိလေသည်။ ထိုတွင် အရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်း, ပရမတ္ထဝိနိစ္ဆယကျမ်း, နာမရူပပရိစ္ဆေဒကျမ်း, အရှင်ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာဝတာရကျမ်း, အရှင်ကဿပ၏ မောဟ-ဝိစ္ဆေဒနီကျမ်း, အရှင်ဓမ္မပါလ၏ သစ္စသံခိပ်ကျမ်း[၃]တို့မှာ ထင်ရှားသောကျမ်းများ ဖြစ်သည်။

နောင်အခါတွင် ယင်းကျမ်းများ၏ အဖွင့်ဋီကာကျမ်းများလည်း ထွက်ပေါ်လာကြပြန်သည်။ ၎င်းကျမ်းတို့ကိုလည်း လက်သန်းအဋ္ဌကထာတို့၏ ဋီကာများဖြစ်၍ လက်သန်းဋီကာဟု ခေါ်ဝေါ်ကြသည်။

ဗုဒ္ဓသာသနာရေးနှင့်သက်ဆိုင်သော ပါဠိကျမ်းဂန်များ ပေါ်များလာသည့်နည်းတူ ပါဠိဘာသာကို ထိန်းကွပ်စောင့်ရှောက်သည့် ဘာသာစောင့်

၁။ စာမျက်နှာ ၁၁၉-၁၂၁။

၂။ စာမျက်နှာ ၁၂၁-၁၂၄။

၃။ သစ္စသံခိပ်ကျမ်းကို အရှင်အာနန္ဒာ၏ တပည့်ကြီးဖြစ်သည့် စူဠဓမ္မပါလ မထေရ်ရေးသားသည်ဟု ဂန္ထဝံသ(၆၀)၌ ဆိုသည်၊ ပါမောက္ခ မာလလသေကရ-ကလည်း ဂန္ထဝံသကိုပင် ကိုး၍ ယင်းအတူ ဆိုသည်။ ပိဋကတ်တော်သမိုင်း (နှာ-၁၂၄)၌ကား ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလ ပြုစုသည်ဟု ဆိုသည်။ ထို့အတူပင် သဒ္ဒနီတိပဒမာလာ(ဆဋ္ဌမူ-၁၀)နှင့် မဏိသာရမဉ္ဇူသာဋီကာ (ဟံသာဝတီမူ, ပဉ္စမအုပ်, ၂၉၇၊၃၂၀)တို့၌လည်း အာစရိယဓမ္မပါလ (ဓမ္မပါလာစရိယ)ဟုပင် ဆိုသည်။

သဒ္ဒါကျမ်းများလည်း ပေါ်ထွက်ခဲ့သည်။ ယင်းသဒ္ဒါကျမ်းတို့တွင် အထင်ရှားဆုံးမှာ ကစ္စည်းမထေရ်၏ သဒ္ဒါကြီးခေါ် ကစ္စာယနဗျာကရဏ်းကျမ်းပင် ဖြစ်ပေသည်။ ဤကျမ်းကို ခရစ်နှစ် ၁၀၀-ကျော် ၂၀၀-အတွင်း, သို့မဟုတ် နောက်အကျဆုံးအားဖြင့် ၄၀၀-အတွင်း(သာသနာနှစ် ၆၀၀,၇၀၀,၉၀၀ အတွင်း)လောက်တွင် ပြုစုခဲ့သည်ဟု ယခုခေတ်ပညာရှင်တို့ ယူဆကြသည်[၁]။ သို့ဖြစ်လျှင် ဤကျမ်းသည် အိန္ဒိယပြည်ဖြစ်ကျမ်း ဖြစ်ရပေမည်။ ဤကျမ်း၏ အခြံအရံဖြစ်သော ကျမ်းတို့လည်း ပေါ်များလှပေသည်။ ၎င်းတို့တွင် အရှင်ဝဇိရဗုဒ္ဓိပြုစုသည့် န္ယာသကျမ်း, အရှင်ဗုဒ္ဓပ္ပိယ ပြုစုသည့် ရူပသိဒ္ဓိကျမ်း စာကိုယ်နှင့်ဋီကာ, သီဟိုဠ်ကျွန်းအရှင်ဓမ္မကိတ္တိပြုစုသည့် ဗာလာဝတာရကျမ်းတို့ကား ထင်ရှားသော ကျမ်းတို့ဖြစ်ပေသည်။

ကစ္စာယနသဒ္ဒါကျမ်း၏ အခြံအရံမဟုတ်ဘဲ မိမိ၏သီးခြား သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ ဖြင့်ရေးသားအပ်သော သဒ္ဒါကျမ်းလည်း သီဟိုဠ်ကျွန်းတွင် ပေါ်ထွက်ခဲ့ပေသည်။ ၎င်းကား အရှင်မောဂ္ဂလ္လာန်ပြုစုသည့် မောဂ္ဂလ္လာနဗျာကရဏခေါ် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းပင် ဖြစ်ပေသည်။ ၎င်းသည်လည်း အရှင်မောဂ္ဂလ္လာန်ပင်ပြုစုသည့် မောဂ္ဂလ္လာနပဉ္စိကာကျမ်း, အရှင်သံဃရက္ခိတ ပြုစုသည့် သုသဒ္ဒသိဒ္ဓိကျမ်းနှင့် ယောဂနိစ္ဆယခေါ် သမ္ဗန္ဓစိန္တာကျမ်း[၂], ရာဟုလ သံဃရာဇာပြုစုသည့် ပဉ္စိကာပဒီပကျမ်း, အရှင်ပိယဒဿီပြုစုသည့် ပဒသာဓနကျမ်း, အရှင်မေဓင်္ကရပြုစုသည့် ပယောဂသိဒ္ဓိကျမ်းစသည်တို့ဖြင့် ခြံရံအပ်၍ သာသနာတော်တွင် ထင်ရှားသောကျမ်းပင် ဖြစ်လေသည်။

သီဟိုဠ်ပါဠိစာပေခေတ်မှာပင် ပါဠိစာပေအရေးအသားကိုပြသည့် အလင်္ကာကျမ်း, ဂါထာစီကုံးနှုန်းဖွဲ့နည်းကိုပြသည့် ဆန်းကျမ်း, အနက်တူပါဠိ ပရိယာယ်ပုဒ်တို့နှင့် အနေကတ္ထပုဒ်တို့ကိုပြသည့် အဘိဓာန်ကျမ်းများ

---

၁။ မောဂ္ဂလ္လာန်နိဿယ စာမျက်နှာ ၃၄၉-၃၅၀ ကြည့်။

၂။ အဘယာရာမဆရာတော်၏ သမ္ဗန္ဓစိန္တာစာကိုယ်,ဋီကာ-နိဿယနိဒါန်း ကြည့်။

ပေါ်ထွက်ခဲ့ပေသည်။ ထိုတွင် အလင်္ကာကျမ်းနှင့် ဆန်းကျမ်း ၂-မျိုးလုံးကိုပင် အရှင်သံဃရက္ခိတမထေရ် ရေးသားပြုစုခဲ့ရာ အလင်္ကာကျမ်းမှာ "သုဗောဓာလင်္ကာရ"ဟူသော အမည်ဖြင့်လည်းကောင်း, ဆန်းကျမ်းမှာ"ဝုတ္တောဒယ" ဟူသောအမည်ဖြင့်လည်းကောင်း ထင်ရှားလေသည်။ အဘိဓာန်ကျမ်းကိုကား အရှင်မောဂ္ဂလ္လာန်မထေရ်ပြုစုသည်။ ယင်းသည်လည်း "အဘိဓာနပ္ပဒီပိကာ" ဟူသောအမည်ဖြင့် ထင်ရှားသည်။

ထိုထိုသမိုင်းကို ပြဆိုသော ဝံသကျမ်းတို့လည်း သီဟိုဠ်ကျွန်းဖြစ်တို့သာ များလေသည်။ ထိုတွင် ဒီပဝံသနှင့် မဟာဝံသတို့အကြောင်းကို အထက်ကရေးသားခဲ့ပြီ။ အခြားဝံသကျမ်းတို့ကား သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ ဗောဓိပင်၏ အကြောင်းကို ပြဆိုသော မဟာဗောဓိဝံသကျမ်း, ဘုရားရှင်စွယ်တော်၏ အတ္ထုပ္ပတ်ကိုပြဆိုသော ဒါဌာဓာတုဝံသကျမ်း, သီဟိုဠ်ကျွန်း မဟာစေတီ၏အကြောင်းကို ပြဆိုသော မဟာထူပဝံသကျမ်း, နဖူးသင်းကျစ်တော်၏ အတ္ထုပ္ပတ်ကိုပြဆိုသော နလာဋဓာတုဝံသကျမ်း, ဆံတော်ခြောက်ဆူ၏ အတ္ထုပ္ပတ်ကို ပြဆိုသော ဆကေသဓာတုဝံသကျမ်း, နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်၏ အကြောင်းကို ပြဆိုသော အနာဂတဝံသကျမ်း စသည်တို့ ဖြစ်ပေသည်။

ဤသို့လျှင် အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာတော်ကို ဆောင်ယူခဲ့ သည်မှစ၍ တစ်ဟုန်ထိုး ကြီးပွါးလာခဲ့သော သီဟိုဠ်ကျွန်း ပါဠိစာပေသည် သာသနာနှစ် ၂၀၀၀-ခန့် (အေဒီ ၁၅-ရာစု) တိုင်အောင်ပင် ရောက်ရှိခဲ့ပေသည်။ ဤခေတ်မှ နောက်တွင်ကား ပြောပလောက်အောင် ပါဠိစာပေဆိုင်ရာ ကျမ်းဂန်များ မပေါ်ထွက်တော့ချေ။

## မြန်မာနိုင်ငံ ပါဠိစာပေ

မြန်မာနိုင်ငံ ပါဠိစာပေခေတ်ကို လေ့လာရာ၌ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ မည်သည့် အချိန်လောက်က ရောက်ရှိလာသည်ကို ထည့်သွင်းစဉ်းစားရပေမည်။

ရာဇဝင်သမိုင်းကျမ်းဂန်တို့အရ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်လာသည်ဟု ဆိုနိုင်သော်လည်း ခိုင်လုံသော သက်သေသာဓကများ လိုလျက်ရှိသည်။ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရ ဆိုသော် ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ ခရစ်နှစ် နှစ်ဦးပိုင်းလောက်ကပင် ရောက်ရှိခဲ့သည်ကို တွေ့ရပေသည်။ ယင်းဌာန၏ တူးဖော်တွေ့ရှိချက်ဟူသည်မှာလည်း အခြားမဟုတ်။ ခရစ်နှစ် ၁၈၉၇-ခုနှစ်တွင် ပြည်ခရိုင် မှော်ဇာမြို့အနီး မောင်ကန်ကုန်းနှင့် ခင်ဘကုန်းတို့၌ တွေ့ရှိရသော ရွှေပေစာချပ်များပင် ဖြစ်ပေသည်[၁]။ ၎င်းတို့၌ ရေးသားထားသော အက္ခရာအရေးအသားသည် ခရစ်နှစ် ၅ ရာစုအတွင်း ထင်ရှားခဲ့သော အိန္ဒိယတောင်ပိုင်း ကဒမ္ဗအက္ခရာမျိုး ဖြစ်သည်ကို တွေ့ရှိရပေရာ ၎င်းရွှေပေစာများလည်း ခရစ်နှစ် ၅၀၀-ခန့်ကပင် ဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။ ၎င်းရွှေပေစာများပေါ်၌ ရေးသားထားသော စာများမှာကား ဝိနည်းမဟာဝါပါဠိတော်မှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသောဂါထာ, နိကာယ်ကြီး ၄-ရပ်နှင့် အဘိဓမ္မာပါဠိတော်မှ "စတ္တာရော ဣဒ္ဓိပါဒါ, စတ္တာရော သမ္မပ္ပဓာနာ"စသော တရားတော်များ, "ဣတိပိ သော ဘဂဝါ အရဟံ"စသော ရတနာ ၃-ပါး၏ဂုဏ်တော်များ ဖြစ်ပေသည်။ ၎င်းတို့ကို ပါဠိဘာသာဖြင့် ရေးသားထားသည်ကိုတွေ့ရသဖြင့် ပါဠိဘာသာသည်လည်း ခရစ်နှစ် နှစ်ဦးပိုင်းကပင် မြန်မာပြည်သို့ ရောက်ရှိနေသည်မှာ ထင်ရှားပေသည်။

ထိုသို့ အလွန်စောစွာ မြန်မာနိုင်ငံသို့ ပါဠိဘာသာရောက်လာခဲ့သော်လည်း ပုဂံမတိုင်မီဖြစ်သော ပျူခေတ်, မွန်ခေတ်တို့၌ ပါဠိဘာသာ

၁။ ၎င်းရွှေပေချပ်တို့တွင် မောင်ကန်ကုန်းမှ တွေ့ရှိရသော ရွှေပေချပ်များသည် ယခုအခါ အင်္ဂလန်ပြည် လန်ဒန်မြို့ ဗြိတိသျှပြတိုက်သို့ ရောက်ရှိနေသည်။ ခင်ဘကုန်းမှ တွေ့ရှိရသော ရွှေပေချပ် ၂၀-ကိုကား သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေး ဘုရားအတွင်း၌ ပြသထားသည်ကို တွေ့ရှိနိုင်ပေသည်။ မောင်ကန်ကုန်း ရွှေပေချပ်များ အကြောင်းကို ရန်ကုန်တက္ကသိုလ် ပါဠိအသင်း မဂ္ဂဇင်း, အတွဲတစ်, အုပ်တွဲနှစ်(သာသနာတော် ၂၅၀၀-ပြည့် အထိမ်းအမှတ်ထုတ်) စာစောင်, အင်္ဂလိပ်ဘာသာအပိုင်း, စာမျက်နှာ ၅၀-၅၃တွင် သီရိပျံချီ ဦးသာမြတ် ရေးသားထားသည်ကို ဖတ်ရှုနိုင်ပေသည်။

ထွန်းကားခဲ့သည်ဟု အတိအကျယူဆရန်ကား ခဲယဉ်းလျက်ရှိသည်ကို တွေ့ရပေသည်၊ သထုံပြည် မနူဟာမင်း(အေဒီ ၁၂-ရာစု)ထံ၌ ပိဋက သုံးပုံ ပါဠိတော်များရှိကြောင်း ရာဇဝင်များအရ သိရပေသည်။ ပါဠိတော်ရှိလျှင် အဋ္ဌကထာ, ဋီကာတို့လည်း ရှိရမည်ပင်ဖြစ်သည်။ ယင်းတို့ရှိလျှင် အမှီပြု၍ ထိုခေတ်ပညာရှိကြီးတို့သည် ပါဠိဘာသာဖြင့် ကျမ်းဂန်များကို ရေးသားပြုစုခဲ့မည်ပင် ဖြစ်သည်။ သို့သော်လည်း ၎င်းစာပေကျမ်းဂန်တို့သည် အနိစ္စသဘောအရ ပျက်စီးပျောက်ဆုံးကုန်သည့်အတွက် နှောင်းခေတ်လူများလက်သို့ မရောက်ရှိခဲ့ခြင်းသာ ဖြစ်တန်ရာပေသည်။ အမည်မျှပင် ကြွင်းကျန်ခဲ့ခြင်း မရှိဘဲ လုံးဝကွယ်ပျောက်သွားကြသည်မှာ မြန်မာနိုင်ငံပါဠိစာပေအဖို့ ဆုံးရှုံးမှုတစ်ရပ်ဟုပင် အသိအမှတ်ပြုရပေတော့မည်။

ယင်းသို့ ခေတ်ဦးပိုင်း မြန်မာနိုင်ငံပါဠိစာပေ အမွေအနှစ်ကို မရလိုက်သော်လည်း ပါဠိစာပေသမိုင်းအတွက် အားကိုးစရာအဖြစ်ဖြင့် ပုဂံခေတ်မှစ၍ ပေါ်ပေါက်ခဲ့သော ပါဠိစာပေကျမ်းဂန်များနှင့်တကွ ဂန္ထဝံသ, သာသနာလင်္ကာရစာတမ်း, ပိဋကတ်တော်သမိုင်း စသောကျမ်းတို့ကား ရှိပေသည်။

ထိုတွင် ပိဋကတ်တော်သမိုင်းအရ မြန်မာနိုင်ငံတွင် အစောဆုံးပေါ်ခဲ့သော ပါဠိကျမ်းဂန်မှာ မနုသာရဓမ္မသတ်ကျမ်းဟောင်း ဖြစ်ပေသည်။ ၎င်းကျမ်းကို ပုဂံပြည်၌ သက္ကရာဇ် ၁၆၄-ခုနှစ် နန်းတက်သော ပျူမင်းထီးလက်ထက် ပျူမင်းထီး[၁], သိကြား, ရသေ့, ဤ ၃-ယောက်သော သူမြတ်တို့ မာဂဓဘာသာဖြင့် စီရင်သည်ဟု သိရသည်[၂]။

---

၁။ ထီးမင်းယဉ် ?

၂။ ပိဋကတ်တော်သမိုင်း စာမျက်နှာ ၂၃၃-၄။ ၎င်းသမိုင်း၌ပင် ပြဆိုအပ်သော ဒွတ္တပေါင်မင်း ဓမ္မသတ်ကျမ်းနှင့် ပျူမင်းထီးဓမ္မသတ်ကျမ်းတို့မှာ အပါယဂတိမုပါယံ-ဂါထာ, အဋ္ဌေသု နဝသု ဓမ္မသတ္တေသု-ဂါထာတို့ဖြင့် အသီးအသီး အစချီသည်ဆိုသော်လည်း ၎င်းကျမ်းတို့သည် မာဂဓဘာသာ သက်သက်ဖြင့် ရေးသားအပ်သောကျမ်းဟု ဧကန်မသိနိုင်သောကြောင့် ချန်လှပ်ထားခဲ့သည်။

ဤဓမ္မသတ်ကျမ်းများ၏နောက် ယခုအခါတွင် အလွယ်တကူတွေ့ရှိလေ့လာ ဖတ်ရှုနိုင်သော မြန်မာနိုင်ငံပါဠိစာပေခေတ်ဦး၏ သမိုင်းဝင်မှတ်တိုင်များကား--------

မြစေတီကျောက်စာ[၁]နှင့် ရွှေဂူကြီးဘုရားကျောက်စာတို့ပင် ဖြစ်ပေသည်။ ထိုကျောက်စာတို့တွင် မြစေတီကျောက်စာကို ပုဂံပြည် ကျန်စစ်မင်းကြီးနတ်ရွာစံသည့် နှစ်လောက်က ရေးထိုး ခဲ့ခြင်းဖြစ်ပေသည်။ ၎င်းကျောက်စာ၌ ပါဠိ, မြန်မာ, မွန်, ပျူ ၄-ဘာသာတို့ဖြင့် ရေးထိုးထားရာ ပါဠိဘာသာဖြင့် ရေးထိုးထားသော မျက်နှာတွင် ပါဠိဂါထာများချည်း ရေးထိုးထားသည်ကို တွေ့ရသည်။ ၎င်းဂါထာများကို ကြည့်ရှုရခြင်းဖြင့် ထိုခေတ် ပုဂံပြည် ပါဠိစာပေ၏ အရည်အသွေးကို မှန်းဆနိုင်ပေသည်။ မှန်၏။ ၎င်းကျောက်စာ၌ပါသော ဂါထာများမှာ သဒ္ဒါနည်းလည်းလှ, ဆန်းဂိုဏ်းလည်းကျသော ဂါထာများချည်း ဖြစ်ပေသည်။ ထို့အတူပင် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည့် ရွှေဂူကြီးဘုရား၌ ရေးထိုးထားသော ပါဠိကျောက်စာသည်လည်း အရေးအသား ညက်ညော၍ အဆင့်အတန်းမြင့်သော ဂါထာတို့ချည်း ဖြစ်လေသည်။ ဤကျောက်စာ၏ ထူးခြားချက်ကား မြစေတီကျောက်စာမှာကဲ့သို့ မိမိရေးထိုးလိုသော အကြောင်းအရာကို ရိုးရိုးရေးထိုးထားခြင်းမဟုတ်ဘဲ မင်းကြီး ဘုရားဆုပန်ပုံကို ဂါထာ ၁၀၀-မျှဖြင့် အဆန်းတကြယ် တန်ဆာဆင်ကာ ရေးသားစီကုံးထား ခြင်းပင်ဖြစ်ပေသည်။ ထို့ထက်ထူးခြားသည်မှာကား ၎င်းကျောက်စာ၏အဆုံး၌ ရွှေဂူကြီးဘုရား စတင်တည်သည့်နှစ်, ပြီးသည့်နှစ်တို့ကို သင်္ကေတဘာသာ ၃-ဂါထာတို့ဖြင့် ပြဆိုထားခြင်းပင် ဖြစ်လေသည်။

---

၁။ ဤကျောက်စာကို စိုက်ထူစေသူမှာ ကျန်စစ်မင်းကြီးနှင့် တိလောကဝင်္ဆကာဒေဝီတို့၏ သားတော် ရာဇကုမာရမင်းသားတည်း။ ယင်းမင်းသား စိုက်ထူခဲ့သော ကျောက်စာဖြစ်၍ ဤကျောက်စာကို ယခုအခါ "ရာဇကုမာရ်ကျောက်စာ"ဟုလည်း အမည်မှည့်ကြသည်။ ဤနိဒါန်း၌ကား အသိများ၍ တွင်နေသော အမည်သို့လိုက်ပြီး မြစေတီကျောက်စာဟုပင် သုံးထားသည်။

ပုဂံခေတ်မှာပင် မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူထိုက်သည့် ပါဠိကျမ်းစာတစ်စောင် ပေါ်ထွက်ခဲ့သည်။ ယင်းကား အရှင်အဂ္ဂဝံသမထေရ် ရေးသားအပ်သော သဒ္ဒနီတိခေါ် သဒ္ဒါကျမ်းကြီးဖြစ်ပေသည်။ ၎င်းသဒ္ဒနီတိကား မိမိ၏ သုတ်, ဝုတ္တိ, ဥဒါဟရုဏ်တို့ဖြင့် သီးခြားရေးသားအပ်သော ကျမ်းဖြစ်၍ ကစ္စည်းသဒ္ဒါကြီး၏ အခြံအရံဖြစ်သော ကျမ်းမဟုတ်ပေ။ ၎င်းကျမ်းကို ရေးသားရာတွင် ကျမ်းပြုဆရာတော်သည် မိမိခေတ်ကရှိသမျှသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့နှင့်တကွ သက္ကတကျမ်းပေါင်း များစွာတို့ကို ရင်းဖျားတို့လှည့် အထပ်ထပ်ရှုကြည့်ပြီးမှ ရေးသားခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဤကျမ်းကြီးသည် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့မှ လာသော ဥဒါဟရုဏ်တို့ဖြင့်လည်းကောင်း, သက္ကတကျမ်းများစွာမှ အဆိုအမိန့်များနှင့် ၎င်းအဆိုအမိန့်များကို စိစစ်ဝေဖန်ချက်တို့ဖြင့်လည်းကောင်း ဝေဆာလှပေသည်။ အကိုးအကားပြုရာတွင်လည်း ကျမ်းငယ်သည်, ကြီးသည်ကို ပမာဏမထားဘဲ သာဓကမြောက်, မမြောက်ကိုသာ ဦးစားပေးသည်ကို တွေ့ရပေသည်။ ၎င်းကျမ်းတစ်နေရာတွင် ဧကက္ခရကောသ အမည်ရှိသော ဂါထာ ၃၂-ပုဒ်မျှသာရှိသည့် သက္ကတကျမ်းကလေးကိုပင် ကိုးကားထားသည်ကို တွေ့ရပေသည်[၁]။

ယင်းကျမ်းကို ပဒမာလာ, ဓာတုမာလာ, သုတ္တမာလာဟု သုံးပိုင်းခွဲ၍ ပါဠိသဒ္ဒါကို ကျယ်ဝန်းစွာ ရေးသားခဲ့ပေရာ ယနေ့တိုင် ဤကျမ်းလောက် ကျယ်ဝန်းသော ပါဠိသဒ္ဒါကျမ်း မထွက်ပေါ်သေးချေ။ ပါဠိသဒ္ဒါကို ပြိုင်ဘက်ကင်းအောင် တတ်မြောက်သည်ဟု မိမိတို့ ကိုယ်ကို ယူဆကြသည့် သီဟိုဠ်သား ရဟန်းတော်တို့သည်ပင် ဤသဒ္ဒနီတိကျမ်းကြီးကို တွေ့မြင်ဖတ်ရှုကြရသောအခါ ကျမ်းပြုဆရာတော် အရှင်အဂ္ဂဝံသမထေရ်၏ ကြီးမားလှသော ဉာဏ်ရည်စွမ်းပကားကို မချီးကျူးဘဲ မနေနိုင်အောင် ရှိကြလေသည်[၂]။ ဤ

၁။ သဒ္ဒနီတိပဒမာလာ, (ဆဋ္ဌမူ) နှာ-၃၂၁။

၂။ ဤသဒ္ဒနီတိကျမ်းကို **Helmer Smith** အမည်ရှိသော အနောက်တိုင်းသား ပါဠိသက္ကတ ပညာရှင်ကြီးတစ်ဦးက ၁၉၂၈-ခုနှစ်မှစ၍ ရောမအက္ခရာဖြင့် ရိုက်နှိပ်

အရှင်အဂ္ဂဝံသမထေရ်သည် သက္ကရာဇ် ၅၁၆-ခုနှစ်၌ သဒ္ဒနီတိကျမ်းကို ရေးသားစီရင်ကြောင်း သာသနာလင်္ကာရစာတမ်း၌ ဆိုပေရာ[၃] ထိုအဆို အတိုင်း မှန်လျှင် ဤအရှင်သည် အလောင်းစည်သူမင်းကြီးလက်ထက် ပေါ်ထွန်းခဲ့သော ပုဂ္ဂိုလ်ထူးတစ်ဆူဖြစ်ပေမည်။

သဒ္ဒနီတိကျမ်း ပေါ်ထွန်းပြီးနောက် ပုဂံခေတ်တစ်လျှောက်တွင် များစွာသော ပါဠိကျမ်းတို့ပေါ်ထွက်ခဲ့ရာ များသောအားဖြင့် သဒ္ဒါဘက်ဆိုင်ရာ ကျမ်းတို့သာများလေသည်။ ယင်းသဒ္ဒါဘက်ဆိုင်ရာ ကျမ်းတို့သည် ကစ္စည်းသဒ္ဒါကျမ်း, မောဂ္ဂလ္လာန်သဒ္ဒါကျမ်း, သဒ္ဒနီတိ သဒ္ဒါကျမ်းစသော ကျမ်းကြီးများကို ထောက်ဆ၍ သဒ္ဒါငယ်ကျမ်း အမည်ဖြင့် ထင်ရှားကြသည်။ ၎င်းတို့တွင် အထင်ရှားဆုံးကျမ်းတို့မှာ သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရ, ကာရိကာ[၄] စသည်တို့ဖြစ်လေသည်။

---

ထုတ်ဝေခဲ့ရာ ယခုအခါ စာကိုယ် ၃-တွဲ နှင့် အက္ခရာဝလိ ၂-တွဲ ထွက်ပေါ်ပြီးဖြစ်သည်။ ၎င်းစာအုပ်များကို တည်းဖြတ်ရာ၌ သဒ္ဒနီတိနိဿယမှ အရေးကြီးသော မြန်မာအနက်များကိုပါ အက္ခရာဖလှယ်နည်းဖြင့် ပြဆိုထားသည်။ ၎င်း ပုဂ္ဂိုလ်ကြီး၏ ကျေးဇူးကြောင့် နိဿယနှင့်တကွသော သဒ္ဒနီတိကျမ်းကြီးသည် ကမ္ဘာ့သိကျမ်းကြီး အဖြစ်သို့ ရောက်ရှိနေပေပြီ။

၃။ စာမျက်နှာ ၁၁၈။ ပိဋကတ်တော်သမိုင်း (နှာ-၁၃၉)၌ကား သဒ္ဒနီတိကျမ်းကို ပုဂံပြည် ကျစွာမင်းလက်ထက် စီရင်အပ်ကြောင်းဆိုသည်။ ဟင်္သာတမြို့ သပြေပင် ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်သောဘန၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ (နှာ-၁၁၃-၁၂၀)၌လည်း ပုဂံမြို့ မဟာအဂ္ဂပဏ္ဍိတစေတီကျောက်စာကို အထောက်အထားပြု၍ ပိဋကတ်တော်သမိုင်းကို ထောက်ခံထားသည်။ သာသနာလင်္ကာရစာတမ်း၌ပြသော သက္ကရာဇ်အတွက် အထောက်အထား မတွေ့ရသေးပေ။

၄။ ကာရိကာကို ကျန်စစ်မင်းလက်ထက် ပြုအပ်ကြောင်း သာသနာလင်္ကာရ စာတမ်း (၁၂၀)နှင့် ပိဋကတ်သမိုင်း(၁၄၀)တို့၌ ဆိုသည်၊ ထိုအတိုင်းမှန်လျှင် ကာရိကာကျမ်းသည် ပုဂံပြည်ဖြစ်ကျမ်းတို့တွင် အစောဆုံးကျမ်းဖြစ်ပေမည်။

သဒ္ဒါကျမ်းများအပြင် သာသနာတော်ဆိုင်ရာ အခြားကျမ်းများလည်း ပေါ်ထွက်ခဲ့သည်ပင် ဖြစ်သည်။ ၎င်းတို့တွင် ဆပ္ပဒမထေရ် ရေးသားစီရင်အပ်သည့် နာမစာရဒီပကကျမ်းနှင့် ဝိနယဂူဠတ္ထဒီပနီကျမ်း, ပေါင်လောင်ရှင်ကဿပမထေရ်၏ မဟာဗောဓိဝင် ဋီကာကျမ်းတို့မှာ ထင်ရှားသောကျမ်းများဖြစ်သည်။ သုတ္တနိဒ္ဒေသကျမ်းနှင့် သခေ်ပဝဏ္ဏနာ ဋီကာကျမ်းတို့ကိုလည်း ပုဂံခေတ် ဆပ္ပဒမထေရ်ရေးသည်ဟု သာသနာလင်္ကာရစာတမ်း (၁၁၈-၉)၌ ဆိုသည်။ ထိုအဆိုအတိုင်း မှန်လျှင် ယင်း ၂-ကျမ်းတို့ကိုလည်း ပုဂံခေတ်ပေါ်ကျမ်းများအဖြစ်ဖြင့် မှတ်ယူနိုင်ပေသည်[၁]။

ဤခေတ်တွင် ပါဠိစာပေလေ့လာမှုမှာ ရဟန်းတော်များတို့သာမကဘဲ ဘုရင်စသော လူပုဂ္ဂိုလ်တို့သို့ပါ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့်လည်း ပိဋကစာပေတတ်မြောက်သည်ဟု မြန်မာရာဇဝင်တွင် ကျော်ကြားသော ကျစွာမင်းကြီး

---

၁။ သုတ္တနိဒ္ဒေသနှင့် သခေ်ပဝဏ္ဏနာကျမ်းတို့၏ နိဂုံးတို့၌လာသော ဂါထာတို့တွင်ကား ဆပ္ပဒမထေရ်သည် သာသနာနှစ် ၁၉၉၀-ခုနှစ်တွင် သီဟိုဠ်သို့ကြွသည်ဟု ဆိုသောကြောင့် အထက်ပါကျမ်း ၂-ကျမ်းကိုပြုစုသော ဆပ္ပဒမထေရ်သည် သာသနာနှစ် ၁၇၁၅-ခုနှစ်၌ သီဟိုဠ်သို့ အရှင်ဥတ္တရာဇီဝ မထေရ်နှင့် အတူကြွသော ဆပ္ပဒမထေရ် မဟုတ်နိုင်ပေ။ ထုပါရုံဒါယကာ နရပတိကြီးလက်ထက် သီဟိုဠ်သို့ကြွသော ဒုတိယ ဆပ္ပဒမထေရ်သာ ဖြစ်ရပေမည်။ ထိုသို့ဖြစ်လျှင် ဤကျမ်းတို့သည် အင်းဝခေတ်ပေါ်ကျမ်းတို့သာ ဖြစ်သည်ဟု မှတ်ယူရပေမည်။ ဆပ္ပဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ သာသနာနှစ် ၁၉၉၀-ခုနှစ်တွင် ကြွ၍ သိရိပရက္ကမဗာဟုမင်းကို အမှီပြုလျက် သာသနာတော်၏ အညစ်အကြေးကို သုတ်သင်တော်မူသည်။ ဇယဝဍ္ဎနအမည်ရှိသောမြို့၌ သိမ်လည်းသမုတ်တော်မူခဲ့သည်ဟု သုတ္တနိဒ္ဒေသနှင့် သခေ်ပဝဏ္ဏနာကျမ်းတို့၏ နိဂုံး၌ ဆိုထားသည်။ ထိုတွင် သိရိပရက္ကမဗာဟုမင်းဟူသည်မှာ သာသနာနှစ် ၁၉၅၃-ခုနှစ်၌ မင်းအဖြစ်သို့ရောက်သော ဆဋ္ဌပရက္ကမဗာဟုမင်းတည်း၊ ဇယဝဍ္ဎနမြို့ဟူ သည်မှာလည်း ထိုမင်း နန်းစံရာဖြစ်သည့် ယခုအခါ "ကောဋ္ဋေ (Koṭṭe)"ဟု ခေါ်သည့်မြို့ဖြစ်သည်၊ ၎င်းမြို့သည် ယခုမြို့တော်ဖြစ်သော ကိုလံဘိုမြို့၏ အရှေ့ပိုင်းအရပ်များပင်ဖြစ်သည်။ (ဆပ္ပဒမထေရ် ၂-ပါး အကြောင်းကို သီဟိုဠ် အရှင်ဗုဒ္ဓဒတ္တ၏ "Were there two Chappadas?" ဆောင်းပါးတွင် လည်းကောင်း, ဝံသဒီပနီ(၁၀၂)နှင့် မဟာဒွါရနိကာယ သာသနဝံသဒီပနီ (၁၀၂-၆၊ ၁၆၉-၇၃)တို့တွင် လည်းကောင်း ကြည့်။)

သည် ပရမတ္ထဝိန္ဒုကျမ်းနှင့် သဒ္ဒဝိန္ဒု ကျမ်းတို့ကိုလည်းကောင်း သံပျင်အမတ်သည် နျာသကျမ်း၏ အဖွင့်ဖြစ်သော နျာသပ္ပဒီပိကာခေါ် သံပျင်ဋီကာကိုလည်းကောင်း ရေးသားနိုင်ခဲ့ခြင်းဖြစ်ပေသည်။

နိဿယကျမ်းစာများလည်း ပုဂံခေတ်က အစပြုခဲ့သည်ကို တွေ့ရသည်။ မှန်၏။ ပုဂံခေတ်နောက်ပိုင်း သက္ကရာဇ် ၆၈၇-ခုနှစ် ပုဂံမြို့တွင် နန်းတက်သော စောမွန်နစ်မင်း၏ ညီတော် ရာဇသူနှင့် မြောက်သားတော် စောမြတ်လှတို့က မွေးဖွားသူ ညောင်ရမ်း,သာဂရ ၂-မြို့စား ဂုဏ္ဏန္တရာဇ်မင်းသားက ပုဂံမြို့တွင် ရွှေကျောင်းကြီးဆောက်လုပ် ကိုးကွယ်သည့် ဆရာတော်အရှင်ဂုဏာဝဋ္ဋံသကာသည် ဒီဃနိကာယ်ပါဠိတော် ၃-ကျမ်း၏ မြန်မာနိဿယများကို ရေးသားခဲ့ကြောင်းဖြင့် ပိဋကတ်တော်သမိုင်း[၁] တွင် လာရှိပေသည်။

ပုဂံခေတ်၏နောက် စစ်ကိုင်း, ပင်းယ, အင်းဝ, ဟံသာဝတီခေတ်တို့တွင်လည်း ပါဠိစာပေသည် ဝေဆာတိုးတက်ခဲ့ပေသည်။ ဤခေတ်များတွင် ပါဠိကျမ်းဂန်အများအပြား ပေါ်ပေါက်ခဲ့ရာ ၎င်းတို့တွင် ထင်ရှားသော ကျမ်းအချို့ကား အရှင်သဒ္ဓမ္မပါလ သိရိမဟာဓမ္မရာဇဂုရု ဆရာတော်၏ နေတ္တိဝိဘာဝိနီဋီကာကျမ်း, အရှင်ဉာဏကိတ္တိမထေရ်၏ ပါရာဇိကဏ်ယောဇနာနှင့် အဘိဓမ္မာယောဇနာကျမ်းများ[၂], အရှင်မဟာဝိဇိတာဝီ၏ ကစ္စာယနဝဏ္ဏနာ

---

၁။ စာမျက်နှာ ၁၄၈။

၂။ ဤယောဇနာကျမ်းတို့ကို ယိုးဒယားတို့က ဇင်းမယ်ဖြစ်ကျမ်းဟုဆိုကြသည်၊ ယိုးဒယားအက္ခရာဖြင့်လည်း ဤကျမ်းများကို ရိုက်နှိပ်ထားသည်ကိုတွေ့ရသည်။ ဇင်းမယ်ဖြစ်ကျမ်းဟု ၎င်းတို့ဆိုခြင်းမှာ ကျမ်းနိဂုံးတို့တွင်ပါသော "အဘိနဝပုရ၏ အနောက်မြောက်ထောင့်အရပ်၌ တည်ရှိသော ပိန္နဲပင်ကျောင်း၌ သီတင်းသုံးသော ဉာဏကိတ္တိအမည်ရှိသောမထေရ် ရေးသားအပ်သော" ဟူသော စကားရပ်တွင် အဘိနဝပုရကို ထောက်၍ ဆိုခြင်းဖြစ်သည်၊ အဘိနဝပုရ၏အနက်မှာ မြို့သစ်ဖြစ်၏။ ဇင်းမယ်ကို ယိုးဒယားသံဖြင့် "ချင်းမိုင်" ဟု ထွက်ရာ ချင်းမှာ မြို့ဖြစ်၍ မိုင်မှာ အသစ်ဟု အဓိပ္ပါယ်ထွက်သောကြောင့် အဘိနဝပုရဖြင့် ဇင်းမယ် ဆိုလိုသည်ဟု ယူဆကြခြင်းဖြစ်လေသည်။ သို့သော်လည်း အဋ္ဌသာလိနီ ယောဇနာ၏ နိဂုံး၌ ဂါထာများပါရှိရာ ၎င်းဂါထာတို့တွင်

ကျမ်းနှင့် ဝါစကောပဒေသသဒ္ဒါငယ်ကျမ်း, ဆူးတွင်းပစ်ဆရာတော်ဟု ထင်ရှားသည့် အရှင်နာဂိတမထေရ်၏ သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါငယ်ကျမ်း, ပင်းယ စတုရင်္ဂ-ဗလအမတ်ကြီး၏ အဘိဓာန်ဋီကာကျမ်း, အရှင်အရိယ ဝံသမထေရ်၏ မဏိသာရမဉ္ဇူသာ ဋီကာကျမ်း, မဏိဒီပဋီကာကျမ်း, ဂန္ထာဘရဏကျမ်းနှင့် ဇာတ်ဋီကာသစ်ကျမ်း, စစ်ကိုင်း အရှင်တေဇောသာရ၏ ပရိတ်ကြီးဋီကာကျမ်း, အရှင်တိလောကဂုရုဆရာတော် ဓာတုကထာ ဋီကာ ဝဏ္ဏနာကျမ်း, အရှင်သဒ္ဓမ္မကိတ္တိဝရ၏ ဧကက္ခရကောသကျမ်း, တောင်ဖီလာ ဆရာတော်၏ ဝိနယာလင်္ကာရဋီကာကျမ်း ဟံသာဝတီခေတ် အရှင်မဟာနာ မထေရ်၏ မဓုဋီကာခေါ် မဓုသာရတ္ထဒီပနီဋီကာကျမ်း စသည်တို့ဖြစ်လေသည်။

---

'အတိဒုပ္ပသယော, ဥဋ္ဌာရပဉော, စတုသေတိ ဘိန္ဒော"ဟူသော ဂုဏ်တို့ဖြင့် အထူးပြု၍ သီဟသူရ(သီဟသူ)မင်းကို မိမိ၏ ကျောင်းဒကာအဖြစ်ဖြင့် ပြဆိုထားသည်ကို တွေ့ရသည်။ "စတုသေတိဘိန္ဒော=ဆင်ဖြူ လေးစီး၏ အရှင်"ဟု ဆိုသဖြင့် ပင်းယခေတ် ဆင်ဖြူလေးစီးရှင် သီဟသူမင်း (ကျော်စွာမင်းဟုလည်းခေါ်သည်) ကို ဆိုလိုကြောင်း ထင်ရှားသည်။ ၎င်းပြင် ဤယောဇနာတို့နှင့် တခေတ်တည်းပေါ်သော စတုရင်္ဂဗလ အမတ်ကြီး၏ အဘိဓာန်ဋီကာနိဂုံးတွင်လည်း "စတုသေတိဘိန္ဒော, အတိဒုပ္ပသယော, ဥဋ္ဌာရပဉော"ဟူသော ဂုဏ်ထူးတို့ဖြင့် သီဟသူမင်းကိုပင် ဂုဏ်ပြုထားသည်ကို တွေ့ရပေသည်။ ကျမ်းရင်းစာသားကို ကြည့်ရှုလေ့လာလျှင်လည်း ဤယောဇနာကျမ်းများ မြန်မာပြည်ဖြစ်ကျမ်းများ ဖြစ်ကြောင်း ထင်ရှားသည်။ မြန်မာနိုင်ငံ၌ တွင်ကျယ်သော ဝါကျာရမ္ဘ, ဒဋ္ဌကရဏစသော အသုံးအနှုန်းများ, ပုဒ်များကို ရုပ်တွက်ပြရာ၌ ကစ္စည်းသဒ္ဒါကြီးနှင့် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းတို့မှ သုတ်များကို တိုက်ရိုက်ယူ၍ အသုံးပြုထားချက်များနှင့် ဝနပ္ပတိပုဒ်နှင့်စပ်၍ ပုဂံဖြစ် သဒ္ဒနီတိကျမ်းကိုအမည်ဖော်၍ ကိုးကားချက်များ စသည့် ထူးခြားချက်များသည် ဤကျမ်းတို့ မြန်မာပြည်ဖြစ်ကျမ်းဖြစ်ကြောင်းကို သေချာစွာ ညွှန်ပြလျက်ရှိသော အချက်အလက်တို့ပင် ဖြစ်လေသည်။ သို့ဖြစ်၍ ဤယောဇနာကျမ်း တို့ကို ရေးသားသည့်ပုဂ္ဂိုလ်မှာ ပင်းယမြို့၌ နန်းစံသော ဆင်ဖြူ လေးစီးရှင် သီဟသူမင်း (သက္ကရာဇ် ၇၀၂-၇၂၁)လက်ထက် တဗ္ဗာဝတီမည်သော မြစ်ငယ်တောင် ပလိပ်ရွာအရှေ့ မြို့သစ်မြို့နေ အရှင်ဉာဏကိတ္တိမထေရ်ပင် ဖြစ်ကြောင်း ယုံကြည်စွာ မှတ်သားအပ်ပေသည်။ ပိဋကတ်တော်သမိုင်း၌ ကျမ်းပြုပုဂ္ဂိုလ်၏ဘွဲ့ကို ရှင်သိရိမင်္ဂလဟု ပြသည်၊ ယင်းဘွဲ့မှာ အရှင်ဉာဏကိတ္တိ၏ အခြားဘွဲ့အမည်တစ်ခုဟု ယူရန်ရှိပေသည်။

ဆိုခဲ့ပြီးခေတ်တို့တွင် ပါဠိသက်သက်စာပေသာမကဘဲ ပါဠိနှင့်မြန်မာ ရောသော စာပေနှင့် ပါဠိကိုအမှီပြုသော မြန်မာစာပေတို့လည်း ထွန်းကားခဲ့ပေသည်။ ရွှေဥမင် ဆရာတော်၏ ဝိနည်းပါဠိတော်၏ နိဿယနှင့် အဋ္ဌကထာနိဿယများ, အရှင်မဟာ သီလဝံသ၏ နေတ္တိပါဠိတော်နိဿယ, နန်းကျောင်းဆရာတော်, ဒက္ခိဏာဝန် ဆရာတော်တို့၏ သဒ္ဒါကြီးနိဿယများ, ထိုထိုဆရာတော်တို့၏ မာတိကာအရကောက်စသော အကောက်ကျမ်းများ, အရှင်မဟာသီလဝံသ, အရှင်မဟာရဋ္ဌသာရတို့၏ ပျို့, လင်္ကာကျမ်းများ စသည်တို့ကား ဤခေတ်ပေါ်စာပေတို့တွင် ထင်ရှားသောကျမ်းအချို့ ဖြစ်ပေသည်။

ဤခေတ်အတွင်းမှာပင် စာဏကျနီတိ စသော သက္ကတနီတိတို့နှင့် အလားတူ ဖြစ်သော ပါဠိ-နီတိကျမ်းတို့ ပေါ်ထွက်ခဲ့သည်ကို တွေ့ရသည်၊ ၎င်းတို့တွင် စတုရင်္ဂဗလအမတ်ကြီး ရေးသားသည်ဆိုသော လောကနီတိတို့နှင့် အရှင်မဟာသီလဝံသ၏ မဟာရဟနီတိတို့မှာ ထင်ရှားကျော်ကြားအသိများသော နီတိတို့ ဖြစ်ပေသည်။

၎င်းနောက် ကုန်းဘောင်ခေတ်တွင်လည်း အလားတူစာပေတို့ တိုးတက်ခဲ့ပေသည်။ ဤခေတ်တွင် ရှေးရေးကျမ်းတို့ကဲ့သို့ အရည်အသွေး မြောက်သော ပါဠိကျမ်းဂန်များ ထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ၎င်းကျမ်းတို့ကား မောင်းထောင်သာသနာပိုင် ဆရာတော်၏ သီလက္ခန်ဋီကာသစ်ကျမ်းနှင့် ပေဋကာလင်္ကာရခေါ် နေတ္တိမဟာဋီကာသစ်ကျမ်းတို့အပြင် ဆရာတော်ဦးပုဒ်၏ နိရုတ္တိဘေဒသင်္ဂဟသဒ္ဒါငယ်ကျမ်း, ပဌမ ငါးခုန်ဆရာတော်၏ ခုဒ္ဒကပါဌ ဋီကာ, သမ္မန္တစက္ကောဋီကာသစ်ကျမ်းများ စသည်တို့ ဖြစ်လေသည်။ ဘုရားကြီး ဆရာတော်၏ ပါစိတျာဒိယောဇနာကျမ်း, သစ်ဆိမ့်ဆရာတော်၏ ကင်္ခါယောဇနာ မဟာဋီကာကျမ်းတို့သည်လည်း ဤခေတ်နောက်ပိုင်း၌ ထင်ရှားသောပါဠိကျမ်းတို့ ဖြစ်ပေသည်။

ဤခေတ်တွင် နိဿယအရကောက်-စသော ပါဠိအမှီပြု စာပေတို့ ပိုမိုမြောက်မြားစွာ ထွန်းကားခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုတွင် တောင်တွင်းဆရာတော် ခင်ကြီးပျော်၏ ပုဒ်စစ်ကျမ်း, ဉာသ်အရကောက်ကျမ်း, ယမိုက်ခက်ဆစ်နှင့် ပဋ္ဌာန်းအရကောက်ကျမ်းများ, ဆရာတော်ဦးဗုမ်၏ ရူပသိဒ္ဓိနိဿယ, သဒ္ဒနီတိနိဿယ, ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်နှင့် ခုဒ္ဒသိက္ခာနိဿယများနှင့် နေတ္တိဟာရတ္ထဒီပနီကျမ်းတို့အပြင် တောင်ဖီလာ ဆရာတော်၏ မာတိကာအရကောက်ကျမ်း စသည်တို့ ပါဝင်ပေသည်။

၎င်းပြင် ဤခေတ်၌ မြန်မာနိုင်ငံသာသနာဝင်နှင့် ဂန္ထဝင်ကို ပဓာနထား၍ ရေးသား အပ်သော မင်းတိုင်ပင်အမတ်ကြီး မဟာစမ္မသင်္ကြံ၏ "သာသနာလင်္ကာရစာတမ်း"ခေါ် ကျမ်းစာတစ်စောင်ပေါ်ထွက်ခဲ့ပေသည်၊ ဤကျမ်းကား ရတနာပူရ စတုတ္ထမြို့နန်းတည် ဘဝရှင်မင်းတရားကြီး (ဘကြီးတော်ဘုရား)၏ အမိန့်တော်ဖြင့် အတွင်းဝန်ကြီး သိရိမဟာနန္ဒသင်္ကြံ မေးဆိုချက်ကို အမတ်ကြီး မဟာစမ္မသင်္ကြံ ရေးသားဖြေဆိုအပ်သော ကျမ်းဖြစ်၍ ဤကျမ်း၌ ပဉ္စမသင်္ဂါယနာတင်မှစ၍ ဘကြီးတော်ဘုရား လက်ထက်တိုင်အောင် သာသနာဝင်ဆိုင်ရာ မှတ်သားဖွယ်အဖြစ်အပျက်တို့ကို ပြဆိုထားသည်ကို တွေ့ရလေသည်။

ဤသာသနာလင်္ကာရစာတမ်းကိုပင် ကုန်းဘောင်ခေတ် နောက်ပိုင်းဖြစ်သည့် ရတနာပုံခေတ်၌မောင်းထောင်ဆရာတော် အရှင်ပညာသာမိမထေရ်သည် သီဟိုဠ်ကျွန်း ရာမညနိကာယကို စတင်တည်ထောင်သော သရဏင်္ကရဟူသောအမည်ဟောင်းရှိသော ဉာဏာသဘာဝရညာဏသာမိမထေရ်နှင့် အခြားမထေရ်တို့၏ တောင်းပန်ချက်ဖြင့် ပါဠိဘာသာသို့ ပြန်ဆိုရေးသားခဲ့လေသည်။ မန္တလေးမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး လက်ထက်တိုင်အောင်သော သာသနာဝင်ကိုပါ ထည့်သွင်း၍ ရေးသားထားသဖြင့် ပိုမိုစုံလင်သော သာသနာဝင်ကျမ်းစာ

တစ်စောင် ဖြစ်လေသည်။ ကျမ်းစာ၏အမည်ကိုလည်း "သာသနဝံသပ္ပဒီပိကာ" ဟု မှည့်လေသည်။ ဤကျမ်းသည် ပါဠိဘာသာဖြင့် ရေးသားအပ်သဖြင့် နိုင်ငံခြားသား ပါဠိပညာရှင်တို့ပါ ကြည့်ရှုနိုင်သောကျမ်း ဖြစ်ရကား သာသနာ့သမိုင်း, ပါဠိစာပေသမိုင်းတို့နှင့် ပတ်သက်၍၎င်း ပညာရှင်တို့ မကြာမကြာကိုးကားဖော်ပြခြင်းကို ခံရသော ကမ္ဘာသိ မြန်မာဖြစ် ပါဠိကျမ်းစာ တစ်စောင် ဖြစ်လေသည်[၁]။

ဤရတနာပုံခေတ်တွင် မိမိ၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်များဖြင့် ရေးသားအပ်သည့် သီးခြား ပါဠိသဒ္ဒါကျမ်းတစ်စောင် ထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ၎င်းကား ယောအတွင်း ဝန်မင်း ဦးဘိုးလှိုင် ရေးသားအပ်သည့် "သဒ္ဒဟင်္ဂဟ"ကျမ်းဖြစ်လေသည်။ ၎င်းကျမ်းမှာ သိဒ္ဓန္တကောမုဒီခေါ် သက္ကတ သဒ္ဒါကျမ်းကို များစွာအမှီပြု၍ ရေးသားအပ်သော ကျမ်းဖြစ်သဖြင့် အသုံး အနှုန်းများမှာ သက္ကတဆန်နေသည်ကို တွေ့ရသည်။ ယောမင်းကြီး၏ လက်ရာဖြစ်သည့်အတိုင်း တိကျပြတ်သားသော ဆုံးဖြတ်ချက်များကို၎င်း, ရှေးသဒ္ဒါကျမ်း အဆိုအမိန့်တို့ကို စိစစ်ချက်တို့ကိုလည်းကောင်းတွေ့ရှိရသည်။ ၎င်းကျမ်းမှာ ပုံနှိပ်စာအုပ် အဖြစ်သို့ မရောက်ခဲ့သဖြင့် လူသိများသော ကျမ်း အဖြစ်သို့ မရောက်ခဲ့ချေ။ ရတနာပုံ ခေတ်ပေါ် သီးခြားပါဠိသဒ္ဒါကျမ်းတစ်စောင် ဖြစ်၍ မြန်မာတို့ ဂုဏ်ယူထိုက်သောကျမ်း တစ်စောင်ဖြစ်လေသည်။

ဂဏ္ဌိကျမ်းများနှင့် ဝိနိစ္ဆယကျမ်းများလည်း ဤခေတ်တွင် အများ အပြား ပေါ်ပေါက်ခဲ့ရာဆရာတော်ဦးသုတ၏ ပါရာဇိကဏ်ဂဏ္ဌိသစ်သည် ထင်ရှားသော ကျမ်းဖြစ်လေသည်။ ဤခေတ်၌ ပေါ်ထွက်ခဲ့သော နိဿယတို့ တွင်လည်း ပြည်ဆရာတော်၏ အဋ္ဌသာလိနီ အဋ္ဌကထာနိဿယနှင့် ဝိသုဒ္ဓိမဂ်

၁။ ဤသာသနဝံသပ္ပဒီပိကာကို လန်ဒန်ပါဠိစာတော်မူအသင်း၏ ၁၈၉၇-ခုနှစ်ဂျာနယ်၌ ရောမအက္ခရာဖြင့်လည်းကောင်း, သာသနာနှစ် ၂၄၇၄-ခုနှစ်တွင် သီဟိုဠ်ကျွန်း သဒ္ဓမ္မဝံသမထေရ် တည်းဖြတ်၍ သီဟိုဠ်အက္ခရာဖြင့်လည်းကောင်း ရိုက်နှိပ်ထား လေသည်။ B. C. law ကလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားပြန်ရာ ပါဠိ မတတ်သော အင်္ဂလိပ်ပညာရှင်တို့ပင် ကြည့်ရှုလေ့လာနိုင်နေပေပြီ။

အဋ္ဌကထာနိဿယတို့မှာ ယနေ့တိုင်ကျော်ကြား နေသောနိဿယများ ဖြစ်ကြသည်။

ဤခေတ်မှနောက် မျက်မှောက်ခေတ်တိုင်အောင် ပါဠိစာပေသည် မြန်မာပြည်၌ ထွန်းကားလျက်ပင်ရှိခဲ့ရာ ပါဠိဆိုင်ရာ စာပေကျမ်းဂန်များလည်း အမြောက်အမြား ထွက်ပေါ်ခဲ့သည်။ ထိုများစွာသော ကျမ်းတို့တွင် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ(ပါဠိ)ကျမ်းမှာ ကမ္ဘာကျော်ကျမ်းတစ်ကျမ်းပင် ဖြစ်ပေသည်။ ဆရာတော်၏ အခြားထင်ရှားသော ပါဠိကျမ်းမှာ နိရုတ္တိဒီပနီကျမ်းဖြစ်သည်။ မြန်မာဘာသာဖြင့် ရေးသားအပ်သော ဆရာတော်၏ ဒီပနီကျမ်းများစွာတို့သည်လည်း သာသနာ့ဝင် ရှင်လူအပေါင်းတို့၏ လောကုတ်လောကီ နှစ်လီသော အကျိုးကို ယနေ့တိုင် ရွက်ဆောင်လျက်ရှိပေသည်။ လယ်တီဆရာတော်၏ ပရမတ္ထဒီပနီထွက်ပေါ်ပြီးနောက် တလိုင်းကုန်းဆရာတော်၏ အင်္ဂုရမ္ဘီကာ, ဆရာတော် အရှင်ဉာဏိန္ဒာသဘ၏ ဝိဘာဝိနီ ယောဇနာစသော ကျမ်းဂန်တို့လည်း အများအပြား ပေါ်ထွက်ခဲ့ပေသည်။

ဤခေတ်တွင် ပါဠိကိုအမှီပြုသော ပျို့, လင်္ကာများလည်း အသင့်အတင့်ထွန်းကား သည်ကိုတွေ့ရသည်။ ၎င်းတို့တွင် လောကီလောကုတ္တရာ ဗဟုသုတအဖြာဖြာတို့နှင့် ပြည့်စုံ ကြွယ်ဝ၍ အကျယ်ဝန်းဆုံး အပြည့်စုံဆုံးဟုဆိုထိုက်သောကျမ်းမှာ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်ကျမ်းကြီးပင် ဖြစ်ပေသည်။ ယင်းကျမ်းကြီးသည် မြန်မာ ပျို့ကဗျာစာပေသမိုင်းတွင် နောက်ဆုံးတောက်ထွန်းခဲ့သော မီးရှူးတန်ဆောင်ကြီးပင် ဖြစ်ပေတော့သည်။

ဆိုခဲ့ပြီးကျမ်းစာများမှတပါး အခြားခြားသော ကျမ်းတတ်အကျော်အမော်ဖြစ်သည့် ထိုထိုဆရာတော်တို့ ရေးသားသော ကျမ်းဂန်များကိုကား ဤနိဒါန်းတွင် ပြည့်စုံအောင် ထုတ်ပြနိုင်မည် မဟုတ်၍ ဤမျှဖြင့်ပင် ပါဠိစာပေသမိုင်းအကျဉ်းကို အဆုံးသတ်ရပေတော့မည်။

❑

## ၄

## ပါဠိအဘိဓာန်များ

ပါဠိဘာသာသည် အိန္ဒိယပြည် ရှေးဟောင်းဘာသာများဖြစ်သည့် သက္ကတဘာသာ, ပြာကြိုဋ်ဘာသာတို့နှင့် လွန်စွာနီးစပ်ကြောင်းကို ဤနိဒါန်း အခန်း၁-တွင် ပြဆိုခဲ့ပြီးပေပြီ။ ၎င်းဘာသာ ၂-မျိုးတို့တွင် သက္ကတဘာသာသည် အဋ္ဌာရသဝိဇ္ဇာခေါ် အတတ်ကြီး ၁၈-ရပ်, စတုသဋ္ဌိကလာခေါ် အတတ်ငယ် ၆၄-ရပ်, ဟိန္ဒူတရားကျမ်းဂန်များနှင့် မြောက်ပိုင်း ဗုဒ္ဓဘာသာ တရားကျမ်းဂန်တို့၏ တည်ရာ, မှီရာဖြစ်သဖြင့် အလွန်များပြားကျယ်ဝန်းသော ဝေါဟာရသဒ္ဒါ,ပရိယာယ် ပုဒ်တို့ဖြင့် ပြည့်နှက်လျက်ရှိပေသည်၊ သို့ဖြစ်လေရာ ထိုများပြားလှသော ဝေါဟာရတို့ကို သိမ်းကျုံးစုဆောင်းထားသော အဘိဓာန် ကျမ်းများလည်း အမြောက်အမြားပင် ရှိမည်မှာ ယုံမှားဖွယ်မရှိပေ။ ယင်းသို့ ပေါ်ထွက်ခဲ့သော သက္ကတအဘိဓာန်ကျမ်းတို့တွင်လည်း အမရသီဟဆရာ စီရင်သည့် အမရကောသခေါ် အဘိဓာန်ကျမ်းသည် အကျော်ကြားဆုံး, အသုံးအများဆုံးဖြစ်၍ အရပ်တကာတို့၌ပင် ပျံ့နှံ့လေသည်။ ထိုသို့ ပျံ့နှံ့ခြင်း မှာလည်း ၎င်းအမရကောသ အဘိဓာန်ကျမ်းသည် ပါဏိနိ စသော သဒ္ဒါ ကျမ်း တို့ဖြင့် စီရင်အပ်သော သဒ္ဒါများစွာကို သိမ်းကျုံး၍ယူခြင်း, သဒ္ဒါနည်း၍ အနက်များသော အဖွဲ့ရှိခြင်း, အစီအရင်ကောင်းခြင်း,နာမ်လိင် ၂-ပါးတို့ကို ကောင်းစွာပြခြင်း စသော ဂုဏ်တို့ကြောင့်ပင် ဖြစ်ပေသည်။

ယင်းသို့ အမရကောသအဘိဓာန်ကျမ်းသည် တွင်ကျယ်ထင်ရှား အသုံးများသော ကျမ်းဖြစ်သော်လည်း ၎င်းသည် သက္ကတဘာသာဖြင့် ပေါ်ထွက်ခဲ့သည့် အဘိဓာန်ကျမ်းများတွင် အစဆုံးပေါ်ထွက်ခဲ့သောကျမ်း

ကား မဟုတ်ပေ။ ယနေ့ တွေ့မြင်အပ်သည့် သက္ကတအဘိဓာန်တို့တွင် ရှေးအကျဆုံးပေါ်ထွက်ခဲ့သောကျမ်းကား **နိဃဏ္ဍု** ခေါ် ကျမ်းပင် ဖြစ်လေသည်။ ၎င်းကျမ်းမှာထိုခေတ်က ဣရု, ယဇု စသော ဝေဒကျမ်းများကို လေ့လာသူတို့ အလွယ်တကူ လေ့လာသက်ဝင်နိုင်စေရန် ၎င်းဝေဒတို့မှ ခက်ခဲသောပုဒ်တို့ကိုထုတ်နုတ်၍ စီစဉ်ရေးသားထားသော ပုဒ်အနက်မှတ်စု တစ်မျိုးပင် ဖြစ်ပေသည်။

၎င်းကျမ်းသည် အမရကောသ စသော နောက်ပေါ် အဘိဓာန်ကျမ်းတို့ကဲ့သို့ ကျယ်ဝန်းခြင်းမရှိဘဲ ပုံနှိပ်ပြီးမူနှင့် စာမျက်နှာ ၁၈-မျက်နှာမျှသာ ရှိသော ကျမ်းငယ်ကလေး ဖြစ်သည်။ ၎င်းကျမ်းတွင် အဓျာယ(အခန်း) ၅-ခု ပါရှိရာ ပဌမ အဓျာယတွင် မြေကြီးအနက်ဟောပရိယာယ် ၂၁-ပုဒ်, ရွှေအနက်ဟော ပရိယာယ် ၁၅-ပုဒ်, ကောင်းကင်အနက်ဟော ပရိယာယ် ၁၆-ပုဒ် စသည်ဖြင့် အနက်တူ ပရိယာယ်ပုဒ်များကို စီစဉ်ပြသထားသည်၊ နောက် အဓျာယတို့၌လည်း ထို့အတူပင် အခြားအနက်ဟော ပရိယာယ်ပုဒ်တို့ကို စီစဉ်ရေးသားထားသည်ကို တွေ့ရှိရသည်။ ထူးခြားချက်မှာကား အမရကောသ စသော နှောင်းခေတ်ပေါ် ကျမ်းများ၌ကဲ့သို့မဟုတ်ဘဲ ကြိယာပုဒ်များကိုပါအနက်တူရာစု၍ စီစဉ်ပြသထားခြင်းပင် ဖြစ်ပေသည်။ ဥပမာ-ဇလတိ (ထွန်းတောက်ပ၏)ဟူသော ကြိယာပုဒ်နှင့် အနက်တူသော ကြိယာပုဒ်များကို "ဘြာဇတေ, ဘြာဆတေ, ဘြာရျတိ, ဒီဒယတိ, ဓေါစတိ,မန္ဒတေ, ဘန္ဒတေ, ရောစတေ, ဇျောတတေ, ဒျောတတေ, ဒျုမတ် ဣတိ ဧကာဒရ ဇွလတိကမ်ာဏား[၁]" ဟု ပြဆိုထားခြင်းမျိုး ဖြစ်လေသည်။

ဤနိဃဏ္ဍုကျမ်းမျိုးကိုပင် ရည်ရွယ်၍ ပါဠိတော်တို့၌ ပညာတတ် ဗြာဟ္မဏတို့၏ ဂုဏ်အရည်အချင်းကို ပြရာတို့ဝယ် "နိဃဏ္ဍုကျမ်း, ကေဋုဘကျမ်းတို့နှင့်တကွ ဝေဒ ၃-ကျမ်းတို့ကို ကမ်းတစ်ဘက်ရောက် တတ်မြောက်သည်[၂]"ဟု ဟောတော်မူခြင်းဖြစ်ပေမည်။ ထိုစကားမှန်၏။ ဤနိဃဏ္ဍုကျမ်း

၁။ နိဃဏ္ဍု၊ ၁။ ၁၆။

၂။ တိတ္ထက် ဝေဒါန် ပါရဂူ သနိဃဏ္ဍု ကေဋုဘာနံ။ဒီ၊ ၁။ ၈၂-စသည်။

သည် ဝေဒ၏အခြံအရံဖြစ်သော ဝေဒင်္ဂကျမ်း ၆-ကျမ်းတို့တွင်ပါဝင်သည့် နိရုတ္တိကျမ်း၏မှီရာ တွဲဖက်ကျမ်းပင်ဖြစ်သည်။ ပါဠိတော်၌လည်း ဝေဒကျမ်း၏ အခြံအရံအနေဖြင့် နိဃဏ္ဍုကျမ်းကို ပြဆိုထားရကား ဆေးကျမ်းတို့တွင် အပါအဝင်ဖြစ်သော ရာဇနိဃဏ္ဍုစသော ကျမ်းမျိုးဖြစ်နိုင်စရာ အကြောင်း မရှိပေ။

ယင်းနိဃဏ္ဍုကျမ်းသည် ဝေဒကိုလေ့လာသူတို့အား ကျေးဇူးပြုခဲ့ သည် မှန်သော်လည်း နောက်၌ သက္ကတဘာသာသည် ကျယ်ပြန့်လာ၍ ဣတိဟာသ, ကာဗျ, နာဋက စသော စာပေတို့ထွန်းကားလာသော အခါ၌ကား ယင်းဖြင့် မလုံလောက်တော့သည်ဖြစ်၍ ထိုစာပေတို့ကို ခြုံနိုင် သောအမရကောသ-စသောအဘိဓာန်တို့ကို နောက်ဆရာတို့ ရေးသား ခဲ့ကြခြင်းဖြစ်ပေသည်။ ထိုသို့ရေးသားကြရာတွင်လည်း ဤနိဃဏ္ဍုကျမ်း ကလေးသည် ထိုအဘိဓာန်ကျမ်းသစ်တို့ စံနမူနာထားအပ်သည့် ရှေးပြေး ကျမ်းကလေးပင် ဖြစ်တော့သည်။

ဆိုခဲ့ပြီးသည့် နိဃဏ္ဍုကျမ်းနှင့် အမရကောသ စသော သက္ကတအဘိဓာန် ကျမ်းတို့၌ လာသော သဒ္ဒါတို့သည် ပိဋကတော်နှင့် သင့်လျော်သည်လည်း ရှိ၍ မသင့်လျော်သည်လည်း ရှိ၏။ ပါဠိဘာသာနှင့် သက္ကတဘာသာ ၂-မျိုးလုံးကို တတ်ကျွမ်းသူ ပေါများသော ပါဠိစာပေခေတ်ဦးပိုင်းတွင် ၎င်း အမရကောသ စသော သက္ကတ အဘိဓာန်ကျမ်းတို့ကပင် ပိဋကတော်အား အထိုက်အလျောက် ကျေးဇူးပြုခဲ့မည် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ထို စောစောပိုင်းအခါက ပါဠိမာဂဓအဘိဓာန်များ မပေါ်ထွက်ခဲ့ခြင်း ဖြစ်ဟန် တူပေသည်။

သာသနာတော်နှစ် ၁၇၀၀-လောက်သို့ ရောက်သောအခါတွင်မူကား မဟာပရက္ကမ ဗာဟုမင်းလက်ထက် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့ဇေတဝန်ကျောင်းတိုက်၌[၁] သီတင်းသုံးနေတော်မူသော အရှင်မောဂ္ဂလ္လာန်မထေရ်သည် အဘိဓာနပ္ပဒီပိကာခေါ် မာဂဓအဘိဓာန် ကျမ်းကို ရေးသားပြုစုခဲ့ပေသည်။ ကျမ်း၏အစတွင် နိယဏ္ဍုကျမ်း၌ လာသော ပိဋကနှင့် သင့်လျော်သည်များကိုလည်း ထည့်သွင်း၍ ပြုစုသည်ဆိုသဖြင့် ဤကျမ်းကို မာဂဓသက်သက်ကိုသာ တတ်သူတို့အတွက်ကရည်ရွယ်ထား၍ ရေးသားခဲ့သည်ကို သိနိုင်ပေသည်။ ဤကိုထောက်၍လည်း ထိုခေတ်တွင် ပါဠိစာပေခေတ်ဦးပိုင်းမှာလောက် မာဂဓ, သက္ကတစွယ်စုံတတ်သူတို့ မပေါ်များတော့သည်ကိုလည်း မှန်းဆနိုင်ပေသည်။

ယင်းမာဂဓအဘိဓာန်ကို ရေးသားရာ၌အရှင်မောဂ္ဂလ္လာန်မထေရ်သည် သက္ကတဘာသာနှင့် ရှိနှင့်ပြီးသော အမရကောသအဘိဓာန်ကိုပင် စံနမူနာယူ၍ ရေးသားခဲ့ခြင်း ဖြစ်ပေသည်။ တစ်ကျမ်းလုံးအတွက် ကြိုတင်မှာထားချက်ဖြစ်သည့် ပရိဘာသာပိုင်းကို ပြဆိုရာ၌လည်း အမရကောသ၌ ပြထားသောနည်းကိုပင် ယူထားသည်ကို တွေ့ရသည်[၂]။ ကျမ်းအစိတ်အပိုင်းဖြစ်သည့် ကဏ္ဍခွဲပုံ, ဝဂ်ခွဲပုံ, အမည်ပေးပုံတို့လည်း အမရကောသနှင့် အတန်ငယ် ဆင်တူလျက် ရှိသည်ကိုတွေ့ရပေသည်။

---

၁။ ပိဋကတ်တော်သမိုင်း(၁၄၅)၌ သီဟိုဠ်ကျွန်း, အနုရာဓမြို့တောင်, မဟာဝိဟာရကျောင်းတိုက်နေ အရှင်မောဂ္ဂလ္လာန်ပြုသည်ဟု ဆိုသည်။ အဘိဓာန်နိဿယသစ် နိဒါန်းနှင့် The Pāli Literature of Ceylon , စာမျက်နှာ ၁၈၈-တို့ကြည့်ပါ။

၂။ အောက်ပါ ဂါထာ ၂-ပုဒ်ကို ယှဉ်ကြည့်ပါ။

ပါယသော ရူပဘေဒေန၊ သာဟစရိယာ စ ကွစိတ်။
ထီပုံနပုံသကံ ဒွေ ယျံ၊ တဒွိသေသဝိမိကွစိ။ (အမရကောသ)။
ဘိယျော ရူပန္တရာ သာဟ-စရိယေန စ ကတ္ထစိ။
ကွစာဟစ္စဝိဓာနေန၊ ဉေ ယျံ ထီပုံနပုံသကံ။ (အဘိဓာနပ္ပဒီပိကာ)။

ယင်းသို့ အမရကောသအဘိဓာန်ကို မှီငြမ်းပြု၍ အဘိဓာနပ္ပဒီပိကာကို ရေးသားခဲ့သည် ဆိုသော်လည်း အမရကောသကို မာဂဓဘာသာပြန်ဆိုရုံမျှကား မဟုတ်ပေ။ ကျမ်းရေးသားပုံ အစီအစဉ်ကိုသာ မှီငြမ်းပြုခြင်းဖြစ်လေသည်။ အမှန်မှာ အရှင်မောဂ္ဂလ္လာန်သည် အဋ္ဌကထာ, ဋီကာနှင့်တကွသော နိကာယ် ၅-ရပ်, ပိဋက ၃-ပုံကို အထပ်ထပ်မွှေနှောက်ပြီးမှသာ ထိုပါဠိ, အဋ္ဌကထာ,ဋီကာ နည်းများနှင့်အညီ အဘိဓာနပ္ပဒီပိကာကို ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

ထိုစကား မှန်၏။ ပါဠိတော်, အဋ္ဌကထာတို့၌လည်း နောင်အခါ ထွက်ပေါ်လာမည့် အဘိဓာန်ကျမ်းတို့၏ ရှေ့သွားစံနမူနာဖြစ်သည့် ဟောကြား, ရေးသားထားပုံမျိုးကို တွေ့ရှိရမည်ပင် ဖြစ်ပေသည်။ ၎င်းတို့ကား ကျမ်းသီးခြားတစ်စောင်တစ်ဖွဲ့အနေမျိုးဖြင့် ရှိကြသည်ကား မဟုတ်ပေ, တစ်စိတ်တစ်ဒေသအားဖြင့်သာ တွေ့ရှိရခြင်း ဖြစ်ပေသည်။ ယင်းတွေ့ရှိရသော စကားရပ်တို့သည်လည်း အဘိဓာန်အနေမျိုးဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ဟောကြားအပ်ခဲ့သည်မဟုတ်ဘဲ ပုဒ်တခု၏အနက်ကို ထင်ရှားစွာ သိမြင်နိုင်စေရန် ရှိသင့်သမျှသောအနက်တူ ဟောပုဒ်များနှင့် အချို့အရာတွင် ဟောနိုင်သမျှသော ပုဒ်နက်များကို ထုတ်ပြသည့်အနေဖြင့်သာ ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

ဥပမာအားဖြင့် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ဖဿ-ဟူသောပုဒ်၏ အနက်ကို အကျယ် ဖွင့်ပြရာ၌ "ဖဿော ဖုသနာ သံဖုသနာ သံဖုသိတတ္တံ[၁]" ဟုလည်းကောင်း, စိတ္တပုဒ်၏ အနက်ကို ဖွင့်ပြရာ၌ "**စိတ္တံ** မနော မာနသံ ဟဒယံ ပဏ္ဍရံ မနော မနာယတနံ မနိန္ဒြိယံ ဝိညာဏံ ဝိညာဏက္ခန္ဓော တဇ္ဇာ မနောဝိညာဏဓာတု[၁]"ဟုလည်းကောင်း, ဝိတက္ကပုဒ်၏ အနက်ကို ဖွင့်ပြရာ၌ "တက္ကော **ဝိတက္ကော** သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ သမ္မာသင်္ကပ္ပေါ[၁]"ဟုလည်းကောင်း, ပညာပုဒ်၏

၁။ အဘိ၊၁။ ၁၈။

အနက်ကိုဖွင့်ပြရာ၌ "**ပညာ** ပဇာနနာ ဝိစယော ပဝိစယော ဓမ္မဝိစယော သလ္လက္ခဏာ ဥပလက္ခဏာ ပစ္စုပ လက္ခဏာ ပဏ္ဍိစ္စံ ကောသလ္လံ နေပုညံ ဝေဘဗျာ စိန္တာ ဥပပရိက္ခာ ဘူရိ မေဓာ ပရိဏာယိကာ ဝိပဿနာ သမ္ပဇညံ ပတောဒေါ ပညာ ပညိန္ဒြိယံ ပညာဗလံ ပညာသတ္ထံ ပညာပါသာ ဒေါ ပညာ အာလောကော ပညာဩဘာသော ပညာ ပဇ္ဇောတော ပညာရတနံ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ[၁]"ဟုလည်းကောင်း ရနိုင်သမျှသော ပရိယာယ်ပုဒ်တို့ကို ထုတ်၍ ဖွင့်ဆိုဟောကြားထားသည်တို့ကို တွေ့ရှိနိုင်ပေသည်။ နေတ္တိပါဠိတော် ဝေဝစနဟာရ ဝိဘင်း၌လည်း ဤဖွင့်ပုံမျိုးကို တွေ့ရှိနိုင်သည်ပင် ဖြစ်သည်။

မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသပါဠိတော်၌လည်း အလားတူဖွင့်ဆိုချက်များကို တွေ့ရသည့်ပြင် ကိတ်ပစ္စည်းအဆုံးရှိသောပုဒ်နှင့် အာချာတ်ကြိယာပုဒ်စသည်တို့ကိုပင် ပရိယာယ်ပုဒ်များစွာဖြင့် ဖွင့်ပြသည်ကို တွေ့ရသည်။ အမြွက်မျှထုတ်ပြရသော်---

"**ကာမယမာနဿာ**တိ ကာမယမာနဿ ဣစ္ဆမာနဿ သာဒိယမာနဿ ပတ္ထယမာနဿ ပိဟယမာနဿ အဘိဇပ္ပမာနဿ။ **သမိဇ္ဈတီ**တိ ဣဇ္ဈတိ သမိဇ္ဈတိ လဘတိ ပဋိလဘတိ အဓိဂစ္ဆတိ ဝိန္ဒတိ[၂]"စသည်တို့တည်း။

အဋ္ဌကထာ, ဋီကာတို့၌ကား ဤနည်းမျိုးအပြင် ပုဒ်တစ်ခုက ဟောနိုင်သမျှသော အနက်တို့ကို ထုတ်ပြသည့်နည်း[၃] (ယခုခေတ် အဘိဓာန်ရေးနည်းမျိုး)များကိုပါ ဥဒါဟရဏ် ပုံစံများနှင့်တကွဖွင့်ပြသည်တို့ကို တွေ့ရပေသည်။

ဤဆိုခဲ့ပြီးသော အဖွင့်စကားရပ်တို့သည်ပင် အဘိဓာနပ္ပဒီပိကာကို ပြုစုသော အရှင်မောဂ္ဂလ္လာန်၏အားထားရာ မှီခိုရာ ဖြစ်ခဲ့မည်မှာ ယုံမှားဖွယ်မရှိပေ။

---

၁။ အဘိ၊၁။၁၉။ ၂။ မဟာနိ။ ၂။

၃။ အတ္ထုဒ္ဓါရဖွင့်နည်းမျိုးကို ဆိုလိုသည်။ ဤနည်းကို ထိုထို အဋ္ဌကထာတို့၌ အလွယ်တကူ ရှာဖွေ တွေ့ရှိ နိုင်ပေသည်။

အဘိဓာနပ္ပဒီပိကာ၌ ပါဝင်သောအခန်းများကား---သဂ္ဂကဏ္ဍ, ဘူကဏ္ဍ, သာမညကဏ္ဍ-ဟု အပိုင်းကြီး ၃-ပိုင်းဖြစ်ပေသည်။ ၎င်း ၃-ပိုင်းကိုပင် သဘောတူရာပေါင်း၍ ခွဲလျှင်ကား အပိုင်းကြီး၂-ပိုင်းခွဲခြားနိုင်ပေသည်။ ထိုတွင် အနက်တူဝေါဟာရပုဒ်တို့ကို ပြသည့် အပိုင်းကို ပဌမပိုင်းဟု သတ်မှတ်၍ဝေါဟာရပုဒ်တစ်ခု၏ ဟောနိုင်သော အနက်များကို ပြသည့်အပိုင်းကို ဒုတိယပိုင်းဟုသတ်မှတ်နိုင်ပေသည်။ ထိုသို့သတ်မှတ်လျှင် ပဌမပိုင်း၌ သဂ္ဂကဏ္ဍ, ဘူကဏ္ဍနှင့် သာမညကဏ္ဍမှ အချို့ဝဂ်များပါဝင်၍ ဒုတိယပိုင်း၌ သာမညကဏ္ဍမှ အနေကတ္ထဝဂ်နှင့် အဗျယဝဂ်တို့ ပါဝင်ပေမည်။

အပိုင်းကြီး ၃-ပိုင်းတို့တွင် သဂ္ဂကဏ္ဍ၌ ဘုရားအနက်ဟော ဝေါဟာရပုဒ်များကို ရှေးဦးစွာ ပြ၍ ၎င်းတို့နောက်၌ နိဗ္ဗာန်အနက်ဟောပုဒ်များ, ရဟန္တာအနက်ဟောပုဒ်များ, နတ်ပြည် အနက်ဟောပုဒ်များ, အသုရာအနက်ဟောပုဒ်များ စသည်ဖြင့် နတ်လောကနှင့်ဆိုင်သော ပရိယာယ်သဒ္ဒါများနှင့်တကွ သာသနာဆိုင်ရာ အသုံးအနှုန်းများဖြစ်သည့် ကုသိုလ်, အကုသိုလ်, ဖဿ, ပညာ, ဝိတက်, ဝီရိယ စသည်တို့၏ ပရိယာယ်ပုဒ်များနှင့် အခြားအနက်ဟော ပရိယာယ်ပုဒ်များကို စုပေါင်းပြဆိုထားလေသည်။ ဘူကဏ္ဍကိုကားဘူမိဝဂ်, ပုရဝဂ်,နရဝဂ်, စတုဗ္ဗဏ္ဏဝဂ် အရညဝဂ်,သေလဝဂ်,ပါတာလဝဂ်ဟု အပိုင်းငယ်ကလေးများ ခွဲခြား၍ ထားပြန်သည်။ ထိုတွင် ဘူမိဝဂ်၌မြေကြီးဆိုင်ရာ ဝေါဟာရများ, ပုရဝဂ်၌ မြို့ပြ ပြည်ရွာ အဆောက်အဦဆိုင်ရာ ဝေါဟာရများ, နရဝဂ်၌ လူဆိုင်ရာ ဝေါဟာရများ, စတုဗ္ဗဏ္ဏ ဝဂ်၌ ခတ္တိယ ဗြာဟ္မဏ ဝေဿ သုဒ္ဒ-ဟူသော အမျိုးလေးပါးဆိုင်ရာ ဝေါဟာရများ, အရညဝဂ်၌ တောနှင့်များ, ပါတာလဝဂ်၌ နဂါးပြည်စသော အောက်လောကဆိုင်ရာဝေါဟာရများကို ပြဆိုထားလေသည်။ သာမညကဏ္ဍကိုလည်း ဝိသေသျာဓိနဝဂ်, သံကိဏ္ဏဝဂ်, အနေကတ္ထဝဂ်, အဗျယဝဂ်ဟု ခွဲခြားထားသည်။ ထိုတွင် ဝိသေသျာဓိနဝဂ်၌ လိင်၃-ပါးနှင့် ဆက်ဆံသော ဝိသေသနပုဒ်များကိုလည်းကောင်း, သံကိဏ္ဏဝဂ်၌ အထွေထွေဝေါဟာရများကိုလည်းကောင်း,

အနေကတ္ထဝဂ်၌ အနက်အများကို ဟောသောပုဒ်များကို ၎င်းတို့ဟောနိုင်မည့်အနက်တို့နှင့်တကွလည်းကောင်း, အဗျယဝဂ်၌ နိပါတ်ပုဒ်, ဥပသာရပုဒ်တို့နှင့်တို့၏ အနက်တို့ကိုလည်းကောင်း စုပေါင်းပြဆိုထားပေသည်။

ဤသို့လျှင် အဘိဓာနပ္ပဒီပိကာသည် ၁၂၀၀-မျှသောဂါထာတို့ဖြင့် များစွာသော ဝေါဟာရသဒ္ဒါတို့ကို သိမ်းကျုံးယူငင်၍ ရေးသားအပ်ရကား ယနေ့တိုင်အောင်ပင် ပါဠိစာပေကို လိုက်စားသော ရဟန်းရှင်လူတို့အား ကျေးဇူးများစွာပြုလျက် ရှိပေသည်။

အဘိဓာနပ္ပဒီပိကာ ပေါ်ပြီးသည့်နောက် ၎င်း၏အဖွင့်ဋီကာများကို သီဟိုဠ်ကျွန်း၌ ရေးသားခဲ့သည်ဟု သမိုင်းမှတ်တမ်းများ၌ မတွေ့ရပေ။ သီဟိုဠ်ဆရာတို့ မရေးသားခဲ့ကြ၍ပင် မှတ်တမ်းများ၌ မတွေ့ရခြင်းဖြစ်သည်ဟု မှတ်ယူရပေသည်။ မြန်မာနိုင်ငံမှာကားပင်းယခေတ် ဆင်ဖြူလေးစီးရှင် သီဟသူမင်းလက်ထက် သာသနာနှစ်-၁၈၅၉ သက္ကရာဇ် ၇၁၄-ခုနှစ် အရောက်တွင် သိရီမဟာစတုရင်္ဂဗလအမတ်ကြီးသည် အဘိဓာန်ဋီကာကျမ်းကို ရေးသားခဲ့ရာ ယခုတိုင် သာသနာတော်တွင် အသုံးများ၍ ထင်ရှားသောကျမ်း ဖြစ်လေသည်။ အမတ်ကြီးသည် မိမိကိုယ်တိုင် မာဂဓ, သက္ကတဗျာကရုဏ်းကျမ်းတို့၌ အဝါးဝစွာ တတ်မြောက်သည်ဖြစ်၍ သက္ကတကျမ်းပေါင်းများစွာကို[၁] အကိုးအကားပြု၍ အဘိဓာန်ဋီကာကို ရေးသားခဲ့ခြင်းဖြစ်ရာ အရေးအသားကပင် သက္ကတဆန်နေသည်ကို တွေ့ရပေသည်။ သက္ကတဋီကာများနည်းတူ အဘိဓာနပ္ပဒီပိကာလာပုဒ်တိုင်းကို ဓာတ်ပစ္စည်းခွဲ၍ ဝိဂ္ဂြိုဟ်ဝစနတ် လှစ်ဆိုထားသဖြင့် ပုဒ်တစ်ခု၏ ဓာတ်ပစ္စည်းနှင့် ဝိဂ္ဂြိုဟ်ကိုသိလိုလျှင် ဤအဘိဓာန် ဋီကာကိုပင် အားကိုးကြရသည်။ သို့ဖြစ်၍လည်း ဤကျမ်းသည် စာချ, စာသင် ရှင်လူရဟန်းတို့ အမြဲမပြတ် လက်စွဲပြု၍ အသုံးပြုရသော ကျမ်းတစ်စောင်အဖြစ် ထင်ရှားခြင်းဖြစ်ပေသည်။

---

၁။ အဘိဓာန်ဋီကာဆရာကိုးကားခဲ့သောကျမ်းစာတို့တွင် အချို့ကား အမရကောသ, အမရကောသ စိန္တာမဏိ ဋီကာ, နာနတ္ထသင်္ဂဟ, ကာတန္တ, ရုဒ္ဒကျမ်း, သုရိယသိဒ္ဓန္တ, ဧကက္ခရကောသ, ရတနကောသ, ရဘသ, ရတနမာလာ, နလစရိယာ, မာယဋီကာ, မေဃဒူတကာဗျ, နာဋကရတနကောသ-တို့ ဖြစ်လေသည်။

အဘိဓာန်ဋီကာသည် ဝိဂြိုဟ်, ဝစနတ်, ဓာတ်, ပစ္စည်းခွဲနှင့် ပတ်သက်လျှင် အားကိုးအားထားပြုရသော ကျမ်းဖြစ်သည်မှန်သော်လည်း အဘိဓာနပ္ပဒီပိကာလာပုဒ်တို့ကို အစဉ်အတိုင်း ဖွင့်ဆိုထားသဖြင့် အလိုရှိသောပုဒ်ကို အချိန်မကုန်ဘဲ ရှာဖွေတွေ့ရှိနိုင်ရန် ခဲယဉ်းလျက်ပင် ရှိခဲ့ပြန်သည်၊ သို့ဖြစ်၍ ကြည့်ရှုရှာဖွေရာ၌ လွယ်သည်ထက်လွယ်အောင် စီစဉ်ရန် လိုအပ်လျက်ရှိလေရာ ယင်းလိုအပ်ချက်ကို သီဟိုဠ်ကျွန်း အရှင်သုဘူတိမထေရ်က ဖြည့်စွက်ခဲ့လေသည်။ ၎င်းမထေရ်စီစဉ်အပ်သည့် အဘိဓာနပ္ပဒီပိကာသူစိခေါ် ကျမ်းကား အဘိဓာန်ဋီကာ၌ ဝိဂြိုဟ်ဆို၍ ဓာတ်ပစ္စည်းခွဲထားသမျှသောပုဒ်တို့ကို အက္ခရာစဉ်ဖြင့် စီစဉ်ပြီးလျှင် ဆိုင်ရာဝိဂြိုဟ်စသည်တို့ကို ၎င်းပုဒ်များနှင့်အတူ ယှဉ်တွဲလျက် စီစဉ်ရိုက်နှိပ်ထားရာ အချိန်မကုန်ဘဲ မိမိအလိုရှိသောပုဒ်၏ ဝိဂြိုဟ်စသည်ကို အလွယ်တကူ တွေ့ရှိနိုင်သောကျမ်းဖြစ်လေသည်။ အရှင်သုဘူတိမထေရ်သည် အဘိဓာန်ဋီကာလာ စကားရပ်တို့ကို စိစဉ်ရုံမျှသာ မဟုတ်ဘဲ အချို့နေရာများ၌ သဒ္ဒနီတိနှင့် သက္ကတကျမ်းတို့မှ ဆိုင်ရာမှတ်သားဖွယ်တို့ကိုလည်း ဖြည့်စွက်ထားပေသေးရာ ၎င်းကျမ်းသည်သာ၍ပင် နှစ်သက်ဖွယ် ဖြစ်ပြန်လေသည်။

**အဘိဓာန်နိဿယများ**

ပုဂံခေတ်၌ အဘိဓာန်နိဿယများ ပေါ်ထွက်ခဲ့သည်ဟု မှတ်တမ်းများ၌ မတွေ့ရပေ။ သက္ကရာဇ် ၈၀၄-ခုနှစ်တွင် ရေးထိုးသည့် ပုဂံဝက်ကြီးအင်းတက်နွယ်ကျောင်း ကျောက်စာ၌မူကား ကျောင်းနှင့်တပါတည်း လှူသောပိဋကစာပေများစာရင်းတွင် "အဘိဓာန် နိဿရေည်[၁]"ဟု တွေ့ရသည်၊ ထို့ကြောင့်၎င်းအချိန်၌ အဘိဓာန်နိဿယ ထွက်ပေါ်လျက် ရှိနေပြီကို သိနိုင်ပေသည်။ မည်သည့်ခေတ်က ပေါ်သည်ဟု အတိအကျ ပြောဆိုရန် မဖြစ်နိုင်သော်လည်း ပင်းယခေတ်မှာပင် ပေါ်သည်ဟု ယူဆနိုင်ပေသည်။

၁။ တတိယမျက်နှာ, ကြောင်းရေ-၂၇။

ထို့အတူပင် သက္ကရာဇ်-၁၁၀၀ မတိုင်မီအတွင်းအဘိဓာန်နိဿယ များ ပေါ်ထွက်လျက် ရှိပြီကို ကျမ်းဂန် အထောက်အထားအရ သိရှိရပြန်သည်။ ယင်းကျမ်းဂန် အထောက်အထားကား အင်းဝခေတ် နောက်ဆုံးမင်းဖြစ်သည့် မဟာဓမ္မရာဇာဓိပတိ-ဘွဲ့ခံ ဟံသာဝတီပါ မင်းတရားလက်ထက် သက္ကရာဇ် ၁၁၀၈-ခုနှစ်တွင် ကျော်အောင်စံထား ဆရာတော် စီရင်အပ်သည့် အဘိဓာန် နိဿယပင် ဖြစ်လေသည်။ ၎င်းနိဿယ၌ ပဏ္ဏာမခန်းတွင် ရှေးနိဿယတို့၌ အယုတ်အလွန် မညီမညွတ်ရှိသည်ကို ဘုရင်းမင်းမြတ်မြင်တော်မူ၍ သတိုး မင်းကြီးအမည်ရှိသော အဂ္ဂသေနာပတိအမတ်ကြီးအား တဆင့်လျှောက် ထား တောင်းပန်စေသဖြင့် ယင်းနိဿယကို ရေးရကြောင်း ပြဆိုလျက် ရှိလေသည်။ ထို့ပြင် ၎င်းနိဿယ၊ ၁၅-ဂါထာ၌ "ဤတွင် ရှေးနိဿယတို့၌ ရွှေဟူသောကိုယ်ရှိသည်ဟု သမွန်လေသည်ကား မှားလေစွ"ဟုလည်း ကောင်း, ၃၄-ဂါထာ၌ "ရှေးနိဿယတို့၌ အပုမေ-ပုဒ်ဖြတ်၍ ကုတ္တိလိင်နပုံ လိင်၌-ဟု သမွန်သည်ကား ဋီကာနှင့်မညီ"ဟုလည်းကောင်း, ၃၅-ဂါထာ၌ "ရှေးနိဿယတစ်စောင်၌ မီးသွေးဟု သမွန်သည်ကား မသင့်စနိုး"ဟုလည်း ကောင်း ဤသို့ စသည်ဖြင့် ရှေးနိဿယတို့ကို ရည်ညွှန်း၍ ပြဆိုအပ်သော အရာဌာနတို့ကို အတော်များများ တွေ့ရလေသည်။ ဤတွေ့ရှိချက်များကပင် ကျော်အောင်စံထားနိဿယ မပေါ်မီအနည်းဆုံး အဘိဓာန် နိဿယ ၂-စောင် ရှိပြီးဖြစ်သည်ကို ညွှန်ပြလျက်ရှိလေသည်။

ယနေ့ တွေ့မြင်အပ်သည့် အဘိဓာန်နိဿယတို့တွင် ရှေးအကျဆုံး နိဿယကား ပဌမ ကျော်အောင်စံထားဆရာတော် ရေးသားအပ်သော နိဿယပင်ဖြစ်ပေသည်။ ၎င်းနိဿယမှာ စတုရင်္ဂဗလအမတ်ကြီး၏ အဘိဓာန်ဋီကာကိုပင် မှီငြမ်းပြု၍ ရေးသားထားသော နိဿယဖြစ်၏။ ပုဒ်တို့ကို အနက်ပေးရာ၌ ဗျူပ္ပတ်ပေါ်လွင်အောင် အနက်ပေးထားသဖြင့် နိဿယနက်ကိုရလျှင် ဋီကာကိုပါ အထိုက်အလျောက် ငုံမိနိုင်သော နိဿယ ဖြစ်ပေသည်။ ထို့ကြောင့်လည်း ၎င်းနိဿယသည် ယနေ့တိုင်အောင် သာသနာ့ဝင် ပုဂ္ဂိုလ်တို့နှင့်တကွ ပါဠိဘာသာကို လိုက်စားသော မြန်မာ အမျိုးသားတို့အဖို့ အားကိုးရာတစ်ဆူ ဖြစ်ခဲ့လေသည်။

ယင်းသို့ ၎င်းနိဿယသည် အားကိုးရာတစ်ဆူ ဖြစ်ခဲ့သော်လည်း ၎င်း၌ ထင်ရှားသော မှားယွင်းချက်အချို့ပါရှိနေခဲ့လေသည်။ ထို့ကြောင့်ပင် ပုဂံမင်းလက်ထက် သံတော်ဆင့်မင်း မဟာဇေယျ သင်္ခယာ ဦးချိန်[၁]သည် ကျော်အောင်စံထား အဘိဓာန်နိဿယ၌ တွေ့ရှိရသော မှားယွင်းချက်တို့ကို သုတ်သင်သည့် အဘိဓာနတ္ထဝိသောဓနီမည်သော ကျမ်းစာတစ်စောင်ကို ရေးသားခဲ့ခြင်း ဖြစ်လေသည်။

သက္ကရာဇ် ၁၂၈၇-ခုနှစ်သို့ ရောက်သောအခါမှာမူကား အဘိဓာန်နိဿယတစ်စောင် ထပ်မံပေါ်ထွက်ခဲ့ပြန်သည်။ နောက်ပေါ်နိဿယဖြစ်သဖြင့် ကျော်အောင်စံထား ဆရာတော်၏ နိဿယမှ ထောက်၍ ၎င်းကို အဘိဓာန်နိဿယသစ်ဟု အမည်တပ်လေသည်။ ဤနိဿယကို နိဿယသစ်ဟုခေါ်သဖြင့်ကျော်အောင်စံထားဆရာတော်၏ နိဿယမှာလည်း အလိုလိုပင် နိဿယဟောင်းဟူသော အမည်ကိုရလေတော့သည်။ ၎င်းအဘိဓာန်နိဿယသစ်ကို ရေးသားစီရင်သည့်ပုဂ္ဂိုလ်မှာ မာဃ, သက္ကတ ၂-ဌာနတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်တော်မူသော မန္တလေးမြို့, အဘယာရာမ ရွှေဂူတိုက် အဂ္ဂမဟာပဏ္ဍိတ အဘယာရာမဆရာတော်ပင် ဖြစ်ပေသည်။ ဋီကာနှင့် နိဿယဟောင်း ရှိပြီးဖြစ်လျက် နိဿယသစ်တစ်စောင်ကို ထပ်မံရေးသားရခြင်း၏ အကြောင်းကိုလည်း ဆရာတော်က နိဿယသစ် နိဒါန်းတွင် ----

> ". . . အဘိဓာန်ဋီကာသည် ဤမြန်မာပြည်တွင် ထင်ရှားကျော်ကြား အသုံးများသော်လည်း ကျမ်းရင်းဆရာကဲ့သို့ အဋ္ဌကထာနှင့်တကွ နိကာယ်ငါးရပ်ကို နှံ့စပ်အောင်ဖွေရှာ၍ အသေအချာ တိုက်ဆိုင်ရေးသားသည်မဟုတ်။ အမရကောသဋီကာများကိုသာ ပမာဏထား၍ရေးသားအပ်သည်ဖြစ်ရကား

---

၁။ ဤပုဂ္ဂိုလ်သည် မင်းတုန်းမင်းတရားကြီးလက်ထက်အတွင်းဝန်, လေ့သင်းဝန်ဖြစ်လာသည်။

ပါဠိ, အဋ္ဌကထာအဆို ကျမ်းဆရာ့အလိုနှင့် ဆန့်ကျင်သော အချက်တို့ဖြင့် ရောပြွမ်းလျက် ရှိလေသည်။ သို့ဖြစ်၍ ထိုဋီကာဖြင့် ပညာရှိသူခမိန်တို့ တင်းမတိမ် အားမရမရောင့်ရဲနိုင်ကြလေကုန်။ ထိုဋီကာကို ပမာနထား၍ ရေးသားအပ်သော ရှေးနိဿယတို့သည်လည်း ဋီကာနည်းကို မလွန်နိုင်ကြသည့်ပြင် အချို့အရာဋီကာဆရာ၏ အဆိုစကားလောက်ကိုပင် မရောက် မမိ မထိ မမီ ရှိကြလေသည်။

ထို့ကြောင့် 'ကျမ်းဆရာ့အလိုတော်ကျ အာဂမာနုလောမဖြစ်သော နိဿယသစ်တစ်ကျမ်းကို ကြိုးပမ်းရေးသားရမူကားကောင်းလေစွ'ဟူသော အကြံကို အရင်းခံရှေ့သွားပြုပြီးလျှင် .....၁"။ ဟု ပြဆိုထားသည်ကို တွေ့ရပေသည်။ ထို့ပြင် အဘိဓာန်နိဿယသစ်ရေးသားရာ၌ ဆရာတော်သည် "ကျမ်းဆရာ၏မှီရာ အကြွင်းမရှိသောပါဠိ, အဋ္ဌကထာ, သက္ကတကျမ်းပေါင်း များစွာတို့နှင့်တကွ လွန်ခဲ့သောနှစ်ပေါင်း ၇၀၀-ကျော်လောက်က ရေးသားခဲ့သော သီဟိုဠ် နိဿယဟောင်းတစ်ခုကိုလည်း သေချာကြည့်ရှု မှီငြမ်းပြုလျက် ဤအဘိဓာန်နိဿယသစ်ကျမ်းကို ကြိုးပမ်းတီထွင် စီရင်ရေးသား"ခဲ့ပေသည်။

ဤနိဿယသစ်ရေးသားပုံမှာပုဒ်တို့ကို အနက်ပေးရာ၌ နိဿယဟောင်းမှာကဲ့သို့ ဝိဂြိုဟ်နက်များကို ဖော်၍မပေးတော့ဘဲ လိုရင်းဟောနက်ကိုသာ ပေးထားလေသည်။ဥပမာ-ဗုဒ္ဓေါ"သစ္စာ ၄-ပါးကို သိမြင်တော်မူသော မြတ်စွာဘုရား"ဟု မပေးတော့ဘဲ"ဘုရား"ဟုသာ လိုရင်းအနက်ကိုပေးထားလေသည်။ တိမ်မြုပ်သော ပေါရာဏစကားများကို ခေတ်သုံးဝေါဟာရများဖြင့် လဲလှယ်သုံးစွဲထားသည်။ များစွာသော ပုဒ်အဆုံးအဖြတ်နှင့်တကွ မှတ်သားဖွယ်အဓိပ္ပါယ်ရှင်းလင်းချက်တို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို

---

၁။ နိဒါန်း စာမျက်နှာ (င)။

လည်းကောင်း, ဆိုင်ရာသက္ကတကျမ်းတို့ကိုလည်းကောင်း ကိုးကား၍ ဖော်ပြထားသည်ကို တွေ့ရပေသည်။ အထူးသဖြင့် သစ်ပင် ဆေးပင် ဝေါဟာရတို့ကို မြန်မာနက် ပြန်ရာ၌ ဆရာတော်သည် သေချာစွာစေ့စပ်လှပေသည်။ အချို့သော ဆေးပင်များကို ဟိန္ဒီလို မည်သို့ ခေါ်သည်။ ဟိန္ဒူဆေးဆိုင်များ၌ မည်သို့ မေး၍ ဝယ်လျှင် မည်သို့သော ဆေးမြစ် စသည်ကို ရနိုင်သည်[၂] စသည်ဖြင့် မှာထားချက်များဖြင့် ဝေဆာလှသည်။ ယင်းသို့ဖြစ်လေရာ ဤနိဿယသစ်မှာ နိဿယသာမန်မျှသာ မဟုတ်တော့ဘဲ မြန်မာဘာသာ ဋီကာအသွင်ကို ဆောင်လျက်ရှိသော ကျမ်းတစ်စောင်ဖြစ်လေသည်။

ဤသို့လျှင် ကျော်အောင်စံထားနိဿယသည် ဝိဂြိုဟ်နက်များကိုပါ ထည့်သွင်းထားသဖြင့်လည်းကောင်း နိဿယနက်ကိုရလျှင် ဝိဂြိုဟ်ဝစနတ်ပြုရာ၌ များစွာအထောက်အပံ့ရရကား ယင်းကိုလည်း လက်မလွှတ်နိုင်ကြပေ။ ပုဒ်, ပါဌ်, အနက်, အဓိပ္ပါယ်, အမှာအထားများ ပြည့်စုံခိုင်လုံပြီး လိုရင်းအနက်ကိုသာ တိတိကျကျ ပေးထားသဖြင့် နိဿယသစ်ကိုလည်း လက်မလွှတ်နိုင်ကြပေ။ ဤသို့ဖြစ်ပေရာအဘိဓာန်နိဿယဟောင်း, နိဿယသစ် နှစ်စောင်တို့သည် အဘိဓာန်လောကတွင် နေ့လနှစ်ပါးပမာဖြစ်လျက်ရှိလေသည်။

အဘယာရာမဆရာတော်၏ အဘိဓာန်နိဿယသစ်ကဲ့သို့ပင် ပုဒ်ပါဌ်အနက်တို့ကို စိစစ်၍ ရေးသားအပ်သော အဘိဓာန်နိဿယသစ်တစ်စောင်လည်း ၁၃၁၇-ခုနှစ်က ထွက် ပေါ်ခဲ့ပြန်သည်။ ကျမ်းပြုဆရာတော်မှာ မာဂဓ, သက္ကတ, ပြာကြိုဋ်စသော ဘာသန္တရတို့ကို နိုင်နင်းတော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရမော်လမြိုင်, တောင်ပေါက် ဆရာတော် ဦးစက္ကပါလပင်ဖြစ်ပေသည်။ ဤနိဿယကျမ်းကိုလည်း ကျမ်းပြုဆရာတော်သည် 'အဘိဓာနပ္ပဒီပိကာကျမ်းကို အထူးထူးသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ, သဒ္ဒတ, မာဂဓ, ပါကတ, ဒေသီ, သီဟိုဠ်, ယိုးဒယားစသော လိပ္ပန္တရ,

---

၂။ ဥပမာ စာမျက်နှာ ၂၁၃-စသည် ကြည့်။

ဘာသန္တရကျမ်းများ, နိဿယဟောင်းများနှင့် ညှိနှိုင်းတိုက်ဆိုင် သုတ်သင်ပြင်ဆင်စီရင်ကာ မြန်မာဘာသာ ပြန်ဆိုရေးသား'ခဲ့ခြင်း ဖြစ်ပေသည်။ ဤနိဿယကျမ်းတွင် ပုဒ်ပါဠိကို စိစစ်ရာ၌ သုံးနေကျ မာဂဓ, သက္ကတကျမ်းများသာမက ပြာကြိဋ္ဌကျမ်းများကိုပါ ကိုးကားဆုံးဖြတ်ထားသဖြင့် တမူထူးခြားဆန်းသစ်လျက် ရှိပေသည်။ ၎င်းပြင် အချို့သော မြန်မာဝေါဟာရတို့ကိုပါ အရင်းအမြစ်အားဖြင့်လည်းကောင်း, သတ်ပုံသတ်ညွှန်းအားဖြင့်လည်းကောင်း စိစစ်ဆုံးဖြတ်ပြဆိုထားပေရာ အထူးနှစ်သက်ဖွယ် ဖြစ်လေတော့သည်။

## အဘိဓာန်ဋီကာနိဿယများ

အဘိဓာန်ဋီကာမှာ သက္ကတဘာသာရေး အမရကောသဋီကာစသော ကျမ်းတို့ကို များစွာ မှီငြမ်းပြု၍ ရေးသားထားသော ကျမ်းဖြစ်ရာ နှောင်လာနောက်သားတို့ အလွယ်တကူ သက်ဝင်ခြင်းငှါခဲယဉ်းလျက် ရှိပြန်ပေသည်။ သို့ဖြစ်၍ ဤပြဿနာကို ဖြေရှင်းသည့်အနေဖြင့် ဒုတိယကျော်အောင်စံထားဆရာတော်သည် အဘိဓာန်ဋီကာနိဿယ(ဟောင်း)ကို ရေးသား ပြုစုတော်မူခဲ့လေသည်။ ၎င်းနောက် မန္တလေး ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၁၁-ခုနှစ်၌ မောင်းထောင် ဆရာတော် ဦးပညာသာမိသည် အဘိဓာန်ဋီကာနိဿယသစ်ကို ရေးသားတော်မူခဲ့ပြန်သည်။ ၎င်း ၂-ကျမ်းတို့တွင် နိဿယဟောင်းမှာ ပုံနှိပ်စာအုပ်အဖြစ်သို့ မရောက်လာခဲ့ချေ။ ယခုအခါ တွေ့မြင်အပ်သော နိဿယမှာကား ဒုတိယမောင်းထောင်ဆရာတော်၏ နိဿယပင်ဖြစ်ပေသည်။

## အက္ခရာဝလိအဘိဓာန်များ

အဘိဓာနပ္ပဒီပိကာသည်ဂါထာ ၁၂၀၀-မျှဖြင့် များစွာသောပရိယာယ်ပုဒ်တို့ကို သိမ်းကျုံးယူငင် စီစဉ်ထားသော်လည်း အနက်တူပုဒ်များကို သဘောတူရာပေါင်း၍ စီစဉ်ထားခြင်းသာဖြစ်သဖြင့် အလိုရှိသောပုဒ်ကို ရှာဖွေတွေ့ရှိနိုင်ရန် ခဲယဉ်းလျက်ရှိပြန်သည်။ ဉာဏ်အလွန်ကောင်း၍ 'နှုတ်ဝယ်တွတ်တွတ်ရွတ်တိုင်းရအောင် ဆောင်၍ထားသော'အနည်းငယ်မျှသော ပုဂ္ဂိုလ်တို့သာ

မိမိတို့ အလိုရှိသည့်ပုဒ်ကို အလွယ်တကူတွေ့နိုင် မည်ဖြစ်ပေသည်။ သို့ဖြစ်၍ အလိုရှိသောပုဒ်ကို အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်မည့် အစီအစဉ်မျိုး လိုအပ်လျက်ရှိပြန်ရာ ယင်းလိုအပ်ချက်ကို အဘိဓာနက္ခရာဝလိကျမ်းက ဖြည့်စွက်ခဲ့လေသည်။ ၎င်းကျမ်းတွင် အဘိဓာနပ္ပဒီပိကာ၌ လာသောပုဒ်များကို အက္ခရာစဉ်လျက် ဂါထာနံပါတ်များကို ညွှန်ပြထားသဖြင့် အလိုရှိသောပုဒ်ကို အချိန်မကုန်ဘဲ ရှာဖွေတွေ့ရှိနိုင်ပေသည်။ ထို့အတူပင် အဘိဓာနပ္ပဒီပိကာလာ ပုဒ်များနှင့်တကွ ယင်း၌ မလာသော်လည်း ပါဠိတော်စသည်တို့တွင် အတွေ့များသည့်ပုဒ်များကိုပါ ထည့်သွင်း၍ စီစဉ်ထားသောသတပဒိကပုဏ္ဍာဝိသဇ္ဇနာကျမ်းစသည်ကို ပြုစုတော်မူသည့် မင်းကွန်းဥဒုမ္ဗရချောင်ဆရာတော်အရှင်ပဏ္ဍဝံသ၏“ ပညတ်နက်ကျမ်း”လည်း ပေါ်ထွက်ခဲ့လေသည်။ ဤကျမ်းတို့ကားမြန်မာနိုင်ငံတွင် နောင်အခါ ထွက်ပေါ်သည့် ပါဠိအဘိဓာန်တို့၏ ရှေ့ပြေးကျမ်းများပင် ဖြစ်လေသည်။

## ပါဠိအဘိဓာန်ချုပ်

ဆိုခဲ့ပြီး ကျမ်းတို့သည် ပါဠိစာပေလိုက်စားသူတို့အား အထိုက်အလျောက် ကျေးဇူးပြုသည် မှန်သော်လည်း အဘိဓာနက္ခရာဝလိသည် အဘိဓာနပ္ပဒီပိကာ-လာ ပုဒ်များကိုသာ ထည့်သွင်းထားသဖြင့်လည်းကောင်း, ပညတ်နက်ကျမ်းမှာလည်း အဘိဓာနက္ခရာဝလိထက် ပါဠိပုဒ်များ ပိုမိုများပြားသော်လည်း အက္ခရာစဉ်ပုံမှာ ခေတ်မှီနည်းမျိုးမဟုတ်ဘဲ ပုဒ်အစအက္ခရာနှင့်အဆုံးအက္ခရာကို ပဓာနထား၍စဉ်ထားသဖြင့် ရှာဖွေကြည့်ရှုရာတွင် မလွယ်ကူဘဲ ရှိနေပြန်လေသည်။ ထို့ကြောင့်ပင် ယင်းကျမ်း ၂-ကျမ်းထက် ပါဠိပုဒ်ရေများ၍ အက္ခရာစဉ်ရာ၌ ခေတ်မီသော ပါဠိမြန်မာ အဘိဓာန်တစ်ကျမ်းကို ၁၂၇၆ (၁၉၁၄) ခုနှစ်တွင်[၁] လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော လယ်တီပဏ္ဍိတသည် ရေးသားထုတ်ဝေခဲ့လေသည်။ ကျမ်းကိုလည်း “ပါဠိ အဘိဓာန်ချုပ်”ဟု အမည်ပေးလေသည်။

---

၁။ ကျမ်းကို ရေးသားပြီးသည့်နှစ်မှာ ၁၂၇၀-ပြည့်နှစ် ဖြစ်သော်လည်း ပုံနှိပ်သည့်နှစ်မှာ ၁၉၁၄ (၁၂၇၆) ခုနှစ် ဖြစ်သည်။

ဤကျမ်းသည်သာ ယခုခေတ် အဘိဓာန်ဟူသောအမည်နှင့် ကိုက်ညီသော အစီအစဉ်ရှိသည့် ကျမ်းဖြစ်လေသည်။ ပုဒ်တို့ကိုစုဆောင်းရာ၌ အဘိဓာနပ္ပဒီပိကာကို နှလုံးသဖွယ်ပြု၍ အထူးသဖြင့် ပဏ္ဍိတ်ဇီဝါနန္ဒရေးသော ဘဒ္ဒသာဂရခေါ် သက္ကတအင်္ဂလိပ်အဘိဓာန်ကျမ်းမှ ပါဠိနှင့် သင့်လျော်မည့်ပုဒ်များကို ပါဠိပြန်၍ အများအပြား ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်လေရာ ဤကျမ်း၌ ပါဠိတော်, အဋ္ဌကထာ-လာ ပုဒ်များစွာတို့ မပါရှိဘဲ ကြွင်းကျန်နေပေသေးသည်။

## သဒ္ဒတ္ထရတနာဝလိ မဟာပါဠိအဘိဓာန်

အထက်ဖော်ပြပါကျမ်းတို့မှာ ပုဂ္ဂိုလ်တစ်ဦးတည်းပြုစုခဲ့သော ကျမ်းများဖြစ်ပေသည်။ ပုဂ္ဂိုလ်တစ်ဦးတည်း ပြုစုရသဖြင့်လည်း ပါဠိတော်, အဋ္ဌကထာ,ဋီကာ စသော ကျမ်းပေါင်းစုံ၌ လာသော ပုဒ်တို့ကိုပြည့်စုံအောင် ထည့်သွင်းနိုင်ခြင်း မရှိခဲ့ပေ။ သမုဒ္ဒရာအလား အလွန်ကျယ်ဝန်းလှသော ပါဠိစာပေကို လေ့လာရာတွင် ရှိပြီးအဘိဓာန်တို့ဖြင့် မလုံလောက်နိုင်ပေ။ ပါဠိစာပေ၌ ပါဠိပုဒ်များကို ပြည့်စုံစွာ ထည့်သွင်းရေးသားထားသည့် ကျယ်ဝန်းသော အဘိဓာန်ကြီးမျိုးလည်း ရှိသင့်ပေသည်။ ယင်းသို့ ပါဠိစာပေ တစ်ရပ်လုံးကို သိမ်းခြုံနိုင်သော အဘိဓာန်ကြီးမျိုးကို ရေးသားပြုစုရန်မှာလည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လုံ့လဝီရိယဖြင့် ပြီးမြောက်နိုင်မည်မဟုတ်ပေ။ နိုင်ငံအတွင်းရှိ ပါဠိပညာရှိအများတို့ စုပေါင်း ဝိုင်းဝန်းကူညီပြုစုမှသာ ဖြစ်မြောက်နိုင် မည့်လုပ်ငန်းမျိုး ဖြစ်ပေသည်။ ဤမျှကြီးကျယ်သော လုပ်ငန်းကြီးမျိုးမှာလည်းငွေကြေး များစွာလိုသော လုပ်ငန်းဖြစ်ရာ ယင်းသို့သော ငွေကြေး မပြည့်စုံမှုကြောင့်ပင် ပြည့်စုံသော ပါဠိအဘိဓာန်ကြီး ရှိသင့်သည်ကို သိမြင်တော်မူကြလျက် ဆရာတော်များမှာ စွမ်းဆောင်မှုမပြုနိုင်ဘဲ ရှိခဲ့ကြလေသည်။ သို့သော်လည်း သက္ကရာဇ် ၁၂၇၈-ခုနှစ်တွင်ကား ၎င်းကျမ်းမျိုးကို ရေးသားနိုင်ရန် အခွင့်အလမ်းပေါ်ပေါက်ခဲ့လေသည်။ ပေါ်ပေါက်လာပုံမှာ ကား----

ဥရောပတိုက်တွင် ဗုဒ္ဓသာသနာတော်ဆိုင်ရာစာပေတို့ကို လေ့လာခဲ့သည်မှာ လွန်ခဲ့သော အနှစ် ၁၀၀-ကျော်ခန့်က ဖြစ်၏၊ထိုစဉ်ကပါဠိစာပေဆိုင်ရာ ပါဠိတော်, အဋ္ဌကထာကျမ်းဂန်များလည်း အနည်းအကျဉ်းသာ အနောက်နိုင်ငံသို့ရောက်ရှိလေရာ ၎င်းတို့ ရရှိနိုင်သမျှသော ကျမ်းစာများကိုပင် အနောက်တိုင်းသားပညာရှင်တို့သည် စိတ်အားထက်သန်စွာ လေ့လာကြလေသည်။ ယင်းသို့ လေ့လာနိုင်ရန်လည်း မိမိတို့ရသမျှသော ပါဠိကျမ်းစာများကိုအင်္ဂလိပ်အက္ခရာပြန်ဆို၍ ရိုက်နှိပ်ထုတ်ဝေခဲ့ကြသည်။ ဥရောပတွင် အစောဆုံးရိုက်နှိပ်ထုတ်ဝေသော ပါဠိကျမ်းစာတစ်စောင်မှာ မဟာဝံသပါဠိဖြစ်ပေသည်။ ၎င်းကို ခရစ်နှစ် ၁၈၃၇-ခုနှစ်တွင် ဂျော့တာနာ (George Tarnour) ခေါ် ပညာရှင်တစ်ဦးက တည်းဖြတ်သုတ်သင် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ဤကျမ်းစာရိုက်နှိပ်ထုတ်ဝေဖြစ်ခြင်း၏ အကြောင်းမှာလည်း မှတ်သားဖွယ်ကောင်းလေသည်။

၎င်းကျမ်းစာရိုက်နှိပ်ထုတ်ဝေခြင်းမပြုမီ ခရစ်နှစ် ၁၉-ရာစု စောစောပိုင်းကပင် ဂျိမ်းစ်ပရင်းဆက်(James Prinsep)စသော ပညာရှိတို့သည် အသောကကျောက်စာများကို အဓိပ္ပါယ်ဖော်ရန် ဖတ်ရှုကြိုးစားလျက်နေချိန် ဖြစ်ပေသည်။ ယင်းအခိုက်တွင် ဂျော့တာနာသည် မဟာဝံသကျမ်း၌ "ပိယဒဿီ" ဟူသောပုဒ်ကို တွေ့ရှိရလေသည်။ ယင်းတွေ့ရှိချက်ကြောင့်ပင် အသောကကျောက်စာ၌လာသော ဘုရင်ပိယဒဿီဟူသည်မှာ အခြားမဟုတ် အသောကမင်းတရားကြီးပင်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့လေသည်။ ယင်းသို့ ပါဠိစာပေတွင် အလွန်အဖိုးတန်သောစာပေ ရတနာများကိန်းဝပ် တည်ရှိနေသည်ကို သဘောပေါက်လာပြီး အထက်၌ပြခဲ့သည့်အတိုင်း မဟာဝံသပါဠိကို (အင်္ဂလိပ်)ဘာသာပြန်နှင့်တကွ ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပေသည်။

ယင်း၏နောက်တွင်ကား ပါဠိကျမ်းစာတို့သည် တစ်ကျမ်းပြီးတစ်ကျမ်း ဥရောပတိုက်တွင်ပေါ်ပေါက်ခဲ့လေသည်။ မြန်မာပြည်၌ ပါဠိကျမ်းများ စာအုပ်အဖြစ်ဖြင့် မပေါ်မီကပင် ဥရောပ၌ ပါဠိစာအုပ်များပေါ်ခဲ့လေသည်။ ၎င်းတို့

တွင် ဓမ္မပဒပါဠိတော်နှင့် လက်တင်ဘာသာပြန်ကို ပါမောက္ခဖော့စ်ဗောလ် (Prof.Vincent Fausboll)က ၁၈၅၅-ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုပညာရှိကြီးကပင် တည်းဖြတ်၍ ဇာတ်အဋ္ဌကထာ ၆-အုပ်တစ်စုံကို ၁၈၇၇-ခုနှစ်မှ ၁၈၉၇-ခုနှစ်အတွင်းရိုက်နှိပ်ထုတ်ဝေပြန်သည်[၁]။ ၎င်းနှင့်တချိန်တည်းလိုလိုမှာပင် အိုလ်ဒင်ဘတ်ဂ်(Hermann oldenberg)ခေါ် ပညာရှိကြီးက ဝိနည်းပါဠိတော် ၅-ကျမ်းကို ၁၈၇၉-ခုနှစ်မှ ၁၈၈၃-ခုနှစ်အတွင်း တည်းဖြတ်ရိုက်နှိပ် ထုတ်ဝေခဲ့ပြန်သည်။ ထိုနှစ်များအတွင်းဖြစ်သည့် ၁၈၇၅-ခုနှစ်မှာပင် ချစ်လ်ဒါး(R.C. Childers)အမည်ရှိ ပညာရှင်က ပါဠိအင်္ဂလိပ်အဘိဓာန်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းသို့ဥရောပတိုက်တွင် ပါဠိစာအုပ်များကို ထိုထိုပုဂ္ဂိုလ်တို့ ထုတ်ဝေခဲ့ရာမှ ၁၈၈၁-ခုနှစ်တွင်မူကား ထိုပညာရှိတို့သည် စုပေါင်းကြ၍ "ပါဠိစာတော်မူအသင်းကြီး[၂]"ကို တည်ထောင်ကာ ပါဠိကျမ်းစာများကို တဖြည်းဖြည်း တည်းဖြတ်ရိုက်နှိပ်လာခဲ့ပေသည်။

ဤသို့လျှင် ပဌမကမ္ဘာစစ်ကြီး ဖြစ်ချိန်လောက်တွင် ပါဠိကျမ်းစာအတော်များများကို ရိုက်နှိပ်ပြီးဖြစ်လေသည်။ ယင်းသို့ ရိုက်နှိပ်ပြီးဖြစ်၍ အင်္ဂလိပ်အက္ခရာနှင့် ပါဠိကျမ်းစာများ များပြားလာသောအခါ ပြည့်စုံသော ပါဠိအဘိဓာန်ကြီးတစ်စောင် လိုအပ်လာသည်ကို သိမြင်လာကြလေသည်။ ချစ်လ်ဒါး၏ ပါဠိအင်္ဂလိပ်အဘိဓာန်မှာလည်း အက္ခရာ စဉ်ပုံမှစ၍ ကျေနပ်ဖွယ်ရာမရှိသည်တစ်ကြောင်း, ပြည့်စုံမှုမရှိသည်တစ်ကြောင်းတို့ကြောင့် ၎င်းနှင့်လည်း အားမရနိုင်ကြပေ။ ၎င်းတို့ ကိုယ်တိုင်စုဆောင်းရေးသားရမည်ကလည်း စစ်ကြီးဖြစ်နေ ချိန်ဖြစ်၍ မဖြစ်နိုင်အောင် ရှိနေပေသည်။ ထိုအခါ ၎င်းအနောက်တိုင်း ပါဠိပညာရှင်တို့သည် ကမ္ဘာကျော်ဖြစ်နေတော်မူသော

---

၁။ ရိုက်နှိပ်ရာတွင် မဟာဝဂ္ဂပါဠိကို ပဌမတွဲ, စူဠဝဂ္ဂပါဠိကို ဒုတိယတွဲ, ပါရာဇိကပါဠိကို တတိယတွဲ, ပါစိတ္တိယပါဠိကို စတုတ္ထတွဲ, ပရိဝါရပါဠိကို ပဉ္စမတွဲအဖြစ် ရိုက်နှိပ်ထားသည်။

၂။ Pāli Text Society.

မြန်မာနိုင်ငံမုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံသို့ ပြည့်စုံသော ပါဠိ အဘိဓာန်ကြီးတစ်စောင် ပြုစုပေးပါရန်စာဖြင့် တောင်းပန်လျှောက်ထားကြ လေသည်။

လယ်တီဆရာတော်ဘုရားကြီးသည်လည်း ၎င်းတို့၏လျှောက်ထား ချက်ကို လက်ခံတော်မူပြီးနောက် မိမိမှာဇရာဒုဗ္ဗလအရွယ်သို့ ရောက်နေပြီ ဖြစ်၍ ၎င်းကျမ်းကြီး ပြီးစီးအောင်ဆောင်ရွက်နိုင်မည် မဟုတ်သည်ကို သိမြင်တော်မူ၍ မန္တလေးမြို့ မစိုးရိမ်တိုက်သို့ ၃-ကြိမ်တိုင်ကြွရောက်တော်မူပြီး အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောမာဘိသိရီ, ဆရာတော်ဦးသူရိယ (ယခု-အဘိဓဇမဟာရဋ္ဌဂုရု)အစရှိသည့် ဆရာတော်တို့အား တာဝန်ပေးအပ် တော်မူလေသည်။ ယင်းအဘိဓာန်ကြီး ပြုစုရိုက်နှိပ်ထုတ်ဝေရာ၌ အထွေထွေ ကုန်ကျမည့် စရိတ်ကြေးငွေကိုလည်း နိုင်ငံခြားဗုဒ္ဓသာသနာပြုအဖွဲ့ကြီးက တာဝန်ယူသည်။ အဘိဓာန်ကြီးရေးသားပြုစုရန် တာဝန်အပ်နှင်းခြင်း ကိုခံရသော ဆရာတော်တို့ကလည်း ၁၂၇၈-ခုနှစ်မှစ၍ အဘိဓာန်လုပ်ငန်းကို စတင်လုပ်ကိုင်တော်မူကြလေသည်။ ယင်းသို့ လုပ်ကိုင်ရာတွင် အဘိဓာန် ဝန်ဆောင်အဖွဲ့အဖြစ်ဖြင့် လယ်တီဆရာတော်အမှူးရှိသည့် ဆရာတော် ၁၄-ပါး ပါဝင်သောအဖွဲ့ကို ဖွဲ့ပြီးနောက် ၃၀၀-မျှသော အရည်အချင်းနှင့် ပြည့်စုံ သည့်စာချ, စာသင်ရဟန်းတော်တို့၏ အကူအညီဖြင့် စတင်လုပ်ကိုင်တော် မူကြသည်။

ယင်းသို့ ပညာရှိပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာဖြင့် ရှေးဦးလုပ်ငန်းဖြစ် သည့် စာစုလုပ်ငန်းကို ၁၂၇၈-ခုနှစ်မှ စတင်လုပ်ကိုင်လာရာ ၁၂၈၂-ခုနှစ်သို့ ရောက်မှ ယင်းလုပ်ငန်းပြီးစီးလေသည်။ ပုဒ်များထုတ်ရာဖြစ်သော ကျမ်းတို့ ကား ပါဠိတော်, အဋ္ဌကထာ, ဋီကာမှစ၍ဂန္ထန္တရ အမျိုးမျိုးပါဝင်သည်။ ထိုသို့ထုတ်ပြီးနောက်မှ အပိုင်းကြီး ၄-ပိုင်းခွဲ၍ တစ်ပိုင်းလျှင် နာယက ဆရာတော်တစ်ပါးစီအုပ်ချုပ်တာဝန်ခံ၍ ရေးသားကာ ပုံနှိပ်ထုတ်ဝေ ခဲ့ကြလေသည်။ အဘိဓာန်ကျမ်းကြီး၏အမည်ကိုလည်း "သဒ္ဒတ္ထရတနာဝလိ

မဟာပါဠိအဘိဓာန်"ဟု တွင်စေလေသည်။ ယင်းသို့ ပညာရှင်ပေါင်း မြောက်မြားစွာ စုပေါင်းပါဝင်ကူညီ၍ ရေးသားခဲ့သော်လည်း ၎င်းကျမ်းကြီးမှာ နောင်အခါတွင် အကြောင်းအမျိုးမျိုးကြောင့် အပြီးအဆုံးသို့ မရောက်ခဲ့ချေ။ ထွက်ခဲ့သမျှသောအတွဲများ, တာဝန်ခံ ရေးသားသော ဆရာတော်များနှင့် ထုတ်ဝေသောခုနှစ်တို့ကား အောက်ပါအတိုင်းဖြစ်ပေသည်။

| | | | | |
|---|---|---|---|---|
| ဆရာတော်ဦးသောမာဘိသိရိ | အပိုင်း ၁၊ | အတွဲ ၁၊ | ၁၂၉၀ | အ-မှအတ္တိဋ္ဌ။ |
| ဆရာတော်ဦးသူရိယ | အပိုင်း ၂၊ | အတွဲ ၁၊ | ၁၂၈၉ | က-မှကာမောဃသညိတ။ |
| ဆရာတော်ဦးဉာဏ | အပိုင်း ၃၊ | အတွဲ ၁၊ | ၁၂၉၈ | ပ-မှ ပင်္ဂုဠ။ |
| ဆရာတော်ဦးရာဇိန္ဒ | အပိုင်း ၄၊ | အတွဲ ၁၊ | ၁၂၉၄ | ယ-မှ လောဠိ-သသာမိ[၁]။ |

ယင်းအဘိဓာန်ကြီးမှာ ပါဠိပုဒ်ကိုမူတည်၍ ပါဠိဘာသာဖြင့်ပင် ဖွင့်ဆိုရေးသားထားသော ကျမ်းဖြစ်၏။ တစ်ခုတစ်ခုသောပုဒ်၏ လိင်ကိုလည်းကောင်း, အနက်ကို လည်းကောင်း, ၎င်းပုဒ်ပါရှိရာ ပါဠိတော်စသော အကိုးသာဓကကို လည်းကောင်း, အချို့ပုဒ်များတွင် သက္ကတကျမ်းများမှ သာဓကများကိုလည်း ကောင်း စုပေါင်းပြသထားပေသည်။ အချို့သော အရေးကြီးသော ပုဒ်တို့တွင်ကား ပုဒ်နက်နှင့် သာဓကမျှလောက် သာမကဘဲ ၎င်းပုဒ်ဆိုင်ရာ သိသင့်သိထိုက်သော ဗဟုသုတများကိုပါ ကျမ်းပေါင်းစုံမှ ထုတ်နုတ်၍ အကျယ်တဝင့်ပြဆိုထားပေရာ ဗုဒ္ဓသာသနာဆိုင်ရာ ပါဠိစွယ်စုံကျမ်းကြီးမျိုးပင် ဖြစ်၍နေပေသည်။ ပါဠိလိုချည်း ရေးသားထားသဖြင့် ကမ္ဘာကပါ အသုံးပြုနိုင်သော ကျမ်းကြီးလည်း ဖြစ်၏။ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခဲ့ပါမူကား ပါဠိပညာရှင်တို့၏ အားထားမှီခိုရာကြီး တစ်ဆူအဖြစ် ဗုဒ္ဓသာသနာတော်တွင် ရပ်တည်လျက် ရှိပေသည်။

---

၁။ ဤစာရင်းကိုကြည့်လျှင် ပုဒ်ထုတ်သည့်လုပ်ငန်း အစပြုသည်မှ နောက်ဆုံးရိုက်ထုတ်သည့် အပိုင်း ၃၊ အတွဲ-၁ ထွက်သည့်တိုင်အောင် (၁၂၇၈-၁၂၉၈) အနှစ်-၂၀ ကြာခဲ့သည်ကို တွေ့ရှိရသည်။ ယင်း အနှစ်-၂၀ အတွင်း ထွက်ခဲ့သော စာအုပ် ၄-အုပ်ပါ စာမျက်နှာတို့ကို ပေါင်းသောစာမျက်နှာ ၁၁၃၄-မျက်နှာ ဖြစ်လေသည်။

## မြန်မာပါဠိအဘိဓာန်

ရှေးအခါက ပါဠိလေ့လာရာ၌ ဖတ်၍ နားလည်ပြီး ပါဠိကျမ်းဂန်များကို လေ့လာနိုင်ရန်သာ ပဓာနထားသူ များခဲ့သော်လည်း ပဌမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီး၏ အကြားကာလအတွင်း၌ကား မြန်မာနိုင်ငံ၌ ပါဠိဘာသာ လေ့လာမှုမှာ တစ်မျိုးတစ်ဖုံ ထူးခြားခဲ့သည်။

ယင်းအခါတွင် အရေးအသားနှင့် အပြောအဆိုကိုပါ လေ့လာသူ ပေါ်များလာခဲ့လေရာ အမြို့မြို့အနယ်နယ်တွင် ပါဠိစကားပြောအသင်းများ ဖွဲ့၍ ပါဠိစကားပြော လေ့ကျင့်ခြင်း, တစ်ဦးနှင့်တစ်ဦး ပါဠိဘာသာဖြင့် စာပေး စာယူပြုလုပ်ခြင်းများကို လေ့ကျင့်လာကြလေသည်။ ယင်းသို့ ပါဠိစကားပြောနှင့် အရေးအသားကို လေ့လာသူတို့ မိမိအလိုရှိသော ပါဠိပုဒ်ကို အလွယ်တကူ ရှာဖွေရရှိနိုင်ရန် ရည်သန်၍ ၁၃၀၁-ခုနှစ်တွင် ပဌမကျော် အရှင်တေဇဝန္တာဘိဝံသသည် မြန်မာပါဠိအဘိဓာန်ကို ရေးသားစီရင်ခဲ့လေသည်။ ၎င်းကျမ်းတွင် 'မြန်မာစကားလုံး ၂၀၀၀၀-ခန့်ကို မူတည်လျက် ပါဠိနှင့်တွဲဖက်၍ စီစဉ်ရေးသားထားသဖြင့် မိမိသိပြီးသော မြန်မာနက်ကို ဟောသည့် ပါဠိစကားလုံးကို အလွယ်တကူ ရှာဖွေတွေ့ရှိ နိုင်ရကား ၎င်းကျမ်းသည် ပါဠိဘာသာဖြင့် ရေးသားရာ, ပြောဆိုရာတို့၌ များစွာအထောက်အပံ့ရသော ကျမ်းဖြစ်လေသည်။

## ဝိသုဒ္ဓါရုံပိဋကအဘိဓာန်

စစ်ပြီးခေတ်တွင်လည်း ပါဠိမြန်မာအဘိဓာန် ၂-ကျမ်း ပေါ်ထွက်လာသည်ကို တွေ့ရပေသည်။ ထိုထွင် ဝိသုဒ္ဓါရုံပိဋကအဘိဓာန်သည် ၁၃၁၅-ခုနှစ်မှ ၁၃၁၈-ခုနှစ်အတွင်း ပေါ်ထွက်ခဲ့လေသည်။

၎င်းအဘိဓာန်ကြီးကား မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက အစပြုခဲ့သည်ဟု ဆိုရပေမည်။ ဆရာတော်ဘုရားကြီးသည် ၁၂၇၅-ခုနှစ်ကပင် စည်ရှင်ဆရာတော်ကို ခေါ်တော်မူ၍ ဝိနည်းပါဠိတော်ပြင်ချက်ကို မူထား

လျက် မှားယွင်းသော ပုဒ်ပါဋ္ဌ်တို့၏ ဆုံးဖြတ်ချက်ကို ရေးသားရန် အမိန့်ချမှတ်တော်မူခဲ့၏။ စည်ရှင်ဆရာတော်လည်း ထိုနေ့မှစ၍ အားလပ်သော အချိန်များတွင် ရေးသားခဲ့ပြီးနောက် စာပေသင်ကြားပို့ချ ပေးရခြင်း ဂန္ထပလိဗောဓ စသည်ကြောင့် ရပ်တန့်ထားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အားလပ်ချိန်ရသဖြင့် ဆက်လက်ရေးသားတော်မူခဲ့လေသည်။ ပုဒ်ပေါင်းတစ်သောင်းကျော်ပြီးဆုံး၍ နိဂုံးချုပ်လုကာနီးတွင် ဆရာတော်ဘုရား ဘဝနတ်ထံ စံတော်မူသွားရာ ဆရာတော်ရေးသားတော်မူခဲ့သော ပုဒ်များကိုပင် အက္ခရာဝလိ စီစဉ်၍ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပေသည်။

ယင်းအဘိဓာန်သည် လွယ်ကူသောပုဒ်များကို ချန်လှပ်၍ ခက်ခဲသောပုဒ်များကို သာ မာဂဓ, သက္ကတ ကျမ်းဂန်အမျိုးမျိုးကို မွှေနှောက်စိစစ်၍ ပုဒ်,ပါဌ်, အနက်, အဆုံးအဖြတ်တို့ဖြင့် ခံ့ထည်စွာ ရေးသားထားပေရာ ဝိနိစ္ဆယအဘိဓာန်ကြီးတစ်စောင်ပင် ဖြစ်ပေသည်။ သက္ကတကျမ်းတို့မှလာသော မှတ်သားဖွယ်ကောင်းသည့် ပုဒ်များကိုပါ ထည့်သွင်းပြသထားသဖြင့် သက္ကတဘာသာကို သင်ကြားလေ့လာသူတို့အဖို့လည်း ကျေးဇူးများသော အဘိဓာန်ဖြစ်ပေသည်။

## ဦးဟုတ်စိန်အဘိဓာန်

ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန် ထွက်ပေါ်၍ မကြာမီမှာပင် ပဒတ္ထမဉ္ဇူသာ ခေါ် ပါဠိမြန်မာအဘိဓာန်ထွက်ပေါ်ခဲ့လေသည်။ ၎င်းအဘိဓာန်ကို မြန်မာနိုင်ငံတော် အမွေနှင့် ပစ္စည်းထိန်းဝန်, တရားလွှတ်တော်ရှေ့နေကြီး ဦးဟုတ်စိန် ဘီအေ(ဂုဏ်ထူး),ဘီအယ်(လ်) ရေးသား၍ အစိုးရပုံနှိပ်တိုက်မှ ၁၉၅၄-၅၉-ခုနှစ်များအတွင်း ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ အတွဲအားဖြင့် ၄-တွဲရှိ၍ ပါဠိပုဒ်ပေါင်း ၅၀၀၀၀-ကျော် ပါဝင်သည်ဟု နိဒါန်းတွင် ဖော်ပြထားလေသည်။

၎င်းအဘိဓာန်သည် နောက်ပေါ်ဖြစ်သည့်အားလျော်စွာ ရှေးထွက်ပေါ်ပြီး အဘိဓာန်တို့တွင် တွေ့ရှိရသော ချွတ်ယွင်းချက်များကို ရှောင်ရှားလျက် အပြည့်အစုံဖြစ်အောင် စီစဉ်ထားသည်ကို တွေ့ရပေသည်။ ဤကျမ်းသည်

ပါဠိမြန်မာအဘိဓာန်ကို ကမ္ဘာ့ခေတ်မီ အဘိဓာန်အဆင့်အတန်းသို့ရောက်အောင် မြှောက်တင်ပေးသောကျမ်းဖြစ်လေသည်။ ဤကျမ်းတွင် 'မူရင်းပုဒ်တို့၌ သဏ္ဍာန်တူညီသော သက္ကတပုဒ်တို့ကို ယှဉ်ပြိုင်၍ ပြသထား' ပေရာ ပါဠိပုဒ်၏ ပုဒ်နေပါဌ်ထားနှင့် အနက်ကို ဆုံးဖြတ်ရာ၌ များစွာ အထောက်အကူရသော စီစဉ်ချက်ဖြစ်၍ မြန်မာနိုင်ငံ ပါဠိမြန်မာအဘိဓာန်အရာတွင် တမူထူးခြားလျက်ရှိလေသည်။ ယင်းသို့ သက္ကတပုဒ်တို့ကို ယှဉ်တွဲပြသရခြင်း၏ အကျိုးကျေးဇူးကိုလည်း ကျမ်းဆရာက နိဒါန်း[၁]တွင် အကျယ်ဖော်ပြထားလေသည်။ ပုဒ်တို့၏ အရင်းအမြစ်ကို ပြရာ၌လည်း အနောက်တိုင်းသုံးသင်္ကေတနှင့် နည်းစနစ်ကို[၂] အသုံးပြုထားသဖြင့် ခေတ်ပညာတတ်တို့အဖို့ နှစ်သက်ဖွယ် ဖြစ်ပေသည်။ နောက်ဆက်တွဲများကလည်း ပါဠိဘာသာသဒ္ဒါဆိုင်ရာ အခြေခံဗဟုသုတကို ပေးထားပြန်ရာ ဤကျမ်းသည် ပါဠိဘာသာကို ခေတ်မီနည်းဖြင့် လေ့လာသူတို့အဖို့ အလွန်အားထားထိုက်သောကျမ်းဖြစ်လေတော့ သည်။

ဤကျမ်းကို ၄-ပိုင်းခွဲ၍ ရိုက်နှိပ်ရာ စာမျက်နှာအားဖြင့် နောက်ဆက်တွဲအလွတ် ၁၀၈၈-မျက်နှာရှိ၍ နောက်ဆက်တွဲပါဆိုလျှင် ၁၁၈၀-မျက်နှာရှိလေသည်။ ဤမျှကျယ်ဝန်း၍ ခက်ခဲသောလုပ်ငန်းကြီးကို မိမိတစ်ဦးတည်း ပြုစုခဲ့သော ကျမ်းပြုပုဂ္ဂိုလ်၏ ဉာဏ်၊ သတ္တိ၊ လုံ့လ ဝီရိယတို့မှာ အထူးချီးကျူးဖွယ်ပင်ဖြစ်ပေသည်။

**ဓာတ်အဘိဓာန်များ**

အထက်၌ ပြခဲ့သော ကျမ်းတို့မှာ ပါဠိပုဒ်တို့ကိုသာ စီစဉ်၍ ရေးသားအပ်သော ကျမ်းတို့ဖြစ်ပေသည်။ ၎င်းတို့အပြင် ပုဒ်များ၏ အရင်းအမြစ်ဖြစ်သည့် ဓာတ်များကိုသာ အက္ခရာစဉ်ဖြင့် စီစဉ်၍ ရေးသားအပ်သော ဓာတ်အဘိဓာန်ကျမ်းတို့လည်း ပေါ်ထွက်ခဲ့လေသည်။

---

၁။ စာမျက်နှာ (ခ)။

၂။ ပါဠိဓာတ်တို့ကိုရာ၌ (✔) ဤသင်္ကေတဖြင့် ပြ၍ အနေကသသရဓာတ်တို့တွင် အဆုံးဗျည်း၌ သရမပါဘဲ ပြခြင်းများ။ ဥပမာ (✔) အံသ်။

ပါဠိဓာတ်အဘိဓာန်တို့တွင် ရှေ့သွားဖြစ်သည့်ကျမ်းမှာ သဒ္ဒနီတိဓာတုမာလာကျမ်းပင် ဖြစ်ပေသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့်တကွ ပါဏိနိဓာတုပါဌ, စန္ဒြဓာတု ပါဌ[၁], စသော ကျမ်းပေါင်းများစွာကို မှီငြမ်းသုံးသပ်ပြီးမှ ပြည့်စုံစွာရေးသားအပ်သော ကျမ်းဖြစ်ပေသည်။ ပါဠိဓာတ်နှင့်ပတ်သက်လျှင် ပမာဏအမြောက်ဆုံးကျမ်းတစ်ကျမ်းပင် ဖြစ်လေသည်။ ယင်းကျမ်းတွင်ဓာတ်တို့ကို ဂိုဏ်းအားဖြင့်လည်းကောင်း, ကာရန်အားဖြင့်လည်းကောင်း စီစဉ်ထားလေသည်။ လိုသောဓာတ်ကိုအလွယ်တကူ ရှာဖွေတွေ့ရှိနိုင်စေရန် ထိုထိုတည်းဖြတ်သူတို့က အက္ခရာစဉ် ဓာတ်ညွှန်းများကိုထည့်သွင်းပေးထားသဖြင့် ယခုအခါတွင် အလွယ်တကူပင် လိုသောဓာတ်ကို ရှာဖွေနိုင်ပေသည်။

ဤကျမ်းမှနောက် မန္တလေးရတနာပုံခေတ်တွင်လည်း ဓာတ်အဘိဓာန်ကျမ်းတစ်ကျမ်း ပေါ်ပေါက်ခဲ့ပြန်သည်။ ၎င်းကား အခြားမဟုတ် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား၏ ဓာတွတ္ထသင်္ဂြိုဟ်ခေါ် ဓာတွတ္ထသင်္ဂဟကျမ်းပင် ဖြစ်လေသည်။ ၎င်းကျမ်းကို ဆရာတော်သည် ၁၂၅၀-ပြည့်နှစ်တွင်အပြီး ရေးသားတော်မူခဲ့သည်။ ပုံနှိပ်သည်မှာ ယနေ့အထိ ၄-ကြိမ် ရှိလေပြီ။ ဤကျမ်းကိုဆရာတော်သည်စာသင်သားဖြစ်သော ရှင်ငယ်, ရဟန်းငယ်တို့ နှုတ်တက်အာဂုံဆောင်ရန် ရည်ရွယ်တော်မူသဖြင့် ကျက်မှတ်လွယ်စေရန် ဂါထာများဖြင့် ရေးသားတော်မူ၍ နိဿယကိုပါ တပါတည်း စီရင်ထားခြင်း ဖြစ်လေသည်။ သဒ္ဒနီတိနှင့်တကွ သက္ကတဓာတ်ကျမ်းများကိုပါ ကြည့်ရှုညှိနှိုင်းလျက် ရေးသားအပ်သော ကျမ်းဖြစ်၍ အဖိုးတန်သော ကျမ်းဖြစ်လေသည်။

ဆဋ္ဌသင်္ဂါယနာတင်စတင်ကျင်းပသည့် ၁၃၁၆-ခုနှစ်တွင်လည်း ဓာတ်အဘိဓာန်ကျမ်းတကျမ်း ထွက်ပေါ်ခဲ့ပြန်သည်။ ၎င်းမှာနိုင်ငံတော်

---

၁။ ၎င်းကျမ်း၌ ပရဿဘာသာ, အတ္တနောဘာသာ, ဥဘ(ယ)တောဘာသာ-ဟူသော ပါဏိနိဓာတုပါဌ၌ လာသည့် အသုံးအနှုန်းများနှင့် "ဓိဒိ" အဝယဝေတိ စန္ဒဝိဒုနော ဝဒန္တိ(နှာ-၆၇)" ဟူသော စကားတို့ကိုထောက်။

ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်၌ စာပြင်မှူးချုပ်အဖြစ်တာဝန်ထမ်းရွက်နေသော မဟာပညာဗလ, ပါဠိပါမောက္ခ, ဆရာညာဏ်ရေးသားသည့် ပါဠိဓာတ်အဘိဓာန်ချုပ်"ပင် ဖြစ်ပေသည်။ ၎င်းကျမ်းလည်း ရှေးပေါ်နှင့်ပြီး ပါဠိဓာတ်ကျမ်းနှင့်တကွ သက္ကတဓာတ်ကျမ်းများကိုပါ ညှိနှိုင်း၍ ကြည့်ရှုလွယ်စေရန် စီစဉ်ရေးသားအပ်သည်ဖြစ်ရာ ပါဠိလိုက်စားသူတို့အား ကျေးဇူးများသော ကျမ်းပင် ဖြစ်လေသည်။

## နိုင်ငံခြားပါဠိအဘိဓာန်များ

## အနောက်တိုင်းမှ

အနောက်တိုင်းတွင် ပါဠိလေ့လာမှု ပြန့်ပွားနေစဉ် ၁၈၇၅-ခုနှစ်တွင် ချစ်လ်ဒါး အမည်ရှိသောပညာရှင်တစ်ဦးက ပါဠိအင်္ဂလိပ်အဘိဓာန်တစ်စောင် ရေးသားထုတ်ဝေခဲ့ကြောင်းကို ဖော်ပြခဲ့ပေပြီ။ ၎င်းနောက် ပဉ္စမကမ္ဘာစစ်ကြီးအတွင်း အနောက်တိုင်း ပညာရှင်တို့က လယ်တီဆရာတော်ဘုရားကြီးအား ပြည့်စုံသော ပါဠိအဘိဓာန်ကြီးတစ်စောင် ရေးသားပြုစုပါရန် လျှောက်ထားတောင်းပန်ကြောင်းကိုလည်း ဖော်ပြပြီးဖြစ်လေသည်။ ၎င်းတို့သည် ချစ်လ်ဒါး၏ အဘိဓာန်ဖြင့် အားရခြင်းမရှိကြဘဲ မိမိတို့ကိုယ်တိုင်လည်း ပါဠိအင်္ဂလိပ်အဘိဓာန်သစ်ကို ရေးသားရန် ကြိုးပမ်းလျက်ပင် ရှိခဲ့ကြပေသည်။ ၎င်းတို့၏ မနားမနေကြိုးစားမှုကြောင့်ပင် ခရစ်နှစ် ၁၉၂၁-၂၅-ခုနှစ်အတွင်းလန်ဒန်ပါဠိတော်စာတော်မူအသင်း၏ ပါဠိအင်္ဂလိပ်အဘိဓာန်ကြီး ထွက်ပေါ်၍ လာပေသည်။ ပညာရှင်အများ စုပေါင်းရေးကြ၍ ရိစ်ဒေးဗစ်နှင့် ဝီလျံစတီ(ဒ်) တို့က အထွေထွေတည်းဖြတ်သူများအဖြစ် ဆောင်ရွက်ကြသည်။ ၎င်းအဘိဓာန်ကြီးမှာ အနောက်နိုင်ငံသားတို့ ရေးသားပြုစုသည့် အားလျော်စွာ ခေတ်မီသော ရေးသားပုံအစီအစဉ်ရှိ၏။ အင်္ဂလိပ် အက္ခရာဖြင့် ရိုက်နှိပ်ထားသော ပါဠိတော်, အဋ္ဌကထာကျမ်းစာတို့၏ စာမျက်နှာဂဏန်း စသည်များကိုလည်း ဆိုင်ရာပုဒ်တို့၌ ညွှန်းဆိုပြသထားပေရာ မည်သည့်ပါဠိ, မည်သည့် အဋ္ဌကထာတွင် မည်သည့်ပုဒ် ပါရှိသည်ကို အလွယ်တကူပင် သိမြင်နိုင်ပေသည်။

၎င်းအဘိဓာန်ကြီးနှင့် မရှေးမနှောင်းမှာပင် ဒိန်းမတ်ပြည်၏ သိပ္ပံပညာနှင့် စာပေဆိုင်ရာ တော်ဝင်ဌာနမှ ထုတ်ဝေသည့် A Critical Pali Dictionary ခေါ် ပါဠိအဘိဓာန်ကြီး ပေါ်ထွက်ခဲ့ပြန်သည်။ ၎င်းအဘိဓာန်ကြီးမှာ လန်ဒန်ပါဠိစာတော်မူအသင်း၏ပါဠိအင်္ဂလိပ် အဘိဓာန်ထက် များစွာကျယ်ဝန်းလေသည်။ ရှေးအဘိဓာန်များ၌ မပါသော များစွာသော ပုဒ်တွဲများကိုပါ ထည့်သွင်းလျက် အပြည့်အစုံဆုံးဖြစ်အောင် စီစဉ်ထားသည်ကို တွေ့ရသည်။ သို့သော် ၎င်းမှာ အပြီး အဆုံးသို့မရောက်သေးချေ၊ ၁၉၂၄-ခုနှစ်မှ ၁၉၄၈-ခုနှစ်အတွင်းအ-မှ အဟောသိကမ္မ-ပုဒ်တိုင် အ-သရအစပြုသော ပုဒ်များ ပါဝင်သည့် ပဌမတွဲကို ထုတ်ဝေခဲ့သည်။ အာ-သရပါသော အပိုင်းကိုကား စစ်ပြီးခေတ်ကျမှ ထုတ်ဝေနိုင်ခဲ့၏၊ ၁၉၆၂-ခုနှစ်တွင် အာဒိကပ္ပ-မှ အာပတ္တိကုသလတာ-ပုဒ်တိုင်အောင် ပါရှိသောအတွဲ-၂အမှတ် ၂-ကို ထုတ်ဝေခဲ့လေသည်။ ကျန်အပိုင်းအများကိုလည်း ပြည့်စုံသည့်တိုင်အောင် တဖြည်းဖြည်း ထုတ်ဝေသွားလိမ့်မည်ဟုမျှော်လင့်ရပေသည်။ ၎င်းအဘိဓာန်ကြီးကို စတင်ခဲ့သူမှာ ဗွီ၊ ထရက်နာ (V.Trenckner) ဆိုသူ ပညာရှင်ဖြစ်ပြီး ၎င်းအလုပ်ကို ဆက်လက်လုပ်ကိုင် တည်းဖြတ်ခဲ့ကြသူများမှာ ဒီးန်စ် အင်ဒါဆင် (Dines Andersen) ဟဲလ်မာ စမစ်သ် (Helmer Smith)နှင့် ဟန်စ်ဟင်ဒြိ(က်)ဆင် (Hans Hendriksen)အမည်ရှိသော ပညာရှိကြီးများ ဖြစ်၍ကမ္ဘာ့နိုင်ငံအရပ်ရပ်မှ ပါဠိပညာရှင်များကလည်း ၎င်းတို့အား ကူညီရေးသားပေးနေကြသည်ကို တွေ့ရှိရပေသည်။

ဆိုခဲ့ပြီး အဘိဓာန်တို့ကဲ့သို့ အနက်နှင့်ပုဒ်အရင်းအမြစ်ကို ပဓာနမထားဘဲ အညွှန်းပြည့်စုံမှုကိုသာ ပဓာနထား၍ ရေးသားစီစဉ်အပ်သော ကျမ်းတစ်ကျမ်းကိုလည်း စစ်ပြီးခေတ်တွင် လန်ဒန်မြို့ ပါဠိစာတော်မူအသင်းမှ ထုတ်ဝေခဲ့လေသည်။ ၎င်းကျမ်းကား Pali Tipitakaṁ Concordance ခေါ် တိပိဋကပါဠိအညွှန်းအဘိဓာန်ကြီး ဖြစ်လေသည်။ ၎င်းကျမ်းကြီးတွင် ပါဠိတော်လာပုဒ်တို့ကိုအက္ခရာစဉ်၍ ၎င်းပုဒ်တို့ကို မိမိတို့ပါဝင်သော ဝါကျတို့နှင့်တကွ ထုတ်ပြပြီး ၎င်းဝါကျတို့ကို တွေ့နိုင်မည့် ပါဠိတော်ကျမ်းနှင့် စာမျက်နှာဂဏန်းများကို ဖော်ပြထားရာ ပါဠိတော်လာစာကို ရှာလိုသူတို့အဖို့ အဖိုးမဖြတ်နိုင်သော ကျမ်းစာပင် ဖြစ်ပေသည်။

၎င်းကျမ်းကို စာမျက်နှာ ၆၀-ခန့်စီရှိသော အပိုင်းများအဖြစ် ၁၉၅၂-ခုနှစ်မှ စတင်ထုတ်ဝေခဲ့ရာ ယခုအခါ အပိုင်း-၁၀ (အက္ခရာအားဖြင့်-ဥ) သို့ရောက်ရှိနေပြီဖြစ်သည်။ ဤကျမ်းကို စီစဉ်သူများကား အက်ဖ်၊ အယ်လ်၊ ဝု(ဒ်)ဝပ်ဒ် (F.L Woodward), အီး၊ အဲမ်၊ ဟဲယား(E.M. Hare)စသော ပညာရှင်တို့ ဖြစ်လေသည်။

## သီဟိုဠ်ကျွန်းမှ

သီဟိုဠ်ကျွန်းသည် ပါဠိစာပေပေါက်ဖွားရာဌာန ဖြစ်သည့်အားလျော်စွာ ၎င်းကျွန်းမှ ရဟန်းပညာရှိ-လူပညာရှိတို့သည်လည်း ခေတ်မီပါဠိအဘိဓာန်များကို ရေးသားခဲ့ကြလေသည်။ ၎င်းတို့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရအရှင်ဗုဒ္ဓဒတ္တမထေရ်သည် ၁၉၄၉-ခုနှစ်တွင် ပါဠိအင်္ဂလိပ် အဘိဓာန်ကျဉ်း[၁] ကိုလည်းကောင်း, ၁၉၅၀-ခုနှစ်တွင် ပါဠိသီဟဠ အကာရာဒိယ-ခေါ် ပါဠိသီဟိုဠ်အဘိဓာန်ကိုလည်းကောင်း, ၁၉၅၅-ခုနှစ်တွင် အင်္ဂလိပ်ပါဠိအဘိဓာန်ကိုလည်းကောင်း ရေးသားတော်မူခဲ့သည်။ ၎င်းတို့တွင် ပဌမကျမ်းမှာ ကျောင်းသား, စာသင်သားတို့ အလွယ်တကူအသုံးပြုနိုင်ရန် အကျဉ်းရေးသားအပ်သော ကျမ်းဖြစ်၍ တတိယကျမ်းစာမှာကား ပါဠိရေး, ပြောလေ့လာသူ အင်္ဂလိပ်စာတတ်တို့အတွက် ရေးသားအပ်သောကျမ်း ဖြစ်လေသည်။ အရှင်ဗုဒ္ဓဒတ္တကဲ့သို့ပင် ဝိဒုရပေါလပိယတိဿအမည်ရှိ ဆရာတော်ကြီးတပါးကလည်း ၁၉၄၉-ခုနှစ်တွင် အင်္ဂလိပ် ပါဠိအဘိဓာန် တစ်စောင်ကို ရေးသားထုတ်ဝေခဲ့ပေသေးသည်။ သို့သော် ၎င်းစာအုပ်မှာ ပါဠိပုဒ်များကို သီဟိုဠ်စာလုံးများဖြင့် ပြထားသဖြင့်သီဟိုဠ်စာလုံးကို မဖတ်တတ်သော နိုင်ငံခြားသားများအဖို့ အသုံးမဝင်ဘဲ ရှိခဲ့လေသည်။

၁၉၆၀-ခုနှစ်တွင်လည်း အဋ္ဌကထာသူစိခေါ် ပါဠိအဘိဓာန်ကျမ်း တစ်ကျမ်းစတင် ပေါ်ထွက်ခဲ့သည်ကို တွေ့ရပေသည်။ ၎င်းကျမ်းတွင် အဋ္ဌကထာများ၌ဖွင့်ဆိုအပ်သော သံဝဏ္ဏေတဗ္ဗပုဒ်များကို အက္ခရာစဉ်လျက် အဋ္ဌကထာဖွင့်ပါဌ်များနှင့် တွဲဖက်စီစဉ်၍ ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။ ၎င်းကျမ်း

---

၁။ Concise Pāli English Dictionary.

သည် ယနေ့အထိ ၂-အုပ်ထွက်ပြီးဖြစ်လျက်အ-မှသြ-အထိ ပါဠိပုဒ်များ ပါဝင်သည်။ ၎င်းကျမ်းကို စီစဉ်သည့်ပုဂ္ဂိုလ်မှာ ကောသ်ဂါဒ္ဒရှာဇာတိ အရှင် သိရိသုမေဓမထေရ်ဖြစ်၍ တည်းဖြတ်သူမှာ ၎င်းရွာဇာတိ အရှင်ဓမ္မဝံသ မထေရ်ဖြစ်ပြီး ကိုလံဘိုမြို့ ဝိဇ္ဇာလင်္ကာရတက္ကသိုလ်ပုံနှိပ်တိုက်မှ ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။

## ပါဠိအမည်အဘိဓာန်

လန်ဒန်ပါဠိစာတော်မူအသင်းထုတ် ပါဠိအင်္ဂလိပ်အဘိဓာန်၌ ပုဂ္ဂိုလ် စသည်တို့၏ အမည်ဟော ပါဠိပုဒ်များကို မတွေ့ရပေ။ ယင်းသို့ မတွေ့ ရခြင်းမှာ ၎င်းအမည်များကို သီးခြားထုတ်၍ စီစဉ်ရိုက်နှိပ်ထုတ်ဝေထားသော အဘိဓာန်တစ်စောင်ရှိပြီးဖြစ်သောကြောင့် ဖြစ်ပေသည်။ ၎င်းအဘိဓာန်ကား သီဟိုဠ်သား ပါဠိပညာရှိ ပါမောက္ခ ဂျီပီ၊ မာလလဆေကရ ရေးသားအပ်သည့် Dictionatry of Pāli Proper Names ခေါ် ပါဠိအမည်အဘိဓာန် ဖြစ်ပေသည်။ ၎င်းကျမ်းတွင် ပါဠိ, အဋ္ဌကထာစသည်တို့၌ လာသော အမည်များကို ထုတ်နုတ် ၍ ၎င်းတို့၏ အတ္ထုပ္ပတ္တိ စသည်များကို ပါဠိတော်, အဋ္ဌကထာ စသည်တို့မှပင် ထုတ်နုတ်ပြီး မကျဉ်းမကျယ် ရေးသားထားသည်ကို တွေ့ရပေသည်။ ပုဂ္ဂိုလ် အမည်များနှင့်တကွ တိုင်းပြည်, မြို့, ရွာစသည်တို့၏အမည်, သုတ်ဝဂ်စသည် တို့၏ အမည်များကိုပါ ထည့်သွင်းစီစဉ်ထားသဖြင့် လွန်စွာအဖိုးတန်သော ကျမ်းတစ်စောင်ဖြစ်လေသည်။ ဥပမာ---- ပါဠိတော်, အဋ္ဌကထာစသည်တို့၌ တွေ့ရသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတ္ထုပ္ပတ္တိကို အကျယ်သိလိုလျှင် ၎င်းအဘိဓာန်မှာပင် ကျမ်းညွှန်းများနှင့်တကွ ရှာဖွေဖတ်ရှုနိုင်ပေသည်။

ဤပြဆိုခဲ့ပြီးသည်တို့ကား တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး မပေါ်ထွက်မီ ပေါ်ထွက်နှင့်သောပါဠိဘာသာဆိုင်ရာ ပြည်တွင်း, ပြည်ပ အဘိဓာန်တို့၏ အကြောင်း အရာအကျဉ်းချုပ် ဖြစ်ပေသည်။

❑

# ၄

# တိပိဋက ပါဠိမြန်မာအဘိဓာန်ကြီး

ပြောဆိုသောဘာသာတစ်ရပ်ကို လေ့လာရာ၌ထိုဘာသာဆိုင်ရာ သဒ္ဒါကျမ်းတို့ကို တတ်မြောက်ရုံမျှဖြင့် ကိစ္စပြီးသည် မဟုတ်ပေ။ သဒ္ဒါကျမ်းတို့သည် သဒ္ဒါပုဒ်တို့၏ ပကတိပစ္စယအားဖြင့် ပေါင်းစပ်ဖွဲ့စည်းပုံကို ပြခြင်းဖြင့် သဒ္ဒါပုဒ်တို့၏အနက်ကို သိစေနိုင်သည် မှန်သော်လည်း ၎င်းတို့သည် ပုဒ်မျိုးအားလုံး၏အနက်ကို သိစေနိုင်သည်ကား မဟုတ်ပေ။ ယောဂိကသဒ္ဒါ[၁], ရုဠ္ဋီသဒ္ဒါ[၁], ယောဂရုဠ္ဋီသဒ္ဒါ[၁]ဟု သဒ္ဒါ သုံးမျိုးရှိသည်တို့တွင် ယောဂိကသဒ္ဒါတို့၏ အနက်ကိုသာ သိစေနိုင်ပေသည်။ ရုဠ္ဋီသဒ္ဒါနှင့် ယောဂရုဠ္ဋီသဒ္ဒါတို့၏ အနက်ကို သိစေနိုင်ရေး၌ကား သဒ္ဒါကျမ်းသည် မစွမ်းဆောင်နိုင်ပေ။ ယင်းကား ကောသခေါ် အဘိဓာန်ကျမ်းတို့၏ အရာသာဖြစ်ပေသည်။ မှန်ပေသည်၊ အဘိဓာန်ကျမ်းတို့သည် ယောဂိကသဒ္ဒါ, ရုဠ္ဋီသဒ္ဒါ ယောဂရုဠ္ဋီသဒ္ဒါ သုံးမျိုးလုံး၏အနက်ကို သိစေနိုင်ပေသည်။

ဤသို့လျှင် ဘာသာတစ်ရပ်ကို ကောင်းမွန်စွာ တတ်မြောက်ရေး၌ အဘိဓာန် ကျမ်းတို့၏ လွန်စွာအရေးကြီးပုံကို သိမြင်ကြသော ဆရာအဆက်

---

၁။ ယောဂိကသဒ္ဒါဟူသည် ဝါကျအနက်သို့ အစဉ်လိုက်သော အန္ဝတ္ထသဒ္ဒါမျိုးတည်း။ ဥပမာ "ပါစက" စသည်။ ရုဠ္ဋီသဒ္ဒါဟူသည်မှာ ဝါကျနက်သို့ မလိုက်ဘဲ လူအများက သတ်မှတ်ထားသော အနက်ကို ဟောသော သဒ္ဒါမျိုးတည်း။ ဥပမာ "ယဋ္ဌ"စသည်။ ယောဂရုဠ္ဋီသဒ္ဒါဟူသည်မှာကား ဝါကျနက်သို့လည်း အနည်းငယ်လိုက်၍ လူအများ သတ်မှတ်အပ်သော အနက်ကိုလည်း ဟောသော သဒ္ဒါမျိုးတည်း၊ဥပမာ ပင်္ကဇ, ဟတ္ထီ" စသည်။

ဆက်တို့သည် အဘိဓာန်အမျိုးမျိုးတို့ကို ရေးသားခဲ့ကြလေပြီ။ ပါဠိဘာသာ၌လည်း ဆိုခဲ့ပြီးသဒ္ဒါ သုံးမျိုးလုံး၏အနက်ကို သိစေနိုင်သော အထက်၌ဖော်ပြခဲ့ပြီးသည့် ပါဠိဘာသာဆိုင်ရာ အဘိဓာန်ကျမ်းအမျိုးမျိုးတို့ကို ဆရာပေါင်းများစွာတို့ ရေးသားထုတ်ဝေခဲ့ကြလေပြီ။ အဆိုပါ ပါဠိအဘိဓာန်ကျမ်းတို့သည်လည်း ကျမ်း၏အင်အားအလျောက် ပါဠိဘာသာနှင့် စာပေလေ့လာမှုအားနှစ်ပေါင်း များစွာပင်အကျိုးပြုသင့်သလောက် အကျိုးပြုခဲ့ကြပေသည်။

ယင်းပါဠိဘာသာလေ့လာမှုသည် လေ့လာသူပုဂ္ဂိုလ်တို့သို့ လိုက်၍ အမျိုးမျိုး ကွဲပြားလျက်ရှိသည်ကို တွေ့ရပေသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် မိမိမသိသောပုဒ်၏ အနက်မျှကို သိရလျှင်ပင် ကျေနပ်ကြ၏။ အချို့ကား ထိုမျှဖြင့် မကျေနပ်နိုင်ကြသေးဘဲ ပုဒ်၏အရင်းအမြစ်ဖြစ်သည့် ဓာတ်,ပစ္စည်းစသည် ခွဲဝေပုံတို့ကိုပါသိရမှ ကျေနပ်ကြ၏။ အချို့ကလည်း ၎င်းတို့အပြင် ဝိဂြိုဟ်,ဝစနတ္ထတို့ကိုပါ လေ့လာလိုကြသည်။ အချို့ကမူကား ၎င်းတို့အပြင် ခိုင်လုံသည့် ဆိုင်ရာသဒ္ဒါကျမ်းအကိုးအကားတို့ကိုပါ သိလိုကြသည်။ အချို့ကလည်း တဆင့်တက်၍ ၎င်းပုဒ်တို့ကို တွေ့ရှိနိုင်မည့် ပါဠိတော်, အဋ္ဌကထာစသော ကျမ်းကြီးကျမ်းခိုင်တို့မှ အကိုးအကားများကိုပါသိရှိလိုကြပြန်သည်။ ဤကဲ့သို့ လေ့လာမှုအမျိုးမျိုး ရှိနေပေရာ ထိုလေ့လာမှုအားလုံးကို သိမ်းခြုံ၍ လေ့လာသူ ပုဂ္ဂိုလ်အားလုံး၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေနိုင်မည့် ပည်းပုံပေါယယ် ဌေးကြွယ်ခမ်းနားသော ပါဠိအဘိဓာန်မျိုးကား မြန်မာပြည်တွင် မပေါ်ခဲ့ဖူးသေးပေ။ မြန်မာပြည်၌ ပေါ်ပေါက်ခဲ့သော အဘိဓာန်တို့မှာ အထက်ပါ လေ့လာမှုမျိုးတို့တွင် တစ်မျိုးကိုသော်လည်းကောင်း, နှစ်မျိုး သုံးမျိုးကိုသော်လည်းကောင်း အကျိုးပြုနိုင်မည်ဖြစ်သော်လည်း လေ့လာမှုအားလုံးကိုကား အကျိုးမပြုနိုင်ကြပေ။ ဗုဒ္ဓသာသနာတော်နှင့်တကွ ဗုဒ္ဓစာပေလေ့လာမှု အများဆုံး ထွန်းကားရာဖြစ်သည့် မြန်မာနိုင်ငံ၌ဆိုခဲ့ပြီး လေ့လာမှုအားလုံးကို အကျိုးပြုနိုင်မည့် ပါဠိအဘိဓာန် ကြီးမျိုး လိုအပ်လျက်ရှိသည်မှာကြာပေပြီ။ ဤတိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းကြီးကား ယင်းလိုအပ်ချက်ကို ပြည့်စုံစေရန် အလို့ငှါပင် ပေါ်ထွက်လာရခြင်း ဖြစ်ပေသည်။

ဤတိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး ထွက်ပေါ်ရန် အစပြုခဲ့သည့် နှစ်ကား ဆဋ္ဌသင်္ဂါယနာတင် အစမပြုမီ ၁၃၁၂-ခုနှစ်ပင် ဖြစ်ပေသည်။ ၎င်းနှစ် ဒုတိယဝါဆိုလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် မိမိနေအိမ်၌ သီရိမင်္ဂလာပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် တိုင်ပင်ဆွေးနွေးကြစဉ်အခါ ဆဋ္ဌသင်္ဂါယနာတင် စီမံကိန်း, ပိဋကတ်တော် မြန်မာပြန်စီမံကိန်းတို့နှင့် တစ်ပါတည်း ပိဋကသုံးပုံ ပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ရေးသားရန် စီမံကိန်းကို ရေးဆွဲ၍ ၎င်းလုပ်ငန်းများကို ဆောင်ရွက်ကြရန် သက်ဆိုင်ရာတို့အား ဥယျောဇဉ်စကား ပြောကြားခဲ့လေသည်။

ယင်းဥယျောဇဉ်စကားကို အကြောင်းပြု၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အဘိဓာန်(စံနစ်ရေးဆွဲရေး)အဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်[၁]။

## သံဃာတော်များ

(၁) ဆရာတော် ဦးဉာဏုတ္တရ, အဂ္ဂမဟာပဏ္ဍိတ။

(၂) မဟာစည်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ။

(၃) ဆရာတော် ဦးဝိသုဒ္ဓ, အဂ္ဂမဟာပဏ္ဍိတ။

(၄) ဆရာတော် ဦးဩဘာသ, မြန်မာအဘိဓာန်ကျမ်းပြု, နှစ်ကျိပ်ရှစ်ဆူကျောင်း၊ သရက်တောတိုက်၊ (ယခု ဖျာပုံတိုက်သစ်) ရန်ကုန်။

## လူပုဂ္ဂိုလ်များ

(၁) ဒေါက်တာ ဆရာလင်း, အဂ္ဂမဟာပဏ္ဍိတ, အယ်ဒီတာချုပ်, ပိဋကတ်တော် မြန်မာပြန်ဌာန။

---

၁။ ၁၃၁၅-ခု၊ ကျွတ်၊ ဆုတ်၊ ၃ (၂၆-၁၀-၅၃) နှ-ဗု-သ၊ စာမူ၊ စဉ်၊ ၁၀၊ ၄ (၄-၅)။

(၂) ဦးကြီးဖေ, မဟာပညာဗလ, သာသနာ့ညွှန်ကြားရေးဝန်။

(၃) ဦးဖေမောင်တင်, တက္ကသိုလ်ကျောင်းအုပ်ဟောင်း။

(၄) ဦးလူဖေဝင်း, ကျောက်စာဝန်။

(၅) ဦးဝန်, စာတည်းမှူး, ရန်ကုန်တက္ကသိုလ်။

(၆) ဦးသိန်းဟန်, ပိဋကတ်တိုက်မှူး, ရန်ကုန်တက္ကသိုလ်။

(၇) ဦးအောင်သန်း, ပါဠိပါမောက္ခ, ရန်ကုန်တက္ကသိုလ်။

(၈) ဦးမောင်မောင်ကလေး, ဝဏ္ဏကျော်ထင်, အဘိဓာန်ဌာနမှူး ဟောင်း။

(၉) ဆရာဉာဏ်, မဟာပညာဗလ, စာပြင်မှူးချုပ်။

(၁၀) ဦးဘမို, ဒုတိယအယ်ဒီတာချုပ်, ပိဋကတ်တော်မြန်မာပြန်ဌာန။

(၁၁) ဦးချန်ထွန်း, သတိုးမဟာသရေစည်သူ, တရားလွှတ်တော်ချုပ် တရားဝန်ကြီး။

ဤအဖွဲ့ကပင် ဝေါဟာရထုတ်နုတ်စုဆောင်းမှု၊ အဘိဓာန်ပုံစံဖော်မှု၊ အဘိဓာန် စီစဉ်ရေးသားမှု စသော အဘိဓာန်နှင့်ဆိုင်ရာ ကိစ္စအလုံးစုံကို စီမံဆောင်ရွက်သွားသည်။

ဤအဖွဲ့ဝင်တို့သည် မိမိတို့ရရှိပြီးသော အဘိဓာန်ဗဟုသုတများဖြင့် သာ မနှစ်သိမ့်, မရောင့်ရဲသေးမူ၍ နိုင်ငံတွင်း, နိုင်ငံပမှ မထေရ်ကြီး, ငယ်တို့၏ အဘိဓာန်ဗဟုသုတများကိုလည်း လေးစား, မြတ်နိုးစွာ ရှာဖွေစုဆောင်းခဲ့ ကြသည်။

နိုင်ငံအတွင်း (၁) အဘိဓဇမဟာရဋ္ဌဂုရု မဟိုးရိမ် ဆရာတော်ဘုရားကြီး၊ (၂) အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရဆရာတော်ဘုရားကြီး စသော မာဂဓေသက္ကတ ကောဝိဒ, သဗ္ဗပရိယတ္တိပဘေဒ, ဂန္ထကာရကဖြစ်တော်မူသည်သာမက

ဂဏာဓိပတိ, ဂဏာစရိယဖြစ်တော်မူကြသော ဆရာတော်ကြီးများနှင့်တကွ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသကဲ့သို့သော မထေရ်ကြီး, ငယ်တို့ကို အစည်းအဝေးများသို့ ပင့်ဆောင်၍လည်းကောင်း, သီတင်းသုံးရာကျောင်းတိုက်များသို့ သွားရောက်၍လည်းကောင်း, အဘိဓာန် ပြုစုရေးနှင့် စပ်လျဉ်းသော ရှေးအစဉ်အလာ ထုံးဟောင်း, စံဟောင်း, နည်းကောင်း, နည်းမှန်များကို အကြိမ်များစွာ ကြားနာဆည်းပူးကြသည်[၁]။

နိုင်ငံပမှ သကသမယသမယန္တရဂဟနဝိဂ္ဂါဟနသမတ္ထ, နာနာဝေါဟာရကုသလ, နိကာယမဟာနာယက, ဂန္ထကာရကနှင့် ဓမ္မဒူတများ ပါဝင်သည့် (၁) အရှင်ဗုဒ္ဓဒတ္တ၊ (၂) ဒေါက်တာအရှင်ဝဇိရညာဏ၊ (၃) အရှင်သောရတ၊ (၄) အရှင်ညာဏာလောက၊ (၅) အရှင် အာနန္ဒမေတ္တေယျ[၂]၊ (၆) အရှင်ဂုဏသိရိဟူသော ကမ္ဘာကျော် သီဟိုဠ်သံဃာတော်များကိုလည်း တစ်ခုသော အစည်းအဝေးသို့ပင့်ဆောင်၍ အဘိဓာန်ရေးသားပြုစုရေး အတွက် ယခုခေတ် အမြင်နှင့်ကိုက်ညီဆီလျော်၍ ပညာရှိများ နှစ်မြို့ဖွယ် ဖြစ်သော နည်းသစ်, စံနစ်သစ်, အစီအမံသစ်များကို ဆွေးနွေး, လေ့လာ သေချာစွာ မှတ်သားခဲ့ကြသည်[၃]။

ဤအဖွဲ့ဝင် ဦးဝန်, မဟာဝိဇ္ဇာ၏ ဖိတ်ကြားချက်အရ သာသနာ့ ညွှန်ကြားရေးဝန် မဟာပညာဗလ ဦးကြီးဖေ ဦးဆောင်လျက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့, ပိဋကတ်တော်မြန်မာပြန်ဌာန, ဒုတိယအယ်ဒီတာချုပ် ဦးဘမှိန်နှင့်တကွ စာပြုအယ်ဒီတာတို့သည် ၁၃၁၅ ခု တန်ဆောင်မုန်းလဆုတ် ၁-ရက် (၃၀-၁၁-၅၃)နေ့ ၁၂-နာရီအချိန် ရန်ကုန်တက္ကသိုလ်, မြန်မာ အဘိဓာန်ဌာနသို့ သွားရောက်၍ မျက်မြင်ကိုယ်တွေ့ လေ့လာကြရာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်[၄]။

---

၁။ ၁၃၁၅-ခု၊ တွဲ၊ ပြည့် (၁၈-၂-၅၄) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၊ ဝ၊ (ဝ)။

၂။ ထိုအရှင်သည် ၁၃၁၅-ခု၊ တွဲ၊ ဆုတ်-၁၀ (၂၈-၂-၅၄) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၃-ကိုလည်း တက်ရောက်သည်။

၃။ ၁၃၁၂-ခု၊ တွဲ၊ ပြည့် (၁၈-၂-၅၄) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၊ ဝ၊ (ဝ)။

၄။ ၁၃၁၅-ခု၊ ဆောင်၊ ဆုတ်-၇ (၂၈-၁၁-၅၃) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၁၊ ၄၊ (ဝ)။

(၁) ဦးဗိုလ်မောင်
(၂) ဦးအုန်းရွှေ
(၃) ဦးစိန်မောင်
(၄) ဦးမောင်ကြီး
(၅) ဦးအုန်းဖေ
(၆) ဦးညိုမြ
(၇) ဦးဝင်း
(၈) ဦးသန်းမော်
(၉) ဦးစိုးဝင်း
(၁၀) ဦးမြင့်သိန်း
(၁၁) ဦးတင်မြင့်
(၁၂) ဦးတင်ဦး

ဦးဝန်က ကြိုဆိုဧည့်ခံ၍ စာတွေ့လက်တွေ့ အချင်းချင်းနှီးနှော, ဆွေးနွေးခဲ့ကြရပြီးနောက် ပြန်ရောက်လာသောအခါ အဖွဲ့သို့ အောက်ပါ အစီရင်ခံစာကို တင်ပြကြသည်။

A Critical Pāli Dictionary, Vol.I စာအုပ်ကို ထုတ်ပြလျက် "ယခု အဘိဓာန်မှာ ဆရာကြီးသုံးဦး လူ့သက်တမ်းစေ့နေထိုင်၍ မနေမနားရှာဖွေလို့ရတဲ့ စကားလုံးများကို ပြုစုထားခြင်း ဖြစ်ပါတယ်။

သက်တမ်းစေ့ နေထိုင်သွားကြတဲ့ ဆရာကြီးသုံးဦးမှ ကူးပြောင်းပြီး ပြုစုယူရသော ဝေါဟာရပုဒ်များမှာ ဤမျှသာရသည်

ကို ချိန်ဆအကဲခတ်ကြည့်ပါလျှင် ဆရာတို့ ယခုပြုစုသွားမည့် လမ်းခရီး၌လည်း နှောင့်နှေးမှု၊ အခက်အခဲများစွာ ကျော်ဖြတ်ရမှု တွေ တွေ့ပါလိမ့်မယ်။ အဲဒါတွေကိုတော့ စိတ်မပျက်ကြပါနဲ့၊ စိတ်ရှည်ရှည်ထားပြီး စုဆောင်းပြုစုကြဖို့ကိုတော့ ကျွန်တော် တိုက်တွန်း လိုပါတယ်။

အားလုံး သိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်ကိုယ်တိုင် မြန်မာ အဘိဓာန်ကြီး ပြုစုဖို့ ရှေးယခင်ကတည်းက ဆောင်ရွက်လာခဲ့သူ ဖြစ်ပါတယ်၊ မြန်မာအဘိဓာန် ကြီး ပြုစုရေးနှင့် ပတ်သက်ပြီး နည်းနာနိဿယရှာဖွေရန် ကျွန်တော်ကိုယ်တိုင် ဥရောပတိုက်ရှိ ကျော်ကြားသော အောက်စဖို့ဒ်နှင့် လန်ဒန်ယူနီဘာစီတီ စသော တက္ကသိုလ်ကြီး လေးခုသို့လည်း ရောက်ခဲ့ပါတယ်။

ရှင်းရှင်းပြောရလျှင် အဲဒီ ယူနီဘာစီတီတွေမှာတောင် အဘိဓာန်လုပ်ကိုင်နေတဲ့ ဌာနရယ်လို့ စနစ်တကျ သီးခြားမရှိ ဘူး။ ကိုယ်ထင်ရာကို ကိုယ့်ဉာဏ်စွမ်း အားကိုး၍ အသုံးချနေ ကြတာကို တွေ့ခဲ့ရပါတယ်။

အဘိဓာန်ပြုစုဖို့ နည်းနာနိဿယပေးပါလို့ တောင်းပြန်တော့ အဲဒီက ပါမောက္ခကြီးတွေက 'အဘိဓာန်လုပ်တဲ့ နည်းရယ်လို့မရှိ ပါဘူး။ ကိုယ့်စိတ်ကူး နှင့် ကိုယ်တိုင်လုပ်ကိုင်သွားတဲ့ စနစ်ကပင် ဆရာပြုလုပ်သွားတာပါပဲ'လို့ အဖြေ ပေးလိုက်ကြပါတယ်။

ဒါနဲ့ စိတ်မကျေနပ်လို့ နောက်ပိတ်ဆုံး အောက်စဖို့ဒ်တက္ကသိုလ် ရှိ အဘိဓာန်ပြုစုသူ အကြီးဆုံး ဆရာကြီးထံသို့သွားပြီး အဘိဓာန် ပြုစုရေး နည်းနာနိဿယတောင်းတော့ 'အဘိဓာန်လုပ်ဖို့နည်း ရယ်လို့ ပေးလို့မရပါ။ ပေးလည်း မပေးတတ်ပါ။ ခင်ဗျားဘာသာ လုပ်ကိုင်သွားတဲ့အခါ တွေ့ရှိရမည့်သင်ခန်းစာကပင် နည်းလမ်း ဖြစ်ပြီး ဆရာပြုလုပ်သွားပါလိမ့်မယ်'ဟု ပြောပြလိုက်ပါတယ်။

အဲဒါကိုပဲ အခြေခံမှတ်သား၍ ကျွန်တော်ပြန်လာခဲ့ပြီး ယခု ယူနီဘာစီတီ မြန်မာအဘိဓာန်ဌာနကို ဦးစီးလုပ်ကိုင်လာရာ ယခုထက်တိုင် အချို့နေရာတွေမှာ လွဲချော်မှုတွေ မကင်းသေးပါ။

ယခုဆရာတို့က ကျွန်တော့်ထံ နည်းလမ်းလာ၍ ရှာဖွေကြ ပြန်တော့ ကျွန်တော်ကလည်း 'နည်းဆိုတာ ကိုယ့်အလုပ်ကပင် ကိုယ့်ကို ဆရာလုပ်သွား ပါလိမ့်မယ်'ဟု အဖြေပေးလိုပါတယ်"ဟု ဆရာဦးဝန်က =ပြောပြလိုက်ပါသည်။

ဇင်းပြင် ဆရာဦးဝန်က အဘိဓာန်လုပ်ကိုင်ရာ၌ အောက်ပါအချက် များကိုလည်း အကြံပေးလိုက်ပါသေးသည်။

၁။ ပါဠိအင်္ဂလိပ်အဘိဓာန်ကြီးတွင် ကြိယာပုဒ်များကိုလည်း ထုတ်ထား၍ ယခုပြုလုပ်မည့် ပါဠိမြန်မာအဘိဓာန်ကြီး၌ လည်း ကြိယာပုဒ်များကို ထည့်ဖို့ကောင်းသည်။

၂။ ပါဠိတော်ပုဒ် ထုတ်သည့်အခါ နိဿယရေးသမျှ အမှား အမှန်စကားလုံးကို စကားလုံးတိုင်း စာစုပုဂ္ဂိုလ်များက မချန်မလှပ် ရေးသားထုတ်နုတ်ရန်။

၃။ စာစုရာ၌ အမှားတွေ့၍ မှားမှန်းသိသော်လည်း ပြင်ဆင် ၍ မရေးဘဲ မူအတိုင်း စုဆောင်းရေးသားရန်။

၄။ ပုဒ်များ ပေါင်းစပ်ထားသော သမာသ်ပုဒ်ကြီးများ စသည် ကို အပေါင်းပြပြီး, အစိတ်အစိတ်ပုဒ်များကိုပါ ပြန်၍ ခွဲခြား ဖော်ပြရန်။

၅။ နိပ္ဖန္နပုဒ်ရင်းအတိုင်း ဝိဘတ်နှင့်တကွ စာစုများက ထုတ် နုတ်ရန်။

အဘိဓာန်ပြုစုရာ၌ အခက်အခဲများနှင့် မုချရင်ဆိုင်ကြရမည်ဖြစ်ရာ အောက်ပါ အချက်များကိုလည်း သတိပြုကြဖို့ အကြံပေးလိုက်ပါသေးသည်။

၁။ အဘိဓာန်ပြုစုရာ၌ ဝေါဟာရထုတ်နုတ်သော ဆရာတို့က ပုဒ်ပေါင်းတစ်သိန်း ထုတ်ထားသော်လည်း သုံးစွဲ၍ရနိုင်သော ဝေါဟာရမှာ သုံးသောင်းမျှရှိလျှင် (သုံးပုံ-တစ်ပုံ ဆိုလိုသည်) ကံကောင်းသည်ဟု မှတ်ယူရမည်။

၂။ လုပ်ငန်းစတင်ချိန် ၆-လလောက်၌ ဘာမျှ မယ်မယ်ရရ လမ်းစတွေ့ရဦးမည် မဟုတ်သေးဘဲ မှားလိုက်, ဖျက်လိုက်, စည်းကမ်းပြင်လိုက်နှင့်သာ စခန်းသွားရလိမ့်ဦးမည်ဟု မိမိ ထင်သည်။

၃။ သုံးမရတဲ့ ပုဒ်တွေပဲဟု လွှင့်မပစ်ဘဲ တွေ့သမျှအကုန် ထုတ်နုတ်ရေးသားရန်၊ ထိုသို့စာစုရာ၌ စိတ်မပျက်ဘဲ စိတ်ရှည်ရှည်ထား၍ ရှာဖွေဖို့ အရေးကြီးပါသည်။

၄။ တက္ကသိုလ် မြန်မာအဘိဓာန် ပြုစုနေကြရာမှ ပုဒ်ပေါင်း ၁၅၀-ခန့်မျှရှိသော ဝေါဟာရထုတ်ပြီး စာရွက်ကလေးတွေကို ယူဆောင်ပြသည်။ 'ဟောဒီဟာ မြန်မာစာတည်းက **က**-အက္ခရာ ရသမျှပါပဲ၊ ဒီဟာ သူတို့ (လက်အောက် အမှုထမ်းတွေကို ဆိုလိုသည်) ရှာဖွေလို့သာ ဒီမျှရတာပါ။ ကျွန်တော်သာ ရှာဖွေရလျှင် ဒီထက်သုံးဆမျှ ရမှာပဲ၊ ဒါပေမဲ့ သုံးဖြစ်တဲ့ ပုဒ်ကတော့ ကျွန်တော်ပြောခဲ့သလို သုံးပုံ-တစ်ပုံလောက် ပါလာလျှင် ရှာဖွေရကျိုးနပ်ပါသည်' ဟု ဆရာဦးဝန်က အကြံပေးလိုက်ပါသည်။

ထိုမှတစ်ပါး ဤအဖွဲ့၏ လျှောက်ထား, မေတ္တာရပ်ခံချက်အရ စာအားဖြင့် ရေးသားပေးပို့သော အဘိဓာန်ပြုစုရေးနှင့် စပ်လျဉ်းသည့် ထင်မြင်

ချက်, အကြံပေးချက်များကိုလည်း စေ့စေ့ငငဖတ်ရှု, ကြားနာ၍ သေချာ, လေးစားစွာ မှတ်သားကြသည်။ ယင်းသို့ စာအားဖြင့် ရေးသားပေးပို့ရာ၌ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်[၁]။

(၁) ဦးကဝိန္ဒာဘိဝံသ, ဒက္ခိဏာရာရုံရွှေကျောင်းတိုက်, အုန်းနဲ့ရွာ, ကျောက်တန်း။

(၂) ဦးရေဝတ, ဒက္ခိဏာရာရုံရွှေကျောင်းတိုက်, အုန်းနဲ့ရွာ, ကျောက်တန်း။

(၃) အရှင်ကောလိနိယ, မစိုးရိမ်တိုက်, မန္တလေးမြို့။

(၄) အရှင်မေဓိယမေဇ, မဟာဝိဇယမင်္ဂလာရာမတိုက်, ရွှေပြည်ရပ်, မန္တလေး။

(၅) ဦးတေဇနိယ, ဇောတိကာရုံတိုက်, ပြည်မြို့။

(၆) ဦးစိန္တာမယာဘိဝံသ, သာသနဟိတကာရီတိုက်, ဝါးခယ်မမြို့။

(၇) ဦးက္ကန္ဒက, ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်, စစ်ကိုင်းတောင်ရိုး။

(၈) ဦးကေလာသ, ငွေးချိုတိုက်, မန္တလေးမြို့။

(၉) အရှင်နန္ဒိယ, နန္ဒိယာရာမတိုက်, မိုးကုတ်မြို့။

(၁၀) ဦးပညိန္ဒာဘိဝံသ, ဇေယျာသိန်ပါဠိတက္ကသိုလ်, စစ်ကိုင်းမြို့။

(၁၁) ဦးပုညာဘိဝံသ, တောတောင်ဘီလူးချောင်, စစ်ကိုင်းတောင်ရိုး။

(၁၂) ဦးပညာဝံသာဘိကဝိဓဇ, သာသနာ့တံခွန်ယပ်လှဲတိုက်, ရေနံချောင်းမြို့။

---

၁။ ၁၃၂၀-ခု၊ ခေါင်၊ ဆန်း၊ ၁၅ (၂၉-၈-၅၈) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၁၁၊ ဝ၊ ဝ။

(၁၃) အသျှင်ကေဝလာဘိဝံသ, သပြေပင်တောရ, မုံရွာမြို့။

(၁၄) သိမ်ဦးဆရာတော်တပည့် ဦးပညာသိရိ, လှတောရွာ, ဝက်လက်မြို့နယ်, ရွှေဘိုခရိုင်။

(၁၅) သိမ်ဦးဆရာတော်တပည့် ဦးဣန္ဒက, လှတောရွာ, ဝက်လက်မြို့နယ်, ရွှေဘိုခရိုင်။

(၁၆) သိမ်ဦးဆရာတော်တပည့် ဦးသုမင်္ဂလ, လှတောရွာ, ဝက်လက်မြို့နယ်, ရွှေဘိုခရိုင်။

(၁၇) အရှင်သောဘိတာဘိဝံသ, ချမ်းသာကြီးတိုက်, မန္တလေးမြို့။

(၁၈) ဦးနာရဒါဘိဝံသ, ခင်မကန်တိုက်, အနောက်ပြင်, မန္တလေးမြို့။

(၁၉) ဦးပညာကိတ္တိ, မင်္ဂလာမဏ္ဍိုင်ကျောင်း, ထရန်စပို့လမ်း, ရန်ကုန်မြို့။

(၂၀) ဦးသုန္ဒရ, အဂ္ဂမဟာပဏ္ဍိတ, ဝိဇ္ဇာလင်္ကာရချောင်, မင်းကွန်း။

(၂၁) ဦးဝါသန, ပါဠိပဋိပတ္တိဝိသောဓက, ဝိဇိတာရုံကျောင်းတိုက်, မန္တလေးမြို့။

(၂၂) ဦးဝန်, စာတည်းမှူး, ရန်ကုန်တက္ကသိုလ်, ရန်ကုန်မြို့။

(၂၃) ဦးဟုတ်စိန်, ဘီအေ-ဘီအယ်လ်, ပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာ အဘိဓာန်ကျမ်းပြု, ရန်ကုန်မြို့။

(၂၄) ဦးမြတ်ထွန်း, အမှုဆောင်အရာရှိ, မွန်ရေးရာအဖွဲ့, အတွင်းဝန်ရုံး, ရန်ကုန်မြို့။

ဤအဖွဲ့၏ နိုးဆော်ချက်အရ အောက်ပါပုဂ္ဂိုလ် ၃-ဦးတို့က အဘိဓာန် စီမံကိန်း ၃-မျိုးကို တင်ပြကြသည်။

(၁) ဦးဩဘာသ, ဂန္ထကာရက, နှစ်ကျိပ်ရှစ်ဆူကျောင်း, သရက်တောတိုက်, ရန်ကုန်မြို့[1]။

(၂) ဒေါက်တာဆရာလင်း, အဂ္ဂမဟာပဏ္ဍိတ, အယ်ဒီတာချုပ်, ပိဋကတ်တော် မြန်မာပြန်ဌာန[2]။

(၃) ဦးမောင်မောင်ကလေး, အဘိဓာန်ဌာနမှူး[3]။

ဤအဘိဓာန်ကျမ်း ရေးသားပြုစုရာ၌ ယင်းစီမံကိန်း ၃-မျိုးမှ ကောင်းနိုးရာရာများကို ထုတ်နုတ်အသုံးပြုသွားကြသည်။

ပါဠိဝေါဟာရများ ထုတ်နုတ်စုဆောင်းရန် စာပေနှင့် ထုတ်နုတ်စုဆောင်းနည်းကို အောက်ပါအတိုင်း ရည်ညွှန်းသတ်မှတ်အပ်သည်။

နိကာယ် ၅-ရပ် ပါဠိတော်များက ဝေါဟာရများကို တည်ပုဒ်အဖြစ်ဖြင့် အက္ခရာစဉ်အလိုက် တစ်လုံးမကျန် ထုတ်နုတ်စုဆောင်းရန်[4]။

ပါဠိဝေါဟာရ ထုတ်နုတ်စုဆောင်းရန်စနစ်ကို အောက်ပါအတိုင်း သတ်မှတ်အပ်သည်။

၁။ ပိဋကတ်တော် မြန်မာပြန်ဌာနရှိ စာပြုဆရာများက ပါဠိတော် စာအုပ်များကို တစ်အုပ်ကျစီ တာဝန်ယူ၍ အစမှအဆုံးတိုင် ပါဠိဝေါဟာရများကို ကတ်ပြားကလေးများတွင် ထုတ်နုတ်စုဆောင်းရန်။

---

၁။ ၁၃၁၇-ခု၊ ပေါင်း၊ ဆန်း ၇ (၁၈-၃-၅၆) န-ပု-သ၊ ဓာန်၊ စဉ်၊ ၇၊ ၃၊ (၁)။
၂။ ၁၃၁၅၊ ကျွတ်၊ ဆုတ်၊ ၁၀ (၂၆-၁၀-၅၃) န-ပု-သ၊ စာမူ၊ စဉ်၊ ၁၀၊ ၄၊ (၀)။
၃။ ၁၃၁၈-ခု၊ ဆောင်၊ ဆုတ်၊ ၅ (၂၉-၅-၅၆) န-ပု-သ၊ ဓာန်၊ စဉ်၊ ၈၊ ၃၊ (၀)။
၄။ ၁၃၁၅-ခု ဆောင်၊ ဆုတ်၊ ၇ (၂၈-၁၁-၅၃) န-ပု-သ၊ ဓာန်၊ စဉ်၊ ၁၊ ၁၊ (၁)။

၂။ ထိုသို့စုဆောင်းသည့်အခါ ဆိုင်ရာပါဠိဝေါဟာရများ၏ ကျမ်း, ဝဂ်, သုတ်အမည်တို့ကိုလည်းကောင်း, စာမျက်နှာနံပါတ်များကိုလည်းကောင်း ကတ်ပြားကလေးများတွင် အသီးသီးရေးထားရန်။

၃။ ထိုသို့ ထုတ်နုတ်စုဆောင်းပြီး ပါဠိဝေါဟာရများ၏ ဆိုင်ရာ ပါဠိတော်နိဿယလာ အနက်(မြန်မာ)ကိုလည်း ထိုကတ်ပြားကလေးများတွင် နိဿယအမည်နှင့်တကွ အသီးသီး ရေးထုတ်ထားရန်။

(ဤနိဿယလာအနက်ကို ရေးမှတ်ထားခြင်း၏ သဘောမှာ ထိုပါဠိဝေါဟာရကို မြန်မာပြန်ဆိုသည့်အခါ နှိုင်းယှဉ်ချက်အဖြစ် အသုံးပြုနိုင်ရန်ဖြစ်သည်။)

အထက်ပါအတိုင်း ပိဋကတ်ကျမ်း တစ်ကျမ်း၏ စာမျက်နှာတစ်ခုမှ ပါဠိဝေါဟာရများကို နမူနာအဖြစ် ထုတ်နုတ်စုဆောင်း တင်ပြရန်ကိစ္စကို သာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေနှင့် ဒုတိယအယ်ဒီတာချုပ် ဦးဘမို့တို့အား တာဝန်လွှဲအပ်၍ ထိုတင်ပြသော နမူနာကို ကြည့်ရှုစစ်ဆေးရန် အောက်ပါပုဂ္ဂိုလ်များအား တာဝန်လွှဲအပ်ကြသည်[၁]။

(၁) ဒေါက်တာ ဆရာလင်း

(၂) သာသနာ့ညွှန်ကြားရေးဝန် ဦးကြီးဖေ

(၃) ဦးဖေမောင်တင်

(၄) ဦးဘမို့

(၅) ဦးဝန်

၁။ ၁၃၁၅-ခု၊ ဆောင်၊ ဆုတ်၊ ၇ (၂၈-၁၁-၅၃) န-ဗု-သ၊ ခာန်၊ စဉ်၊ ၁၊ ၃၊ (ဝ)။

နိကာယ် ၅-ရပ် ပါဠိတော်များမှ ပါဠိဝေါဟာရ ထုတ်နုတ် စုဆောင်း ရေးစနစ်တွင် အောက်ပါအချက်များကို ထပ်ဖြည့်အပ်သည်[၁]။

၁။ ပါဠိဝေါဟာရများ မကြွင်းကျန်ရေးအတွက် ထုတ်နုတ် စုဆောင်းပြီး ဝေါဟာရပုဒ်အသီးသီး၏အောက်၌ ခဲဖြင့် မျဉ်းကြောင်းဆွဲ၍ အမှတ်အသားပြုထားရန်။

၂။ နဋ္ဌေရုပုစိမန္ဒမူလ-စသော သမာသ်ပုဒ်မျိုးကို သမာသ်ပုဒ် အတိုင်း လည်းကောင်း, နဋ္ဌေရု တစ်ပုဒ်, ပုစိမန္ဒ တစ်ပုဒ်, မူလတစ်ပုဒ် ဤသို့ အသီးသီးလည်းကောင်း ထုတ်နုတ်စု ဆောင်း၍ သမာသ်ပုဒ်၏အနက်, ပုဒ်အသီးသီး၏အနက် တို့ကို ခွဲခြား, ပြန်ဆိုရေးသားရန်။

၃။ စာစုဆရာများက ပါဠိဝေါဟာရများကို ထုတ်စုရမည့် စာရွက်၌ ပါဠိတော်နှင့် နိဿယတို့၏ အမည်များ, စာမျက် နှာနံပါတ်များကို ဖော်ပြရမည်ဖြစ်ရာ ထိုသို့ဖော်ပြရာ၌ အလုပ်လွယ်ကူစေရန် ပါရာဇိက ပါဠိတော်ကို ဝိနည်း၏ ပဌမအုပ်ဖြစ်သောကြောင့် "ဝိ၊ ၁။"ဟူ၍လည်းကောင်း, ပါဠိတော်ကို "ပါ"ဟူ၍လည်းကောင်း, နိဿယကို "နိ" ဟူ၍လည်းကောင်း သင်္ကေတပြုလျက် ထိုသင်္ကေတများ ကို တံဆိပ်တုံး လုပ်ပြီးလျှင် ရုံးလုလင်များက ကတ်ပြား များ၌ ရိုက်နှိပ်ထားနှင့်စေရန်၊ (ကျန်ပါစိတ္တိယပါဠိစသည် တို့ကိုလည်း "ဝိ၊ ၂။" စသည်ဖြင့် သင်္ကေတပြုလုပ်သွားရန် ဖြစ်သည်။)

ပါဠိဝေါဟာရ ထုတ်စုမှု, ၎င်းအတွက် ကြီးကြပ်ဆောင်ရွက်မှုနှင့် ညွှန်ကြားပြသမှုကို အောက်ပါအတိုင်း ထပ်ဖြည့်သတ်မှတ်အပ်သည်[၂]။

---

၁။ ၁၃၁၅-ခု၊ တွဲ၊ ဆုတ်၊ ၁၀ (၂၈-၂-၅၄) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၃၊ ၂။ (၃, ၄, ၅)။

၂။ ၁၃၁၇-ခု၊ ဆို၊ ဆုတ်၊ ၁၃ (၁၇-၇-၅၅) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၁၊ ၁၊ (၃)။ ၂ (၁,၇)

၁။ မထုတ်စုရသေးသော ပါဠိတော်များနှင့် အဋ္ဌကထာများမှ ဝေါဟာရများကို ဆက်လက်ထုတ်စုရန်။

၂။ ထုတ်စုသည့် ပုဒ်များကို ထုတ်စုသည့်နေ့ ညနေတိုင်း၌ အက္ခရာဝလိ စီစဉ်၍ အစဉ်အတိုင်းထားရှိပြီးဖြစ်အောင် ဒုတိယအယ်ဒီတာချုပ် ဦးဘမှိုက ကြီးကြပ်ဆောင်ရွက်ရန်။

၃။ ပါဠိဝေါဟာရထုတ်စုရေး, စီစဉ်ထားရှိရေးများ၌ စနစ်တကျ ရှိ၍ အလုပ်တွင်ကျယ်ရေးအတွက် သာသနာ့ညွှန်ကြား ရေးဝန် ဦးကြီးဖေက တနင်္ဂနွေတစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်ကျ ဦးဘမှိုနှင့် ဝေါဟာရထုတ်သူ အားလုံးကို ညွှန်ကြားပြသရာ၌ ဆရာဉာဏ်နှင့် ဦးမောင်မောင်ကလေး တို့က အကူအညီပေးရန်။

ယင်းသို့သော စနစ်, စည်းမျဉ်း, စစ်ဆေးကြီးကြပ်မှု, ညွှန်ကြားပြသမှု စသည်ဖြင့် ပါဠိဝေါဟာရများကို ထုတ်စုလာခဲ့ရာ ၂-နှစ်ကျော်ကျော် ကြာသောအခါ အောက်ပါအချက်များကို သိရှိလာရသည်။

၁။ အဘိဓာန်စကားလုံး ထုတ်စုခြင်း အစပြုသောအချိန်။

၂။ ထုတ်စုသော ပုဂ္ဂိုလ်ဦးရေ။

၃။ ပြီးစီးခဲ့သော ပိဋကစာအုပ်နှင့် စာမျက်နှာ။

၄။ ထုတ်စုပြီးသော အဘိဓာန်စကားလုံးပေါင်း။

၅။ တစ်လလျှင် စာစုဆရာတစ်ဦး၏ ပြီးစီးသော စာမျက်နှာ စသည်။

ဤသို့ သိရှိလာရသည်မှာ သက်ဆိုင်ရာ၏ အောက်ပါအစီရင်ခံစာ ကြောင့် ဖြစ်သည်[၁]။

---

၁။ ၁၃၁၈-ခု၊ ဆုန်၊ ဆုတ်၊ ၅ (၂၉-၅-၅၆) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၈၊ ၂၊ (ဝ)။

အဘိဓာန်ပုဒ်များကို ထုတ်စုလာခဲ့သည်မှာ ၁၉၅၃-ခု ဒီဇင်ဘာလမှစ၍ ၁၉၅၆-ခု ဒီဇင်ဘာလ ၃၁-ရက်အထိ လပေါင်း ၂၆-လတွင် ဝေါဟာရပုဒ် ပေါင်း၂၅၀၀၀၀-ခန့် ရရှိပါသည်။

(ဆရာ ၆-ယောက် ထုတ်စုကြသဖြင့် ဆရာတစ်ယောက်လျှင် တစ်နေ့ တစ်နေ့၌ ပုဒ်ပေါင်း ၅၀-ကျော်, တစ်လ တစ်လ၌ ၁၅၀၀-ကျော် ရရှိကြောင်း ထင်ရှားပါသည်။)

စာအုပ်ရေအားဖြင့် ပျမ်းမျှခြင်း စာမျက်နှာ ၄၀၀-ကျော် ခန့်စီရှိသော ပါဠိတော်အုပ်ရေ ၁၆-အုပ်, အဋ္ဌကထာ ၈-အုပ် အားဖြင့် ၂၄-အုပ် ပြီးစီး၍ ထုတ်စုဆဲ ပါဠိတော်, အဋ္ဌကထာ ၉-အုပ်ကို ၂-အုပ်ခန့်ထားလျှင် ထုတ်စုပြီး စာအုပ် ၂၆-အုပ်ဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ စာမျက်နှာ ၄၀၀-ခန့်စီရှိသော စာအုပ်ကို ဆရာ ၆-ယောက် ထုတ်စုလျှင် ၁-လနှင့်ပြီးစီး၍ ပုဒ်ပေါင်း ၁၀၀၀၀-ခန့် ရရှိပြီးစီးကြောင်း ထင်ရှားပါသည်။

ပူးတွဲဖော်ပြပါရှိသော ပါဠိတော်စာအုပ်များနှင့် အဋ္ဌကထာ, ဋီကာစာအုပ်များကို ပေါင်း၍တွက်သော် ဝေါဟာရထုတ်စုရန် ကျန်ရှိသော စာအုပ်များနှင့် ခန့်မှန်းချက်ဝေါဟာရပုဒ်များကို ရရှိနိုင်ပါသည်။

| | | |
|---|---|---|
| ပါဠိတော် | စာအုပ်ရေ | ၄၀ |
| အဋ္ဌကထာ | ॥ | ၄၆ [၁] |
| ဋီကာ | ॥ | ၃၅ [၁] |
| | ပေါင်း | ၁၂၁ |

၁။ ထိုစဉ်ကရိုက်နှိပ်ပြီးရှိသည့် အဋ္ဌကထာ, ဋီကာတို့၏ စာရင်းဖြစ်သည်။

| | |
|---|---|
| ဝေါဟာရထုတ်စုပြီး စာအုပ်ရေ | ၂၆ |
| | ----------- |
| ထုတ်စုရန်ကျန်သော စာအုပ် | ၉၅ |
| တစ်အုပ်လျှင် ထုတ်စုရန်ပုဒ်ရေ | ၁၀၀၀၀ |
| နောက်ထပ်ထုတ်စုရန် ပုဒ်ပေါင်း | ၉၅၀၀၀၀ |

ဤသို့လျှင် ဝေါဟာရပုဒ်များ ထုတ်စုရေးနှင့် စပ်လျဉ်း၍ အတော်အတန် အစပျိုးမိပြီ ဖြစ်၍ အောက်ပါအဘိဓာန်စီမံကိန်းတစ်ခုကို ချမှတ်အပ်သည်[၁]။

၁။ နိကာယ် ၅-ရပ် ပိဋကပါဠိတော်တို့မှ ပုဒ်များ အပြည့်အစုံပါဝင်သည့် "တိပိဋက ပါဠိ-မြန်မာအဘိဓာန်"ဟု ခေါ်တွင်သော အဘိဓာန်ကျမ်းကြီး တစ်စောင်ကို စီရင်ပြုစုရန်။

၂။ ထိုအဘိဓာန်ကျမ်းကြီးကို စီရင်ပြုစုရာ၌ အောက်ပါအတိုင်း စီရင်ပြုစုရန်။

(က) ပုဒ်အမျိုးမျိုး ခွဲခြား၍ပြခြင်း။

(ခ) လိင်, ဓာတ်, ဓာတ်နက်, ပစ္စည်း, ပြုထိုက်သော ဝိဂြိုဟ်, ဝစနတ်, မြန်မာတို့ကို ဖော်ပြခြင်း။

(ဂ) သဒ္ဒါထူး, အနက်ထူးတို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာ စသော အကိုးအကားတို့ဖြင့် ဖော်ပြခြင်း။

(ဃ) ပုဒ်အချို့ကို သက္ကတဘာသာ၌ရှိသော ပုဒ်အချို့တို့နှင့် နှိုင်းယှဉ်ပြခြင်း။

(င) မာဂဓဗျာကရုဏ်းကျမ်းတို့၌ ပါရှိသော သဒ္ဒဝေါဟာရပုဒ်များကိုလည်း ရှင်းလင်းဖော်ပြခြင်း။

---

၁။ ၁၃၁၈-ခု၊ ဆုန်၊ ဆုတ်၊ ၅ (၂၉-၅-၅၆) န-ဌာ-သ၊ ဓာန်၊ စဉ် ၈၊ ၃၊ (၁၂၃၄)။

(စ) ဓာတ်ကျမ်း အစောင်စောင်တို့၌ ပါရှိသော ဓာတ်များကိုလည်း သက္ကတဓာတ်ရင်းနှင့်တကွ ဂိုဏ်း, ဓာတ်နက်တို့ကို ဖော်ပြခြင်း။

၃။ ဤ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ပြုစုသည့်အခါ--------

1. The Pāli Text Societys' Pāli-English Dictionary, Ed, by T.W.Rhys Davids and William Stede.

2. A Critical Pāli Dictionary, begun by V. Trenckner, revised, continued, and edited by Dines Andersen, Helmer Smith, and Hans Hendriksenss.

3. A Sanskrit English Dictionary, by Sir Monier Monier-Williams.

ဤခေတ်မီသော အဘိဓာန်များ ပြုစုသည့် စနစ်ကို လိုက်နာပြုစုရန်။

၄။ ဤ တိပိဋကပါဠိမြန်မာအဘိဓာန်တွင် ထုတ်စုပြီးပုဒ်များကို အက္ခရာဝလိ စီစဉ်သည့်အခါ P.T.S အဘိဓာန်၌ အက္ခိ၊ --- အဥ္စန၊ --- ကူပ၊ --- ဂဏ္ဍ စသည်ဖြင့် တူရာပုဒ်နောက်၌ စုပေါင်းပြထား၍ ရှာဖွေကြည့်ရှုရန် မလွယ်ကူသောကြောင့် အက္ခိ၊ အက္ခိအဥ္စန၊ အက္ခိကူပ၊ အက္ခိဂဏ္ဍ-စသည်ဖြင့် အသီးအသီး တည်ပုဒ်အနေထား၍ ပြသော Critical Pāli Dictionary စီစဉ်သည့် နည်းအတိုင်း စီစဉ်ရန်။

ဤသို့ အဘိဓာန်ပြုစုနည်း စီမံကိန်းကို ချထားပြီးနောက် အဘိဓာန်ပြုစုမှုကို ဆောင်ရွက်ရန် လိုအပ်သော အရာထမ်း အမှုထမ်းများကိုလည်း မှန်းဆတွက်ချက်၍ လျာထားသတ်မှတ်အပ်သည်[၁]။

အထက်၌ ဆိုခဲ့သော အဘိဓာန်အဖွဲ့၏ အကြံပေးချက်၊ ဆုံးဖြတ်ချက်နှင့် စီမံကိန်း များအနက်အချို့ကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က လက်ခံ၊ အတည်ပြု၊ အရေးယူ၊ ဆောင်ရွက်ချက်အရ အောက်ပါအရာထမ်း၊ အမှုထမ်းများဖြင့် ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ရေးသားပြုစုမှုလုပ်ငန်းကို ၁၃၁၈-ခု နတ်တော်လ (၁၉၅၆-ခု၊ နိုဝင်ဘာလ)မှ စ၍ အစပြုအပ်သည်။

| | | |
|---|---|---|
| (၁) | ဌာနမှူး | ၁-ယောက် |
| (၂) | စာပြုဆရာ | ၃-ယောက် |
| (၃) | စာစုဆရာ | ၅-ယောက် |
| (၄) | လက်နှိပ်စက်စာရေး | ၁-ယောက် |
| (၅) | ရုံးလုလင် | ၁-ယောက် |

အဘိဓာန်ဌာန သီးခြားတည်ရှိပြီးနောက် ယင်းဌာနက ဝေါဟာရပုဒ်ထုတ်စုရာ၌ အဘိဓာန် ရေးသားပြုစုရာတွင် အက္ခရာအစဉ်အားဖြင့် ချထားအပ်သော အဘိဓာန်တည်ပုဒ်တို့၌လည်းကောင်း၊ လိင်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ ဝိဂြိုဟ်၊ ဝစနတ်တို့၌လည်းကောင်း၊ ဖွင့်ဆိုသမွန်အပ်သော အနက်တို့၌လည်းကောင်း၊ အကိုးသာဓကအဖြစ် ထုတ်ဆောင်အပ်သော ဥဒါဟရုဏ်ပုံစံတို့၌လည်းကောင်း၊ မြန်မာစကား အသုံးအနှုန်း၊ ဝါကျအသွားအလာ၊ အဖွဲ့အစပ်တို့၌လည်းကောင်း ထပ်မံစိစစ်၍ သုတ်သင်ပြင်ဆင်ရန် လိုအပ်လာသည်။

---

၁။ ၁၃၁၈-ခု၊ ဆုန်၊ ဆုတ်၊ ၅ (၂၉-၅-၅၆) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၈၊ ၂၊ (၆,က,ခ)။

ထိုတွင် အက္ခရာစဉ်ဖြင့် ချထားအပ်သော အဘိဓာန်တည်ပုဒ်တို့၌ အောက်ပါ အချက်များဖြင့် စိစစ်ရန် လိုအပ်သည်။

(၁) ပါဠိတော်မူအရ မှန်, မမှန်၊

(၂) အဋ္ဌကထာမူအရ ဟုတ်, မဟုတ်၊

(၃) ဋီကာမူအရ သေချာ, မသေချာ စသည်

ထို့ပြင် လိင်, ဓာတ်, ပစ္စည်း, ဝိဘတ်, ဝိဂြိုဟ်, ဝစနတ်တို့၌လည်းကောင်း, ဖွင့်ဆို သမွန်အပ်သော အနက်တို့၌လည်းကောင်း, အကိုးသာဓကအဖြစ် ထုတ်ဆောင်အပ်သော ဥဒါဟရုဏ်, ပုံစံတို့၌လည်းကောင်း အောက်ပါအချက်များဖြင့် စိစစ်ရန် လိုအပ်သည်။

(၁) ပါဠိတော်နှင့် ညီ, မညီ၊

(၂) အဋ္ဌကထာနှင့် ဟပ်, မဟပ်၊

(၃) ဋီကာနှင့် စပ်, မစပ်၊

(၄) သဒ္ဒါနည်း ကျ, မကျ၊

(၅) ဆန်းနည်း ကိုက်, မကိုက်၊

(၆) အလင်္ကာဂုဏ် မြောက်, မမြောက်၊

(၇) သံဝဏ္ဏနာဆက္ကတွင် မည်သည့်သံဝဏ္ဏနာ၊

(၈) နေတ္တိအကောက်ဖြင့် မည်သည့် ဟာရ, နယ, သာသနပဋ္ဌာန စသည်။

မြန်မာစကား အသုံးအနှုန်း, ဝါကျအသွားအလာ, အဖွဲ့အစပ်တို့၌ အောက်ပါအချက် များဖြင့် စိစစ်ရန် လိုအပ်သည်။

(၁) သာသနိက အခေါ်အဝေါ်, ဗာဟိရ အခေါ်အဝေါ် သင့်, မသင့်၊

(၂) လောကအသုံးအနှုန်း, ဓမ္မအသုံးအနှုန်း လျော်, မလျော်၊

(၃) စကားလုံး ချော, မချော၊ ပြေ, မပြေ၊

(၄) ဝါကျသွား ဖြောင့်, မဖြောင့်၊ ပေါ်, မပေါ်၊

(၅) မြန်မာမှု ပီ, မပီ၊ စစ်, မစစ်၊

(၆) မြန်မာရေးထုံး ကျ, မကျ၊ ညီ, မညီ၊

(၇) မြန်မာ့ရေးဟန် ပါ, မပါ၊ လှ, မလှ စသည်။

နောက်ဆုံးအကျဉ်းချုပ်အားဖြင့်ကား အောက်ပါအရေးကြီးဆုံး အချက်များဖြင့် စိစစ်ရန် လိုအပ်သည်။

(၁) နိကာယ် ၅-ရပ် ပိဋကပါဠိတော်မှ ပုဒ်, အနက် အကြွင်းမဲ့ ကုန်, မကုန်၊ စုံ, မစုံ၊

(၂) အဖွဲ့က ချမှတ်ပေးထားသော ဥပဒေ, စည်းမျဉ်းနှင့် ကိုက်, မကိုက်၊ ညီ, မညီ၊

(၃) ကမ္ဘာသုံး အဘိဓာန်ကြီး၏ စံချိန် ရောက်, မရောက်၊ မှီ, မမှီ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော အချက်များဖြင့် အပြည့်အစုံ စိစစ်၍ မှန်သည်ကို ထားမှားသည်ကို ပြင်, လိုသည်ကို ဖြည့်, ပိုသည်ကို ဖျက်လျက် ထပ်မံသုတ်သင်ရန် အောက်ပါဆရာတော်များ ပါဝင်သော ပဋိဝိသောဓက အဖွဲ့ကို ဖွဲ့အပ်သည်[၁]။

(၁) ဆရာတော် ဦးသုန္ဒရ, အဂ္ဂမဟာပဏ္ဍိတ, ဝိဇ္ဇာလင်္ကာရ ချောင်, မင်းကွန်း။

---

၁။ ၁၃၁၈-ခု၊ တွဲ၊ ဆုတ်၊ ၃ (၁၇-၂-၅၇) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၁၅၊ ၃။ (ဝ)။

(၂) ဆရာတော် ဦးသံဝရ, ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ, စကြာရန်အောင်တိုက်, ဖျာပုံမြို့။

(၃) ဆရာတော် ဦးဉာဏုတ္တရ, အဂ္ဂမဟာပဏ္ဍိတ, အောင်မြေဘုံစံတိုက်, စစ်ကိုင်းတောင်ရိုး။

(၄) မဟာစည်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ, သာသနာ့ရိပ်သာ, ရန်ကုန်။

(၅) ဆရာတော် ဦးသြဘာသ, မြန်မာအဘိဓာန်ကျမ်းပြု, နှစ်ကျိပ်ရှစ်ဆူကျောင်း, သရက်တောတိုက်, ရန်ကုန်။

ယင်းသို့ အဘိဓာန်ဌာန သီးခြားဖွဲ့၍ ဆောင်ရွက်လာရာ ၇-လ ကြာသောအခါ စာပြုဆရာများ ရေးသားပြုစုပြီးသော အဘိဓာန်ပုဒ်ရေ ၃၀၀၀-ကျော်ရှိ၍ ဆရာတော်များထံ ပို့ဆောင်ရောက်ရှိသမျှ ထပ်မံသုတ်သင်ပြီးသော ပုဒ်ရေ ၅၀၀-ကျော်ရှိပြီဟု အစီရင်ခံစာ အရ သိရသည်[၁]။

ယင်းသည့်အတွင်း အဘိဓာန်ဌာနမှူး ဦးမောင်မောင်ကလေးသည် ဇရာဒုဗ္ဗလဖြစ်၍ မိမိ၏ ဇီဝိတအန္တရာယ်ကို ကြိုတင်ကာကွယ်ရန် လိုအပ်သဖြင့် အလုပ်မှ နုတ်ထွက်သွားသည်[၂]။

ယင်းသည့်နောက် အဘိဓာန်ဌာနမှူး မရှိတော့မူ၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ရွေးချယ်ထားချက်အရ စစ်ကိုင်းတောင်ရိုး, မဟာဝိဇ္ဇောဒယချောင်, ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယဖြစ်၍ သက္ကတ, ဟိန္ဒီ, ဘင်္ဂလီ, အင်္ဂလိပ် စသော ဘာသန္တရတို့၌ နိုင်နင်းပွန်းတီးစွာ ကျွမ်းကျင်လိမ္မာသော အရှင်သီလာနန္ဒာဘိဝံသက အဘိဓာန်ကျမ်းပြုအဖြစ် တာဝန်ယူ၍ ဆောင်ရွက်သည်[၃]။

---

၁။ ၁၃၁၉-ခု၊ ယုန်၊ ဆုတ်၊ ၈ (၁၆-၆-၅၇) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၀၊ ၂။ (၀)။
၂။ ၁၃၁၉-ခု၊ ခေါင်၊ ဆန်း၊ ၉ (၄-၈-၅၇) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၃၊ ၁။ (၅)။
၃။ ၁၃၁၉-ခု၊ ခေါင်၊ ဆုတ်၊ ၆ (၁၆-၈-၅၇) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၄၊ ၁။ (၁)။

ရုံးအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများကိုမူ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ခန့်အပ်ချက်အရ စာပြုဆရာ ဦးဗိုလ်မောင်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်[၁]။

ပဋိဝိသောဓကအဖွဲ့၌ အောက်ပါပုဂ္ဂိုလ်များကို ထပ်မံ၍ ထည့်သွင်း ခန့်ထားအပ်သည်။

(၁) အရှင်အာနန္ဒပဏ္ဍိတ, ပဌမကျော်, သက္យသီဟပရိယတ္တိ သာသနဟိတဓမ္မာစရိယ, မဟာဝိသုဒ္ဓါရုံတိုက်, မန္တလေးမြို့[၂]။
(၂) ဦးကုန္ဒဝံသ, သာသနဓဇသိရီပဝရဓမ္မာစရိယ, မဟာဝိဇယ ရာမတိုက်, ပခုက္ကူမြို့[၃]။
(၃) ဦးနန္ဒဝံသ, သာသနဓဇသိရီပဝရဓမ္မာစရိယ, ဓမ္မိကာရာမ တိုက်, ခရမ်းမြို့[၄]။
(၄) ဦးဂန္ဓသာရာဘိဝံသ, ပရိယတ္တိသာသနဟိတဓမ္မာစရိယ, သာသနဓဇ သိရီပဝရဓမ္မာစရိယ, စော်ဘွားလေးကုန်း, ရန်ကုန်[၅]။
(၅) ဦးဟုတ်စိန်, ဘီ-အေ, ဘီ-အယ်လ်, ပဒတ္ထမဉ္ဇူသာ ပါဠိမြန်မာ အဘိဓာန် ကျမ်းပြု, ရန်ကုန်[၆]။
(၆) ဦးမောင်မောင်ကလေး, ဝဏ္ဏကျော်ထင်, အဘိဓာန်ဌာနမှူး ဟောင်း, ရန်ကုန်[၆]။

---

၁။ ၁၃၁၉-ခု၊ ခေါင်၊ ဆုတ်၊ ၆ (၁၆-၈-၅၇) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၄၊ ၁။ (၂)။
၂။ ၁၃၁၉-ခု၊ တော်၊ ဆုတ်၊ ၇ (၁၅-၉-၅၇) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၅၊ ၇၊ (ဝ)။
၃။ ၁၃၂၂-ခု၊ ဆုန်၊ ဆုတ်၊ ၁၂ (၂၁-၅-၆ဝ) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၃၂၊ ၅၊ (ဝ)။
၄။ ၁၃၂၃-ခု၊ ဆောင်၊ ဆုတ်၊ ၉ (၁-၁၂-၆၁) န-ဗု-သ၊ ဓာန်၊ ထူး၊ (၈)။
၅။ ၁၃၂ဝ-ခု၊ ဆုန်၊ ဆန်း၊ ၁၃ (၁၉-၅-၅၉) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂ဝ၊ ၃၊ (ဝ)။ ဤပုဂ္ဂိုလ်သည် ဝိဇ္ဇာတန်းစာမေးပွဲဝင်ရန်ရှိ၍ နှစ်လမျှ တာဝန်ဆောင်ပြီး နောက် အနားယူသွားသည်။
၆။ ၁၃၁၉-ခု၊ ပေါင်း၊ ဆုတ်၊ ၁၃ (၁၇-၃-၅၈) န-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၁၊ ၂၊ (၂)။

ထို့ပြင် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဩဿာနသောဓကအဖွဲ့ကို ဖွဲ့စည်းအပ်သည်[၁]။

(၁) စကြာရန်အောင်ဆရာတော်, ဖျာပုံ။

(၂) ဆရာတော် ဦးဉာဏုတ္တရ, အဂ္ဂမဟာပဏ္ဍိတ။

(၃) မဟာစည်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ။

(၄) အရှင်ဝါသေဋ္ဌာဘိဝံသ, ပရိယတ္တိသာသနဟိတဓမ္မာစရိယ နှင့် သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ, ဂဏဝါစကစာချဆရာတော်, မဟာဓမ္မိကာရာမတိုက်, သပြေကန်ရွာ, သံလျင်မြို့နယ်။

(၅) အရှင်သီလာနန္ဒာဘိဝံသ, အဘိဓာန်ကျမ်းပြု။

(၆) ဆရာဉာဏ်, မဟာပညာဗလ, စာပြင်မှူးချုပ်။

ပါဠိဝေါဟာရပုဒ် အများဆုံး, အနက်အဓိပ္ပါယ် အကြွယ်ဝဆုံး, အကိုးသာဓက အစုံဆုံးပါဝင်သည့် အခမ်းနားအကြီးအကျယ်ဆုံး ပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရာ၌ ချထားပြီးစနစ်, စည်းမျဉ်းများ ရှိပြီးဖြစ်သော်လည်း နောက်ထပ်အကြံဉာဏ်များရရှိ၍ ပိုမိုကောင်းမွန်သော အချက်အလက်များဖြင့် ထပ်ဖြည့်သင့်က ထပ်ဖြည့်ရန် လိုအပ်သဖြင့် အထူးအစည်းအဝေးတစ်ရပ်ကို ပင့်, ဖိတ် ကျင်းပရာ အောက်ပါပုဂ္ဂိုလ်များ ကြွရောက်, ပါဝင်ကြသည်[၂]။

## သံဃာတော်များ

(၁) ဆရာတော် ဦးသုနန္ဒ, အဂ္ဂမဟာပဏ္ဍိတ, ဝိဇ္ဇာလင်္ကာရ ချောင်, မင်းကွန်း။

---

၁။ ၁၃၂၀-ခု၊ ယုန်၊ ဆန်း၊ ၁၂ (၁၇-၆-၅၉) နေ့-ဗု-သ၊ ဓာန်၊ စဉ်၊ ၂၁၊ ၂၊ (၂)။

၂။ ၁၃၂၀-ခု၊ ခေါင်၊ ပြည့် (၂၉-၈-၅၈) နေ့-ဗု-သ၊ ဓာန်၊ စဉ်၊ ၁၁၊ ၁၊ (၀)။

(၂) ဆရာတော် ဦးသံဝရ၊ စကြာရန်အောင်တိုက်၊ ဖျာပုံမြို့။

(၃) ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတ၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေး။

(၄) မဟာစည်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ။

(၅) ဆရာတော် ဦးဝိသုဒ္ဓ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသံဂါယနာ အကျိုးတော်ဆောင်။

(၆) ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ မင်းကွန်း။

(၇) ဆရာတော် ဦးသြဘာသ၊ သရက်တောတိုက်၊ ရန်ကုန်။

(၈) အရှင်သီလာနန္ဒာဘိဝံသ၊ အဘိဓာန်ကျမ်းပြု။

## လူပုဂ္ဂိုလ်များ

(၁) ဝဏ္ဏကျော်ထင်၊ ဦးမောင်မောင်ကလေး၊ အဘိဓာန်ဌာနမှူးဟောင်း။

(၂) ဦးဟုတ်စိန်၊ ဘီ-အေ၊ ဘီ-အယ်လ်၊ အဘိဓာန်ကျမ်းပြု။

(၃) ဆရာဉာဏ်၊ မဟာပညာဗလ၊ စာပြင်မှူးချုပ်။

(၄) ဦးဘမို၊ ပညာဗလ၊ ဒုတိယအယ်ဒီတာချုပ်။

(၅) ဦးဝန်၊ မဟာဝိဇ္ဇာ၊ စာတည်းမှူး၊ စာအုပ်ထုတ်ဝေရေးဌာန၊ ရန်ကုန် တက္ကသိုလ်။

(၆) ဦးထွန်းမြင့်၊ လက်ထောက်ကထိက၊ ဗုဒ္ဓစာပေဌာန၊ ရန်ကုန်တက္ကသိုလ်။

အစည်းအဝေးဖွင့်လှစ်သောအခါ ဆဋ္ဌသံဂါယနာအကျိုးဆောင် ဆရာတော်ဦးဝိသုဒ္ဓက အစည်းအဝေးပင့်ဖိတ်ရခြင်း၏ အကြောင်းကို အကျယ်တဝင့် ရှင်းလင်း, လျှောက်ထား, ပြောကြားသည်။ တိပိဋကပါဠိမြန်မာ အဘိဓာန်အတွက် အကြံဉာဏ်ပေး စာများထဲမှ ကောက်နုတ်ချက်များကို လည်း ဖတ်ကြားတင်ပြသည်။

အစည်းအဝေးရောက် သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့သည် မြန်မာ ဘာသာ၌လည်းကောင်း, ပါဠိသက္ကတ, အင်္ဂလိပ်စသော ဘာသာတို့၌လည်း ကောင်း, ဝိဒူ, ပါမောက်, တံခွန်ဆောက်နိုင်လောက်အောင် ထူးထူးခြားခြား တတ်မြောက်သော ဝိသိဋ္ဌပုဂ္ဂိုလ်တို့ချည်း ဖြစ်ကြ၍ အထက်တန်းကျကျ အောက်ပါအခြင်းအရာတို့ဖြင့် မိန့်ဆိုလျှောက်ထား ညှိနှိုင်းနှီးနှောကြသည်။

(၁) တိုက်ရိုက် မေး, ဖြေသော ပုစ္ဆာ, ဝိသဇ္ဇနာ။

(၂) အထွက် အတက်ဖြင့် မေး, ဖြေသော စောဒနာ, ပရိဟာရ။

(၃) တိုင်ပင်ဆွေးနွေးသော သာကစ္ဆာ။

(၄) အတွေ့အကြုံချင်းဖလှယ်သော ဗဟုသုတပရိဝတ္တန။

(၅) အဆိုပြု, ထောက်ခံမှု ယောဇနုပတ္ထမ္ဘန။

ဤအခြင်းအရာမျိုးတို့ဖြင့် အောက်ပါအချက်များပေါ်၌ အခြေတည် ၍ ညှိနှိုင်းနှီးနှောကြသည်။

(၁) ကြံစည်မှန်းဆချက် ==== သက်ပ္ပ။

(၂) နှလုံးသွင်း, သဘောထား ==== အဇ္ဈာသယ။

(၃) ထင်မြင်ယူဆချက် ==== ဉပပရိက္ခာ။

(၄) စုံစမ်းရှာဖွေချက် ==== သုတေသန။

(၅) စူးစမ်းဆင်ခြင်ချက် ==== ဝိစာရဏာ။

(၆) ဓကာန်တွေ့သိချက် ==== ပဋိသံဝေဒန။

(၇) ရှေးနည်း ==== ပေါရာဏိကနယ။

(၈) ခေတ်နည်း ==== အာဓုနိကနယ။

ဤအချက်များပေါ်၌ အခြေတည်၍ ၂-ရက်တိုင်တိုင် ရင်းရင်းနှီးနှီး ပွန်းပွန်းတီးတီး ကျေကျေလည်လည် စဉ်းစားနှိုင်းညှိပြီးနောက် တညီတညွတ်တည်း တစ်ခဲနက် သဘောတူညီစွာ အောက်ပါမူသေ(နိယမ) စည်းမျဉ်းဥပဒေနှင့် ရေးနည်း ရေးဟန်ကိုပါ ပြဋ္ဌာန်းသတ်မှတ်အပ်သည်။

(၁) လိင်ပြရာ၌ လက်သည်းကွင်းထားရန်။ (ဥပမာ---- (န) စသည်)

(၂) အကိုးသာဓက မများလွန်းစေရန်နှင့် ထုတ်ပြသည့်အခါမှာလည်း အသုံးများသည့် နိကာယ်များမှ ထုတ်ပြရန်။

(၃) အသိခက်သော ဓာတ်နက်များကိုသာ ထည့်ရန်။

(၄) ကြိယာများကို ဝတ္တမာန်, ပဉ္စမပုရိသ်, ဧကဝုစ် တစ်ခုတည်းကိုသာပြ၍ ထူးခြားသည့် ကြိယာများကို ၎င်းအပိုဒ်၌ပင် ထည့်သွင်းပြရန်။

(၅) ပဒစ္ဆေဒ, ပဒဝိဘာဂ ပြုရန်။

(၆) မသေချာသည့် ဝိဂြိုဟ်များကို ဤအမေးလက္ခဏာ (?)ဖြင့် သော်လည်းကောင်းပြန်ရန်, လုံးဝမပြဘဲသော်လည်းကောင်း ထားရန်။

(၇) အသိခက်၍ သက္ကတတစ်ပုဒ်နှင့် ယှဉ်ပြလျှင် ပိုမိုထင်ရှားစွာ သိနိုင်မည့် ပုဒ်များကို သက္ကတပုဒ်နှင့် ယှဉ်ပြရန်။

(၈) မူကွဲရှိသည့်ပုဒ်များ၌ ယုတ္တိ ပို၍ရှိသောပုဒ်များကို တည်ပုဒ် အဖြစ် ထား၍ ကျန်ပုဒ်များကို ဆိုင်ရာအက္ခရာဝလိရောက်မှ "ကြည့်"ဟု ညွှန်းရန်။

(၉) အပိုအမှာအထားများကို ထည့်သင့်မှ ထည့်ရန်။

(၁၀) ကြိယာများကို ရေးရာ၌ ဝိဘတ်ပြလျှင် ဝိကရဏပစ္စည်းကို ထည့်ပြရန်, ကာရိုက်ကို (ကာ-ကြိ)ဟု ပြရန်။

(၁၁) ဓာတ်ကို ပြရာ၌ သက္ကတ-အင်္ဂလိပ်အဘိဓာန်, ပါဠိ-အင်္ဂလိပ် အဘိဓာန်များကဲ့သို့ ဗျဉ္ဇနန္တနှင့် မပြမူ၍ သရန္တနှင့်သာ ပြရန်။

(၁၂) ခက်ခဲ, တိမ်မြုပ်သည့် အကိုးသာဓကများကို အနက်ပေးရန်။

(၁၃) အကိုးသာဓက မရှိသည့်အနက်ကို သင်္ကေတ တစ်မျိုးဖြင့် ပြရန်။

(၁၄) တိလိင် ဝိသေသနအရာ၌ သော၊ သည်၊ သူ-ဟု စုံအောင် ထည့်ရန် မလို၊ "သော၊ သည်" ဟူ၍သာ ထည့်ရန်, ထင်ရှား သည့် ဒြဗ်ဟောပုဒ်၌ "သူ"ဟု ထည့်ရန်။

(၁၅) အက္ခရာဝလိစဉ်ရာ၌ နိဂ္ဂဟီတန္တကို ရှေ့ထား၍ စဉ်ရန်နှင့် သံယုဂ်ဗျည်းများကို သုဒ္ဓဗျည်း နောက်မှ စဉ်ရန်။

(၁၆) ဝိဂြိုဟ်ဝစနတ်များကို ထားမြဲအတိုင်းသာ ထားရန်။

(၁၇) အဋ္ဌကထာ, ဋီကာစသော အကိုးများကို ဆိုင်ရာပုဒ်သို့ ရောက်မှထည့်ရန်၊ ဥပမာ-အကုက္ကုကတ-ကို ပြရာ၌ ကုက္ကုကတ-၏ အဋ္ဌကထာဖွင့်ကို ထည့်ရန် မလို။

(၁၈) အနက်ပြန်ရာ၌ သဒ္ဒတ္ထ, ဝေါဟာရတ္ထ ၂-မျိုးရှိလျှင် ၂-မျိုး လုံးစုံအောင် ပြန်ရန်, ပေါရာဏတ္ထရှိလျှင် အာဓုနိကတ္ထကို

နောက်မှရေးရန်, သဒ္ဒတ္ထနှင့် ဝေါဟာရတ္ထကို ကွဲအောင် ရေးရန်, သို့မဟုတ် သင်္ကေတပြရန်။

(၁၉) သတ်ပုံ, သတ်ညွှန်းနှင့်ပတ်သက်၍ ကဝိမျက်မှန်သတ်ပုံနှင့် မြန်မာသတ်ညွှန်း ကျမ်းကို မူထားပြီးလျှင် အများသုံး သတ်ပုံကို ဦးစားပေးရန်။

(၂၀) "ကျွန်ငါးပါး, နှစ်နက်" စသည်အားဖြင့် ရေးမည့်အစား "ကျွန် ၅-ပါး, ၂-နက်" စသည်အားဖြင့် အရေအတွက်ကို ဂဏန်းနှင့်ရေးရန်။

(၂၁) ဝိဂြိုဟ်ပြုပြီး အရကောက်ရာ၌ "ဒေါသတည်း"စသည်ဝယ် "တည်း, ဟူလို" စသော စကားများကို မထည့်ရန်။

(၂၂) တထာဂတ, အရဟံ စသည်၌ အနက်ဖွင့်ရှိသမျှ ရေးရန် (ကိုယ်ပိုင်မူ နောတက္ကမထည့်ရ) မသေချာသည့် ပုဒ်များ၌ မည်သည့်ကျမ်းက ဆိုသည်ဟု အတိအကျထည့်ရန်။

(၂၃) ပဒဝိနိစ္ဆယနှင့် ပတ်သက်၍ အသိခက်သည့် ထူးခြားသော ပုဒ်များ၌ ပဒဝိနိစ္ဆယ အကျယ်ရေးသည့် ကျမ်းများကို ညွှန်ပြရန်။

(၂၄) ဥပသာရပုဒ်, နိပါတ်ပုဒ်များကို ရေးသားရာ၌ ပါဠိဥဒါဟရုဏ် မရှိသော် လည်း အနက်စုံအောင် ထည့်သွင်းရေးသားရန်။

(၂၅) ကြိယာကို အနက်ဖော်ရာ၌ သည်-ဟု မရေးဘဲ ၏-ဟု ရေးရန်။

(၂၆) အက္ခရာတစ်လုံးတစ်လုံး၏ အနက်ရှိသမျှ ဥဒါဟရုဏ် မတွေ့သော်လည်း ပါဠိသုံး အနက်စုံအောင် ထည့်ရန်။

(၂၇) ယမိုက်, ပဋ္ဌာန်း ပါဠိတော်များ၌ ထူးခြားသည့်ပုဒ်များကိုသာ ရွေးထုတ်ရန်။

(၂၈) မြန်မာပြန်အနက် ထင်ရှားသိသာအောင် ပုံနှိပ်သည့်အခါကျမှ ကြည့်ရှု၊ ပြင်ဆင်ရန်။

ဆိုခဲ့ပြီးသော တိပိဋကပါဠိမြန်မာအဘိဓာန် ပြုစုစီမံကိန်းနှင့် စည်းမျဉ်းဥပဒေများ၌ အောက်ပါအချက် ၂-ရပ် ပါဝင်သည်။

(၁) ပုဒ်အချို့တို့ကို သက္ကတဘာသာ၌ရှိသော ပုဒ်တို့နှင့် နှိုင်းယှဉ်ပြရန်။

(၂) ဓာတ်ကျမ်းအစောင်စောင်၌ ပါရှိသော ဓာတ်များကိုလည်း သက္ကတ ဓာတ်ရင်းတို့နှင့်တကွ ဂိုဏ်း, ဓာတ်နက်တို့ကို ဖော်ပြရန်။

ဤအချက် ၂-ရပ်ကို အကြောင်းပြု၍ အောက်ပါပြဿနာမျိုး ဖြစ်ပေါ်မည်ဆိုလျှင် ဖြစ်ပေါ်လာနိုင်သည်။

(၁) ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် မလုံလောက်သလော?

(၂) မည်သည့်အတွက် သက္ကတကို အလေးပြုရသနည်း?

(၃) သက္ကတ-က ပါဠိကို မည်သို့ ကျေးဇူးပြုသနည်း?

ဤပြဿနာမျိုးတို့သည် အောက်ပါပြဆိုလတ္တံ့သော ဥဒါဟရုဏ်, ပုံစံ အချက်အလက်တို့ဖြင့် ရှင်းသွားနိုင်သည်။

(၁) အချက်နှင့်ဆိုင်သော ပါဠိပုဒ်ကို သက္ကတပုဒ်နှင့် နှိုင်းယှဉ်ပြခြင်းအကြောင်းကို ဆိုပေအံ့။

ဥဒါဟရုဏ်, ပုံစံကား-------- အံသဟူသော အဘိဓာန်ပုဒ်ကို အတ္ထုဒ္ဓါရပြုသော် (၁)အဖို့ အစု၊ (၂) ပခုံး, ပခုံးစွန်း၊ (၃) အထောင့်, အမြှောင့် စသော အဘိဓေယျအနက်များ ထွက်ပေါ်နိုင်သည်။

သို့ရာတွင် ထိုပုဒ်သည် ရင်းချည်း အထီးထီး တည်နေသောအခါ မည်သည့်အနက် ကို ဟောသည်ဟု အသေအချာ ခွဲခြား၍ မသိနိုင်။

"ပဋိဝိသော စ ကောဋ္ဌာသော၊ အံသော ဘာဂေါ ခန္ဓံ တု သော[၁]" ဟူသော နေရာမျိုး၌ သဟာယအုပ်စုတွင် သဘာဂပုဒ်ကို ထောက်ဆ၍ လည်းကောင်း၊ "ယေ မမ္ဗာ အတီတံသေန သင်္ဂဟိတာ[၂]။ "ယေ မမ္ဗာ အတီတံသေန သင်္ဂဟိတာတိ အတီတကောဋ္ဌာသေန သင်္ဂဟိတာ[၃]" ဟူသော နေရာမျိုး၌ ဝါကျနှင့် အဋ္ဌကထာအဖွင့်ကို ထောက်ဆ၍လည်းကောင်း ယင်း "အံသ"ဟူသော အဘိဓာန်ပုဒ်၏ အဘိဓေယျအနက်သည် "အဖို့, အစု"ဟု သိရသည်။

"အံသော နိတ္ထိ ဘုဇသိရော၊ ခန္ဓော တဿန္ဓိ ဇတ္တု တံ[၄]"ဟူသော နေရာမျိုး၌ သဟဇအုပ်စုဝင် သမာနပုဒ်များကို ထောက်ဆ၍လည်းကောင်း၊ "ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ[၅]" "ဧကော ဘိက္ခုဝေ အံသေန မာတရံ ပရိဟရေယျ[၆]"ဤသို့ စသော နေရာမျိုးတို့၌ ဝါကျနှင့် အတ္ထုပ္ပတ္တိကို ထောက်ဆ၍လည်းကောင်း ယင်း"အံသ"ဟူသော အဘိဓာန်ပုဒ်၏ အဘိဓေယျ အနက်သည် "ပခုံး, ပခုံးစွန်း"ဟု သိရသည်။

"စတုဟိ အံသေဟိ ယုတ္တံ စတုရံသံ[၇]" "အဋ္ဌံသော သုတ္တမေ့ာသု ဧကေကသ္မိံ အံသဘာဂေ[၈]" ဤသို့သော နေရာမျိုးတို့၌ ဝါကျနှင့် အရာဌာနကို ထောက်ဆ၍လည်းကောင်း၊ အဋ္ဌကထာအဖွင့်ကို ထောက်ဆ၍လည်းကောင်း ယင်း"အံသ"ဟူသော အဘိဓာန်ပုဒ်၏ အဘိဓေယျအနက်သည် "အထောင့်, အမြှောင့်"ဟု သိရသည်။

ယင်းသို့ "အံသ"ဟူသော ပုဒ်သည် ၎င်းချည်း ထီးထီးတည်ရှိသော အခါ များသော သာမညအနက်ထဲမှ သီးသန့်ထူးခြားသော ဝိသေသအနက် တစ်ခုကို မသိနိုင်မူ၍ သဟာယ ပုဒ်စု၊ ဝါကျ၊ နေရာဌာန၊ အတ္ထုပ္ပတ္တိနှင့် အဋ္ဌကထာအဖွင့် စသည်ကို အမှီရမှ သိရခြင်းသည် ဆိုလတ္တံ့သော အကြောင်း ကြောင့် ဖြစ်သည်။

---

၁။ ဓာန်၊ ၄၈၁။ ၂။ အဘိ၊ ဓ၊ ၁။ ၂၁၃။ ၃။ အဘိ၊ ဋ္ဌ၊ ၁။ ၃၉၄။
၄။ ဓာန်၊ ၂၆၄။ ၅။ ဝိ၊ ၄။ ၁၂။ ၆။ အံ၊ ၁။ ၆၃။
၇။ အဘိ၊ဋ္ဌ၊၁။၃၅၄။ ၈။ ဝိမာန၊ဋ္ဌ၊၂၈၄။

ဆိုခဲ့သည့် အနက် ၃-မျိုးနှင့် အခြားအနက်များကိုလည်း အတ္ထုဒ္ဓါရ ပြုနိုင်သော ယင်း"အံသ"ပုဒ်၌ပါသော "သ"အက္ခရာသည် ပါဠိနည်းအရ သဏ္ဌာန်တူ သမာနဝဏ္ဏလည်း ဖြစ်၍ အသံတူ သမာနသုတိလည်း ရှိနေသည်။

"အံသ"ပုဒ်ကို "အံသ¹, အံသ², အံသ³" ဟု ခွဲခြားပြီးလျှင် အောက်ပါအတိုင်း သက္ကတပုဒ်နှင့် ယှဉ်ပြလျှင် "ၚင်းချည်း အထီးထီး တည်ရှိနေခိုက်မှာပင် တစ်ခုသော သီးသန့်အနက်ကို သိနိုင်သည်။

အံသ¹ (ပု) [ အံရှ -သံ ]

အံသ² (ပု) [ အံသ -သံ ]

အံသ³ (ပု) [ အဇှ -သံ ]

ဤသို့ ယှဉ်ပြလျှင် တည်နေသော သဏ္ဌာန်အားဖြင့်လည်းကောင်း၊ ရွတ်ဆိုအပ် သော အသံအားဖြင့်လည်းကောင်း ကွဲပြားခြားနား၍ တစ်ခုစီ သီးသန့်အနက်များကို သိနိုင် သည်။

ယင်းသို့ ဖြစ်ခြင်းကား—အံသ¹ နှင့် ယှဉ်ပြသော အံရှ-၌ ပါသော ရှ-အက္ခရာသည် တာလုဇမျိုးဖြစ်၍ အာစောက်အရပ်လျှင် ဖြစ်ရာ, တည်ရာ ရှိလျက် ရွတ်ဆိုသောအခါ "သျှ" ဟု နား၌ ကြားရသည်[1]။

အံသ² နှင့် ယှဉ်ပြသော အံသ၌ ပါသည့် သ-အက္ခရာသည် ဒန္တဇမျိုး ဖြစ်၍ သွားအရပ်လျှင် ဖြစ်ရာ, တည်ရာရှိလျက် ရွတ်ဆိုသောအခါ "ဆ" ဟု နား၌ ကြားရသည်[2]။

အံသ³ နှင့် ယှဉ်ပြသော အဇှ -၌ ပါသည့် ဇှ -အက္ခရာကား တာလုမုဒ္ဓဇမျိုးဖြစ်၍ အာစောက်နှင့် အာထိပ်အရပ်လျှင် ဖြစ်ရာ, တည်ရာရှိ လျက် ရွတ်ဆိုသောအခါ "သျှရ"ဟု နား၌ ကြားရသည်[3]။

---

၁။ ပါ၊ ၁၊ ၁။ ၉-သုတ်ဖွင့် သိဒ္ဓန္တကောမုဒီ။ ဝိလျံ ၁၀၄၃။

၂။ ပါ၊ ၁၊ ၁။ ၉-သုတ်ဖွင့် သိဒ္ဓန္တကောမုဒီ။ ဝိလျံ ၁၁၁၁။

၃။ ပါ၊ ၁၊ ၁။ ၉-သုတ်ဖွင့် သိဒ္ဓန္တကောမုဒီ။ ဝိလျံ ၁၁၄၃, ၈၅၉။

အောက်ပါ ဥဒါဟရဏ်, ပုံစံတို့သည် သက္ကတဓာတ်ရင်းပြခြင်းနှင့် ဓာတ်နက်ဖော် ခြင်း၏ ပြဿနာ ဖြေရှင်းကြောင်း ဖြစ်သည်။

မဇ္ဇတိ[၁] [မာဇ်ယတိ-သံ၊ မဇ် = ဓေါဝနေ] သုတ်သင်၏၊ ပွတ်တိုက်၏၊ အရောင်တင်၏။

မဇ္ဇတိ[၂] [မာဒျတိ-သံ၊ မဒ်=ဟာ၀ေ(=ဟသေ)] ပျော်ရွှင်၏၊ ယစ်မူး၏။

ဝဿတိ[၁] [ဝၖတိ-သံ၊ ကုံမ = သေစနေ]သွန်းလောင်း၏၊ ရွာ၏။

ဝဿတိ[၂] [ဝါၑျတေ-သံ၊ ဝါၑ် = တိရစ္ဆါ သဒ္ဒေ] မြည်တွန် ဟိန်းဟောက်၏။

ဩဘာသတိ[၁][အဝဘာတိ-သံ၊ ဘာသ်=ဒိတ္တော်] တောက်ပ ထွန်းလင်း၏။

ဩဘာသတိ[၂][အဝဘာဇတိ-သံ၊ ဘာဇ်=ဝစနေ] ဆဲရေး၏။

ဤမျှဖြင့် (၁) ပါဠိပုဒ်ကို သက္ကတပုဒ်နှင့် ယှဉ်ပြခြင်း။ သက္ကတဓာတ်ရင်းပြခြင်း, ဓာတ်နက်ဖော်ခြင်း၏ ပြဿနာ ဖြေရှင်းလောက်ပြီဟု ယူဆသည်။

ဤအဘိဓာန်၌ ပါဠိပုဒ်ကို သက္ကတပုဒ်နှင့် ယှဉ်ပြခြင်း, သက္ကတဓာတ်ရင်းပြခြင်း, ဓာတ်နက်ဖော်ခြင်း, ရံဖန်ရံခါ သက္ကတဗျာကရဏ်း အဆုံးအဖြတ်နှင့် အကိုးသာဓကများကို ထည့်သွင်းခြင်းသည် ပါဠိကျမ်းဂန် ရေးရိုးအစဉ်အလာ၌ ထူးထူးဆန်းဆန်း နယ်ကျော်သော ကိစ္စမဟုတ် ဖြစ်သည်။

သဒ္ဒါ, အနက်, အဓိပ္ပါယ်, အယူဝါဒ စသည်ကို ပေါ်လွင်, ထင်ရှားစေရန် လိုအပ်လျှင် အဋ္ဌကထာ, ဋီကာတို့၌ပင် သက္ကတပုဒ်ကို ပါဠိပုဒ်သို့ ပြောင်း၍သော်လည်းကောင်း, အကျဉ်းချုံး ကောက်ချက်အနေအားဖြင့်သော်လည်းကောင်း ထည့်သွင်းထားလေ့ရှိကြောင်းကို အောက်ပါ ဥဒါဟရဏ်, ပုံစံများဖြင့် သိနိုင်သည်။

## ဝိသုဒ္ဓိမဂ် မဟာဋီကာ

ဒြဗျဂုဏကမ္မသာမညဝိသေသသမဝါယာဒြဗျာဒိကာ။

(ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၃၅၉။)

တတ္ထ ပထဝီ အာပေါ တေဇော ဝါယုအာကာသော ကာလော ဒိသာ အတ္တာ မနောတိ နဝ ဒြဗျာဒိ။ (ဋင်း။ ၃၆၀။)

သဒ္ဒရူပရသဂန္ဓဖဿသင်္ချါ ပရိမာဏာနိ ပုထုတ္တ သံယောဂ ဝိယောဂ ပရတ္တာ'ပရတ္တ ဗုဒ္ဓိ သုခ ဒုက္ခ ဣစ္ဆာ ဒေါသ ပယတ္တ ဂုရုတ္တ ဒြဝတ္တ သ္နေဟ ဝေဂါ သင်္ခါရာ'ဒိဋ္ဌာ ဓေတိ ဇဝ မေတေ တေဝီသတိ ဂုဏာ။ (ဋင်း)

ဥက္ခေပနံ အဝက္ခေပနံ အာကုစနံ ပသာရဏံ ဂမနမိတိ ပဉ္စ ကမ္မာနိ။ (ဋင်း။)

သံ ဣတိ ယတော ဒြဗျဂုဏကမ္မေသု သာ အတ္တိ ဇဝါတိ ဇတံ မဟာသာမညံ။ (ဋင်း)။

ဣဟ တန္တေသု ပဋော, ကပါလေသု ဃဋောတိ ဣဟေတိ ယတော ဟေတုဟေတု ဖလာနံ သမ္ဗန္ဓော သမဝါယောတိ ဝုတ္တော။ (ဋင်း။)

အယုတ္တသမ္ဗန္ဓေ သမဝါယသညာ။(ဋင်း)

## မှီရာဝိသေသိကဒဿနကျမ်းများ

မဗ္ဗဝိသေသပ္ပသူတာ ဒြဗျဂုဏကမ္မ သာမညဝိသေသသမဝါယာနံ ပဒတ္ထာနံ သာဓမ္မဝိဓမ္မေဟိ တတ္တဉာနာ နိသ္သေယျသံ။ (ဝိသေသိကဒဿန၊ ၁၊ ၁၊ ၄-သုတ်။)

ပထဝီ အာပေါ တေဇော ဝါယု အာကာသံ ကာလော ဒိသာ အတ္တာ မနောဣတိ ဒြဗျာနိ။ (ဋင်း၊ ၁၊ ၁၊ ၅-သုတ်)

ရူပရသဂန္ဓဖဿာ သဒ္ဒါ ပရိမာဏာနိ ပုထုတ္တံ သံယောဂ ဝိဘာဂါ ပရတ္တာ' ပရတ္တာနိ ဗုဒ္ဓိယော သုခဒုက္ခာနိ ဣစ္ဆာ ဒေါသပယတ္တာ စ ဂုဏာ။ (ဝေ၊ ၁၊ ၁၊ ၆-သုတ်။)

စကာရေန ဂုရုတ္တ ဒြဝတ္တ သ္နေဟ-သင်္ခါရ ဓမ္မာ' ဓမ္မသဒ္ဒေ သမုစ္စိနောတိ။ ဝေသုတ်၏ ဘာသာ။

ရူပရသဂန္ဓဖဿသဒ္ဒါ, ပရိမာဏာ ပုထုတ္တ သံယောဂ ဝိဘာဂ ပရတ္တာ' ပရ တ္တ ဂုရုတ္တ ဒြဝတ္တသ္နေဟ သဒ္ဒ ဗုဒ္ဓိ သုခ ဒုက္ခိစ္ဆာ ဒေါသ ပယတ္န ဓမ္မာဓမ္မသင်္ခါရာ စတုဝီသတိဂုဏာ။ (တက္ကသင်္ဂဟ၊ စာပိုဒ်-၄)

ဥက္ခေပန မဝက္ခေပန မာကုဉ္စနံ ပသာရဏံ ဂမနမိတိ ကမ္မာနိ။ (ဝိသေသိက၊ ၁၊ ၁၊ ၇-သုတ်။)

သဒ် က္ကတိ ယတော ဒြဗျဂုဏကမ္မေသ သာ သတ္တာ။ (ဝေ၊ ၁၊ ၂၊ ၇-သုတ်)

က္ကဟေဒမိတိ ယတော ကာရိယကာရဏာနံ သ သမဝါယော။ (ဝေ၊၇၊၂၊၂၆။)

အယုတသိဒ္ဓါနံ အာဓေယျာဓာရဘူတာနံယော သမ္ဗန္ဓော က္ကဟေတိပစ္စယ ဟေတု သ သမဝါယော။ အသမ္ဗဒ္ဓါနံ အဝိဇ္ဇမာနတ္တံ အယုတသိဒ္ဓိ။ ဝေ၊ ၇၊ ၂၊ ၂၆-သုတ်၏ ဘာသာ။

## အနုဋီကာ စသည်

ကထာနန္တိ တိဿော ကထာ ဝါဒေါ, ဇပ္ပေါ, ဝိတဏ္ဍာတိ။ တေသု ယောန ပမာဏ တက္ကေဟိ ပက္ခပဋိပက္ခာနံ ပတိဋ္ဌာပနပဋိက္ခေ့ ပါ ဟောန္တိ၊ သော ဝါဒေါ။ (အနုဋီ၊ ၃။ ၅၇။)

ဧကောဓိကရဏာ ဟိ အညမညဝိရုဒ္ဓါ ဓမ္မာ ပက္ခပဋိပက္ခာ၊ ယထာ— "ဟောတ တထာဂတော ပရံ မရဏာ၊ န ဟောတိ တထာဂတော ပရံ မရဏာ"တိ။ (ဋင်း)

နာနာဓိကရဏာ ပန အညမညဝိရုဒ္ဓါပိ ပက္ခပဋိပက္ခာ နာမ န ဟောန္တိ၊ ယထာ— "အနိစ္စံ ရူပံ၊ နိစ္စံ နိဗ္ဗာန"န္တိ။ (ဋင်း)

ဝတ္တာနိ ဇိဏ္ဏာနိ ယထာ ပဟာယ၊
နဝါနိ ဂဏှာတိ နရော ပရာနိ။
နိက္ခိပ္ပ ဒေဟံ ဣမ ဇိဏ္ဏမေဝံ၊
ဂဏှာတိ အတ္တာ'ဘိနဝံ သုခေသီ။ (ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၂၉၃။)

သဒ္ဒနယေန ဝါ ပိသောဒရာဒိပက္ခေပလက္ခဏံ ဂဟေတွာ။ ဝိ၊ ဋ္ဌ၊ ၁ ၉၅။ ဝိသုဒ္ဓိ၊ ၁၊ ၂၀၄။

သဒ္ဒနယေန ဝါ "ပိသောဒရာဒိနိ ယထောပဒိဋ္ဌ"န္တိ ပိသောဒရာဒိပက္ခေပလက္ခဏံ ဂဟေတွာ။ မဟာနိ၊ ဋ္ဌ။ ၂၂၉။

ဣန္ဒ္ရလိင်္ဂဋ္ဌော ဣန္ဒြိယဋ္ဌော၊ ဣန္ဒ္ရဒေသိ တဋ္ဌော ဣန္ဒြိယဋ္ဌော၊ ဣန္ဒ္ရဒိဋ္ဌဋ္ဌော ဣန္ဒြိယဋ္ဌော၊ ဣန္ဒ္ရသိဋ္ဌဋ္ဌော ဣန္ဒြိယဋ္ဌော၊ ဣန္ဒ္ရဇုဋ္ဌဋ္ဌော ဣန္ဒြိယဋ္ဌော။ အဘိ၊ ဋ္ဌ၊ ၂။ ၁၁၉။ ဝိသုဒ္ဓိ၊ ၂။ ၁၂၂။ (ပဋိသံ၊ ဋ္ဌ၊ ၁။ ၈၁ ၌လည်း နည်းတူပင် ရှိသည်။)

## မှီရာကျမ်းများ

ပမာဏတက္ကသာခနောပါလမ္ဘော သိဒ္ဓန္တာ ဝိရုဒ္ဓေါ ပဉ္စာဝယဝေါပပန္နော ပက္ခပတိပက္ခပရိဂ္ဂဟော ဝါဒေါ။ (ချာယဒဿ-န၊ ၁၊ ၂၊ ၁-သုတ်)

ဧကာဓိကရဏဋ္ဌာ ဝိရုဒ္ဓါ ဓမ္မာ ပက္ခပတိပက္ခာ ပစ္စနိကဘာဝတော၊ "အတ္ထိ အတ္တာ၊ နတ္ထိ အတ္တာ" ဣတိ။ (ချာယဒဿ-န၊ ၁၊ ၂၊ ၁-သုတ်၏ဘာဿ။)

နာနာဓိကရဏာ ဝိရုဒ္ဓါ န ပက္ခပတိပက္ခာ၊ ယထာ----- "နိစ္စော အတ္တာ၊ အနိစ္စာ ဗုဒ္ဓိ" ဣတိ။ (ဋင်း)

ဝါသာနိ ဇိဏ္ဏာနိ ယထာ ဝိဟာယ၊

နဝါနိ ဂဏှာတိ နရောပရာနိ။

တထာ သရီရာနိ ဝိဟာယ ဇိဏ္ဏာ-

န္ယညာနိ သံယာတိ နဝါနိ ဒေဟီ။ (ဘဂဝဒ္ဂီတာ၊ ၂။ ၂၂။)

ပိသောဒရာဒီနိ ယထောပဒိဋ္ဌံ။ (ပါ၊ ၆၊ ၃၊ ၁၀၉။)

ဣန္ဒြိယ မိန္ဒြလိင် မိန္ဒြဒိဋ္ဌ မိန္ဒြသိဋ္ဌ မိန္ဒြဇုဋ္ဌ မိန္ဒြဒတ္တ မိတိ ဝါ။ (ပါ၊ ၅၊ ၂၊ ၉၃။)

စင်စစ်သော်ကား ပါဠိသည် သက္ကတနှင့်သာ ပုဒ်အနေအထား၊ ဓာတ်အခြေခံ၊ အနက်ဝေါဟာရ နီးစပ်သည် မဟုတ်သေး၊ ပြာကြိုဋ်၊ အဒ္ဓမာဂဓီ စသည်တို့နှင့်လည်း နီးစပ်သည်သာ ဖြစ်သည်။ မည်မျှနီးစပ်သည်ကို အောက်ပါ ဥဒါဟရဏ်၊ ပုံစံတစ်ခုမျှဖြင့် သိနိုင်သည်။

## ပါဠိ

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န ယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ 'ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ'တိ။ (ဝိ၊ ၃။ ၁၈။ သံ၊ ၂။ ၅၅။)

## သက္ကတ

အာတ္မန် (ပု) ၁-အာတ္မာ၊ ဇီဝ။ ၂-ပရမာတ္မာ။ ၃-မန။ ၄-ဗုဒ္ဓိ။ ၅-မနနစေတ္တိ။ ၆-သွူတ္တိ။ ၇-မူတ္တိ၊ ဓေတ္တ။ ၈-ပုတြ။ ၉-ဥဒျောဂ။ ၁၀-သူယ်။ ၁၁-အဂ္ဂိ။ ၁၂-ပဝန။ ၁၃-သာရ။ ၁၄-ဝိသေသတာ။ ၁၅-သွဘာဝ၊ ပြကွတိ။ ၁၆-ပရိဓယာ သမဣတ္တစရီရ။ (ဟိန္ဒီအနက်ဖွင့်)

## ပြာကြိုဋ်

အတ္တ= အပ္ပ (ပု) [အာတ္မန်-သံ] ၁-အတ္တာ, ဇီဝ, စေတန။ ၂-နိဇ, သွ။ ၃-ဒေဟ, ၈ရီရ၊ ၄-သွဘာဝ, သွရူပ။

အတ္တ (ဝိ) [အာပ္တ-သံ] ဉာဏာဒိ-ဂုဏ-သမ္ပန္န, ဂုဏီ, ၂-ရာဂဒွေဓ , ဝိဇိ°တ, ဝီတ-ရာဂ, ၃-ပြာယစ္စိတ-ဒါတာ ဂုရု။

အတ္တ (ဝိ) [အာတြ-သံ] ဒုးခ ကာ နာ၈ကရနေ ဝါလာ, သုခ ကာဥတ္ပာဒက။ (ဟိန္ဒီအနက်ဖွင့်)

## အဒ္ဓမာဂဓီ

အတ္တ (တြိ) [အာတြ-အာ-အဘိဝိမိနာ တြာယတေ ဒုးခါတ် သံရက္ခတိ သုခံ စောတ္ပာ ဒယတိတျာတြး] ဒုးခဟရနေဝါလာ, သုခပြဒ။ (ဟိန္ဒီအနက်ဖွင့်)

အတ္တ (ပုံ) [အာပ္တ — အာပ္တိတိ ရာဂဒွေဖ မောဟာနာ မေကာန္တိကအာတျန္တိကစ္စ ကွယး သာ ယသျာဘွိ သ အာပ္တး] ယထာထိဒဇီ, ရာဂဒွေဖ၊ ဒိ သဗ ဒေါဓေါ် သေ ရဟိ တ, နိဒေါ် ါဖ အာဂမကာ ပြဏေတာ, ဝီတရာဂ။ (ဟိန္ဒီအနက်ဖွင့်)

ပါဠိသည် သာသနိကဘာသာဖြစ်သည်။ သက္ကတ စသည်တို့သည် ဗာဟိရဘာသာများ ဖြစ်သည်။ သို့သော် ဖြစ်ပေါ်ရာဒေသချင်း တူသောကြောင့် ဝေါဟာရချင်း စပ်နွယ်လျက် ရှိသည်။ အယူဝါဒချင်းမှာ ဖြောင့်ဖြောင့်ဆန့်ကျင်သည်သာ များ၍ တစ်နည်းအားဖြင့် မကင်းစကောင်းစပ်နွယ်နေသည်သာ ဖြစ်သည်။

ယင်းသို့ စပ်နွယ်မှု ၂-မျိုး ရှိသောကြောင့် ပါဠိနှင့် သက္ကတ ယှဉ်ခြင်း, ပါဠိ၌ သက္ကတထည့်သုံးခြင်းသည် ဝိရုဒ္ဓပစ္စယအနေအားဖြင့်သော်လည်းကောင်း, အဝိရုဒ္ဓပစ္စယအနေအား ဖြင့် သော်လည်းကောင်း ထောက်ပံ့ကျေးဇူးပြုသော အကြောင်းတစ်ရပ်ဟု ဆတ်ဆတ် ဧကန်ယုံကြည်ထိုက်သည်။

အထက်၌ အဆင့်ဆင့် အထပ်ထပ်ဆိုခဲ့သော စီမံကိန်း, စည်းမျဉ်း, ဥပဒေများနှင့်အညီ တိပိဋကပါဠိမြန်မာအဘိဓာန်လုပ်ငန်းကို အောက်ပါ အတိုင်း အခန်း ၉-ခန်း, အဆင့် ၉-ဆင့် ခွဲသန့်၍ ရေးသား,ပြုစု, ဆောင်ရွက် လုပ်ကိုင်အပ်သည်။

၁။ သံဟရဏ ==== စာစုခြင်း၊

၂။ လိပိကရဏ ==== စာပြုခြင်း၊

၃။ ဂန္ထကရဏ ==== ကျမ်းပြုခြင်း၊

၄။ ပဋိပိသောဓန ==== တဖန်သုတ်သင်ခြင်း၊

၅။ ဝိဝေစန ==== စိစစ်,ဆွေးနွေး,ဝေဖန်, ဆုံးဖြတ်ခြင်း၊

၆။ ဩသာနသောဓန ==== အဆုံးသတ် သုတ်သင်ခြင်း၊

၇။ နိဒဿနမုဒ္ဒက်န ==== စာမူကြမ်းရိုက်နှိပ်ခြင်း၊

၈။ ဝဏ္ဏသောဓန ==== စာတည်းဖြတ်ခြင်း၊

၉။ အန္တိမမုဒ္ဒက်န ==== အပြီးသတ်ရိုက်နှိပ်ခြင်း၊

၁။ စာစုဆရာများက စာအုပ်ခွဲဝေလျက် မိမိတို့တာဝန်ကျရာ စာအုပ် များမှ ပုဒ်သစ်ဟု ထင်ရသည်များကို ထုတ်နုတ်၍ စက္ကူကပ်ပြားပေါ်၌ ရေး သား, စုဆောင်းအပ်သည်။

အောက်ပါဆရာတော် ၉-ပါးက အဋ္ဌကထာနှင့် ဋီကာများမှ "အ" အက္ခရာ အစပြုသော ပုဒ်များကို ထုတ်နုတ်စုဆောင်းမှု၌ ကူညီဆောင်ရွက်သည်။

(၁) ဦးနန္ဒဝံသ, သာသနဓဇသိရီပဝရဓမ္မာစရိယ, နယားကျောင်း, ဒက္ခိဏာရာမ ဘုရားကြီးတိုက်, မန္တလေး။

(၂) ဦးကုန္ဒကပဏ္ဍိတ, သာသနဓဇသိရီပဝရဓမ္မာစရိယ, ရွှေကျောင်း, မြင်းဝန်တိုက်, မန္တလေး။

(၃) ဦးဇောတိက, သာသနဓဇသိရီပဝရဓမ္မာစရိယ, ကြံခင်းကျောင်း, ဒက္ခိဏာရာမဘုရားကြီးတိုက်, မန္တလေး။

(၄) ဦးနန္ဒိယ, သာသနဓဇသိရီပဝရဓမ္မာစရိယ, မဟာအေးမြို့ကြီးချောင်, စစ်ကိုင်းတောင်ရိုး။

(၅) ဦးတိလောက, သာသနဓဇသိရီပဝရဓမ္မာစရိယ, ရွှေဝါဝင်းကျောင်း, မြတောင် တိုက်, မန္တလေး။

(၆) ဦးတိက္ခာစာရ, သာသနဓဇသိရီပဝရဓမ္မာစရိယ, ဒေါနခြံအုဋ္ဌကျောင်း, ဒက္ခိဏာရာမဘုရားကြီးတိုက်, မန္တလေး။

(၇) ဦးဓမ္မာနန္ဒ, သာသနဓဇသိရီပဝရဓမ္မာစရိယ, ပတ္တပိုဏ်တိုက်, ရေစကြို။

(၈) ဦးသောဘန, မူလဓမ္မာစရိယ, ပြည်လုံးချမ်းသာတိုက်, ကြည့်မြင်တိုင်, ရန်ကုန်။

(၉) ဦးသာမိန, မူလဓမ္မာစရိယ, ရွှေကျင်ကျောင်း, ကျော့မင်းရွာ, မြင်းမူမြို့။

၂။ စာပြုဆရာ ဦးဗိုလ်မောင်နှင့် ဦးတင်ရွှေတို့က အက္ခရာစဉ်အတိုင်း ရရှိသော ပုဒ်များကို လိင်, ဓာတ်, ပစ္စည်း, ဝိဂြိုဟ်စသည်ဖြင့် ကျမ်းဂန်လာအတိုင်း ရှင်းပြ၍ အနက်မြန်မာပြန်ပြီးလျှင် သာဓကပါဠိ အဖွင့်သံဝဏ္ဏနာတို့ဖြင့်လည်း ပြည့်စုံစေလျက် ရေးသားပြုစုကြသည်။

အောက်ပါဆရာတော် ၂-ပါးသည် ၁၃၂၃-ခု သီတင်းကျွတ်လဆန်း ၁၀-ရက် (၂၃-၁၀-၆၁)နေ့မှ အစပြု၍ ရေးသားပြုစုမှု၌ ပါဝင်ဆောင်ရွက်သည်။

ဦးကောသလ္လ, သာသနဓဇသိရီပဝရဓမ္မာစရိယ, ကိုင်းကုန်းကျောင်းတိုက်, ခရမ်းမြို့။

ဦးဝိလာသဂ္ဂ, သာသနဓဇသိရီပဝရဓမ္မာစရိယ, စကြာရန်အောင်တိုက်, ဖျာပုံမြို့။

၃။ ယင်းသို့ ရေးသား, ပြုစုအပ်သော အဘိဓာန်ပုဒ်များနှင့် မိမိကိုယ်တိုင် ရေးသား, ပြုစုအပ်သော အဘိဓာန်ပုဒ်များကို ပါဠိဗျာကရုဏ်းကျမ်း, သက္ကတဗျာကရုဏ်းကျမ်း အစီအရင်တို့ဖြင့်လည်းကောင်း၊ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ, ဝေါဟာရတ္ထအနက်တို့ဖြင့်လည်းကောင်း၊ အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိတို့နှင့် နှိုင်းညှိရရှိသော နာနာနယ, ဝိနိစ္ဆယတို့ဖြင့်လည်းကောင်း တန်ဆာဆင်ပြီးလျှင် ကမ္ဘာသုံး အဘိဓာန်ကြီးများ၏ ဂုဏ်အင်္ဂါနှင့်ကောင်းစွာ ပြည့်စုံသော အဘိဓာန်ကျမ်းပြုတာဝန်ကို စစ်ကိုင်းတောင်ရိုး, မဟာဝိဇ္ဇောဒယချောင်, ပရိယတ္တိသာသနဟိတမဓမ္မာစရိယ, အစိုးရဓမ္မာစရိယ, ဘာသန္တရကောဝိဒ, အရှင်သီလာနန္ဒက ဆောင်ရွက်သည်။

၄။ ယင်းသို့ ပြုစုစီရင်အပ်ပြီးသော အဘိဓာန်ကျမ်းဝင် ပုဒ်များကို အတွင်းရေးမှူး ဦးဗိုလ်မောင်က ကြည့်ရှုကြပ်မ၍ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ပြီးလျှင် ပဋိဝိသောဓကအဖွဲ့သို့ပို့ အပ်သည်။ အဖွဲ့ဝင် ပုဂ္ဂိုလ်များက ထက်မံသုတ်သင်ပြင်ဆင်၍ အဘိဓာန်ဌာနသို့ ပြန်ပို့အပ်သည်။

၅။ ပဋိဝိသောဓက အဖွဲ့ဝင်ပုဂ္ဂိုလ်များ၏ တစ်ဖန်ထပ်မံ၍ သုတ်သင်ပြင်ဆင်အပ်သော စာမူများ အချင်းချင်းကွဲပြားခြားနား၍ ညှိနှိုင်းဖွယ်များရှိသော်လည်းကောင်း, အသစ်ထပ်မံ ရရှိသောပုဒ်များအတွက် စဉ်းစား, သုံးသပ်ဖွယ်ရှိသော်လည်းကောင်း (၁)ဆရာတော် ဦးဉာဏုတ္တရ (၂) မဟာစည်ဆရာတော် (၃)ဆရာတော်ဦးဝိသုဒ္ဓ (၄)အရှင်သီလာနန္ဒတို့ ပါဝင်သော လစဉ်အစည်းအဝေး ဝိဝေစနအခန်း၌ ထိုပြဿနာများကို စိစစ်, ဆွေးနွေး, ဝေဖန်, ဆုံးဖြတ်အပ်သည်။

ထိုအစည်းအဝေးမျိုး၌ အောက်ပါပုဂ္ဂိုလ်များလည်း အခွင့်, အာဏာနှင့် တာဝန်ဝတ္တရားအားလျော်စွာ အမြဲမပြတ် တက်ရောက် ပါဝင်လေ့ရှိသည်။

(၁) နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး, သတိုးသီရိသုဓမ္မ, အဂ္ဂမဟာ သရေစည်သူ, ဒေါက်တာ ဦးသိမ်းမောင်၊

(၂) အကျိုးဆောင်စာချီ, သတိုးမဟာသရေစည်သူ, တရားလွှတ်တော်ချုပ်တရား ဝန်ကြီးဟောင်း, ဦးချန်ထွန်း၊

(၃) စာပြင်မှူးချုပ်, မဟာပညာဗလ, ဆရာဉာဏ်၊

(၄) ဒုတိယအယ်ဒီတာချုပ်, ပညာဗလ, ဦးဘမို၊

(၅) ဦးဟုတ်စိန်, ဘီ-အေ, ဘီ-အယ်လ်, အဘိဓာန်ကျမ်းပြု၊

(၆) အဘိဓာန်ဌာနမှူးဟောင်း, ဝဏ္ဏကျော်ထင်, ဦးမောင်မောင်ကလေး။

၆။ ယင်း အခန်း, အဆင့် ၅-၌ စိစစ်, ဆွေးနွေး, ဝေဖန် ဆုံးဖြတ်ခြင်း (ဝိဝေစန)နှင့် တကွ ပဋိဝိသောဓနမူ အားလုံးကို ဩသာနသောဓကအဖွဲ့သို့ ပို့၍ အဖွဲ့ဝင်များက နောက်ဆုံး သုတ်သင်ခြင်း (ဩသာနသောဓန) ကိစ္စကို ဆောင်ရွက်ပြီး အဘိဓာန်ဌာနသို့ ပြန်ပို့သည်။

ထိုတွင် ဝိဝေစနပြုပြီးအချက်များမှတပါး ဩသာန သောဓန-မူ အားလုံးကို သုံးသပ်, ဆင်ခြင်, ပြင်ဆင်, နှိုင်းညှိ၍ တစ်ခုတည်းသော ဩသာနသောဓန-မူအဖြစ် ပေါင်းစုစီရင်, အတည်ပြုပြဋ္ဌာန်းခြင်းကို ဆရာတော် ဦးဉာဏုတ္တရ-က ဆောင်ရွက်အပ်သည်[၁]။

၇။ ယင်း အတည်ပြုပြဋ္ဌာန်းပြီးသော နောက်ဆုံးစာမူ (ဩသာန-သောဓေယျပတ္တ)ကို အတွင်းရေးမှူး ဦးဗိုလ်မောင်က ကြည့်ရှုကြပ်မ၍ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်စေပြီး ပုံနှိပ်တိုက်သို့ ပို့အပ်သည်။

---

၁။ ၁၃၂၁-ခု၊ တွဲ၊ ဆုတ်၊ ၆(၁၇-၂-၆၀)န-ဗ-သ၊ မာန်၊ စဉ်၊ ၂၉၊ ၃၊ (ဝ)။

၈။ ပုံနှိပ်တိုက်၌ စာပြင်မှူးချုပ် မဟာပညာဗလ-ဆရာညက်နှင့် ဦးလှမြင့်စသော စာပြင်ဆရာများက ကြည့်ရှုကြပ်မ ရိုက်နှိပ်၍ ပြန်ပို့အပ်သော နောက်ဆုံး စာမူကြမ်း (အန္တိမနိဒဿန)ကို ဆရာတော်ဦးဉာဏုတ္တရ, ဆရာတော် ဦးဝိသုဒ္ဓ, အရှင်သီလာနန္ဒတို့က လက်ခံစာမူများ, အကိုးသာဓကပြုထားသော သက်ဆိုင်ရာစာအုပ်များနှင့် တိုက်ဆိုင်, တည်းဖြတ်ကြသည်။ ဦးနန္ဒိမဉ္ဇူက ဥပတ္ထမ္ဘကအဖြစ် ပါဝင်ဆောင်ရွက်သည်။

၉။ ယင်းသည့်နောက် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်သို့ ပို့၍ ဆိုခဲ့သည့် စာပြင်မှူးချုပ်နှင့် စာပြင်ဆရာများက အပြီးသတ်ရိုက်နှိပ်အပ် သည်။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဤအဘိဓာန်ကျမ်း ရေးသားပြုစုရာ၌ အခန်း, အဆင့် အားလျော်စွာ ပါဝင်သော ပုဂ္ဂိုလ်တိုင်း မိမိတို့တာဝန်ကို ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်သည်သာဖြစ်သည်။

ထိုတွင် အောက်ပါပုဂ္ဂိုလ်များသည် မိမိတို့၏ တာဝန်ကို လက်ခံသော ရက်-လ နှစ်မှစ၍ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အဘိဓာန်ဌာန၌ မိမိတို့ ပါဝင်သော အခန်းကဏ္ဍ အားလျော်စွာ ဆောင်ရွက်ဖွယ် တာဝန် ဝတ္တရား တို့ကို အစဉ်အမြဲ ကြိုးကြိုး ပမ်းပမ်း ကျေကျေ ပွန်ပွန် ဆောင်ရွက်ကြသည်။

(၁) ဆရာတော်ဦးဉာဏုတ္တရ, ဩဿာနသောမနေဌာန၊

(၂) ဦးဣန္ဒဝံသ } ပဋိဝိသောမနေဌာန၊
(၃) ဦးနန္ဒဝံသ

(၄) အရှင်သီလာနန္ဒ, ဂန္ထကရဏဌာန၊

(၅) ဦးကောသလ္လ } လိပိကရဏဌာန၊
(၆) ဦးဝိလာသဂ္ဂ

(၇) ဦးနန္ဒိမဉ္ဇူ, ဝဏ္ဏာသောမနေဌာန (ဥပတ္ထမ္ဘက)။

အထူးအားဖြင့်ကား-------- (၁) ဆရာတော်ဦးဉာဏုတ္တရသည် အဘိဓာန်ဌာနတွင် လိုအပ်သော အရာဌာနတိုင်း၌ တာဝန်ယူ၍ အကြီးအမှူး ဦးစီးဦးကိုင်အဖြစ် စီမံဆောင်ရွက်သည်။

၂။ မဟာစည်ဆရာတော်သည် ပဒ-ဗျဉ္ဇန-အတ္ထ-ဝိနိစ္ဆယ စသည်နှင့် စပ်လျဉ်းသော ဂမ္ဘီရ, နိပုဏ ပြဿနာများ၌ တိတိကျကျ, ပြတ်ပြတ်သားသား, ပြည့်ပြည့်စုံစုံ နည်းလမ်းညွှန်ပြသည်။

(၃) ဆရာတော်ဦးဝိသုဒ္ဓသည် ဌာနအုပ်ချုပ်ရေးနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် ဆက်သွယ်ရေးတို့၌ အမျိုးမျိုးသော ကိစ္စများကို တာဝန် ယူ၍ ဆောင်ရွက်သည်။

(၄) အရှင်သီလာနန္ဒသည် ပုလဲလုံးကို သီကုံး၍ ပုလဲကုံးဖြစ်အောင်ပြု သကဲ့သို့ အဘိဓာန်ပုဒ်တို့ကို စုပေါင်းစီတန်း၍ အဘိဓာန်ကျမ်းဖြစ်အောင် ပြုစုသည်။

ထို့ကြောင့် ထိုဆရာတော်များကို အောက်ပါအတိုင်း အသိအမှတ်ပြု အပ်သည်။

၁။ ဆရာတော် ဦးဉာဏုတ္တရ, ပဓာနနာယက၊

၂။ မဟာစည်ဆရာတော်, ပဓာနဥပဒေသက၊

၃။ ဆရာတော်ဦးဝိသုဒ္ဓ, ပဓာနဝိဓာယက၊

၄။ အရှင်သီလာနန္ဒာဘိဝံသ, ပဓာနဂန္ထကာရက၊

ဤသို့လျှင် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး(အတွဲ-၁) သည် ဤ နိဒါန်း အခန်း ၄-၌ ဖော်ပြခဲ့သော ဆရာတော်သံဃာတော်တို့နှင့် လူပုဂ္ဂိုလ်တို့၏ မိမိတို့ အစွမ်းအလျောက် မနေမနား ကြိုးစားအားထုတ်မှုတို့ ကြောင့် ယခုအခါတွင် ခမ်းနားထည်ဝါစွာ ထွက်ပေါ်လာပေပြီ။

အထက်ပါ ပုဂ္ဂိုလ်များမှတစ်ပါး ဤအဘိဓာန်ကျမ်းကြီးကို ရေးသား ပြုစု တည်းဖြတ်နေစဉ်အတွင်း အကြံပေးခြင်း, ဆွေးနွေးခြင်း, ဝေဖန်ခြင်း တို့ဖြင့် ကူညီခဲ့ကြသည့် များစွာသော ပညာရှင်တို့အားလည်း ကျေးဇူးအထူး တင်ရှိကြောင်း ဤနိဒါန်းတွင် မှတ်တမ်းတင်အပ်ပေသည်။

ညဥ့်အခါ၌ အလင်းရောင်ကို တောင့်တလျက်ရှိကြသည့် ကမ္ဘာဦး လူသားတို့၏ အလိုဆန္ဒကို ဖြည့်ခြင်းငှါ အရှေ့လောကဓာတ်မှ ထွက်ပေါ်လာ သော လမင်းကြီးအလား ပါဠိဘာသာကို လေ့လာလိုက်စားလျက်ရှိကြသော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့၏ လိုအင်ဆန္ဒ အဝဝတို့ကို ကျနစွာ ဖြည့်ခြင်းငှါ ဤအဘိဓာန်ကျမ်းကြီးသည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာ အဖွဲ့မှ ထွန်းပေါ်လာခဲ့ပေပြီ။ ကမ္ဘာဦးအခါ ထွက်ပေါ်လာသော လမင်းကြီး ကို ကမ္ဘာဦးလူတို့က ဝမ်းသာအားရ ကြိုဆိုကြသကဲ့သို့ အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်၍ ထွက်ပေါ်ခဲ့ရသော ဤအဘိဓာန်ကျမ်းကြီးကိုလည်း ပါဠိပညာရှင် အပေါင်းက နှစ်ထောင်းအားရ ဝမ်းမြောက်လှစွာဖြင့် ကြိုဆိုလက်ခံကြလိမ့် မည်ဟု မျှော်လင့်ရပေသည်။

ကမ္ဘာဦးမှစ၍ ယနေ့တိုင် ထွက်ပေါ်လျက်ရှိခဲ့သော လဝန်း၏မျက်နှာ ပြင်သည် အလုံးစုံ အညစ်အကြေး ကင်းစင်ခြင်းမရှိဘဲ အစွန်းအထင်းနှင့် တူသည့် အမဲကွက်ကလေးများ ထင်လျက်ရှိပေသည်။ ထို့အတူပင် ဤ အဘိဓာန်ကျမ်းကြီးတွင်လည်း ပြုစုရေးသားတည်းဖြတ်သူများက မည်မျှပင် အားသွန်ခွန်စိုက် ကြိုးပမ်းကြသော်လည်း အမဲကွက်ကလေးများနှင့်တူသည့် အမှားအယွင်းတို့ကား ကြွင်းကျန်ရှိပေရာသည်။ ယင်းသို့ ရှိရခြင်းမှာကား လောက သဘာဝအရပင် ဖြစ်ပေသည်။ ပြုစုရေးသား တည်းဖြတ်သူများသည် ပဋိသမ္ဘိဒါဉာဏ်ကို ရရှိပြီးသူများ မဟုတ်ကြပေ။ အမှားအယွင်းကို မပြုတော့ သည့် မြင့်မားလှသော အဆင့်အတန်းသို့ ရောက်ရှိနေသူများလည်း မဟုတ် ကြပေ။ မိမိ မိမိတို့၏ သတိ, ဝီရိယ, ပညာ, ဗဟုသုတအားလျော်စွာ အမှားကင်း နိုင်ရန် အစွမ်းကုန်ကြိုးပမ်းကြပါလျက် အဘိဓာန် ရေးသားမှုလုပ်ငန်းကြီး၏

သမုဒ္ဒရာကဲ့သို့ အပြောကျယ်မှု, ပြုစုရေးသားသူတို့၏ ရံခါ သတိချွတ်ယွင်းမှု, ရံခါ အသိဉာဏ်မကျယ်ပြန့်မှုနှင့် ရံခါတွင် အမှားကိုပင် အမှန်ထင်တတ်သည့် ဝိပလ္လာသ သဘာဝကို မကျော်လွှန်နိုင်မှုတို့ကြောင့် အမှားအယွင်း အချွတ်အချော် အတိမ်းအယိမ်းတို့ မလွဲမသွေ ဧကန်ပင် ရှိကြပေမည်။ ထိုမှားယွင်းချက်တို့ကိုကား ကျမ်းစာကြည့်ရှု သူပညာရှင်တို့က ပြင်ဆင်ဖတ်ရှုကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဤ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ထွက်ပေါ်လာရခြင်းသည် ပိဋကတ် သုံးပုံဆိုင်ရာ ပါဠိဘာသာနှင့် ပါဠိစာပေကို လေ့လာလိုက်စားကြသော ပုဂ္ဂိုလ်တို့အား အများဆုံး အကျိုးပြုနိုင်ရေးအတွက်ဖြစ်ပေရာ ဤအဘိဓာန်ကျမ်းကြီးကို ကြည့်ရှုရ၍ တစုံတယောက်သောပုဂ္ဂိုလ်သည် ပါဠိဘာသာဆိုင်ရာ အသိဉာဏ်တိုးပွါးမှုကို အနည်းငယ်မျှ ရသည်ဆိုပါလျှင် ဤအဘိဓာန်ကျမ်းကြီးအတွက် အားထုတ်ကြိုးပန်းရကျိုးနပ်ပြီဟု ယူဆမည်ဖြစ်ပါသတည်း။

ဇမ္ဗူဒီပကျောင်းဆောင်၊ **အဘိဓာန်ဝန်ဆောင်များ**
သီရိမင်္ဂလာကုန်းမြေ၊
ကမ္ဘာအေး၊
ရန်ကုန်။
၁၃၂၅-ခု၊ ပြာသိုလဆန်း ၃-ရက်၊ (၁၇-၁၂-၆၃)

❑ ❑ ❑

မန္တလေးမြို့၊
ဒက္ခိဏာရာမဘုရားကြီးတိုက်က ပြုစုသော
တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းအတွဲ(၂၅)

## နိဒါန်း

၁၃၁၂-ခုနှစ်၊ ဒုတိယဝါဆိုလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် မိမိနေအိမ်၌ သီရိမင်္ဂလာပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် တိုင်ပင် ဆွေးနွေးကြစဉ်အခါ ဆဋ္ဌသံဂါယနာစီမံကိန်း, ပိဋကတ်တော်မြန်မာပြန် စီမံကိန်း, ပိဋကသုံးပုံ ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ရေးသားရန် စီမံကိန်း တို့ကို ရေးဆွဲ၍ ၎င်းလုပ်ငန်းများကို ဆောင်ရွက်ကြရန် သက်ဆိုင်ရာတို့အား ဥယျောဇဉ်စကား ပြောကြားလေသည်။

ယင်းဥယျောဇဉ်စကားကို အကြောင်းပြု၍ ဗုဒ္ဓသာသနာအဖွဲ့က အဘိဓာန်စံနစ်ရေးဆွဲရေးအဖွဲ့, အဘိဓာန်ပြုစုနည်းစီမံကိန်း, ပဋိဝိသောဓက အဖွဲ့, ဩသာနသောဓကအဖွဲ့, အဘိဓာန်ဌာနဖွဲ့စည်းခြင်းဟူသော ရှေးဦး ဆောင်ရွက်ဖွယ်များကို ရဟန်းပညာရှိ, လူပညာရှိတို့နှင့် အကြိမ်ပေါင်းများစွာ တိုင်ပင် ညှိနှိုင်းသုံးသပ်ခဲ့ကြသည်။

အဘိဓာန်စံစနစ်ရေးဆွဲရေးအဖွဲ့၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်ခဲ့ကြသည်။

## သံဃာတော်များ

၁။ ဆရာတော် ဦးဉာဏုတ္တရ၊ အဂ္ဂမဟာပဏ္ဍိတ။
၂။ မဟာစည်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ။
၃။ ဆရာတော် ဦးဝိသုဒ္ဓ၊ အဂ္ဂမဟာပဏ္ဍိတ။
၄။ ဆရာတော် ဦးသြဘာသ၊ မြန်မာအဘိဓာန်ကျမ်းပြု၊ နှစ်ကျိပ်ရှစ်ဆူကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်။

## လူပုဂ္ဂိုလ်များ

၁။ ဒေါက်တာ ဆရာလင်း၊ အဂ္ဂမဟာပဏ္ဍိတ၊ အယ်ဒီတာချုပ်၊ ပိဋကတ်တော်မြန်မာပြန်ဌာန။
၂။ ဦးကြီးဖေ၊ မဟာပညာဗလ၊ သာသနာ့ညွှန်ကြားရေးဝန်။
၃။ ဦးဖေမောင်တင်၊ တက္ကသိုလ်ကျောင်းအုပ်ဟောင်း။
၄။ ဦးလူဖေဝင်း၊ ကျောက်စာဝန်။
၅။ ဦးဝန်၊ စာတည်းမှူး၊ ရန်ကုန်တက္ကသိုလ်။
၆။ ဦးသိန်းဟန်၊ ပိဋကတ်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်။
၇။ ဦးအောင်သန်း၊ ပါဠိပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်။
၈။ ဦးမောင်ကလေး၊ ဝဏ္ဏကျော်ထင်၊ အဘိဓာန်ဌာနမှူးဟောင်း။
၉။ ဆရာဉာဏ်၊ မဟာပညာဗလ၊ စာပြင်မှူးချုပ်။
၁၀။ ဦးဘမို၊ ဒုတိယအယ်ဒီတာချုပ်၊ ပိဋကတ်တော်မြန်မာပြန်ဌာန။
၁၁။ ဦးချန်ထွန်း၊ သတိုးမဟာသရေစည်သူ၊ တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီး။

ဤအဖွဲ့ကပင် ဝေါဟာရထုတ်နှုတ်စုဆောင်းမှု၊ အဘိဓာန်ပုံစံဖော်ပြမှု၊ အဘိဓာန်စီစဉ်ရေးသားမှု စသော အဘိဓာန် နှင့် ဆိုင်ရာကိစ္စအလုံးစုံကို စီမံဆောင်ရွက်သွားသည်။

အဘိဓာန်ဌာနဖွဲ့စည်းရာ၌ (၁) ဌာနမှူး ၁-ယောက်၊ (၂) စာပြုဆရာ ၃-ယောက်၊ (၃) စာစုဆရာ ၅-ယောက်၊ (၄) လက်နှိပ်စက်စာရေး ၁-ယောက်၊

(၅) ရုံးလုလင် ၁-ယောက်တို့ပါဝင်သော အရာထမ်း, အမှုထမ်းတို့ကို ခန့်ထားပြီး အဘိဓာန်ဌာနဖွဲ့စည်းခဲ့သည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ရေးသားပြုစုမှုလုပ်ငန်းကို ၁၃၁၈-ခုနှစ်၊ နတ်တော်လ (၁၉၅၆-ခု၊ နိုဝင်ဘာလ) မှ စတင်ခဲ့သည်။

ထို့နောက် အဘိဓာန်ကျမ်းကြီးရေးသားရာ၌ ပါဝင်ရမည်ဖြစ်သော အဘိဓာန်ပုဒ်များကို စုဆောင်းရာတွင် ပါဠိတော်မှ အ-အက္ခရာနှင့်စသော အဘိဓာန်ပုဒ်များကို ဦးဗိုလ်မောင် (သကျသီဟဓမ္မာစရိယ, အစိုးရဓမ္မာစရိယ, စာပြုအယ်ဒီတာ, အဘိဓာန်ဌာနမှူး) ဦးတင်ရွှေ (စာပြုအယ်ဒီတာ)၊ ဦးစိန်မောင် (စာစုအယ်ဒီတာ)တို့ ဦးဆောင်သော လူပညာရှိများ၊ ပိဋကတ်မြန်မာပြန်ဌာနမှ လူပညာရှိများ၊ ဆရာတော် ဦးဉာဏုတ္တရ (အဂ္ဂမဟာပဏ္ဍိတ၊ အောင်မြေဘုံစံ တိုက်၊ စစ်ကိုင်းတောင်ရိုး)၊ ဦးသီလာနန္ဒာဘိဝံသ(မဟာဝိဇ္ဇောဒယချောင်၊ စစ်ကိုင်းတောင်ရိုး)တို့ ဦးဆောင်သော ဆရာတော်တို့က စုဆောင်းသည်၊ အဋ္ဌကထာနှင့် ဋီကာများမှ အ-အက္ခရာနှင့်စသော အဘိဓာန်ပုဒ်များကို အောက်ပါဆရာတော် ၁၁-ပါးတို့က စုဆောင်းသည်။

၁။ ဦးနန္ဒဝံသ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေး။

၂။ ဦးကုန္ဒကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ရွှေကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ မန္တလေး။

၃။ ဦးဇောတိက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ကြံခင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေး။

၄။ ဦးနန္ဒိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မဟာအေးမြို့ကြီးချောင်၊ စစ်ကိုင်းတောင်ရိုး။

၅။ ဦးတိလောက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မန္တလေး

၆။ ဦးတိက္ခာစာရ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒေါနခြံအုဌ် ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေး။

၇။ ဦးဓမ္မာနန္ဒ၊ သာသဓဇသိရီပဝရဓမ္မာစရိယ၊ ပတ္တပိုဏ်တိုက်၊ ရေစကြိုမြို့။

၈။ ဦးသောဘန၊ မူလဓမ္မာစရိယ၊ ပြည်လုံးချမ်းသာတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၉။ ဦးသာမိန၊ မူလဓမ္မာစရိယ၊ ရွှေကျောင်း၊ ကျော့မင်းရွာ၊ မြင်းမူမြို့။

၁၀။ ဦးကောသလ္လ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ကိုင်းကုန်းကျောင်း တိုက်၊ ခရမ်းမြို့။

၁၁။ ဦးဝိလာသဂ္ဂ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စကြာရန်အောင် တိုက်၊ ဖျာပုံမြို့-တို့က စုဆောင်းကြသည်။

အာ-မှစ၍ ဟ-တိုင်အောင် အဋ္ဌကထာ, ဋီကာပုဒ်များအားလုံးကို အောက်ပါဆရာတော် ၁၆-ပါးတို့က စုဆောင်းသည်။

၁။ ဦးဝိပုလ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပရိယတ္တိနယူပဒေသ ကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေး။ (စာစု)။

၂။ ဦးဝေပုလ္လ (က)၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒေါနခြံအုဌ် ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်။ (စာစု၊ စာပြု)။

၃။ ဦးဥက္ကဋ္ဌ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒါနသုခကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ မန္တလေး။ (စာစု)။

၄။ ဦးစိန္တိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မာဂဓနေယျူပဒေသ ကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေး။ (စာစု၊ စာပြု)။

၅။ ဦးပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အာဇာနည်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေး။ (စာစု၊ စာပြု)။

၆။ ဦးဇာဂရ (က)၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အာဂမနယူပဒေသ ကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေး။ (စာစု)။

၇။ ဦးဝိဇယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဆရာတော်ဦးကြယ် ကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ မန္တလေး။ (စာစု)။

၈။ ဦးကုန္ဒဝံသ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သာသနဇောတိကာရုံ ကျောင်း၊ မြောင်းမြမြို့။ (စာပြု)

၉။ ဦးစန္ဒောဘာသ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဦးကံကြီး ကျောင်း၊ အဘယာရာမရွှေဂူတိုက်၊ မန္တလေး။ (စာစု၊ စာပြု)။

၁၀။ ဦးသာမိန၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပေတောအုဋ္ဌကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေး။ (စာစု၊ စာပြု)။

၁၁။ ဦးဇာဂရ (ခ)၊ ပထမကြီး၊ အာမနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေး။ (စာစု)။

၁၂။ ဦးဉာဏပုဏ္ဏိက (နီပေါလ်ရဟန်းတော်)၊ သာသနဓဇဓမ္မာစရိယ၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ မန္တလေး။ (စာစု၊ စာပြု)။

၁၃။ ဦးဝေပုလ္လာဘိဝံသ (ခ)၊ စေတိယင်္ဂဏစာသင်တန်း၊ အလယ်တိုက် ကြီး၊ အဘယာရာမရွှေဂူတိုက်၊ မန္တလေး။ (စာစု)။

၁၄။ ဦးနန္ဒမာလာဘိဝံသ၊ သက္យသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်း။ (စာပြု)။

၁၅။ ဦးဂေါတမဝံသ၊ သာသနဓဇဓမ္မာစရိယ၊ ရတနာ့ဗိမာန်ပါဠိတက္ကသိုလ် ကျောင်းတိုက်၊ စစ်ကိုင်း။ (စာစု)။

၁၆။ ဦးကုသလာဘိဝံသ၊ သက္យသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ပတ္တမြားကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ မန္တလေး။

(စာပြု)တို့က စုဆောင်းသည်။ ၁၀-လခန့်ကြာမြင့်သည်။ ဤတွင် သရပိုင်း, ဝဂ်ပိုင်း, အ-ဝဂ်ပိုင်း အဘိဓာန်ပုဒ်များ စုဆောင်းမှု ပြီးပြည့်စုံခဲ့သည်။

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း အတွဲ ၁-ရိုက်နှိပ်ပြီးသောအခါ ဇမ္ဗူဒီပတစ်ဖွဲ့တည်းဖြင့်သာ အဘိဓာန်ရေးသားနေပါလျှင် ပြီးဆုံးရန် နှစ်ပေါင်း ရာချီကြာမြင့်မည်ဟု ခန့်မှန်းမိသဖြင့် အမြန်ပြီးစီးနိုင်ရန် အဘိဓာန်ကျမ်း ရေးစွမ်းနိုင်သော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များအား အဘိဓာန်ကျမ်းများ ရေးသား ပြုစုပေးပါရန် လျှောက်ထားတောင်းပန်သောအခါ ထိုကျောင်းတိုက်များမှ ဆရာတော်တို့က ဝမ်းမြောက်ဝမ်းသာ လက်ခံ တာဝန်ယူကြသောကြောင့် သရပိုင်းအက္ခရာများကို ဇမ္ဗူဒီပအဖွဲ့ ဆရာတော်တို့က ဆက်လက်ရေးသား ပြုစုခြင်း၊ မစိုးရိမ်အဖွဲ့, မဟာဝိသုဒ္ဓါရုံအဖွဲ့, ပခုက္ကူအဖွဲ့ဆရာတော်တို့က ဝဂ်အက္ခရာအားလုံးတို့ကို အသီးအသီး တာဝန်ယူရေးသားပြုစုခြင်းတို့ဖြင့် သရပိုင်း, ဝဂ်ပိုင်းအက္ခရာများအတွက် ပြုစုရေးသားမည့်ဆရာတော်များ အားလုံး ပြီးပြည့်စုံခဲ့သည်။

သရပိုင်း, ဝဂ်ပိုင်းအက္ခရာတို့အတွက် အဘိဓာန်ရေးသားပြုစုမည့် အဖွဲ့များ ပြည့်စုံသွားသော်လည်း "ယ, ရ, လ, ဝ, သ, ဟ, ဠ" ဟူသော အ-ဝဂ်ပိုင်း အက္ခရာတို့အတွက် ရေးသားမည့် အဖွဲ့လိုနေသေး၏။ ရေးသားရမည့် ပုဒ်အရေအတွက်ကလည်း များပြားလှ၏။ ထိုအတွက် တာဝန်ယူ၍ ရေးစွမ်း နိုင်လောက်သော ကျောင်းတိုက်များ ရှာဖွေစူးစမ်းသောအခါ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်ကို တွေ့မြင်၏။ ထို့ကြောင့် သာသနာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင် သည် ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ လာရောက်၍ မိမိတို့ကိုယ်တိုင် စာချအကျော်ဆရာတော်များလည်းဖြစ်၊ စာချတပည့်အခြံအရံတို့နှင့်လည်း ပြည့်စုံတော်မူကြသော အမရပူရကျောင်း ဆရာတော်နှင့် နယားကျောင်းဆရာတော် နောင်တော် ညီတော် ၂-ပါးကို ဦးထိပ်ထားပြီး အ-ဝဂ်အက္ခရာပိုင်း အဘိဓာန်ကျမ်းကြီးကို ရေးသားပေးပါရန်

လျှောက်ထားခဲ့လေသည်။ ထိုလျှောက်ထားချက်အရ အောက်ဖော်ပြပါ ဆရာတော် ၁၄-ပါးတို့ဖြင့် ကျမ်းပြုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြပါသည်။

၁။ အမရပူရဆရာတော် ဦးဥက္ကံသာဘိဝံသ၊ သကျသီဟ မူလစာချ၊ အမရပူရကျောင်း သံဃနာယကဆရာတော်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်။

၂။ နယားဆရာတော် ဦးမေဓိယာဘိဝံသ၊ သကျသီဟဓမ္မာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နယားကျောင်း။

၃။ ပုသိမ်ဆရာတော် ဦးသီလာစာရ၊ အဂ္ဂမဟာပဏ္ဍိတ၊ သက္ကတ ဘာသာနှင့် ဝေဒန္တကောဝိဒ၊ ပုသိမ်ကျောင်း။

၄။ ဆရာတော် ဦးနန္ဒဝံသာဘိဝံသ၊ သကျသီဟမူလဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ ဓမ္မာဂါရကျောင်း။

၅။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သကျသီဟဓမ္မာစရိယ ဝဋံသကာ၊ အစိုးရသီရိပဝရဓမ္မာစရိယ၊ ပါဠိသိရောမဏိ၊ ဘီ-အေ၊ ဗန်းမော်တိုက်။

၆။ ဆရာတော် ဦးဇနိန္ဒ၊ အစိုးရဓမ္မာစရိယ၊ ရွှေဘုန်းရှိန်ကျောင်း။

၇။ ဆရာတော် ဦးသြဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ ပုခန်းကျောင်း။

၈။ ဆရာတော် ဦးသီရိန္ဒ၊ အစိုးရဓမ္မာစရိယ၊ မင်းမာကျောင်း။

၉။ ဆရာတော် ဦးသုန္ဒရ၊ အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

၁၀။ ဆရာတော် ဦးသြဘာသ၊ အစိုးရဓမ္မာစရိယ၊ တမ္ဗဝတီကျောင်း။

၁၁။ ဆရာတော် ဦးနန္ဒိယ၊ အစိုးရဓမ္မာစရိယ၊ ဓမ္မာဂါရကျောင်း။

၁၂။ ဆရာတော် ဦးပညောဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရ ဓမ္မာစရိယ၊ ပုခန်းကျောင်း။

၁၃။ ဆရာတော် ဦးပဏ္ဍိတဉာဏာဘိဝံသ၊ သက္ကသီဟ, စေတိယင်္ဂဏ နှင့် အစိုးရဓမ္မာစရိယ၊ ပုခန်းကျောင်း။

၁၄။ ဆရာတော် ဦးစန္ဒောဘာသာဘိဝံသ၊ သက္ကသီဟ, စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ၊ နယားကျောင်းတို့ဖြစ်သည်။

ကျမ်းပြုအဖွဲ့ ဖွဲ့စည်းပြီးသောအခါ ထို ၁၄-ပါး ပါဝင်သော ဆရာတော်တို့အား ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်က "ဆရာတော်များအဖွဲ့က ရေးရမည့်ပုဒ် အများဆုံးဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ကြာပါမည်။ အဘိဓာန်ကျမ်းပြုစုရန် ကျမ်းနံပါတ်အညွှန်းပြ လက်ဝါးခန့်မျှရှိသည့် ပါဠိပဒကပ်ပြားလေးများ ပျောက်ပျက်သွားနိုင်သည်။ ၎င်းကပ်ပြားလေးများ ရရှိရန် နှစ်ရှည်လများ ငွေအင်အား လူအင်အားတို့ဖြင့် ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းများစွာတို့မှ ထုတ်နှုတ်ကူးယူထားရပါသည်။ ၎င်းကပ်ပြားလေးများကို စံနစ်တကျ စီစဉ်ရေးသားကာ စာအုပ်အဖြစ်ရိုက်နှိပ်ရန် ဗုဒ္ဓသာသနကောင်စီ အစည်းအဝေးက ဆုံးဖြတ်ချက်ချပြီး ဖြစ်ပါသည်။ သို့အတွက် ဆရာတော်များအဖွဲ့က ဥပနိဿုဒ်, ဘဂဝါဂီတ အညွှန်းကျမ်းနှင့် ဝေဒကျမ်းညွှန်း စသည်တို့ကဲ့သို့ ပါဠိပဒ ပိဋကကျမ်းညွှန်းကို စတင်ရေးသားတော်မူကြပါဘုရား။ နောက်မှ အဘိဓာန်ကျမ်းကို ရေးသားတော်မူကြပါဘုရား"ဟု လျှောက်ထားခဲ့လေသည်။ ထိုသို့လျှောက်ထားမှုကြောင့် အမရပူရ ဆရာတော်ဘုရားသည် အထက်ပါဆရာတော်များကို ဦးစီးကွပ်ကဲ၍ ပါဠိပဒ ပိဋကကျမ်းညွှန်း (အ-ဝဂ်) ကို ၁၃၃၀-ပြည့်နှစ်၊ နယုန်လပြည့်နေ့ (၁၀. ၆. ၁၉၆၈)မှ စတင်ရေးသားလာခဲ့ရာ လက်ရေးမူဖြင့် ၆-နှစ် ကြာမြင့်ခဲ့သည်။ ပုံနှိပ်စာအုပ် ၄-အုပ်ရှိသည်။ ပုဒ်ရေပေါင်း ၈၀၃၈၉-ပါဝင်သည်။

သမုဒ္ဒရာရေပြင်အောက် အပ်ပျောက် ရှာဖွေကောက်နိုင်လောက်သည့် ပမာ ပိဋကတ်တော်လာ အ-ဝဂ်အက္ခရာပုဒ်တို့ကို လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်သော ပါဠိပဒ ပိဋကကျမ်းညွှန်းကျမ်းကြီးသည် ပြီးမြောက်ခဲ့ပေပြီ။

တိပိဋကပါဠိပဒကျမ်းညွှန်း လက်ရေးမူဖြင့် ၆-နှစ်ကြာရေးသား၍ ပြီးဆုံးသည့်နောက် (ပုံနှိပ်မူကား ၁၆-နှစ်ကြာမှ ပြီးသည်။) ထိုအချိန်၌ အဘိဓာန်ကျမ်းပြုအဖွဲ့ စတင်ဖွဲ့စည်းစဉ်က ပါဝင်ခဲ့သော အချို့သော ဆရာတော်တို့သည် ပရိသုဒ္ဓပြုခြင်း, အရပ်တစ်ပါးသို့ ပြောင်းရွှေ့ခြင်း, ပျံလွန်တော်မူခြင်းစသော အကြောင်းတို့ကြောင့် ၁၃၃၆-ခုနှစ်တွင် အောက်ပါ ဆရာတော် ၁၅-ပါးတို့က အ-ဝဂ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို စတင်ရေးသားပြုစုတော်မူကြသည်။

၁။ နယားဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ၊ သကျသီဟမဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပဓာနနာယက ဆရာတော်၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေး။

၂။ ပုသိမ်ဆရာတော် ဘဒ္ဒန္တသီလာစာရ၊ အဂ္ဂမဟာပဏ္ဍိတ၊ သက္ကတနှင့် ဝေဒန္တကောဝိဒ၊ ပုသိမ်ကျောင်း။

၃။ ဘဒ္ဒန္တသောဘဏာဘိဝံသ၊ သကျသီဟမူလမဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ၊ ဦးဇာဂရကြီးကျောင်း။

၄။ ဘဒ္ဒန္တကုမာရာဘိဝံသ၊ သကျသီဟဓမ္မာစရိယ ဝဋံသကာ၊ အစိုးရ သိရီပဝရဓမ္မာစရိယ၊ ပါဠိသိရောမဏိ၊ ဘီ-အေ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ဗန်းမော်တိုက်။

၅။ ဆရာတော် ဦးသုန္ဒရ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နယားကျောင်း။

၆။ ဆရာတော် ဦးသိရိန္ဒာဘိဝံသ၊ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မင်းမာကျောင်း။

၇။ ဆရာတော် ဦးကဝိန္ဒ၊ အမရပူရကျောင်း။

၈။ ဆရာတော် ဦးသြဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အတုလကာရီဆင်မင်းကျောင်း (ယခင် ပုခန်းကျောင်း)။

၉။ ဆရာတော် ဦးစက္ကပါလ၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း (ယခင် ပုခန်းကျောင်း)။

၁၀။ ဆရာတော် ဦးကုသလာစာရာဘိဝံသ၊ သကျသီဟမူလဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂုဏဝတီတိုက်ကျောင်း။

၁၁။ ဆရာတော် ဦးပညောဘာသာဘိဝံသ၊ သကျသီဟနှင့် အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အတုလကာရီဆင်မင်းကျောင်း (ယခင် ပုခန်းကျောင်း)။

၁၂။ ဆရာတော် ဦးနန္ဒာစရိယ၊ အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

၁၃။ ဆရာတော် ဦးနန္ဒိယ၊ အစိုးရဓမ္မာစရိယ၊ နယားကျောင်း။

၁၄။ ဆရာတော် ဦးသဒ္ဓမ္မာနန္ဒ၊ အစိုးရဓမ္မာစရိယ၊ ပုသိမ်ကျောင်း။

၁၅။ ဆရာတော် ဦးကဥ္စန၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း တို့ဖြစ်သည်။

ထိုအချိန်၌ နယားဆရာတော်ဘုရားကြီးသည် သက်တော် ၈၀-ကျော်နေပြီဖြစ်၍ မိမိ သက်တော်ထင်ရှားရှိစဉ် အဘိဓာန်လုပ်ငန်း အပြီးတိုင်ရေးသားလိုသဖြင့် မိမိကိုယ်တိုင် ကြိုးစားကြည့်ရှု ရေးသား၍လည်းကောင်း၊ ကျမ်းပြုအဖွဲ့ဝင် ဆရာတော်ငယ်များအား ကြီးကြပ်နှိုးဆော်လျက်လည်းကောင်း သက်တော်ရွယ်တော်နှင့်မမျှ လွန်စွာကြိုးစား ဆောင်ရွက်တော်မူပါသည်။ အတွဲ ၂၅-ပြီးဆုံးသည်အထိ အဘိဓာန်ကျမ်းပြု ဦးဆောင်ဆရာတော်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အမရပူရဆရာတော်**

မြန်မာနိုင်ငံ၏ သာသနာရေးနယ်ပယ်တွင် အမရပူရဆရာတော်ဟု နာမည်ကျော်သော ဆရာတော် နှစ်ပါးရှိ၏။ ထိုတွင် တစ်ပါးကား တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ဖြစ်၍ တစ်ပါးကား ဒက္ခိဏာရာမဘုရား ကြီးတိုက်၊ အမရပူရကျောင်းဆရာတော်ဖြစ်လေ၏။ တစ်ပါးကား မြို့ကိုစွဲ၍ နာမည် တွင်ခြင်းဖြစ်ပြီး တစ်ပါးကား ကျောင်းကိုစွဲ၍ အမရပူရဆရာတော်ဟု နာမည်တွင်ခြင်း ဖြစ်လေသည်။ ထိုမြို့, ထိုကျောင်းတို့ဝယ် အခြားသော ဆရာတော်များရှိပါလျက် ထိုမထေရ်တို့မှသာ နာမည်တွင်နေရခြင်းသည် ထို မထေရ်တို့၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ကောင်းတို့က ပမာနဖြစ်လေ သည်။

မြို့ကိုစွဲ၍ ကျော်သောဆရာတော်သည် ဘာသာဋီကာကျမ်းပေါင်း ခြောက်ဆယ်ကျော် ရေးသား ပြုစုတော်မူသကဲ့သို့ ကျောင်းကိုစွဲ၍ ကျော်သော ဆရာတော်သည်လည်း ဝိမတိဝိနောဒနီကျမ်း, ပါဠိပါရဂူကျမ်း စသော ကျမ်းပေါင်း များစွာပြုစု၍ ကွယ်ဝှက်တိမ်ငုတ်သော အမေးပုစ္ဆာ ပြဿနာမျိုးစုံတို့ကို အဆုံး အဖြတ်ပေးတော်မူလျက် သံဃာတော်တို့၏ အားကိုးရာတစ်ဆူ ဖြစ်တော်မူခဲ့ လေသည်။ ဒက္ခိဏာရာမဘုရားကြီးတိုက်တွင် စာသင်တိုက်နှင့်လျော်ညီစွာ ရှိသင့်ရှိထိုက်သော ဒက္ခိဏာရာမိကဂဏဝါစကမဟာစရိယအဖွဲ့ကိုလည်း စတင်ဦးဆောင်၍ ဖွဲ့စည်းပေးတော်မူခဲ့လေသည်။ အသံသြဇာကောင်းမွန်၍ စာလိုက်သံဃာ များပြားလွန်းလှ၏။ ထို့ကြောင့် ပရိယတ္တိသာသနဟိတအသင်း ကြီးက သကျသီဟမူလမဟာစရိယဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော် ကိုးကွယ်ခဲ့လေသည်။ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဖွဲ့ အစည်းများ ဖွဲ့စည်းသောအခါ နိုင်ငံတော်သံဃမဟာနာယကတာဝန်ကို ဆောင်ရွက်တော်မူခဲ့၏၊ ထိုကဲ့သို့ သာသနာရေးဆိုင်ရာ တာဝန်များ များပြားလှ သည့်အတွင်းမှာပင် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဦးဆောင်၍ ရေးသားတော်မူခဲ့ရာ-

၁၃၃၄-ခုနှစ်၌ ပါဠိပဒပိဋကကျမ်းညွှန်း ပထမတွဲကိုလည်းကောင်း၊

၁၃၃၅-ခုနှစ်၌ ပါဠိပဒပိဋကကျမ်းညွှန်း ဒုတိယတွဲကိုလည်းကောင်း၊

၁၃၄၀-ခုနှစ်၌ ပါဠိပဒပိဋကကျမ်းညွှန်း တတိယတွဲကိုလည်းကောင်း ရိုက်နှိပ် ပြီးစီးခဲ့ပြီး ၁၃၄၄-ခုနှစ်တိုင်အောင်ပင် တစ်ဆယ့်လေးနှစ်တိုင်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ကာ ရေးသားပြုစုတော်မူခဲ့လေသည်။

**နယားဆရာတော်**

ယနေ့တိုင် စာချ, စာသင်အရှင်သူမြတ်များ မေးလေ့မေးထရှိသော "မှတ်စု" စာအုပ်ရှိ၏။ ထိုအရာကား "နယားမှတ်စု"ဟူ၍ ဖြစ်လေသည်၊ စာလိုက်သံဃာများအား အဋ္ဌကထာ, ဋီကာ, မဓု, ဂဏ္ဌိ ကျမ်းစုညှိ၍ ပို့ချသဖြင့် စာလိုက်သံဃာများက ရက်ပျက်မခံ မှတ်တမ်းတင်ထားကြ၏၊ ထိုမင်္ဂလာ ရှိသောမြင်ကွင်းကြီးနောက်ဝယ် နယားမှတ်စု, နယားကျောင်း, နယား ဆရာတော်-ဟူသော ဘွဲ့တော်တို့သည် သာသနာဝယ် ထင်ရှားလေတော့၏။ အမရပူရဆရာတော်၏ ညီတော်ဖြစ်၍ သကျသီဟဓမ္မာစရိယကိုလည်း ဖြေဆိုအောင်မြင်ခဲ့သည်။ ပိဋကဝိသောဓနီကျမ်း, ဗဟုသုတပကာသနီကျမ်း- စသော ကျမ်းပေါင်းများစွာကိုလည်း ပြုစုတော်ခဲ့၏။ ဆရာတော်ဘုရား၏ မေတ္တာ, ကရုဏာ, သီလ, သမာဓိ, ပညာဂုဏ်တော်များကြောင့် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ နှစ်ပေါင်းများစွာ သံဃာကွဲပြားနေသည့် သံဃဘေဒ ကိစ္စာဓိကရဏ်းကြီးလည်း ငြိမ်းအေးသွားရလေသည်။ ပဓာနသံဃနာယက ဆရာတော်တစ်ပါးဖြစ်ပြီး နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌ ဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက-ဘွဲ့တံဆိပ်တော်တို့ဖြင့် ပူဇော်ခဲ့၏။ ထိုကဲ့သို့ များပြားသော သာသနာရေးလုပ်ငန်းကြားမှပင် အတွဲ-၂၅ လက်ရေးမူ ပြီးဆုံးသည့်တိုင်အောင် ရေးသားပြုစုတော်မူခဲ့သည်။

## ပုသိမ်ဆရာတော်

အိန္ဒိယနိုင်ငံသို့တိုင် နှစ်ပေါင်းများစွာ အဆင်းရဲခံ၍ သက္ကတနှင့် ဝေဒန္တ, သိဒ္ဓန္တဘာသာရပ်တို့ကို သွားရောက်လေ့လာသင်ကြားတော်မူခဲ့သည်ကား ဘဒ္ဒန္တသီလာစာရမထေရ်မြတ်ဖြစ်၏။ ဒက္ခိဏာရာမဘုရားကြီးတိုက် ပုသိမ်ကျောင်း၌ သီတင်းသုံး၍ ပုသိမ်ဆရာတော်ဟု နာမည်ကျော်လေသည်။ မြန်နိုင်ငံ၏ ပြက္ခဒိန်အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်တော်မူခဲ့၏။ လောကုတ်, လောကီနှစ်လီကျွမ်းကျင်တော်မူသဖြင့် နှစ်ဖက်လှ ဆရာတော်ဟု သတ်မှတ်ရမည့် ဆရာတော်ဖြစ်လေသည်။ နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်ခဲ့၏။ ဤကဲ့သို့သော ဆရာတော်သည် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးကို ၁၃၃၀-ပြည့်နှစ်မှစ၍ ၁၃၅၆-ခုနှစ်တိုင်အောင် ပါဝင်ရေးသားတော်မူခဲ့သည်။

## ဓမ္မာဂါရဆရာတော်

သာသနာရေးရာကိစ္စ, သိမ်သမုတ်ရေးရာကိစ္စများနှင့် ကြုံလာလျှင် ပြတ်သားစွာမိန့်တော်မူလေ့ရှိသဖြင့် သံဃာတော်တို့၏ အားကိုးရာအားထားရာအဖြစ် ရပ်တည်တော်မူသည်မှာ ဘဒ္ဒန္တနန္ဒဝံသာဘိဝံသမထေရ်မြတ်ဖြစ်၏။ ဒက္ခိဏာရာမဘုရားကြီးတိုက် ဓမ္မာဂါရကျောင်း၌ သီတင်းသုံးတော်မူသဖြင့် ဓမ္မာဂါရဆရာတော်ဟု နာမည်ကျော်လေသည်။ စာချရာတွင် ရှင်းလင်းပြတ်သားစွာ ပို့ချနိုင်စွမ်းရှိသဖြင့် စာလိုက်သံဃာတော်တို့က အထူးတန်ဖိုးထားတော်မူကြ၏။ ပရိယတ္တိသာသနာနှင့် စာလိုက်သံဃာတော်တို့အား အကျိုးများတော်မူသောကြောင့် ပရိယတ္တိသာသနဟိတအသင်းကြီးက သကျသီဟမူလဓမ္မာစရိယဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်ခဲ့လေသည်။ ထိုဆရာတော်သည် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကို ၁၃၃၀-ပြည့်နှစ်မှစ၍ ၁၃၅၂-နှစ်တိုင်အောင် ပါဝင်ရေးသားပြုစုတော်မူခဲ့လေသည်။

**ဗန်းမော်ဆရာတော်**

အမရပူရဆရာတော်, နယားဆရာတော်ဟူသော တောင်ကြီးနှစ်တောင်မှ ထွက်ပေါ်လာသော "ပြည်တန်ပတ္တမြားငမောက်"ကို ပြပါဆိုလျှင် ဗန်းမော်ဆရာတော်ကိုသာ ပြဆိုရပါလိမ့်မည်။ ဂျပန်ခေတ်တွင် အဌမတန်းအထိ အောင်မြင်ပြီးမှ သာသနာ့ဘောင်သို့ ဝင်ရောက်လာသော်လည်း ၁၁-လမျှဟူသော ကာလတို့အတွင်းမှာပင် သဒ္ဒါကျမ်းဆိုင်ရာ သုတ်ပြီး, ရုပ်ပြီးအားလုံး ကျွမ်းကျင်စွာ တတ်မြောက်ခဲ့လေ၏။ ၁၃၁၄-ခုနှစ်တွင် သကျသီဟသီးခြားစာသင်တန်း၌ နံပါတ်(၁) အမှတ်အများဆုံးဖြင့် အောင်မြင်ပြီး ၁၃၁၅-ခုနှစ်တွင်ကား နှစ်မခြားပဲ ဓမ္မာစရိယကျမ်းကြီးသုံးကျမ်းလုံး ပြီးမြောက်အောင်မြင်၍ ရွှေတံဆိပ်ဦးဆောက်ပန်းပိုင်ရှင် "သကျသီဟဓမ္မာစရိယဝံ့သကာ"ဘွဲ့ ရရှိခဲ့လေသည်။

ယင်းနှစ်များမှာပင် အစိုးရဓမ္မာစရိယ(၉)ကျမ်းကို ပါဠိဘာသာဖြင့် အောင်မြင်၍ "သာသနဓဇသိရီပဝရဓမ္မာစရိယ ပါဠိသိရောမဏိ"ဘွဲ့ကို ရရှိပြန်ပါ၏။ ထိုကဲ့သို့ တစ်နှစ်တည်း (၉)ကျမ်းလုံး ပါဠိဘာသာဖြင့် အောင်မြင်အောင် စွမ်းဆောင်နိုင်သည်မှာ မြန်မာနိုင်ငံ၏ သာသနာ့သမိုင်းတွင် ဗန်းမော်ဆရာတော်ကြီးတစ်ပါးသာ ရှိခဲ့လေသည်။

ထို့နောက် လောကီစာပေဆိုင်ရာ အတန်းစာများ လေ့လာသင်ယူပြီး မန္တလေးတက္ကသိုလ်က ပေးအပ်သော B.A-ဝိဇ္ဇာဘွဲ့ကိုလည်း ရရှိခဲ့၏။

ပညာသင်ကြားရာတွင် ထိုမျှလောက်နှင့် ရပ်တန့်နေတော်မမူပဲ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ပုသိမ်ကျောင်းဆရာတော်အထံမှ သိဒ္ဓန္တကောမုဒီမည်သော သက္ကတဘာသာကျမ်းကိုလည်းကောင်း၊ အဘယာရာမဆရာတော် ဦးသီလာနန္ဒ အကူအညီဖြင့် ပြာကရိုက်ဘာသာ, အဒ္ဓမာဂဓီဘာသာတို့ကိုလည်းကောင်း သင်ယူတတ်မြောက်နိုင်ခဲ့လေသည်။

ပညာတတ်မြောက်၍ လက်တွေ့ သာသနာအတွက် ဆောင်ရွက်တော်မူရာတွင်လည်း ဆဋ္ဌသံဂါယနာတင်စဉ် စာမူများ ကောင်းမွန်ရေးအတွက် ဩဝါဒါစရိယပတ္တပါဌက၊ ဩဝါဒါစရိယသောဓေယျကအဖြစ်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနက ဖွင့်လှစ်ပေးသည့် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိပိဋကနိကာယသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ၊ မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တွဲဖက်၍ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်၌ စာချ နာယကချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့၏။

သာသနာတော်သန့်ရှင်းတည်တန့်ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း ဖွဲ့စည်းရာတွင် ဦးသျှောင်ဆရာတော်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဝိနည်းဓမ္မသတ်မူခင်းဆိုင်ရာ ဥပဒေရေးဆွဲရာ၌ အတွင်းရေးမှူးဆရာတော်အဖြစ်လည်းကောင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရ၏ လျှောက်ထားတောင်းပန်ချက်အရ ဓမ္မနီတိမိစ္ဆာဝါဒနှင့် စမ်းကလေးဝါဒကိုလည်း ပြီးမြောက်အောင် ဆုံးဖြတ်ပေးနိုင်သကဲ့သို့ နိုင်ငံအရပ်ရပ်မှ မပြီးပြတ်နိုင်သေးသော ဝိနိစ္ဆယတို့ကိုလည်း နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်အဖြစ် ဆုံးဖြတ်ပေးတော်မူခဲ့သည်။

စင်္ကာပူနိုင်ငံ, အင်ဒိုနီးရှားနိုင်ငံ, အိန္ဒိယနိုင်ငံတို့တွင် သိမ်နှင့် စေတီတော်များ တည်ထားရာတွင်လည်း ပဓာနနာယကဆရာတော်အဖြစ် ဆောင်ရွက်တော်မူ၍ ကမ္ဘာ့ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ လျှောက်ထားချက်အရ ဝိပဿနာတရားစခန်း ပြန့်ပွားရေးအတွက်လည်း ဆောင်ရွက်တော်မူခဲ့သည်။

ထေရီအပဒါနဒီပနီ(ပါဠိဘာသာ), ယမိုက်ပါဠိတော် အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း, တိပိဋကပုစ္ဆာဝိဿဇ္ဇနာကျမ်းစသော ကျမ်းများစွာတို့ကိုလည်း ပြုစုရေးသားတော်မူခဲ့၏။

ဆရာတော်အား ဆိုင်ရာဆိုင်ရာ အသင်းအသီးသီးက ဘွဲ့တံဆိပ်များ ကပ်လှူကြသကဲ့သို့ နိုင်ငံတော်အစိုးရ အဆက်ဆက်ကလည်း အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက-ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ၁၂-နှစ်တိုင် သာသနာ့တာဝန် ထမ်းဆောင်တော်မူခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်၊ ကိုရီးယားနိုင်ငံတက္ကသိုလ်တို့က ဆက်ကပ်သည့် Ph.D ဒေါက်တာဘွဲ့ကိုလည်း လက်ခံရရှိတော်မူပါသည်။

ထိုသို့သော ဆရာတော်သည် ဤအဘိဓာန်ကျမ်းကြီး စတင်ရေးသားစဉ်ကတည်းကပင် ပါဝင်ခဲ့ပြီး ယခုပြီးဆုံးချိန်တွင်ကား ဥက္ကဋ္ဌဆရာတော်တာဝန်ကို ထမ်းဆောင်လျက်ရှိပါ၏။

**ဆင်မင်းဆရာတော်**

“အဘိဓာန်ရေးတယ်ဆိုတာ စုံလင်အောင်လည်း ရေးရတယ်, စုံအောင်ရေးရလို့ အကုန်လျှောက်ပြီးတော့ အကျယ်ချဲ့မနေရဘူး။ စုံစုံလင်လင်နဲ့ ကျစ်ကျစ်လစ်လစ်ဖြစ်အောင် ရေးကြ။ နမူနာအဖြစ် နယားဆရာတော်ဘုရားကြီးရေးတော်မူတဲ့ “ရတန” ပုဒ်နဲ့ ငါရေးတဲ့ “ယုဂန္ဓရ” ပုဒ်တို့ကို သေသေချာချာကြည့်။ နည်းလည်းယူကြ”။

ဤသို့သော ဩဝါဒစကားများ မိန့်ကြားတော်မူ၍ အဘိဓာန်အဖွဲ့ဝင် မျိုးဆက်သစ်ရဟန်းငယ်များကို အနီးကပ်ဦးဆောင် နည်းလမ်းပေးတော်မူလေ့ရှိသည်မှာ ဆင်မင်းဆရာတော်ဘုရားကြီး ဖြစ်လေသည်။ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ဆင်းမင်းကျောင်း၌ သီတင်းသုံးတော်မူသဖြင့် ထိုနာမည်တွင်လာရခြင်း ဖြစ်လေသည်။ “ဆရာကောင်းတပည့် ပန်းကောင်းပန်” ဆိုသည့်နှင့်အညီ အမရပူရဆရာတော်, နယားဆရာတော်, ဗန်းမော်ဆရာတော်တို့၏

အနီးနေတပည့်တစ်ပါးလည်း ဖြစ်လေသည်။ ၁၃၂၂-ခုနှစ်တွင် မန္တလေးမြို့၊ သက္ကျသီဟသီးခြားစာသင်တန်းအောင်မြင်ပြီး ၁၃၂၃-ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့၊ ၁၃၂၆-ခုနှစ်၌ သက္ကျသီဟသီခြားစာချတန်းကို အောင်မြင်သဖြင့် "အဘိဝံသ"ဘွဲ့ကို ရရှိခဲ့လေ၏။

ဆရာတော်သည် အထက်ပါဘွဲ့များ ရရှိတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာ သာသနာ ပြန့်ပွားစေရန် ရည်သန်၍ မိမိဆရာများ၏ လမ်းစဉ်အတိုင်း ရဟန်းသိက္ခာ (၇)ဝါမှစ၍ မန္တလေးမြို့၊ လေးပြင်လေးရပ်မှ ရောက်ရှိလာကြကုန်သော တပည့်များစွာတို့အား နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲဆိုင်ရာကျမ်းစာများ, ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများ, မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတသက္ကျသီဟသာမဏေလက်ာရ, စာသင်တန်း, စာချတန်းဆိုင်ရာကျမ်းစာများကို (၅၃) နှစ်တိုင်တိုင် ပို့ချပေးတော်မူခဲ့ပါသည်။

**ရေးသားပြုစုခဲ့သောကျမ်းဂန်များ**

၁၃၃၀-ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာန တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့တွင် ပါဝင်လျက် ပါဠိပဒ ပိဋကကျမ်းညွှန်းကြီး (၄)အုပ်၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး အတွဲ(၁၇)မှ (၂၅) တိုင်အောင် ရေးသားတော်မူခဲ့ပြီး သာသနာရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေပြီး ဖြစ်လေသည်။ ထို့ပြင် ဓမ္မာစရိယတန်း စာသင်သားများအတွက် အဋ္ဌသာလိနီ အဋ္ဌကထာပို့ချချက် ကျမ်းကြီးကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။

**သာသနာ့တာဝန်များ**

ဆရာတော်သည် ကျောင်းပေါင်း (၇၁)ကျောင်း၊ သံဃာအရေအတွက် (၁၂၀၀)ကျော်ရှိသော ဒက္ခိဏာရာမဘုရားကြီးတိုက်၏ အုပ်ချုပ်ရေး သမ္မုတိအဖွဲ့ဝင်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့

ဝန်ဆောင်၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ ပညာရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌအဖြစ် (၆)နှစ်၊ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယအဖြစ် (၃)နှစ်၊ နိုင်ငံတော် သီးခြားဝိနည်းမှုခုံရုံး မိုးကုတ်ဝိနိစ္ဆယ၊ နိုင်ငံတော်သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်၊ မန္တလေးရှိ ပရိယတ္တိ သာသနတက္ကသိုလ်ကြီးများ၏ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်း ဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဩဝါဒါစရိယအဖွဲ့၏ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ(သကျသီဟ)အသင်းကြီး၏ ဩဝါဒါစရိယ၊ သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ကြီး၏ ဩဝါဒါစရိယ၊ မန္တလေး ဗုဒ္ဓတက္ကသိုလ်၏ ဩဝါဒါစရိယ၊ မန္တလေးမြို့၊ တောင်စလင်းတိုက် ပြဟ္မစိုရ်အသင်းကြီး၊ ချမ်းမြသုခအသင်းကြီး၊ ရန်ကင်းတောင် သဒ္ဓမ္မမာမက အသင်းကြီး၊ မဟာမုနိဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် လည်း မညည်းမညူ တာဝန်ကျေပွန်စွာ ထမ်းရွက်တော်မူခဲ့သည်။

ထိုသို့ များပြားလှစွာသော သာသနာ့တာဝန်များကို ထမ်းဆောင်တော် မူခဲ့သောကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်က အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု-ဘွဲ့တံဆိပ်တော်များကို အသီးသီး ဆက်ကပ်ပူဇော်ခဲ့လေသည်။

ထိုသို့သော ဆရာတော်သည် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်း ကြီး အောင်မြင်ရန်အတွက် ၁၃၃၀-ခုနှစ်မှ စတင်ပါဝင်ခဲ့၏။ မဟာလတာ တန်းဆာကြီးကို ကြည့်ရှုမိသော် ရတနာနှင့်ကင်းသော နေရာဟူသည် ရှာဖွေ မရနိုင်သကဲ့သို့ ဤအဘိဓာန်ကျမ်းကြီးကို ကြည့်ရှုမိသော် ဆရာတော်၏ ကိုယ်စွမ်းအားရတနာ, ဉာဏ်စွမ်းအားရတနာတို့နှင့် ကင်းသောနေရာဟူ၍ ရှာဖွေမရလောက်အောက်ပင် အားသွန်ခွန်စိုက် ဆောက်ရွက်တော်မူခဲ့ပါသည်။

## အတွဲအသီးသီးတို့၌ ပါဝင်ရေးသားခဲ့သောဆရာတော်များ

၁။ ဘဒ္ဒန္တသောဘဏာဘိဝံသ၊ ဦးဇာဂရကြီးကျောင်း၊ အတွဲ ၁၇-မှ အတွဲ ၂၂-တိုင်အောင်။

၂။ ဘဒ္ဒန္တသုန္ဒရ၊ နယားကျောင်း၊ အတွဲ ၁၇-မှ ၂၁-တိုင်အောင်။

၃။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ မင်းမာအုဌ်ကျောင်း၊ အတွဲ ၁၇။

၄။ ဘဒ္ဒန္တကဝိန္ဒ၊ အမရပူရကျောင်း၊ အတွဲ ၁၇။

၅။ ဘဒ္ဒန္တစက္ကပါလ၊ အတုလကာရီဆင်မင်းကျောင်း၊ အတွဲ ၁၇-မှ ၂၄-တိုင်အောင်။

၆။ ဘဒ္ဒန္တကုသလာစာရာဘိဝံသ၊ ဂုဏဝတီတိုက်ကျောင်း၊ အတွဲ ၁၇-မှ ၂၁-တိုင်အောင်။

၇။ ဘဒ္ဒန္တပညောဘာသာဘိဝံသ၊ အတုလကာရီဆင်မင်းကျောင်း၊ အတွဲ ၁၇-မှ ၂၁-တိုင်အောင်။

၈။ ဘဒ္ဒန္တနန္ဒိယ၊ နယားကျောင်း၊ အတွဲ ၁၇-မှ ၂၅-တိုင်အောင်။

၉။ ဘဒ္ဒန္တနန္ဒာစရိယ၊ နယားကျောင်း၊ အတွဲ ၁၈-မှ ၁၉-တိုင်အောင်။

၁၀။ ဘဒ္ဒန္တသဒ္ဓမ္မာနန္ဒ၊ ပုသိမ်ကျောင်း၊ အတွဲ ၁၇-မှ ၂၄-တိုင်အောင်။

၁၁။ ဘဒ္ဒန္တကဉ္စန၊ အတုလကာရီဆင်မင်းကျောင်း၊ အတွဲ ၁၇-မှ ၂၂-တိုင်အောင်။

၁၂။ ဘဒ္ဒန္တခေမာဝံသ၊ ဂုဏဝတီတိုက်ကျောင်း၊ အတွဲ ၁၉။

၁၃။ ဘဒ္ဒန္တအဂ္ဂည၊ ဂုဏဝတီတိုက်ကျောင်း၊ အတွဲ ၂၀-မှ ၂၅-တိုင်အောင်။

၁၄။ ဘဒ္ဒန္တဝဏ္ဏိတ၊ မိုးကုတ်ကျောင်း၊ အတွဲ ၂၂-မှ ၂၅-တိုင်အောင်။

၁၅။ ဘဒ္ဒန္တပဏ္ဍဝ၊ မင်းမာအုပ်ကျောင်း၊ အတွဲ ၂၂-မှ ၂၅-တိုင်အောင်။

၁၆။ ဘဒ္ဒန္တဝဏ္ဏိသရ၊ ဒေါနခြံအုပ်ကျောင်း၊ အတွဲ ၂၂-မှ ၂၅-တိုင်အောင်။

၁၇။ ဘဒ္ဒန္တဝါသဝသိရီ၊ သာသနဇောတိကာရုံအုပ်ကျောင်း၊ အတွဲ ၂၂-မှ ၂၅-တိုင်အောင်။

၁၈။ ဘဒ္ဒန္တအာစိဏ္ဏ၊ ပွဲစားကြီးကျောင်း၊ အတွဲ ၂၂-မှ ၂၅-တိုင်အောင်။

၁၉။ ဘဒ္ဒန္တသုမင်္ဂလ၊ ပျော်ဘွယ်အုပ်ကျောင်း၊ အတွဲ ၂၂-မှ ၂၅-တိုင်အောင်။

၂၀။ ဘဒ္ဒန္တပညိန္ဒ၊ မိတ္ထီလာကျောင်း၊ အတွဲ၊ ၂၂-မှ ၂၅-တိုင်အောင်။

၂၁။ ဘဒ္ဒန္တနေမိန္ဒာဘိဝံသ၊ ပတ္တမြားကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ အတွဲ ၂၀-မှ ၂၅-တိုင်အောင် အသီးသီး ပါဝင်ရေးသားခဲ့ကြပါသည်။

ဤသို့လျှင် ဆရာတော်ဘုရားကြီးများ၏ ကြီးကြပ်နိုးဆော်မှု, ကျမ်းပြုအဖွဲ့ ဝင်ဆရာတော်တို့၏ ထက်သန်သော အားထုတ်ရေးသားမှုတို့ကြောင့် အတွဲပေါင်း ၉-တွဲရှိ အ-ဝဂ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးသည် ၁၃၈၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်၊ (၂၀. ၁၁. ၂၀၂၃) တနင်္လာနေ့တွင် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါသတည်း။

**နိဒါန်း၏ နိဂုမ်း**

တစ်ပါးတည်း ရေးသားသောကျမ်းတို့၏ နိဂုမ်း၌ "အနာဃာသေန၊ မပင်ပန်းသဖြင့်"ဟု ပါရှိတတ်၏။ ဤကျမ်းကြီးပြီးဆုံးသောအခါ၌ကား

ထိုစကားရပ်ကို သုံးနှုန်းရန် မသင့်လျော်ဟု ယူဆပါသည်။ ထို့ပြင် မိမိကိုယ်တိုင် ဘုရားဖြစ်ရန်ဆုပန်ခြင်း, ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားရှင်လက်ထက်၌ သံသရာဝဋ်မှ လွတ်မြောက်ရန် ဆုပန်ခြင်း, သံသရာကျင်လည်ရစဉ်အတွင်း ချမ်းသာမှုနှင့် နောက်ဆုံးဘဝ၌ နိဗ္ဗာန်ဆုရပါစေကြောင်း ဆုပန်ခြင်းစသော အမျိုးမျိုးသောဆုပန်ခြင်း, ဆုတောင်းခြင်းများကို ဖတ်ရှုရ၏။ ဤကျမ်းကြီး၌ကား ပါဝင်ရေးသားပြုစုသူတို့ များပြားလှသဖြင့် အဇ္ဈာသယ အသီးသီးရှိမည်ဖြစ်ရကား ဆုတောင်းခြင်းများ ရေးသားရန် မဖြစ်နိုင်ပြီ။

ကြီးကျယ်သော အမှုကိစ္စတို့ကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နေစဉ် ဆောင်ရွက်နေသော အမှုကိစ္စမပြီးဆုံးမီ ကွယ်လွန်သူတို့ကို အာဇာနည်ဟု ခေါ်ဆိုကြသည်။ ဆောင်ရွက်နေသောအမှုကိစ္စ ပြီးဆုံးသည့်တိုင် အသက်ရှင်နေသူတို့ကို သူရဲကောင်းဟု ခေါ်ဆိုကြသည်။ ဤကျမ်းပြီးဆုံးရန် ဆောင်ရွက်ရသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လှသဖြင့် လူပြန်တော်ဖြစ်သွားခြင်း, အရပ်တပါးသို့ ပြောင်းရွှေ့သွားခြင်း, ပျံလွန်တော်မူခြင်းတို့ကြောင့် များပြားစွာသော အာဇာနည်များသာဖြစ်ကြ၍ သူရဲကောင်းတို့ကား အလွန်နည်းပါးစွာသာရှိပါမည်။ ထိုအာဇာနည်နှင့် သူရဲကောင်းတို့သည်ကား "ရူပံ ဇီရတိ အနိစ္စံ၊ နာမဂေါတ္တံ န ဇီရတိ" နှင့်အညီ သာသနာတော်ကွယ်ပသည့်တိုင်အောင် တည်ရှိနေတော့မည်ကား မုချဧကန်ဖြစ်ပေသည်။

ဤ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး၌ မိမိ အလိုရှိသောပုဒ်တို့ကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်၍ မှန်ကန်သော အက္ခရာ, ပုဒ်, ဓာတ်, ပစ္စည်းအနက်တို့ကို သိရှိပြီး လိုအပ်သော အကျိုးများ ရရှိနိုင်သည်။ ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ညစ်မျိုးငါးအင် လွတ်ကင်းစင်သော နေမင်းကြီး, လမင်းကြီးတို့၌ပင် အနည်းငယ်သော အမဲစက် အကွက်အပြောက်များရှိသကဲ့သို့ ဤကျမ်းကြီး၌ ပါဝင်ရေးသား ပြုစုသူပုဂ္ဂိုလ်များမှာ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်များ မဟုတ်ကြ၍ အမှားအယွင်း လုံးဝကင်းစင်သည်ဟူ၍ကား မဆိုနိုင်ပါ။ သို့ဖြစ်၍

"မှန်သည်ကိုထား၊ မှားသည်ကိုပယ်၊ လိုလျှင်ဖြည့်စွက်၊ ပိုလျှင်ဖျက်၍" ယထာဘူတ ကျနမသွေ အသုံးပြုနိုင်ကြပါစေ။

၁၃၁၂-ခုနှစ်၊ ဒုတိယဝါဆိုလ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ နေအိမ်၌ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းရေးသားရန် စီမံကိန်းမှစတင်ခဲ့သော, ၁၃၁၈-ခုနှစ်၊ နတ်တော်လမှ စတင်ရေးသားခဲ့သော တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးသည် ၁၃၈၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်၊ (၂၀. ၁၁. ၂၀၂၃) တနင်္လာနေ့တွင် ပြီးမြောက်အောင်မြင်ခဲ့လေသတည်း။

ဒက္ခိဏာရာမဘုရားကြီးအဘိဓာန်အဖွဲ့၊ **အဘိဓာန်ဝန်ဆောင်များ**
မန္တလေးမြို့၊
၁၃၈၄-ခု၊ တန်ဆောင်မုန်းလဆန်း
၈-ရက်၊ (၂၀-၁၁-၂၀၂၃)

❑ ❑ ❑

# နောက်ဆက်တွဲ (ဂ)

တိပိဋက ပါဠိ-မြန်မာအဘိဓာန်အတွဲ(၁)

(ဒုတိယအကြိမ်)

## သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်-၏ ဒုလ္လဘဓမ္မဒါန

## သာဓုအနုမောဒနာ ဝမ်းမြောက်ဖွယ်စကား

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့၊ မီးရထားဘူတာအရှေ့မြောက်ယွန်းတွင် တည်ထားသည့် ရောင်ရွှန်းထူးခြား ခမ်းနားသပ္ပါယ် တင့်တယ်တော်မူလှသော မဟာရွှေစည်ကြီးစေတီတော်ကို ဖူးတွေ့နိုင်ပါသည်။ ထိုစေတီ၏ မြောက်ဘက်၌ စေတိယသန္တကကျောင်းတိုက် တည်ရှိ၍ စာချ စာသင် သံဃာတော်များ သီတင်းသုံးတော်မူကြကာ သာသနာပြုလျက် ရှိကြပါသည်။ စာဒါယကာ ဓမ္မဒါန အလှူရှင် ဦးကျော်ညွှန့်သည် မိမိ၏ ရွှေချက်သိုရာ "ဇာတိချက်ကြွေ မွေးရပ်မြေဒေသ"၌ တည်ရှိသော မဟာရွှေစည်ကြီးစေတီတော်နှင့် စေတီကျောင်းတိုက်၏ စတုပစ္စယ(ပစ္စည်းလေးပါး)ဒါယကာအဖြစ် ခံယူကာ ထိုစေတီတော်နှင့် ကျောင်းအား လိုလေသေးမရှိရအောင် ထောက်ပံ့လှူဒါန်းလျက်ရှိပါသည်။

စာဒါယကာကြီးသည် **"တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းတွဲများ"**ကို ဝယ်ယူလှူဒါန်းရန် ကြံရွယ်ခဲ့ရာ ပြန်လည်ပုံနှိပ်ခြင်းမပြုနိုင်သော ရှေ့ပိုင်းကျမ်းတွဲများမှ မူရင်းမရနိုင်ဘဲ မိတ္တူကူး ချုပ်လုပ်ထားသော ကျမ်းစာများကိုသာ ရရှိသဖြင့် စိတ်တိုင်းကျ မဟုတ်ဘဲ လှူဒါန်းခဲ့ရကြောင်း သိရှိရပါ

သည်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများမှာ တစ်တွဲလျှင် စာမျက်နှာ (၁၀၀၀)နီးပါးရှိပြီး ကျမ်းတွဲပေါင်း(၂၉)တွဲထိ ရှိမည်ဖြစ်ရာ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အနေဖြင့် စာအုပ်အဖြစ်သို့ မရောက်ရှိသေးသော အဘိဓာန်ကျမ်းတွဲများကို စာအုပ်ဖြစ်မြောက်အောင် အဘိဓာန်ပြုစုသည့်အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

စာဒါယကာကြီးသည် ထွက်ပြီးသမျှအဘိဓာန်ကျမ်းတွဲများ စုံအောင်စုဆောင်းနေသည့် ကာလအတွင်း အဘိဓာန်ကျမ်းတွဲအသီးသီး၌ ပါရှိသည့် နိဒါန်းစာများကို ဖတ်ရှုခဲ့ရပြီး ကျမ်းတွင် ပါဝင်သည့် အကြောင်းအရာများကိုလည်း လေ့လာခွင့်ရရှိခဲ့ရာ သာသနာတော်အား အထူးကျေးဇူးများလှသည့် ကျမ်းများဖြစ်သည်ဟု ကြည်ညိုသဒ္ဓါပွားမိလေသည်။

(၁) သာသနာတော်နှင့် ကြုံကြိုက်ခြင်း၊
(၂) လှူဒါန်းဖွယ်ပစ္စည်းပစ္စယနှင့် ပြည့်စုံခြင်း၊
(၃) လှူဒါန်းလိုစိတ် သဒ္ဓါတရားရှိခြင်း -

**"ပစ္စည်း, သဒ္ဓါ၊ သာသနာ၊ သုံးဖြာကြုံရ၊ ဒုလ္လဘ"**ဟူသော ဆိုရိုးစကားအတိုင်း စာဒါယကာကြီးသည် ရခဲလှသည့် ဒုလ္လဘတရားသုံးပါးကို ဖြည့်ဆည်းလိုသောဆန္ဒဖြင့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများကို ဒါယကာခံ၍ ပုံနှိပ်လှူဒါန်းရန် သဒ္ဓါတရားများ အဆက်မပြတ် တဖွဲဖွဲ ပေါ်ပေါက်နေခဲ့လေသည်။

ဒါယကာတို့၏ အကျိုးကို အစဉ်အမြဲနည်းပေးလမ်းညွှန်ပြုတော်မူလေ့ရှိသော ရန်ကုန်တိုင်း၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓိယ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သည် တစ်နေ့တွင် ထိုစာဒါယကာကြီး ဦးကျော်ညွန့်နှင့်အတူ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးခန်းသို့ လာရောက်ပြီး မိမိနှင့် မိတ်ဆက်ပေးပါသည်။ အဘိဓာန်ကျမ်းကြီးများကို အတွဲ(၁)မှစ၍ စာအုပ်ပြီးစီးသည်အထိ ပုံနှိပ်လှူဒါန်းလိုကြောင်း သုံးတွဲပုံနှိပ်ပြီးပါက ထိုစာအုပ်ရောင်းရငွေကို ပဒေသာပင်

ရန်ပုံငွေအဖြစ် သတ်မှတ်လျက် ကျန်ကျမ်းစာအုပ်များကို ဆက်လက်ပုံနှိပ်သွားခြင်းဖြင့် အဘိဓာန်ကျမ်းတွဲစုံအောင် ပုံနှိပ်လှူဒါန်းလိုပါကြောင်း ညွှန်ကြားရေးမှူးချုပ်အား အဆိုပြု တင်ပြပါသည်။ သာသနာတော် တည်တံ့ ပြန့်ပွားရေးကို ရှေးရှုလျက် တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများကို မူမပျက်စေဘဲ ပုံနှိပ်လှူဒါန်းလိုသည့် စာဒါယကာ ဦးကျော်ညွန့်၏ အလှူသည် ပညာသံဝဏ္ဏနိက ဓမ္မဒါန ပဒေသာပင်အဖြစ် တည်ရှိနေမည်ဖြစ်ပြီး သာသနာတည်သရွေ့ ထာဝရ ကုသိုလ် အစဉ်ရှင်သန်နေမည့် အစီအစဉ်ပင် ဖြစ်ပါသည်။

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းအတွဲ(၁)သည် စာမျက်နှာပေါင်း ၉၁၅-မျက်နှာရှိ၍ ဆဋ္ဌမူဆိုက်ကြီး ဖြစ်ပါသည်။ စက္ကူကောင်း၊ မင်ကျမင်နကောင်း၊ ချုပ်လုပ်မှုကောင်းဖြင့် အကောင်းသုံးချက်ညီစွာ အုပ်ရေ(၁၀၀၀)အတွက် စာဒါယကာကြီး ဦးကျော်ညွန့် မိသားစုက ပထမအရစ် ငွေကျပ်သိန်း(၅၀)ကျော် မတည် လှူဒါန်းထားပါသည်။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီရပ်ကွက်၊ ပါရမီလမ်း၊ ငွေကြာရံရိပ်သာနေ **ပြည့်စုံညွန့် ကုမ္ပဏီပိုင်ရှင်၊ အလှူရှင် ဦးကျော်ညွန့် +ဒေါ်သန်းမြင့် နှင့် သား သမီး မြေးတစ်စု** တို့၏ အခြားသာသနာပြုအလှူတော်ဖြစ်သော ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်နှင့် စာသင်တိုက် အလှူ စသည်တို့နှင့်တကွ အထူးသဖြင့် ဤတိပိဋက ပါဠိ-မြန်မာအဘိဓာန် ကျမ်းအတွဲ(၁)မှ (အ-အနီဠက)အတွက် ပုံနှိပ်လှူဒါန်းခြင်း ပညာသံဝဏ္ဏနိက ဓမ္မဒါန မြတ်ကောင်းမှုအစုစုတို့ကို ဝမ်းမြောက်ဝမ်းသာ သာခုသုံးကြိမ် ခေါ်ဆိုလျက် ဤအနုမောဒနာစာတမ်းဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာမျိုးမြင့်
ညွှန်ကြားရေးမှူးချုပ်
၂၀၀၄-ခုနှစ် သာသနာရေးဦးစီးဌာန

❑ ❑ ❑

# ကျမ်းစာအုပ် ဓမ္မဒါနအလှူရှင်

တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများကို
အဆက်မပြတ် လည်ပတ်ပုံနှိပ်ထုတ်ဝေနိုင်စေရန် ရည်မှန်း၍
ငွေပဒေသာပင်စိုက်ထူကာ ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါနစာဒါယကာ

ကန့်ဗလူမြို့-ကွယ်လွန်ပြီးကြကုန်သော
**ဖခင် ဦးအံ့ကြီး၊ မိခင် ဒေါ်စိုး**
**အစ်ကိုကြီး ဦးမောင်ကို၊ အစ်မကြီး ဒေါ်သန်း**
**အစ်ကိုကြီး ဦးကျော်ဇော၊ ဒေါ်လှလှမော်**
တို့အား ရည်စူး၍ ဓမ္မဒါနကုသိုလ်

**ဒေါ်အုန်းကြည်၊ ဦးကျော်ညွန့်၊ ဒေါ်သန်းမြင့်**
**ဦးမောင်အေး၊ ဒေါ်မြမြစန်း**
သားသမီးမြေးများ

**ကောင်းမှု**

**နတ်လူသာဓု ခေါ်စေသော်။**

# တိပိဋက

# ပါဠိ-မြန်မာအဘိဓာန်

ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်သော ဗုဒ္ဓဒေသနာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ပါရှိသည့် မည်သည့်ပါဠိဝေါဟာရပုဒ်ပါဌ်အက္ခရာကို မဆို သဒ္ဒါနက်၊ အဓိပ္ပါယ်အနက် ပရိယာယ်အနက် စုံလင်စွာဖြင့် ထိုပုဒ်ပဒ တည်ရှိရာ ကျမ်းညွှန်းပါမကျန်ရအောင် ပြည့်စုံစွာ တာဝန်ယူပေးနိုင်သည့် ဣစ္ဆာသယ လိုတရ စွယ်စုံအဘိဓာန်ကျမ်းကြီးဖြစ်ပါသည်။ ဆဋ္ဌသံဂါယနာတင် သံဃမထေရ်မြတ်ကြီးများ ဦးဆောင်၍ ပရိယတ္တိစာသင်တိုက်ကြီး ၅-တိုက် ဂန္ထဝါစကမထေရ် အရှင်မြတ်အဆက်ဆက်တို့ ၆၇-နှစ်တိုင်တိုင် စဉ်ဆက်မပြတ် လက်ဆင့်ကမ်း၍ ကြိုးပမ်းအောင်မြင်ပြီးစီးခဲ့သော မြန်မာ့ဂုဏ်ဆောင်အဘိဓာန်ကျမ်းကြီး ဖြစ်ပါသည်။

| အဘိဓာန်ကျမ်းပြုအဖွဲ့ | ကျမ်းတွဲ | တည်ပုဒ် | စာမျက်နှာ | ပြုစုသက်တမ်း |
|---|---|---|---|---|
| ၁။ ဇမ္ဗူဒီပအဘိဓာန်အဖွဲ့ | ၄ | ၃၄၃၀၀ | ၃၆၄၉ | ၂၄-နှစ် |
| ၂။ မစိုးရိမ်အဘိဓာန်အဖွဲ့ | ၇ | ၅၉၉၀၄ | ၅၉၇၂ | ၅၇-နှစ် |
| ၃။ မဟာဝိသုဒ္ဓါရုံအဘိဓာန်အဖွဲ့ | ၅ | ၃၂၆၇၀ | ၃၉၈၂ | ၅၆-နှစ် |
| ၄။ ပခုက္ကူအဘိဓာန်အဖွဲ့ | ၄ | ၂၆၈၃၇ | ၃၅၃၉ | ၃၆-နှစ် |
| ၅။ ဘုရားကြီးအဘိဓာန်အဖွဲ့ | ၉ | ၆၄၅၂၈ | ၇၂၁၂ | ၅၈-နှစ် |
| ပေါင်း | ၂၉ | ၂၁၈၂၃၉ | ၂၄၃၅၄ | |

---

**ပညာသံဝဍ္ဎနိကကုသိုလ် ကျမ်းစာအလှူရှင်**

ကန့်ဘလူမြို့၊ ကွယ်လွန်သူ ဖခင်ကြီး ဦးအုံ့ကြီး+မိခင်-ဒေါ်စိုး၊ အစ်ကိုကြီး ဦးမောင်ကို၊
အစ်မကြီး ဒေါ်သန်း၊ အစ်ကို ဦးကျော်ဇော၊ ဒေါ်လှလှမော်တို့အား ရည်စူးလျက် ဒေါ်အုန်းကြည်၊
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်းပြည်ညွှန့်ကုမ္ပဏီ
ဦးကျော်ညွှန့်+ဒေါ်သန်းမြင့်၊ ဦးမောင်အေး+ဒေါ်မြမြစန်း သား သမီး မိသားစု။